389.

ဟံသာဝတီ-ကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် မဟာနာယက ဆရာတော်ဘုရားကြီး
၏

# နိဗ္ဗာန်ဝင်လမ်း
# ၇-ရက်စခန်း

တတိယပိုင်း - စတုတ္ထပိုင်း - ပဥ္စမပိုင်း

အာစရိယသေဝက သမဂ္ဂ အကျိုးတော်ဆောင်
အရှင်ဓမ္မာနန္ဒ
စီစဉ်ရေးသားသည်

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ်-၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

ဟံသာဝတီကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် မဟာနာယက ဆရာတော်ဘုရားကြီး

၏ ၂၄၇၃၃

# နိဗ္ဗာန်ဝင်လမ်း

## ၇-ရက်စခန်း

တတိယပိုင်း - စတုတ္ထပိုင်း - ပဉ္စမပိုင်း


အာစရိယသေဝက သမဂ္ဂ အကျိုးတော်ဆောင်

**အရှင်ဓမ္မာနန္ဒ**

ရေးသားစီစဉ်သည်။



ရေးသူမူပိုင်



**သုဓမ္မဝတီစာပုံနှိပ်တိုက်**

တိုက်နံပါတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။


ထုတ်ဝေသူ — ဦးဝင်း၊ ကင်းလွတ်ခွင့် အမှတ် - ၀၃၈၆၃
အမှတ်-၁၂၊ စဥ့်အိုးတန်း
လသာမြို့နယ်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်- ၉၇၄၇၊

ပုံနှိပ်သူ — ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် ၀၂၁၅၅၊
သုဓမ္မဝတီစာပုံနှိပ်တိုက်
အမှတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊
ရန်ကုန်မြို့။


(မျက်နှာဖုံးရိုက်—သုဓမ္မဝတီစာပုံနှိပ်တိုက်)

၁၃၃၉ - ခု၊ ဝါခေါင်လ တတိယအကြိမ် အုပ်ရေ ၂၀၀၀။




ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပုံ

မဟာနာယက တရားပြဆရာတော် ဖြစ်တော်မူသော



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပုံတော်



ရန်ကုန်မြို့၊ ဒလပျော်ဘွယ်ကြီးရွာ ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက် ပုံ

# နိဒါန်း

> ဒွေမာ ဘိက္ခဝေ ပရိယေသနာ အရိယာ စ ပရိယေသနာ အနရိယာ စ ပရိယေသနာ။

ရှာမှီးခြင်း နှစ်မျိုးကို ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်၊ ၎င်းမှာ အရိယာတို့၏ ရှာမှီးခြင်း, ပုထုဇဉ်တို့၏ ရှာမှီးခြင်းဟူ၍ဖြစ်၏၊ ယင်း နှစ်ပါးတို့အနက် ပုထုဇဉ်တို့၏ ရှာမှီးခြင်းကို မြတ်စွာဘုရားက အောက်ပါအတိုင်း သရုပ်ဖော်၍ မိန့်တော်မူခဲ့လေသည်။

> ချစ်သားတို့— ဤလောက၌ အချို့သော သူသည် မိမိက ပဋိသန္ဓေ နေခြင်း သဘောရှိသည် ဖြစ်လျက် ပဋိသန္ဓေ နေခြင်း တရားကိုသာ ရှာမှီး၍ နေ၏၊ မိမိက အိုခြင်းသဘော ရှိသည်ဖြစ်လျက် အိုခြင်းတရားကိုသာ ရှာမှီး၍ နေ၏၊ မိမိက နာခြင်းသဘောရှိသည် ဖြစ်လျက် နာခြင်း တရားကိုသာ ရှာမှီး၍နေ၏၊ မိမိက သေခြင်း သဘော ရှိသည် ဖြစ်လျက် သေခြင်း တရားကိုသာ ရှာမှီး၍ နေ၏၊ မိမိက စိုးရိမ်ခြင်း သဘော ရှိသည် ဖြစ်လျက် စိုးရိမ်ခြင်း တရားကိုသာ ရှာမှီး၍ နေ၏။

ဤသို့ စသည်ဖြင့် မဇ္ဈိမနိကာယ မူလပဏ္ဏာသ ပါဠိတော် ၃—ဩပမ္မဝဂ် ပါသရာသိသုတ်၌ ပုထုဇဉ်တို့၏ ရှာမှီးခြင်းကို ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော် မူခဲ့လေသည်။

# ( ၁ )　　　　နိဒါန်း

ဆိုလိုရင်း အဓိပ္ပါယ်မှာ–ပုထုဇဉ် သတ္တဝါများသည် ပဋိသန္ဓေ နေရဘို့ တရားတွေကို ရှာမှီးနေကြသည်၊ အိုရဘို့ တရားတွေကို ရှာမှီးနေကြသည်၊ နာရဘို့ တရားတွေကို ရှာမှီးနေကြသည်၊ သေရဘို့ တရားတွေကို ရှာမှီးနေကြသည်၊ စိုးရိမ်ရဘို့ တရား တွေကို ရှာမှီးနေကြသည် ဟူ၍ ဖြစ်သည်။

ဤကား ပုထုဇဉ်တို့၏ ရှာမှီး ဆည်းပူး နေကြပုံကို မြတ်စွာဘုရား မိန့်တော်မူရင်းအတိုင်း ပြဆိုချက် ဖြစ်သည်၊ ယခုမျက်မြင် ပုထုဇဉ်တို့၏ ပြုလုပ်နေပုံ အခြင်းအရာကို ထောက်ဆသော အားဖြင့် အထက်ပါ ပုထုဇဉ်တို့၏ ရှာမှီးခြင်းကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသေးသည်၊ ၎င်းမှာ ၁-အပါယ်ဘုံ၌သာနေ၍ ဇာတိ စသည်တို့ ဖြစ်ဘို့ရန် ရှာမှီးနေခြင်းနှင့် ၂–သုဂတိဘုံ၌သာနေ၍ ဇာတိ စသည်တို့ ဖြစ်ဘို့ရန် ရှာမှီးနေခြင်းဖြစ်ပါသည်၊ တမျိုးအားဖြင့် ဆိုရသော် ဆင်းရဲဘို့ရန် ရှာမှီးနေခြင်းနှင့် ချမ်းသာဘို့ရန် ရှာမှီး နေခြင်းဟု ဆိုရပါမည်။

အပါယ် လေးဘုံ၌ ဖြစ်ရခြင်းကို ဆင်းရဲသည်ဟူ၍ လူတိုင်း လိုလိုပင် သိကြသည်၊ သိလျက်နှင့်လည်း မကောင်းမှု အကုသိုလ် များကို ပြုလုပ်နေကြသည်၊ မကောင်းမှု အကုသိုလ်များကို ပြုလုပ်ခြင်းသည် အပါယ်ဘုံ၌ ဖြစ်ဘို့ရန် အပါယ်ဇာတိကို ရှာမှီး ခြင်းဖြစ်၍ ဆင်းရဲဒုက္ခကို ရှာမှီးခြင်းဟူ၍လည်း ဆိုရသည်၊ အကျိုးအကြောင်း အဆိုးအကောင်းကို ခွဲခြားသိစွမ်းနိုင်သည့် လူသတ္တဝါ ဖြစ်ရပါလျက် အဆိုးဟုဆိုရသော ဆင်းရဲဒုက္ခကို ရရာ ရကြောင်းဖြင့် ရှာမှီး ဆည်းပူး နေခြင်းမှာ အံ့ဩစရာ ကောင်းလှသည် ဆိုရပေမည်၊ သို့ရာတွင် ယင်းကဲ့သို့ ဆင်းရဲဒုက္ခကို

ရှာမှီးနေသူက အရေအတွက်အားဖြင့် အဆပေါင်းများစွာ ပိုမို များပြားလျက် ရှိသည်ကို တွေ့ရပေသည်။

ကမ္ဘာပေါ်ရှိ လူများအားလုံးကို ထားဘိဦး၊ ဗုဒ္ဓမြတ်စွာ ဘုရား၏ သာသနာတော် ထွန်းကားနေသည့် ဗုဒ္ဓဘာသာ မြန်မာ များ၌ပင် မကောင်းမှု ဒုစရိုက်ကို တကယ်ရှောင်ကြဉ်သူမှာ လူတရာလျှင် ဆယ်ယောက်လောက်သာ ရှိကောင်းရှိလိမ့်မည်၊ မကောင်းမှု ဒုစရိုက်ကို မရှောင်ကြဉ်ခြင်းသည် အပါယ်ဘုံဌာန၌ ဖြစ်ဘို့ရန်အတွက် ဆင်းရဲဒုက္ခကို ရှာမှီးဆည်းပူးခြင်းပင် ဖြစ်လေ ရာ လူတရာအနက် ဆယ်ယောက်လောက်သာ ချမ်းသာသုခကို ရှာမှီးဆည်းပူးလျက် ကိုးဆယ်ခန့်မှာ ဆင်းရဲဒုက္ခကို ရှာမှီးဆည်း ပူးနေကြသည်ဟု ဆိုရပေမည်။

လူတရာအနက် ဆယ်ယောက်သည် ချမ်းသာသုခကို ရှာမှီး ဆည်းပူးနေသည်ဟု ဆိုခြင်းမှာလည်း သုဂတိဘုံဌာန၌ ဇာတိ စသည်တို့ ဖြစ်ဘို့ရန် ရှာမှီးနေခြင်းသာ ဖြစ်သဖြင့် အရိယာ သူတော်ကောင်း ပုဂ္ဂိုလ်တို့ အမြင်အားဖြင့် အမှန်စင်စစ် ချီးမွမ်း ထိုက်သည် မဟုတ်ပေ၊ သို့ရာတွင် "စဏ္ဍာလရွာမှာ ငပြူးလူမော်" ဆိုသကဲ့သို့ ဒုစရိုက်တင်းကြမ်းဖြင့် အပါယ်သို့ သွားရာလမ်းကို ကြိုးပမ်းနေကြသည့် များလှစွာသော လူတို့တွင် ဒုစရိုက်ကို ရှောင်ကြဉ်ကာ သုဂတိဘုံဌာနသို့ ရောက်ရာ ရောက်ကြောင်း ကောင်းမှု သုစရိုက်တရား ကျင့်သုံးသူကိုပင် လူတော်ဟု ဆိုရ ပေသည်။

လူတို့မည်သည် ချမ်းသာသုခကို အလိုရှိကြသူချည်းပင် ဖြစ်သည်၊ ယင်းသို့ ချမ်းသာသုခကို အလိုရှိကြသည့်အတွက် ချမ်းသာရာ ချမ်းသာကြောင်း ကောင်းမှုတရား သုစရိုက်တရား

များကို တတ်နိုင်သမျှ ပြုလုပ်ကြလေသည်၊ ထောင်ကိုမြင်၍ ရာကို စွန့်သကဲ့သို့ ညောင်စေ့လောက်လှူလျှင် ညောင်ပင်ကြီး လောက် အကျိုးရသည်ဟု ယုံကြည်ကာ အလှူဒါနများကို ပေးကမ်းလှူဒါန်းကြသည်၊ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုသုခကို အလိုရှိသည့်အတွက် သီလကို စောင့်သုံးကြသည်။

ကောင်းသော ဘုံဌာနန၌ ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် ဖြင့် မတောင့်မတ မကြောင့်မကြ နေရမှု စိတ်ချမ်းသာ ကိုယ် ချမ်းသာ နေရမှုကို ချမ်းသာသုခဟု မှတ်ထင်ကြသည့်အတိုင်း ထိုချမ်းသာသုခကို ရရှိဘို့ရန်အတွက် ဒါနမှု သီလမှုများကို ပြုလုပ် ဆည်းပူး ကြခြင်း ဖြစ်သည်၊ ပြုလုပ်ဆည်းပူးသည့် အလျောက် လည်း "ဒါနတော ဘောဂဝါ" ဆိုသည့်အတိုင်း အလိုရှိသည့် ပြည့်စုံမှုကို မုချ ရရှိနိုင်သည်၊ "သီလတော သုခိတာ" ဆိုသည့် အတိုင်း အလိုရှိသည့် စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုကို မုချ ရရှိနိုင်သည်။

သို့ရာတွင် ထိုသို့ ပြည့်ပြည့်စုံစုံ နေရဘို့ စိတ်ချမ်းသာ ကိုယ် ချမ်းသာ နေရဘို့အတွက် သုဂတိ ဌာနဘုံ၌ဖြစ်ရပေမည်၊ ယင်းသို့ ဘုံဘဝတခုခု၌ ဖြစ်ရမှုဟူသော ဇာတိတရား ဖြစ်ပေါ်လာပါက အိုရမှုဇရာ နာရမှုဗျာဓိ သေရမှုမရဏ စသော သဘောများကို ရှောင်ရှား၍မရ မုချ တွေ့ကြုံရပေမည်၊ ယင်း ဇာတိ ဇရာ ဗျာဓိ မရဏဟူသော တရားများကား ချမ်းသာသုခ မဟုတ်ပါပေ၊မည် သူမျှ မအိုချင်ပေ၊မည်သူမျှ မနာချင်ပေ၊ မည်သူမျှ မသေချင်ပေ၊ ချမ်းသာသုခကို လိုချင်လှသည့် အာသာရမ္မက်ကြောင့်သာ ထို ဒုက္ခများကို သတိမထားနိုင်ကြခြင်း ဖြစ်သည်။

သာမန် လူများကို မဆိုထားဘိ၊ ဘုရားအဖြစ်သို့ ရောက်တော့မည့်ဆဲဆဲ အလောင်းတော်မြတ် သိဒ္ဓတ္ထသည်ပင် ချမ်းသာသုခကို လိုချင်လျက်နှင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဖြစ်ရာဖြစ်ကြောင်းကို ရှာမှီးခဲ့မိသေးသည်။

အဟံပိ သုခံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝ သမာနော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံ ယေဝ ပရိယေ-သာမိ၊ အတ္တနာ ဇရာ ဓမ္မော သမာနော ဇရာဓမ္မံ-ယေဝ ပရိယေသာမိ၊ အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံယေဝ ပရိယေသာမိ၊ အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မံယေဝ ပရိယေသာမိ။

ရဟန်းတို့၊ ငါဘုရား သည်ပင်လျှင် ဘုရား မဖြစ်မီရှေးက သစ္စာလေးပါးကို မသိသေးသည့် အလောင်းတော်ဘဝ ဖြစ်ရစဉ် မိမိသည် ပဋိသန္ဓေနေခြင်း သဘောရှိသည်ဖြစ်လျက် ပဋိသန္ဓေနေခြင်း တရားကိုသာ ရှာမှီးခဲ့၏၊ မိမိသည် အိုခြင်းသဘော ရှိသည်ဖြစ်လျက် အိုခြင်း တရားကိုသာ ရှာမှီးခဲ့၏၊ မိမိသည် နာခြင်းသဘောရှိသည် ဖြစ်လျက် နာခြင်း တရားကိုသာ ရှာမှီးခဲ့၏၊ မိမိသည် သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းတရားကိုသာ ရှာမှီးခဲ့၏။

မူလပဏ္ဏာသ ပါဠိတော် ၃– ဩပမ္မဝဂ် ပါသရာသိသုတ်၌ အထက်ပါအတိုင်း ကိုယ်တော်တိုင် ထုတ်ဖော် ဝန်ခံထားသည်ကို တွေ့ရပေသည်၊ နောက်ဆုံးဘဝ ရောက်နေသည့် အလောင်း

တော်မြတ်ပင်လျှင် ဇာတိ, ဇရာ စသော တရားတို့ကို ရှာမှီး ဆည်းပူးမိသေးသည်ကို ထောက်သဖြင့် သာမန်လူသား ပုထုဇဉ် များကို အပြစ်တင်ဘွယ် မရှိပေ။

ပုထုဇဉ်လူသားတို့ ချမ်းသာ သုခကို လိုချင်မှု ဆိုသည်မှာ ချမ်းသာသုခကို ခံစားချင်မှုပင် ဖြစ်သည်၊ ချမ်းသာ သုခကို ခံစားချင်နေသမျှ ဒုက္ခနှင့် မကင်းလွတ်နိုင်သေးကြောင်း ကောင်း စွာ သဘော ပေါက်သင့်သည်၊ ဝိပဿနာ အလုပ်သည်ကား ချမ်းသာသုခ ခံစားမှုနှင့် မဆိုင်ပေ။

ဝိပဿနာ တရားအလုပ် အားထုတ်ခြင်းသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးသာဖြစ်၏၊ သို့ရာတွင် ချမ်းသာသုခ ခံစားရေး မဟုတ်ပေ၊ အမှန်စင်စစ်အားဖြင့် ပြောရသော် ချမ်းသာသုခ ခံစားမှုသည် ပင်လျှင် တဏှာ လောဘ ဖြစ်၍ ဒုက္ခဖြစ်ခြင်း၏ အကြောင်း သမုဒယသစ္စာ ဖြစ်ပေသည်၊ ဝိပဿနာတရား အား ထုတ်မှုသည်ကား ဒုက္ခဟူသမျှ မည်သည့်ဒုက္ခမဆို အလုံးစုံ ကင်း လွတ်ရန်အတွက်ဖြစ်၏၊ ဒုက္ခဟူသမျှမှ တကယ်လွတ်မြောက်သော အခါ၌လည်း လွတ်မြောက်သည်နှင့် တပြိုင်နက် ပုထုဇဉ်အနေဖြင့် စိတ်ကူးမှန်းဆရန်ပင် မဖြစ်နိုင်သည့် တကယ့် ချမ်းသာ စင် (သန္တိသုခ)ကို ဆိုက်ရောက်ရလေသည်။ သို့ရာတွင် ယင်းသို့ သန္တိသုခ ဆိုက်ရောက်ရန်မှာ လွယ်ကူသော အရာကား မဟုတ်ပါပေ။

လွယ်ကူသော အရာ မဟုတ်ဟု ဆိုသဖြင့် မစမ်းသပ်ရဲ လောက်အောင် ခက်ခဲသည် ဟူ၍လည်း မမှတ်သင့်ပေ၊ နိဗ္ဗာန်ဝင် လမ်း ၇-ရက်စခန်း ပဌမပိုင်း၏ နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း

သုတ်ပါထေယျပါဠိတော် ဥဒုမ္ဗရိကသုတ်၌ မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံလျှင် အရဟတ္တဖိုလ် တရားမြတ်ကို ခုနစ်နှစ်အတွင်း ခြောက်နှစ်, ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်, ခုနစ်ရက်မျှဖြင့် မျက်မှောက် ပြုနိုင်စေမည်ဟုကိုယ်တော်တိုင် ဝန်ခံထားတော် မူချက်ရှိပေသည်။

ထိုကြောင့်ပင် ယခုခေတ်၌လည်း ဒုက္ခဟူသမျှ လွတ်မြောက် ရန် ဝိပဿနာ တရားအလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်များ အမှုများအပြားပင် ရှိကြလေသည်၊ ၎င်းမှာ အရိယာတို့၏ ရှာမှီးခြင်းမျိုး ဖြစ်သည်ဟု ဆိုထိုက်ပေသည်၊ ယခုခေတ် ဝိပဿနာ တရား အားထုတ်ရာ ဌာနများအနက် ရန်ကုန်မြို့ ဟံသာဝတီ ကွက်သစ် **ဗုဒ္ဓသာသန ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်** ၌ တရားပြသနေတော်မူသည့် ဆရာ တော်ဘုရားကြီး ဟောကြား ပြသ ဆုံးမတော်မူသည့် တရား များကို ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ **အရှင်ဓမ္မာနန္ဒက** ဆရာတော်ဘုရားကြီး ဟောကြားတော် မူခဲ့သည့် အတိုင်း "နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း" ဟူသော အမည်ဖြင့် စာအုပ်များ စီစဉ် ရေးသားခဲ့သည်မှာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမ အထိ ပြီးစီးခဲ့လေပြီ။

ဤစာအုပ်သည် တတိယ စတုတ္ထနှင့် ပဉ္စမ သုံးအုပ်ကို တအုပ် တည်းစုပေါင်း ရိုက်နှိပ်ချုပ်လုပ် ထားပါသည်။

ဒဂုန်-ဦးထွန်းမြင့်

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

## ရှေးဦး ပြင်ဆင်မှု

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များသည် ဗောဓိပက္ခိယတရား၌ လာသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဆိုသည့်အတိုင်း ရှေးဦးစွာ ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံကြရမည်၊ ဝီရိယနှင့် သတိမှာ မေတ္တသုတ် ပါဠိတော်၌ မြတ်စွာဘုရား ဆုံးမတော်မူသည့် အတိုင်း **တိဋ္ဌံ စရံ နိသိန္နောဝါ သယာနော** ဟူ၍ ဟောတော် မူသောကြောင့် ရပ်သော်၎င်း, သွားသော်၎င်း, ထိုင်သော်၎င်း, လျောင်းသော်၎င်း, ဣရိယာပုထ် လေးပါးစလုံး မပြတ် သတိရှိရမည်လို့ ဟောတော်မူသဖြင့်-

**ဥပမာ** -မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ်ကြရလိမ့်မယ်၊ လှ, တိုက်သော ယောကျ်ားသည် သစ်တုံးကို မျဉ်းကြောင်း မလွဲအောင် အမြဲကြည့်၍ တိုက်သလို ယောဂီပုဂ္ဂိုလ်သည် မိမိ၏ (နာသိကဌာန်) နှာသီးဖျားကို အာရုံစိုက်ပြီး မျက်စိ အသာမှိတ်လျက် ထွက်သက်လေကို ထွက်မှန်းသိ, ဝင်သက်လေကို ဝင်မှန်းသိပြီး ဖုသန နည်းအတိုင်း လက်, မချိုး ပတီး, မစိပ် မရေမတွက် မစဉ်းမစား, မကြံစည်, မတွေးတောဘဲနှင့် ဝီရိယ သတိကို လက်ကိုင်ထားပြီး ဣရိယာပုထ် လေးပါးစလုံး အမြဲ အားထုတ်ရမယ်။

### ပေါဋ္ဌိလမထေရ်နှင့် ရှင်သာမဏေငယ်

ပေါဋ္ဌိလ မထေရ်ကြီးကို သာမဏေငယ် ဆုံးမသည့်အခါ အရှင်ဘုရား — ကမ္မဋ္ဌာန်းတရားဟာ မခက်ပါဘူး၊ တောင်ပို့တခုမှာ ဂယ်ပေါက် ခြောက်ပေါက်ရှိတယ်၊ ထိုတောင်ပို့မှာ

ဒွတ်တကောင် အောင်းနေတာ မိချင်လျှင် ဂယ်ပေါက် ငါးပေါက်ကို အလုံပိတ်၊ တပေါက်ကနေ စောင့်လျှင် မိပါ တယ်လို့ သာမဏေယ်က လျှောက်ထားတော့ ပေါင်္ဂလမထေရ် ကြီးက 'ငါ့ရှင်–ငါသိပြီ'ဆိုပြီး အားထုတ်လိုက်တာ တခဏချင်းနှင့် အရိယာဖြစ်သွားတယ်၊ အဲဒါ–ဥပမာဘဲ။

ယခု စိတ်ကိုဖမ်းရမှာ စိတ်ထွက်တဲ့ တံခါးပေါက်က ခြောက်ပေါက်ရှိတယ်၊ မျက်စိပေါက်, နားပေါက်, နှာခေါင်း ပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်၊ အဲဒီ ခြောက်ဒွါရက အမြဲထွက်နေတာ၊ ဒါကြောင့် ဒွါရငါးပေါက် အလုံပိတ်ပြီးတော့ တပေါက်ကနေ၍ စိတ်ကိုဖမ်းလျှင် အမှန် **သမာဓိ** ဖြစ်နိုင်ပါတယ်။

ယခု ၇-ရက်အားထုတ်သော လုပ်ငန်းမှာ ရှေးဦးစွာ သီလ ဆောက်တည်၍ ၃-ရက် **သမထ** အလုပ်ကို ကြိုးစားလိုက်လျှင် အမှန်ပင် သမာဓိ ရနိုင်ကြပါတယ်၊ ၃-ရက် **သမာဓိ** ထူထောင် ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းရမယ်၊ သမထ ၃-ရက်အားထုတ် ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းတဲ့**အ**ခါမှာ အောက်ပါအတိုင်း ကမ္မဋ္ဌာန်း တောင်းရပါတယ်။

> တုမှာကံ ဘန္တေ ဇီဝိတံ ပရိစ္စဇာမိ။ ၃-ခေါက်။
>
> ဘန္တေ-အရှင်ဘုရား၊ တုမှာကံ-အရှင်ဘုရားတို့အား၊
>
> ဇီဝိတံ-အသက်ကို၊ ပရိစ္စဇာမိ-စွန့်လှူ ပါ၏။
>
> ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ
>
> ဗိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ စ ကမ္မဋ္ဌာနံ ယာစာမိ။
>
> ၃–ခေါက်ဆို။

ဘန္တေ– အရှင်ဘုရား၊ သံသာရ ဝဋ္ဋဒုက္ခတော – သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ၊ မောစနတ္ထာယ စ–ထွက်မြောက်ပါရ

ခြင်း အကျိုးငှါရင်း၊ ဗိဇ္ဇာတ္တာယ စ--အတိတ်က ပါလာသော ဝိဇ္ဇာမျိုးစေ့ ရှိခဲ့သော်ငြား အကယ်၍ ဝိဇ္ဇာမျိုးစေ့ မရှိခဲ့သော် ယခုအားထုတ်အပ်သော ကမ္မဋ္ဌာန်းသည် ဝိဇ္ဇာမျိုးစေ့အဖြစ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်း အကျိုးငှါရင်း၊ ကမ္မဋ္ဌာန်း-ကမ္မဋ္ဌာန်းကို၊ ယာစာမိ-တောင်းပါ၏။

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သဗ္ဗ ဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်း အကျိုးငှါ ဘုရား, တရား, သံဃာ, ဆရာ, မိဘ, ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ အစရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏၊ ကန်တော့ပါ၏၊ အတိတ် သံသရာမှ စ၍ ယခုကျအောင် ပြစ်မှားမိဘူးသော ကာယကံ, ဝစီကံ, မနောကံ အပြစ်များကို သည်းခံရန် တောင်းပန်ပါ၏၊ ကန်တော့ပါ၏၊မိမိအပေါ်၌ ပြစ်မှားမိဘူးသောကာယကံ, ဝစီကံ, မနောကံ အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီးသောအခါ သေချာစွာ ထိုင်၍ ဒူးပေါ်မှာ လက်တင်လျက် မျက်စိကို အသာမှိတ်ပြီး ဘုရားသခင် ဆုံးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာပြုရသည်မှာ—ပကတိ သစ်ပင် သစ်ကိုင်းများကို လေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို မြဲလို့လှုပ်သလား မမြဲလို့လှုပ်သလား စဉ်းစားလျှင် မမြဲလို့လှုပ်နေတယ်ဆိုတာ အမှန်သိရတယ်၊ ဒါဟာ ဥပမာဘဲ။

မိမိကိုယ်မှာ ဆံပင်က အစ ခြေဖျားအထိ လောက လူအများက ဦးခေါင်း ခြေလက် ကိုယ် စသည်ဖြင့် ခေါ်ဝေါ်နေကြတယ်၊ ဤလိုခေါ်ဆိုတာ မှန်သလားဆိုတော့ မမှန်ဘူး၊

**သမုတိသစ္စာ** နယ်က လူတွေ သမုတ်ပြီးခေါ်နေကြတာ၊ အမှန်ကတော့ ရုပ်ချည်းသာလျှင် ဖြစ်တယ်၊ ဆံပင်ကအစ ခြေဖျား အထိ ရုပ်တွေချည်းဘဲ၊ ဘယ်ရုပ်တွေလဲဆိုလျှင်—

အမာခံဓာတ်ကြီးလေးပါးရှိတယ်၊ ပထဝီ,တေဇော,အာပေါ, ဝါယော, ဤဓာတ် လေးပါးဘဲရှိတယ်၊ ပထဝီ ဆိုတဲ့ မြေဓာတ်က မာတဲ့သဘော နူးညံ့တဲ့သဘောရှိတယ်၊ တေဇောဆိုတဲ့ မီးဓာတ်က ပူတဲ့သဘော အေးတဲ့သဘော ရှိတယ်၊ အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းတဲ့သဘော စီးယိုတဲ့သဘော ရှိတယ်၊ ဝါယော ဆိုတဲ့ လေဓာတ်က လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့သဘော ရှိတယ်၊ အဲဒီရုပ်တရားတွေက လွဲ၍ တကိုယ်လုံးမှာ ဘာမျှ မရှိဘူး၊ ရုပ်ဘဲရှိတယ်၊ ဒီရုပ်တရားတွေက လောကမှာ ဘာများ သိတတ် သလဲဆိုရင် ဘာမျှ မသိတတ်ဘူး။

**ဥပမာ** — တောင်ပို့ တခုရှိတယ်၊ အဲဒီ တောင်ပို့ပေါ်မှာ ပဒေါ်ဖြူမြက်တွေ ပေါက်နေတယ်၊ တောင်ပို့ကလဲ ငါ့အပေါ်မှာ ပဒေါ်ဖြူမြက်တွေ ပေါက်နေတယ်လို့ သိသလားဆိုလျှင် လုံးလုံး မသိဘူး၊ ပဒေါ်ဖြူ မြက်တွေကလဲ ငါဟာ တောင်ပို့ပေါ်မှာ နေရတယ်လို့ သိသလားဆိုရင် လုံးလုံးကို မသိဘူး၊ ဘာ့ကြောင့် မသိသလဲဆိုရင် သူတို့ဟာ ဓာတ်လေးပါး ရုပ်ချင်းဘဲ ဘာသိမလဲ။

အဲဒီ ဥပမာလို ဦးခေါင်းကလဲ ဓာတ်လေးပါး ရုပ်၊ ဦးခေါင်း ပေါ်မှာ ပေါက်နေတဲ့ ဆံပင်ကလဲ ဓာတ်လေးပါး ရုပ်၊ ဒါ ကြောင့် ဦးခေါင်းကလဲ ငါ့အပေါ်မှာ ဆံပင်တွေ ပေါက်နေ တယ်လို့ သိသလား၊ လုံးလုံး မသိဘူး၊ ဆံပင်ကလဲ ဦးခေါင်း

ပေါ်မှာ တက်ပေါက်နေတယ်လို့ ဆိုတာ သိသလား၊ လုံးလုံး မသိဘူး၊ ဘာကြောင့်လဲ ရုပ်,ရုပ်ချင်းဘဲ ဘာသိမလဲ။

ဒီလိုဘဲ လက်သည်း, ခြေသည်း တွေကို ကြည့်လိုက်အုံး၊ လက်သည်း, ခြေသည်းတွေဟာ အသားစိုင် အသားခဲက ထွက်လာတယ်၊ ဒါပေမဲ့ လက်သည်း, ခြေသည်းကလဲ အသားစိုင် အသားခဲကို မသိဘူး၊ အသားစိုင် အသားခဲကလဲ လက်သည်း ခြေသည်းကို မသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်,ရုပ်ချင်းမို့လို့ မသိတာပေါ့၊ ဒါထက် နီးကပ်တဲ့ အရေထူ အရေပါးကို ကြည့်လိုက်ပါဦး၊ ထိကပ်နေပေမဲ့ အရေထူကလဲ အရေပါးကို မသိဘူး အရေပါးကလဲ အရေထူကို မသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်,ရုပ်ချင်းမို့လို့ မသိကြဘူး၊အဲဒီအတိုင်းဘဲ ရုပ်မှန်ကဘာကိုမျှ မသိဘူးမှတ်ရမယ်။

ယခုသိတယ်၊ မြင်လို့သိတယ်၊ ကြားလို့သိတယ်၊ နံလို့သိတယ်၊ လျက်လို့သိတယ်၊ ကိုယ်နှင့်တွေ့လို့ သိတယ်၊ ကြံလို့သိတယ်၊ ဒါဘာလဲ သိတာနာမ်ဘဲ၊ အဲဒီတော့ ယောဂီများ တသက်လုံး မှတ်ထားဘို့က ရုပ်သည် ဘာကိုမျှမသိဘူး၊ နာမ်သာလျှင်သိတယ်၊ ဒီရုပ်တရား နာမ်တရားတွေဟာ ကောင်းကင်ကျ မိုးပေါ်ကျ ဒေဝါသိကြား ပြဟ္မာ ဗိဿနိုး တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး၊ "ကံ, စိတ်, ဥတု, အာဟာရ" အကြောင်းတရား လေးပါးကြောင့် ဖြစ်တာ—

**ကံ** — ကြောင့်ဖြစ်သောရုပ်
**စိတ်** — ကြောင့်ဖြစ်သောရုပ်
**ဥတု** — ကြောင့်ဖြစ်သောရုပ်
**အာဟာရ**— ကြောင့်ဖြစ်သောရုပ်

ဤရုပ်တရား နာမ်တရားတွေကို မြတ်စွာဘုရားက မမြဲတဲ့ **အနိစ္စ**တရား၊ ဆင်းရဲတဲ့ **ဒုက္ခ**တရား၊ အစိုးမရတဲ့ **အနတ္တ**တရားလို့

ဟောထားတယ်၊ ဘုရားဟောတာ ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ်၊ မှန်တာကို ဘယ်လို သိရမလဲ ဉာဏ်မှသိတယ်၊ ဉာဏ်က ဘယ်က ရမလဲ၊ **သမာဓိ**ရှိမှ ရတယ်၊ ဒါကြောင့် ဦးခေါင်းကအစ ခြေဖျားအထိ ရုပ်သာရှိတယ်ဆိုတာ အာရုံပြုပြီး ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒင်္ဂါးဝိုင်းမျှပမာ ကွက်၍ **သမာဓိ**ကို ခိုင်မြဲစွာ ထားပြီးရှု တွေ့လိမ့်မယ်၊ ဘာနှင့် တွေ့မလဲ **ပထဝီ** ဖောဋ္ဌဗ္ဗ**နှင့်** တွေ့လျှင် နာကျင်ကိုက်ခဲ တင်းတင်းကြပ်ကြပ် အုံတုံတုံ ခေါင်းကြီး ကိုယ်ကြီး တွေ့တတ်သည်၊ တေဇော ဖောဋ္ဌဗ္ဗနှင့်တွေ့လျှင် ပူပူအေးအေး နွေးနွေးရှိန်ရှိန် အခိုးထွက်သလို တွေ့တတ်သည်၊ ဝါယော ဖောဋ္ဌဗ္ဗနှင့် တွေ့လျှင် လှုပ်လှုပ်ရွရွ ဒိတ်ဒိတ် စ,သည်ဖြင့် တွေ့တတ်သည်၊ ဘာကိုဘဲ တွေ့တွေ့ ရုပ်ဘဲဆိုတာ မှတ်ထားပြီး အာရုံပြုနေလျှင် တခေါင်းလုံး တကိုယ်လုံး ရုပ်ခတ်တွေ ခဏ,မစဲ တဖွဲဖွဲ ဖြစ်ပျက်၍ ဖောက်ပြန် ပျက်စီးနေတာ တွေ့လိမ့်မည်၊ **သမာဓိ** ကောင်းလျှင် ကောင်းသလို များများ တွေ့တတ်သည်၊ ယောဂီ ပုဂ္ဂိုလ်မှာ ငါ ဘာဖြစ် ပါလိမ့်မလဲဟု အထင်မှားတတ်သည်။

**သတိပြု**—သူ့သဘော သူဆောင်နေသော ရုပ်သဘောတွေဘဲဟု အမြင်မှန်ကို နှလုံးသွင်း၍ စွဲမြဲစွာ အားထုတ်ပါလေ၊ သို့သော် တကယ် အမြင်မှန်ကို ကျနစွာ ပြ,သ,နိုင်သော ဆရာကောင်း လိုလှပါသည်၊ ထိုအခါ ပထမဆင်ခြင်တာက **သမ္မသနဉာဏ်**၊ ရုပ်ကိုတွေ့၍ ဖြစ်မှုန်း,ပျက်မှုန်းကို သိတာက **ဥဒယဗ္ဗယဉာဏ်**၊ ဥဒယဗ္ဗယဉာဏ် တွေ့တာနှင့် ·မမြဲတဲ့ **အနိစ္စ**တရား၊ ဆင်းရဲတဲ့ **ဒုက္ခ**တရား၊ အစိုးမရတဲ့ **အနတ္တ**တရားကို အမှန်သိပြီဟု မှတ်ယူလေ။

အကယ်အမှန် သိလိုလျှင် ၇-ရက်နှင့် ပြသ, သင်ကြားစာ ပေးနေသောဌာနမှာ တရားဝင်၍ **အားထုတ်စမ်းသပ်**ပါလေ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က |
| ၂။ | ရှေးဦးပြင်ဆင်မှု<br>ဝိပဿနာ အားမထုတ်မီ ဘယ်လိုပြုပြင်မလဲ | ဇ |


## တတိယပိုင်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | မညတ်ပရမတ် ခေတ်ခွဲခဏ်း<br>ကိုယ့်ခေတ်၊ ကိုယ်သိရဲ့လား - ရာဟုလာကို ဘယ်လို ဟောသလဲ | ၁ |
| ၄။ | လှေသူကြီးဥပမာ<br>အချိန် ကောင်းမှာ မြို့ကြီးကို ဆိုက်ရောက်နေပြီ ဆိုက်နိုင်အောင် ကြိုးစား<br>လှေတက်ကို မနိုင်ရင် သမုဒ္ဒရာထဲကို မျောရမည်<br>စိတ်ကို မနိုင်ရင် သံသရာတကြော မျောလေအုံးတော့ | ၃၃ |
| ၅။ | သူကြွယ်လေးယောက်နှင့် ရသေ့လေးပါး<br>ဒါနနဲ့ နိဗ္ဗာန်ရောက်အောင် ဘယ်လိုလှူမလဲ<br>ဆုတောင်း မမှားကြစေနဲ့ | ၅၂ |
| ၆။ | ကုမုဒြာကြာ ရှာဖွေခဏ်း<br>ငှါးထားတဲ့နွား အလကား မထားနဲ့<br>အလှူ့လှူရင် ရေစက်ချ၊ ရှေးကဖြစ်ထွေ ပုံသက်သေ | ၇၉ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

## စတုတ္ထပိုင်း

၇။ ပဋိစ္စသမုပ္ပါဒ် ၁၁၅

အစမသတ် စက်ရဟတ် ပတ်ပတ်မွေ့ရာ
ပြတ်ကြောင်းမှာ
ဟိရိ သြတ္တပ္ပနှစ်ပါးနဲ့ ရဟန္တာဖြစ်ပုံ

၈။ သီလ ၄- မျိုး တိုက်ကြီး ၃- တိုက် ၁၄၇

နိဗ္ဗာန်ရောက်အောင် ဥပုသ်စောင့်တတ်ရဲ့လား
လသာဆောင်မှာ အပျော်တိုက် နောက်ဖေးချောင်၌
ကြွက်ကြွက်ဆူ ဘယ်သူတွေတုံး
မြတ်သောနေခြင်း

၉။ ဝိသာခါနှင့် သီတင်းသည်မငါးရာ ၁၈၄

ပုထုဇဉ်အဖြစ်နဲ့ သေရမှာ ရှက်ဖွယ်
ကျားစားခံရတဲ့ ဝေဒနာကို ဝိပဿနာတင်၍
အားထုတ်ခြင်း
သောတာပန်လောင်းတွေ ဆုတောင်းမှားခြင်း

၁၀။ ဇမ္ဗုကချွတ်ခဏ်း ၂၀၈

ဝန်တိုမှု၏ ကြောက်စရာဖြစ်ပုံ
ဘိုင်စကုတ် ဓာတ်စက် နိုင်လွန်မက် ဓမ္မစကြာ
ကာမသုခလ္လိကာနုယောဂ

ဦးရေ အကြောင်းအရာ စာမျက်နှာ

# ပဥ္စမပိုင်း

၁၁။ ဟိတ် ၆- ပါး ၂၂၄
အကုသိုလ်ဟိတ် သုံးပါး—
ကုသိုလ်ဟိတ် သုံးပါး ဘယ်မှာဖြစ်သလဲ
အကုသိုလ်ဟိတ်ဖြစ်လျက် အပါယ်မကျတဲ့ပုဂ္ဂိုလ်သိရဲ့လား
သောတာပန်ပုဂ္ဂိုလ်မှာ အကုသိုလ်ဟိတ် မဖြစ်ဘူးလား
၁၂။ တရားဒေသနာ—ဥပမာ ၂၈၁
ဝယ်မိတဲ့နွား သူများ မခိုင်းစေနဲ့
စူဠသောတာပန်နှင့် မဟာသောတာပန်
၁၃။ ပရိညာ ၃- ပါး ၃၂၀
ပရိညာသုံးပါး တချက်ထဲနဲ့ ကိစ္စပြီးပုံ
ပထဝီကိုသိအောင် နဖူးကိုကိုင်ပြဘို့ မလို
တေဇောကိုသိအောင် လက်နဲ့စမ်းကြည့်ဘို့မလို
ဝိပဿနာဉာဏ်အလုပ်ဟာ လက်နဲ့ ကိုင်ရတာမဟုတ်
၁၄။ ဝိသာခါနှင့် အရက်သူမငါးရာ ၃၄၃
ဥပုသ်သုံးမျိုး
အရက်မူးနဲ့ ဘုရားအာရုံ
ဖြစ်ပြီးတဲ့အကုသိုလ် ဘယ်လိုပယ်မလဲ
အတ္တကုသိုလ် အနတ္တကုသိုလ်
၁၅။ ရေစက်ချဟောစဉ်စာတမ်း ၃၇၅

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

## တတိယပိုင်း

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပညတ် ပရမတ် ဓာတ်ခွဲခဏ်း

ဝိပဿနာအလုပ် အားထုတ် ပွားများကြတဲ့ အခါမှာ အရေးကြီးတာက ပညတ်နှင့် ပရမတ် ကွဲဘို့ ဖြစ်တယ်၊ အဲဒါ အရေးအကြီးဆုံးဘဲ၊ ပညတ်နှင့် ပရမတ် ကွဲသွားအောင်ဆိုရင် ပရိယတ္တိနည်းနှင့် ကျမ်းဂန် အစောင်စောင်မှာ ပညတ်က ဘယ်လို ပရမတ်က ဘယ်သို့ ဖတ်ချင်တိုင်းဖတ်၊ ခွဲချင်တိုင်းခွဲ ဘယ်တော့မှ မကွဲဘူး၊ ပညတ်နှင့် ပရမတ် ကွဲရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာ အမှန်သိရမယ်၊ ပညတ်နှင့် ပရမတ် ကွဲဘို့ရာ မလွယ်ဘူး၊ ဘာဖြစ်လို့လဲ၊ ဉာဏ်စခန်း သက်သက် ဖြစ်နေတာ၊ ပကတိ စိန္တာမယဉာဏ်မျိုးနဲ့ ပညတ် ပရမတ်ခွဲလို့ ဘယ်တော့မှ မကွဲဘူး၊ တကယ် အစစ်ဝိပဿနာ ဉာဏ်မျိုးနှင့် မြင်တာမှ အမှန် ပညတ် ပရမတ် ကွဲတယ်၊ ဒါကြောင့်—

အပေါ်ရုံ၌ ထင်မြင်ရသော ပုံသဏ္ဌာန် အကောင်အထည် ဒြပ်ကား ပညတ်သား၊ အတွင်းရှိ ဓာတ်ကလာပ်ကား ပရမတ်သား၊ နှစ်ပါးညဏ်မြင် ဒိဋ္ဌိစင်၊ အတူထင်က ပရမတ်မှား၊ သက္ကာယဒိဋ္ဌိမှတ်။

အဲဒီမှာ အတော်အရေးကြီးတယ် မလွယ်ဘူး၊ ကောင်းပြီ အခု အားထုတ်နေတဲ့ ယောဂီ အပြင် ဗဟိဒ္ဓ သန္တာန်မှာ အမြင်ဓာတ်နဲ့ ကြည့်လိုက်စမ်း၊ ဦးခေါင်းလဲ မြင်တယ်, ခြေလဲ မြင်တယ်, လက်လဲ မြင်တယ်, ကိုယ်လဲ မြင်တယ်၊ ဟော-ဗဟိဒ္ဓသန္တာန်က အမြင်ဓာတ် အမှန်ရှိတယ်၊ အဲဒီလို အပြင်က ဗဟိဒ္ဓသန္တာန်မှာ အမှန်မြင်သော်လဲ အတွင်းရှိ ဓာတ်ကလာပ် ပရမတ်သားကို တွေ့အောင် ရှာပါ ဆိုရင် ပုထုဇဉ်သာမန် လူသာမန် နတ်သာမန် ဗြဟ္မာသာမန်တို့နှင့် မတန်တဲ့ တရားတဲ့၊ ဘယ်နည်းနှင့်မျှ ရှာလို့ မတွေ့ဘူး၊ (အဲဒီလို အတွင်းမှာ တကယ်ရှိတဲ့ ဓာတ်တွေ ကလာပ်တွေ ပရမတ်တွေ အမှန်ရှိတဲ့ ရုပ်တရား နာမ်တရားတွေကို ဘယ်လို ပုဂ္ဂိုလ်စားမျိုးမှ မြင်နိုင်သလဲ) မိမိတို့ အတွင်း အဇ္ဈတ္တိက သန္တာန်မှာ တကယ် အမှန်ရှိတဲ့ တရားက သဘော၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က အဘိဓမ္မာ ဒေသနာမှာ "ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝ ါ"သတ္တလဲ မဟုတ်, ဇီဝလဲ မဟုတ်, သဘော သက်သက်လို့ ဟောတာ၊ အဲဒီ သဘောတရားကလေးကို သိဘို့ရာ အလွန်ခဲယဉ်းတယ်၊ လွယ်တယ် မမှတ်နဲ့ မုချ ဆတ်ဆတ် မလွယ်ဘူး၊ သဘောကလေး ဘာပြုလို့ ခက်သလဲ၊ သဘောကို ဘာပြုလို့ နားမလယ်သလဲ၊ သဘောကို နားလယ်ဘို့က ညဏ်သက်သက်။

**ဥပမာ** ရထရေကျော်မှု, တဇ္ဇာရှိမှု,အကျော်မှု, ပရမာကျော်မှု၊ ဒါ ပညတ် အားဖြင့် ဥပမာ တင်ပြတာ၊ အခုပြောတဲ့ ပရမတ် သက် သက်က ဘယ်နည်းမှ မရှိဘူး၊ အဋ္ဌကလာပ်ရုပ်ဘဲ ရှိတယ်၊ ဒီ အဋ္ဌကလာပ်ရုပ်ဆိုတာ အမှန်ရှိတယ်၊ ရှိတာ ဘယ်လို ရှိသလဲ၊ ပထဝီ ရှိတယ်, တေဇော ရှိတယ်, အာပေါ ရှိတယ်, ဝါယော ရှိတယ်, ဝဏ္ဏ ရှိတယ်, ဂန္ဓ ရှိတယ်, ရသ ရှိထယ်, ဩဇာ ရှိတယ်၊ အဲဒါ အမှန်ရှိတယ်၊ ရှိလို့ **အလုံး** အခဲနဲ့ ပြစမ်းပါဆိုရင် ဘယ်သူ တဦးတယောက်မှ မပြနိုင် ဘူး၊ မပြနိုင်ကော မရှိဘူးလားဆိုရင် ကေန် ရှိတယ်၊ ရှိလို့သာ သဏ္ဌာန်, ပညတ်,ဒြပ် အသွင် တွေ့နေတာပေါ့၊ မရှိလျှင် ဘာတွေ့မလဲ၊ တကယ့်ကိုအမှန်ရှိတယ်၊သို့သော်လဲ ဘယ်လောက် သေးသိမ်လို့ ဘယ်လောက် နူးညံ့လို့ ဘယ် လောက် ခက်ခဲသလဲဆိုရင် သိဘို့ရာ မလွယ်ဘူး။

လူတွေဟာ မိမိတို့ကိုယ်တိုင် အမိဝမ်းမှာ စ,ပြီးတော့ ပဋိသန္ဓေ နေလာတဲ့အခါ **"ပဌမံ ကလလံ ဟောတိ"** ရှေးဦးစွာ ကလလ ရေကြည်လို့ ပြတယ်၊ အဲဒီလို ပဋိသန္ဓေနေတဲ့ **အခါ**မှာ ကလလ ရေကြည်ကို ဘယ်လို ဟောသလဲ၊ စုတိနောင် ပဋိသန္ဓေ၊ ပဋိသန္ဓေ စိတ်၏ ဥပါဒ်က အစပြုပြီး ကံကြောင့်ဖြစ်သော ရုပ်ကလာပ်ပေါင်း သုံးဆယ်ရှိတယ်၊ **ကာယဒသက** ကလာပ်,ဘာဝဒသက ကလာပ်, ဝတ္ထုဒသက ကလာပ်, ကလာပ်သုံးစည်းနဲ့ ရုပ်ပေါင်း သုံးဆယ် ဖြစ်တယ်၊ ဒါ **ကမ္မဇကလာပ်** သုံးစည်း ဖြစ်တယ်။

**စိတ္တဇကလာပ်က** ဘယ်က စ, ဖြစ်သလဲ၊ ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်က စဖြစ်တယ်၊ ပဋိသန္ဓေစိတ်က ဘယ်လောက်များ

ကြာသလဲလို့ မေးချင် မေးတော့၊ အဲဒီ ပဋိသန္ဓေစိတ်ကလေးက "မျက်တောင်တခတ် လျှပ်တပြက်မှာ စိတ္တက္ခဏပေါင်း ကုဋေတသိန်း ဖြစ်တယ်"၊ ဒီစိတ္တက္ခဏပေါင်း ကုဋေတသိန်းထဲက စိတ္တက္ခဏ တချက်ခန့် ကလေးကို ပဋိသန္ဓေစိတ်လို့ ခေါ်တယ်၊ အဲဒါ ဉာဏ်နဲ့ သာကြည့်၊ ပဋိသန္ဓေစိတ်ကလေးဟာ ဘယ်လောက် များ ကြာပါသလဲဆိုရင် အဲဒီ ပဋိသန္ဓေစိတ်၏ **ဥပါဒ်, ဌီ, ဘင်** ခဏ ငယ် သုံးချက်ချုပ်သွားရော၊ အဲဒီ ခဏငယ်သုံးချက် ချုပ်သွား တော့ ခုနက ပြောတဲ့ ကမ္မဇရုပ်က ဘယ်က စ,ဖြစ်သလဲ၊ ပဋိသန္ဓေ စိတ်၏ ဥပါဒ်က စ,ဖြစ်တယ်။

အဲဒီ ဥပါဒ်ကာလလေးမှာ ရုပ်ပေါင်း ဘယ်လောက်ဖြစ်သွား သလဲ၊ ကာယဒသက ကလာပ်,ဘာဝ ဒသက ကလာပ်,ဝတ္ထုဒသက ကလာပ် သုံးစည်းဖြစ်တယ်၊ ကလာပ်သုံးစည်းမှာ ရုပ်ပေါင်း သုံးဆယ်ရှိတယ်။

စိတ္တဇ ကလာပ်က ဘယ်က စ,ဖြစ်သလဲ၊ စိတ္တဇရုပ်ကလာပ်က ပဋိသန္ဓေ စိတ်နောင် ပဌမဘဝင်၊ ခုနကပြောတဲ့ ပဋိသန္ဓေစိတ် ဥပါဒ်, ဌီ, ဘင် ချုပ်ပြီး ဘဝင် ၁၅-ချက်ဖြစ်တဲ့အနက် ပဌမဆုံး ဘဝင်က စ,ပြီး ဖြစ်တယ်။

ဥတုဇရုပ်က ဘယ်က စ,ဖြစ်သလဲ၊ ခုနတုန်းက ပဋိသန္ဓေ စိတ်မှာ ဥပါဒ်ရယ် ဌီရယ် ဘင်ရယ် သုံးချက်ရှိတယ်၊ အဲဒီ သုံးချက်ရှိတဲ့ အနက်က ဌီကာလ ကလေးက စ, ပြီးတော့ ဥတုဇရုပ်ဖြစ်တယ်၊ ဥတုဆိုတာ သီတဥတု, ဥဏှဥတု၊ အခု ပူတာ အေးတာ လေးဟာ ဥတု ခေါ်တယ်၊ ပဋိသန္ဓေ၏ ဥပါဒ် ခဏမှာ

ဖြစ်တဲ့ ကမ္မဇရုပ် ၃၀-ထဲမှာ ဥတုပါတယ်၊ အဲဒီ ဥတုဇရုပ်က ပဋိသန္ဓေစိတ္တက္ခဏ တချက်ထဲမှာ ဌီကာလက စ,ပြီး ဥတုဇရုပ်ကို ဖြစ်စေတယ်။

**အာဟာရဇရုပ်က** ဘယ်အခါ ဖြစ်သလဲ၊ ဟော တသတ္တာဟ, နှစ်သတ္တာဟ, အဲဒီ အမိဝမ်း၌ ပဋိသန္ဓေနေပြီးနောက် ၇-ရက်ကြာ၊ နောက် ၇-ရက်ဆိုတော့ နှစ်သတ္တာဟ ၁၄-ရက်၊ အဲဒီ အခါ ကျတော့ခါ အမိ စားလိုက်တဲ့ ခဲဘွယ် ဘောဇဉ် ဗဟိဒ္ဓသြဇာ၊ အဲဒီ သြဇာနှံ့တဲ့ ကာလက စပြီးတော့ အာဟာရဇရုပ် ဖြစ်တယ်၊ အဲဒါ ကံ, စိတ်, ဥတု, အာဟာရ အကြောင်း လေးပါးကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တွေ ဖြစ်တယ်၊ အဲဒီ ရုပ်ကလေး တွေဟာ ခုန ပြောတဲ့ ကလာပ် ကလေးတွေ၊ ကလာပ် တစည်းမှာ ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ ရုပ် ၈-ခု ရှိတယ်၊ ကလာပ် တစည်းမှာ ဘယ်လောက်သေးလို့ ဘယ်လောက် နူးညံ့တယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဥပမာ ပြု,လို့ မလွယ် ဘူး၊ မလွယ်တော့ ပညာရှိတဲ့ ပုဂ္ဂိုလ်များ ကျမ်းဂန်နဲ့ တင်ပြီး တော့ ဘယ်လို ဥပမာ တင်ပြု,သလဲဆိုလျှင်—

**ဥပမာ**—တို့ တောင်ကျွန်းသူရဲ့ ဆံပင်ကို ဆယ်စိတ် စိတ်လိုက်တဲ့ တစိတ် အဘို့သည် မြောက်ကျွန်းသူ၏ ဆံပင် တပင်၊ မြောက်ကျွန်းသူ ဆံပင်ဟာ ဘယ်လောက် သေးတယ် ဆိုတာကြည့်၊ တောင်ကျွန်းသူရဲ့ ဆံပင်ကို ဆယ်စိတ် စိတ် တစိတ်ခန့်မျှ ပမာဏရှိတယ်၊ မြောက်ကျွန်းသူ ဆံပင်က အဲဒီလောက် နူးညံ့ သိမ်မွေ့တယ်၊ မြောက်ကျွန်းသူ ဆံပင်ကို ဆယ်စိတ် စိတ်လိုက်အုံး၊ စိတ်လိုက်တော့ ဏော

သားမွေး၊ ကြိုသားမွေးဆိုတာ ဘယ်လောက် နူးညံ့သလဲ ဆိုတာကြည့်စမ်း၊ ကြိုသားမွေးကိုယူ၊ ဆီကို အကြိမ် တရာစစ်၊ အကြိမ် တရာစစ်ပြီးတော့ ဆီထဲကို ခုနက သားမွေးလေးကိုချလိုက်၊ ချပြီးတော့ဆယ်၊ ဆယ်ပြီးတော့ အကြိမ်တရာခါ၊ လက်နဲ့ အကြိမ်တရာ ခါပစ်၊ အဲဒီလို အကြိမ်တရာခါတော့ ကြိုသားမွေး အဖျားမှာ မကုန်နိုင်လို့ ကျန်နေတဲ့ဆီဟာ နှင်းပေါက်ကလေး ပမာဏရှိတယ်၊ ဆီနှင်းပေါက် ကလေးကို လက်ဖဝါးမှာ သုတ်ကြည့်၊ ကြိုသားမွေးမှာ ကပ်ပါလာတဲ့ ဆီနှင်းပေါက်မျှ ပမာဏ ရှိတယ်။

ပဌမ က လာပ်ရုပ်က ခုပြောတဲ့ ရုပ်ကလာပ်တွေ ဘယ်လောက် သေးသိမ်တယ်ဆိုတာ ဉာဏ်နဲ့သာ တွေးကြည့်တော့၊ မရှိဘူးလား ရှိတယ်၊ အဲဒါ ရှိတဲ့ ရုပ်ကလာပ်တွေ၊ ခုနတုန်းက ဟောထားတယ် မဟုတ်လား၊ ဟို ပရမာဏုမြူ၊ ပရမာဏုမြူ သုံးဆယ့်ခြောက်ခုသည် အဏုမြူတခု ဖြစ်တယ်၊ အဏုမြူ သုံးဆယ့် ခြောက်ခုသည် တဇ္ဇာရီမြူ ဖြစ်တယ်၊ တဇ္ဇာရီမြူ သုံးဆယ့် ခြောက်ခုသည် ရထရေဏုမြူ ဖြစ်တယ်၊ အဲဒီ ရထရေဏုမြူမှုန့် ကလေးတွေ တစလယ်လောက် စုလိုက်စမ်း၊ ဟော ဘယ်လောက် များလာသလဲ၊ အဲဒီ တစလယ် လောက်ရတော့ ဇလုံထဲထည့်၊ ရေကလေးနဲ့နယ်၊ဟော ရွှံ့လုံးကြီး ဖြစ်လာရော၊ သဏ္ဌာန်ပညတ် ထင်လာပြီ၊ ဘယ်လောက် သဏ္ဌာန်ထင်ထင် ဝိဇ္ဇာဉာဏ်နဲ့ကြည့်၊ ခုနပြောတဲ့ အဋ္ဌကလာပ် တွေ မြင်နေတာ ဝိဇ္ဇာဉာဏ် မရတဲ့ ပုဂ္ဂိုလ် ဘယ်နည်းနဲ့မှ အဋ္ဌကလာပ်ရုပ်ကို မမြင် နိုင်ဘူး၊ ဘာ ဖြစ်လို့လဲ ရွှံ့လုံးသာ ထင်နေတာ၊ အဲဒီ ရွှံ့လုံးသဏ္ဌာန်ကြီး အပေါ်ယံက ဘယ်လောက်

ပင် တင်ပြသော်လဲ အတွင်းသန္တာန်မှာ တကယ်အမှန်ရှိတဲ့ အဋ္ဌကလာပ်ရုပ်ကို မြင်အောင်ကြည့်၊ အဲဒီ အဋ္ဌကလာပ်ရုပ်တွေ ပေါင်းစုထားတော့ သဏ္ဌာန်အားဖြင့် ရှုံလုံးထင်တယ်၊ အဲဒီလို ရှုံလုံးထင်နေတဲ့ သဏ္ဌာန်ကို နွားရုပ် လုပ်ကြည့်စမ်း၊ ဟော နွားရုပ်ကလေး ထင်တာပေါ့၊ ဘယ့်နှဲ နွားရုပ်သဏ္ဌာန်နဲ့ ငါ့ကို ပြပြ၊ ငါ့ပင်ကိုယ် ဉာဏ်ကိုက ငါသိပြီးပြီ၊ ခုနပြောတဲ့ အဋ္ဌ ကလာပ်ရုပ်တွေ ပေါင်းစုနေတာ၊ အဲဒီနွားရုပ်သဏ္ဌာန် ဖျက်ပစ်အုံး၊ ပျက်သွားပြီ ကျွဲရုပ်ကလေးလုပ် ဖြစ်တယ်၊ အောင်မယ်လေး ကျွဲရုပ်ကလေး ကျွဲရုပ်ကလေးကို အများမြင်ရတယ်၊သိတဲ့ ဉာဏ် ပညာထက်မြက်တဲ့ ပုဂ္ဂိုလ်က ငါ့ကို သဏ္ဌာန်ဒြဗ်နဲ့ အပေါ်ရံ က ဟန်ဆောင်ပြီး ကျွဲရုပ်ကောင် လုပ်ပေးပေး ငါအသိပါဘဲ၊ ဘာတွေလဲ အဋ္ဌကလာပ်ရုပ်တွေ၊ ဟော တခါထဲ ကွဲသွားပြီ၊ တကယ်သာ ပရမတ်အမြင် မြင်တဲ့ပုဂ္ဂိုလ် အဋ္ဌကလာပ်ရုပ်တွေမှန်း သိသွားပြီ၊ ကိုင်း ဉာဏ်ရှင်းလောက်ပြီ၊ ဒါမှ မရှင်းသေးရင် ဥပမာ တင်ပြအုံးမယ်။

**ဥပမာ**—နှမ်းစေ့ကို ထန်းလျက်ရေနဲ့ နှမ်းပြစ် ကလေးလုပ်၊နောက် အရုပ်ကလေးအသွင်လုပ်၊ ဟော ကြည့်လိုက်စမ်း၊ အောင် မယ်လေး အရုပ်ကလေး အရုပ်ကလေးနဲ့ပြောမှာ၊ဒီတော့ သိပြီ၊ ကိုယ်တိုင် သိသွားပြီ မဟုတ်လား၊ ငါ့ကို မညာပါ နဲ့ကွယ်၊ ဘာ ရမလဲ နှမ်းစေ့ကို ကိုယ်တိုင်သိသွားပြီ၊ ဘာတွေလဲ နှမ်းစေ့တွေကို။

(ကိုင်း....ဒါမှ) မရှင်းသေးဘူးဆိုရင် ဥပမာတခု မေးအုံး မယ်၊ ဘယ်လို ပြမလဲ အင်္ဂတေရယ် ထုံးရယ် သဲရယ်

နယ်လိုက်၊ နယ်ပြီး ခြသေ့်ရုပ်ကြီးထရုပ် လုပ်လိုက်၊ အောင်မယ်လေး ခြသေ့်ကြီးဟဲ့ ခြသေ့်ရုပ်ကြီးဆိုတာ အများထင်ရသပေါ့၊ ဟော- ပရမတ် ဆိုက်တဲ့ လူက ဉာဏ်နဲ့ ထင်ပြီးပြီ၊ မင်း- ငါ့ကို မလိမ်ပါနဲ့ ကွယ်၊ခြသေ့် လဲ မရှိပါဘူး၊ဘာတွေလဲ အင်္ဂတေ, ထုံး,သဲတွေပါ ဟော သိပြီ။

အဲဒီ ဥပမာ ကလေးကို မြင်အောင်ကြည့်၊ အခုယောဂီများ သဏ္ဍာန်, မိန်းမသဏ္ဍာန်, လူသဏ္ဍာန်,နတ်သဏ္ဍာန်, ခွေးသဏ္ဍာန်, ဝက်သဏ္ဍာန်, ကျွဲသဏ္ဍာန်, နွားသဏ္ဍာန် ထင်သော်လဲ ဘယ်လို ရှင်းပြပြ သဏ္ဍာန် ဒြပ်ကို ဘယ်လို ဖန်ဆင်းပြပြ ယောဂီဉာဏ်နဲ့ ဖောက်ထွင်းကြည့်စမ်း၊ "အတွင်းရှိ ဓာတ်ကလာပ်ကား ပရမတ် သား"ဟော- ပရမတ် ဘာလဲ၊ အဋ္ဌကလာပ်တွေ၊အဲဒီ အဋ္ဌကလာပ် ရုပ်ကလေး တွေကို ပုထုဇဉ်သာမန်, လူသာမန်, နတ်သာမန် မြင်ဘို့ရာ မခဲယဉ်းဘူးလား၊ အလွန့်အလွန် ခဲယဉ်းတယ်၊ မလွယ် ဘူး၊ အဲ ယခု ယောဂီများ **ဝီရိယနှင့်** အားထုတ်စမ်း၊ **သတိ** မြဲအောင်လုပ်, **သမာဓိစိတ်** ခိုင်ပေစေ၊ အဲဒီ ဝီရိယရယ် သတိ ရယ် သမာဓိရယ် လုံလောက်ပြီလား၊လုံလောက်လို့ ရှိရင် မိမိကိုယ် မှာ ဦးခေါင်းက အစ ခြေဖျားအထိ **ပညိန္ဒြေ သမ္မာဒိဋ္ဌိမဂ္ဂင်** ဉာဏ်နဲ့ ဘာတဲ့လဲ- ဝိပဿနာ ဉာဏ်ဆယ်ပါး ထဲက သမ္မသန ဉာဏ်ဆိုတဲ့ ဉာဏ်စွမ်းကလေးနှင့် အဲဒီ အတွင်းမှာရှိတဲ့ ခုပြောတဲ့ အဋ္ဌကလာပ်တွေ တွေ့ပြီလား၊ ရုပ်ပေါင်းများစွာ "မျက်တောင် တခတ်မှာ အဋ္ဌကလာပ် ရုပ်ပေါင်း ကုဋေ ငါးထောင်ကျော်လို့" ဘုရားဟောတယ်။

အဲဒီလို ဟောတဲ့ မြတ်စွာဘုရား ဒေသနာတော်ကို ယုံကြည် လေးစားသော အားဖြင့် ဝေါန်မှုချ အဋ္ဌကလာပ် ရုပ်တွေရှိတယ်၊ ရှာလိုက်စမ်းဆိုတော့ ဦးခေါင်းက အစ ခြေဖျားအထိ အာရုံ စိုက်လို့ ရှာရင် တွေ့ရော၊ ဘယ်လိုတွေ့သလဲ၊ ဟော-ဓာတ်သဘာဝ (ကာယဋ္ဌ ပဋိစ္စ ဖောဋ္ဌဗ္ဗဋ္ဌ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ) ကာယ ပသာဒရုပ် တွေ့ထိကောင်းတဲ့ ပထဝီ ဖောဋ္ဌဗ္ဗ, တေဇော ဖောဋ္ဌဗ္ဗ, ဝါယောဖောဋ္ဌဗ္ဗရုပ်နှင့် တွေ့ရင် ကာယဝိညာဏ်က သိတယ်၊ အဲဒီ လို သိတဲ့ ရုပ်ကလာပ် ကလေးတွေ ဘယ်လောက် များတယ် ဆိုတာ ဘယ်သူ ရေတွက်နိုင်သလဲ၊ ဘုရားမှ ရေနိုင်တာ၊ ဘုရား ရေနိုင်လို့ ကုဋေငါးထောင်ကျော် ရှိတယ်လို့ ပြောတာ၊ ယောဂီ တွေဉာဏ်နှင့် ဘယ်ပြောနိုင်မလဲ၊ ရှိန်ကနဲတော့ သိလိုက်သား၊ အဲဒီ ရှိန်ကနဲ အထဲမှာ တေဇော ဖောဋ္ဌဗ္ဗ တွေ့လိုက်တယ်၊ အဲဒီ အထဲမှာ ကလာပ်ပေါင်း ဘယ်လောက်ပါတယ်လို့ ဘယ်သူ ရေနိုင်သလဲ၊ ဘယ်သူမှ မရေနိုင်ဘူး၊ ကလာပ်ပေါင်းကို နည်းတာ မဟုတ်ဘူး၊ အဲဒါရုပ်ပေါင်း ပေါင်းကြည့်ပေါ့၊ အဲဒီလို ကလာပ် တွေ ဖြစ်ပေါ်လာတော့ ဘယ်သူနဲ့ တွေ့သလဲ၊ ကိုယ်နဲ့ တွေ့တယ်၊ ကိုယ်နဲ့ တွေ့ကောင်းတဲ့ ဖောဋ္ဌဗ္ဗဓာတ်က သုံးမျိုးရှိတယ်။

**ပထဝီ** နှင့် တွေ့ကောင်းတယ်။
**တေဇော** နှင့် တွေ့ကောင်းတယ်။
**ဝါယော** နှင့် တွေ့ကောင်းတယ်။

သေသေ ချာချာ ကြည့်၊ ဒါ ယောဂီတွေမှ ကိုယ်တိုင်သိ တယ်၊ ပထဝီနှင့် တွေ့တော့ ပထဝီ သဘာဝကိုက သဘော၊သဘော က ဘယ်လိုလဲ မာတဲ့သဘော၊ နူးညံ့တဲ့သဘော၊ ပထဝီကို

သေသေ ချာချာ သဘော ပေါက်အောင် ကြည့်စမ်း၊ မာတဲ့ သဘော နူးညံ့တဲ့ သဘောတဲ့၊ ဒီတော့ပထဝီဓာတ်နဲ့ ကိုယ်နှင့် တွေ့ရင် အမာနှင့် တွေ့တယ်၊ အပြော့နဲ့ တွေ့တယ်၊အပြော့နှင့်တွေ့ တော့ သိပ်မလားဆိုရင် တယ် မထင်ရှားဘူး၊ ဘာကြောင့်လဲ၊ အပြော့မှာ အမာဓာတ်က မပါဘဲကိုး။

ဥပမာ —တခု- ဝါဂွမ်း ၊ဝါဂွမ်းကလေးနဲ့ ကိုယ်ကို ထိကြည့်စမ်း၊ သိပ် မထင်ရှားဘူး၊ နူးညံ့တဲ့ပထဝီဓာတ် ပါလို့ မထင်ရှား ဘူး၊ ကိုယ်ကို အင်မတန် ခက်ထန်တဲ့ မာမူဆိုတဲ့ သံဒုတ်နဲ့ ထိကြည့်စမ်း၊ ထိထားစမ်း၊ မျဉ်းလုံးနဲ့ ဒုတ်နဲ့ သံဒုတ်နဲ့ ခဲနဲ့ ကျောက်ခဲနဲ့ ပေါ့လေ၊ ကိုယ်ကို ပစ်ခတ်လိုက် စမ်း၊ ထိလိုက်စမ်း၊ ဘယ်လိုများ ဖြစ်သွားမလဲ၊ အမာနှင့် တွေ့တော့ ဘာဖြစ်သလဲ၊ နာတာပေါ့၊ အမာနှင့် တွေ့ တော့ နာတယ်၊ အဲဒီတော့ လူတွေဟာ နာတာတော့ အသိသား၊ နာတာသိလျက်သားနှင့် အဝိဇ္ဇာဖုံးနေတော့ ပထဝီ မမြင်ဘူး၊ကျင်တာ အသိသား၊ အောင်မယ်လေး ခြေကျင်လိုက်တာ၊ လက်ကျင့်လိုက်တာ၊ ကျင်တာတော့ အတွေ့သား ပထဝီနှင့် တွေ့မှန်း မသိဘူး၊ ဘာဖြစ်လို့လဲ၊ အဝိဇ္ဇာ ဘယ်သိမလဲ၊ အဝိဇ္ဇာခွါ၊ ဝိဇ္ဇာနှင့်ကြည့် သိပြီ။

အဝိဇ္ဇာခွါ ဝိဇ္ဇာနှင့်ကြည့်မှ တကယ်သိတာ၊ သေသေချာချာ ဉာဏ်နှင့်ကြည့်၊ အဝိဇ္ဇာခွါ ဝိဇ္ဇာနှင့် ကြည့်ရင် ပထဝီတွေ့ပြီ၊ ဘာတွေ့သလဲ အမာ၊ အမာဆိုတော့ ဘယ်လိုတွေ့သလဲ နာတွေ့ တယ်, ကျင်တွေ့တယ်, ကိုက်တွေ့တယ်, တောင့်တွေ့တယ်, တင်း တွေ့တယ် ပထဝီကိုး၊ အဲဒီလို ပထဝီဓာတ်နှင့် တွေ့တဲ့ ယောဂီဟာ

ပထဝီမှန်းသိရင် ရုပ်သိတာပေါ့၊ ပထဝီနှင့် တွေ့လျက်သားနှင့် ရုပ်မှန်း မသိတဲ့ပုဂ္ဂိုလ် တယောက်ဟာ ဘယ်မှာ ဝိပဿနာ လုပ်လို့ ရမလဲ၊ သူ့အဝိဇ္ဇာကြီးက လုံးလုံးကြီး ဖုံးထားတာ၊ အဲဒါ ဝိဇ္ဇာ ဉာဏ်နဲ့ အမှန် ယထာဘူတဉာဏ်နှင့် ကြည့်လိုက်တော့ ဟော-ပထဝီ တကယ်တွေ့တာ၊ အောင်မယ်လေး တောင့်လိုက်တာ နာလိုက်တာ ခဲလိုက်တာ ကိုက်လိုက်တာ ကျင်လိုက်တာ စသည်ဖြင့် ပထဝီခေတ်တွေ တကယ်တွေ့တော့ အဲဒီပထဝီခေတ်တွေ ခုမှ တွေ့သလား ဆိုရင် ကမ္ဘာသံသရာလဆန်း ၁-ရက်နေ့ ကထဲက တွေ့တာ အဝိဇ္ဇာဖုံးနေလို့ မသိကြတာ၊ ပထဝီခေတ်မှန်း မသိလို့ ငါထင်နေတာ၊အတ္တဒိဋ္ဌိ ဖြစ်လာတာ၊အခု ပထဝီခေတ်ကို တကယ် တွေ့တော့မှ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တ ပိုင်ပိုင်ကြီး ရပြီ၊ သေသေ ချာချာ ဉာဏ်နှင့်ကြည့်။

ဒီလို ပထဝီခေတ်တခုကို တွေ့တာနဲ့ တပြိုင်နက်ထဲ မြဲတာ ရှိသေးသလား၊ တောင့်တင်းတယ်, ကိုက်တယ်, ခဲတယ်, နာတယ်, ကျင်တယ်ဆိုတာတွေဟာ ချက်ချင်း ဖြစ်လိုက် ပျက်သွားလိုက်, အာကာသ ခြားလျက် တခါထဲ ဖြစ်ပျက်မစဲ မတွေ့ဘူးလား၊ ခန္ဓာထဲမှာ တွေ့နေပြီ၊ အဲဒီတော့ ပထဝီခေတ်ကို တွေ့လျှင် အနိစ္စ တွေ့ပြီးသား၊ ဘာပြုလို့လဲ ဖြစ်ပျက်ကိုး၊ ပထဝီခေတ် ဖြစ်လိုက် ပျက်လိုက်တွေ့တော့ ဟော အနိစ္စတွေ့၊ ပထဝီခေတ် ဒုက္ခတွေ့၊ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ် ဒုက္ခတွေ့ချည်း ပေါ့၊ အဲဒီ ဝေဒနာတွေ ဒုက္ခဝေဒနာတွေ့၊ ကိုင်း ပထဝီခေတ် တွေ့ရင် ဒုက္ခတွေ့မှန်းသိတော့ ပထဝီခေတ် မပြောင်းနဲ့ မရွှေ့နဲ့, မဖြစ်နဲ့လို့ တား ရသလား၊ ဘယ်သူမှ တား မရဘူး၊ သဘာဝ ခေရေတီတိခေတု သူ့သဘော သူဆောင်ပြီး သူ့သဘောနှင့်

သူဖြစ်နေတဲ့ ပထဝီဓာတ်ကို ဘယ်တားလို့ ရမလဲ၊ အကယ်၍ ငါဆိုင်တယ် ဒီကိုယ်ကြီးကို ငါပိုင်တယ်ဆိုရင် တားစမ်း၊ ရပါ့ မလား မရဘူး။

အဲဒါ ဘယ်သူ့ကြောင့် ငါထင်တာလဲ၊ အဝိဇ္ဇာကြောင့်ပေါ့၊ ဟော-ဝိဇ္ဇာဉာဏ်နှင့် ကြည့်လိုက်တော့ ခုန သမ္မသနဉာဏ်နှင့် ရုပ်နှင့် နာမ် အမှန်ရှိတယ်လို့ဦးခေါင်းကအစ ခြေဖျားအထိ သုံးသပ်ကြည့် လိုက်တော့ ပေါ်လာတယ်၊ဒီဓာတ်တွေ ပထဝီဓာတ်ရုပ်ကို တွေ့တာ နှင့်တပြိုင်နက်ထဲ ဖြစ်ပျက် သိသွားပြီ၊ ဖြစ်ပျက်ကို ဥဒယဗ္ဗယဉာဏ် ပေါ်ပြီ မဟုတ်လား၊ အဲဒီ ဥဒယဗ္ဗယဉာဏ် ရကထဲက အနိစ္စသိ ဒုက္ခသိ အနတ္တလဲသိပြီးသား ကေန် သိတယ်၊အဲဒီလို သိကြောင်းကို မြတ်စွာဘုရား ကိုယ်တိုင် သူ့သားတော် ရာဟုလာကို ဟောသွား တယ်။

ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော **သက္ကာယဒိဋ္ဌိ** ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရာဟုလ၊ ချစ်သား ရာဟုလာ။ ခေါ၊ စင်စစ်။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲဘူး ဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သော သူအား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

အဲဒါ စာထဲမှာ သူကျက်ထားလဲရ ငါကျက်ထားလဲရတာပေါ့၊ စာထဲ အရှိသားဘဲ၊ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို၊ ဟော-ယောဂီ

တွေ သိပြီ ပထဝီဆိုတဲ့ တောင့်တယ်၊ တင်းတယ် ကိုက်တယ်၊ ခတယ်၊ နာတယ်၊ ကျင်တယ်၊ တွေ့ပြီ၊ ဒါ ယောဂီစစ်တဲ့ ပုဂ္ဂိုလ် တွေ့ပြီ၊ ယောဂီ မစစ်တဲ့ ပုဂ္ဂိုလ် ဘာ နားလည်လိမ့်မလဲ၊ အနား တောင် မကပ်နိုင်ဘူး။

> ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲဘူး ဟူ၍။ ဇာနတော၊ သိသော သူအား။ ပဿတော၊ မြင်သော သူအား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ကိုင်း စိတ်ချ လက်ချ တို့တွေ့တဲ့ တရားဟာ တကယ်အစစ် ဘုရားကိုယ်တော်မြတ်ကြီး သာသနာ ခေတ်နဲ့ ကြုံမှ တွေ့ကောင်း တဲ့ တရား တို့တွေ့ရပါလားလို့ ဒါ ဉာဏ်ထဲမှာ ရဲရဲရင့်ရင့် ဆုံးဖြတ် နိုင်ဘို့ ရဲရဲရင့်ရင့် အားထုတ်ဘို့ ယုံယုံကြည်ကြည် လေးလေး စားစားနှင့် ဝိပဿနာတရား ပွားနိုင်ဘို့ သက်သေခံ တင်ပြတာ ကိုင်း-တွေ့ပြီပေါ့၊ ဒါဖြင့် ပထဝီဓာတ်ကို တွေ့တာနှင့် မုချ ယထာ ဘူတကို တွေ့ရပြီ၊ သေသေချာချာ တွေ့လား မတွေ့ဘူးလား ဆိုတာ ယောဂီ သဘောတွေက ဘယ်လိုနေသလဲ၊ ခုနတုန်းက အဋ္ဌကလာပ်ရုပ်ထဲမှာ ဘာလဲ ပူတာလဲ ရှိတယ်၊ အေးတာလဲ ရှိတယ်၊ သီတ တေဇော၊ ဥဏှ တေဇော ခေါ်တယ်၊ ပူတာလဲ တေဇော အေးတာလဲ တေဇောဘဲ၊ ရှိန်ရှိန်ဆိုတာ ပူတာခေါ်တာ ပေါ့၊ အဲ ပူတာနှင့် တွေ့တွေ့ အေးတာနှင့် တွေ့တွေ့ ဘာနှင့် တွေ့တာလဲ ကိုယ်နှင့် တွေ့တာပေါ့၊ အဲ-ကိုယ်က ကာယပသာဒ ရုပ်လို့ ခေါ်တယ်၊ ကိုယ်က ကာယပသာဒရုပ်၊ ကောင်းပြီ ကိုယ်နှင့်

တွေ့လို့ ကာယပသာဒရုပ်ကို တွေ့ပြီ၊ တနည်း ကိုယ်နှင့် ဘယ်လိုသိမလဲ၊ သိတာ ဝိညာဏ်ပေါ့၊ နာမ်တရားပေါ့၊ နာမ်မှ မရှိ သိဘို့အကြဲကြီး၊ ဘယ်လိုနည်းနှင့်မျှ မသိဘူး၊ နာမ်သာ မရှိလို့ ရှိရင်ပူတာလဲ မသိနိုင်ဘူး၊ အေးတာလဲ မသိနိုင်ဘူး၊ တွေ့တော့တွေ့မှာဘဲ စဉ်းစားပေါ့။

**ဥပမာ**–လမ်းပေါ်မှာ သစ်တုံးကြီး ချထား သစ်တုံးမှာလဲဘဲ ကာယဓာတ် ရှိတာဘဲ၊ ကိုင်း- သစ်တုံးမှာရှိတဲ့ ကာယဓာတ်ကိုက နေပူတဲ့အခါ သစ်တုံးက ငါပူတယ်လို့သိသလား၊ ဘယ်လိုမှ မသိဘူး၊ ဘာသိမလဲ သူ့မှာ ကာယဝိညာဏ်မှ မရှိဘဲ၊ အဲဒါ ကာယပသာဒ ဖောဋ္ဌဗ္ဗနှင့်တွေ့တဲ့အခါ ကာယဝိညာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှ တွေ့တာ၊ ဒီလိုမှကာယဝိညာဏ် မရှိလျှင် သူ့ကို မီးရှို့လဲ ပူမှန်း မသိဘူး၊ ရေထဲမြှုပ်လဲ အေးမှန်း မသိဘူး၊ ဘာမှ မသိတော့ဘူး၊ အဲဒါ သိတာက နာမ်တရားပေါ့။

ကာယပသာဒရုပ်, ဖောဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်၊ ဟော ရုပ်, နာမ် ၂-ပါး၊ တေဇောတွေလဲ ရုပ်,နာမ် ၂-ပါး တွေ့သွားပြီ၊ အစစ်ဘဲ၊ အဲဒီ တေဇောရုပ်ကိုတွေ့ကထဲက ဘယ်လောက် အဘိုးတန်သွားသလဲ၊ တေဇော ဓာတ် ခေါ် ရာဟုလ တိုက်ရိုက်ဟောထားတယ်၊ အဲဒီတော့ ပူတာလဲ တရားအစစ်၊ အေးတာတွေလဲ ဝိဇ္ဇာဉာဏ်ရတဲ့ပုဂ္ဂိုလ် တရားအစစ်ဘဲ၊ဝိဇ္ဇာဉာဏ် မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ပူတာလဲ အတွေ့သားဘဲ အေးတာလဲ အတွေ့သားဘဲ တရားမှန်းမသိဘူး၊ ဘာပြုလို့လဲ ပူတာ အေးတာ အခုမှ မဟုတ်ဘဲ ဟိုကမ္ဘာသံသရာလဆန်း ၁-ရက်နေ့က အပူအအေး ရှိနေတာ၊ ရှိပေမဲ့

သိသလား၊ အဝိဇ္ဇာ ဘာသိမလဲ၊ ဝိဇ္ဇာကတော့ သိပြီ၊ ဟော ပူတာတွေလဲ ရုပ်တရား၊ အေးတာတွေလဲ ရုပ်တရား၊ဟော ဝိဇ္ဇာက ရုပ်နာမ်မြင်တော့ ခုနက အနိစ္စထင်၊ ဒုက္ခထင်၊ အနတ္တ ထင်သွား ရောပေါ့၊ အဝိဇ္ဇာက ဘယ်သိလိမ့်မလဲ၊ ဝေးလို့ အနားတောင် မကပ်နိုင်ဘူး။

ကိုင်း- ဒါဖြင့်ရင် ကိုယ်နှင့် တွေ့ကောင်းတာ ပထဝီနှင့်တေဇော သာ တွေ့ကောင်းသလား၊ ဝါယောကော တွေ့ကောင်းတာပေါ့၊ ဝါယောက ဘာလဲ၊ ထောက်ကန် ဝါယော၊ လှုပ်ရှား ဝါယော၊ အခု ယောဂီတွေ ထောက်ကန် ဝါယောတော့ သိခဲ့တယ်၊ ပြောရင် လဲဘဲ ကြားရင် ကြားမှာပေါ့၊ ယခု ထိုင်နေပြီ၊ မယိမ်းမယိုင် တည်နိုင်တာ ဘယ်သူ့သဘောလဲ၊ ဝါယောကြောင့် ခိုင်ပြီး ငြိမ်သက်ပြီး တည်နေနိုင်တာ၊ ဝါယော၊ ထောက်ကန်ဝါယော ခေါ်တယ်၊ ဒါက ခဲယဉ်းတယ်၊ ပြီးတော့ လှုပ်ရှားဝါယောတော့ လွယ်တယ်၊ လှုပ်ရှား ဝါယောတော့ ယောဂီများ သိတယ်၊ ဘာပြု လို့လဲ၊ ကိုင်း- ဦးခေါင်းကစ ခြေဖျားထိ ကြည့်လိုက်စမ်း ဆိုရင် ရွရွ-ရွရွ၊ဒိတ်ဒိတ်-ဒိတ်ဒိတ်၊လှုပ်လှုပ်-လှုပ်လှုပ်၊ ဖျဉ်းဖျဉ်း-ဖျဉ်းဖျဉ်း ဆိုတာ မပြတ်ဘူး တွေ့တယ်၊ အဲ-လှုပ်ရှားဝါယောတော့ ထင်ရှား တယ်၊ အဲဒီလို လှုပ်ရှားတာ တွေ့လိုက်ရင်၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာကွာ တာပေါ့၊ ဘယ်လောက် ကွာခြားသလဲ၊ အဝိဇ္ဇာက အသားတွေ လုပ်တယ်၊ နဖူးတွေ လုပ်တယ်၊ မျက်ခုံးတွေ လုပ်တယ်၊ လက်ရိုး တွေ လုပ်တယ်၊ ပေါင်သားတွေ လုပ်တယ်၊ ရင်သားတွေလုပ်တယ်၊ ကိုင်း- အသားလုပ် တိတ္ထိုကျမ်း သွားကြည့်ပါလား၊ အဝိဇ္ဇာ ကလေ လုပ်တာတော့ အတွေသားဘဲ၊ လုပ်တာတွေချင်း တူတယ်၊ အဝိဇ္ဇာက အသားလုပ်ကျမ်း သွားကြည့်တယ်၊ ဟော

ဘယ်ဘက် မျက်ခုန်း လှုပ်ရင် ဒကာမတွေက အကောင်း ပြောတယ်၊ အင်း-လာဘ် ရလိမ့်မယ်၊ ဟော ညာဘက် မျက်ခုန်း လှုပ်ရင် ယောကျ်ားတွေဘက်က လာဘ်ရမယ် ဒီလိုကိုး၊ သူ့ဟာက လက်ရုံးက လှုပ်တယ်၊ ညာဘက်လက်ရုံးက လှုပ်ရင် အစားကောင်း စားရမလို့တဲ့ သူ့ဟာက တိတ္ထိုကတော့ ဟန်ကျ, ပန်ကျ ရေးထား တာ၊ အဲဒီတော့ လှုပ်တာ အသိသားနှင့် တိတ္ထို သွားကြည့်နေ တော့ အဝိဇ္ဇာက ဘယ်လာ တရားရမလဲ ဘယ်နည်းနှင့်မျှ တရား မရှိဘူး၊ ဒါကြောင့် လှုပ်တာ တရားလားလို့ ဆိုတာ ဟုတ်တယ်၊ မဟုတ်ဘူး ဘာပြုလို့ တရား မဟုတ်သလဲ အဝိဇ္ဇာဘဲ ဘယ်တရား လာတွေ့မလဲ၊ တရားတွေ့ဘို့ နေနေသာသာ လှုပ်တာတွေ့ရင်ဘဲ တကတဲ တိတ္ထိုတွေ ကြည့်ပြီးသကာလ သူ့ဟာသူ ဝေဘန်ပြီးတော့ ဗေဒင်တောင် ဟောနေလိုက် သေးတယ်၊ ဘယ်လာ ရ လိမ့်မလဲ တရား၊ အဝိဇ္ဇာဘဲ။

ဟော....ဝိဇ္ဇာညာဏ် ရ,တဲ့ ပုဂ္ဂိုလ် ကြည့်လိုက်စမ်း၊ ဦးခေါင်းက, **အစ** ခြေဖျားအထိ လှုပ်ရှားမှုတွေ တကိုယ်လုံး တကတဲ ဘယ်နေ ရာမှ ချို့ယွင်းချက် မရှိဘူး၊ ပြီးတော့ ဘယ်နေရာမှ အစိုးမရဘူး၊ မပြက်မစဲ ခန္ဓာထဲမှာ တသဲသဲ တဖွဲဖွဲ တလှုပ်လှုပ် တရွရွ ဖြစ်ပျက် မစဲ တွေ့နေတော့ ကိုင်း-ဝါယောတွေ့တာနှင့် တပြိုင်နက် တကယ် ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယ ပေါ်နေတယ် မဟုတ်လားလို့၊ ဖြစ်ပျက် ဆိုတဲ့ ဥဒယဗ္ဗယ တွေ့နေကထဲက ဟော အနိစ္စမှန်း သိသွားပြီ၊ ဒုက္ခမှန်းလဲ သိသွားပြီ၊အစိုးမရတဲ့ အနတ္တမှန်းလဲ သိသွားပြီ၊အဲဒီလို မြတ်စွာဘုရားက ကေန် ထင်ရှားပြ, တယ်၊ (ဝါယော ဓာတ် ခေါ် ရာဟုလ) ကိုင်း-ရှင်းရှင်းလေး၊ ဒီလိုဆိုရင် ဝါယောဓာတ် လှုပ်ရှားမှုကလေးတွေ လှုပ်လာတဲ့ ကိစ္စဟာ ဘယ်လောက် အဘိုး

တန်သလဲ၊ အဲဒါကြောင့် မသိတဲ့ ပုဂ္ဂိုလ်က ကျော်သွားတာပေါ့၊ သိတဲ့ပုဂ္ဂိုလ်တွေက ခု ဖော်စားကုန်ပြီ၊ ဘယ်လောက် အဘိုးတန်သလဲ ကြည့်စမ်း၊ လုပ်တာချင်းတော့ အတူသား။

ငယ်ငယ်တုန်းက ဒကာမကြီးတွေ အသား လုပ်တယ် မဟုတ်လား၊ အသားလုပ်တော့ မျက်ခုန်း လုပ်လိုက်တာ တချို့က နိမိတ်မကောင်းဘူး ဆိုပြီး ခြေဖဝါးက ခြေမှုန့်ယူပြီးတော့ နဖူးတောင် လက်နဲ့ သုတ်လိုက်သေးတယ်၊ ဒါ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ ဘုန်းကြီး ပြောတာ တကယ် အစစ်ပေါ့၊ လုပ်တာတွေတာ အဲ-မျက်ခုန်းတွေလုပ်၊ ပေါင်သား လက်ရုံးတွေလုပ်လိုက်တာ အဲဒီ လုပ်တာ တွေလျက်သား တရားမှန်း မသိဘဲ အဝိဇ္ဇာ ဘယ်လောက် ဆိုးတယ်ဆိုတာ ကြည့်စမ်း။

အဲဒါကြောင့် တို့ဘုရားကိုယ်တော်မြတ် ပေါ်လာတဲ့ သာသနာခေတ်နှင့် ကြုံရမှ တကယ်တမ်း အဟုတ်ကိုတွေ့တာ၊ အဲဒီတော့ **သဘာဝံ ဓာရေတီတိ ဓာတု**—သူ့သဘော သူဆောင်ပြီးတော့ သူ့သဘောနှင့် သူဖြစ်နေတာ၊ ကိုယ်တိုင် သိပြီ မဟုတ်လား၊ အဲဒါတွေကို မတွေ့သမျှ ကာလပတ်လုံး ဘယ်အခါ ကာလမှ ငါတို့ ဝိပဿနာဉာဏ် မရသေးဘူး ဆိုတာမှတ်၊ ဝိပဿနာဉာဏ် ဆိုတာ လွန်ပြီးသော အတိတ်ကာလက ရုပ်နာမ်တွေကို ဝိပဿနာရှုလို့ မရဘူး၊ မဖြစ်ဘူးနော်၊ မရောက်သေးတဲ့ အနာဂတ် ကာလက ရုပ်နာမ်ကို လှမ်းကြည့်လို့လဲ ဝိပဿနာရှုလို့ မရဘူး၊ ဝိပဿနာ ဆိုတာ ပစ္စုပ္ပန် သက်သက် ကိုယ်တွေ့ ဉာဏ်မြင် ကိုယ်ပိုင် ကိုယ်တိုင်သိတဲ့ တရားမှ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်အစစ်၊ ဘုရားကိုယ်တော်တိုင် ဟောတာ ပါကဲ့လဲ။

အဒသာနုတော အာယန္တိ၊
ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊
ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။
(ထေရဂါထာပါဠိ)

ဒါ ပါဠိဘဲ၊ အဲဒီ ပါဠိတော်ပြောလို့ ဘာနားလည်မလဲ၊ အဓိပ္ပါယ်သဘော မြန်မာလိုပြောမှ နားလည်မယ်။

သင်္ခါရာ- ကံ, စိတ်, ဥတု, အာဟာရ၊ စာက (ကံရယ်, စိတ်ရယ်, ဥတုရယ်, အာဟာရရယ် အကြောင်းတရား ၄-ပါး ပြုပြင်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား မဟုတ်လား၊ ကိုင်း-ယောဂီမဟုတ်တဲ့ ပုဂ္ဂိုလ်သိဘို့ဟာ မခဲယဉ်းဘူးလား၊ ဒကာ, ဒကာမကြီးတို့ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်စမ်း၊ ဘယ်လို သိမလဲ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားမှ သူ မတွေ့ဘဲ၊ ယခု ယောဂီတွေ တွေ့နေပြီ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား၊ ဘာပြုလို့လဲ ရှိန်ကနဲဖြစ် ခန္ဓာငါးပါး, လှုပ်ကနဲဖြစ် ခန္ဓာငါးပါး, ရွကနဲဖြစ် ခန္ဓာငါးပါး, ဒိတ်ကနဲတွေ့ ခန္ဓာငါးပါး၊ ဘာပြုလို့လဲ ရုပ်ခန္ဓာ ၁-ပါး,နာမ်ခန္ဓာ ၄-ပါး မဟုတ်လား၊ ကာယပသာဒရုပ်ကယ်, ဖောဋ္ဌဗ္ဗရုပ်ကယ်, ရူပက္ခန္ဓာ တွေ့တိုင်း တွေ့တိုင်း သိတယ်ဆိုတဲ့ အလုံးကလေးက သိလို့သာ ဆိုတာကိုး၊ ကေပ္ပါဒ ကေနိရောဓ ကောလမ္ဗဏ ကေဝတ္ထုက၊ တကွဖြစ်တယ်, တကွချုပ်တယ် ချုပ်ပျက်တာ သဟဇာတပစ္စည်း၊ဒီ နာမ်တရားက နာမက္ခန္ဓာ ၄-ပါး ခွဲခွါလို့ရကောင်းတဲ့ တရားမဟုတ်ဘူး၊ ဒီ သိတယ်ဆိုတဲ့ အလုံးထဲမှာ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ,မှတ်သားတတ်တဲ့သညာက္ခန္ဓာ,စေ့ဆော်ကြောင့်ကြ

တတ်တဲ့ သင်္ခါရက္ခန္ဓာ၊ သိလေးလုံးက ဝိညာဏက္ခန္ဓာ၊ ကိုင်း နာမ်ခန္ဓာလေးပါး မဟုတ်လား။

ရှိန်ကနဲသိတာ ရုပ်ခန္ဓာ ၁-ပါး, နာမ်ခန္ဓာ ၄-ပါး အစစ်ပေါ့၊ လှုပ်ကနဲသိတာ ရုပ်ခန္ဓာ ၁-ပါး, နာမ်ခန္ဓာ ၄-ပါးပေါ့၊ ဒိတ်ကနဲ သိလိုက်တာလဲ ရုပ်ခန္ဓာ ၁-ပါး,နာမ်ခန္ဓာ ၄-ပါးဘဲ၊ ခုနတုန်းက ကိုက်တာ,ခဲတာ, နာတာ,ကျင်တာတွေဟာလဲ ရုပ်ခန္ဓာ ၁-ပါး, နာမ်ခန္ဓာ ၄-ပါး၊ ဒီတော့ ခန္ဓာငါးပါး ရုပ်နာမ်တရား တွေ့တဲ့ ပုဂ္ဂိုလ်မှ ဒီ ပါဠိနှင့်ကိုက်မယ်၊ခန္ဓာငါးပါး ရုပ်နာမ်တရား မတွေ့တဲ့ ပုဂ္ဂိုလ်ကိုဟောနေရင် နာတဲ့ပုဂ္ဂိုလ်လဲ ပျင်းတာဘဲ၊ဟောတဲ့ပုဂ္ဂိုလ်လဲ မောတာရှိတာဘဲ၊ ဘာပြုလို့လဲ တွေ့မှ မတွေ့ဘဲ၊ဟိုက "သင်္ခါရ-ကံ,စိတ်,ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပြုပြင် စီရင်အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်" ဟော တွေ့ရော၊ ကိုင်း ဒါဖြင့် တွေ့ပြီ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား၊ ဘာဖြစ်သလဲ "အဒဿနတော-မမြင်ရရာ ဒီ ခန္ဓာငါးပါး ဖြစ်ပေါ်လာတာဟာ လူတိုင်း သိပြီပေါ့၊ အဲဒီ မဖြစ်မီကာလလေး ရှိန်ကနဲ မဖြစ်မီကာလလေး, ရွကနဲ မဖြစ်မီ ကာလလေး၊ လှုပ်ကနဲ မဖြစ်မီ ကာလလေး၊ အဲဒီလို ကာလ အနာဂတ်ခေါ်တယ်၊ အဲဒီ အနာဂတ်ကာလမှာ ခုပြောတဲ့ ရုပ်ခန္ဓာ မရှိဘူးတဲ့ ဘုရားက၊ အဘာဝ- အနာဂတ် မဖြစ်မီ ကာလလေးမှာရုပ်နာမ်ခန္ဓာ မရှိဘူးတဲ့၊ ကဲ-ယောဂီဉာဏ်နှင့်ကြည့်စမ်း၊ ရှိန်ကနဲတော့ တွေ့လိုက်သား အဲဒီ ရှိန်ကနဲ မဖြစ်ခင် တွေ့သလားကြည့်၊ မရှိဘူး၊ ဘုရားဟောနှင့် ကိုက်ကြည့် မရှိဘူးနော်၊ မြင်ကော မြင်ရသလားဘုရားက,တော့ မမြင်ရဘူးတဲ့၊ တို့ယောဂီတွေ ဘယ်လိုလုပ်ကြည့်လို့ မြင်မလဲ ဘယ်မြင်လိမ့်မလဲ၊ ဘုရားကိုယ်တိုင်ကလဲ မမြင်ရ

ဘူးတဲ့၊ ဒါကြောင့် မမြင်ရရာ အနာဂတ် အဘာဝအဖြစ်မှ မမြင်လဲ မမြင်ရဘူးတဲ့၊ အနာဂတ် ကာလမှာ အဘာဝ ရှိလဲ မရှိဘူးတဲ့၊ အဲဒီ အဘာဝ မရှိတဲ့ အနာဂတ် ကာလက လာပြီးတော့ရင် ပစ္စုပ္ပန် လာဖြစ်တယ်၊ အဲဒီလို ဖြစ်တာ ကိုယ်တိုင် သိတယ်၊ ရှိန်ကနဲ လာဖြစ်တယ်၊ လှုပ်ကနဲ လာဖြစ်တယ်၊ ရွှ,ကနဲ လာဖြစ်တယ်၊ အဲဒါ ပစ္စုပ္ပန်ဖြစ်တာ အမှန်နော်။

ကောင်းပြီ–ဒါ အနာဂတ် ကာလမှာ ရုပ်နာမ် ခန္ဓာ မရှိကြောင်းကို ထင်ရှားပြီဆိုတာ ဘုန်းကြီးက ကိုယ်တိုင် သိတဲ့ပုဂ္ဂိုလ်ကို ပြောတာ၊ မသိတဲ့ ယောဂီ မဟုတ်တဲ့ ပုဂ္ဂိုလ်ကို မပြောဘူး၊ အနာဂတ် ကာလမှာ မရှိဘူးတဲ့၊ ဘုရားကိုယ်တိုင် ဟောတာ၊ အတိတ်ဆိုတော့ "ဘင်္ဂါ- ချုပ်ပျောက် ပျက်ဆုံးကြ ကုန်ပြီးသော ရုပ်နာမ်သင်္ခါရတို့သည်လည်း" ချုပ်တယ် ပျောက်တယ်ဆိုတယ်၊ ခုရှိန်ကနဲဆို ပျောက်သွားတာဘဲ၊ လှုပ်ကနဲဆို ပျောက်သွားတာဘဲ၊ ရွှ,ကနဲဆို ပျောက်သွားတာဘဲ၊ အဲဒီပျောက်သွားတဲ့ ကာလလေး ဘာခေါ်သလဲ၊ အတိတ် ချုပ်ပျောက် ပျက်ဆုံးကြကုန်ပြီး၊ ဟော ရုပ်နာမ် သင်္ခါရတို့သည် "အဒဿနတော မမြင်ရရာ" သူ့လဲဘဲ မမြင်လိုက်ရဘူးတဲ့၊ မြင်လိုက်ရသလား၊ ရှိန်ဆို ပျောက်သွားပြီ၊ လိုက်ရှာကြည့်စမ်း မတွေ့ဘူး၊ မမြင်ရရာ အဘာဝကော ရှိသေးသလား ရှိလဲ မရှိတော့ဘူး၊ အတိတ် လွန်သွားပြီ၊ ဟော-အတိတ်ဆိုတာ လွန်သွားပြီ၊ရှိန်ကနဲဆို ပျောက်သွားတာ၊ အဲဒါ လွန်သွားတာ၊ အဲဒီ လွန်သွားတဲ့ အတိတ်ကာလ ရှိသေးသလားဆို မရှိတော့ဘူး၊ ဘုရားက မရှိတော့ဘူးတဲ့၊ မြင်ကော မြင်ရသေးသလားဆို မမြင်ရဘူး၊ အဲဒါ ဘုရားဟောတာ၊ ဒါ ပစ္စုပ္ပန်သက်သက် ရှိတယ်လို့ ဘုရားက ဟောတာ ဒါဖြင့်ရင် တို့ယောဂီများ

ပိုင်း]

ကိုယ်တိုင် သိနေတဲ့ တရားကို သက်သေခံ လုံလောက်အောင် ထင်ရှားအောင် ဘုရားက ဘယ်လို ပြ,သလဲ၊ပြ,လိမ့်မယ် သေသေ ချာချာ မှတ်လိုက်စမ်း။

အာကာသေ၊ ထက်ခွင် အဇ္ဈာ မိုဃ်းအာကာ၌။ ဝိဇ္ဇုပ္ပါဒ ါဣဝ၊လျှပ်စစ်ရောင် အလင်းတို့ကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်း ဖြစ်ကြကုန်၏။ ဝယန္တိ စ၊ ပျက်လည်း ပျက်ကြကုန်၏။

ကိုင်း - သေသေ ချာချာ ဉာဏ်နှင့် ကြည့်ပေတော့၊ ဘုရားက ဘယ်လိုပြသလဲ၊ ကောင်းကင်မှာ လက်သော လျှပ်စစ်ရောင်ကဲ့သို့ လျှပ်စစ်ရောင်က ဥပမာန, အခု ယောဂီတွေ ကိုယ်တိုင်တွေ့တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားကဥပမေယျ၊လျှပ်စစ်ရောင်ကဲ့သို့ဆိုတာ ဇောတက ဖော်ပြလိုက်တယ်၊ အဲဒီလျှပ်စစ်ရောင်ကဲ့သို့ ဘုရားက ဟောတာ၊ ဒါဖြင့်ရင် ယောဂီကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်စမ်း၊လျှပ်စစ်ရောင်ကောင်းကင်မှာ ဓာတ်သဘာဝ ထိခိုက်တဲ့အခါ ဝင်းကနဲလက်သွားတာ၊ အဲဒါ လျှပ်စစ်ရောင်ခေါ်တယ်၊ ဓာတ်ချင်း ထိခိုက်တဲ့ အခါလေးမှာ ဝင်းကနဲ ပေါ်တယ်နော်၊ မထိခိုက်ရင် ပေါ်တာ မဟုတ်ဘူး၊ ထိလိုက်တဲ့ အခါလေးမှာ ဝင်းကနဲ ပေါ်တာ၊ အဲဒီလို လျှပ်စစ်ရောင် ဝင်းကနဲ, ဝင်းကနဲ ပေါ်ထွက်လာတာကို အားလုံး အများမြင်ကြတယ်၊ ဒီလို ဝင်းကနဲ လက်တဲ့ လျှပ်စစ်ရောင်သည် မလက်မီကာလ ဘာခေါ်ကြသလဲ၊အနာဂတ်ကာလပေါ့၊ မလက်မီ ကာလလေးမှာ အနာဂတ်၊ ဝင်းကနဲ လက်သွားတာ ပစ္စုပ္ပန်ကာလ ဝင်းကနဲလက်ပြီး ချက်ချင်း ပျောက်သွားတာ၊ အဲဒီ ပျောက် သွားတဲ့ ကာလကို ဘာခေါ်သလဲ၊ အတိတ် လွန်သွားပြီ၊ ဒါဖြင့်

၂၄၇၃၃

လျှပ်စစ်ရောင်ကို ကိုယ်ပိုင် ဉာဏ်ကလေးနှင့် စစ်တမ်းထုတ်ကြည့် စမ်း၊ လျှပ်စစ်ရောင်သည် မလက်မီ အနာဂတ်ကာလမှာလဲ မရှိတာ အမှန်၊ ပစ္စုပ္ပန်ဝင်းကနဲ လက်တာ ရှိတာ အမှန်၊ အဲဒီ ဝင်းကနဲ လက်ပြီးတဲ့နောက် ပျောက်သွားတဲ့ အတိတ်ကာလမှာ မရှိတာ အမှန်၊ အဲဒါ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်။

ဒါဖြင့် ခုနတုန်းက ဘုရားက ဒီ လျှပ်စစ်ရောင်ကဲ့သို့ ဆိုတော့ လျှပ်စစ်ရောင်သည် အတိတ်နှင့် အနာဂတ်မှာ မရှိ၍ ရှိန်ကနဲ့, ပစ္စုပ္ပန်, ရွကနဲ, ပစ္စုပ္ပန်, ဒိတ်ကနဲ, ပစ္စုပ္ပန်၊ အဲဒီလို ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ မဖြစ်မီ ကာလ အနာဂတ် ကာလမှာ မရှိဘူး၊ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ ပျောက်ဆုံးပြီးတဲ့ နောက်မှာလဲ မရှိဘူး၊ အဲဒီတော့ သြော်–မြတ်စွာဘုရား ကိုယ် တော်မြတ် သက်သေခံ ဥပမာပြတဲ့ လျှပ်စစ်ရောင် ဥပမာ မှန်လိုက် တာ တူလိုက်တာလို့ ယောဂီဉာဏ်နှင့် မဆုံးဖြတ်နိုင်သေးဘူးလား ဆုံးဖြတ်ကြည့်၊ အမှန်ဟုတ်တယ်။

အဲဒီတော့ ဘုရားကိုယ်တော်မြတ် ဟောတဲ့ ဒေသနာနှင့် ကိုက် ကြည့်၊ မှန်လိုက်တာ ဟုတ်လိုက်တာဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် သိ ထားပြီ မလွဲဘူး၊ အဲဒီလို မလွဲတမ်း တကယ်သိတဲ့ ယောဂီပုဂ္ဂိုလ် များမှသာ အမယ်လေး ဘုရား ကိုယ်တော်မြတ်ကြီး ဟောတာ မှန်လိုက်တာနော်၊ဟော-ဘုရားကိုယ်တော်မြတ်ကြီးကို ဘယ်တော့ ဒီတသက် ဘယ်မေ့ဦးမလဲ၊ တရား တွေ့သွားမှကိုး၊ တရားအစစ် တရားအမှန် ကိုယ်ပိုင်ဉာဏ်နှင့် တွေ့တော့ ဘုရားမှ ဟုတ်ပါလေစ လို့ သံသယ ဝိစိကိစ္ဆာတရား ရှိပါအုံးမလား၊ ဤဘ၀ ထိုဘ၀ ဘယ်တော့မှ မပေါ်ဘူး၊ တရားအစစ် တွေ့သွားမှကိုး၊ တရားကို

တွေ့မှ ဘုရားကိုတွေ့တာ၊တရား မတွေ့ဘဲနှင့် ဘုရားတွေ့တယ်ဆိုတာ ညာတာ၊အလကား မိရိုးဖလာ မိဘဘိုးဘွားကဆင်းသက်လို့ ဘုရားလို့ ပြောလို့ ဘုရားလို့ ထင်နေတာ၊ ဘုရားအစစ်တွေ့တဲ့ ပုဂ္ဂိုလ်က လူတထောင် တယောက် မတွေ့ဘူး၊ အခုကာလ ရုပ်ပွားဆင်းတု စေတီတော် စသည်တို့ကို ဘုရားထင်ကြတာပေါ့၊ ဘုရားအစစ်က ခု ယောဂီတွေကို ဟောတဲ့စာက ပရမတ်အစစ် ဓာတ်အနှစ်ပြတဲ့ ဘုရားကမှ ဘုရားအစစ်၊ အခုပြောတဲ့ ရုပ်ပွားဆင်းတု စေတီ ပုထိုးတွေက စေတီလို့ ခေါ်တယ်၊ဘာစေတီလဲ ဘုရား၏ကိုယ်စားတော် စေတီ, အဲဒီ ဘုရား၏ ကိုယ်စား စေတီတော်လဲဘဲ အမှန်စင်စစ် လှူဒါန်းခြင်း, ရှိခိုးခြင်း, ဦးချခြင်း, လေးစားခြင်းသည် အမှန် ကုသိုလ်ဖြစ်တယ်၊ ဘုရားနှင့် အတူတူဘဲ၊ ဘုရားအစစ်ကို သိဘို့တဲ့၊ ဒါကြောင့်—

သမေ စိတ္တ ပသာဒမှိ၊
သမံ ပုညံ မဟဂ္ဂတံ။
တသ္မာ ထူပံ ကရိတွာန၊
ပူဇေယျ ဇိန ဓာတုယော။

စိတ္တ ပသာဒမှိ၊ စိတ်၏ ကြည်ညိုခြင်းသည်။ သမေ၊ တူမျှသည်ရှိသော်။ မဟဂ္ဂတံ၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော။ ပုညံ၊ ကောင်းမှုသည်။ သမံ၊ တူမျှသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဇိနဓာတုယော၊ မြတ်စွာဘုရား ကိုယ်စား ဓာတ်တော်တို့ကို။ ထူပံ ကရိတွာန၊ စေတီပြုလုပ်၍။ ပူဇေယျ၊ ပူဇော်ရာ၏။

ဘုရား အစစ်ကို တွေ့ဘို့ပြောတာ၊ တကယ်အစစ်က သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်နှင့် ထားတော်မူတဲ့ ရုပ်ပွားဆင်းတု စေတီပုထိုးနှင့် အတူတူချင်း စေတနာတူရင် သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ် လှူတဲ့ ကုသိုလ်နှင့် စေတီရုပ်ပွား စသည် လှူတဲ့ ကုသိုလ် တူသော အကျိုးပေးသတဲ့၊ အဲဒါ ဘုရားကဲ့ဘို့ ပြောပြတာ၊ တူသော အကျိုးပေးတယ်၊ စေဘနာတူယင် အဲဒီ စေတနာတရားက ဘုရားကို ကြည်ညိုတဲ့ စေတနာ၊ ဒါကြောင့် စေတနာနှင့် လှူဒါန်းခြင်းသည် တူမျှသော အကျိုးရှိ၏၊ ဘုရား အစစ်ကို တွေ့တာ၊ ဘုရားအစစ်ကို မျက်မှောက်ထင်ထင် ကိုယ်တိုင် မြင်ပေမဲ့ ဘုရားမှန်း သိသလား၊ မသိဘူးတဲ့၊ ဒါဘုန်းကြီးက ပြောတာ မဟုတ်ဘူး၊ ဘုရားကိုယ်တော်တိုင်က ဟောတာ ဘယ်မှာ ဟောသွားသလဲ။

ဝက္ကလိ ရဟန်းကို ဟောသွားတယ်၊ ဝက္ကလိဟာ ဘုရား ကိုယ်တော်မြတ်ရဲ့ နီလ, ပီတ, လောဟိတ စတဲ့ ရောင်ခြည်တော် ခြောက်သွယ်နှင့် ပြည့်စုံတော်မူပုံကို ကြည်ညိုတော့ ဘုရားအနားက မခွါဘူး၊ မခွါတော့ ဘုရားကိုယ်တော်မြတ်က အောက်မေ့တယ်၊ သြော် ခက်တော့တာဘဲ၊ ဝက္ကလိတော့ဖြင့်ရင် ငါ့လဲ သူမြင်ရတာ မဟုတ်ဘူး၊ ငါ့လဲ သူသိတာ မဟုတ်ဘူး၊ မသိဘဲနှင့် ငါ့ကို တမော့ မော့နှင့် မျှော်ကြည့်နေတာ ခက်တာဘဲ၊ တရား မသိရင် ဒီ အကောင် ခက်တော့မှာဘဲလို့ ဘုရားကိုယ်တော်မြတ်ကြီး ကရုဏာတော်နှင့် ဝက္ကလိကို ဘယ်လို ဟောလိုက်သလဲ၊ ဟဲ့ဝက္ကလိ တဲ့ ငါ့မျက်နှာကို တမော့မော့ ကြည့်နေပေတဲ့ ငါ့ကို မြင်ရတာ မဟုတ်ဘူးတဲ့ သွား တရားအားထုတ်တဲ့ တရားတွေ့မှ ငါ့ကိုမြင်မယ် တဲ့၊ ဒီနေရာမှာ မြတ်စွာဘုရားက အတင်းနှင်တာ။

ယော ခေါဝက္ကလိ ဓမ္မံ န ပဿတိ၊
သော မံ န ပဿတိ။

အဲဒါ ဘုရားကိုယ်တိုင် ဟောတာ၊ ဒါကြောင့် တို့ယောဂီတွေဟာ တရားအစစ် တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်နှင့် အမှန်တွေ့သဖြင့် ဘုရား အစစ်ကို ကေန် သိပြီလို့ ဘုန်းကြီးက ပြောပြတာ၊ တရားအစစ်ကို အမှန်တွေ့ပြီ အခု ဘာပြုလို့လဲ မြတ်စွာဘုရား ကိုယ်တိုင် ဟောတော်မူတဲ့ အတိုင်း ရုပ် နာမ် ခန္ဓာတို့သည် ပစ္စုပ္ပန်သက်သက် ဖြစ်ပျက် ကလေးသာ ရှိတဲ့ ဥဒယဗ္ဗယဉာဏ်ကို တွေ့နေမှကိုး၊ အဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ပျက်ကို တွေ့တာနှင့်တပြိုင်နက် လိုရာဆန္ဒကို ရောက်တော့မယ်၊ ကြပ်ကြပ် သတိထား အားထုတ်ကြ၊ ဖြစ်ပျက်ကို တွေ့ရင် မိမိတို့လိုရာဆန္ဒ ကေန်မလွဲ ရောက်တော့မယ်၊ အဲဒီတော့ ဥဒယဗ္ဗယဆိုတာဟာ ဖြစ်ပျက်ခေါ်တယ်၊ အဲဒီဖြစ်ပျက်ကို ရှုတာဟာ မှတ်ထားကြနော်၊ လွန်ပြီးသော အတိတ်ကာလကို မှန်းဆပြီး ဝိပဿနာ ရှုလို့ဖြစ်တာ မဟုတ်ဘူး၊ ဘယ်နည်းနှင့်မျှ ဝိပဿနာ မဖြစ်ဘူး၊ ဥဒယဗ္ဗယ မဖြစ်ဘူး၊ မရောက်သေးတဲ့ ရုပ်နာမ် ခန္ဓာတွေကို မှန်းဆပြီးတော့ ကျော်လွန်ပြီး ဝိပဿနာရှုလို့လဲ ဝိပဿနာ မဖြစ်ဘူး၊ ပစ္စုပ္ပန် ခုနတုန်းက လျှပ်စစ်ရောင်ကဲ့သို့ ဖြစ်ဆဲ ပျက်ဆဲကလေးကို ရှုတဲ့ ယောဂီပုဂ္ဂိုလ်မှ ဝိပဿနာဉာဏ် အစစ်။

ဒါဖြင့် အရှင်ဘုရား တပည့်တော်တို့ အတော်ကို သဘောကျသွားပြီ၊ ဘာပြုလို့လဲ ဝိပဿနာဉာဏ်အစစ်ကို ကိုယ်တိုင် ရုပ်တွေ နာမ်တွေ ခွတ်တွေ ကလာပ်တွေ ပရမတ်တွေ အဇ္ဈတ္တိက သန္တာန်မှာ အမှန်တွေ့ရသောကြောင့် အမှန် တွေ့ပါပြီဘုရား၊ တွေ့လို့ရှိ

ဘယ်လောက် အကျိုးထူးသလဲဆိုရင် ထူးရောပေါ့၊ တို့မြတ်စွာဘုရား သခင်ကိုယ်တော်မြတ် မေတ္တာသုတ် ပါဠိတော်မှာ ဟောထားတဲ့ ကရဏီယပုဒ်နှင့် ကိုက်နေပြီ။

> သန္တံ၊ငြိမ်သက်သော။ ယံ ပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထိုနိဗ္ဗာန်သို့။ အဘိသမစ္စ၊ သစ္စာလေးပါးကို သိသောအားဖြင့် ကောင်းစွာ ရောက်၍၊ တရားထဲမှာ နိဗ္ဗာန်ရမယ်တဲ့ ဒါဖြင့် သစ္စာလေးပါး သိအောင် ဘယ်လိုလုပ်ရမလဲ၊ အတ္ထကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသောသူသည်။ ကရဏီယံ၊ပြုကျင့်အပ်၏။

အဲဒီ သစ္စာလေးပါးကို ရမှ နိဗ္ဗာန်ရတယ်တဲ့၊ သစ္စာလေးပါးကို ဤဘဝ ထိုဘဝ ဘယ်တော့မှ မသိသေး၊ မသိသေးသမျှကာလပတ်လုံး ဘယ်တော့မှ နိဗ္ဗာန် မရဘူးတဲ့၊ နိဗ္ဗာန်ကို သိရအောင် သယ်လို လုပ်မလဲ၊ လိမ္မာရင် ကျင့်တဲ့ ဘုရားက၊ ကိုင်း- မကျင့်တဲ့ပုဂ္ဂိုလ် ဘာဖြစ် သွားသလဲ၊ ကိုင်း - ယောဂီတွေ ကျင့်နေပြီ သစ္စာလေးပါး သိအောင်၊ တကယ်တော့ သစ္စာလေးပါးသိတဲ့ တရားဟာ ဘယ်လိုလဲ ဆိုတော့၊ ဟိုဓမ္မစကြာမှာ လာတဲ့ အတိုင်း ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ အယုတ်တရား ၂-ပါး၏ အလယ်၌ **မဇ္ဈိမပဋိပဒါ** ဆိုတဲ့ တကယ့်အစစ် သစ္စာလေးပါး တရားဖြစ်တာ၊ ခုကျင့်နေတာ သီလမဂ္ဂင် သုံးပါး သမာဓိမဂ္ဂင် သုံးပါး ပညာမဂ္ဂင် နှစ်ပါး မဂ္ဂင်ရှစ်ပါး အစစ်မဟုတ်လား၊ အဲဒီမဂ္ဂင်ရှစ်ပါးတရားကို ကျင့်နေတာ ခုအားထုတ်နေတဲ့ ခန္ဓာထဲမှာ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ ဖြစ်ပျက်နေတာကို ထိုင် နေရင်းလဲတွေ့ အိပ်နေရင်းလဲတွေ့ ထ နေရင်းလဲ တွေ့တယ်၊ အမြဲတမ်း မပြတ်တွေ့ရင် ဟော သစ္စာလေးပါး

အမြဲသိ၊ သစ္စာလေးပါး သိရင် အမြဲဒီလို ရုပ်တရား နာမ်တရား ဆိုတာ လွယ်လွယ်နှင့် သိတာ မဟုတ်ဘူး၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် ကြောင့် သိတာ၊ သမ္မာဒိဋ္ဌိဉာဏ်က မဂ္ဂင်ဉာဏ် ဘာကျင့်ရသလဲ၊ သမ္မာသင်္ကပ္ပဆိုတာ ကောင်းစွာကြံခြင်းကြောင့် တွေ့တာပေါ့၊ သမ္မာသင်္ကပ္ပက ဘယ်က ရ,သလဲ၊ သမာဓိဆိုတဲ့ ကောဂ္ဂတာ စိတ်တည်ကြည်လို့ပေါ့ စိတ်တခြား မသွားလို့။

အခု ယောဂီတွေ အကြောင်း သိအောင် စိတ်တခြား ထွက် ကြည့်စမ်း၊ တခြားကို စိတ်လွှတ်ကြည့်စမ်း၊အဲ တခြားကို စိတ်ထွက် သွားတာနှင့် တပြိုင်နက်ထဲ မတွေ့ဘူး၊ ခန္ဓာထဲမှာ ရှိန်ရှိန်လဲ မတွေ့ဘူး၊ လှုပ်လှုပ်လဲ မတွေ့ဘူး၊ ရွရွလဲ မတွေ့ဘူး၊ ဘယ်တွေ့မလဲ သမာဓိမှ မရှိတော့ဘဲ ပြေးပြီ၊ အဲ သမာဓိရှိလေ တွေ့လေ တွေ့တာ ဘဲ၊ ကိုင်း ဒါဖြင့် သမာဓိကြောင့် တွေ့တဲ့လူ ထားတော့ အဲ သမာဓိက ဘယ်က ရ, မလဲ၊ သတိရှိလို့ပေါ့၊ သမ္မာသတိမဂ္ဂင် ဆိုတဲ့ သတိ ရှိလို့ပေါ့၊ သမာဓိရှိတာ၊ ကိုင်း သတိက ဘယ်က ရ, သလဲ သမ္မာဝါယာမ မဂ္ဂင်ဆိုတဲ့ ဝီရိယ ရှိလို့ပေါ့၊ ဒါကြောင့်—

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယဝတော၊ ဝီရိယအားကြီးသော သူအား။ ကိံ နာမ ကမ္မံ၊ အဘယ် အမည်ရှိသော အမှုသည်။ န သိဇ္ဈတိ၊ မပြီးဘဲ ရှိအံ့နည်း။

ဝီရိယသာ ပဓာနအလုပ် ဝီရိယဟာ အရေး အကြီးဆုံးဘဲ ယောဂီတွေ သိတဲ့ ဝီရိယ တကယ့် အစစ်ဝီရိယ၊ သမာဓိ စိတ် တည်ကြည်လို့ ပညာဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးမှာ သမ္မာသင်္ကပ္ပက ကြံလို့ ရုပ်နာမ်တွေကို တွေ့တာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်က အမှန်

ဖြစ်ပျက် တွေ့နေတာ၊ အဲဒါ တကယ့် အစစ် သစ္စာလေးပါးကို ထင်မြင်တာ မဂ္ဂင်ရှစ်ပါးပေါ့၊ နောက် အရှင်ဘုရား ပြောတော့ ရှစ်ပါးလဲ ပြောသေးရဲ့ ခု ငါးပါးထဲ တွေ့ပါလား သမ္မာဒိဋ္ဌိမဂ္ဂင်ရယ်, သမ္မာသင်္ကပ္ပမဂ္ဂင်ရယ်, သမ္မာသမာဓိမဂ္ဂင်ရယ်, သမ္မာသတိမဂ္ဂင်ရယ်, သမ္မာဝါယာမ မဂ္ဂင်ရယ်, သီလမဂ္ဂင် သုံးပါး အကြုံးဝင်သွားပြီ၊ ဘာပြုလို့လဲ၊ ရှိန်ကနဲ သိတဲ့ ယောဂီဟာ သီလမဂ္ဂင် သုံးပါးလဲ ပါသွားပါပြီ၊ ဘာပြုလို့ ပါသွားသလဲ ရှိန်ကနဲ သိတာနှင့် ကာယကံများ လွန်ကျူး သေးသလား၊ ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသု မိစ္ဆာစာရာ၊ ရှိန်ကနဲ သိတဲ့ အတောအတွင်း ဝစီကံမြောက် လွန်ကျူး သေးသလား၊ မုသာဝါဒါ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ လွန်ကျူးနိုင်သေးသလား၊ ပါသွားပြီ၊ ရှိန်ကနဲ သိတဲ့ အတောအတွင်းမှာ ဒုစရိုက် ၇-ပါးနှင့် အသက် မွေးသေးသလား၊ ကိုင်း သီလမဂ္ဂင် သုံးပါး ပါနေပါပေါ့လား၊ သီလမဂ္ဂင် သုံးပါးပါလို့ ပါမှန်း ကျမ်းဂန်မှာ တကယ်ရှိတဲ့အတိုင်း ပြောရတာ အမှန်ပါတယ်။

ဒါ မဂ္ဂင် ရှစ်ပါးအစစ် ဒီ ရှိန်ကနဲ သိတာ မဂ္ဂင်ရှစ်ပါးအစစ်၊ သူမှ သိတာ၊ ရှိန်ကနဲ သိတော့ ဟော ဒုက္ခအစစ် သိသွားပြီ၊ ဘာပြုလို့ ဒုက္ခသစ္စာ အစစ်ကို သိသလဲ မြတ်စွာဘုရားက –

ခန္ဓသမံ ဒုက္ခံနာမ နတ္ထိ။

ခန္ဓသမံ၊ ခန္ဓာငါးပါးနှင့်တူသော။ ဒုက္ခံနာမ၊ ဆင်းရဲမည်သည်။ နတ္ထိ၊ မရှိ။

ဘုရားက ခန္ဓာငါးပါးနှင့် တူတဲ့ ဆင်းရဲဟာ မရှိဘူးတဲ့၊ ကိုင်း ခု ယောဂီတွေ တွေ့တဲ့ ရှိန်ကနဲ ခန္ဓာငါးပါး၊ လှုပ်ကနဲ ခန္ဓာ

ငါးပါး၊ ရှုကန် ခန္ဓာငါးပါး၊ ဒိတ်ကန် ခန္ဓာငါးပါး မပြတ်မစဲ တသဲသဲဖြစ်နေတာ၊ အဲဒါ ဆင်းရဲခြင်းဒုက္ခလား၊ ချမ်းသာခြင်း သုခလား၊ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်စမ်း တွေ့ပြီ၊ တယ်နည်းနှင့်မှ ချမ်းသာတာအစစ် မဟုတ်ဘူး၊ ဒုက္ခအစစ် ဉာဏ်နှင့် ကြည့်၊ ဉာဏ်စခန်းတွေ အလကား သက်သက်တော့ မရဘူး၊ ဉာဏ်စခန်း၊ ဟာ- ဒါဖြင့် ခန္ဓာငါးပါးတွေတာနှင့် ဒုက္ခတွေ့နေပြီ၊ ဒုက္ခတွေ့မှ သစ္စာလေးချက် သိရောပေါ့၊ သစ္စာလေးပါး ဘယ်နှဲ့လုပ် ပါပြီး သွားသလဲ၊ ပြီးတာပေါ့၊ ခုနပြောတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင်က ဒုက္ခသိတာ, ဒုက္ခမှန်းသိတော့ လိုချင်တဲ့စိတ် ပေါ်အုံးမလား၊ ကြပ်ကြပ် အားထုတ် ကြည့်စမ်းပါ၊ သမုဒယတဏှာ ပြတ်မနေဘူးလား၊ သမုဒယတဏှာ ပြတ်နေပြီ၊ ဒီလို ခန္ဓာငါးပါးမျိုး ဖြစ်ပျက်မျိုး ဘယ်တော့မှ မလိုချင်တော့ဘူးလို့ တထစ်ချမှတ်ထား၊ ဟော- သမုဒယတဏှာ ပြတ်သွားပြီ၊ ဒီခန္ဓာငါးပါး တွေ့နေကထဲက မဖြစ်ဆိုတဲ့ နိဗ္ဗာန် မျက်မှောက်ပြုနေပြီ မဟုတ်လား၊ မဖြစ်တဲ့ အရပ်ဟာ နိဗ္ဗာန်၊ ဖြစ်ရင် ဒုက္ခ၊ မဖြစ်နိဗ္ဗာန်၊ မဖြစ်တာ သုခ၊ ဖြစ်တာ ဒုက္ခ၊ မဖြစ်တာ သုခ၊ ဖြစ်တာ ဒုက္ခသစ္စာ၊ မဖြစ်တာက နိရောဓသစ္စာ။

ကိုင်း- ဒါဖြင့် ဖြစ်ချင်တာက သမုဒယသစ္စာ၊ မဖြစ်ချင်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာက မဂ္ဂသစ္စာ၊ အခု ယောဂီတွေ အားထုတ်နေတာ မဂ္ဂသစ္စာ၊ ဖြစ်ပျက် ဖြစ်ပျက် ဆိုတာ သစ္စာလေးပါး၊ ဒါကြောင့် သစ္စာလေးချက် တပြိုင်နက် ဖြစ်တာ၊ သို့သော်လဲ ခု ယောဂီတွေ သိနေတာ ဘယ်အသိမျိုးလဲလို့ သူများ မေးရင် မယုတ် မလွန်ပေါ့၊ ယောဂီတို့၏ သစ္စာလေးပါး သိခြင်းသည် အနုဗောဓ သိခြင်းပေါ့၊ အနုဗောဓသိခြင်း၊ ဘာပြုလို့လဲ

အရိယာ အစစ်ကြီးမှ မဟုတ်သေးဘဲကိုး၊ အရိယာနွယ်ဝင် သူတော်စင်အဖြစ် ဒါ အရိယာဘဲ၊ တကယ့် အရိယာတွေ၊ နှိုပေတဲ့ စူဠသောတာပန် ခေါ်တယ်၊ သောတာပန်ကြီး မဟုတ်သေးဘူး၊ "ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန သောတာပန္နော နာမ" သမုစ္ဆေဒပဟာန်နှင့် ပြတ်အောင် ဖြတ်နိုင်တဲ့ မဟာသောတာပန် ကျတော့ ပဋိဝေဓ စင်ကြယ်ခြင်း ထိုးထွင်း၍သိခြင်းလို့ခေါ်တယ်၊ သစ္စာလေးပါးကို သိခြင်း နှစ်မျိုးရှိတယ်၊ အနုဗောဓ သိခြင်း, ပဋိဝေဓသိခြင်း၊ ယောဂီများ တကယ်သိတဲ့ သစ္စာလေးပါးက အနုဗောဓ သိ၊ အဲ- မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်၍ သိတဲ့ သစ္စာလေးပါးက ပဋိဝေဓ သိ၊ အဲဒီတော့ အနုဗောဓ သိခြင်းကို သိကထဲက ပဋိဝေဓ သိခြင်းကို ဆက်လှမ်းလို့ မှီနေပြီ၊ မလှမ်းချင်နေပေါ့၊ ဒီက သမ္မသနဉာဏ်က ရုပ်ကို သုံးသပ်လို့၊ ဥဒယဗ္ဗယဉာဏ်က ဖြစ်ပျက် သိတဲ့နောက် ဘင်ဉာဏ် ဘယ်ပြေးအုံးမလဲ၊ လိုချင်ရင် ရပြီ၊ ဘင်ဉာဏ် လိုချင်ရင် ရပြီ၊ ဘယဉာဏ် လိုချင် ရပြီ၊ အာဒီနဝဉာဏ် လိုချင် ရပြီ၊ ကြပ်ကြပ်အားထုတ်လေ အားထုတ်လေ၊ ဘာဝိတာ- ဗဟုလီကတာ- ကြိမ်ဖန်များစွာ အားထုတ်ပါ၊ ဒါကြောင့်—

**ကြိမ်ဖန်များစွာ၊ ကြံစည်ပါ၊ မှန်ရာ သိကြောင်းမှတ်။**
**အမှန်သိမှ၊ ဤဒုက္ခ၊ လွတ်ရ, လိမ့်မည်မှတ်။**

ဤဖြစ်ပျက်ကို ကြိမ်ဖန်များစွာ အားထုတ်ပါ၊ အဲဒါကြောင့် မို့လို့ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ, သစ္စာလေးပါးပြတာ၊ ခုနတုန်းက ဒကာ-ဒကာမကြီးတို့ အိမ်မှာရွတ်တဲ့ မေတ္တာသုတ်လေ မကြားဘူးလား၊ "ကရဏီယမတ္ထ ကုသလေန" ဆိုတာ အိမ်မှာ လာလာ ဟောတယ်၊ နာတဲ့ပုဂ္ဂိုလ်လဲ မသိ၊

ဟောတဲ့ ပုဂ္ဂိုလ်လဲ မသိ၊ စာက အစစ်တရား၊ ဘုရားကိုယ်တော် မြတ် ကိုယ်တိုင် ဟောတော်မူတဲ့တရား၊ ရဟန္တာများ အဋ္ဌကထာ ဆရာများ ဟောတာ မဟုတ်ဘူး၊ တကယ်တမ်း အထက်တမ်းကျ တဲ့ တရား၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ထဲက အဆီပေါ့၊ ကရဏီယမတ္တ ဆိုတာ တကယ့် ပိဋကတ်အဆီ၊ ဒါ-ပရိနိဗ္ဗာန် စံပြီးတဲ့နောက် ယခု သာသနာတော် ၂၅၂၀-ခု ကျအောင် အမြဲဆောင်ရွက်လာခဲ့တာ၊ ယနေ့ထိ မကွယ်ပျောက်ဘဲ အိမ်တိုင်းစေ့ တည်နေတဲ့ သာသနာတော်ကြီးပေါ့။

မယုံရင် အိမ်မှာ ဘုန်းကြီး ငါးပါးလောက် ပင့်ပြီး ဆွမ်း ကျွေးကြည့်၊ဒါဘဲရွတ်မယ်၊မရွတ်ဘဲ ထပြန်သွားရင် ဘုန်းကြီး က ကုန်သမျှ ပြန်ရော်မယ်။

ဒါကြောင့် ညဥ့်ကျ မအိပ် မနေဘဲ အားထုတ်ပေါ့၊ အားထုတ် တိုင်း ရှိန်ရှိန် လှုပ်လှုပ် ရွရွ တွေ့တိုင်း သစ္စာလေးပါး တရားကို အောက်မေ့ပြီး လေးလေးစားစား အားထုတ်ကြပေတော့။

## လေ့သူကြီး ပမာ

စိတ္တေန နီယတေ လောကော၊
စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧက ဓမ္မဿ၊
သဗ္ဗေဝ ဝသ မန္ဒဂူ။

(ဓမ္မပဒ)

စိတ္တေန၊ စိတ်သည်။ လောကော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းကို။ နီယတေ၊ ဆောင်အပ်၏။ စိတ္တေန၊

စိတ်သည်။လောကော၊ လူ့,နတ်,ဗြဟ္မာ သတ္တဝါအပေါင်း ကို။ ပရိကဿတိ၊ ဆွဲငင်အပ်၏။ စိတ္တဿ၊ စိတ်ဟု ဆိုအပ် သော။ ဧကဓမ္မဿ၊ တခုသော တရား၏။ ဝသံ၊ အလိုနိုင်ငံ သို့။ သဗ္ဗေဝ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော လူ့, နတ်, ဗြဟ္မာ သတ္တဝါတို့သည်သာလျှင်။ အန္ဝဂူ၊ အစဉ်တစိုက် လိုက်ကြရကုန်၏။

အလုံးစုံသော သတ္တဝါမှန်က စိတ်နောက် လိုက်နေရတယ်၊ အဲ အခု ပြောသလို လူဖြစ်တာ စိတ်ကြောင့် ဖြစ်ရတယ်၊ နတ်ဖြစ် တာလဲ စိတ်ကြောင့်ဘဲ ဖြစ်ရတယ်၊ ဗြဟ္မာဖြစ်တာလဲ စိတ်ကြောင့် ဘဲ၊ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ်လေးပါး အခု ကျနေကြတယ်၊ ဘယ်သူ ကျချင်မလဲ၊ စိတ်ကြောင့် ကျတာဘဲ၊ နိဗ္ဗာန် မဂ် ဖိုလ်ရတယ် ဆိုတာလဲ ဘယ်သူ့ကြောင့်လဲ၊စိတ်ကြောင့် ဘဲ၊ စိတ်ဟာ ပဓာန၊ ဒါကြောင့်–

**နာမ်လိမ်မာမှ ရုပ်သက်သာမည်၊**

**နာမ် မလိမ်မာ ရုပ်နာ လိမ့်မည်၊**

**နာမ် မအေး ရုပ် ခွေးဖြစ်လိမ့်မည်၊**

နာမ်ဆိုတာ စိတ်တရားကို ခေါ်တယ်၊ စိတ်လိမ်မာမှသက်သာ ခွင့် ရ, တယ်၊ စိတ် မလိမ်မာလျှင် ဒုက္ခ အမျိုးမျိုး အန္တရာယ် အမျိုးမျိုး ဘေး အမျိုးမျိုးနှင့် အမှန် တွေ့ရမယ်၊ ဒါကြောင့် စိတ်ဟာ အလွန် အရေးကြီးတယ်၊ အခု ဝိပဿနာ အလုပ်ကို အားထုတ်တယ်၊ ဘယ်သူကြောင့် အားထုတ်ရသလဲ၊ စိတ်ပေါ့ စိတ်ကြောင့်ချည်းဘဲ၊ စိတ်ကို နိုင်မှ စိတ်ကိုနိုင်ဘို့ အရေးကြီးတယ်၊ ဝိပဿနာ တရားအလုပ်ကို အားမထုတ်ချင် ထုတ်ချင်အောင်

ဝိပဿနာဆိုတဲ့ လုပ်ငန်းကို နှလုံး မသွင်းချင်တဲ့ ပုဂ္ဂိုလ်တွေ နှလုံး သွင်းချင်အောင် သွေးဆောင်ဘို့ ဖြားယောင်းဘို့ နည်းနာနယ နိဿယည်းဟာ အလွန် အရေးကြီးတယ်၊ မလွယ်ဘူး၊ တို့လယ်တီ ဆရာတော် ဘုရားကြီးကတော့ အတော်ဘဲ သွေးဆောင်ဖြား ယောင်း ပြီးတော့ ဥပမာအမျိုးမျိုးနဲ့ ပြ တယ်၊ ဘာနဲ့များ ဥပမာ ပြ သလဲဆိုတော့။

## လှေသူကြီးဥပမာ

ဥပမာ—မြစ်ညာက လှေသူကြီးဟာ အင်မတန် အမြတ်အစွန်း လိုချင်တဲ့အတွက် မိမိတို့ရပ်ရွာ နယ်ပယ်မှာရှိတဲ့ မန်ကျည်း တို့၊ ဇီးတို့၊ ဖက်တို့၊ ထန်းလျက်တို့ကို လှေနှင့် အလေး တင်ပြီးတော့ အောက်မြို့ ကျေးရွာ ကုန်ရောင်းရန် စုန်ဆင်း လာခဲ့တယ်တဲ့၊ ထိုလှေသူကြီးဟာ နဂိုမူလက လှေတက်ကို တော့ ကောင်းစွာ မကျွမ်းကျင် မနိုင်ရှာဘူး၊ မကျွမ်းကျင် မနိုင်ရှာသော်လဲ ကုန်၏ အမြတ်အစွန်းကို လိုချင်တာနဲ့ အောက်မြို့ကျေးရွာ စုန်ဆင်းပြီး ကုန်ရောင်း လာတယ်၊ ဒီလို ကုန်ရောင်းလာတဲ့အခါကျတော့ လမ်းခရီးမှာ မြို့ရွာ ဆိပ်ကမ်း မတွေ့ရဘဲ ဘာတွေ တွေ့သလဲဆိုလျှင် တောတွေ့၊ တောင်တွေ့၊ သစ်ပင်တွေ ဒါတွေသာ တွေ့ရတယ်၊ အဲဒီလို မြို့ရွာဆိပ်ကမ်းကို မတွေ့ရလို့ တောတွေ့၊ တောင်တွေ့၊ သစ်ပင်တွေကိုသာ တွေ့နေရလျှင် ထိုလှေသူကြီးဟာ ကမ်းကိုကပ်ပြီးတော့ ကုန်ရောင်းလို့ ရနိုင်ပါ့မလား ကေန် မရနိုင်ဘူး၊ အဲဒါ ဥပမာ တချက်ပေါ့၊ မြင်အောင်

ကြည့်ထား၊ မှတ်မိလျှင် ကောင်းပါတယ်၊ ဒီတရားဟာ လွယ်လွယ်ကလေးဘဲ။

ဒီလိုနဲ့ စုန်ဆင်းပြီး လာတဲ့အခါ မြို့ရွာဆိပ်ကမ်းတွေ တော့ အရောက်သွားဘဲ၊ မြို့ရွာ ဆိပ်ကမ်းတွေ ရောက်ပင် ရောက်လင့်ကစား၊ အကာလ ညအခါ မိုးမှောင်ကျနေ တော့ မြို့ရွာဆိပ်ကမ်းမှန်း မသိဘူး၊ မသိတော့ မြို့ရွာ ဆိပ်ကမ်းကို သူကပ်နိုင်ပါအုံးမလား၊ မကပ်နိုင်ဘူးတဲ့၊ ၂-ချက်လွန်သွားပြီ၊ ဒီလိုနဲ့ တခါ ဆက်လက်၍ စုန်ဆင်း လာပြန်တော့ မြို့ရွာ ဆိပ်ကမ်းကို ရောက်ခဲ့တယ်၊ ရောက်တဲ့ အတိုင်းဘဲ အလင်းရောင်ရလို့ မြို့ရွာမှန်း ဆိပ်ကမ်းမှန်းလဲ အသိသား၊ သိတဲ့အတိုင်း လှေပေါ်မှာ ပါလာတဲ့ လှေထိုး သားများအား မိတ်ဆွေတို့ ကြိုးစားကြစမ်းဟေ့၊ ဒီမြို့ ကြီးကို တို့လှေ ကပ်ပြီးတော့ ကုန်တွေရောင်းလိုက်ရလျှင် အမြတ်အစွန်း ရမယ်၊ ကြိုးစားကြစမ်းပါ ဆိုပြီးတော့ အားနှုန်စိုက်ပြီး ကမ်းကို ကပ်ကြတယ်တဲ့၊ ကမ်းကိုကပ် သော်လဲ နဂိုမူလ လှေသူကြီးကိုက လှေတက်မနိုင် မကျွမ်း ကျင်တဲ့ လှေသူကြီး ဖြစ်လေတော့ အောက်က ရေစီး ရေမှော်ကလဲ သန်သဖြင့် ကမ်းကို မကပ်နိုင်ရှာဘူး၊ အဲ.... ကမ်းကို မကပ်နိုင်တဲ့အတွက် ရေလယ်က ကြည့်ပြီး ဒီမြို့ ကြီးဟာကွယ် တို့များ လှေကြီး ကပ်ပြီးတော့ ကုန်တွေ ရောင်းလိုက်ရလျှင် အင်မတန် အမြတ်အစွန်း ရမယ်လို့ အမှန်သိသော်လဲ ကမ်း မကပ်နိုင်ခြင်းကြောင့် ထိုလှေကြီး ဟာ ဘယ်ရောက်သွားသလဲ၊ ရေစီးရေမှော် ဆွဲဆောင်ရာ

ဟို သမုဒ္ဒရာထဲ မျောပါသွားတယ်၊ သမုဒ္ဒရာထဲကျတော့ လှိုင်း, လေ, ဝဲဩဃထဲမှာ တခါတည်း စုပ်ပြီး ကုန်နှင့် တကွ လှေသူကြီးပါ ဆုံးရှုံးခြင်း ဖြစ်ရတယ်။

အဲဒါ ဥပမာ ပြောတာနော်၊ ဒီ ဥပမာကလေးကို မြင်အောင် ကြည့်ထားပေါ့၊ အဲဒီ ဥပမာနှင့်ဘူစွာ အခု တို့လောက လူများ ဟာ ဘဝဘဝ- ကမ္ဘာ့ကမ္ဘာ သံသရာ အဆက်ဆက်က သီလ, **သမာဓိ,ပညာ** ဆိုတဲ့ အကျင့်မြတ်စခန်းကို အင်မတန် လိုချင်ကြ တာပေါ့၊ သီလ, သမာဓိ,ပညာနှင့် ပြည့်စုံလျှင်ဖြင့် အမှန်မုချ ပဋိသန္ဓေနေရတဲ့ ဒုက္ခ, အိုရတဲ့ ဒုက္ခ, နာရတဲ့ ဒုက္ခ, သေရတဲ့ဒုက္ခ ကြီးမှ လွတ်မြောက်ရာနိဗ္ဗာန် ကောန်ရမယ်ဆိုတာ အမှန် သိတယ်၊ အမှန်သိလို့ သီလ,သမာဓိ,ပညာဆိုတဲ့ သာသနာသုံးရပ် အတွင်း ကပ်ပြီးတော့ အလုပ်လုပ်ရလျှင် မုချ ငါတို့တော့ အမြတ်အစွန်း ရမယ်၊ နိဗ္ဗာန်, မဂ်ဖိုလ် ကောန်ရမယ်ဆိုတာ ယုံကြည်တယ်၊ ဘယ်လိုဘဲ ယုံကြည်သော်ငြားလည်း ပြောခဲ့တဲ့ လှေသူကြီး ဥပမာ ကို ပြန်ကြည့်စမ်း။

လှေသူကြီးဟာ သူ့ ပါလာတဲ့ ကုန်တွေကို ကမ်းမှာ ကပ်ပြီး ရောင်းရလျှင် ကောန် အမြတ်ရမယ် ယုံကြည်လို့ ကုန်တွေ အလေး တင်ပြီး စုန်လာသော်လည်း မြို့ရွာ ဆိပ်ကမ်းကို မတွေ့ဘဲနှင့် သစ်ပင်, တော, တောင်တွေသာ တွေ့တယ်တဲ့၊ အဲဒီလို သစ်ပင်, တော, တောင်တွေသာ တွေ့တဲ့ အတွက်ကြောင့် ကုန်ကို မရောင်း ရသကဲ့သို့ တို့လဲဘဲ အခု အားလုံးရှိသမျှ သတ္တဝါ အနန္တတွေဟာ ဒီလို သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး လိုလား၍ နိဗ္ဗာန် မဂ်ဖိုလ်ကို ဘယ်ကလောက် တောင့်တ, ငြားသော်လည်း ဒီလို

သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ဘယ်အခါမှ ရကောင်းသလဲ၊ သာသနာခေတ်နှင့် ကြုံတွေ့တဲ့ အခါကျမှ ရကောင်းတာ၊ သာသနာခေတ်နှင့် မကြုံတွေ့လျှင် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး မရှိဘူး၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်ကြနော်။

အဲဒီတော့ သာသနာ ခေတ်က ဘယ်လောက် ရှားသလဲ ဆိုလျှင် တို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဘုရားအဖြစ်ကို ပန်ဆင်ပြီးတော့ နိယတဗျာဒိတ်ကို ယူခဲ့တာ ဘယ်တုန်းကလဲ၊ ဟို- ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ နိယတဗျာဒိတ်ရခဲ့တယ်၊ ဘုရား ဖြစ်လိမ့်မယ်လို့ နိယတဗျာဒိတ်ရပြီးသည့်နောက် ကမ္ဘာကို ရေတွက်လိုက်လျှင် ဘယ်လောက်ကြာမလဲ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ အဲဒီ လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်းမှာ ဘုရားဘယ်လောက်ပွင့်သလဲ ကြည့်စမ်း၊ ဒီ- ဒီပင်္ကရာ မြတ်စွာဘုရားက စပြီး ရေတွက်မည် ဆိုလျှင် ၂၄-ဆူသာ ပွင့်တယ်၊ ကိုင်း-ကမ္ဘာနှင့် စာကြည့်ကြစမ်း၊ ကမ္ဘာက လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ကမ္ဘာတွေ လေးသင်္ချေ ဆိုတာ တသင်္ချေ တသင်္ချေကို ဘယ်လောက်ကြာသလဲ၊ တသင်္ချေ၏ အရေအတွက်ကို သိချင်လျှင် တကမ္ဘာ, နှစ်ကမ္ဘာ, သုံးကမ္ဘာ, လေးကမ္ဘာ စသည်ဖြင့် သင်္ချာနှင့် ရေတွက်သွားလို့ ကမ္ဘာပေါင်း တကုဋေ ကျရော၊ အဲဒီ ကမ္ဘာပေါင်း တကုဋေကျတဲ့ အခါကျတော့ ကမ္ဘာပေါင်း တကုဋေကို တစ်သင်္ချေ ထားပြီးတော့ တကုဋေ, နှစ်ကုဋေ, သုံးကုဋေ, လေးကုဋေ စသည်ဖြင့် ရေတွက်လိုက်တဲ့ အခါ သုညပေါင်း ၄၀-ကျမှ သင်္ချေလို့ခေါ်တယ်၊ အဲဒါတွေသာ ကြည့်တော့၊ ကမ္ဘာပေါင်း ဘယ်လောက်များသလဲဆိုတာ။

အသင်္ချေဆိုတာ မရေတွက်နိုင်လို့ အသင်္ချေခေါ်တာ၊ အဲဒီလို ကမ္ဘာ အသင်္ချေပေါင်း လေးသင်္ချေနှင့် ကမ္ဘာ တသိန်းတဲ့၊ ကကမ္ဘာ တကမ္ဘာ ဆိုပြန်တော့ ဘယ်လောက်များ ကြာသလဲ၊ ကမ္ဘာ အရေအတွက်မှာ ကမ္ဘာကို ရေတွက်မည်ဆိုပြန်တော့လဲ—

ဥပမာ—အလျား- တယူဇနာ အနံ- တယူဇနာ စောက်- တယူဇနာ ရှိတဲ့ ကျောက်တောင်ကြီးကို ကောသုမ္ဘရာဇ် တိုင်းမှာ ဖြစ်တဲ့ ပိုးစုတ်နှင့် အနှစ်တရာမှ တပတ်သုတ်၊ အင်မတန် သိမ်မွေ့နူးညံ့တဲ့ ပိုးစုတ်ကလေးပေါ့၊ ကောသုမ္ဘရာဇ်တိုင်း မှာ ဖြစ်တယ်၊ အဲဒီ ပိုးစုတ်နှင့် ကျောက်တောင်ကြီးကို အနှစ် တရာကြာ တပတ်သုတ်ပေါ့၊ ဒီလို သုတ်ပါများလို့ ပိုးစုတ်ဒဏ် မခံနိုင်လို့ ကျောက်တောင်ကြီးဟာ ကုန်ရင် သာ ကုန်သွားမည်၊ ကမ္ဘာ မကုန်သေးဘူး။

ကိုင်း- တကမ္ဘာ, တကမ္ဘာ ဘယ်လောက် ရှည်တယ်ဆိုတာ တွက်သာကြည့်တော့၊ အဲဒီလောက် ရှည်လျားတဲ့ ကမ္ဘာတွေထဲ မှာ ဘုရားပွင့်တယ်လို့ ဆိုတာ ကမ္ဘာမှာ ဘဒ္ဒကမ္ဘာဟာ အမြတ် ဆုံးဘဲ၊ ဘဒ္ဒကမ္ဘာ ဘုရားငါးဆူ ပွင့်တယ်၊ ခုကမ္ဘာ ဘဒ္ဒကမ္ဘာ ခေါ်တယ်၊ ဘုရားငါးဆူ ပွင့်တော့ သာသနာခေတ်ပေါ့၊ ဒါဖြင့် ဘကမ္ဘာမှာ အန္တရကပ်ပေါင်း ၆၄-ကပ်ရှိတယ်၊ အန္တရကပ်ပေါင်း ၆၄-ကပ် ဘုရားငါးဆူပွင့်တဲ့ အခါကျတော့ တကပ်မှာ တဆူ ပွင့်တယ်၊ တကပ် တဆူပွင့်တော့ တို့ဘဒ္ဒကမ္ဘာမှာ ကကုသံ မြတ် စွာဘုရား ပွင့်တယ်၊ ကကုသံ မြတ်စွာဘုရား ပွင့်တဲ့ နှစ်ပေါင်း ဘယ်လောက် ကြာသလဲဆိုတော့ အနှစ်လေးသောင်း ကြာတယ်၊ သာသနာခေတ် အနှစ်လေးသောင်းဘဲ ရှိတယ်၊ အဲဒီ သာသနာ

ခေတ် အနှစ်လေးသောင်း ကုန်လျှင် သာသနာခေတ် ကုန်ရော၊ ဒါဟာ အန္တရကပ် တကပ် ကုန်သွားရော။

အဲဒါ အန္တရကပ် တကပ်လုံးမှာ သာသနာ ခေတ်က ဘယ်လောက် ရှိသလဲ၊ အနှစ်လေးသောင်း၊ အန္တရကပ်ဆိုတာ ဘုရား ဘယ်လောက်ကြာပါသလဲလို့ သိချင်ကြအုံးမှာပေါ့၊ အန္တရကပ် ဆိုတာဟာ ရေတွက်ကြည့်၊ ဆယ်နှစ်တမ်းက နေပြီးတော့ တပိုး တက်သွား၊ တပိုးတက်တယ်ဆိုတာ ဆယ်နှစ်တမ်းက နှစ်ဆယ်၊ နှစ်ဆယ်က လေးဆယ်၊ လေးဆယ်က ရှစ်ဆယ်၊ ရှစ်ဆယ်က တရာ့ခြောက်ဆယ် ပေါ့လေ၊ အဲဒီလို အတမ်း တက်သွားလိုက်တာ ဘယ်ရောက်သွားသလဲ အသင်္ချေ အတမ်းတဲ့၊ နှစ်ပေါင်း အသင်္ချေ ကြာတယ်၊ အဲဒီလို နှစ်ပေါင်း အသင်္ချေ ကြာပြီးတော့မှ လောဘ, ဒေါသ, မောဟ ကိလေသာ တရားတွေ ဝင်လာပြီးတဲ့အခါ သက်တမ်း ဆုတ်လာတယ်၊ ဆုတ်တော့ ဘယ်လိုဆုတ်သလဲ အနှစ်တရာမှ တကြိမ်ဆုတ်တယ်၊ ဆုတ်ကပ်တော့ ကြာတယ်၊ တက်ကပ်မှာတော့ မြန်တယ်၊ ဆုတ်ကပ်မှာတော့ အနှစ်တရာကျမှ တကြိမ်ဆုတ်၊ အဲဒီလို ဆုတ်လာလို့ သိန်းတမ်းကျမှ ဘုရားပွင့်တယ်တဲ့၊ အဲဒါကြောင့် ခုနကတုန်းက ကကုသံ မြတ်စွာဘုရား အနှစ်လေးသောင်း၊ နောက် အန္တရကပ် ကကပ်ကျတော့ ကောဏာဂုံ မြတ်စွာဘုရား ပွင့်လာတယ်၊ ကောဏာဂုံ မြတ်စွာဘုရား ခေတ်မှာ သာသနာခေတ် အနှစ်သုံးသောင်း၊ နောက်အခါ အန္တရကပ်ကုန်သွားပြန်ရော၊ ကုန်သွားပြန်တော့ တခါ ကဿပ ဘုရား ပွင့်တယ်၊ အဲဒီ အန္တရကပ် တကပ်

တကပ် အကြားမှာ မြေကြီးတယူဇနာ တယူဇနာ တက်တယ်၊ မြေကြီးဟာ အပေါ်ကို တယူဇနာ မြင့်တက်လာတယ်၊ အဲဒီ ကဿပဘုရား လက်ထက်မှာ အနှစ် နှစ်သောင်းရတယ် သာသနာ ခေတ်၊ ကဿပဘုရား လက်ထက်မှာ အန္တရကပ် ကုန်သွားရော၊ ကုန်တော့ အခု ဂေါတမ မြတ်စွာဘုရား လက်ထက် ဂေါတမ မြတ်စွာဘုရားပွင့်တယ်၊ပွင့်တော့ကာ တို့ကဿပဘုရား လက်ထက်နဲ့ ဂေါတမဘုရား လက်ထက်ဟာ မြေကြီးဘယ်လောက် တက်သလဲဆို တယူဇနာနဲ့ သုံးဂါဝုတ် တက်တယ်၊ အဲဒီတော့မှ ဂေါတမဘုရား ပွင့်တယ်။

ဂေါတမမြတ်စွာဘုရားလက်ထက်က ရာတမ်း၊ ဘုရားကိုယ် တော်မြတ် သီတင်းသုံးရတာ ၄၅-ဝါသာ သာသနာခေတ် ရတယ်၊ ဒါကြောင့် အင်မတန်နည်းသဖြင့် သာသနာ အနှစ် ငါးထောင် ထားခဲ့တယ်၊ အားလုံးမှ မြတ်စွာဘုရားပွင့်တဲ့ ၄၅-နှစ်နှင့်ပေါင်းမှ ၅၀၄၅-နှစ်ရှိတယ် သာသနာခေတ်၊ အဲဒီတော့ တွက်ကြည့်၊ သာသနာခေတ်မှ အပ သာသနာခေတ် မရှိတဲ့ ကာလဟာ ဘာ ခေါ်မလဲ၊ ခုနက လေ့သူကြီး ပြန်ကြည့်စမ်း၊ ကုန်ရောင်းချင်လို့ လာသော်လည်း တော, တောင်, သစ်ပင်ကိုသာ တွေ့ရသဖြင့် ကုန်ကို မရောင်းရသလို တို့အားလုံး သတ္တဝါအနန္တ သီလ, သမာဓိ ပညာ သိက္ခာသုံးပါး ဘယ်လောက်ပင် လိုချင်ငြားသော်လည်း ဘုရားမပွင့်တဲ့ သာသနာခေတ် မဟုတ်တဲ့ ကာလနှင့် ကြုံတွေ့သမျှ ဘယ်တော့မှ ဒီ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး မရနိုင်ဘူး၊ ဘယ်လောက် ကြောက်ဘို့ ကောင်းတယ်ဆိုတာ အဲဒါတချက် ဥပမာ တူသွားပြီပေါ့။

ကိုင်း- ဒါဖြင့်လျှင် ဘုရားတွေ ပွင့်လိုက်တာ မပြောနဲ့တော့၊ ဒကာတွေ, ဒကာမတွေ ပြောသံကြားမှာပေါ့ကွယ်၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားတွေ များလိုက်တာ မနည်းပါဘူး၊ အဲဒီလောက် ဘုရားတွေ ပွင့်နေတော့ မပါနိုင်ဘူးလားလို့ မေးဘွယ်ရှိတယ်။

ခုနက လှေသူကြီးဟာ လှေကို စုန်ဆင်းလာတဲ့အခါ လမ်းမှာ မြို့တွေ, ရွာတွေ, ဆိပ်ကမ်းတွေတော့ အတွေ့သားပေါ့၊ မြို့ရွာ ဆိပ်ကမ်းပင် ဖြစ်သော်ငြားလည်း အကာလ ညအခါ မိုးမှောင် ကျနေလို့ မြို့ ရွာ ဆိပ်ကမ်းမှန်း မသိသဖြင့် ကမ်းကို သူ မကပ်နိုင် ဘူးတဲ့၊ မြို့ရွာမှန်းမှ မသိဘဲ ဘယ့်နဲ့လုပ် ကပ်မလဲ မိုးမှောင်ကျလို့ အကာလ ညအခါနှင့် ကြုံတွေ့နေတာ ဘယ်နည်းနှင့်မှ မကပ် နိုင်ဘူး။

သာသနာခေတ်ပင် ရှိသော်လည်း ဒီ ဥပမာအတိုင်းသာ ယခု ပြောတဲ့ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူတဲ့ ဘုရား အဆူဆူတွေ ပွင့်လို့ သာသနာခေတ်နှင့် ကြုံသော်လည်း မိမိတို့က ခုနက လှေသူကြီးလိုပေါ့၊ အကာလ ညအခါ မိုးမှောင် ကျသကဲ့သို့ ရပ်ပြစ် ၈-ပါးဆိုတာ ကြားဘူးကြပါလိမ့်မယ်၊ ဒကာ,ဒကာမတွေ ဆုတောင်းတဲ့ အထဲမှာ ပါပါတယ်၊ အပါယ် ၄-ပါး, ကပ် ၃-ပါး, ရပ်ပြစ် ၈-ပါး, ရန်သူမျိုး ၅-ပါး, အနာမျိုး ၉၆-ပါး, ဝိပတ္တိ တရား ၄-ပါး, ဗျသနတရား ၅-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်ဖြစ်ရ၍လို့ အမြဲတမ်း ကန်တော့ခန်းမှာ ဆုတောင်းကြ တာပေါ့။

အဲဒါလဲ တို့ဒကာ, ဒကာမ ဗုဒ္ဓဘာသာများဟာ တော်တော်ပေါ ပေါတန်တန် နိုင်ကြတယ်၊ ဒါ ကိုယ်တိုင်တောင်းတဲ့ ဆုတွေပေါ့၊ မိမိတို့ ကိုယ်တိုင် တောင်းထားသော်လဲ မိဘ, ဘိုးဘွား, ဆရာသမား သင်ထားလို့ ရလို့သာ ရှောက်တောင်းဆိုနေတာ၊ လုံးစေ့ပတ်စေ့နှင့် အဓိပ္ပါယ်ကို သဘောပေါက်အောင် မှတ်သား မိကြရဲ့လားလို့မေးရင် လူတရာမှာ တယောက်ဆိုသလို တော်တော် သိခဲတယ်၊ အပါယ် ၄-ပါး ဘယ်သုလဲဆိုလျှင် မရေတတ်ဘူး၊ အပါယ် ၄-ပါး ကပ် ၃-ပါးဟာ ဘယ်ဒင်းလဲဆိုရင် နဲ့နဲ့ပါးပါး နီးစပ်တဲ့ ပုဂ္ဂိုလ်တော့ နီးစပ်တာပေါ့လေ၊ မရေတတ်တဲ့ ပုဂ္ဂိုလ် ကများတယ်၊ ရပ်ပြစ် ၈-ပါးဆို ဘယ်ဒင်းခေါ်မှန်း မသိတော့ဘူး၊ ရပ်ပြစ် ၈-ပါး ဆိုဒါ—

## ရပ်ပြစ် ၈-ပါး

တိအပါယေ ဒီဃာယုကေ၊
မဇ္ဈိမေ ဝိကလိန္ဒြိယေ။

တထာဒိဋ္ဌိ စ ပစ္စန္တေ၊
ဗုဒ္ဓသုညေ တိပေဟတုကေ။

ဣမေ အဋ္ဌက္ခဏာ ဝုတ္တာ၊
ဗုဒ္ဓေန ဒိစ္စ ဗန္ဓုနာ။

တိအပါယေ၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာ ဟူသောအပါယ် ဘုံရင်း။ ဒီဃာယုကေ၊ အသက်ရှည်သော အသညသတ် အရူပ ဗြဟ္မာဘုံ၌ ဖြစ်ခြင်းရင်း။ မဇ္ဈိမေ၊ မဇ္ဈိမဒေသ၌။ ဝိကလိန္ဒြိယေ၊ ပဋိသန္ဓေ အားဖြင့် ချို့ရှိ မျက်စိကန်း

နားပင်းဟု ဆိုအပ်သော ပုဂ္ဂိုလ်ၵင်း။ တထော၊ ထို့အတူ။ မဇ္ဈိမေ၊ မဇ္ဈိမဒေသ၌။ ဒိဋ္ဌိ စ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော သူၵင်း။ ပစ္စန္တေ၊ ပစ္စန္တရာဇ်၌ ဖြစ်သော အရိုင်းအစိုင်းၵင်း။ ဗုဒ္ဓသုညေ၊ ဘုရားပွင့်တော် မမူသော အရပ်၌။ တိဟေတုကော၊ တိဟိတ် ပဋိသန္ဓေနေသောသူၵင်း။ ဣမေ အဋ္ဌက္ခဏာ၊ ဤရပ်ပြစ်ရှစ်ပါးတို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသခင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

အသုရကာယ်ကြည်၊ ပါယ်သုံးခွင်နှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ် ပစ္စန်၊ 'မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြားလည်း၊ ဘုရားသုဉ်းရာ၊ ဤရှစ်ဖြာ မှတ်ပါ အရပ်ပြစ်။

ရပ်ပြစ်ရှစ်ပါး ပြတယ်၊ မြန်မာလိုတော့ ငရဲရယ်, တိရစ္ဆာန်ရယ်,ပြိတ္တာရယ်,အပါယ် ၃-ဘုံပြတယ်၊ အသုရကာယ်ဘုံကိုပြိတ္တာထဲ ထည့်ထားတယ်၊ အသုရကာယ်နှင့် ပြိတ္တာ တဦးတည်းထည့်ထားတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ-ဟူသော အပါယ်သုံးဘုံ၊ အသက်ရှည်သော အသညသတ် အရူပဘုံ၊ အဲဒီ အသညသတ် အရူပဆိုတာ ဗြဟ္မာတွေပေါ့၊ အသညသတ်ဆိုတာ ရုပ်သာရှိတယ် နာမ် မရှိတဲ့ ဘုံပေါ့၊ အရူပဘုံက နာမ်သာရှိလို့ ရုပ်မရှိတဲ့ဘုံတဲ့၊ အဲဒါ ရပ်ပြစ် ၈-ပါးထဲ ကျနေတယ်၊ ဘာဖြစ်လို့ ရပ်ပြစ် ၈-ပါးထဲ ကျသလဲဆိုတော့ သာသနာ ဘယ်လောက်ပင် ထွန်းသော်လည်း ခုပြောတဲ့ အသညသတ် ဗြဟ္မာတို့ အရူပ ဗြဟ္မာတို့ဟာ သာသနာ မတွေ့ဘူး၊ ဘုရားပွင့်မှန်း မသိတော့ဘူး၊ သာသနာကို သူတို့ နားမလည်တော့ဘူး၊ ဘာပြုလို့လဲ အသညသတ် ဗြဟ္မာက ရုပ်သာ

ရှိတာကိုး၊ နာမ်မှ မရှိဘဲ၊ အရူပဗြဟ္မာက နာမ်သာ ရှိတယ် ရုပ်မှ မရှိဘဲ၊ ဘယ်ဘုရားတွေတော့မလဲ မသိဘူး၊ ဒါကြောင့် ရုပ်ပြစ် ဂ-ပါးထဲ ချတာ၊ ပြီးတော့ ဘယ်လိုပင် ဘုရားတွေ ပွင့်နေနေ ပဋိသန္ဓေအားဖြင့် မျက်စိကန်း, နားပင်း, အဆွံ့,အအ၊ အဲဒီလို ပုဂ္ဂိုလ်တွေ လာဖြစ်ပြန်တော့ သာသနာခေတ်ထဲမှာ ဒီပုဂ္ဂိုလ်တွေ မဖြစ်ဘူးလား ဖြစ်သွားဘဲ၊ ဘယ်မှာ သာသနာ ကြုံတော့မလဲ၊ မကြုံဘူး၊ သာသနာ ပွင့်ပေတဲ့ ခုနတုန်းက အကာလညအခါ မိုးမှောင်ကျသကဲ့သို့ ဖြစ်နေတာ၊ဘယ်မြို့ရွာမှန်းသိမလဲ၊ သာသနာ ခေတ်ကို မသိနိုင်ဘူး၊ ဒီဘုရားပွင့်တဲ့ အရပ်ဒေသကြီးပေါ့၊ ခုသာသနာခေတ်ကြီး ထွန်းတောက်နေတာပေါ့၊ မိစ္ဆာဒိဋ္ဌိအယူ ယူနေတော့ ဘယ့်နှဲ့လုပ် သာသနာမှန်း သိအုံးမလဲလို့ အခု ကိုယ်တွေ့ပေါ့၊ အားလုံး သတ္တဝါတွေ ဘုရားပွင့်တဲ့ သာသနာခေတ် နှင့် ကြုံနေတယ်၊ ကြုံနေပါလျက်သားနှင့် အယူဝါဒက မိစ္ဆာအယူ ဝါဒဖြစ်နေတော့ ခုနက လှေသူကြီး မိုးမှောင်ကျသလို ဖြစ်တာ ပေါ့၊ ဘယ်သာသနာ သိတော့မလဲ မသိဘူး၊ ပြီးတော့မှ ပစ္စန္တရာဇ် မှာဖြစ်သော အရိုင်း အစိုင်း၊ အဲဒီပုဂ္ဂိုလ်တွေလဲဘဲ ဘုရားမှန်း တရားမှန်း သံဃာမှန်း မသိဘူးတဲ့၊ ဘုရားဖြစ်တော် မမူတဲ့ အရပ် ဒေသမှာ တိဟိတ် ပဋိသန္ဓေ နေခြင်းတဲ့၊ ဒါလဲ ရုပ်ပြစ် ဂ-ပါးထဲ ချထားတယ်၊ အဲဒါ သေသေချာချာ မှတ်ထားကြ။

**ဥပမာ**—လေ၊ ခုနကတုန်းက လှေသူကြီးဟာ ကုန်တွေကို ဘယ်လောက်ပင် ရောင်းချင် ငြားသော်လည်း မြို့ရွာ ဆိပ်ကမ်းမှန်း မသိအောင် မိုးမှောင်ကျ အ-ကာလ ညအခါ ကဲ့သို့ အခုလဲဘဲ သာသနာခေတ်ကြီးတွေ ဘယ်လောက်

ထွန်းလင်းတောက်ပ နေငြားသော်လည်း ရပ်ပြစ် ၈-ပါးထဲ ကျနေရင် ဘယ်နည်းနှင့်မျှ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး သာသနာ အတွင်းသို့ မရောက်နိုင်ဘူးတဲ့။

ကိုင်း-နှစ်ချက်တူသွားပြီ၊ မှတ်ထားကြနော်၊ ခုနက လှေသူကြီးဟာ မြို့ရှာ ဆိပ်ကမ်း ရောက်လို့ မြို့မှန်း ရွာမှန်း အသိသား၊ သိလျက်နဲ့ ကုန်တွေကို မြို့မှာ ကပ်ပြီးတော့ ရောင်းရလျှင် အမြတ်အစွန်းရမည်ဆိုတာလည်း အမှန်သိတယ်၊ အဲဒီလိုပင် သိငြားသော်လည်း လှေတက်မနိုင်တဲ့ လှေသူကြီး ဖြစ်သောကြောင့် ကမ်းကို မကပ်နိုင်တဲ့အတွက် သမုဒ္ဒရာထဲ မျောသွားရတယ်တဲ့၊ အဲဒါ ဥပမာ၊ ဒီဥပမာနှင့် အသားတူစွာ အခု သာသနာခေတ်ကို ကြုံလာတယ်၊ အဲဒါ သေသေချာချာ နက်နက်နဲနဲ မှတ်ထားကြနော်၊ ပြန်ပြောတတ်အောင်၊ အခု သာသနာမှန်းလဲ သိတယ်၊ ဘုရားကိုယ်တော်မြတ် ပွင့်တော်မူလို့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး သာသနာ သုံးရပ်နှင့် အင်မတန်မှ ထွန်းလင်း တောက်ပနေတဲ့အခါ ယုံလဲ ယုံကြည်တယ်၊ ဒီလို သီလ, သမာဓိ,ပညာဆိုတဲ့ သိက္ခာသုံးပါးအတွင်းကို ကပ်ပြီးတော့ ငါတို့ အလုပ်လုပ်ရလျှင် ကေန်မုချ လောက ဒုက္ခ သံသရာဘေးကြီးမှ လွတ်မြောက်လို့ နိဗ္ဗာန် ဧကန် ရောက်မည် ဆိုတာလည်း အင်မတန် ယုံကြည်တယ်၊ ယုံကြည်လျက်သားနှင့် ခုနက လှေသူကြီး လှေတက်မနိုင်သလို မိမိတို့ စိတ်ခတ်ကို မနိုင်ဘူးတဲ့၊ စိတ်ကို မနိုင်ခြင်းကြောင့် ထိုသီလတို့, သမာဓိတို့, ပညာတို့ဆိုတဲ့ သိက္ခာသုံးပါး ကမ်းကို မကပ်နိုင်ဘဲ တို့ကွယ် ဒီတရားတွေ အားထုတ်ရလျှင်တော့ နိဗ္ဗာန် ဧကန် ရမည်ဆိုတာ သိပါလျက် အားမထုတ်နိုင်တဲ့ အတွက် လှေသူကြီးသည် မြို့ကို ကြည့်ပြီး သကာလ သမုဒ္ဒရာထဲမှာ ကုန်နှင့်

တကူ ဆုံးရှုံးမြုပ်သကဲ့သို့ စုန်းစုန်း မြုပ်သွားသလို ယခုလည်းဘဲ လောကကြီးမှာ သာသနာခေတ်နှင့် ကြုံတွေ့လို့ သာသနာကို ဝင်ရောက်၍ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံလျှင် နိဗ္ဗာန် ကေန် ရမည်ဆိုတာ ယုံကြည်ပါလျက်နှင့် စိတ်ကို မနိုင်ခြင်း ကြောင့် သာသနာတော် အတွင်းကို မဝင်နိုင်ဘဲ သာသနာ တော်ကြီး အဝေးက မျှော်ပြီးသကာလ လှေသူကြီး ပမာ ဆုံးရှုံး ပျက်စီးရတဲ့ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက်များတယ် ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်စမ်း အနန္တပေါ့၊ အဲဒီလောက် ကြောက်စရာ, လန့်စရာ, ထိတ်စရာကောင်းတဲ့ စိတ်ဟာ ဒါကြောင့် တို့ယောဂီ ပုဂ္ဂိုလ်တွေကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ငါတို့ စိတ်ခေတ်ကလေးကို နိုင်လို့ သီလ, သမာဓိ, ပညာနှင့် တို့မှာ ပြည့်စုံတယ်၊ ငါတို့ မိတ်ဆွေတွေဟာ ဒီလို သီလ, သမာဓိ, ပညာနှင့် မပြည့်စုံခြင်းဟာဖြင့် အမှန်မုချ စိတ်ခေတ် မနိုင်လို့ဘဲ၊ ဒီလို စိတ်ခေတ်ကို မနိုင်နင်းလျှင် ကေန်မုချ သာသနာအတွင်းကို မရောက်ဘဲ ခုနက လှေသူကြီး သမုဒ္ဒရာထဲ မြုပ်သလို ယခုလည်းဘဲ စိတ်ခေတ် မနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ တသံသရာလုံး မြုပ်ကြအုံးမှာ ဘဲ၊ အဲဒါ ဥပမာနေဉ် အင်မတန်ကောင်းတဲ့ ဥပမာ၊ တစိမ့်စိမ့် တွေးမှ လှေသူကြီးနှင့်တူကြောင်း ဉာဏ်ထဲမှာ ဝင်လာလိမ့်မည်။

အဲ-တို့ဒကာ ဒကာမတွေလည်းဘဲ ဘဝသံသရာက လှေသူကြီး ကဲ့သို့ တူလာသော်လည်း ယခု ပစ္စုပ္ပန်မှာ ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နှင့် တွေ့ရသဖြင့် သာသနာတော်အတွင်း ကပ်မိပြီဆိုတာ စိတ်ထဲ လက်ထဲမှာ အမြဲ နှလုံးသွင်းကြပေါ့၊ တို့ဒကာ-ဒကာမတွေ အမှန်မုချအားဖြင့် အလုပ် လုပ်တတ်ဘို့ ဒီတရားဟာ တို့ အင်မတန် ကံကောင်း ထောက်မလို့ ရတယ်ဆိုတာ ဉာဏ်နှင့်ပိုင်ပိုင် ကိုယ်တိုင်

သိဘို့ ဒါလေးကို ဥပမာ တင်ပြတာ၊ ပြီးတော့လည်း တချို့တချို့ ပုဂ္ဂိုလ်တွေဟာ မှန်ပါတယ်၊ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်လေးနှင့် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံလို့ တကယ့်အထွတ်အထိပ်မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ကိုယ်တိုင်ရနေလို့ ကိုယ်တိုင်သိနေတဲ့ အတွက်ကြောင့် ကိုယ်လိုဘဲ ချစ်ကျွမ်းဝင်တဲ့ မိတ်သင်္ဂဟတွေကို ထပ်တူထပ်မျှ သိစေချင်တဲ့ စိတ်တွေ ပေါ်တာ ပေါ့၊ ပေါ်လို့ ကိုယ်ကလည်း လယ်လယ်ဝယ်ဝယ်နှင့် ကျကျနန မဟောတတ် မပြောတတ်၊ အဲဒီလို မဟောတတ်ပေတဲ့ တယ်ပြီး ကိုယ်လိုဘဲ ဖြစ်စေချင်တော့ ဟောတာပေါ့၊ ဟောတော့ ဟိုက နားတောင်တဲ့ လူက သဘောမကျဘူး၊ အဲဒီလို နားထောင်တဲ့ လူက သဘောမကျလို့ရှိလျှင် တချို့ ယောဂီ ဓမ္မကထိကတွေက စိတ်ဆိုးတတ်တယ်၊ တန်ပါ နှင့်ကို ငါဘယ်တော့မှ မပြောဘူးလို့၊ အမယ် စိတ်ဆိုးတတ်တယ်။

အဲဒါ သတိထားကြပေါ့၊ ဒီလို ချစ်ကျွမ်းဝင်တဲ့ မိတ်သင်္ဂဟ တွေ ပေါ်လာလို့ ကိုယ်ဟောလို့ ပြောလို့ မရလျှင် စိတ်မလျှော့ နှင့်၊အော်- ဒီပုဂ္ဂိုလ် ငါနှင့် မတော်သေးဘူး၊ ငါဟောလို့ မရသေး ဘူး၊ ဘယ်သူနှင့် တော်ပါလိမ့်မလဲ စသည်ဖြင့် အဲဒီလို သွေးဆောင် ရတယ် ဉာဏ်ယှဉ်ရတယ်၊ ဘယ်သူနှင့်ဖြင့် တော်မှာဘဲ၊ ဘယ်သူ နှင့်ဖြင့် ရကောင်းလိမ့်မည်၊ ဘာပြုလို့လဲ ဆိုတော့ ဘုရားလက်ထက် ကလည်း ဒီလိုဘဲ၊ အရှင်သာရိပုတ္တရာ ဟော မရလျှင် အရှင် မောဂ္ဂလာန် ဟောရတယ်၊ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် ဟော မရလျှင်လည်းဘဲ တပါးသော အာနန္ဒာတို့ ဟောလျှင် ရတယ်၊ သူ့ပရိသတ်နှင့်သူ သူ့ဝေနေယျနှင့်သူ ကိုယ်ဟော မရ ပေတဲ့ သူဟောလျှင် ရတတ်တယ်၊ အဲဒါလည်း သတိထားကြ၊

တို့ မြတ်စွာဘုရား လက်ထက်က အနာထပိဏ် သူဌေးကြီးဟာ သားကို ဆုံးမတဲ့ အခန်းမှာ သေသေချာချာ ဥပမာ နည်းယူဘို့ သိပ်ကောင်းတယ်။

နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း ပဌမပိုင်း ကာလသတို့သား ဝတ္ထုတွင် ရှင်းခဲ့ပြီ။

အနာထပိဏ်သူဌေးကြီးဟာ သားကို ချွတ်တဲ့ အခန်းမှာ မကျွတ်ကျွတ်အောင် ဘယ်လိုဉာဏ်မျိုးနှင့် ယှဉ်ပြီး သကာလ ချွတ်သလဲ ဆိုတာကလေးဟာ အတုယူဘို့ တို့ ယောဂီတွေလဲ အခု ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိကုန်ပြီ၊ တရားကို ကိုယ်တိုင်သိ၊ သူများ ပြောသံကြားမဟုတ်၊ ကိုယ်တွေ့ ဉာဏ်မြင်၊ အဲဒီ တရားမျိုးက သူတပါးကို ပြောလို့ သိကောင်းတဲ့တရား မဟုတ်ဘူး ဘယ်လိုနည်းနှင့်မျှ မသိတဲ့တရား၊ မသိနိုင်ဘူး၊ ကိုယ်သာလျှင် သိတာ၊ သူတပါးသိအောင် ဘယ်နည်းနှင့်မျှ မပြောနိုင်ဘူး၊ အကယ်၍ ကိုယ့်မိတ်ဆွေ သင်္ဂဟတွေက မင်းတို့တွေ တရားအား ထုတ်တာ ဘယ့်နဲ့ နေသလဲလို့ မေးရင် ဘယ့်နဲ့လုပ် ပြန်ပြောမလဲ၊ ဘယ်နည်းနှင့်မျှ မပြောနိုင်ဘူး၊ နို့ ကိုယ်သိတာတော့ ကိုယ်ပြော တတ်သားပေါ့၊ ပြောကော သူသိမည်တဲ့လား၊ အဲတာ စဉ်းစား ရတယ်၊ အော်-ငါသိတဲ့တရား သူ့ကို ပြောရင် သူသိပါ့မလား၊ ကိုယ်ချင်းစာ တရားလေးနှင့် စဉ်းစားပေါ့၊ ကိုယ်က သိတာက ပူတာ တရားမှန်း သိနေပြီ၊ သူ့ကို ပူတာ တရားလို့ ပြောလျှင် ရယ်လိမ့်မယ်၊ သူက သိမှ မသိဘဲ၊ အေးတာကို တရားလို့ ပြောမယ်၊ အဲ-မသိတော့ ကိုယ့်ကို ရယ်မှာပေါ့၊ လှုပ်တာတွေ တရားဆိုတာ ရှိ, တာတွေတရား, ကိုက်တာ, ခဲတာ, နာတာ, ကျင်တာတွေ တရားလို့ ကိုယ်တိုင်သိ၊သူ့ သွားပြောလျှင် ရယ်မှာပေါ့၊ဘာ သူသိမှ

မသိဘဲ၊ ဒါများ သူတို့က တရားဆိုတာ အံ့ပါရဲ့၊ အဲဒီတော့ အကယ်၍ မေးလိုရှိလျှင် တို့ယောဂီတွေ ပြန်ဖြေချင်လျှင် ဖြေတတ်အောင် ခဏခဏတော့ သင်သင်ပေးတာဘဲ၊ လူတိုင်းလည်း မသင်နိုင်ဘူး၊ အေး-ငါပြောလို့ကော မင်းသိမလား၊ ဟာ-ဘယ့်နဲ့ မဟုတ်တာ၊ ပြော သိမှာပေါ့၊သိရင် ကောင်းပြီကွယ် ငါပြောမယ်။

> မြတ်စွာဘုရားက တရားတော် ဆိုတာဟော့ 'နဒီသောတော ဝိယ' မြစ်ရေ အလျဉ်ကဲ့သို့ ပြောတယ်၊ တကာထဲ မြစ်ရေအလျဉ်ကဲ့သို့ ရုပ်နာမ်တရားတို့သည် မပြတ်ဖြစ်ပျက်နေတယ် ဆိုတာ မင်းယုံရဲ့လားလို့ မေးကြည့်၊ သူကလည်း ဗုဒ္ဓဘာသာ ယုံတယ် ပြောမှာပေါ့၊ ယုံလျှင် ငါပြောမယ် ကွယ်၊ ဟော ကမ်းပေါ်က သစ်ပင်တပင် ပေါက်နေတယ်၊ ကမ်းထိပ်က သစ်ပင်ကို နေအရှိန်နှင့် လာတဲ့အခါကျတော့ သစ်ပင်ရိပ်သည် ရေပေါ်မှာ သွားထင်တယ်၊ မြစ်ရေသည် တသွင်သွင် စီးဆင်းနေတာ မင်းကိုယ်တိုင် မြင်ရဲ့လား မြင်တယ်၊ကိုင်း-အရိပ်က ဘယ်ရွှေ့သလဲ ဘယ်မှ မရွှေ့ဘူး။

အဲဒီ ဥပမာ မြင်အောင် ကြည့်စမ်း၊ အရိပ်သည် ဘယ်လိုမှ မရွှေ့မပြောင်းသော်လည်း ရေသည် တအောင့်မှ နားရဲ့လား မင်းကြည့်စမ်း၊ အော်-ဟုတ်တယ် ရေဟာ တအောင့်မှ မနားဘူး၊ အသစ်အဟောင်းပြောင်းနေတယ်၊ အဲဒါ ဥပမာ၊ သိရောပေါ့၊ သဏ္ဍာန် ပညတ် ဒြပ်တွေနဲ့ လူဘဲ နတ်ဘဲလို့ ထင်နေကြတဲ့ ပုဂ္ဂိုလ် တွေဟာ အပေါ်ရံက သဏ္ဍာန် ပညတ် ရိပ်ကသာ မပြောင်းလဲဘူး ထင်တာ၊ အတွင်းရှိ ဓာတ်ကလာပ် ပရမတ်သား ဆိုတဲ့ ရုပ်ဓာတ် နာမ်ဓာတ် တရားတွေဟာ မြစ်ရေ အလျဉ်လို အမြဲမပြတ် အသစ် အဟောင်း အမြဲပြောင်း နေတာ၊ ဘုရား

ဟောတာ မင်းယုံရဲ့လား၊ ယုံတယ်၊ ယုံတော့ မင်း ခန္ဓာကိုယ်တွင်းမှာ ခုပြောသလို ရုပ်တွေ့ နာမ်တွေ အသစ်, အဟောင်း ပြောင်းလဲနေတာ မင်းတွေ့ရဲ့လားလို့ မေးပေါ့၊ ဒီတော့ သူ ရိုးဖြောင့်သော သဘောနှင့် တွေ့ တွေ့ဘယ်လို့ ပြောချင် ပြောမှာပေါ့၊ မတွေ့ မတွေ့ဘူးလို့ ပြောချင် ပြောမယ်၊ တွေ့တယ်ပြောရင် နှုတ်မလေးပါနှင့်၊ အဲဒီလို ရေအလျဉ်ကဲ့သို့ ရုပ်တရားတွေ အမှန်ကိုဘဲ ဖြစ်ပျက်နေတယ်ဆိုတာ သိတယ် တွေ့လျှင် သာဓုသာခေါ်၊ အရိယာမှ တွေ့ကောင်းတာ ပုထုဇဉ် မတွေ့ကောင်းဘူး၊ ဒီ ပုဂ္ဂိုလ်ဟာ အရိယာဘဲ၊ ဟာ- သာဓုသာခေါ် နှုတ်မလေးနှင့်၊ ခေါ်ထိုက်တဲ့ ပုဂ္ဂိုလ်ဘဲ၊ အဲ- အကယ်၍ ရိုးဖြောင့်စွာ မတွေ့လို့ ရှိလျှင် ရုပ်တွေဟာ မတွေ့ဘူး၊ နို့ ဘုရားဟောတဲ့ ဒေသနာ မင်း မယုံလို့လားလို့ ယုံပါတယ်၊ ယုံရင် တွေ့အောင်ရှာပါလား၊ ဒီတော့ သူက ပြန်ပြီးတော့ မေးကောင်း မေးလိမ့်မယ်၊ မင်းကော တွေ့ရဲ့လားဆိုတော့ အဲဒါ ဘယ်လို ပြောကြမလဲ၊ ငါတွေ့ပြီလို့ များ သွားပြောလျှင် ဒုက္ခဘဲ၊ ငါတွေ့ပြီလို့များ သွားပြောလိုက်မယ်တဲ့၊ တွေ့ ဘယ်လိုနေသလဲလို့ ဟိုက မေးရင် ဘယ့်နှဲ့လုပ်မလဲ၊ ဘယ်လိုဖြေမလဲ၊ ကိုင်း- ခက်ကရော၊ အဲဒါ မတွေ့ဘူးလို့ ပြောရမှာလဲ အခက်ဘဲ၊ မုသားဖြစ်နေအုံးမှာကိုး၊ တွေ့တာလည်း အမှန်၊ ငါတွေ့အောင် ရှာနေတယ်လို့ ပြောပေါ့၊ ငါတော့ တွေ့အောင် ရှာနေတယ်၊ ဒါကြောင့် မင်းလည်း တွေ့အောင်ရှာလို့ ပြောနေတာ၊ မင်းတွေ့အောင်ရှာလို့ တွေ့ပလား ထပ်မေးချင်မေးမယ်၊ အဲလေ ငါတော့ တွေ့အောင်ရှာနေတယ်၊ ဒါပေါ့ ဒါထပ်ပြောပေါ့၊ အေး- ငါတွေ့အောင်ကို ရှာနေတယ်၊ မင်းလည်း ငါလို

တွေ့အောင် ရှာစေချင်လို့ ငါက မေတ္တာတရားနှင့် ပြောတာ တော်ရောပေါ့၊ အဲဒါက မလိမ့်တပတ် ဖြေတာ အခုနကလို ပြောလို့ မတော်တဆ နှုတ်လွန် စကားလွန် ပြောလိုက်မိပြီ၊ ငါတော့ တွေ့တာပေါ့ကွယ်၊ မင်းတွေ့- ဘယ့်နှဲ့နေသလဲဆို ဖြေရ ခက်နေပြီ၊ အဲဒီလိုဆိုလျှင် အဖြေ မခက်နဲ့အုံး၊ ဒါလဲ အကြံပေး အုံးမယ်၊ ဟာ- ငါတွေ့တာ မင်းသိချင်လို့ရှိလျှင် ငါမေးတာ မင်းဖြေစမ်း—

မင်း- ထန်းလျက် စားဘူးရဲ့လားလို့မေး၊ ဟာ-စားဘူး တာပေါ့၊ စား- ဘယ့်နှဲ့နေလဲလို့ သူ့ကိုမေးလိုက်၊ ချိုတာ ပေါ့ကွ၊ ကိုင်း- အဲဒီချိုတာ ငါ့ပြောစမ်း၊ ဘယ်လိုနေ လဲလို့ သူ့ကို မေးကြည့်၊ ပြောတတ် ပါအုံးမလား၊ သူတော့ သိတယ်လေ၊ ထန်းလျက် ကိုယ်တိုင်စားကြည့်လို့ ချိုတာ ကိုယ်ကမေး၊ အဲဒီ ချိုတာ ဘယ့်နှဲ့နေသလဲလို့ ထပ်မေးစမ်း၊ ဘယ့်နှဲ့နေသလဲလို့ ကိုင်း- ကိုယ်ပိုင်ဉာဏ်နဲ့ တွေ့ကြည့်စမ်း၊ မဖြေနိုင်ဘူး၊ အဲဒီ ချိုတာသိချင် ကိုယ် တိုင်စားကြည့်ပေါ့၊ ဘာပြောမလဲ၊ အေး- ငါပြောတာ ကိုယ်တိုင်သိချင်လျှင် ကိုယ်တိုင် လုပ်ကြည့်ပေါ့-ဒါပေါ့။

ဒါ တို့နည်းယူတာက ဘာပြုလို့လဲဆိုတော့ မိလိန္ဒမင်းကြီး နှင့် အရှင်နာဂသေန အကြောင်း ပြုပြီးတော့ နည်းယူပြော တာ၊ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန အမေးအဖြေ လုပ်တဲ့ အခါကျတော့ ပုစ္ဆာ ထုတ်ပြန်ရတယ်၊ အရှင်ဘုရား တပည့် တော် ပုစ္ဆာ မေးလိုပါတယ်၊ မေးပေါ့ ဒကာတဲ့၊ ဒါဖြင့်

တပည့်တော် မေးပြီးပြီ—ဘုရားတဲ့၊ ဟဲ့ ဒကာ— ငါလဲ ဖြေပြီးပြီတဲ့၊ ကိုင်း- ဟို မိလိန္ဒမင်းကြီးက တပည့်တော် မေးပြီးပြီတဲ့၊ ငါ ဖြေပြ ပြီးပြီတဲ့၊ အရှင်နာဂသေနက အရှင်ဘုရား ဘာဖြေသလဲ၊ ဒါယကာကြီးက ဘာမေးသလဲ၊ ကိုင်း- ဘယ့်နဲ့လုပ်မလဲ ကြေရော မဟုတ်လား၊ အဲဒါ အမေးအဖြေနည်း၊ အတုံ့အပြန် ဖြေရတယ်။

အဲအခု အဲသည်လိုဘဲ၊ ဒီတရားဟာ အတော်ခက်တယ်၊အဟောခက်တဲ့ တရား၊ အပြောခက်တဲ့ တရား၊ သဘောနက်တဲ့ တရား ခုနက ဟောတဲ့ တရားကို ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် အဇ္ဈတ္တမှာ မတွေ့သရွေ့ ဒီတရားကို ပေါက်ဆိန်နှင့်ပေါက် ဟောတောင်နားလည်မှာ မဟုတ်ဘူး၊ မလည်ဘူး အလကားဘဲ၊ နားတောင်ကြားတာဘဲ၊ ကြားပေတဲ့ သိမည်ထင်လား၊ ဝေးလိုက်တာ အနားတောင် မကပ်နိုင်ဘူး၊ မသိဘူး၊မသိတာအမှန်၊တကယ့်ကို မသိဘူး၊ ကိုယ်တိုင် တွေ့မှ ဖြစ်တဲ့ တရားဘဲ၊ ကိုယ်တွေ့ ဉာဏ်မြင်တရား၊ သူများ ပြောသံကြားနှင့် ဘယ်ဖြစ်မလဲ၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တွေ တတ်နေတဲ့ ပုဂ္ဂိုလ်တွေ အနန္တပေါ့၊ ဒီတရား မတွေ့တဲ့ အတွက်ကြောင့် သဘာဝကျအောင် မသိဘူး၊ စာထဲတော့ အရှိသားပေါ့၊ အဲဒါကြောင့်မို့လို့ ကြိုးစားပြီးတော့ အခုပြောတဲ့ ဥပမာ ၂-ချက် လေ့သူကြီး ဥပမာနှင့် ကာလသတို့သား အနာထပိဏ်ဆိုးမတဲ့ ဥပမာ ဒီ ၂-ချက်ကို အသက်ထက်ဆိုး တွေးပြီးတော့ စဉ်းစား၊ ဓမ္မကထိက ဖြစ်သွားလိမ့်မယ်၊ဝိပဿနာယောဂီ ဓမ္မကထိကပုဂ္ဂိုလ် ဖြစ်သွားမယ်၊ ကြိုးစားပြီးတော့မှတ်သား၊ အဲဒါလေး နှလုံးသွင်းကြ၊ ကြိုးစားပြီး တော့လည်း အားထုတ်တဲ့ နေရာမှာလည်း မလျှော့သော လုံ့လနှင့် အားထုတ်

ကြ၊ ဝီရိယတော့ လျှော့လို့ မရဘူး၊ ဝီရိယနည်းလျှင် ရကို မရဘူး၊ “ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ” ပေါ့၊ တို့ဗောဓိပက္ခိယ တရား ၃၇-ပါးမှာ ဝီရိယဟာ ၉-ဌာနတပ်တယ်။

> သမ္မပ္ပဓာန် ၄-ပါးဟာ ဝီရိယချည်းဘဲ၊ ဝီရိယိဒ္ဓိပါဒ် ဝီရိယိန္ဒြေ- ဝီရိယဗိုလ်- ဝီရိယသမ္ဗောဇ္ဈင်- သမ္မာဝါယာမ မဂ္ဂင် ၉-ဌာနတောင် ရှိတယ်၊ သတိကျပြန်တော့လည်း သတိက ၈-ဌာန ရှိတယ်၊ သတိပဋ္ဌာန် ၄-ပါး၊ သတိ-သမ္ဗောဇ္ဈင်၊ သတိန္ဒြေ၊ သတိဗိုလ်၊ သမ္မာသတိမဂ္ဂင်။

သတိက ၈-ဌာန တပ်ထားတယ်၊ ဗောဓိပက္ခိယတရား ၃၇-ပါး ထဲမှာ ဝီရိယနှင့် သတိနှုတ်လိုက်တာ ဘယ်လောက်ဖြစ်သွားသလဲ၊ ၁၇-ချက် နှုတ်သွားတော့ ၂၀-သာ ကျန်တော့တယ်၊ အဲဒါသေသေ ချာချာ စဉ်းစား၊ ဝီရိယနှင့် သတိဟာ အရေးအကြီးဆုံး ၁-နံပါတ် အချက်၊ တို့ယောဂီတွေ ဝီရိယနှင့် သတိကင်းလျှင် ဘယ်နည်းနှင့်မျှ တရားကို မတက်ဘူး၊ အခု ဥဒယဗ္ဗယနှင့် တင်းတိမ်နေဘို့ပြောတာ မဟုတ်ဘူး၊ ဥဒယဗ္ဗယကို ကြိမ်ဖန်များစွာ အားထုတ်လျှင် ဘင်္ဂ, ဘယ,အာဒီနဝ,နိဗ္ဗိဒကို ခဏချင်း တက်သွားမယ်၊ ဒါကြောင့် ကြိုးစားပြီးတော့ အားထုတ်ကြ။

## သူကြွယ်လေးယောက်နှင့် ရသေ့ လေးပါး

တို့ဗုဒ္ဓဘာသာလူမျိုးတို့ အရေးကြီးတဲ့ တရားက နိဗ္ဗာန်ကို အင်မတန် လိုလားကြတယ်၊ နိဗ္ဗာန်ဆိုတဲ့ တရားကို ဘာဖြစ် လို့ လိုလားကြသလဲ၊ လောကဒုက္ခ သံသရာ ဘေးဆိုးကြီးကို

တကယ်တမ်း ကြောက်ပြီး ထိုလောကမှ ထွက်မြောက်မှ ချမ်းသာ အစစ်ကို ရမယ်ဆိုတဲ့ စိတ်ဓာတ် ကလေးက အမြဲ ရှိနေတယ်၊ အဲဒီလို အမြဲရှိနေတဲ့ ပုဂ္ဂိုလ်တွေကို တကယ်တမ်း ထွက်မြောက် နိုင်တဲ့ လမ်းဟာ ဘယ်မလဲဟေ့လို့ လမ်းစ,ကို ရှာကြတဲ့အခါ ဘုရားပွင့်တဲ့ သာသနာ ခေတ်ကာလ ချန်လှပ်လို့ ဘယ်အခါမှ ဒီလောကမှ ထွက်မြောက်ရန် နိဗ္ဗာန်ရတဲ့ လမ်းကို မတွေ့နိုင်ဘူး၊ ဘာဖြစ်လို့လဲ၊ ဘုရား မပွင့်တဲ့ သာသနာပမှာ အားထုတ်ကြတာ ပေါ့၊ သူ့ထက် ငါကောင်း ဒါန ပြုတဲ့သူတွေ အနန္တဘဲ၊ သီလ လည်း စောင့်ကြတာဘဲ၊ သမထ ဆိုတာလည်း အားထုတ်လို့ မြေလျှိုး မိုးပျံ ကောင်းကင် ဈာန်တွေနှင့် ပြဟ္မာ့ပြည်လားတဲ့ ပုဂ္ဂိုလ်တွေ အနန္တပေါ့၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်ဆိုတဲ့ ထွက်ရပ်လမ်းကို ရကြပြီလား ဆိုတော့ မရကြဘူး၊ ဘုရားပွင့်တဲ့ သာသနာခေတ်နှင့် ကြုံတဲ့ခေတ် ပုဂ္ဂိုလ်တွေမှ နိဗ္ဗာန် ထွက်ရပ် လမ်းကို ရတယ်၊ သာသနာနှင့် ကြုံမှဆိုတော့ သာသနာနှင့် ကြုံတိုင်း ရမလား၊ ကြုံတိုင်း မရဘူး၊ ကိုယ်တိုင် သံသရာအစစ်မှ ထွက်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။

အဲဒီတော့ အကျဉ်းချုပ်ကို ပြောမယ်ဆိုလျှင် မကောင်းနိုင်တဲ့ တရားကြီးက ဒါနမှုကို မကောင်းနိုင်ဘူး၊ သီလမှုကိုလည်း မကောင်းနိုင် ဘူး၊ ဘာဝနာမှုကိုလည်း မကောင်းနိုင်ဘူး။

အဲဒီလို မကောင်းနိုင်တဲ့အတွက် ဒါနနှင့် နိဗ္ဗာန် ရောက်တတ်တဲ့ တရားတွေ၊ သီလနှင့် နိဗ္ဗာန်ရောက်အောင် စောင့်တတ်ဘို့တရား၊ ဘာဝနာနှင့် နိဗ္ဗာန်ရောက်အောင် ပွားတတ်ဘို့တရား၊ ယခုဒါ သင် ပေးတာ၊ ဒီမှာ သင်တန်းတက်တာက ဘာလဲ၊ ယခု ပြောတဲ့နိဗ္ဗာန်ကို

တကယ်တမ်း လှမ်းပြီးတော့ တက်နိုင်တဲ့ တရားထူး တရားမြတ်ကြီး လိုချင်လို့လာရှာတာ၊ ရှာတော့ကာ ဘာကို ဒီက ရှင်းပြသလဲ၊ "အဝိဇ္ဇာနှင့် ဝိဇ္ဇာ"ကို ရှင်းပြတယ်၊ အဝိဇ္ဇာတရားမျိုးဟာ ဘယ်လို နည်းနှင့်မျှ နိဗ္ဗာန် မရဘူး၊ အဝိဇ္ဇာတရားက ခြုံရုံနေမည်ဆိုလျှင် ဒါနလည်းနိဗ္ဗာန် မရနိုင်ဘူး၊သီလလည်းနိဗ္ဗာန်မရနိုင်ဘူး၊ဘာဝနာ လည်း နိဗ္ဗာန်မရနိုင်ဘူးတဲ့၊ဘာဖြစ်လို့လဲအဝိဇ္ဇာကိုကဘယ်လောက် ဆိုးသလဲ "အဝိဇ္ဇာ သစ္စာလေးပါးတရားကို မမြင်အောင် ကာကွယ် အုပ်ဖုံး တတ်သော မောဟ တည်းဟူသော အဝိဇ္ဇာတဲ့" အဲဒီ အဝိဇ္ဇာဆိုတဲ့ တရားကို ဖယ်ခွါ တွန်းလှန်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးမှ နိဗ္ဗာန်ကိုရမယ်၊ ဒါကြောင့် ဒီက ခုသင်ပေးတယ်၊ တကယ်စင်စစ် နိဗ္ဗာန်ရောက်တဲ့ တရား အမှန်ရှိတယ်၊ ဘုရားကိုယ်တော်မြတ်ကြီး ဟာ သူကိုယ်တိုင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ကျင့် လို့ သဗ္ဗညုတဉာဏ်ကို အမှန်ရတဲ့ အခါကျမှ ငါသိပြီဟော့၊ ဒါနနှင့် နိဗ္ဗာန် ရ,တဲ့တရား ငါတွေ့ပြီတဲ့၊ သီလနှင့် နိဗ္ဗာန်ရတဲ့ တရား ငါတွေ့ပြီတဲ့၊ ဘာဝနာနှင့် နိဗ္ဗာန်ရတဲ့တရား ငါကိုယ်တိုင် တွေ့ပြီလို့ ဘုရားကိုယ်တော်မြတ် သူကိုယ်တိုင် ၄၅-ဝါ ကာလ ပတ်လုံး မနေမနား သတ္တဝါတွေကို ဤနိဗ္ဗာန် တည်းဟူသော အမြိုက်တရား ကယ်တင် ပို့ဆောင်တဲ့ တရားတွေ ဟောခဲ့တယ်၊ အဲဒီလို ပို့ဆောင်တဲ့ တရားတွေကို ခုဒီမှာ လာပြီးတော့ သင်ယူ ကြတော့၊ သင်ပေးပြီ၊ ဘာသင်ပေးသလဲ၊ ခန္ဓာကိုယ် အဇ္ဈတ္တိက အတွင်းမှာ တကယ်အမှန် ရှိတဲ့ ပရမတ်တရား, ဓာတ်တရား တွေကို တွေ့အောင် ရှာကြဆိုတော့ ရှာတယ်၊ ရှာလိုက်တော့ ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တိက သန္တာန်မှာ တကယ်အမှန် ရှိတဲ့ ရုပ်ဓာတ်, နာမ်ဓာတ် တရားတွေ တွေ့ပြီပေါ့။

ကာယဋ္ဌ ပဋိစ္စ ဖောဋ္ဌဗ္ဗဥ္စ၊
ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကာယပသာဒရုပ်, ဖောဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်တဲ့၊ ရုပ်နာမ် ၂-ပါးအတွေ့၊ ပြောသံကြား မဟုတ်ဘူး၊ စာထဲမှာတော့ အရှိသားပေါ့၊ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗဥ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တဲ့ ဒီက ပြောတဲ့စကား စာ စကားပေါ့၊ ယောဂီများက ကိုယ်တိုင်တွေ့ရ ခန္ဓာကိုယ်အတွင်း သန္တာန်မှာ အပ်နှင့် ထိုးဆွ, နာကျင်တတ်တဲ့ နေရာကို ထိုကိုယ်ဖြင့် တွေ့ကောင်းထိကောင်းတဲ့ ပထဝီ ဖောဋ္ဌဗ္ဗနှင့် တွေ့ပုံ၊ တေဇော ဖောဋ္ဌဗ္ဗနှင့် တွေ့ပုံ၊ ဝါယော ဖောဋ္ဌဗ္ဗနှင့် တွေ့ပုံတွေကို ကိုယ်တိုင်သိပေါ့၊ ပထဝီနှင့် တွေ့တဲ့အခါ ဘယ်လိုနေသလဲ၊ နာမှုတွေ, ကျင်မှုတွေ, ကိုက်မှုတွေ, ခဲမှုတွေ, တောင့်မှု တင်းမှုတွေ ကိုယ်တိုင်တွေ့တာ ပထဝီနှင့် တွေ့တာ။

တေဇောဖောဋ္ဌဗ္ဗနှင့် တွေ့ပြန်တော့လည်း ပူမှုတွေ, အေးမှုတွေ ကိုယ်တိုင် တွေ့ပေါ့၊ ဝါယော ဖောဋ္ဌဗ္ဗနှင့် တွေ့ပြန်တော့လည်း လှုပ်ရှားမှုတွေ, ဖောက်ပြန်မှုတွေ, တရွရွ, တလှုပ်လှုပ်, တဒိတ်ဒိတ်နှင့် အမြဲတမ်း တွေ့နေတာပေါ့၊ အဲဒီလို တွေ့တဲ့ အခါ အောင်—ဒီလို ငါတို့ အဇ္ဈတ္တိက အတွင်းသန္တာန်မှာ တကယ်အမှန်ရှိတဲ့ ရုပ် နာမ် ၂-ပါးဟာ ဘုရားကိုယ်တော်မြတ် ကိုယ်တိုင်ဟောလို့ ခန္ဓာငါးပါးဟာ သူ့ဘဲကိုးလို့ သိရောပေါ့၊ ဘာဖြစ်လို့လဲ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗရုပ်က ရူပက္ခန္ဓာ၊တွေ့တိုင်း တွေ့တိုင်း သိတဲ့ ဝိညာဏ်ဆိုတဲ့ ကာယဝိညာဏ်ကလေးက ဝိညာဏက္ခန္ဓာ

သူတခုထဲတော့ ဝိညာဏက္ခန္ဓာ ဖွဲ့တာပေါ့၊ ထိုဝိညာဏက္ခန္ဓာနှင့် သဟဇာတ ပစ္စည်း ခွဲခွါလို့ မရကောင်းဘဲ ခံစားနိုင်တဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်သားတတ်တဲ့ သညာက္ခန္ဓာ၊ စေ့ဆော်ကြောင့်ကြတတ်တဲ့ သင်္ခါရက္ခန္ဓာဆိုတော့ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါး အတွင်း သန္တာန်မှာ တကယ်အမှန် တွေ့တာပေါ့၊ ဒီတော့ ခန္ဓာဆိုတဲ့ ခန္ဓာငါးပါး အမှန်အစစ်ဘဲလို့ ဘုရားကိုယ်တော်မြတ် ပြတယ်။

အဲ မိမိကိုယ် အတွင်းသန္တာန်မှာ တကယ်အမှန် ရှိတဲ့ ခန္ဓာငါးပါးကို တွေ့အောင် ရှာကြဟေ့၊ ဥက္ကောင်းက အစ ခြေဖျားအထိ ခန္ဓာငါးပါးဟာ မျက်တောင်တခတ်မျှ ရုပ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်တယ်ဆိုတဲ့ ခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယ တွေ့အောင်ရှာလို့ ဆိုပြီ– တွေ့ပြီတဲ့၊ ယောဂီများ အဲဒီလို ရှာကြံလို့ တွေ့တဲ့အခါကျတော့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့သည် တနာရီ တမိနစ် တစက္ကန့်မျှ မစဲအောင် အမြဲတမ်း ပြောင်းလဲနေတဲ့ ကိစ္စတွေကို ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်သိတော့ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အနိစ္စဆိုတဲ့ တရားကို ဧကန်မလွဲတမ်း တွေ့နေပြီ မဟုတ်လား၊ အနိစ္စဆိုတာ မမြဲဘူး၊ မမြဲတာကို ကိုယ်တိုင် တွေ့နေတယ်၊ အဲ မမြဲတဲ့ အနိစ္စ တွေ့ရသည် ဖြစ်သောကြောင့် ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခ၊ ဒုက္ခအမှန် အစစ်ဘဲ၊ ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခတရားကြီးဟာ အမှန်အစစ်၊ အဲဒီတော့ ဒုက္ခဆိုတဲ့ တရားကို သိတော့ အနိစ္စလည်း တွေ့ရပြီ၊ ဒုက္ခကိုလည်း တွေ့ရပြီ၊ ယခုပြောတဲ့ ခန္ဓာငါးပါးဟာ မိမိတို့ပိုင်ရဲ့လား၊ နိုင်ရဲ့လား၊ ဆိုင်ရဲ့လားလို့ ကိုယ်ပိုင် ဉာဏ်နှင့် အာရုံစိုက်ကြည့်စမ်းပါလား၊ နဲနဲကလေးမျှ မပိုင်မဆိုင်ဘူး၊ "သဘာဝံ ဓာရေတီတိ ဓာတု"ဆိုတဲ့အတိုင်း သူ့ဓာတ် သူဆောင်ပြီးတော့

သူ့သဘောနှင့်သူ ဖြစ်လိုက ဖြစ်၏၊ ပျက်လိုက ပျက်၏၊ ဖြစ်ခြင်း ပျက်ခြင်း ဆိုတဲ့ တရားကို ဘယ်လူ့ ဘယ်နတ်ˏ ဘယ်ဗြဟ္မာမှ တားမြစ်လို့ မရတဲ့ တရားတဲ့၊ ဒါကြောင့် အစိုးမရတဲ့ အနတ္တလို့ အဲဒီလို ဘုရားကိုယ်တော်မြတ် ရဲရဲကြီး ဝန်ခံဟောတာ၊ ခုယောဂီ များ ကိုယ်ပိုင်ဉာဏ်နှင့် တွေ့ကြပြီမဟုတ်လား၊ တကယ့်ကို အစစ် ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တိကသန္တာန်မှာ အမှန်ရှိတဲ့ ရုပ်တရားˏ နာမ်တရားတွေဟာ ခဏမစဲ တသဲသဲ တအုံးအုံး တဖြုံးဖြုံးနှင့် ဖြစ်ပျက် မစဲဘဲ တွေ့သောကြောင့် အနိစ္စလည်း တွေ့ရပြီ၊ ဒုက္ခ လည်း တွေ့ရပြီ၊ အနတ္တလည်း တွေ့ရပြီ၊ လက္ခဏာရေးသုံးပါး ကောန်တွေ့ရပြီပေါ့။

အဲဒီလို လက္ခဏာရေးသုံးပါးကို တကယ်အမှန် တွေ့တဲ့ အတွက် ဘာဖြစ်သလဲ၊ အနိစ္စ-ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး တွေ့ရတဲ့ အတွက်ကြောင့် ဉဒယဗ္ဗယဉာဏ်ကနေ တက်လိုက်တော့ ဘင်္ဂဆိုတဲ့ အပျက်ကို မြင်လာမယ်၊ ဘင်ကို မြင်လာတော့ ဘာမြင်မလဲ၊ဘယ ဆိုတဲ့ ဘေးတွေမြင်လာမယ်ပေါ့၊ ဘယဆိုတဲ့ ဘေးကြီးကို မြင်လာ လျှင် အာဒီနဝဆိုတဲ့ ဒီခန္ဓာငါးပါး၏ အပြစ်တွေ မြင်လာမယ်၊ ခန္ဓာငါးပါး၏ အပြစ်အာဒီနဝကို မြင်သောကြောင့် နိဗ္ဗိဒါဉာဏ် ဆိုတာ ငြီးငွေ့တဲ့ဉာဏ် ခေါ်တယ်၊ အဲဒီလို နိဗ္ဗိဒါက ငြီးငွေ့လာ တော့ မုစ္စိတုကမျတာဉာဏ်က လွတ်လိုတဲ့ စေတနာ ပေါ်လာ တယ်၊ မုစ္စိတုကမျတာဉာဏ်က လွတ်လိုတဲ့ စေတနာ ပေါ်လာ ကတည်းက သမုဒယတဏှာ ပြတ်နေပြီ၊ အဲဒီ သမုဒယ ပြတ်သွား တာ ဘယ်သူ့ကြောင့်လဲ အဝိဇ္ဇာ မရှိလို့ပေါ့၊ ဝိဇ္ဇာဉာဏ်ကြောင့် အဝိဇ္ဇာ ပြုတ်သွားတယ်၊ အဝိဇ္ဇာပြုတ်တဲ့ အတွက်ကြောင့် သမုဒယ တဏှာ ကွာသွားတယ်၊ အဝိဇ္ဇာပြုတ်လို့ ဝိဇ္ဇာရောက် သမုဒယ

တဏှာ ပြုတ်သွားတယ်ဆိုလျှင် ဘယ်လောက် အဖိုးတန်သွားသလဲ၊ ဟော အခု ယောဂီတွေ ဒါနမှုတွေ ပြုကြပြီ၊ သီလလည်း ခုဆောက်တည်ကြမယ်၊ ဘာဝနာလည်း ခုအားထုတ်ကြမယ်ပေါ့၊အားထုတ်ကြတော့ကာ အန္တရာယ် ဖြစ်စေတတ်တဲ့ အဝိဇ္ဇာလဲ ခွါထားပြီ။

သမုဒယတဏှာ ကာကွယ် နှိပ်စက်မှုကြောင့် ဒုက္ခသစ္စာနယ်က မလွတ်နိုင်တာပေါ့၊ သမုဒယက တွယ်လိုက် ဒုက္ခနယ် ရောက်သွားလိုက်၊ သမုဒယကလည်း အဝိဇ္ဇာ ခုနက ပြောတဲ့ ခန္ဓာငါးပါးတွေကို ကာကွယ်ထား၊ကာကွယ်ထားတဲ့အတွက်ကြောင့် လောက ဒုက္ခဘေးကြီးတွေ မမြင်ဘူး၊ဟော မမြင်တော့ကာ သမုဒယတဏှာက ဝင်လာ၊သူကအခွင့်ရတာကိုး၊ဝင်လာတော့ဘာလဲ ဒါနပြုလိုက်အုံး၊ ပြုပြန်လည်း အမှုမဲ့ အမှတ်မဲ့ ဒါနတွေ ရှိတယ်၊ တချို့လည်းဘဲ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ ဆိုတဲ့ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်ဆိုတဲ့ စည်းစိမ်ရတနာလေးတွေကို မက်မောပြီးတော့ တောင့်တနေတဲ့ တဏှာမျိုးလည်း ဝင်လာတတ်တယ်၊ ဘာဖြစ်လို့ဝင်လာလဲဆိုတော့ အဝိဇ္ဇာက ဖုံးအုပ်ထားတော့ ဒုက္ခကို မမြင်ရဘူး၊ အဲဒီလို ဒုက္ခကို မမြင်အောင် တကယ်တမ်း ကာကွယ်ထားတဲ့ အတွက်ကြောင့် ဒုက္ခကို မမြင်တဲ့အတွက် သမုဒယတဏှာက ဝင်ပြီးတော့ နှိပ်စက်နိုင်တာ၊ ဒါကြောင့် သမုဒယတဏှာကြောင့် ဖြစ်တဲ့ ဒုက္ခသစ္စာတရားတဲ့၊ အဲဒီ သမုဒယခွါလိုက်တဲ့အခါကျတော့ ဒါန ဘာဖြစ်လာသလဲ၊ ဝိဇ္ဇာဉာဏ် ဒါနမျိုးဖြစ်လာတယ်၊ ဘယ်သူ့ကြောင့် ဝိဇ္ဇာဉာဏ်ဒါနမျိုး ဖြစ်သလဲ၊ ဟိုခုနတုန်းက ခန္ဓာငါးပါး၏ အပြစ် အာဒီနဝတွေ မြင်လာတယ်၊ ကိုယ်တိုင် တွေ့နေပြီလေ၊ ကိုယ်တိုင်တွေ့တာ၊ အဲဒါ ခု ဒကာ, ဒကာမတွေ ဆုတောင်းတဲ့ တရားထဲမှာ မပါဘူးလား၊ သံသာရ

ဝဋ္ဋ ဒုက္ခတော မေစနတ္ထာယ၊ တို့ ဝိပဿနာအားထုတ်ခါနီးတုန်း က ဒါဘဲ ဆုတောင်းတာ၊ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ တည်းဟူသော ဝဋ်ဆင်းရဲဒုက္ခအပေါင်းတို့မှ။ မောနတ္ထာယ၊ ထွက် မြောက်ပါရခြင်းအကျိုးငှါ ဆိုပြီးတော့ ဆုတောင်းတယ်၊ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ဘို့ အကြောင်းပြုလို့ သီလစောင့်တယ်၊ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ချင်လို့ ဘာဝနာအားထုတ်တယ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ချင်လို့ ဒါနမှု တို့ပြုတယ်၊ အမြဲ တမ်း ဆုတောင်းတဲ့ တရားပေါ့၊ အဲဒီတော့ ၁ တကယ်တမ်း အစစ် သံသရာကိုပြတာ ဘာပြုလို့လဲ၊ ဘုရားဟောတဲ့ သံသရာက—

ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ။

ခန္ဓာ အာယတန ဓာတ်တို့ မပြတ်ဖြစ်တာမှ သံသရာလို့ ဘုရား က ဟောတာ၊ အဲဒီ ခန္ဓာအာယတနဓာတ်ကို သိဘို့ရာ အလွန် ခဲယဉ်းတာ၊ ခန္ဓာအာယတနဓာတ်ကို အခု သိအောင် ပြလိုက် တော့ ကိုယ်အတွင်း သန္တာန်က ခန္ဓာငါးပါး ရုပ်ခန္ဓာ,နာမ်ခန္ဓာ ပြပြီ၊ အာယတနဆိုတဲ့ ကိုယ် အာယတန အတွေ့ အာယတန, တွေ့သိ အာယတန, အာယတနလည်း ပြပြီ၊ ရုပ်အာယတန,နာမ် အာယတနတွေ၊ ဓာတ်ကကော၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏဓာတ်ဆိုတဲ့ ရုပ်ဓာတ်, နာမ်ဓာတ်တွေ ပြတော့ တွေ့ပြီ မဟုတ်လား၊ အဲဒါ ခန္ဓာအာယတနဓာတ်ပေါ့၊ ဒီ ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာအစစ်ကြီးဘဲ ဆိုတော့

အခုတွေ့တဲ့ ဖြစ်ပျက်ဆိုတဲ့ တရားဟာ ခန္ဓာခေါ်လည်း ဖြစ်ပျက်တရားဘဲ၊ အာယတနခေါ်လည်း ဒီဖြစ်ပျက်တရား, ဓာတ်ခေါ်လည်း ဒီဖြစ်ပျက်တရားဘဲ၊အမည်အားဖြင့်သာ ခေါ်ချင်လို့ခေါ်ကြတယ်၊စင်စစ်မှုချ အဲဒါခန္ဓာ အာယတန ဓာတ်ဘဲ၊ ဒီခန္ဓာ, အာယတန,ဓာတ်၏ ခုနတုန်းက ပြောခဲ့တဲ့အတိုင်း နိဗ္ဗိဒါဉာဏ်နှင့် သံသရာကြီး ငြီးငွေ့ပြီးတော့ လူ့ရလျှင် ဒီဒါနအင်မတန်မွန်မြတ်တဲ့ ဒါန အစစ်ပေါ့၊ သီလကတော့ အမှန်ပေါ့၊ နိဗ္ဗေဓဘာဂိယသီလဆိုတာ နိဗ္ဗာန်ကို တကယ် မျက်မှောက်ပြုတဲ့ သီလ, တကယ်အဟုတ် ပေါက်စေနိုင်တဲ့ သီလမျိုးပေါ့၊ ဘာဝနာလည်း ဒီလိုဘဲ နိဗ္ဗာန်ထုတ်ချောက် တကယ် ပေါက်စေနိုင်တဲ့ ဘာဝနာမျိုး တချို့က ပြောကြတယ်၊ ဒါနလှူလျှင် နိဗ္ဗာန် မရဘဲ ရှိမလား၊ သီလစောင့်လျှင် နိဗ္ဗာန်မရဘဲ ရှိမလား၊ ဘာဝနာပွားလျှင် နိဗ္ဗာန် မရဘဲ ရှိမလားလို့ ပြောကြတယ်၊ အဲဒါ မသိလို့ ပြောကြဒါ၊ အမှန်အစစ် ဒါနတိုင်း နိဗ္ဗာန် မရဘူး၊ သီလတိုင်း နိဗ္ဗာန် မရဘူး၊ ဘာဝနာတိုင်း နိဗ္ဗာန် မရဘူးဆိုတာ သိဘို့က အကြဲသားဘဲ၊ ဒါက အဝိဇ္ဇာနှင့် ဝိဇ္ဇာဘဲ၊ အဝိဇ္ဇာ သမားက ဘယ်သိမလဲ မသိဘူး၊ ဝိဇ္ဇာဉာဏ်ကို ရမှ ခွဲခြားပြီးတော့ သိနိုင်တာ၊ အဝိဇ္ဇာက ဒါကို မသိဘူး၊ မသိလို့ဘဲ သူဒုက္ခနှင့် တွေ့နေတာ၊ ဒုက္ခတွေ့တာကို ဒုက္ခမှန်း သိလျှင်တော့ ဘယ်သူမှ မလိုချင်ဘူး၊ ဒုက္ခကို မြင်ကို မမြင်ရဘူး၊ အဲဒါကြောင့်မို့ မသိဘူး ပြောတာ။

မသိကြလို့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ, ဘုရားက ဟောထားတာ၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရတရားမျိုးဟာ ဘယ်နိဗ္ဗာန်မှ မပါဘဲ နိဗ္ဗာန် ရကို မရဘူး၊ အဲဒီ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရကလဲ ဒီ ပုညာဘိ သင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ,

စာထဲမှာ ဆိုထားတာသာ ရှိတာ၊ တကယ် အဓိပ္ပါယ်နှင့် သဘာဝ မိအောင် သိဘို့ အခက်သွားဘဲ၊ ဘာပြုလို့လဲ ပုညာဘိသင်္ခါရ ဘာခေါ်သလဲ၊ ဟိုစာနှင့် ပြောမယ် ဆိုလျှင်တော့ ကာမကုသိုလ်, ရူပကုသိုလ်လို့ ပြောမှာလား၊ ဘယ်သိလိမ့်မလဲ၊ နားမလည်ဘူး၊ ကာမကုသိုလ်၊ ရူပကုသိုလ်ဆိုတာ ဘာလဲ ဘုရားလို့ အဓိပ္ပါယ် ရှင်းရှင်း ဆိုလျှင်တော့ ဒါနပေါ့၊ ဒါန သင်္ခါရ ကုသိုလ်, သီလ သင်္ခါရကုသိုလ်, ဘာဝနာ သင်္ခါရကုသိုလ် ဒါဘဲပေါ့၊ အဲဒါ ပုညာဘိသင်္ခါရ ခေါ်တယ်၊ ပုညာဘိသင်္ခါရဆိုတာ ဒါန သင်္ခါရ, သီလသင်္ခါရ, ဘာဝနာသင်္ခါရ၊ အဲဒီ ဒါန, သီလ, ဘာဝနာ တရားဟာ နိဗ္ဗာန်ကို မရဘူးတဲ့၊ ဘာပြုလို့လဲ အဝိဇ္ဇာကြောင့် မရတာ၊ အဲဒီ ပဋိစ္စသမုပ္ပါဒ်ရတဲ့ ပုဂ္ဂိုလ်တွေ ရှိလျှင်တော့ ရှောက်ရှုတ်ကြည့်စမ်းပါလား။

| | |
|---|---|
| **အဝိဇ္ဇာကြောင့်** | သင်္ခါရဖြစ်တယ်၊ |
| **သင်္ခါရကြောင့်** | ဝိညာဏ်ဖြစ်တယ်၊ |
| **ဝိညာဏ်ကြောင့်** | နာမ်ရုပ်ဖြစ်တယ်၊ |
| **နာမ်ရုပ်ကြောင့်** | သဠာယတနဖြစ်တယ်၊ |
| **သဠာယတနကြောင့်** | ဖဿဖြစ်တယ်၊ |
| **ဖဿကြောင့်** | ဝေဒနာဖြစ်တယ်၊ |
| **ဝေဒနာကြောင့်** | တဏှာဖြစ်တယ်၊ |
| **တဏှာကြောင့်** | ဥပါဒါန်ဖြစ်တယ်၊ |

ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊
ဘဝကြောင့် ဇာတိ ပဋိသန္ဓေ၊
ဇာတိကြောင့် ဇရာအို၊
ဇရာကြောင့် မရဏာသေ၊

ဟော - သေပြီးတော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အဆုံးမှာ ဆယ့်တပါးသော မီး အလောင်ခံရတာဘဲ၊ အဲဒါ ဆယ့်တပါးသောမီး အလောင်ခံရတာ ဘယ်သူ့ကြောင့်လဲ၊ ဒါနကြောင့်၊ အဲဒီလိုဆိုတော့ အဝိဇ္ဇာအကြောင်းရင်း ခံထားတဲ့ ပုဂ္ဂိုလ်က နားကလေသွားတာပေါ့၊ မခံချင်တော့ဘူး၊ ဘယ့်နှဲ့ဗျာ ဒါနကြောင့် ဆယ့်တပါးသော မီး အလောင်ခံရတယ်လို့ ဟောမှဟောပလေလို့ဆဲတောင်ဆဲအုံးမှာ၊အဝိဇ္ဇာကြောင့်ဖြစ်တာ သူမသိဘူးပေါ့၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ဒါန၊အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ထိုဒါန၊ ထိုဒါနကြောင့် ဘာဖြစ်သလဲ၊ဆယ့်တပါးသော မီးလောင်၊ ကိုင်း ဒီလိုဆို ဘယ်သူ လှူကြအုံးမှာလဲ၊ ဘယ်သူမျှ မလှူတော့ဘူး၊ ဒုက္ခဘဲ အဲဒါမလှူရင်လဲ ဒုက္ခဘဲ လှူရမယ်၊လှူမှ လှူမှ ဒါနအကျိုးဟာ နိဗ္ဗာန်ကို မရသော်လည်း ပစ္စုပ္ပန်မှာ အကျိုးခံစားရလိမ့်အုံးမယ်၊ တမလွန်ဘဝမှာ ခံစားရလိမ့်အုံးမယ်၊ အကယ်၍မျှား ဟာ- ဒီလို ပဋိသန္ဓေနေတဲ့ ဒုက္ခတွေ, နာတဲ့ ဒုက္ခတွေ, သေတဲ့ ဒုက္ခတွေ ဒီလို သာ တွေ့နေရမယ်လို့ ဆိုလျှင်ဖြင့် ဒီဒါန ဘာလုပ်လှူမလဲဆို ဒုက္ခဘဲ၊ အဲဒါ မသိတဲ့ ပုဂ္ဂိုလ်ကျတော့ အတော် အဟောခက်တယ်၊ အပြောခက်တယ်၊ သဘောအဓိပ္ပါယ်ကလည်း အင်မတန်နက်တယ် အမှန်လှူရမယ်၊ ဒါနသည် လောကီ, လောကုတ္တရာ အကျိုးစီးပွား အမှန်ရတယ်၊ သို့သော် ဘုန်းကြီးများက ခုသာသနာတွင်း,

သာသနာပနှင့် ဖွဲ့ပြီးတော့ ရှင်းလင်းအောင် ပြတာ၊ သာသနာပ တရားမျိုးတော့ မဖြစ်ပါစေနှင့် သာသနာတွင်းတရား ဖြစ်ပါစေ လို့ဟု ရှင်းပြတာ၊ သာသနာတွင်း တရားက ဒါနသည် ခုနက ပြောတဲ့ ပဋိသန္ဓေ မနေရဘူး၊ ဒါနသည် မအိုရဘူး၊ ဒါနသည် မနာရဘူး၊ ဒါနသည် မသေရဘူး၊ ဒါနသည် သောကတို့ ပရိဒေဝ တို့ ဒုက္ခတို့ ဒေါမနဿတို့ ဥပါယာသတို့ မတွေ့ရဘူး။

ဘယ့်နှဲ့လဲ အရှင်ဘုရား- စကားနှစ်ခု ဖြစ်နေသလဲ၊ ခုနကတုန်း ကတော့ ဒါနနှင့်ပဋိသန္ဓေနေရပုံ၊ ဒါနနဲ့ အိုရပုံ၊ ဒါနနဲ့ သေရပုံ၊ ဒါနကြောင့် သောက, ပရိဒေဝ, ဒုက္ခဆိုတဲ့ ဘေးဆိုးတွေနဲ့ တွေ့ရ ပုံ ပြောပြီးတော့ အခုဘဲ လွတ်တယ် ပြောတယ်၊ အဲဒါ သာမည နှင့်တော့ မသိဘူး၊ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့်မှ သိကြလိမ့်မယ်၊ ဘာ့ကြောင့်လဲ ဝိဇ္ဇာဉာဏ်တဲ့၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် ခေါ်တယ်၊ ဝိဇ္ဇာဉာဏ်ကိုရတဲ့ ပုဂ္ဂိုလ်ကျတော့ ဟော-ဒီ နှစ်ဦးစလုံး သိတယ်၊ ဘယ်လို နှစ်ဦးစလုံး သိသွားသလဲ၊ ဒါကြောင့် ခုနက ပြောတဲ့ ပဋိသန္ဓေနေရတာ ဘာကြောင့်လဲ၊ ဒါနကြောင့် ပဋိသန္ဓေနေရ ခြင်းဟာ ဒါနကြောင့် မဟုတ်ဘူး၊ ဆဲပြီးတော့ ဒါနကို ပြောရ တာ၊ စင်စစ် အဝိဇ္ဇာနှင့် တဏှာကြောင့်၊ ဒီလိုဆိုလျှင် နားမလည် မှာစိုးလို့ ဥပမာ တင်ပြတယ် ဒါကြောင့်လို့၊ တကယ်အစစ်ကတော့ အဝိဇ္ဇာနှင့် တဏှာကြောင့်၊ ဟော- အဝိဇ္ဇာကသာလျှင် ဒုက္ခကို မမြင်၊ အဝိဇ္ဇာက ဒုက္ခကို မမြင်တော့ သမုဒယတဏှာဝင်၊ ဟော- သမုဒယတဏှာ ဝင်တယ်ဆိုလျှင် လူ့စည်းစိမ်, နတ်စည်းစိမ်,ဗြဟ္မာ့ စည်းစိမ်တွေကို လိုချင်လာရော၊ချမ်းသာတယ် ထင်တာကိုး၊အဲဒီလို ချမ်းသာတယ်လို့ အထင်အမြင်လွဲလျှင် စိတ်ချပါ၊ ဒုက္ခ ကေန်မလွဲ တွေ့မယ်၊မချမ်းသာမှ မချမ်းသာဘဲ၊ဘယ်အခါမျှ မချမ်းသာဘူး။

အခု အားလုံး ချမ်းသာတယ်လို့ အထင်အမြင် လွဲနေတဲ့ တရားတွေ အများကြီးရှိတယ်၊ ဘယ်နေရာမှာလဲ ချမ်းသာတာ၊ မျက်စိ မြင် သိလုံးလေးတွေဘဲ ချမ်းသာတယ် ထင်လိုထင်၊ နားက ကြားသိလုံးကိုဘဲ ချမ်းသာတယ် ထင်လိုထင်၊ မှားနေတာတွေ၊ နှာခေါင်းက နံသိလုံးကိုဘဲ ချမ်းသာတယ် ထင်လိုထင်၊ လျှာ ပေါက်က စားသိလုံးကိုဘဲ အကြောင်းပြု၍ ချမ်းသာတယ် ထင် မှားပုံ၊ ကိုယ်ပေါက်က အတွေ့ကိုဘဲ အကောင်း အမွန် အမြတ် တနိုး ထင်ပြီးသကာလ ချမ်းသာတယ် ထင်မှားပုံ၊ မနောက ကြံသိလုံးကို အကြောင်းပြု၍ ချမ်းသာတယ် အထင်မှားပုံတွေဟာ ဘယ်သူ့ကြောင့်လဲ ဆိုတော့ အဝိဇ္ဇာကြောင့်ပေါ့၊ အဝိဇ္ဇာက မသိအောင်, ဒုက္ခမမြင်အောင် ကာကွယ်ထားတော့ ဟော-သမုဒယတဏှာက ချမ်းသာတယ်လို့ ထင်ပြီး နှစ်သက်တဲ့ သမုဒယ တဏှာတဲ့၊ မဖြစ်ချင်တာကမှ မဂ္ဂသစ္စာခေါ်တယ်၊ အဲဒီတော့ သမုဒယနှင့် မဂ္ဂင် ဒီ နှစ်ခုပါဘဲ လွယ်လွယ်လေး၊ ခပ်ရှင်းရှင်းကလေး၊ ဒါနတခုကိုပြုတယ်၊ သမုဒယတဏှာနှင့်ပြုတဲ့ပုဂ္ဂိုလ်နှင့် မဂ္ဂသစ္စာနှင့် ပြုတဲ့ပုဂ္ဂိုလ် ကွာရုံ ဘယ်ကမလဲ စကြဝဠာအနန္တ ကွာသွားတယ်။

သီလစောင့်လျှင်ကော ထိုနည်းတူစွာ၊ သီလစောင့်လျှင်လည်း သမုဒယတဏှာနှင့် စောင့်တဲ့သီလ၊ ဟော- သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်နှင့် စောင့်တဲ့သီလ ၂-မျိုးပေါ့၊ ဒါ ဘယ့်နှယ်လုပ်မလဲ၊ ဘယ်နဲ့လုပ်မှ မတတ်ဘူး၊ ဒါ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိမှ မှန်တာ၊ ဘုန်းကြီးက ပေါက်ဆိန်နှင့် ပေါက်ဟောတောင် နားမလည်ဘူး၊ ကိုယ့်ဟာကို သိရမယ်၊ ဒါကြောင့် ခုဒီမှာ သင်ပေးတာ။

ကိုင်း-ဘာဝနာပွားတယ်၊ ဘာဝနာပွား ကုသိုလ်ရတယ်ဆိုတာတော့ ကလေးတောင် သိတာပေါ့၊ သိပေတဲ့ ခုပြောတဲ့ သမုဒယတဏှာ အရင်းခံတဲ့ ဘာဝနာ, သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ် အရင်းခံတဲ့ ဘာဝနာ ၂-မျိုးရှိတယ်၊ သမုဒယတဏှာ အရင်းခံတဲ့ ဘာဝနာတွေ ဒကာ, ဒကာမတွေ မြင်ကောင်း မြင်ပါလိမ့်မယ်၊ အမှတ်တမဲ့ ဂရုမစိုက်ဘဲနေလျှင်သာ အခုခေတ်မှာ သမုဒယတဏှာနှင့် ပွားတဲ့ ဘာဝနာ ရှိတတ်တယ်၊ ပုတီးဂိုဏ်းတွေလေ အမျိုးမျိုး သမထလမ်းတွေ အားထုတ်ပြီးသကာလ ဂုဏ်တော်တွေ ပွားတဲ့ ပုဂ္ဂိုလ်တွေကလဲ အနန္တဘဲ၊ အများဘဲ၊ ဘာဖြစ်လို့ ပွားသလဲဆိုတော့ သမုဒယတဏှာနှင့်လေ၊ ဘာလဲ ဈေးခေါ်ကောင်းအောင် ဈေးရောင်းကောင်းအောင်,ရာထူးတိုးအောင်, ဂုဏ်ကျက်သရေတိုးအောင်, ဂုဏ်ရှိအောင်, စီးပွားချမ်းသာ တိုးတက်လာအောင်၊ ပြီးတော့ ဝိပဿနာလုပ်ငန်းတွေနှင့် ယှဉ်ပြီးတော့ အားထုတ်နေတာ ပြည့်လို့ပေါ့၊ အဲဒါဘာလဲ ဘာဝနာဟာ သမုဒယတဏှာ ဝင်တဲ့ဘာဝနာပေါ့၊ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ဝင်တဲ့ ဘာဝနာ မဟုတ်ဘူး၊ သမုဒယတဏှာ ဝင်နေတာ၊ အမှန်အားဖြင့် သူတို့ ပစ္စုပ္ပန် အကျိုးလေးသာ သူမြှော်ကိုးတာ၊ သံသရာ နောင်ရေးအကျိုးကို မြှော်ကိုးတဲ့ တရားတွေ မဟုတ်ဘူး၊ ပစ္စုပ္ပန်လေး မက်ပြီးတော့ ပစ္စုပ္ပန်မှာ ချမ်းသာဘို့ သွားနိုင်, လာနိုင်, စားနိုင်, သောက်နိုင်, ရောင်းနိုင်,ဝယ်နိုင်ဘို့၊ ရောင်းကောင်း,ဝယ်ကောင်း, စားကောင်း, သောက်ကောင်း, နေကောင်း, ထိုင်ကောင်း စီးပွားဥစ္စာတွေ တနေ့တခြား တိုးတက်အောင် ဆိုပြီးတော့ အဲဒီလို လုပ်နေတာ အနန္တမဟုတ်လား။

သုမေဓာဝတီ (က) ၁၁၈- ၅　　　　တတိယအကြိမ်

ကိုင်း- ဒကာ ဒကာမတွေ မယုံလျှင် ဟော ရန်ကုန်မြို့မှာ ဆယ် အိမ်လောက် ရှောက်ကြည့်၊ တအိမ် တချို့ အိမ်တွေမှာ ငှက်ပျော ပွဲလေးတွေပြင်ပြီးတော့ အိမ်ဦးခန်း တင်ထားတာတွေ တွေ့မှာပေါ့၊ ဒါတွေ ဘာတွေလဲ၊ သမုဒယတဏှာပေါ့၊ ဟော-လောကီအကျိုး စီးပွားလေး မက်တာ၊ ပစ္စုပ္ပန် အကျိုးလေး မက်ပြီးတော့ သံသရာ နောင်ရေး ဘယ်လို နေနေ နောက်ပိုင်း ပေယျာလ ထားပြီးတော့ ပစ္စုပ္ပန် အကျိုးကို ခံစားလိုလို့ လုပ်ကြတာတွေ၊ ကိုယ်တိုင် သိကြမှပေါ့၊ အဲဒါတွေ သေသေချာချာ စဉ်းစားကြည့်၊ အင်မတန့်ကြောက်ဖရာ ကောင်းတယ်၊ ကြောက်ဘို့ကောင်းတယ်၊ အဝိဇ္ဇာ- အဝိဇ္ဇာ သိမှ လည်း မဟုတ်ဘူးပေါ့၊ သိလည်း ဘာလုပ် ရမလဲ၊ သိလျှင် မလုပ်ရဘူး မသိလို့၊ အဲဒါကြောင့်မို့လို့ တို့ဆီမှာ သင်တန်းတက်တယ်၊ အမှန်ခန္ဓာကို တွေ့အောင်ရှာ၊ အာယတနကို တွေ့အောင်ရှာ၊ ဓာတ်တွေကို တွေ့အောင်ရှာ၊ တွေ့ပြီ ခန္ဓာ, အာယတန, ဓာတ် မပြတ် ဖြစ်နေတယ်၊ အဲဒီ ခန္ဓာ, အာယတန, ဓာတ်ကိုတကယ်တမ်းအမှန် မပြတ် ဖြစ်နေတာ ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နှင့် တွေ့ကြလျှင် စိတ်ချ မလိုချင်တော့ဘူး၊ သမုဒယတဏှာ တွေ မလိုချင်တော့ဘူး၊ သမုဒယတဏှာ မဝင်တော့ဘူး၊ ဘာပြုလို့ မဝင်သလဲ၊ မလိုချင်ဘူးလေ၊ ဒုက္ခမှန်း သိသွားပြီ၊ ဒုက္ခအစစ်ကို တကယ်တွေ့လို့ လိုချင်တယ်ဆိုတာ အလကား ညာတာ မမှန်ဘူး၊ ဒုက္ခအစစ်ကို တကယ် မတွေ့လို့သာ သမုဒယ တဏှာက ဝင်သွားတာ၊ ဒါကြောင့် အလွန် အဖောခက်တဲ့ တရား, အပြော ခက်တဲ့တရား၊ သဘောလဲ အလွန်နက်တဲ့ တရား၊ မလွယ်ဘူး၊ မလွယ်ဘူး၊ ဒီတရားကို ဟောတဲ့ ပုဂ္ဂိုလ်လည်း မလွယ်ဘူး၊ နာတဲ့ ပုဂ္ဂိုလ်လည်း မလွယ်ဘူး၊ အသိခက်တယ်၊ အလွန်အသိခက်တယ်၊

အဲ-သိလျှင် ယခု တရားနာနေရင်း တထိုင်တည်းနှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်ပါတယ်၊ ဘာပြုလို့လဲ သမုဒယတဏှာ ပြတ်သွားလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန် မျက်မှောက် ပြုနိုင်တာဘဲ၊ သမုဒယတဏှာ ပြတ်သွားလျှင် သမုဒယတဏှာ ပြတ်သွားတယ် ဆိုကတည်းက အဝိဇ္ဇာပြတ်၊ ဟော-အဝိဇ္ဇာပြတ်၊ ဝိဇ္ဇာဉာဏ်ဝင်၊ သမုဒယတဏှာပြတ်၊ ဟော-ပြတ်လျှင် ဒိဋ္ဌိပြုတ်၊ အဲ ဒိဋ္ဌိပြုတ် ဆိုကတည်းက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် မျက်မှောက် ပြုနိုင်တဲ့ တရား အစစ်ပေါ့၊ ဒါကြောင့်မို့လို့ ခု လမ်းပြတယ်၊ ဘာလမ်း ပြသလဲ၊ အမှန် ဘုရားကိုယ်တော်မြတ် ကိုယ်တိုင် ဟောတော်မူတဲ့ ဓာတ်တွေ၊ ကလာပ်တွေ၊ ပရမတ်တွေ၊ ရုပ်တွေ၊ နာမ်တွေ၊ ဧကန် မလွဲ မမြဲတမ်းရှိတယ်ဆိုတာသိ၊ ဟော-သိတော့ လှူလို့လည်း ကောင်းတယ်၊ ဒီလို ကြပ်ကြပ်သိလေ လှူလေပါဘဲ။

အဲ-တို့ အနာထပိဏ် သူဌေးတို့၊ ဝိသာခါတို့ဆိုတာ သိတာပေါ့၊ ဝိသာခါတို့မျှား ၇-နှစ် အရွယ်က သိတာပေါ့၊ အသိတရား ရ၊ လာတော့ ဘယ်လောက်မျှား သဒ္ဓါရှိသလဲဆို နေ့တိုင်း လှူတာ၊ အိမ်မှာ ဆိုလျှင်ဖြင့် သံဃာတော်တွေ ငါးရာ၊ တထောင် စသည် ဖြင့် နေ့တိုင်း မပြတ် အမြဲနိစ္စဗဒ် လှူနေတယ်၊ အနာထပိဏ် သူဌေးကလည်း ထိုနည်း တူစွာ သူ့အိမ်မှာ ငါးရာ တထောင် မပြတ် သံဃာတော်တွေ နေ့တိုင်းမပြတ် လှူတာဘဲ၊ ကိုင်း-ကျောင်း တော်ကြီးတွေ ဆောက်လိုက်တာ ဆိုတာ အတုမရှိ မဟုတ်လား၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကို ဆောက်တာ၊ ဝိသာခါ တို့ဆိုတာ ပုဗ္ဗာရုံကျောင်းကြီး ဆောက်လိုက်တာ ကုဋေမှ နည်း လား၊ ၉-ကုဋေ၊ အဘိုး ၉-ကုဋေတန်တဲ့ ပုဗ္ဗာရုံကျောင်းကြီးမျှား ဆောက်ပြီး လှူလိုက်တာ၊ ဒါ ကြပ်ကြပ်သိလေ သဒ္ဓါလေပေါ့၊

ယုံကြည်ဒါပေါ့၊ ယုံကြည်တဲ့ သဒ္ဓါတရားက ကြပ်ကြပ် ပေါ် လာလေ အလှူအတန်း ရက်စက်လေဘဲ၊ ဘာပြုလို့လဲ ဒီ ဒါန ကြောင့် သူ ပဋိသန္ဓေ မနေရဘူးဆိုတာ သူ သိထားတာ၊ ဒီတော့ ရဲတာပေါ့၊ ဒါနကြောင့် ပဋိသန္ဓေနေရမည် ဆိုလျှင် ကြောက် တော့ မလှူရဲဘူး၊ ဟော- သူကတော့ ငါ ဒါနကြောင့် ပဋိသန္ဓေ မနေရဘူးဆိုတာ သိပြီ၊ ဒီ ဒါနကြောင့် ငါ ပဋိသန္ဓေ မနေရဘူး၊ ဒီ ဒါနကြောင့် ငါ မအိုရဘူး၊ ဒီ ဒါနကြောင့် ငါ မသေရဘူး ဆိုတာ သိပြီ၊ သိတော့ ဘယ် ရဲတာပေါ့၊ လှူရဲတယ်၊ ဒါနကြောင့် ပဋိသန္ဓေ မနေရဘူးဆိုတာ ကိုယ်တိုင်သိ၊ သီလကြောင့် ပဋိသန္ဓေ မနေရဘူးဆိုတာ ကိုယ်တိုင်သိ၊ ဘာဝနာကြောင့် ပဋိသန္ဓေ မနေရဘူးဆိုတာ ကိုယ်တိုင်သိ၊ ဟော- ကိုယ်တိုင်သိတော့ လှူရဲ တာပေါ့။

တို့ ဒကာ, ဒကာမတွေကျတော့ ဘာပြုလို့လဲ၊ သေသေချာချာ အပိုင်အနိုင် မသိတော့ မရဲဘူး၊ ဘာပြုလို့လဲ၊ ကြောက်စရာ အင်မတန် ကောင်းတယ်၊ ဒါနကလည်းဘဲ ဒါန အကြောင်းပြု ပြီးတော့ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေကို သမုဒယတဏှာက ဝင်ပြီးတော့ တွယ်လိုက်လျှင် ပြီးပါရော၊ သမုဒယက ဝင်တွယ် လိုက်လျှင် ငါသည် ပဋိသန္ဓေ နေရပါလို၏၊ ဤ ဒါနကြောင့် ငါသည် အိုရပါလို၏၊ ဤ ဒါနကြောင့် ငါသည် နာရပါလို၏၊ ဤဒါနကြောင့် ငါသည် သေရပါလို၏ ဆုမတောင်းသော်လည်း တောင်းသကဲ့သို့ပေါ့၊ တောင်းတော့ မတောင်းပါဘူး။

တို့ ဒကာ, ဒကာမတွေ တယောက်စီ မေးကြည့်၊ မိမိ ဒါန ကြောင့် ပဋိသန္ဓေ နေရပါလို၏-ဟု ဆုများ တောင်းရဲ့လားလို့

မေးကြည့်စမ်း၊ ဘယ်သူမှ အဖြေထွက်မှာ မဟုတ်ဘူး၊ ဟာ-တပည့် တော် မတောင်းပါဘူးလို့ သည်လို ဒါနကြောင့် ပဋိသန္ဓေ နေရ ပါလို၏လို့ မတောင်းပါဘူး၊ ဒါနကြောင့် အိုရပါလို၏လို့ ဘယ် တောင်းမလဲ၊ ဒါနကြောင့် သေရအောင် ဒို့ မတောင်းပါဘူး၊ ဒါနကြောင့် ဗျာဓိ ဒုက္ခ ဘေးကြီးတွေနှင့် တွေ့ရပါစေလို့ ဒို့ ဘယ်တော့မှ မတောင်းပါဘူး၊ မတောင်းသာ မတောင်းတာ၊ အဲဒီ ဒါနကြောင့် ဘဝသမ္ပတ္တိတွေ, ဘောဂသမ္ပတ္တိတွေ တကထဲ ဘုန်းကြီးတွေက ဆုပေးတယ်၊ တောင်းတယ်၊ ဤဒါန တည်းဟူ သော ကုသိုလ်ကောင်းမှုကြောင့် ဇောတိက, ဇဋိလ, မေဏ္ဍက, ကာကဝဏ္ဏ ဟူသော သူဌေးကြီး လေးဦးတို့ကဲ့သို့ ရွှေအိုး, ရွှေတောင်, ရွှေပဒေသာ, ရွှေနန်းပြာသာဒ် ပေါက်ခြင်း သုံးစွဲ၍ မကုန်နိုင်သောဆို၍ အကြောင်းလေး ပြုပြီးတော့ဆုပေးလိုက်တယ် ဆိုလျှင်ဘဲ ဒကာ, ဒကာမတွေက အူကြိမ်မြူးပြီးတော့ ဝမ်းမြောက် ဝမ်းသာနှင့် ဟောတော်မူတဲ့အတိုင်း ပြစ်ပါစေဘုရား ဆိုပြီးတော့ ကထဲ ဆုတောင်း မပါဘူးလား၊ တောင်းတာဘဲ၊ ငြင်းနေစရာ မဟုတ်ပါဘူး၊ တောင်းတယ်၊ အဲ-တောင်းကတည်းက ဘာထူး သလဲ၊ခုနကတုန်းက ပြောတဲ့ပဒေသရာဇ်, ကေရာဇ်,စကြာမန္ဓာတ်, သိကြား, အသုရာ, သန္တုသိတ စသော နတ်မင်း, နတ်မိဖုယား တို့၏ စည်းစိမ်ချမ်းသာ ဇောတိက, ဇဋိလ,မေဏ္ဍက, ကာကဝဏ္ဏ ဟူသော သူဌေးကြီးတို့ ကဲ့သို့ ဖြစ်ရပါလို၏ ဆိုတာ ငါသည် ပဋိသန္ဓေ နေရပါလို၏တဲ့ ဆိုတာနှင့် ခြားသေး သလားလို့၊ ပဋိသန္ဓေနေ မအိုဘူးတဲ့လား၊ မနာဘူးတဲ့လား၊ မသေဘူးတဲ့လား၊ ဘာထူးသလဲ၊ အဝိဇ္ဇာကြောင့် မမြင်တာ၊ ဝိဇ္ဇာဉာဏ်မှ မြင်တာ၊ အဝိဇ္ဇာက လုံးလုံး မမြင်တဲ့တရား၊ အဲဒါကြောင့်မို့ လို့ တကယ်

အစစ် ကြောက်စရာ ကောင်းတယ်လို့ ခဏ, ခဏ ဥပမာ ပြပြ ပြီးတော့ ဟောလေ့ရှိပါတယ်၊ ဒီပစ္စုပ္ပန်မှာ အဆဲခံရတာထက် ဆရာလုပ်တဲ့ ပုဂ္ဂိုလ်ဟာ တမလွန် ဘဝမှာ အဆဲခံရတာ သာ ကြောက်ဘို့ ကောင်းတယ်လို့ ခဏ ခဏ ပြောတယ်၊ ဘာပြုလို့လဲ ဆိုတော့ ဒို့ နိပါတ်တော် တွေထဲမှာ ပါလာတယ်၊ သေခါမှ အဆဲခံရတဲ့ ဝတ္ထုတွေ ဒို့တွေ့ဘူးတယ်၊ ဘယ်လို တွေ့လို့လဲ ဆိုတော့။

## သူကြွယ်လေးယောက်နှင့် ရသေ့လေးပါး

သူကြွယ် လေးယောက်နှင့် ရသေ့လေးပါး၊ သူကြွယ်လေး ယောက်က ရသေ့လေးပါးကို ကိုးကွယ်ကြတယ်၊ ကိုးကွယ်ခံရတဲ့ ရသေ့တွေက သာမည ရသေ့တွေ မဟုတ်ဘူး၊ ဈာန်အဘိညာဏ် တန်ခိုး အမျိုးမျိုးနှင့် ပြည့်စုံတဲ့ ရသေ့တွေပေါ့၊ အဲဒီ ရသေ့ လေးပါးကို သူကြွယ်လေးယောက် သူငယ်ချင်းတွေ တယောက် တပါးကျစီ ကိုးကွယ်ထားတယ်၊ တနေ့ကျတော့ ရသေ့များက သူတို့ ဈာန် အဘိညာဏ် ရတဲ့ တန်ခိုးရှိ ပုဂ္ဂိုလ်တွေ ဖြစ်တော့ **ဒေသစာရီ** လှည့်ကြတာပေါ့၊ ဒေသစာရီ လှည့်လည်တဲ့ အခါ ရသေ့တပါးက ဘယ်သွားသလဲ၊ ဟို သိကြားပြည်ကို သွားတယ်၊ ရသေ့တပါး ကတော့ **ကောရပ္ဗနိုင်ငံကို** ကြွသွားတယ်၊ ရသေ့ တပါးကတော့ ဂဠုန်ပြည် **လက်ပံတောကို** ကြွသွားတယ်၊ ရသေ့ တပါးကတော့ နဂါးပြည် **ဘောဂဝတီ** နိုင်ငံကို ကြွသွားတယ်၊ အဲဒီလို အသီးသီး လှည့်ပတ် သွားလာကြပြီး အချိန်ကျတော့ မိမိတို့ ဒကာများရှိရာ ဒေသသို့ ပြန်လာကြတာပေါ့၊ ပြန်လာ တော့ ဒကာတွေက လျှောက်တယ်၊ အရှင်ဘုရား ဘယ်အရပ်များ

ကြွကြပါသလဲ ဘုရားလို့ အသီးအသီး လျှောက်ကြတော့ သူ့ဒကာနှင့် သူ့ဆရာ လျှောက်ထားကြတော့ အသီးအသီး ပြန်ပြောကြတယ်။

သိကြားပြည် ကြွသွားတဲ့ ရသေ့ကလည်း ငါ့သည် တာဝတိံသာ သိကြားပြည် ကြွခဲ့တယ်၊ တပါးက ကောရပ္ပနိုင်ငံ သွားပြန်တော့ ငါတော့ကွယ် ကောရပ္ပနိုင်ငံ သွားခဲ့တယ်၊ တပါးကလည်း ဂဠုန်ပြည် လက်ပံတော ငါသွားခဲ့တယ်၊ တပါးက ဘောဂဝတီ နဂါးနိုင်ငံ ငါသွားတယ်လို့ အသီးသီး ပြောကြတာပေါ့၊ အဲဒီလို ပြောတော့ ဒီသူကြွယ်တွေက မေးကြတယ်၊ အရှင်ဘုရား သိကြားပြည်ကို အရှင်ဘုရား ကြွတယ်ဆိုလျှင် အမိန့်ရှိစမ်းပါအုံးဘုရား၊ သိကြား၏ အကြောင်း၊ အောင်မယ်လေး ဒကာရေ မပြောနဲ့ သိကြားမင်းရဲ့ စည်းစိမ်ကြီး ဟာကွယ် သိကြား ကျက်သရေဟာ လောက သိပ်ကြီးကျယ်တာဘဲ၊ အင်မတန် တင့်တယ်ဖွယ်ရာ မောင်းမမိဿံ ခြွေရံသင်းပင်းနှင့် တကွ တူရိယာငါးပါး ဖျော်ဖြေလို့ နတ်၏ သဘင်ဟာ အင်မတန် တင့်တယ် ခမ်းနားတာဘဲ၊ သိကြား၏ ကျက်သရေကောင်း သလောက် သူမြင်ခဲ့သလောက်ကို ဖောက်သည်ချ ပြောတာပေါ့၊ အဲဒီလို ပြောလိုက်တော့ကာ သူ့ဒကာက သရေကျနေတာ၊ အောင်မယ် ဒီလိုဆိုလျှင် အရှင်ဘုရား- တပည့်တော် သိကြားမင်း ဖြစ်ချင်လိုက်တာ၊ အခု အရှင်ဘုရားထံမှာ သည်လို သိကြားမင်း ဖြစ်ရအောင် ဆုတောင်းလျှင် မရနိုင်ဘူးလား ဘုရားလို့ လျှောက်တော့ ဟဲ့ဒကာ တောင်းရတာပေါ့၊ ဒါဖြင့် ဘုရားတပည့်တော် အရှင်ဘုရားအား လှူရတဲ့

ကုသိုလ် အကျိုးကြောင့် နောင် တမလွန်ဘဝ သိကြားပြည်၌ သိကြားမင်း ဖြစ်ရပါလို၏လို့ ဆုတောင်းတယ်။

**ကောရဗ္ဗနိုင်ငံ** သွားတဲ့ ရသေ့ကျတော့လဲ ဒီလိုဘဲ ကောရဗ္ဗမင်းကြီး၏ ကျက်သရေတို့ ဇမ္ဗူဒီပ ပါ တောင်ကျွန်းမှာ ဆိုလျှင် ကောရဗ္ဗနိုင်ငံ၏ ကျက်သရေဟာ အတော် ကြီးကျယ်တာ၊ အင်မတန် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတာ၊အဲဒီတော့ ကောရဗ္ဗမင်းကြီး၏ ရတနာ ၇-ပါးဖြင့် တင့်တယ်တဲ့ အခြင်းအရာတွေ သူကိုယ်တိုင် တွေ့တဲ့အကြောင်း ရသေ့က ဖောက်သည်ချပြီး ပြောလိုက်တော့ သူ့ဒကာက အင်မတန် နှစ်သက်တာပေါ့၊ကောရဗ္ဗမင်းကြီး ဖြစ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ ဒါဖြင့် အရှင်ဘုရား တပည့်တော် အရှင်ဘုရား ဒီ-ကောရဗ္ဗဆုကို တပည့်တော် တောင်းလျှင် မရနိုင်ဘူးလား၊ ဟာ-ဒကာ တောင်းလျှင် ရတယ်၊ ဒီလိုဆိုလျှင်ဘုရား အရှင်ဘုရားကို တပည့်တော် လှူရတဲ့ အကျိုးကြောင့် ကောရဗ္ဗမင်းကြီး ဖြစ်ရပါလို၏ အရှင်ဘုရားလို့ အဲဒီလို ဆုတောင်းတယ်။

**ဂန္ဓုန်ပြည် လက်ပံတော** သွားတဲ့ ရသေ့နှင့် သူ့ဒကာနှင့် တခါ လျှောက်ထားတော့ အရှင်ဘုရား- ဘယ်အရပ်ကြွပါသလဲ၊ ဟာ-ငါ ဂဠုန်ပြည် လက်ပံတော သွားတာဘဲ၊ ဒါဖြင့် အရှင်ဘုရား ဂဠုန်ပြည် လက်ပံတော အကြောင်း အမိန့်ရှိပါအုံး ဘုရား၊ အေး ဒါယကာ ဂဠုန်မင်းကြီးဟာ တယ်- တန်ခိုးကြီးပါလားကွယ်၊ တကတဲ သူ့မှာလေ ရတနာဗိမာန်နှင့် ရတနာ ၇-ပါးနှင့် ပြည့်စုံတဲ့ ဘုံဗိမာန် သူ့မိဖုယားမောင်းမမိဿံ ခြွေရံသင်းပင်းတွေနှင့် တူရိယာ ၅-ပါး အပျော်အပြေနှင့် နတ်၏ စည်းစိမ်

အင်မတန် တင့်တယ်ဖွယ်ရာနှင့် ကောင်းတာဘဲလို့ သူက ကတဲ မြင်ခဲ့ရကဲ့ ဥစ္စာကို ဖောက်သည်ချပြီးတော့ သာယာခြင်းကြီး တထပ် ရသေ့က ပြောတာပေါ့၊ ပြောလိုက်တော့ သူ့ဒကာက ဂဠုန်၏ ကျက်သရေ တယ်- လိုချင်နေတာကိုး၊ သူ့စိတ်ထဲမှာ ဒီလိုဆိုလျှင် အရှင်ဘုရား- တပည့်တော် ဂဠုန်မင်းကြီး ဆုမျှား တောင်းရင် ရမလား၊ ဟဲ့ ဒကာ တောင်း ရတာပေါ့၊ ဟာ-ဒါဖြင့် အရှင်ဘုရားကို လှူရတဲ့ အကျိုးအားကြောင့် တပည့်တော် ဂဠုန်မင်းကြီး ဖြစ်ရပါလို၏ အရှင်ဘုရားလို့ ဆုတောင်းတယ်။

**ဘောဂဝတီနိုင်ငံ** နဂါးပြည် သွားတဲ့ ရသေ့နှင့် ဒကာကလဲ အရှင်ဘုရား- ဘယ်ကြွသလဲလို့ မေးတော့ 'ငါ ဘောဂဝတီနိုင်ငံ သွားတယ်၊ အမိန့်ရှိစမ်းပါအုံးဘုရားလို့ လျှောက်တော့ ဘောဂဝတီနိုင်ငံ နဂါးပြည်ဆိုတာ နတ်နဂါးတွေ အင်မတန် တန်ခိုးကြီးတာ၊ အဲဒီ နတ်နဂါးတွေကလဲ အခုပြောသလို ရတနာ ၇-ပါးဖြင့် ခြယ်လှယ်တဲ့ ထီးနန်းစည်းစိမ် ဥစ္စာရတနာတွေနှင့် မိဖုယား မောင်းမမိဿံ ခြွေရံသင်းပင်းတွေနှင့်တကွ တူရိယာငါးပါးပါ ဖျော်ဖြေပြီးတော့ နတ်၏အတွေ့ နတ်၏စည်းစိမ်တွေကို ခံစားနေတာ သူကိုယ်တိုင် တွေ့ခဲ့တာပေါ့၊ တွေ့ခဲ့ရတော့ သူတွေ့ခဲ့တဲ့ အခြင်းအရာတွေ အကုန်ပြန်ပြောတော့ သူ့ဒကာက ဘောဂဝတီနိုင်ငံကို အင်မတန် သူလိုချင်နေတာပေါ့၊ ဒီလိုဆို အရှင်ဘုရား- တပည့်တော် နဂါးမင်းကြီး ဆုတောင်းလျှင် ရမလား၊ ဟာ- ဒကာ ရတာပေါ့၊ ဒါဖြင့် အရှင်ဘုရား- တပည့်တော် အရှင်ဘုရားကို လှူရတဲ့ အကျိုးအားကြောင့် ဘောဂဝတီ နိုင်ငံမှာ နဂါးမင်းကြီး ဖြစ်ရပါလို၏လို့ ဆုတောင်းတယ်၊ အဲဒီလို တောင်းလိုက်တော့ အသီးအသီး ပတ္တနာအားလျော်စွာ ရကြတာပေါ့။

သေလွန်သွားတဲ့ အခါကျတော့ ကောရဗ္ဗနိုင်ငံ သွားချင်တဲ့ လူကတော့ ကောရဗ္ဗ မင်းကြီးဖြစ်၊ သိကြားပြည် ဆုတောင်းတဲ့ လူကလည်း တာဝတိံသာ နတ်ပြည် သိကြားမင်းကြီးဖြစ်၊ ဂဠုန် ပြည် လက်ပံတော ဆုတောင်းတဲ့ သူကြွယ်ကလည်း ဂဠုန်ပြည် လက်ပံတောမှာ ဂဠုန်မင်းကြီးဖြစ်၊ ဘောဂဝတီပြည် နဂါးမင်း ဆုတောင်းတဲ့ ပုဂ္ဂိုလ်ကလည်း ဘောဂဝတီ နဂါးမင်းကြီးဖြစ်၊ အဲ- လေးဦးသား အသီးအသီး ပတ္တနာအားလျော်စွာ ဖြစ်ကြ တာပေါ့၊ ဖြစ်တော့ တို့လူ့ပြည်မှာ တနှစ် တကြိမ် တကြိမ် နက္ခတ် သဘင်ပွဲရယ်လို့ ရှိတယ်၊ တို့ခုကာလ တန်ဆောင်မုန်းပွဲတွေနှင့် တူပါတယ်၊ အဲဒီလို ကောရဗ္ဗနိုင်ငံမှာ နက္ခတ်သဘင်ပွဲ ကြုံတဲ့ အခါကျတော့ အင်မတန် ပျော်ဆိုတာဘဲ၊ နက္ခတ်သဘင်ပွဲဆိုတာ ဟုတ်ချင် ဟုတ်မှာပေါ့၊ တို့ရန်ကုန်မြို့ တောင်မှ တန်ဆောင်မုန်းပွဲ၊ သီတင်းကျွတ် ပွဲများမှာ ကြိတ်ကြိတ်တိုး စည်တာပေါ့၊ အင်မ တန် ပျော်ကြတယ်၊ အဲ-ဟို-ကောရဗ္ဗနိုင်ငံမှာလည်းဘဲ ခုနက ပြောတဲ့ နက္ခတ်သဘင်ပွဲနှင့် ကြုံတဲ့အခါကျတော့ နဂါးပြည်က လည်း နဂါးက လူယောင်ဆောင်ပြီးတော့ ပျော်ရအောင် လာတာဘဲ၊ ဂဠုန်ပြည် လက်ပံတောက ဂဠုန်မင်းကြီးကလည်း လူယောင်ဆောင်ပြီးတော့ပျော်ရအောင်လာတာဘဲ၊ကောရဗ္ဗမင်း ကြီးကလည်း သူပျော်ပွဲ ထွက်တာဘဲ၊ သိကြားမင်းကလည်းဘဲ လူယောင် ဖန်ဆင်းပြီး လူ့ပြည်ထွက်ပြီး ပျော်ပွဲဝင်သေးတာဘဲ၊ အဲဒီလို ပျော်ပွဲဝင်တဲ့ အခါကျတော့ အသီးအသီး ပျော်နေတဲ့ အထဲမှာ ခုနက ပြောတဲ့ နဂါးရယ်, ဂဠုန်ရယ်, ကောရဗ္ဗမင်းကြီး ရယ်, သိကြားရယ် လေးဦးသား သူတို့က သာမညပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ အလောင်းတော်တွေဘဲ၊အဲဒါလို အလောင်းတော်တွေ

ဆိုတော့ တော်တော့ အဓိပတိပုဂ္ဂိုလ်တွေပါဘဲ ဇာတိဿရဉာဏ် လည်း ရကြတယ်၊ အဝိဇ္ဇာ မကွာတော့ မသိဘူး၊ အဝိဇ္ဇာဖုံးနေတာ၊ အဲ-အခုလေးဦးသား ဆုံမိတဲ့အခါကျတော့ဂဠုန်နှင့် နဂါးကတော့ သိတာပေါ့၊ မြေကြီးအောက်ဝိုက်ပြီး မျက်နှာကြီး အောက်ချပြီး တော့ မှိုင်တွေချနေတယ်၊ ကောရဗ္ဗမင်းကြီးနှင့် သိကြားမင်းက တော့ ဂဠုန်နှင့် နဂါးကို စိမ်းစိမ်း ကြည့်ပြီးတော့ ပြုံးနေတယ်၊ အဲဒီလို ပြုံးနေပြီးတော့ မနေနိုင်ဘူး မေးရတော့တာပေါ့။

သူငယ်ချင်းတို့· မင်းတို့ ဘယ့်နှဲ့ ဖြစ်သာကြသလဲ၊ ပြောကြ စမ်းပါအုံးကွယ်လို့ သိကြားနှင့် ကောရဗ္ဗမင်းကြီးက မေးတာပေါ့၊ မေးတော့ ဂဠုန်နှင့်နဂါး ပြန်ပြောတဲ့စကားကို တို့ဒကာ ဒကာမ တွေ မှတ်စေချင်လို့ ဒီ နိပါတ်ကို ပြန်ပြောတာ၊ ဂဠုန်နှင့်နဂါး ပြန်ပြောတဲ့ စကားကို သေသေချာချာ မှတ်ကြ၊ "မပြောပါနှင့် မိတ်ဆွေရယ်- ငါတို့ မလိမ်မာတဲ့ မိုက်တဲ့ ဆရာကို ကိုးကွယ်မိတဲ့ အတွက်ကြောင့် ငါတို့ တိရစ္ဆာန် ဖြစ်နေပြီကောကွယ်" အဲဒါ သေသေချာချာ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် တွေးစမ်း၊ သေခါမှ အဆဲခံရတယ်၊ "မိုက်တဲ့ဆရာ ကိုးကွယ်မိလို့ တိရစ္ဆာန်ဖြစ်ရတယ်" အဲဒီလို ဆဲတာ၊ ဒီတော့မှ သိကြားမင်းနှင့် ကောရဗ္ဗမင်းကြီးက ကိုင်း- ဆရာ အပြစ်တင် မနေနှင့် မထူးဘူး၊ ခုဖြစ်ရတဲ့ ဘဝ ဖြစ်သလိုဘဲ နေရတာပေါ့။" ဒီလိုနေလို့ တို့ ဘာအကျိုးရှိသလဲ၊ တို့ ဥပုသ်စောင့်မယ်လို့ ဆိုပြီးတော့ ဥပုသ်စောင့်ကြတယ်၊ လေးဦး သား ပျော်ပွဲကို ဖြုတ်ပြီးတော့ လေးဦးသား ကောရဗ္ဗနိုင်ငံမှာ ဥပုသ် စောင့်ကြတယ်။

အာဂမ သဒ္ဓါ

အဓိဂမ သဒ္ဓါ

ဩကပ္ပန သဒ္ဓါ

ပသန္န သဒ္ဓါ

လေးမျိုးရှိတယ်။

ဒီ ပုဂ္ဂိုလ်တွေက နိယတဗျာဒိတ်ရပြီးသား ပုဂ္ဂိုလ်တွေ၊ အာဂမသဒ္ဓါနှင့် ပြည့်စုံတယ်၊ အာဂမသဒ္ဓါနှင့် ပြည့်စုံတော့ ရောက်ရာဘဝမှာ ဘုရား, တရား, သံဃာ ရတနာသုံးပါး မကွယ်ဘူး၊ အမြဲ ယုံကြည်တဲ့စိတ်က သူတို့မှာ ရှိတာ၊ အဲဒီလို ယုံကြည်တဲ့စိတ်ရှိတဲ့အတွက်ကြောင့် သီလစောင့်ဘို့ ပြောတော့မှ ကိုင်း-တာဖြင့်ကောင်းတယ်ဆိုပြီး သီလစောင့်ကြတယ်၊ အဲဒါ တို့ အခုဒီမှာ သီလစောင့်တဲ့ ပုဂ္ဂိုလ်တွေကို မပြောထားနှင့် ခုနတုန်းက အလောင်းတော်တွေ အင်မတန် ရင့်ကျက်နေတဲ့ ပုဂ္ဂိုလ်တွေတောင် သီလစောင့်သုံးတဲ့ နေရာမှာ အဝိဇ္ဇာ ပါလာတော့၊ အဝိဇ္ဇာဝင်လာတော့ ဘယ်လို ဖြစ်လာသလဲ၊ ဒီ သီလထဲမှာ မာန တက်လာတယ်၊ သီလစောင့်တဲ့ နေရာမှာ ဘယ်သူက အရင် မာနတက်လာသလဲ၊ ဂဠုန်မင်းက စတက်လာတယ်၊ အခု ကျုပ်တို့လေးဦးသား အတူတူဥပုသ်စောင့်ကြတာ ကျုပ်သီလဟာ အမြတ်ဆုံးဘဲ၊ ဟော- သူ့ သီလ အမြတ်ဆုံးတဲ့ ဂဠုန်က ဂဠုန်က၊ ဘာပြုလို့လဲ၊ ကျုပ်သီလ မြတ်တာပေါ့တဲ့၊ အခု ကြည့်စမ်း၊ နဂါးဟာကျုပ်အစာတဲ့၊ ကျုပ်စားနိုင်တယ်၊ ဂဠုန်တို့ မည်သည်မှာ နဂါး၏ဦးကျောက် အဆီဟာ အရသာ အရှိဆုံး၊ အကောင်းဆုံးတဲ့၊ အဲဒီ

ထင်ရှားမျက်မှောက် ကိုယ်တိုင် တွေ့ပါလျက်နှင့် ကျုပ်သီလကို နှစ်သက်တဲ့ အတွက်ကြောင့် ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်းဟာ ဝိရတီ၊ အထူးသဖြင့် ကြဉ်ရှောင်တဲ့ အတွက်ကြောင့် ကျုပ်သီလ ဟာ ပိုမြတ်တာပေါ့တဲ့၊ မကောင်းဘူးလား၊ ဂဠုန်မင်းပြောတဲ့ စကား မှန်လိုက်တာ။

အဲဒီတော့ နဂါးမင်းက လဲ ဘာခံလိမ့်မလဲ၊ နဂါးကလည်း မာနနှင့်၊ အောင်မယ် ကျုပ်သီလက သာမြတ်တာပေါ့၊ ကိုင်း- ပြောစမ်းပါအုံးတဲ့၊ ခင်ဗျား သီလက မြတ်ပုံ၊ ကျုပ် ဒီ ဂဠုန်ဟာ ကျုပ်ရဲ့ ရန်သူအစစ်၊ ကျုပ်ကို သူစားနိုင်တယ်၊ ကျုပ်ကို ခု သူသတ် နိုင်တယ်၊ အဲဒီလို ဘယ်လိုပင် သူသတ်နိုင်၊ စားနိုင်သော်လည်း ကျုပ်အသက် သေပေစေလို့ သီလကို ကျုပ် မြတ်နိုးလှသဖြင့် အသက်ကို စွန့်ပြီးတော့ ကျုပ် စောင့်တဲ့ သီလ၊ သာမည သီလ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ် သီလက သာမြတ်တာပေါ့၊ သီလ စောင့်ရင်း မာနတက်နေကြတာ၊ နဂါးက၊ နဂါးက၊ သူ့ဟာ လည်း ဟုတ်တုတ်တုတ်ဘဲ။

အဲ-သိကြားမင်းက လည်း ဘာခံလိမ့်မလဲ၊ ဟယ်-ဘာဟုတ် မလဲ၊ ကျုပ်သီလက သာမြတ်တာပေါ့တဲ့၊ ပြောစမ်းပါအုံးဆိုတော့ ကျုပ်တို့ သိကြားမင်းဆိုတာ တာဝတိံသာ နတ်ပြည်မှာ မောင်းမ ပေါင်း မြောက်မြားစွာနှင့် လောကီအာရုံ ကာမဂုဏ် စည်းစိမ် ကြီးဟာ အင်မတန် ကြီးကျယ်တယ် ဆိုတာ အသင်တို့ အသိ မဟုတ်လားတဲ့၊ ဤမျှလောက် ကြီးကျယ်တဲ့ စည်းစိမ်ကျက်သရေ ကို တပ်နှစ်သက်ခြင်းမရှိ တံတွေးပေါက်လောက်မျှ မငဲ့ကွက်ဘဲ စွန့်ထွက်ပြီး သကာလ ကျုပ်အခု သီလစောင့်တာ၊ သင်တို့ထက်

ကျုပ်က ပိုမြတ်တာပေါ့၊ သိကြားက ဟုတ်သားဘဲ၊ သူလည်းဘဲ လာတာဘဲ။

အဲဒီတော့မှ **ကောရပွမင်းကြီးကလည်း** မခံဘူး၊ လူပေမဲ့ဟာ **အသင်တို့** ပြောတဲ့ စကားဟာ ဘာဟုတ်မလဲ၊ လူမင်း စည်းစိမ် ချမ်းသာဆိုတာ သင်တို့ မကြားဘူးဘူးလားတဲ့၊ လူမင်းတို့၏ စည်းစိမ် ချမ်းသာဟာ အင်မတန် ကြီးကျယ် ခမ်းနားတာတဲ့၊ အခု ကျုပ် ဒီကနေ့ ဒီရက်မှာ ဆိုလျှင်တဲ့ လူမင်း စည်းစိမ် ချမ်းသာကြီးကို အကုန်စွန့် ထီးနန်းရိပ်ရာ, မောင်းမ, မိဿံ ခြွေရံ သင်းပင်းနှင့်တကွ ရှိသမျှ လောကီ ရတနာတွေကို ကျုပ်အကုန် စွန့်ပြီး သကာလ အခု စောင့်တာဟာ ဒါကြောင့် ကျုပ်သီလက ပို၍ မြတ်တယ်တဲ့။

ကိုင်း-လေးဦးသား အငြင်းအခုံ ဖြစ်နေကြပြီပေါ့၊ ထိုလေးဦး သား အငြင်းအခုံ ဖြစ်နေတဲ့အခါမှာ ခုံသမာဓိ လူကြီးမရှိ၊ ဘယ်သူ ဆုံးဖြတ်ကြအုံးမလဲ၊ သူကလည်း သူ့သီလ မြတ်တယ်၊ ငါက လည်း ငါ့သီလ မြတ်တယ်နှင့် အဲဒီမှာ မာနတွေ တထောင်း ထောင်းနှင့် သီလ မြတ်ကြောင်းကို စွဲပြီးတော့ ပြောကြတာ၊ အဲဒီတော့မှ သတိရပြီးတော့ ဒီလိုဆိုလျှင် ကျုပ်တို့ လေးဦးကို ဆုံးဖြတ်နိုင်မည့် ပုဂ္ဂိုလ် မရှိဘူး၊ ခုံရှာကြစို့ရဲ့လို့ ဆိုတော့မှ အဲဒီ မှာ တို့မြတ်စွာဘုရားအလောင်းတော် **ဝိဓုရအမတ်ကို** တွေ့တာပေါ့၊ ဝိဓုရအမတ် ထင်ရှားရှိတဲ့အခါ ကာလ ကျတော့ ကိုင်း-တရား သူကြီးထံ ကျုပ်တို့ သွားကြစို့ရဲ့လို့ ဆိုပြီး သွားကြတာ၊ ဝိဓုရ အမတ်ဆီ ရောက်ကြတယ်၊ ရောက်တဲ့အခါ သူတို့ ငြင်းခုံတဲ့ လေးချက်သော ပြဿနာကို ဝိဓုရအမတ်ကို ပြောပြကြတယ်၊

ပြောကြတော့ကာ ကောင်းပါပြီတဲ့၊ ဘယ်လို ငြင်းခုံကြပါသလဲလို့ မေးတော့ ဂဠုန်က သူ၏ သီလမြတ်ကြောင်း, သူက နဂါးသည် သူ၏ အစာဖြစ်သော်လည်း မစားကြောင်း, ခုနကတုန်းက ပြောသွားတဲ့ အသီးအသီးအတိုင်း နဂါးကလည်း သူ၏ သီလမြတ် ကြောင်း၊ သိကြားမင်းကလည်း သူ့ သီလ မြတ်ကြောင်း၊ အဲ-ကောရဗ္ယမင်းကြီးကလည်း သူ့ သီလမြတ်ကြောင်း လေးဦးသား အဆိုအချေတင် ပြောဆိုကြတယ်။

အဲဒီလို လေးဦးသား အဆိုအချေတင်ပြီး ပြောဆိုတဲ့ အခါ ကာလကျတော့ ခုနက တရားသူကြီးက ဆင်ခြင်ပြီးတော့ စဉ်းစား တယ်၊ စဉ်းစားလိုက်တော့မှ သူက ပညာရှိကိုး၊ သူက ကောင်းပြီ ကောင်းပြီတဲ့, ခင်ဗျားတို့ လေးဦးသားတို့၏ တရားကို ကျုပ်ဆုံး ဖြတ်မယ်၊ ခုတော့ ကျုပ် မဆုံးဖြတ်သေးဘူး၊ နေမွန်းတည့် အချိန် လောက် ရောက်တဲ့အခါကို ခင်ဗျားတို့ လေးဦးသား လာခဲ့ပါတဲ့၊ တယောက်ကို အလံတခုစီ ယူခဲ့ရမည်တဲ့၊ အလံ အဆင် မတူရဘူး၊ တယောက်က အနီကိုယူ, တယောက်က အပြာရောင်ကိုယူ, တယောက်က အဝါရောင်ကိုယူ, တယောက်က အစိမ်းရောင်ကိုယူ, အလံရောင်ချင်း မတူအောင် အလံလေးခုကို ယူပြီးတော့ လာခဲ့ပါ၊ အဲဒီလို ဝိဓုရအမတ် မှာလိုက်တာ၊ ဝိဓုရအမတ် မှာလိုက်တော့မှ သူတို့ အသီးအသီး ပြန်သွားပြီး ဝိဓုရအမတ် ချိန်းတဲ့နာရီ နေ့အခါ ကာလ မွန်းတည့်အချိန်ကျတော့ လာကြတယ်။

လာတဲ့အခါမှာ အဲဒီ လေးဦးသားအား ကိုင်း- ခင်ဗျားတို့ ပါလာတဲ့ အလံများကို နေပူမှာ သွားပြီးတော့ စိုက်ကြစမ်းပါလို့ ဆိုတော့, နေပူမှာ သွားပြီးတော့ သူတို့ပါလာတဲ့ အလံများကို

အသီးအသီး စိုက်ကြတာပေါ့၊ စိုက်တော့မှ ဝိဓုရအမတ်က လက်ညှိုး ထိုးပြတယ်။

ခင်ဗျားတို့ ယခုယူလာတဲ့ အလံများဟာ အရောင်ချင်း တူပါရဲ့လားလို့ မေးတော့ မတူပါဘူးလို့ ပြောကြတာပေါ့၊ ကောင်းပြီ၊ သင်တို့ ယူလာတဲ့ အလံသည် အရောင်ပင် မတူသော်လည်း အရိပ်ကို သွားကြည့်ကြစမ်းဆိုတော့ အရိပ်ကြည့်တော့ အတူတူဘဲ၊ အရိပ်ရဲ့ အရောင်က အကုန် တူနေတာ၊ ဒီတော့ အဲဒါ ဥပမာပါဘဲ၊ ခင်ဗျားတို့ လေးဦးသား ထားတဲ့ စေတနာဟာ တဦးကို တမျိုးစီပင် ထားသော်လည်း အကျိုး အာနိသံသ ကျတော့ အတူတူ ပါဘဲလို့ ဆုံးဖြတ်လိုက်တယ်။

အဲဒီတော့မှ တကတဲ လေးဦးသား အားရ ဝမ်းမြောက် စွာနှင့် ဝိဓုရ အမတ်ကို ဆုတော် လာဘ်တော်တွေ ချလိုက်တာ လွန်ရော မပြောနဲ့၊ ဟို- ဘောဂဝတီနိုင်ငံက လာတဲ့ နဂါးမင်း ကလည်း သူ့မှာ မနောမယ ပတ္တမြား လည်ရှဲ တန်ဆာနှင့် မနောမယ ပတ္တမြားများ တခါတည်း ဖြုတ်လှူတာဘဲ၊ ဂဠုန် မင်းကလည်း သူ့မှာ ပါလာသမျှ အကုန်လုံး လှူတာဘဲ၊ သိကြားမင်းကလည်း လှူ၊ ကောရဗ္ဗ မင်းကြီးကလည်း လှူ၊ အဲ အင်မတန် ဝမ်းမြောက် ဝမ်းသာ ရှိကြတယ်တဲ့၊ အဲဒါ သက်သေ ခံရအောင် ပြောတာ၊ တကယ်အစစ် ဆရာလုပ်တဲ့ ပုဂ္ဂိုလ်ကို သေခါမှ အဆဲခံရတာ အင်မတန် နစ်နာစရာ ကောင်းတယ်၊ ဒါကြောင့် ဘုန်းကြီး သဘောကတော့ ခုပြောလိုက်တဲ့ တရား စကားကို သဘောမကျလို့ မနှစ်သက်လို့ ဆဲချင် ဆဲပေစေတော့၊

သေပြီးရင်တော့ အဆဲမခံဘူး၊ သေရင် ဒုက္ခရောက်မှာမဟောဘူး၊ ပစ္စုပ္ပန်၏ အကျိုးကို မမြွက်ဘဲ သံသရာနောင်ရေးကို မြွက်ပြီးတော့ ခု–ဟောတာ၊ ဒါနသည် ပဋိသန္ဓေ နေတဲ့ဒါန ရှိတယ်, မနေရတဲ့ ဒါနရှိတယ်၊ သီလသည် ပဋိသန္ဓေနေရတဲ့ သီလရှိတယ်, မနေရတဲ့ သီလ ရှိတယ်၊ ဘာဝနာသည် ပဋိသန္ဓေနေတဲ့ ဘာဝနာ ရှိတယ်, မနေရတဲ့ ဘာဝနာရှိတယ်၊ ဒီတော့ ဘုန်းကြီးပြောလို့ မပြီးဘူး၊ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ကိုယ်တိုင် သိလိမ့်မည်၊ အဝိဇ္ဇာနှင့် မှိုဝဲ ယှဉ်တွဲနေတဲ့ ဒါနမျိုး, အဝိဇ္ဇာနှင့် ချဉ်းကပ်ပြီးတော့ စောင့်တဲ့ သီလမျိုး, အဝိဇ္ဇာ အရင်းခံပြီးတော့ ပွားတဲ့ ဘာဝနာမျိုးက ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းကေန် မြေကြီးကို လက်ဝါးနှင့် ပုတ် လွဲ လွဲမသာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းက မလွဲဘူး၊ ကိုယ်ပိုင်ဉာဏ်နှင့် သေသေ ချာချာ မှတ်၊ ဝိဇ္ဇာဉာဏ်နှင့် စောင့်သုံးတဲ့ သီလ, ဝိဇ္ဇာဉာဏ် အရင်းခံ တည်ပြီးတော့ လှူဒါန်းတဲ့ ဒါန, ဝိဇ္ဇာဉာဏ် အရင်းခံတည်ပြီးတော့ ပွားတဲ့ ဘာဝနာမျိုး ကျတော့ စိတ်ချလက်ချပေါ့၊ ဘယ်နည်းနှင့်မျှ ပဋိသန္ဓေ မနေရ, မအိုရ, မသေရဘူး ဘာပြုလို့လဲ၊ အဝိဇ္ဇာမှ မရှိဘဲ၊ ဝိဇ္ဇာ ရနေတာ၊ ဝိဇ္ဇာဉာဏ် ရထားတော့ သမုဒယတဏှာ ပြတ်နေပြီ မဟုတ်လား၊ သေသေချာချာ မှတ်ပါ၊ အဝိဇ္ဇာ မရှိမှ တဏှာပြတ်တာ၊ အဝိဇ္ဇာ ရှိသမျှ တဏှာက "အဝိဇ္ဇာ တဏှာဝသေန ဒွေ မူလာနိ"လို့ မူလ ၂-ပါး ပြထားတယ်၊ အဲဒီတော့ အဝိဇ္ဇာကြောင့် တဏှာဖြစ်တာ၊ အဲဒီ— တဏှာက သူတို့က တယောက်နှင့်တယောက် ကျေးဇူးခံ ကျေးဇူးစားတွေ၊ ဒီတော့ အဝိဇ္ဇာကြောင့် တဏှာဖြစ်တယ်လို့ ခုဆိုတယ်၊ ကိုင်း- ဒီ အဝိဇ္ဇာက ဘယ်သူ့ ကြောင့် ဖြစ်သလဲ၊ တဏှာကြောင့်

ဖြစ်တာဘဲ၊ ခက်လိုက်တာ ဘာပြုလို့လဲ၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ ရေးထားတယ် မဟုတ်လား၊ အဲဒီလို ရေးထားတဲ့ အနက်က အဝိဇ္ဇာ ဘယ်သူ့ကြောင့် ဖြစ်သလဲဆိုလျှင် ဟော- "အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာ စ ပဝတ္တတိ" အာသဝကြောင့် ဖြစ်တယ်လို့ ရေးထားပြန်တယ်၊ ဘာလဲ အာသဝက ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ, အာသဝလေးပါး၊ ကာမာသဝဆိုတာ လောဘပါဘဲ၊ ဘဝါသဝလည်း လောဘဘဲ၊ ဒိဋ္ဌာသဝက ဒိဋ္ဌိ၊ အဝိဇ္ဇာသဝက မောဟ၊ အဲဒီ အာသဝကြောင့် အဝိဇ္ဇာဖြစ်သတဲ့၊ နို့သူတို့ဟာ အချင်းချင်းဘဲ၊ အာသဝကြောင့် အဝိဇ္ဇာဖြစ်တယ်, အဝိဇ္ဇာကြောင့် အာသဝဖြစ်တယ်၊ ဘာမှ မထူးဘူး။

ဒါကြောင့်မို့ အားထုတ်တဲ့ ယောဂီများဟာ အဝိဇ္ဇာ ခွါ၊ ဟော- ဝိဇ္ဇာဉာဏ်ရ၊ ဝိဇ္ဇာဉာဏ် ရကတည်းက ဘာဖြစ်လာလဲ၊ ခုနက ပြောတဲ့ သမုဒယတဏှာ ပြတ်သွားပြီ၊ ဘာဖြစ်လို့ ပြတ်သွားသလဲ၊ အဝိဇ္ဇာမှ မရှိတော့ ဝိဇ္ဇာကသိပြီ၊ ဒီတော့ ဘာတွေ့လဲ၊ ဟော-ပဋိသန္ဓေနေတဲ့ ဒုက္ခတွေ ကိုယ်တိုင်တွေ့ပြီ၊ အိုတဲ့ ဒုက္ခတွေ ကိုယ်တိုင်တွေ့ပြီ၊ နာတဲ့ဒုက္ခတွေ ကိုယ်တိုင်တွေ့နေပြီ၊ သေရတဲ့ ဒုက္ခဆိုးကြီးကို ကိုယ်တိုင်တွေ့၊ ဘာဖြစ်လို့ ဒီဒုက္ခ တွေ့ရသလဲ၊ ခန္ဓာ ငါးပါးရှိလို့ တွေ့ရတယ်။

ခန္ဓသမံ ဒုက္ခံနာမ နတ္ထိ။

ခန္ဓသမံ၊ ခန္ဓာငါးပါးနှင့် တူသော။ ဒုက္ခံနာမ၊ ဆင်းရဲမည်သည်။ နတ္ထိ၊ မရှိ။

လောကမှာ ခန္ဓာငါးပါးကို ချန်လှပ်၍ ဒုက္ခမရှိ၊ ဟော ဒီတော့ ငါတို့တွေဟာ ခန္ဓာငါးပါးဟာ အလွန်ဆိုးတာဘဲ၊ ဒါဖြင့် လျှင် ခန္ဓာငါးပါး မရှိတဲ့အရပ် ဘယ်မလဲဟော့ ဆိုတော့ ဉာဏ် မျက်စိနှင့် မြင်ပြီ မဟုတ်လား၊ ခန္ဓာငါးပါး မရှိတဲ့အရပ် နိဗ္ဗာန်ပေါ့။

သန္တသမံ သုခံနာမ နတ္ထိ။

သန္တသမံ၊ နိဗ္ဗာန် ချမ်းသာနှင့် တူသော။ သုခံနာမ၊ ချမ်းသာခြင်းမည်သည်။ နတ္ထိ၊ မရှိ။

ခန္ဓာငါးပါးကို ချန်လှပ်၍ ဒုက္ခမရှိ၊ နိဗ္ဗာန်ကို ချန်လှပ်၍ သုခ မရှိ၊ ဟော ဒုက္ခနှင့် သုခ ၂-ပါး မြင်အောင် ကြည့်ပေါ့၊ ခန္ဓာငါးပါးကို လိုချင်လျှင် ရတယ်၊ ခုပြောတဲ့ နိဗ္ဗာန်ကိုလည်း လိုချင်လျှင် ရတယ်၊ ဒါဖြင့် အရှင်ဘုရား လိုချင်ချင်း အဘူတွေ လောဘချည်းဘဲ မဟုတ်လားလို့ မေးလျှင် အခက်သားဘဲ၊ တို့ယောဂီတွေ ဖြေတတ်မှာ မဟုတ်ဘူး၊ လိုချင် လောဘချည်းဘဲ ဆိုတာ မဟုတ်ဘူးနော် မှတ်ထား၊ ဟိုက ခန္ဓာငါးပါးကို လိုချင်တဲ့ လောဘက သမုဒယတဏှာ အမှန်၊ နိဗ္ဗာန် လိုချင်တာက "ဆန္ဒာ ဓိပတိ" ခေါ်တယ်၊ ဟို ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါးဆိုတာ ရှိတယ်၊ ဣဒ္ဓိပါဒ် ၄-ပါးက ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝိမံသိဒ္ဓိပါဒ်၊ ဆန္ဒိဒ္ဓိပါဒ် ဆိုတာ ဆန္ဒာဓိပတိ ခေါ်တယ်၊ အဲနိဗ္ဗာန် ကို လိုချင်တယ်ဆိုတာ တခြား မမှတ်နှင့်နော်၊ ဆန္ဒာဓိပတိတဲ့၊ အလွန်ကြီးကျယ်တဲ့ အဓိပတိပေါ့၊ သူ-အရေးအကြီးဆုံး တရားပေါ့၊

အဲဒီ ဆန္ဒာဓိပတိ မရှိလျှင် ဘယ်ယောဂီမှ နိဗ္ဗာန်မရဘူး မှတ်ထား၊ ဆန္ဒာဓိပတိ ရှိမှ၊ ဆန္ဒာဓိပတိ ဆိုတာ ဘာလဲ၊ တကယ့်ကို နိဗ္ဗာန် လိုချင်တဲ့ ဆန္ဒ၊ သာမညဆန္ဒ မဟုတ်ဘူး၊ အဲဒါ ဆန္ဒာဓိပတိ ခေါ်တယ်၊ ဒီလို ဆန္ဒာဓိပတိ မျိုးနှင့် ဒါနပြုတဲ့ ပုဂ္ဂိုလ်, သီလ စောင့်တဲ့ ပုဂ္ဂိုလ်, ဘာဝနာပွားတဲ့ ပုဂ္ဂိုလ်များ စိတ်ချပေါ့၊ နိဗ္ဗာန် မလွဲတမ်း ရမယ်၊ နိဗ္ဗာန်ရမှ ခန္ဓာငြိမ်းမှာ၊ နိဗ္ဗာန်မှ တပါး ခန္ဓာငါးပါး ငြိမ်းရာအရပ် ရှာစမ်း မရှိဘူး။

အခု ဒကာ-ဒကာမတွေ ကိုယ်တိုင်သိ၊ ခန္ဓာ ငါးပါးသည် တနာရီ, တမိနစ်, တစက္ကန့်မျှ မစဲအောင် ခန္ဓာထဲမှာ အမြဲတမ်း တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် တရှူရှူ မပြတ် ခန္ဓာငါးပါး ဖြစ်ပျက်နေတယ် "နဒီ သောတောဝိယ" မြစ်ရေအလျဉ်လိုဘဲ၊ အဲဒီတော့ ဒီမြစ်ရေ အလျဉ်ဆိုတာကတော့ ကလေးတောင် ကြားဘူးတာပေါ့၊ အဲဒီ မြစ်ရေအလျဉ် ဆိုတဲ့ ဥပမာ အဓိပ္ပါယ် ကလေးကို မြင်အောင် ကြည့်ကြစမ်း၊ မြစ်ရေအလျဉ်ကဲ့သို့ ဆိုတာ ဥပမာနလို့ ခေါ်တယ်၊ ရုပ်နာမ် ၂-ပါး ခန္ဓာငါးပါးက ဥပမေယျ၊ မြစ်ရေ အလျဉ်ကဲ့သို့ ဆိုတာက ဇောတက၊ မြစ်ရေအလျဉ်သည် အမှန်မုချအားဖြင့် ဘယ်လို သိရမလဲ။

ဥပမာ—ကမ်းပေါ်မှာ သစ်ပင်တပင် ပေါက်နေတယ်၊ ဟော အရှေ့က နေထွက်လာတယ်၊ နေ၏ အရှိန်ကြောင့် သစ်ပင် အရိပ်က ရေပေါ်မှာ ထင်နေတယ်၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့် ရေပေါ်မှာ အရိပ်ထင်နေတယ်၊ အဲ- အရိပ်ထင် နေကဲ့ ရေဟာ တနာရီ, တမိနစ်, တစက္ကန့်မျှ ခိုင်မြဲနေ တာ ရှိရဲ့လား၊ သေသေချာချာ ကြည့်စမ်း၊ ရိပ်ရိပ် ရိပ်ရိပ်

နှင့် အမြဲ စီးသွားနေတယ်၊ ဖြစ်တာကလည်း မပြတ်၊ ပျက်တာကလည်း မပြတ်၊ တခါတည်း ရိပ်ရိပ် ရိပ်ရိပ်နှင့် ကိုယ့်မျက်စိအောက်မှာ ကိုယ်တိုင်ကြည့် သိရတယ်၊ အရိပ်က ဘယ်ရွေ့သလဲ၊ ဘယ်မှ မရွေ့ဘူး၊ အဲဒီ- ရေအလျဉ်ကို ကိုယ်တိုင် သိသကဲ့သို့ ရေအလျဉ်ကဲ့သို့။

ယခု ယောဂီများဟာ ယောဂီစစ်တဲ့ ပုဂ္ဂိုလ်ပေါ့လေ၊ ခန္ဓာကိုယ် အတွင်းမှာ ကြည့်လိုက်၊ အပေါ်ရ သဏ္ဍာန် ပညတ်ကိုက ဦးခေါင်းသဏ္ဍာန်, လက်သဏ္ဍာန်, ခြေသဏ္ဍာန်, ကိုယ်သဏ္ဍာန်, သဏ္ဍာန်ဒြပ် အသွင်တွေက ဘယ်နေရာမှ ရွေ့တယ် ပြောင်းတယ် မသိဘူး၊ ရွေ့မှန်း ပြောင်းမှန်း လွဲမှန်း ဘယ်မှ မသိဘူး၊ အဲ- ပရမတ္ထ သဘာဝက တကယ် အမှန် အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကျတော့ အတွင်း အဇ္ဈတ္တိက သန္တာန်မှာ ကြည့်လိုက်တော့ ဦးခေါင်းကြီးသာ မရွေ့တာ၊ ဦးခေါင်းအတွင်း သန္တာန်မှာ တကယ် အမှန်ရှိတဲ့ ဓာတ်တွေ, ကလာပ်တွေ, ပရမတ်တွေ တနာရီ, တမိနစ်, တစက္ကန့်မျှ မစဲဘဲ တရှိန်ရှိန် တသုတ်သုတ် တရွရွ အမြဲတမ်းအသစ်အဟောင်း ပြောင်းလဲနေတာ တွေ့မှာပေါ့၊ ခြေကို ကြည့်လိုက်အုံးမလား၊ ခြေထောက်ကလည်းဘဲ တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် တရွရွ မပြတ် မြစ်ရေ အလျဉ်ကဲ့သို့ တသွင်သွင် စီးဆင်းနေတာ၊ လက်တွေ ကြည့်လိုက်အုံးမလား၊ လက်ကလည်း ဒီလိုဘဲ တလှုပ်လှုပ် တရွရွ တရှိန်ရှိန် အသစ် အဟောင်း ပြောင်းလဲပြီး တွေ့နေတာ ကိုယ်တိုင်သိ၊ အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်ပြတဲ့ ဥပမာဟာ မှားတယ်လို့ မထင်ကြနှင့်၊ ကိုယ်တိုင် မသိလို့သာ မသိကြတာ၊ကိုယ်တိုင်သိလျှင်လေ ဩော်- ဘုရား ကိုယ်တော်မြတ်

ပြတော်မူတဲ့ ဥပမာဟာ အင်မတန် မှန်ပါကလား၊ ဟောဒီလို ဝန်ခံနိုင်ရတယ်၊ ဒါကြောင့်—

ဥပမာယမိဓေကေစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ-တဲ့ တို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ တရားဟော တဲ့ အခါ ဥပမာနှင့် ဟောလေ့ရှိတယ်၊ ဥပမာနှင့် ပြမှ အနက် အဓိပ္ပါယ်ကို ရှင်းရှင်း လင်းလင်း ကွင်းကွင်း ကွက်ကွက် သိနိုင်ကြတယ်။

"ဓမ္မာ နိဿတ္တာ နိဇ္ဇီဝ သဘာဝါ"တဲ့၊ သတ္တလည်း မဟုတ်၊ ဇီဝ လည်း မဟုတ်၊ သဘောကလေးတွေတဲ့၊ ရုပ်နာမ်က, ရုပ်ခေတ် နာမ်ခေတ်၊ တရားက သဘောသက်သက်၊ လက်နှင့် ဆွဲပြနိုင်တဲ့ တရား တလုံးမျှ မပါဘူး၊ အဲဒါကြောင့် သဘောကို အဓိပ္ပါယ် မြင်အောင် ဥပမာနှင့် တင်တင်ပြတယ်၊ နဒီ သောတောဝိယ-တဲ့၊ မြစ်ရေအလျဉ်ကဲ့သို့၊ ဒါကြောင့် ဥပမာ, ဥပမာန, ဥပမေယျ, ဇောတကတဲ့၊ အင်္ဂါလေးတန်နှင့် ညီလျှင် မှန်ပြီ၊ ငါတို့ အဇ္ဈတ္တ အတွင်းသန္တာန်မှာ တကယ်အမှန်ရှိတဲ့ ရုပ်တွေ, နာမ်တွေဟာ တနာရီ, တမိနစ်, တစက္ကန့်မျှ မစဲအောင် ရေအလျဉ်ကဲ့သို့ အမြဲ တမ်း ပြောင်းလဲနေတယ်ဆိုတာ ကိုယ်တိုင်သိပေါ့၊ အဲဒီတော့ အကယ်၍များ အခု တို့ ယောဂီတွေ လာအားထုတ်တယ်၊ မိမိ အရပ်ဒေသသို့ ပြန်သွားတဲ့ အခါကျတော့ ကောင်းသကွယ် မင်းတို့တွေ သွား တရားအားထုတ်တာ တရားများ တွေ့ခဲ့ကြပါ လား၊ အေး- သိသင့် သလောက်တော့ သိတာပေါ့ကွယ်လို့ ဒီလိုပြောတာပေါ့၊ နို့ တွေ့ ဘယ်လိုနေသလဲလို့ ဟိုက မေးမှာ ပေါ့၊ ဟဲ့- ငါပြောလို့ နင်သိမှာလား၊ အောင်မယ် သူကပေတဲ့

သတ္တိကောင်း၊ အောင်မယ် ပြောတာ မသိဘဲ ရှိမလားလို့၊ သူက ပေတဲ့ ရန်တွေချင် တွေမှာ၊ ဒါဖြင့် ကောင်းပြီ ကောင်းပြီ၊ဒါဖြင့် ငါပြောမယ်၊ နင်–ဗုဒ္ဓဘာသာ ဟုတ်ကဲ့လား၊ ဟုတ်ပါတယ် သူ ပြောမည်၊ ဗုဒ္ဓဘာသာဖြစ်လို့ရှိလျှင် နင်–ယုံပါ့မလား၊ ဘုရား ဟောတာ ယုံပါတယ်ဆိုလျှင် ငါဟောမည်ဆိုပြီးတော့ အဲဒီ နဒီ သောတောဝိယ ဆိုတဲ့ ဥပမာကလေးကို သေသေချာချာပြန်ပြော၊ ကိုင်း- မိမိကိုယ်တိုင် မြင်ရတဲ့ ရေအလျဉ်သည် တသွင်သွင် စီးဆင်း နေတာ အရိပ်ကဘယ်မှ မပြောင်းရွှေ့ပုံ၊ ကိုယ်ပိုင်ဉာဏ်နှင့် ပြန် ပြော၊ ပြီးတော့မှ ကိုယ်အတွင်းသန္တာန် အပေါ်ရုံမှာ၊ အခုမြင်တဲ့ ဦးခေါင်းသဏ္ဌာန်, ခြေသဏ္ဌာန်, လက်သဏ္ဌာန်, ကိုယ်သဏ္ဌာန်, ဤသဏ္ဌာန် ဒြပ်အသွင်တွေဟာ ကိုယ်တိုင် မြင်ကြတယ် မဟုတ် လား၊ အဲဒီလို ကိုယ်တိုင် မြင်ရတဲ့ ခေါင်းသဏ္ဌာန်, ခြေသဏ္ဌာန်, လက်သဏ္ဌာန်, ကိုယ်သဏ္ဌာန်တွေဟာ ဘယ်မှ မရွှေ့မပြောင်းဘဲ နှင့် ခု- အတွင်းသန္တာန်မှာ တကယ်အမှန်ရှိတဲ့ လက်တို့, ခြေတို့, ကိုယ်တို့, ခေါင်းတို့ဆိုတဲ့ အဲဒီ အတွင်းသန္တာန်မှာ တကယ်အမှန် ရှိတဲ့ ရုပ်နာမ်တွေဟာ ရေအလျဉ်လို မပြတ်သွားနေတာ နင်-တွေ့ရဲ့ လားလို့ အဲဒီလို မေးလိုက်၊ အဲ- သူ ရိုးဖြောင့်တဲ့ စေတနာနှင့် မတွေ့လျှင် မတွေ့ဘူးလို့ သူပြောချင် ပြောမှာဘဲ၊ အဲ မတွေ့ဘူးလို့ ဖြေလျှင်လည်းဘဲ, အေး- အဲဒီလိုဘဲ တကယ်အမှန်ရှိတဲ့ ရေအလျဉ် လိုဘဲ တွေ့အောင်ရှာလို့ တိုက်တွန်းရတာပေါ့၊ အောင်မယ် သူက တွေ့တယ်လို့ ဖြေချင်ဖြေမယ်၊ ရိုးရိုးဘဲ ဖြေဖြေ, ဆန်းဆန်းဘဲ ဖြေဖြေပေါ့လေ၊ အဲ တွေ့လျှင် ဘာမျှမပြောနှင့် သာဓုပေါ့ကွယ်, သာဓု သာဓုလို့ သာဓုမျှားမျှားသာ ခေါ်ပေးလိုက်၊ သူအရိယာ ပေါ့၊ သူအရိယာ အစစ်ဘဲ၊ ခုပြောလည်း ရေအလျဉ်ကဲ့သို့

အမှန် ဖြစ်ပျက်နေတာ သိရိုးမှန်လျှင် အရိယာအစစ် ဘုရားက ဟောတယ်။

"ပညဝါ ဟောတိ ဥဒယဗ္ဗယဂါမိနိယာ အရိယာယ"။

သူအရိယာဘဲ၊ဘာပြုလို့ သာခု မခေါ်နိုင်ရမလဲ၊ရေအလျဉ်ကဲ့သို့ သူအမှန်တကယ် တွေ့လို့ရှိရင် အရိယာအစစ်ဘဲ၊ သာခုသာခေါ်၊ ဘာမှ ဝန်မလေးနှင့် သာခုခေါ်လိုက်လျှင် ဟန်ကျနေပြီ၊ ဒါ ရေအလျဉ်ကဲ့သို့ အမှန် သူတွေ့တာဘဲ၊ ဘုရားကိုယ်တော်မြတ် ဟောတဲ့ ဒေသနာကို ဘယ်နည်းနှင့်မျှ လွှဲဖယ်လို့ မရဘူးနော်၊ ဘုရားဟောတာ အမှန်၊ ဘုရားကိုယ်တော်မြတ် သိတော်မူတာက သဗ္ဗညုတ ဗောဓိဉာဏ်ကို ရလို့ ဉာဏ်နှင့်သိတာ၊ခုလူတွေက သူတို့က အပေါ်ရံကျောလေးနှင့် တော်ရုံလျော်ရုံနှင့် အဝိဇ္ဇာ အတုံးလိုက် ဖုံးထားတဲ့ ပုဂ္ဂိုလ်တွေက ဘုရားဉာဏ်တော့ ဘယ်ရမလဲ မရဘူး၊ တချို့မနှစ် တနှစ်ကလားတောင် လွန်ခဲ့တဲ့ အခါကာလက ပြော သံကြားဘူးသေးတယ်၊ ဘယ်လို ကြားဘူးဆို ဘုရား ဉာဏ်ရှိသ လားတဲ့၊ ဘုရားမှာ သဗ္ဗညုတဉာဏ် ရှိသလားတဲ့၊ ဒီလိုတောင်မှ စာထဲမှာ ရေးတယ်လို့ ကြားတယ်၊ အဲဒါ ဘယ်-သူတို့ သိမလဲ, မသိဘူး၊ ဒါကြောင့် မိမိတို့ ယခုကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် တကယ်တမ်း အသိတရားရတဲ့ ပုဂ္ဂိုလ်များဟာ ငါတို့တော့ စိတ်ချ လက်ချ သံသရာဝဋ်ဆိုးကြီးကို မြင်ကြသဖြင့် ဟော-သံသရာဘေး ကြီးက ကေန်လွတ်မြောက်နိုင်တဲ့ ဒါန ငါတို့လှူတတ်ပြီ, သံသရာ ဘေးဆိုးကြီးကလွတ်မြောက်နိုင်တဲ့သီလ ငါတို့စောင့်တတ်ပြီ,သံသ ရာဘေးကြီးက လွတ်မြောက်နိုင်တဲ့ ဘာဝနာ ငါတို့ ပွားတတ်ပြီ ဆိုတာ ဉာဏ်ထဲမှာ အပိုင်စွဲယူကြ၊ ဘာပြုလို့လဲ, သမုဒယတဏှာ

ပြတ်လို့၊ သမုဒယတဏှာ ပြတ်က ဘဝသမ္ပတ္တိ မမက်ဘူး၊ မမက်ဘူး ဆိုကတည်းက နိဗ္ဗာန်ပေါ့၊ အဲဒီလို နိဗ္ဗာန်မျက်မှောက်ပြုပြီးတော့ လှူတဲ့ ဒါနမျိုး ဘဝသမ္ပတ္တိ ရှံမုန်းလို့ ဘဝသမ္ပတ္တိကို စက်ဆုပ်လို့ အဲ-ဘဝသမ္ပတ္တိကို မမက်မောတဲ့ ဒါနမျိုး,ဘဝသမ္ပတ္တိကို မနှစ်သက်တဲ့ သီလမျိုး,ဘဝသမ္ပတ္တိကို မနှစ်သက်တဲ့ ဘာဝနာမျိုး နိဗ္ဗာန်မှတပါး ချမ်းသာရာ မရှိဘူးလို့ တကယ်ဝမ်း အမြင်ဓာတ်နှင့် အဟုတ် ဝိဇ္ဇာဉာဏ် ရပြီးတော့ အားထုတ်တဲ့ ဒါန,သီလ,ဘာဝနာမျိုးမှ နိဗ္ဗာန်ကို အစစ်ရတယ်ဆိုတာ ယထာဘူတ ယထာဓမ္မ ကိုယ်ပိုင်ဉာဏ်နှင့် သိပြီးတော့ ကိုင်း-ကြိုးစားပြီး လေးလေး မြတ်မြတ် အားထုတ်ကြ။

## ကုမုဒြာကြာ ရှာဖွေခဏ်း

တရားဟောတယ်, တရားနာတယ်၊ တရားဟောတဲ့ ပုဂ္ဂိုလ်လည်း မလွယ်ဘူး၊ တရားနာတဲ့ ပုဂ္ဂိုလ်လည်း တရားနာရင်း တရား၏ အဓိပ္ပါယ်မှာ သဘောနားလည်ဘို့ သဘောကျဘို့ မလွယ်ဘူးပေါ့၊ ဒါဟာ ဉာဏ်စခန်းတွေ ဉာဏ်နှင့်မှ သိနိုင်မှာ၊ ဉာဏ်စခန်းကို ရောက်အောင် ကြိုးစားပြီးတော့ အားထုတ်ရတယ်၊ဉာဏ်စခန်းဟာ လွယ်တဲ့စခန်း မဟုတ်ဘူး၊ တချို့တရားနာတယ်၊ခဏခဏနာကြားရပေမဲ့ ပုဂ္ဂိုလ်ကရှိသေးတယ်၊ဟောတဲ့ ပုဂ္ဂိုလ်ရဲ့ တရားအဓိပ္ပါယ်ကို နားလည်သွားတဲ့ ပုဂ္ဂိုလ်က သူ့ဟာနှင့်သူ သဘောကျ သွားတယ်၊ ဟောတိုင်း ဟောတိုင်းပင် လူတိုင်း သဘောကျတာ မဟုတ်ဘူး၊ သူ့ပါရမီနှင့်သူ အချို့ အချို့သော ပုဂ္ဂိုလ်များဟာ မိမိတို့ နာရတဲ့ တရားကို အဓိပ္ပါယ်သဘော ဥဒါဟရုဏ်, ဥပမာကလေးတွေနှင့်ဘဲ သဘောပေါက်သွားတယ်၊ တချို့ သဘောပေါက်တာ ဘာနှင့်

သဘောပေါက်သလဲ၊ သူဌေးကြီး နွားနှစ်ကောင် မေ့ထားတဲ့ ဥပမာနှင့် သဘောပေါက်ကြတယ်။

## နွားနှစ်ကောင် ဥပမာ

သူဌေးကြီး တယောက်ဟာ နွားနှစ်ကောင် မေ့ပြီးတော့ အခနှင့် ငှါးစားတဲ့အခါ လယ်ထွန်သမား နှစ်ယောက် လာပြီးတော့ ငှါးကြတယ်၊ ငှါးတဲ့ အခါမှာ တယောက်လျှင် ငွေ ၁ဝိ-ကျပ်နှင့် ငှါးသွားတယ်၊ လယ်ထွန်သမား တယောက်က ငါဟာ သူ့နွားကို အလကားရတာ မဟုတ်ဘူး၊ အခပေးခဲ့ရတယ်၊ ငါခိုင်းစေမှာဘဲ ဆိုပြီးတော့ နွားကို ခိုင်းတယ်၊ အဲဒီနွားကို ခိုင်းစေတဲ့ အခါ အသပြာငွေ တရာရတယ်၊တယောက်သော သူက နွားငှါးသွားပြီးတော့ သနားတယ်လို့ မခိုင်းရက် မစေရက်နှင့် ကောင်းမွန်စွာ အစာရေစာတို့ကို မဝ, ဝအောင်သာ ရှာကြံပြီးတော့ ကျွေးနေတာဘဲတဲ့၊ မခိုင်းစေဘူး၊ အဲ-ထိုပုဂ္ဂိုလ် နှစ်ယောက်ကို သူဌေးကြီးက အချိန်တန်လို့ ဟေ့- ကောင်တွေ ငါ့နွား ငှါးသွားတာ မင်းတို့ အချိန်ကုန်ပြီ၊ ငါ့နွားနှင့် အခ လာပေးလှည့်ကြလို့ သူဌေးကြီးက တောင်းတော့ ဘယ်နေနိုင်မလဲ၊ ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်ဘဲ၊ အခနှင့် နွား ပေးကြရတာပေါ့၊ အဲဒီလို အခနှင့် နွားကို ပေးကြရတဲ့ အခါ ဟို ခိုင်းစေတဲ့ ပုဂ္ဂိုလ်က အရင်း ငွေ ၁ဝိ-နှင့် နွားကို ပြန်ပေးရသော်လည်း အသပြာငွေ ကိုးဆယ် အမြတ်ရတယ်၊ ဟို တယောက်သော နွားကို မခိုင်းစေတဲ့ ပုဂ္ဂိုလ်က အသပြာငွေ တဆယ်နှင့် နွားပြန်

> ပေးလိုက်ရတော့ အရင်းလည်းဆုံး အမြတ်ဆိုတာ လုံးလုံး မရတဲ့အပြင် ကျွေးမွေးရတာ အဖတ်တင်တာဘဲ၊ အဲဒါ လုံးလုံးကြီး ရှုံးသွားတယ်၊ ဒါ ဥပမာပြောတာ။

အဲဒီ ဥပမာလေးကို ယောဂီတွေ အဓိပ္ပါယ် ရှင်းရှင်းကလေး မှတ်ထားပေါ့၊ မိမိကိုယ်ကိုင်လည်း သဘောပေါက်အောင် ကြံဆ ကြဘို့ မိမိကိုယ်တိုင် သဘောပေါက်ပြီးတော့ ပိုင်နိုင်လာတဲ့အခါ ကိုယ်နှင့်ထပ်တူ ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်များ ဒီ- ဥပမာလေးကို အဓိပ္ပါယ်လည်လည်နှင့် ပြန်ပြောနိုင်တာပေါ့၊ ကိုယ်ပိုင်ဉာဏ်နှင့် လည်း ကြည့်အုံး၊ ကိုယ်တိုင်လည်း နှိုင်းချိန် စဉ်းစားပြီးတော့ ဒီ ဥပမာလေးဟာ ဟုတ်သင့်, မဟုတ်သင့် ကိုယ်ပိုင် ဉာဏ်နှင့် လိုယ်တိုင် သိရမည်။

တို့ အခု ဘဝဘဝ၊ ကမ္ဘာ့ကမ္ဘာ သံသရာ အဆက်ဆက်က လူ့အဖြစ်ကို မရ,ရအောင်ကြံဆောင်လာခဲ့ရတာဒီလူဖြစ်တယ်၊လူ ဖြစ်တယ်ဆိုတာ အလွယ်ကလေးနှင့်လူဖြစ်တာမဟုတ်ဘူး၊ တကယ့် ကို လူဖြစ်ထိုက်တဲ့ အကြောင်းတရား ပုညာဘိသင်္ခါရဆိုတဲ့ ဒါနမှု, သီလမှု, ဘာဝနာမှုတို့ကို အားထုတ်ရတယ်၊ အဲဒီလို အားထုတ်ရ တော့ မိမိပြုခဲ့တဲ့ ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်နှင့် လူ့အဖြစ်ကို ဝယ်ယူတဲ့ အခစား ပုဂ္ဂိုလ်လိုပေါ့၊ ခေတ္တခဏ **တာဝကာလိက** အခိုက်အတန့် လူလာ ဖြစ်ကြတာဘဲ၊ အဲဒီတော့ အခု-လူ့ဘဝ ရလာတော့ အချို့အချို့သော ပုဂ္ဂိုလ်က ဒီ လူ့ဘဝကို အဓိပ္ပါယ် သဘာဝ မြင်တဲ့အခါ ဟာ-ငါတို့ လူဖြစ်လာတာ ခဏကလေးဘဲ၊ အခိုက်အတန့်ကလေး ဖြစ်လာတာ၊ တော်တော်ကြာ ကေန်မလဲ့ သေမင်းနိုင်ငံ အမှန်လိုက်ရမှာဘဲလို့ သိတဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာ

ကိုယ်ကို အသုံးပြုပြီး ဒါနမှုတွေ၊ သီလမှုတွေ၊ ဘာဝနာမှုတွေနဲ့ ခန္ဓာကိုယ်ကို အရင်းတည်ပြီးတော့ ခိုင်းစေတာ တော်တော်ဘဲ အသုံးချကြတာပေါ့။

အချို့ အချို့သော ပုဂ္ဂိုလ်က မိမိလူ့ဘဝ ရလာတာကို အကောင်းအမွန် အမြတ်တနိုး ထင်ပြီးတော့ မခိုင်းရက် မစေရက် ခန္ဓာကိုယ်ကြီးကို အလိုလိုက်ပြီး ကျွေးလိုက် မွေးလိုက် အဝတ်တန်ဆာ ဆင်လိုက် မလှ လှရေး မဝ ဝရေးနှင့် ရှာကြံပြီးတော့ အမြဲတမ်း လုပ်ကျွေးရတယ်၊အဲ-ထိုပုဂ္ဂိုလ် နှစ်ယောက်ကို ဉာဏ်နှင့် ချိန်ပြီးတော့ ကြည့်ပေါ့၊ တနေ့ကျ သူဌေးတည်းဟူသော သေမင်းက ဒီ-ပုဂ္ဂိုလ်နှစ်ဦးကို မခေါ်ဘူးတဲ့လား၊ ကေန်မလွဲဘူး ခေါ်မှာပေါ့၊ အဲဒီလို သေမင်းခေါ်တဲ့အခါ မနေသာလို့ လိုက်ကြရတော့ ခုနက ပြောတဲ့ ခန္ဓာကိုယ်ကို အရင်းတည်ပြီး အသုံးချတဲ့ ပုဂ္ဂိုလ်က အမြတ်ရ မလား၊ ခန္ဓာကိုယ်ကို အလိုလိုက်ပြီး မဝ ဝရေး မလှ လှရေးနှင့် ရှာကြံပြီး ကျွေးနေတဲ့ ပုဂ္ဂိုလ်က အမြတ်ရ မလားဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် လည်လည်ကြီး သိအောင် စဉ်းစားကြပေါ့။

ငါတို့ ခုရှိတဲ့ အတ္တဘော ခန္ဓာကိုယ်ကြီးဟာ တနေ့ကျ ကေန် မလွဲဘူး၊ သေမင်းနိုင်ငံသို့ အမှန်လိုက်ရမည်၊ သေမင်း မခေါ်ခင်၊ သေမင်း မဦးခင် ငါတို့ခန္ဓာကိုယ်ကို ငါတို့ အသုံးချမည်ဆိုပြီး တော့ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုနှင့် ခန္ဓာကိုယ်ကို အသုံးချ လိုက်လျှင် အမြတ် အစွန်းတွေ ကေန်ရမည်၊ အဲ-ခန္ဓာကိုယ်ကို အလိုလိုက်ပြီးတော့ ငါဘဲ- သူဘဲ- သတ္တဝါဘဲလို့ အထင်လွဲပြီး ကျွေးမွေးယုယ ပိုက်ထွေးပြီး နေပေတဲ့ တနေ့ကျ သေမင်းနိုင်ငံသို့

လိုက်ရတဲ့ အခါကျတော့ လုံးလုံးရှုံးမည် မဟုတ်လား၊ ဒါ ကိုယ်ပိုင် ဉာဏ်နှင့်ကြည့် အမြတ်ရတဲ့ လူက ယခုဘဝထက် အထက်တန်းရောက်မည်၊ အရှုံးခံရတဲ့ ပုဂ္ဂိုလ်က ဤဘဝထက် ကေန်မလွဲ အောက်တန်းကျသွားမည် ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေးပေါ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ် တိုက်တွန်းဟောပြောတဲ့ တရားကို တို့-ဒကာ- ဒကာမများ သဘောပေါက်လွယ်အောင် ဆိုပြီးတော့ ဥပမာဆောင်ပြတာ၊ မြတ်စွာဘုရားတိုက်တွန်းတဲ့ တရားကတော့—

ပိဋ္ဌေယျ ကာယတော မေဒံ၊
မနတော ဖေဂ္ဂုနာ ဝရံ။
တေန မေဒေန နိဗ္ဗာနံ၊
ကီဏေယျ အဇရံ ဝရံ။

(ဓမ္မပဒ)

ဖေဂ္ဂုနာ၊ ကိုးဆယ့် ခြောက်ဖြာ အနာ ရောဂါ အပေါင်း တို့ဖြင့် ဖိစီး နှိပ်စက် အပ်သော သဘောရှိသော။ ကာယတော၊ အလျား တလံ အနံ တထွာ ဤ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ထဲက။ ဝရံ၊ နိဗ္ဗာန် ရောက်ကြောင်း ဖြစ်၍ ကောင်းမြတ် လှစွာသော။ မေဒံ၊ သူတော်ကောင်း တရားတည်းဟူသော အဆီ အနှစ်ကို။ ပိဋ္ဌေယျ၊ အားကုန်နှစ်၍ ညှစ်ထုတ် လိုက်ရာ၏။ ဖေဂ္ဂုနာ၊ ရန်သူငါးတန် ဆက်ဆံ ရောယှက်သည်ဖြစ်၍ အနှစ်သာရ မဘက် သက်သက် အကာအတိသာ ဖြစ်သော။ မနတော၊ ပစ္စည်း ဥစ္စာထဲက။ ဝရံ၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၍

ကောင်းမြတ်လှစွာသော။ ဝါ၊ သုံ့တော်ကောင်း တရားတည်းဟူသော အဆီအနှစ်ကို။ ပီဠေယျ၊ အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏။ တေန မေဒေန၊ ထိုပစ္စည်း ဥစ္စာ အင်္ဂါ ခြေလက် ကိုယ့်အသက် ထဲက ညှစ်ထုတ် လိုက်ရသော သုံ့တော်ကောင်းတရား တည်းဟူသော အဆီအနှစ် ဖြင့်။ ဝရံ၊ မြတ်လှစွာသော။ အဇရံ၊ မအိုရာ ဖြစ်သော။ နိဗ္ဗာနံ၊ ဘေးဘယာ ကင်းရာ နိဗ္ဗာန် ချမ်းသာ မြတ်ကို။ ကမေယျ၊ လဲလှယ် ဖလယ် ဝယ်ယူလိုက်ရာ၏။

အဲဒီ....အဓိပ္ပါယ်ကို သဘောကျ အောင်လို့ သူဌေးကြီးနှင့် ဥပမာ ဆောင်ပြတာ၊ ဒီ တိုက်တွန်းတဲ့ တရားက အလုံးစုံသော ပုဂ္ဂိုလ်သတ္တဝါတို့ဟာ ဒီ ခန္ဓာကိုယ်ကြီး ဘယ်နေရာမှ အနှစ်သာရ အမာခံ မရှိဘူးတဲ့၊ အခိုင်အမြဲ အထည်ဒြပ် မရှိဘူးတဲ့၊ အဲဒီလို မခိုင်မြဲတဲ့ အလျားတလံ အနံတထွာ ခန္ဓာကိုယ်ရုပ် အကောင်ပုပ် ကြီးထဲမှာ အဆီတွေ ရှိတယ်တဲ့၊ အဲဒီ....အဆီကို ညှစ်ထုတ်ရမယ်၊ ဘယ်လို အဆီတွေလဲ၊ ကိုင်း-ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်စမ်း၊ ခန္ဓာကိုယ်ထဲမှာ မြတ်စွာဘုရားက အဆီအနှစ် ရှိတယ်တဲ့၊ ခန္ဓာ ကိုယ်ထဲက အဆီအနှစ်တွေ ညှစ်ထုတ်ရမည်၊ အဲ-အခု တို့ယောဂီ တွေ ခန္ဓာကိုယ်ထဲက အဆီတွေ ထုတ်နေတာပေါ့၊ ဘာလဲ **သီလ**၊ ဒီ....ခန္ဓာကိုယ်နှင့် မရင်းဘဲ သီလဘယ်ကလာ ရမှာလဲ၊ ခန္ဓာကိုယ် နှင့် အရင်းတည်လို့ သီလ ဖြစ်လာတာပေါ့၊ **သမာဓိ**-သမာဓိ စိတ်ဓာတ်တို့၏ တည်ကြည်မှု ဘယ်သူနှင့် ရင်းလို့ ရမှာလဲ၊ သူများဆီ ငှါးလို့ ဘယ်ရမလဲ၊ မိမိတို့ ကိုယ်တိုင် ဝီရိယနှင့် အားထုတ်၊ သတိမြဲလို့ စိတ်၏ ငြိမ်သက်မှု သမာဓိကလေးကို ရလာ တော့ ဒါ ခန္ဓာကိုယ်ထဲက ထွက်လာတဲ့ ဝီရိယ သတိ သမာဓိပေါ့၊

ခန္ဓာကိုယ်ထဲက ညှစ်ထုတ်တဲ့ အဆီတွေ၊ အဲဒီလို ဝီရိယ, သတိ, သမာဓိနှင့် ပြည့်စုံလာတဲ့ အခါကျတော့၊ တကယ်တမ်း ပုထုဇဉ် သာမန် လူသာမန် နတ်သာမန်တို့နှင့် မတန်တဲ့ တရား၊ မမြင်နိုင် မထင်နိုင်တဲ့ တရားက ဘယ်သူလဲ၊ ရုပ်နာမ်ပေါ့၊ ရုပ်နာမ်ကိုလူတိုင်း မြင်တယ်လို့ မမှတ်ကြနှင့် အင်မတန် သိမ်မွေ့တာ၊ ရုပ်တရားက မျက်တောင်တခတ် လျှပ်တပြက် ရုပ်ပေါင်း ကုဋေ ငါးထောင် ကျော် ဖြစ်တာ၊ နာမ်တရားက ကုဋေ တသိန်း၊ အဲဒါ ခန္ဓာကိုယ် အတွင်းမှာ တနာရီ တမိနစ် တစက္ကန့်မျှ မစဲအောင် အမြဲတမ်း အသစ်အဟောင်း ပြောင်းလဲနေတဲ့ ရုပ်တရား နာမ်တရားတွေ ဘယ်မြင်နိုင်လိမ့်မလဲ၊ ပြကတေ မျက်စိနှင့် မြင်နိုင်တဲ့ တရားတွေ မဟုတ်ဘူး၊ ပြကတေ မျက်စိဆိုလျှင် ဘယ့်ကလောက်တန်ခိုးကြီးတဲ့ နတ်တွေ ဘယ်လောက်ပင် တန်ခိုးကြီးတဲ့ ဗြဟ္မာတွေ ဈာန် အဘိညာဏ် တန်ခိုးနှင့် ဘယ့်လောက် ပြည့်စုံ ပြည့်စုံ ဒီရုပ်နာမ် တရားကို မြင်တာ မဟုတ်ဘူး၊ ဝိဇ္ဇာ မျက်စိ၊ ဝိဇ္ဇာဉာဏ်မျိုးနှင့်မှ မြင်ကောင်းတဲ့ရုပ်တရား၊ အခု ယောဂီတွေ မြင်နေတာပေါ့၊ ပေါ့တိ ပေါ့ဆမြင်တယ် မအောက်မေ့နှင့်၊ တကယ့်ကို ဝိဇ္ဇာဉာဏ်ကိုရမှ အမှန်ဟုတ်တဲ့ တရားကို တွေ့တာ၊ ဘုရားဟောထားတာ လူတိုင်း အရသာဘဲ။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ၊
ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။

ကာယဉ္စ၊ ကာယပသာဒ ရုပ်ကိုရင်း။ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗာရုံကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကာယ ဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

လိုရင်း အဓိပ္ပါယ်က ကိုယ်ဖြင့် တွေ့ကောင်းတဲ့ ပထဝီဖောဋ္ဌဗ္ဗ တေဇောဖောဋ္ဌဗ္ဗ ဝါယောဖောဋ္ဌဗ္ဗနှင့် တွေ့တာ၊ နို့တွေ့တော့ သိတာက ဘယ်သူက သိသလဲ၊ ကာယဝိညာဏ်မှ သိတာ၊ အဲဒီ ကာယဝိညာဏ်က လွယ်တာ မဟုတ်ဘူး၊ ကာယဝိညာဏ် ဟိုကာယ ပသာဒ ဖောဋ္ဌဗ္ဗ နှစ်ပါး တွေ့ဆုံတိုင်း တွေ့ဆုံတိုင်း ကာယဝိညာဏ် သိဘို့ရာ အဲဒီ စိတ်ကလေးဟာ မငြိမ်မသက် ပြေးလွှားပြီးတော့ နေမည်ဆိုလျှင် သိမည်ထင်သလား၊ အခု ယောဂီများ ကိုယ်ပိုင် ဉာဏ်နှင့် ကြည့်လေ၊ နဲနဲကလေး စိတ်ခေတ်ကလေး တခြားကို လေလွင့် သွားလာနေတဲ့အခါ ခန္ဓာကိုယ်ထဲမှာ သူ့အလိုလို သဘာဝ ဖြစ်ချင်သလို ဖြစ်နေတဲ့ ရုပ်တွေ တွေ့ရဲ့လား၊ မတွေ့ဘူး၊ အဲဒီ စိတ်ကလေးဟာ တခြားကို မလေမလွင့် မပြေးမသွားအောင် ဝီရိယ, သတိ ကောင်းကောင်းနှင့် ဖမ်းထားမှ သမာဓိဆိုတဲ့ စိတ်တည်မှာ၊ အဲ- ထိုသမာဓိ စိတ်ခေတ်ကလေး ဖြစ်တဲ့အခါမှ ဟို ကာယပသာဒ,ဖောဋ္ဌဗ္ဗနှစ်ဦး ခဏမစဲ ခန္ဓာထဲမှာ အမြဲဖြစ်ပျက် နေတာ၊ ဒီတော့မှ သူမြင်မှာ၊ အဲ-မြင်တာ သိတာ ဘယ်သူလဲ၊ ကာယဝိညာဏ်ပေါ့၊ အဲဒီတော့မှ အော်- ဒါ ရုပ်နှင့် နာမ်ဘဲလို့ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်က အမှန်ကို သိသွားတယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် က အမှန်ကို သိတော့မှ ခန္ဓာငါးပါးဆိုတာ သူဘဲ၊ အာယတန ဆိုလည်း သူဘဲ၊ ဓာတ်ဆိုလည်း သူဘဲလို့ တကယ်ကမ်း တွေ့တာ၊ အဲဒါ ဘယ်က ထွက်တဲ့ အဆီတွေလဲ၊ ကိုယ်က ထွက်တဲ့ အဆီတွေ ပေါ့၊ ဒါကြောင့် ဘုရားရှင်က—

ဖေဂ္ဂုနာ- ကိုးဆယ့်ခြောက်ဖြာ အနာရောဂါအပေါင်း တို့ဖြင့် ဖိစီး နှိပ်စက်အပ်သော သဘောရှိသော။ ကာယ တော၊ အလျှားတလံ အနံတထွာ ဤခန္ဓာကိုယ်ရုပ်

အကောင်ပုပ်ထဲက။ ဝရံ၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၍ ကောင်းမြတ်လှစွာသော။ မေဒံ၊ သူတော်ကောင်းတရား တည်းဟူသော အဆီအနှစ်ကို။ ပိဠေယျ၊ အားကုန်နှစ်၍ ညှစ်ထုတ်လိုက်ရာ၏။

ခန္ဓာကိုယ်ထဲက အဆီ ထုတ်တာ ဖေဂုနာ၊ ရန်သူ ငါး တန် ဆက်ဆံ ရောယှက် အနှစ်သာရ မဖက် သက်သက် အကာအတိသာ ဖြစ်သော။ ခနတော၊ ပစ္စည်း ဥစ္စာထဲက။ အဲဒါလည်း သဘောပေါက်ဘို့ အခုလောကမှာ ရှိကြတဲ့ ရွှေ ငွေ ကျောက်သံ ပတ္တမြား ပစ္စည်း ဥစ္စာတွေ ရှိကြတာပေါ့၊အဲဒီ ပစ္စည်း ဥစ္စာတွေဟာ မိမိနှင့်ဆိုင်တဲ့ ပစ္စည်း မဟုတ်ဘူးတဲ့။

ဇင်္ဂမ, ဥစ္စာ
ထာဝရ, ဥစ္စာ
အင်္ဂသမ, ဥစ္စာ
အနုဂါမိက, ဥစ္စာ

ဥစ္စာလေးမျိုး ပြထားတယ်၊ အဲဒီ ဥစ္စာ လေးမျိုးထဲက ကိုယ်ပိုင် ပစ္စည်း ဥစ္စာက ဘယ်သင်းလဲ၊ ကိုယ်ပိုင် ပစ္စည်း ဥစ္စာ မဟုတ်တာက ဘယ်သင်းလဲ၊ အဲဒါ ခွဲခြား သိဘို့ လိုသေးတယ်။

(၇-ရက်စခန်း ပဋ္ဌမပိုင်းတွင် ဥစ္စာလေးမျိုး ဥပမာနှင့် ရှင်းခဲ့ပြီ)

ဒါကြောင့် သူဌေးကြီး န္တွားနှစ်ကောင် ငှါးစားတဲ့ ဥပမာနှင့် ဆောင်ပြီးတော့ ခိုင်းစေတဲ့ ပုဂ္ဂိုလ်က အမြတ်ရ၍ မခိုင်းမစေတဲ့ ပုဂ္ဂိုလ်က ဘဝမှာ ဆုံးရှုံးရသလို တို့ဒကာမတွေလည်း မိမိကိုယ်ကို

အမြတ်နှင့် နှလုံးသွင်းပြီး သကာလ အရှုံးမခံကြဘဲ မိမိနှင့်ထပ်တူ ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေလည်း ဤဘဝ လူဖြစ်ရတဲ့အခါ လူ့ဘဝမှာ အရှုံးမခံရတဲ့ အမြတ်ကို ယူနိုင်အောင်ဆိုပြီး ကိုယ်တိုင်တိုက်တွန်းကြပါလို့ ဥပမာကလေးနှင့် ဆောင်ပြတာ၊ တစိမ့်စိမ့်စဉ်းစားမှုလည်းဘဲ အဓိပ္ပါယ် ရှင်းတယ်၊ မစဉ်းစားရင် မရှင်းဘူး၊ အဲဒါကြောင့် သိဘို့ရာ အရေးကြီးတယ်၊ ဒီတော့ မြတ်စွာဘုရားဟောတဲ့ ဒေသနာ အစဉ်မှာ ကတညုတ-ဆိုတဲ့ ပုဒ်ရှိတယ်၊ သူပြုဘူးသော ကျေးဇူး သိရမည်၊ ကျေးဇူး အဆက်ဆက်ရှိပုံတွေ၊ အဲဒါလည်း ခဏ,ခဏ လမ်းပြခဲ့ပါတယ်၊ အခုကာလ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဘာဝနာပွားများ အားတုတ်တယ်၊ အဲဒီလိုကုသိုလ်ကောင်းမှု ပြုတိုင်း ပြုတိုင်း ရေစက်ချ အမျှဝေ ပြုလုပ်ကြတယ်၊ ဒီလို ရေစက်ချ အမျှဝေတဲ့အခါမှာ တချို့က ဘယ့်နယ့်ပြောသလဲ၊ ဟာ-ဒါနဘဲကွာ ပြု-ကုသိုလ်ရတာပေါ့၊ ရေစက်ချနေစရာ မလိုပါဘူးတဲ့၊ အဲဒီလို ပြောကြတယ်၊ ဒါမဟုတ်ဘူး၊ ရေစက်ချပြီး အမျှဝေတဲ့အခါ အမှန် ကျေးဇူးရှိတယ်၊ ဒါကြောင့် သက်သေခံ ဥပမာပြရမည်ဆိုလျှင်....

## ကုမုဒြာကြာ ရှာဖွေခဏ်း

တို့မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော် အခါကာလ လိစ္ဆဝီဘုရင်မင်းမြတ် တိုင်းခမ်း လှည့်လည်တဲ့ အခါမှာ တယောက်သော သူငယ်မကလေး၏ ရူပါရုံ နိမိတ်ကို မြင်သဖြင့် ထိုသူငယ်မ၏ အဆင်း တင့်တယ်ခြင်းကြောင့် ဘုရင်၏ စိတ်ထဲမှာ ကပ်ငြိတဲ့စိတ်ပေါ်လာတယ်တဲ့၊ ဒီတော့ ရှင်ဘုရင်က မင်းချင်းယောကျ်ားတယောက် ခေါ်ပြီးတော့ အမေးခိုင်းတယ်၊ ဟဲ့ ဟိုသူငယ်မမှာ

ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်များ ရှိသလား သွားမေးစမ်း ဆိုတော့ မင်းချင်း ယောကျ်ားက သွားမေးတယ်၊ အဲဒီလို သွားမေးတော့ သူငယ်မက ခင်ပွန်းသည် ယောကျ်ား ရှိကြောင်း ပြန်ပြော လိုက်တယ်တဲ့၊ ဒီလို ပြန်ပြော လိုက်တော့ ရှင်ဘုရင်က အကောက် ဉာဏ်နှင့် ထိုသူငယ်မ၏ ယောကျ်ားကို ခေါ်ပြီးတော့ မင်းခစား ယောကျ်ားခန့်တယ်၊ အဲဒီလို မင်းခစားယောကျ်ား ခန့်တဲ့အခါ ထိုယောကျ်ားက သိတယ်၊ ငါ့ကို မင်းခစားယောကျ်ား ခန့်တာ အကောင်းမဟုတ်ဘူး၊ ကေန်မုချ ဥပါယ်တမျဉ်နှင့် ငါ့ကို သတ်ပြီး တော့ ငါ၏ ဇနီးသည်ကို သူယူမည်လို့ ကြံစည်တာဘဲလို့ဆိုတာ သိတယ်၊ သိတဲ့အတွက် ထိုယောကျ်ားဟာ သတိမလစ်အောင် မင်းခစားယောကျ်ား ကမ်းနားသစ်ပင်တဲ့၊ ဒါကြောင့်မို့လို့ အခါ ခပ်သိမ်း မလစ်ဟင်းရအောင် စောင့်ရှောက်တယ်၊ ဒီတော့ ရှင်ဘုရင်ဟာ သတ်ခွင့် ရှာမရဘူး၊ သတ်ခွင့် ရှာမရတဲ့အခါ တနေ့ကျတော့ ရှင်ဘုရင်က မင်းချင်းယောကျ်ားအား အမောင် လုလင်ယောကျ်ားတဲ့ နက်ဖြန်ခါကို ကုမုဒြာကြာ ရှာဖွေပြီးတော့ နေမဝင်ခင် မောင်မင်း ငါ့ကို ရအောင် ဆက်ရမည်တဲ့၊ ကုမုဒြာ ကြာ ရှာဖွေ၍ မရသော်ငြားငြင်း၊ နေမဝင်ခင် မရောက်ခဲ့သော်ငြင်း မင်းကို အသက်မှ ဆုံးရှုံးအောင် စီရင်မည်လို့ တချက်လွှတ် အမိန့် တော် ချတယ်တဲ့၊ အဲဒီတော့ ထိုလုလင်ယောကျ်ား ကုမုဒြာကြာ ရှာရအောင် သွားဘို့ရာ အိမ်ပြန်လာပြီး ဇနီးသည်ကို ပြောတယ်။

ကိုင်း ရှင်မ-ငါတော့ဖြင့် ကေန်မုချ မနေရတော့ဘူး၊ သေရ တော့မည်ထင်တယ်၊ ရှင်ဘုရင်က ငါ့ကို အမိန့်မှတ်လိုက်တယ်၊ နက်ဖြန်ခါ မိုးသောက် အလင်းရောက်တဲ့အခါ ကုမုဒြာကြာ ရှာပြီး ပေးရမည်တဲ့၊ ကုမုဒြာကြာ ရှာမရခဲ့သော်ငြင်း၊ နေမဝင်ခင်

ပြန်မရောက်ခဲ့သော်ငြား၊ ငါ့ကို အသက်မှ ဆုံးရှုံးအောင် စီရင်မယ်လို့ အမိန့်ချမှတ်လိုက်တယ်၊ ငါလည်း ကုမ္ဘြာကြာ ဘယ်အရပ်ဒေသ ဘယ်မှာ ရှိမှန်းလည်း ငါမသိဘူး၊ မြင်လည်း မမြင်ဘူးဘူး၊ သည့်အတွက်ကြောင့် ငါတော့ ကေန်မုချ သေတော့မှာဘဲ၊ ငါ့အတွက် တနပ်စာ ထမင်းရိက္ခာထုပ်ကလေးများ လုပ်ပေးပါ ဆိုပြီး စေခိုင်းတော့ ဇနီးသည်မှ,က ထမင်းထုပ်ကလေးများ ကောင်းမွန်စွာ ထုပ်ပြီးတော့ ပေးလိုက်တာပေါ့။

အဲဒီလို ပေးလိုက်တော့ ထမင်းထုပ်ကလေးထမ်းပြီး မြို့က ထွက်ရတာပေါ့၊ ကုမ္ဘြာကြာ ရှာဖွေရအောင် မြို့က ထွက်တော့ ရှင်ဘုရင်က အကောက်ကြံနေတဲ့ ပုဂ္ဂိုလ်ကိုး၊ထိုလုလင်ယောကျ်ား မြို့က ထွက်တာနှင့် တပြိုင်နက် ဟဲ့ မြို့တံခါး လေးမျက်နှာအကုန်ပိတ်ထား၊ ထွက်တဲ့လူ မဝင်စေနှင့်၊ဝင်တဲ့လူ မထွက်စေနှင့်လို့ ဆိုပြီးတော့ တခါတည်း မြို့တံခါး လေးမျက်နှာ အကုန် ပိတ်ထားတယ်၊ အဲဒါနှင့် မင်းချင်းယောကျ်ား ကုမ္ဘြာကြာ ရှာဖွေရအောင် ဘယ်ဒေသ သူသိမလဲ၊ ယော်ယမ်းမှန်းဆ ရောက်မိရောက်ရာ သူသွားတာပေါ့၊ သွားတော့ ဘယ်ရောက်သွားသလဲဆိုလျှင် တခုသော ဂင်္ဂါမြစ်နား ရောက်သွားတယ်၊ ဂင်္ဂါမြစ်နား ရောက်သွားတဲ့ အခါကျတော့ နံနက်စာ အစာစားဘို့ အချိန်သင့်တာနှင့် ထမင်းထုပ်ကလေး ဖြေပြီး ထမင်းစားတာပေါ့၊ ထမင်းစားလို့ ကော ဘယ်ဝင်မလဲ၊ သေအံ့သော ဘေးကြီးက ကျော့ပိုးနေတာ အင်မတန် ကြောက်လန့်ပြီးနေတဲ့ ပုဂ္ဂိုလ်တယောက်ဟာ ဘယ်စားလို့ ဝင်ပါ့မလဲ၊ ဝင်တတ်သမျှ စားသောက်ပြီးလို့ မကုန်နိုင်တဲ့ ထမင်း ခဲဘွယ်တွေကို ကုန်းသတ္တဝါ ကျီးငှက်တွေကို အစာကျွေး၊ တချို့လည်း ရေထဲမှ ငါးတွေကို အစာကျွေး၊ အဲဒီလို

ကျေးမွေး လှူဒါန်းပြီးတော့ မိမိ ပြုအပ်သော ကုသိုလ်ကောင်းမှု တွေကို တောစောင့်နတ်, တောင်စောင့်နတ်, မြစ်သမုဒ္ဒရာစောင့် နတ်, နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ကို အမျှအမျှနှင့် အဲဒီလို အမျှဝေတယ်၊ အမျှဝေလိုက်တော့ နတ်တွေ သာဓု ခေါ်ရတာပေါ့၊ အဲဒီလို သာဓုခေါ်ရတဲ့ အထဲမှာ ကတညုတ သူပြုဘူးသော ကျေးဇူး သိရမည်လို့ ဘုရားဟော ဒေသနာအတိုင်း သူတော်ကောင်း နတ်ကြီး တယောက် ပါလာတယ်။

၎င်း နတ်ကြီးက အင်း- တယ်ကျေးဇူး များပါကလား၊ တို့သမုဒ္ဒရာမှာ နေခဲ့တာ ကြာမြင့်လှပြီ၊ ဤကဲ့သို့ အမျှဝေလို့ သာဓုခေါ်ရတာ တကြိမ်မျှ မရခဲ့ဘူး၊ ခုတခါ အင်မတန် ထူးကဲ တယ်၊ ဤမျှလောက် ကုသိုလ် ကောင်းမှုတွေကို အမျှဝေလို့ သာဓုခေါ်ရတာ အင်မတန် ကျေးဇူး ရှိပေတယ်၊ အဲဒါနှင့်ဘဲ ထိုနတ်က အကဲခပ်တယ်၊ ဒီလုလင် ယောကျ်ားဟာ မုချအားဖြင့် တစုံဘရာ အန္တရာယ်ရှိတာနှင့် တူတယ်၊ သူ၏ရုပ်ဟာ မတင့်တယ် ဘူး၊ ငါမေးအုံးမှဘဲဟု ကိုယ်ထင်ရှား ပြပြီးတော့ အမောင်လုလင် ယောကျ်ား အမောင်ဟာ ဘယ်လိုများ အကြောင်းထူး ရှိပါ သလဲလို့ မေးတယ်၊ အဲဒီလိုမေးတဲ့ အခါကျတော့ ထိုလုလင် ယောကျ်ားဟာ ဖြစ်သမျှ အကြောင်း အကုန်ပြန်ပြောတာပေါ့။

ကျွန်ုပ်ကို ဘုရင်မင်းမြတ်က အမိန့်တော် မှတ်လိုက် တယ်၊ ကုမုဒြာကြာ ရှာဖွေပြီးတော့ နေမဝင်ခင် မင်း- ရောက်အောင် ပြန်လာခဲ့ရမယ်လို့ မှာလိုက် ပါတယ်၊ အကယ်၍ ကုမုဒြာကြာ ရှာဖွေ၍ မရခဲ့သော်၎င်း၊ နေ မဝင်ခင် မြို့ကို ပြန်မရောက်ခဲ့သော်၎င်း အသက်မှ ဆုံးရှုံး

အောင် စီရင်မည်လို့ တချက်လွှတ် အမိန့်နှင့် မှတ်လိုက်ပါတယ်။

အဲဒီလို ပြန်ပြောတာ၊ ပြောတော့ နတ်သားက ဟာ-အမောင် ကုမုဒြာကြာ ဆိုတာ မင်းတို့ လူ့ပြည် လူ့ရွာမှာ ဘယ်လာရမှာလဲ မရှိဘူး၊ သို့သော်လည်း မင်းရဲ့ ကျေးဇူးဟာ တို့မှာရှိတယ်၊ မင်းကျေးဇူးကို တို့ဆပ်ပါရစေ၊ အဲဒီအရပ်က မင်းဘယ်မှမသွားနှင့် ကုမုဒြာကြာ ဆိုတာ ဟို-ဘောဂဝတီနိုင်ငံ နဂါးပြည်မှာ ရှိတာ၊ ငါသွားယူပေးမည်၊ နတ်က ဝန်ခံပြီးတော့ နတ်၏ တန်ခိုးဖြင့် ဟို-ဘောဂဝတီနိုင်ငံမှာ ကုမုဒြာကြာ သွားယူလာပြီးတော့–

ကိုင်း-အမောင်လုလင်ယောကျ်ား- ဟောဒီမှာ မင်းအလိုရှိတဲ့ ကုမုဒြာကြာ၊ ကဲ-မင်း မြန်မြန် ပြန်ပေတော့လို့ ဆိုပြီး ပေးတော့မှ အားရဝမ်းသာစွာနှင့် ကုမုဒြာကြာ ယူပြီး ခပ်မြန်မြန် သုတ်တာပေါ့၊ အဲဒီလို ပြန်ခဲ့တော့ အစောကြီးပေါ့၊ နေမဝင်ခင် ရောက်တာဘဲ၊ဒီလို နေမဝင်ခင် ရောက်ပေမဲ့ ရှင်ဘုရင်က မြို့တံခါးလေးမျက်နှာ ပိတ်ထားတာ ဘယ်ဝင်နိုင်တော့မလဲ၊ မဝင်ရဘူး၊ မဝင်ရတော့မှ အင်း- ငါ့ကိုတော့ မုချ သတ်မည်လို့ ဘုရင် ကြံစည်တာဘဲ၊ သို့သော်လည်း ငါမှာ သေထိုက်တဲ့ကံ ပါမှ ငါသေရမည်၊ ငါသက်သေခံ ရှာဦးမည် ဆိုပြီးတော့ မြို့ပြင်မှာ လှည့်ပြီး သက်သေရှာတယ်၊ ရှာတော့ ဘာသွားတွေ့သလဲ၊ ရာဇဝတ်သားကို သွားတွေ့တယ်၊ အဲ ရာဇဝတ်သား လက်ဝါးကပ်တိုင် ကားတင်ထားတာ သွားတွေ့တော့မှ အမောင်-ငါ့ကို မင်း စောင့်ရှောက်ပါ၊ မင်းကို ငါအားကိုးပါရစေ၊ ငါ့ကို ဘုရင်မင်းမြတ်က ကုမုဒြာကြာ ရှာဖွေပြီးတော့ နေမဝင်ခင် မြို့ကို ပြန်လာရမည်လို့ အမိန့် ချ,မှတ်

လိုက်တယ်၊ အကယ်၍ ကုမုဒြာကြာ ရှာမရခဲ့သော်ငြား၊ နေမဝင်ခင် ရောက်အောင် မပြန်လာနိုင် ခဲ့သော်ငြား ငါ့ကို အသက်မှ ဆုံးရှုံးအောင် စီရင်မည်လို့ အမိန့်တော် မှတ်ထားတယ်၊ ယခု ငါ့လက်ထဲမှာ မင်းမြင်တဲ့အတိုင်း ကုမုဒြာကြာလည်း ရလာတယ်၊ နေမဝင်ခင်ဘဲ ရောက်လာတာ မင်းမြင်တဲ့ အတိုင်းဘဲ၊ အဲဒါကို အကြောင်းရှိသျှင် ငါသက်သေပေးတဲ့အခါ မင်း သက်သေခံပါလို့ ဆိုတော့မှ၊ ကောင်းပြီတဲ့ မင်းပြောတဲ့အတိုင်း ငါသက်သေခံမယ်၊ သို့သော် ငါက ရာဇဝတ်သားတဲ့ သက်သေအောင်မြင်မှအောင်မြင်မယ်တဲ့၊ ညဥ့်ကျရင် ရက္ခစိုးကြီး လာလိမ့်မည်၊ အဲဒီတော့မှ မင်း သက်သေပေးပါ၊ သက်သေ တောင်းပါတဲ့၊ ကောင်းပြီလို့ဆိုပြီး ညဥ့်ကျတော့ လားလား- ရက္ခစိုးကြီးက မြင်းဖြူကြီးစီးလို့ နတ်ဝတ်တန်ဆာ မရှိဘူး၊ ပုဆိုးအချည်းနှီးနှင့် လာပြီးတော့ ဘယ့်နှဲပြောသလဲ၊ "ငါတို့တဲ့ မင်းမသေချင်နှင့်အုံးကွယ်၊ မင်းခုလိုနေရတာက မြတ်တယ်" အဲဒီ ရက္ခစိုး စကားကို အဓိပ္ပါယ်စေ့စေ့ စဉ်းစားကြည့်ပေါ့။

လက်ဝါးကပ်တိုင်မှာ ကားတင်ပြီးတော့ သံမှိုနှက်ထားတာ၊ မလှုပ်နိုင်အောင် ကျဉ်းမြောင်းစွာ ခံနေရတဲ့ ဒုက္ခဝေဒနာကြီးကို ခုလို နေရတာ မြတ်တယ်လို့ ပြောတာကြည့်၊ အဲဒါဟာ ရာဇဝတ်သားအား ဤကဲ့သို့ လာပြောတဲ့ အခါကျတော့ ခုနကပြောတဲ့ မင်းချင်းယောကျ်ားက အသင် ရက္ခစိုးတဲ့၊ ကျွန်ုပ်ကိုလည်း အသင် ကယ်မပါအုံး၊ ကျွန်ုပ်ကို ဘုရင်မင်းမြတ်က ကုမုဒြာကြာ ရှာ၍ နေမဝင်ခင် ရောက်အောင် ပြန်လာရမည်လို့ အမိန့်တော် မှတ်လိုက်တဲ့အတိုင်း ကျွန်ုပ် အခုသွားရှာလို့ ကုမုဒြာကြာလည်း ရခဲ့

တယ်၊နေမဝင်ခင်လည်းပြန်ရောက်တာကို အသင်ရက္ခစိုးကြီး အသိ သက်သေ လုပ်ပြီး အကျွန်ုပ်ကို သက်သက်ခံပါလို့ ဆိုတော့—

ကောင်းပြီ ကိစ္စမရှိဘူး၊ ငါသက်သေခံမည်လို့ ရက္ခစိုးကလည်း ဝန်ခံတယ်၊ အဲဒီတော့ နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ဘုရင်က အကောက်ဉာဏ်နှင့်ကိုး၊ ဟယ့်— မင်းချင်းယောကျ်ား ဖမ်းကြဟလို့ ဆိုတော့ တကာတဲ ရာဇဝတ်သား အနေကဲ့သို့ပေါ့လေ၊ ထို မင်းချင်းယောကျ်ားကို ဖမ်းလား ဆီးလား လုပ်ကြတဲ့အခါ မင်းချင်းယောကျ်ားက ပြောတယ်၊ အေး- မင်းတို့ ငါ့ ဘယ် လိုပင် ဖမ်းသော်လည်း ငါ သေထိုက်မှ သေရမည်၊ ငါ့မှာ သက် သေခံ ရှိတယ်၊ ငါသည် ကုမုဒြာကြာကိုလည်း ငါ သွားရှာ တာ ရခဲ့တယ်၊ ဟောဒီမှာ လက်ထဲမှာ ပါတယ်၊ နေမဝင်ခင်လည်း ငါရောက်လာတယ်၊ ငါ့မှာ သက်သေရှိတယ်လို့ ပြောတော့၊ ကောင်းပြီတဲ့ သင့် သက်သေ ဘယ်သူလဲလို့ မေးတော့ ရာဇဝတ် သားနှင့် ရက္ခစိုးကို ပြတယ်၊ အဲဒီလို ရာဇဝတ်သားနှင့် ရက္ခစိုးကို သက်သေ ပြတော့ ရှင်ဘုရင်က တပါးသူ ထွက်စစ်လို့ ရှိလျှင် မယုံသက်ာ ရှိမှာစိုးလို့ သူကိုယ်တိုင် ထွက်စစ်တယ်၊ သူကိုယ်တိုင် သွားစစ်တော့ ခုနက ပြောတဲ့ ရာဇဝတ်သားကလည်း အဟုတ် ကိုဘဲ သက်သေခံတာပေါ့၊ မင်းချင်းယောကျ်ား ပြောသလိုဘဲ ရက္ခစိုးကြီးကလည်း ထိုနည်းတူစွာ သက်သေခံ၊ သက်သေခံတော့ ဘုရင် တရားရှုံးရော။

ဘုရင် တရားရှုံးတော့ ဘုရင်က အင်မတန် ထူးဆန်းအံ့သြဘွယ် ကောင်းတယ်လို့ ပြောတော့၊ အသင်မင်းကြီး အလုံးစုံ သိချင်လျှင် တဦးသော ရဟန္တာ အရှင်မြတ်ကို ပင့်ပြီးတော့ မေးလျှောက်ပါလို့

ရာဇဝတ်သားက လျှောက်ထားတော့ ရဟန္တာ အရှင်မြတ် ပင့်ပြီး လျှောက်တယ်၊ အရှင်ဘုရား-ဒီ ရက္ခစိုးကြီးဟာ နေ့တိုင်း နေ့တိုင်း ဒီရာဇဝတ်သားထံ လာလာပြီးတော့ "ငါ့တူ- မင်း မသေချင်နှင့် အုံး၊ ခုလို နေရတာ မြတ်တယ်" ဆိုတာ ဘယ်အကြောင်းပါလဲ ဘုရား၊ ဒီရက္ခစိုးကြီးဟာ ရက္ခစိုးဖြစ်ရတာ မြင်းဖြူရှင် ဖြစ်ရတာ ဘယ်အကြောင်းပါလဲ ဘုရား၊ရက္ခစိုး ဖြစ်ပါလျက်သားနှင့် သူ့မှာ အဝတ်တန်ဆာ မရှိဘဲ အချည်းနှီး နေရတာ ဘယ်အကြောင်း ပါလဲ ဘုရားလို့ ရှင်ဘုရင်က လျှောက်တာပေါ့၊အဲဒီတော့ ပြန်ဟော တယ်၊ ငါ့တူ မင်း မသေချင်နှင့်အုံး၊ ခုလို နေရတာ မြတ်တယ် ဆိုတာ တခြားမဟုတ်ဘူး၊ အခု နေရတာ သူ့မြတ်တာပေါ့၊ အခု ဒီလက်ဝါးကပ်တိုင်က သေသွားလို့ ရှိလျှင် ငရဲပြည် အမှန်ကျသွား မည်၊ ငရဲပြည်ကျသွားလျှင် ချမ်းသာဟူ၍ မြူမျှမဘက် သက်သက် ဆင်းရဲအတိသာ ဖြစ်သော ဒုက္ခကို သူ တွေ့ရမှာပေါ့တဲ့၊ဒါကြောင့် ခုလို နေရတာ မြတ်တယ်ပြောတာ။

မြင်းဖြူရှင် ရက္ခစိုး ဖြစ်တာက တခြားမဟုတ်ဘူး၊ လမ်းတခု မှာ ရေဗွက်အိုင်ကလေး ရှိတယ်၊ ရွှံ့အိုင်ဗွက်ကလေး၊အဲဒီခြေတဖဝါး စာ ရွှံ့အိုင်ဗွက်ကလေးကို အများ သွားလာတဲ့အခါ ဆင်းဆင်း ပြီးတော့ သွားရတာ အင်မတန် စက်ဆုပ် ရွံရှာဘွယ် ကောင်း တယ်၊ အဲ သူလည်းဘဲ ထိုနည်းတူစွာ သိပ်ပြီးတော့ ရွံရှာတယ်၊ အဲဒါကို သူက သန့်ရှင်းသော နွားခေါင်းရိုးကြီး တခုရတာနှင့် ခြေတဖဝါးရာစာ တံတားကလေး ခင်းပေးတယ်၊ အဲဒီ ကုသိုလ် အကျိုးကြောင့် သူမြင်းဖြူရှင် ရက္ခစိုး ဖြစ်ရတယ်လို့ ပြောတာ၊ အဲဒါ တွေးကြည့်စမ်း၊ ဘာမဟုတ်တဲ့ နွားခေါင်းရိုးလေး ခင်းပေး တာတောင် အကျိုးများ ဘယ်ကလောက် ကြီးသလဲ၊ မြင်းဖြူရှင်

ရက္ခစိုး ဖြစ်ရတယ်၊ နွားခေါင်းရိုးလေး ခင်းပေးတာနှင့် တံတား ခင်းရတာ ဘယ်လောက် အကျိုးကြီးသလဲ၊ အဲဒါ တွေးကြည့်ပေါ့။

နို့ ပုံဆိုးမဆည်း အချည်းနှီးနှင့် နေရတာကော ဆိုတော့၊ ပုဆိုးအချည်းနှီးနှင့် နေရတာ တခြား မဟုတ်ဘူး၊ ငယ်စဉ်က ကျောင်းနေဘက် သူငယ်ချင်းများနှင့် အတူ ရေချိုးကြတယ်၊ သူက စောစောစီးစီး တက်လာပြီးတော့ သူငယ်ချင်းတွေရဲ့ အဝတ် တန်ဆာကို ပြောင်လှောင်လိုတဲ့ သဘောနှင့် ဝှက်ထားတယ်၊ အဲဒါ တကယ်ခိုးတာ မဟုတ်သေးဘူး၊ ပြောင်လှောင်တာ၊ ရယ်ဘွယ်, ပြောင်လှောင်တဲ့သဘော၊ အဲဒီလိုဝှက်ထားတဲ့ဝိပါက်ကြောင့်ပုဆိုး မဆည်း အချည်းနှီး နေရတယ်တဲ့၊ အဲဒါတွေ တွေးကြပေါ့၊ ဉာဏ် စခန်းတွေဘဲ၊ ရက္ခစိုးကြီး ဖြစ်ရတာ တံတားကလေး ခင်းတာနှင့် ဖြစ်ရတယ်၊ ဒါ အကြောင်းတရားကြောင့် အကျိုးဖြစ်ပုံ၊ အခုလူ တွေ တံတားဖျက်ပစ်တာ ဘယ်လိုနေမလဲ၊ ဉာဏ်နှင့်တွေးပေါ့၊ အခု အဝတ်တန်ဆာကို ခဏခေတ္တ ရယ်ဘွယ် အားဖြင့် ခေတ္တ ခဏ ဝှက်ထားတာတောင်မှ ပုဆိုး အချည်းနှီး နေရသေးတာ၊ အတင်းအဓမ္မ ချွတ်ယူတယ်၊ ခိုးယူတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဘယ်လို နေမည်လဲ ဆိုတာ တွေးယူပေါ့။

အဲဒီ ရက္ခစိုးနှင့် ရာဇဝတ်သားဟာ တူဝရီး အရင်း၊ ဘာဖြစ် လို့လဲ၊ ရာဇဝတ်သားက သူခိုး၊ ရက္ခစိုးက ဝရီး, မင်းချင်း ယောကျ်ားတွေ လိုက်ပြီး ဖမ်းတဲ့အခါ ကျတော့ အဲ-ရာဇဝတ် သားလည်းမိ၊ ရာဇဝတ်သားက မလွတ်တဲ့အခါ ခိုးထုပ်ကို သူ၏ ဝရီးရဲ့ ခြံထဲ ပစ်သွင်းလိုက်တာ မြင်တော့ ဟာ-ဒီအိမ်က အကောင် လည်းပါတယ် ဆိုပြီးတော့ ဖမ်းဆီးပြီး ရိုက်နှက် လုပ်တာနှင့်

သေရော၊ သေတော့ သေသေချင်း ရုက္ခစိုးကြီး သွားဖြစ်တာ၊ ဒါ- တူဂရိး ချင်းပေါ့၊ အဲဒီလို ရှင်ဘုရင်အား ရဟန္တာအရှင်မြတ် ဟောလို့ ကြားတော့ သတိသမ္ပဇညဖြစ်ပြီး ရာဇဝတ်သားကို ကားစင်မှ ဖြုတ်ပြီးလွှတ်တယ်၊ ရာဇဝတ်သား အနာတွေကို ဆေး ဝါးတွေနှင့် ကုသ၍ ခဏချင်း ကျက်သွားတော့ ရာဇဝတ်သားက သံဝေဂရတယ်၊သံဝေဂ ရတော့မှ အရှင်ဘုရား သာသနာမှာ တပည့် တော် ဝန်ထမ်းပါရစေလို့ ရာဇဝတ်သားက လျှောက်တော့ ရဟန္တာက အခွင့်ပြု၊အခွင့်ပြုတော့မှ ရှင်ဘုရင်က ဒီလိုဆိုရင်ဖြင့် တပည့်တော်က ရဟန်း ဒကာခံပါရစေလို့ ဆိုပြီး ရှင်ဘုရင်က ရဟန်းဒကာ ခံတယ်၊ အဲ- ရှင်ဘုရင်က ရဟန်းဒကာခံလို့ ရဟန်း အဖြစ်လည်း ရောက်ကရော ရဟန္တာက ပေးအပ်သော တရားတော် ကြီးကို ကျင့်လိုက်တာ ခဏချင်း ရဟန္တာဖြစ်သွားတယ်။

အဲ ရှင်ဘုရင်ကလည်း မိမိပြုတဲ့ ကောင်းမှု ကုသိုလ်တွေကို အမျှဝေလိုက်တော့ ရုက္ခစိုးကြီးဟာ သာဓုခေါ်ရတယ်၊ ရုက္ခစိုးကြီး သာဓု ခေါ်ရတော့ ရှင်ဘုရင်မျက်စိအောက်မှာ အဝတ်တန်ဆာ မရှိတဲ့ ရုက္ခစိုးကြီးဟာ သာဓုလည်းခေါ်လိုက်ကရော နတ်ဝတ်တန် ဆာတွေ တခါတည်း ပြည့်ဝသွားတယ်၊ အဲဒါ ရှင်ဘုရင်ကိုယ်တိုင် မြင်သိတော့မှ အင်မတန် ဓမ္မသံဝေဂ ဖြစ်သွားတယ်တဲ့၊ အဲဒါ ဘယ်လောက် ကျေးဇူးများတယ်ဆိုတာ အမျှဝေတဲ့ ကျေးဇူး လေးဟာ ကို- မင်းချင်းယောကျ်ားလည်း အမျှဝေတဲ့အတွက် အင်မတန် ခက်ခဲတဲ့ ကုမုဒြာကြာ ရတယ်တဲ့၊ ကုမုဒြာကြာ ရတာတွင် မက, သေးဘူး၊ သူက ဆက်ပြီးတော့ အပါယ်ရဲကို အမှန်ကျမည်၊ ရာဇဝတ်သား သက်သေခံတဲ့ အခါ တယောက်

တယောက်ကို ပစ္စည်းဆက်ပြီးတော့ ရာဇဝတ်သားလည်း အပါယ်ငရဲဘေးမှ လွတ်သွားတယ်၊ ရက္ခစိုးကြီးဟာလည်း ပုဆိုးအချည်းနှီး နေရတာ သာဓုခေါ်ရတဲ့ အတွက်ကြောင့် နတ်ဝတ်တန်ဆာ ရတယ်၊ မင်းချင်း ယောကျ်ားလည်း သေအံ့သော ဘေးကြီးမှ တခါတည်း လွတ်သွားတယ်၊ ရှင်ဘုရင်ဟာလည်း ပစ္စုပ္ပန်သက်သက် တွေ့အံ့ဆဲဆဲ ဖြစ်သော သူတပါးအသက် သတ်ခြင်း, သူ့သား အိမ်ယာ လွန်ကျူးခြင်းဟု ဆိုအပ်သော "ကာမေသုမိစ္ဆာစာရကံ"ဘေးဆိုးကြီးမှ လွတ်မြောက်သွားတယ်တဲ့။

အဲဒါ ဘယ်လောက် ကျေးဇူးတရား ရှိတယ်ဆိုတာ၊ ဟာ လှူပြီးရောပေါ့ကွယ် ရေစက်ချစရာ မလိုပါဘူးလို့ ပြောတဲ့လူတွေ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ပေါ့၊ ဒါဟာ သေသေချာချာ သိဘို့လို့ နားလည်ဖို့လို့ ပြောတာ၊ နောင်ကို ကိုယ်က ဆက်ပြီးတော့ ဒီဝတ္ထု သက်သေကလေးတွေကို အချင်းချင်း ဖောက်သည် ချကြပေါ့၊ နို့မှ ပြန့်နှံ့ပြီးတော့ အဓိပ္ပါယ် သဘာဝ သိသွားအောင်၊ အဲ ခုနာရတဲ့ ပုဂ္ဂိုလ်တွေက တဆင့် ဖောက်သည်ချ ဟောပြောကြလို့ရှိလျှင် ဒီတရားကြီးဟာ ပြန့်နှံ့သွားမှာပေါ့၊ အဲဒါကြောင့် ရေစက်ချတယ်, အမျှဝေတယ် အမျှဝေလို့ သာဓုခေါ်တယ်ဆိုတာ မြတ်စွာဘုရား ဟောထားတဲ့ "ပုညာဘိသင်္ခါရ"ထဲမှာ ပါတယ်။

"ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊
ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊
ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ"
ပုညကြိယာ ဆယ်ပါး။

| | |
|---|---|
| ဒါန- | ဆိုတာ အလှူပေးတာ ခေါ်တယ်။ |
| သီလ- | အခုလို သီလစောင့်တာ။ |
| ဘာဝနာ- | ဘာဝနာပွားတာ။ |
| အပစာယန- | ရတနာ သုံးပါး ဆရာ မိဘတို့အား အရိုအသေပြုတာ။ |
| ဝေယျာဝစ္စ- | ရတနာသုံးပါး ဆရာ မိဘတို့၏ အမှုကြီးငယ်ကို သည်ပိုး ရွက်ဆောင်တာ။ |
| ပတ္တိဒါန- | မိမိပြုခဲ့တဲ့ ကုသိုလ်အဘို့ကို သူတပါးအား အမျှပေးဝေတာ။ |
| ပတ္တာနုမောဒန- | သူတပါးပြုတဲ့ ကုသိုလ် အဘို့ကို ဝမ်းမြောက်တာ။ |
| ဓမ္မဿဝန- | တရားနာတာ။ |
| ဓမ္မဒေသနာ- | တရားဟောတာ။ |
| ဒိဋ္ဌိဇုကမ္မ- | အယူကို ဖြောင့်မတ်စွာ ယူတာ။ |

ဒါ ပုညကိရိယာ ဆယ်ပါးပေါ့၊ အဲဒါကိုပင် အစိပ္ပါယ်မမြင်တဲ့အတွက် ဟာ လှူ-ပြီးရောပေါ့ကွယ်၊ ရေစက်ချနေစရာ မလိုပါဘူးလို့ ဒီလို ပြောတာ၊ အဲဒါ ပျင်းလို့ ပြောတာ၊ တကယ်အကျိုးရှိရှိဘယ်က မလဲ၊ ဒါကြောင့် မိမိတို့ ကုသိုလ်ကောင်းမှု ပြုတိုင်း ပြုတိုင်း အခါခပ်သိမ်း မိမိတို့ ပြုအပ်တဲ့ ကုသိုလ် ကောင်းမှုကို အမျှဝေရတယ်၊ အမျှဝေရင် ကိုယ်မှာ အကျိုးများတယ်၊ မိမိပြုသော ကုသိုလ်အဘို့ သူတပါးအား ပေးဝေခြင်းဆိုတဲ့ ကုသိုလ်ကို

ရတယ်တဲ့၊ မိမိတို့က အမျှဝေလိုက်တော့ ဟို- သာခုခေါ်ရတဲ့ ပုဂ္ဂိုလ်ကတော့ ဘယ်လောက် ကျေးဇူးများသလဲ၊ မိမိတို့ကဲ့သို့ ထပ်တူထပ်မျှ အကျိုး အာနိသင်တွေ ရသွားတော့ အင်မတန် ကျေးဇူးများသွားတာပေါ့၊ အဲဒါ သိမှကောင်းတယ်၊ အဓိပ္ပါယ် ဆိုတာ သဘာဝ ကျကျနန သိမှ အဘိုးတန်တာ။

ဒါကြောင့် တရားဟောရတာ တယ်မလွယ်ဘူး၊ တရားနာရ တာလည်း မလွယ်ဘူး၊ ဘာဖြစ်လို့မလွယ်သလဲ၊ ဉာဏ်စခန်းကိုး၊ ဉာဏ်စခန်း၊ ဉာဏ်နှင့် ဝေဘန်ပြီးတော့ သိတတ်မှ၊ တို့-ဒီမှာ ဟောနေတဲ့ တရားဟာ လွယ်တဲ့တရား မဟုတ်ဘူး၊ အခုပြောတဲ့ ခန္ဓာကိုယ်ထဲမှာ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ ကိုက်တာ ခဲတာ ကျင်တာ နာတာ တောင့်တာ တင်းတာ လှုတ်ိုင်း ရှိတာပေါ့၊ အဲဒါ များ တရားလားတဲ့၊ တချို့က ရယ်တောင် ရယ်လိုက်သေးတယ်၊ သရော်သေးတယ်၊ ဒါတွေ သူတို့ တရားလုပ်နေကြတယ် ကွယ်လို့ အချင်းချင်း ပြောရယ်တယ်၊ ဟာ- သူတို့မှာ ဒီ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ ကျင်တာ ကိုက်တာ ခဲတာ တရားတဲ့ကွယ်၊ ပူတာ အေးတာတော့ တေဇောတဲ့ကွယ်၊ ကျင်တာ ကိုက်တာ နာတာ ဘာလဲ မေးတော့ မပြောတတ်ဘူးကွယ်၊ အဲဒါမသိတဲ့ ပုဂ္ဂိုလ်တွေ အတော်ဆိုးတာပေါ့၊ သိတဲ့ ပုဂ္ဂိုလ်က ဖေါစားတာ၊ မသိတော့ ကျော်သွားတာပေါ့။

ခုနကတုန်းက ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ စသည်ဖြင့် ပူတာ တေဇော၊ အေးတာ တေဇောပေါ့၊ တေဇော ဖောဋ္ဌဗ္ဗ- ကာယပသာဒရုပ်နှင့် တွေ့တော့ ကာယဝိညာဏ်ပေါ့၊ လှုပ်တယ် ရွတယ်ဆိုတာလည်း ဝါယော ဖောဋ္ဌဗ္ဗ-ကာယပသာဒရုပ်နှင့်

တွေ့တော့ ရှုပ်နှာမ်နှစ်ပါး ခန္ဓာငါးပါးပေါ့၊ လှုပ်တာ ရွတာ ကျင်တာ ကိုက်တာ ခဲတာ နာတာ ဆိုတာ ပထဝီ၊ သူတို့က ပထဝီ တော့ အသိသားဘဲ၊ ပထဝီက စာထဲမှာ မာတယ်ပေါ့၊မာတာသာ သိတာပေါ့၊ ကျင်တာဟာ ပထဝီမှန်း ဘယ်သိတော့မလဲ၊ နာတာ တော့ အသိသား၊ မပထဝီမှန်း မသိဘူး၊ ဟော- မာတယ်လို့သာ ပြောတာကိုး၊ ပထဝီက အဲဒါ ဉာဏ်စခန်းတွေ မလွယ်ဘူး၊ ဟို- အမာနှင့် ကိုယ်နှင့်တွေ့ရင် နာတာပေါ့၊ ကျင်တာတွေ ကိုက်တာ တွေ တောင့်တာတွေ တင်းတာတွေဟာ ပထဝီလက္ခဏာချည်းပေါ့၊ အဲဒါ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ တချို့က ကျင်တာ ဘာလဲဆို မသိ ဘူးတဲ့၊ ဟုတ်တယ် တို့ယောဂီတွေလည်းဘဲ လူတိုင်း သိချင်မှ သိမည်၊ ကျင်တာ ပထဝီပေါ့၊ ပထဝီခေတ်တွေ၊ ဘာဖြစ်လို့လဲ "ပထဝီက အမာဘဲ" ကိုယ့်ကိုယ် အမာနှင့်တွေ့ရင် အမျိုးမျိုးခံရ တယ် ဒုက္ခတွေ၊ ဒုက္ခဒဏ်ချက်တွေ၊ အဲဒါကြောင့်မို့လို့ ကြိုးစား ပြီးတော့ တရားနာရင်လည်း စူးစူးစိုက်စိုက် နာ၊ အားထုတ်ရင် လည်း လေးလေးစားစားနှင့် သဘာဝ ကျအောင် အားထုတ်၊ ပေါ့ပေါ့တန်တန်လေးတော့ မစဉ်းစားနှင့်၊ အဲ ခုနကတုန်းက ရယ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဟာကယ့်ကို သာသနာတော်တွင်းမှာ လူလာဖြစ်ပေတဲ့ သာသနာပ ပုဂ္ဂိုလ်တွေ သာသနာ့အပြင်ဘက် က ပုဂ္ဂိုလ်တွေ၊ ဘုရားဟောတဲ့ ဒေသနာ အဓိပ္ပါယ် သဘာဝ ဟုတ်ဟုတ်ငြားငြား မသိလို့ သာသနာ့အပြင်ဘက်က ပုဂ္ဂိုလ်တွေ စိတ် မဆိုးကြနှင့်၊ သနားဘို့သာ ကောင်းတာ၊ သူတို့ ဒီလို ရယ်ရ မလား ပြောင်ရမလားလို့များ စိတ်မဆိုးနှင့်နော်၊ မဆိုးကောင်း ဘူး၊ အမှန်တော့ သူတို့ပြောင်တာဘဲ၊ သရော်တာ၊သူတို့က ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွ တရားတဲ့ကွယ်၊အံ့သြပါရဲ့တဲ့၊ ပြောင်တာ

လေ၊ ပြောင်တာ၊ အဲဒီလိုပြောင်တာ လျောင်တာတွေ မသိလို့ ပြောတာ၊ တနေ့ သူတို့သိသွားလျှင် အင်မတန် မွန်မြတ်တဲ့ အဘိုးတန် တရားကြီး သူတို့လည်း ရနိုင်ပါတယ်၊ အဲဒါကြောင့် သူတို့ အားထုတ်တဲ့ တရားကို ပြက်ရယ် ပြောင်လျောင် ပြောရကောင်းလား ဆိုပြီး စိတ်မဆိုးကြနှင့်၊ တနေ့နေ့မှာ သူတို့တတွေ သိနိုင်ခွင့် ရပါစေလို့သာ စေတနာနှင့် ဆုတောင်းကြ၊ စေတနာနှင့် ဆုတောင်းပြီး မိမိတို့ တရားကို မိမိတို့ လက်ကိုင် ထားပြီးတော့ အားထုတ်ကြ၊ ဝီရိယနှင့် သတိတော့ ဘယ်တော့မှ မလျော့ကြနှင့်၊ ဝီရိယ သတိလျော့ရင် မှားမည်၊ ဝီရိယ သတိကို ဘယ်အခါမှ မလျော့ရဘူး၊ ဒီခန္ဓာကိုယ်ကြီးကို ငါတို့ တတ်နိုင်သမျှ အသုံးချမည်၊ အယုတ်ဆုံး သေသည့်တိုင်အောင် အသုံးချမည်၊ သေခါနီး ကာလ အိပ်ရာထဲ မမာမကျန်းဖြစ်နေ မလွှတ်နှင့် ဘာထူးသလဲ၊ မမာတာ အရေးစိုက်စရာမလိုပါဘူး၊ ရုပ်နာမ် ဖြစ်ပျက်ကိုသာ ကြပ်ကြပ် အာရုံပြု၊ အဲဒီဘဝက လွန်သွားလျှင်ဒုတိယဘဝမဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ကေန်မျက်မှောက် ပြုနိုင်တယ် ဆိုတာ ယုံယုံ ကြည်ကြည် လေးလေး စားစားနှင့် အားထုတ်ကြပေတော့။

တတိယပိုင်း ဤတွင် ပြီးပြီ။

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

## ဓတုဋ္ဌဗိုငး

သုခမ္မဝတီ (က) ၁၁၈- ၈

တတိယအကြိမ်

## ပဋိစ္စသမုပ္ပါဒ်

တရားဟောတယ်, တရားနာတယ် ဆိုတာ တို့မြတ်စွာဘုရား သာသနာတော်က **ပရိယတ္တိ** သာသနာ, **ပဋိပတ္တိ** သာသနာ, **ပဋိဝေဓ** သာသနာလို့ **သာသနာသုံးရပ်** ရှိတယ်၊ ပရိယတ္တိ သာသနာလို့ ဆိုတာ အချို့ အချို့ ပုဂ္ဂိုလ်က စာပုလွေခွင်းပြီး သကာလ စာပေပို့ချ သင်အံ လေ့ကျက်နေမှ ပရိယာတ္တိလို့ ထင်ကြ တယ်၊ ပရိယတ္တိ သာသနာဆိုတာ သင်ခြင်း, ဆောင်ခြင်း, မှတ် သားခြင်း, နာယူခြင်း, ဒါ ပရိယတ်ခေါ်တယ်၊ အခု ဒကာ ဒကာမ တွေ နာခံမှတ်သားပြီးတော့ နှလုံးသွင်းကြတာ ပရိယတ်ခေါ်တယ်၊ ထိုပရိယတ္တိ သာသနာကို ဘာပြုလို့ ဖြည့်ကျင့်ရသလဲ၊ ထိုပရိယတ်မှ လာတဲ့အတိုင်း ကျင့်ဘို့ ကြံဘို့, နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ကို အားထုတ်ဘို့ ပရိယတ်ကို ဖြည့်ရတယ်၊ ကျင့်ကြံ, ကြိုးကုတ်, အားထုတ်မှုက ပဋိပတ်ပေါ့၊ ပရိယတ်ကို မှီပြီးတော့ ပဋိပတ် ကျင့်ရတယ်၊ ပရိယတ် မရှိဘဲ ပဋိပတ် မရှိနိုင်ဘူး၊ ပရိယတ္တိ သာသနာက လွန်တက်လာတော့ အကျင့်တရားက ပဋိပတ္တိ သာသနာတဲ့၊ ပဋိဝေဓ သာသနာဆိုတာ နိဗ္ဗာန်ကို ထိုးထွင်းပြီး သကာလ သိရတဲ့ အကျင့်တရား၊ ပဋိဝေဓ သာသနာဆိုတာ ထိုးထွင်းပြီး သိတယ်၊ အဲဒီ ပရိယတ္တိသာသနာမှာ နားလည် အောင်လို့ အစိတ်စိတ် ခွဲခြမ်းပြီးတော့ ဒကာ ဒကာမတွေကို နားလည်အောင် ပြတာ။

စင်စစ် လိုရင်းကတော့ ဘုရားကိုယ်တော်မြတ် အလိုတော်ကျ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် တို့ကို သိမှ မြတ်စွာ ဘုရား အလိုတော်ကျ ဖြစ်မည်၊ ခန္ဓာတို့, အာယတနတို့, ဓာတ်တို့,

ပဋိစ္စသမုပ္ပါဒ် တရားတွေ နားလည်ရမည်တဲ့၊ အခု တို့ယောဂီတွေ ဟာ ဒီလို ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တွေကို နားလည် ဘို့ ပရိယတ္တိကို သင်နေဘို့ အချိန်မရှိဘူး၊ ဒီတော့ အခု အလွယ်နှင့် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တွေ သိအောင်ဆိုပြီးတော့ ဝိပဿနာတရားကို အားထုတ်ကြတယ်၊ အဲဒီလို ဝိပဿနာတရားကို အားထုတ်တဲ့အခါ ခန္ဓာလည်း သိနိုင်တယ်၊ အာယတနလည်း သိနိုင်တယ်၊ ဓာတ်လည်း သိနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ် တရားကို လည်း သိနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ် တရား ဆိုတာတော့ အားလုံး သိကြမှာပေါ့၊ ရ, ထားကြတာဘဲ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတာအမှန် ပေါ့၊ အဲဒီလို အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို အဓိပ္ပါယ် ရှင်းရှင်းကလေး နားလည်ရင် အင်မတန် ကောင်းတယ်၊ ဒီ ပဋိစ္စသမုပ္ပါဒ်တရားမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ သိရမည်တဲ့၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရ အဝိဇ္ဇာက ဘယ်သူ့ ခေါ်သလဲ။

အဝိဇ္ဇာ- သစ္စာလေးပါး တရားကို မမြင်အောင် ကာကွယ် ဖုံးအုပ်တတ်သော မောဟတည်းဟူသော အဝိဇ္ဇာတဲ့။

မောဟ- အဝိဇ္ဇာက တခြားကလာတာ မဟုတ်ဘူး၊ မိမိတို့ အတွင်းသန္တာန်မှာရှိတယ်၊ အလုံးစုံသော ခန္ဓာ,အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ် တရားတွေကို မသိအောင် ကာကွယ် ထားတာ၊ အဝိဇ္ဇာဒဏ်ချက်က အင်မတန်ပြင်းတယ်၊ ဘယ်လောက် ပြင်းထန် သလဲဆိုလျှင် လကွယ်နေ့ သန်းခေါင်အခါ မိုးတိမ်အုပ်တဲ့အခိုက် တခဲနက်သော တောအုပ်ကြီး အလယ်မှာ အင်မတန်မှောင်တဲ့

မှောင်ထုကြီး ရှိသပေါ့၊ ဤမျှလောက် ကြီးကျယ်တဲ့ မှောင်ထုကြီးထက် အဝိဇ္ဇာမှောင်က ပိုကြီးတယ်တဲ့၊ အဲဒီလောက် ကြီးကျယ်တဲ့ အဝိဇ္ဇာမှောင်ထု၏ လက်ချက်အတွက်ကြောင့် မိမိတို့သည် ယခုပြုကြတယ်၊ သင်္ခါရ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရ၊ သင်္ခါရက ဘယ်သူတွေ လာသလဲ။

ပုညာဘိသင်္ခါရ,
အပုညာဘိသင်္ခါရ,
အာနေဉ္ဇာဘိ သင်္ခါရလို့ သင်္ခါရသုံးပါး ပြတယ်။

**ပုညာဘိသင်္ခါရ,** ဆိုတာ တို့စာသဘောနှင့် ပြောတော့ ပုညာဘိသင်္ခါရဆိုတာ ကုသိုလ်လို့ ခေါ်တယ်၊ကာမကုသိုလ် ရူပကုသိုလ်၊ စာသဘောနှင့် ကာမကုသိုလ်ဆိုတာ ကာမာဝစရ ကုသိုလ်စေတနာ ၈-ခု ရှိတယ်၊ ဗြဟ္မာ့ပြည် လားစေတတ်တဲ့ ရူပါဝစရကုသိုလ်စေတနာ ၅-ခု ရှိတယ်၊ အားလုံး ပေါင်းလိုက်တော့ ၁၃-ပါး ရှိတယ်၊ အဲဒါ 'ပုညာဘိသင်္ခါရ' ကုသိုလ်တဲ့၊ ဒါ စာနှင့်ပြောတာ၊ နောက် မှတ်လည်းထားပေါ့။

**အပုညာဘိသင်္ခါရ,**ဆိုတာက အကုသိုလ်၌ ရှိသော အကုသိုလ်စေတနာ ၁၂-ခုကို အပုညာဘိသင်္ခါရလို့ ခေါ်တယ်။

**အာနေဉ္ဇာဘိသင်္ခါရ,** ဆိုတာက အရူပ ကုသိုလ်စေတနာ ၄-ခုကို အာနေဉ္ဇာဘိသင်္ခါရလို့ ခေါ်တယ်။

ဒီတော့ ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရ စာနှင့် ကျက်ထားလို့တော့ ရပါတယ်၊ သို့သော် အဓိပ္ပါယ်သိတို့

ပုညာဘိသင်္ခါရ ဆိုတာ ဘာလဲ၊ ကုသိုလ်လို့ ဆိုထားပြီမဟုတ်လား၊ အဲ- ခု ဒကာ ဒကာမတွေ နေ့စဉ်နိစ္စဗဒ် အမြဲမပြတ်ပြုနေတဲ့ ဒါန ကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ ဘာဝနာကုသိုလ်တွေဟာ ပုညာဘိ သင်္ခါရတွေပေါ့၊ ဒါနသင်္ခါရ၊ သီလသင်္ခါရ၊ ဘာဝနာသင်္ခါရ၊ ဒါပုညာ ဘိသင်္ခါရ ခေါ်တယ်၊ အပုညာဘိ သင်္ခါရဆိုတာက မိမိတို့ နေ့စဉ် နိစ္စဗဒ် အမြဲမပြတ် ပြုနေတဲ့ လောဘ အကုသိုလ်၊ ဒေါသ အကုသိုလ်၊ မောဟ အကုသိုလ် စေတနာတွေ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ် စေတနာ ဖြစ်ပေါ် ပေါက်ဖွား နေတာ အပုညာဘိ သင်္ခါရတွေပေါ့၊ အဲ-အာနေဉ္ဇာဘိ သင်္ခါရ ကတော့ ရှ္ခဲတယ်၊ အာနေဉ္ဇာဘိသင်္ခါရက ဟို အရူပ ဗြဟ္မာပြည်ရောက် အောင် ကျင့်ရတဲ့တရား၊ ဒါ အာနေဉ္ဇာဘိသင်္ခါရ ခေါ်တယ်၊ ဒီတော့ လိုချင်တာက ပုညာဘိသင်္ခါရကို လိုချင်တယ်၊ ပုညာဘိ သင်္ခါရဆိုတော့ ခုနက ပြောတဲ့ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ ဖြစ်တယ်တဲ့၊ အဝိဇ္ဇာလည်း ကျေးဇူးအရှိသားဘဲ။

အဝိဇ္ဇာကြောင့် ဒါန၊ ပြုတယ်၊
အဝိဇ္ဇာကြောင့် သီလ၊ စောင့်တယ်၊
အဝိဇ္ဇာကြောင့် ဘာဝနာ အားထုတ်တယ်။

ဒါအဝိဇ္ဇာကြောင့်၊ အဲဒီလို အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ဒါန ကုသိုလ်သင်္ခါရ၊ သီလကုသိုလ်သင်္ခါရ၊ ဘာဝနာ ကုသိုလ်သင်္ခါရဟာ ကောင်းသလားလို့ မေးလျှင် ကောင်းတယ် မကောင်းတယ် တို့ဒကာ ဒကာမတွေ ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားကြည့်ပေါ့၊ မိမိတို့ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ဒါနသင်္ခါရ၊ သီလသင်္ခါရ၊ ဘာဝနာသင်္ခါရ ကုသိုလ်က ဘယ်သွားမလဲ၊ ဘယ်လိုအကျိုးဆက် ဖြစ်လာမလဲဆို

တော့ ဒီအဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရဟာ ဝိညာဏ်ဖြစ်မည်တဲ့ ဒီ ကုသိုလ်သည် ဝိညာဏ်ဖြစ်မည့် ကုသိုလ်ဘဲ။

ဒါန, ကုသိုလ်သည် ဝိညာဏ်ဖြစ်ဘို့ အကြောင်းတရား။

သီလ, ကုသိုလ်သည် ဝိညာဏ်ဖြစ်ဘို့ အကြောင်းတရား။

ဘာဝနာ, ကုသိုလ်သည် ဝိညာဏ်ဖြစ်ဘို့ အကြောင်းတရား။

ဝိညာဏ်က ဘယ်ဝိညာဏ်တွေလဲ **ပဋိသန္ဓေ ဝိညာဏ်, ပဝတ္တိ ဝိညာဏ်**, လို့ ၂-မျိုးရှိတယ်၊ ပဋိသန္ဓေ ဝိညာဏ်တော့ ထားလိုက်တော့၊ ပဋိသန္ဓေ နေရမည့် အကြောင်းတရားကို ပဋိသန္ဓေ နေမှာပေါ့၊ ပဝတ္တိဝိညာဏ်တွေတော့ မြင်ရမှာ မဟုတ်ဘူး၊ ဘယ်လိုလဲ ပဝတ္တိဝိညာဏ်တွေ၊ ဝိညာဏ်ဆိုတာ—

စက္ခု, ဝိညာဏ်,
သောတ, ဝိညာဏ်,
ဃာန, ဝိညာဏ်,
ဇိဝှါ, ဝိညာဏ်,
ကာယ, ဝိညာဏ်,
မနော, ဝိညာဏ်,

ဒီဝိညာဏ်တရားတွေကို ခေါ်တာပေါ့၊ အဲဒါ ဘယ်သူ့ကြောင့် ဖြစ်တဲ့ ဝိညာဏ်တွေလဲဆိုတော့ ခုနက ပြောတဲ့ သင်္ခါရကြောင့် ဖြစ်တဲ့ ဝိညာဏ်ပေါ့၊ သင်္ခါရကြောင့် ဖြစ်တဲ့ ဝိညာဏ်။

ဝိညာဏ်နှင့် ရုပ်နေအုံးမလား၊ ဝိညာဏ်ကြောင့် ဘယ်သူဖြစ်သလဲ၊ နာမ်ရုပ် ဖြစ်တာပေါ့တဲ့၊ "ဝိညာဏပစ္စယာ နာမရူပံ" နာမ်ရုပ် ဖြစ်မည်တဲ့၊ အဲဒါ သိဘို့ သိဘို့၊ ဩော် လက်စသတ်တော့ နာမ်တွေ ဖြစ်တယ်, ရုပ်တွေ ဖြစ်တယ်ဆိုတာ ဘယ်သူ့ကြောင့်လဲ ဝိညာဏ်ကြောင့် ဖြစ်တယ်၊ အဲဒီဝိညာဏ် ဘယ်က လာသလဲ၊ ဟော သင်္ခါရ, တို့ပြုတဲ့ ဒါနသင်္ခါရ, သီလသင်္ခါရ,ဘာဝနာ သင်္ခါရ ကြောင့် ဖြစ်တယ်တဲ့၊ ဒီလို သင်္ခါရက ဘယ်သူ့ကြောင့်ဖြစ်သလဲ၊ အဝိဇ္ဇာကြောင့် ဖြစ်တယ်တဲ့၊ အဲဒါလေး သိထားဘို့ပေါ့၊အဝိဇ္ဇာ ကြောင့် သင်္ခါရ ဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ်၊ ဝိညာဏ်ကြောင့် ခု နာမ်, ရုပ် ဖြစ်သွားပြီ၊ နာမ်ရုပ်က ဘယ်မလဲ အခု နေ့တိုင်း နိစ္စဗဒ် အမြဲမပြတ် ဟောပြီးတော့ နေတဲ့တရား, နာမ်ရုပ်တရားပေါ့၊ ခုနကဘဲ ဟောသွားတယ်၊ နာမ်ရုပ်ဘဲ ဟော နေတာ၊ ဘာပြုလို့ နာမ်ရုပ်ကို ဒီလောက်တောင် အလေးအမြတ် ပြုပြီးတော့ ဟောနေရသလဲ ဆိုတော့ ဒီနာမ်ရုပ်ဟာ အင်မတန် ကြောက်ဘွယ် လန့်ဘွယ် ထိတ်ဘွယ် ကောင်းတဲ့ နာမ်ရုပ်၊ နာမ်ရုပ် တရားကို ရလျှင် အလွန် ကြောက်စရာကောင်းတယ်၊ ဘယ်မလဲ, ဒီနာမ်ရုပ်ကိုလည်း ဝေးဝေးကြီး လှမ်းမရှာနှင့်၊ နာမ်ရုပ်က နီးနီး လေးရယ်၊ ဟော နာမ်,ရုပ်၊ နာမ်တရား- နာမ်တရားဆိုတာ သိတဲ့ သဘောကလေးကို နာမ်ခေါ်တယ်၊ ရုပ်တရား, မသိတဲ့ သဘာဝ ခတ်ကလေးကို ရုပ်ခေါ်တယ်၊ ဒါ ယောဂီများ နားလည်အောင် ဟောတဲ့တရား၊ နာမ်တရား ရုပ်တရား၊နာမ်က သိတတ်တဲ့ သဘော၊ ရုပ်က ဘာမှန်းမှ မသိတဲ့ သဘော၊ အဲဒီရုပ်က ဘယ်မှာနေသလဲ။

မျက်စိမှာ　ဖြစ်တဲ့ရုပ်,
နားမှာ　ဖြစ်တဲ့ရုပ်,
နှာခေါင်းမှာ　ဖြစ်တဲ့ရုပ်,
လျှာမှာ　ဖြစ်တဲ့ရုပ်,
ကိုယ်မှာ　ဖြစ်တဲ့ရုပ်,
မနောမှာ　ဖြစ်တဲ့ရုပ်,

ဒါ ရုပ်တရားတွေပေါ့၊ နာမ်တရားက အဲဒီမျက်စိကို မှီပြီးတော့ ဖြစ်ပေါ်လာလို့ သိရတဲ့တရားဟာ နာမ်တရားပေါ့၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဆိုတာ နာမ်တရားတွေပေါ့၊ အဲဒီ နာမ်ရုပ်ကလေး ဖြစ်နေတာ ဘယ်လောက် ကြာမလဲ၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်အုံးမှာပေါ့၊ နာမ်ရုပ်ကြောင့် သဠာယတနတဲ့၊ အဲ သဠာယတနဆိုလည်း ဒီအထဲမှာ လည်လာအုံးမည်၊ ဘယ်သူလဲ၊ တဆက်တည်း လာတာလေ။

စက္ခာယတန၊
သောတာယတန၊
ဃာနာယတန၊
ဇိဝှါယတန၊
ကာယာယတန၊
မနာယတန၊

အဇ္ဈတ္တိကာယတန, ခြောက်ပါးကို ပြ, တယ်၊ သဠာယတန အဇ္ဈတ္တိကာယတနလေ၊ ဗဟိဒ္ဓအာယတနလည်း ခြောက်ပါး ရှိတာ

ပေါ့၊ ဒါ အဇ္ဈတ္တိကာယတန ခြောက်ပါးကို ပြ,တာ၊ အဲဒါ ဘယ်သူ့ကြောင့် ဖြစ်တဲ့ တရားတွေလဲဆိုတော့ အဝိဇ္ဇာကြောင့် ဖြစ်တာတွေနော်၊ သေသေ ချာချာကြည့်၊ ပြီးတော့မှ ပြန်ချုပ် ပြမည်၊ မှတ်လည်းထားကြ၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့သင်္ခါရ၊ သင်္ခါရ ကြောင့် ဖြစ်တဲ့ ဝိညာဏ်၊ ဝိညာဏ်ကြောင့် ဖြစ်တဲ့ နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ဖြစ်တဲ့ သဠာယတန၊ ကဲ သဠာယတန ဖြစ်တော့ ဘယ်သူ ဖြစ်အုံးမလဲ၊ မှတ်ထား, ဖဿ ဖြစ်မည်၊ ဖဿ ဆိုတာ အတွေ့ကို ခေါ်တာ၊ ဖဿ တွေ့တယ်ဆိုတော့ ဘယ်လို တွေ့ပုံလဲ၊ တွေ့နည်း တွေ့ပုံကို ပြောပါ ဆိုရင်တော့ကာ မျက်စိနှင့် အဆင်း ပေါင်းမိတယ်၊ မျက်စိနှင့် အဆင်း ပေါင်းမိတဲ့အခါ ဝိညာဏ်ဆိုတဲ့ သိလုံးလေး ပေါ်သွားတာပေါ့၊ အဲ-မျက်စိရယ်၊ အဆင်းရယ်၊ မြင်သိလုံး ဝိညာဏ်ရယ်၊ ဒီသုံးပါးနှင့် အရသာ မပေါ်ထွက်သေး ဘူး၊ ဖဿဆိုတာက ကြိတ်ရ, တယ်၊ ဖဿက တွေ့ထိ ကြိတ်နယ် လိုက်တဲ့ အခါကျတော့မှ နောက် သူ ဘာပေါ်မလဲ ဆိုတော့ ဝေဒနာ ခံစားမှု ပေါ်မှာကိုး။

**ဥပမာ** ကြံဟာ အချောင်းလိုက် နေရင် အရသာ မထွက်ဘူး၊ ယန္တရား စက်ပေါ်ကို တင်ပြီး ကြိတ်လိုက်တဲ့ အခါ ကျတော့မှ အရည် ထွက်လာတယ်၊ ကြံရည် ထွက်လာတော့မှ ကြံ၏ အရသာ တွေ့ရတယ်။

အဲဒါ ဖဿဆိုတာ ခုနကတုန်းက စက္ခုပြသာဒနှင့် ရူပါရုံ တွေ့ရုံမျှနှင့် ဖဿ မဖြစ်သေးဘူး၊ ဝိညာဏ်က သိလုံးလေး ပေါ်ရ အုံးမည်၊ အဲဒီတော့ ဝိညာဏ် သိလုံးလေး ပေါ်တဲ့အခါ ဖဿ အတွေ့ ကြိတ်နယ်လိုက်တဲ့အခါ အဲဒီမှာ ဖဿပစ္စယာ ဝေဒနာ၊

ဝေဒနာ ပေါ်လာတယ်၊ ခံစားမှု-သာယာမှုတရားတွေ၊ အဲဒီတော့ ခုနကတုန်းက ပြောခဲ့တဲ့ ပုညာဘိသင်္ခါရ ဒါန, သင်္ခါရ သီလ, သင်္ခါရ ဘာဝနာ, သင်္ခါရတွေဟာ ကောင်း မကောင်း ဉာဏ်နှင့် ကြည့်ဘို့၊ ဒါန, သင်္ခါရ သီလ, သင်္ခါရ ဘာဝနာသင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ နာမ်ရုပ်ဖြစ်၊ သဠာယတနဖြစ်၊ ဖဿဖြစ်၊ အဲဒီတော့ ဖဿ, က—

စက္ခုသမ္ဖဿ၊

သောတသမ္ဖဿ၊

ဃာနသမ္ဖဿ၊

ဇိဝှါသမ္ဖဿ၊

ကာယ သမ္ဖဿ၊

မနောသမ္ဖဿံ၊ ဖဿ ခြောက်မျိုး ရတယ်။

မျက်စိပေါက်ကလည်း ဖဿ၊ နားပေါက်ကလည်း ဖဿ၊ နှာခေါင်းပေါက်ကလည်း ဖဿ၊ လျှာပေါက်ကလည်း ဖဿ၊ ကိုယ်ပေါက်ကလည်း ဖဿ၊ မနောပေါက်ကလည်း ဖဿ၊ အဲဒါ ဖဿတွေပေါ့၊ ဖဿ ဖြစ်တော့ ဘာဖြစ်မလဲ။

ဝေဒနာ၊ ဝေဒနာ ဖြစ်မည်တဲ့၊ ဝေဒနာဆိုတော့ ဘယ်မလဲ၊ အဲဒီ ဝေဒနာက ဘယ်က ဖြစ်သွားပြန်သလဲ၊ သူ့ဟာတွေဟာ ဆက်နေတာ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး၊အဲသလို ဆက်နေတာ၊ အကြောင်းမဲ့ ဖြစ်တာ မဟုတ်ဘူး၊ ဝေဒနာဟာ သက်သက်မဲ့ မဖြစ်ဘူး၊ ဝေဒနာ ဖြစ်ပါဆိုလို့ ဖြစ်ကို မဖြစ်ဘူး၊ ဘယ်သူ့ကြောင့် ဖြစ်သလဲဆိုတော့ ဖဿကြောင့် ဖြစ်တယ်၊ ဖဿသာ မရှိ,

ဝေဒနာ ဖြစ်ကို မဖြစ်ဘူး၊အကြောင်းတရား ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် ဘာဖြစ်မလဲ တဏှာ၊ ဟော တဏှာ ဖြစ်သွားပြီ၊ ဝေဒနာ မဖြစ်ရင် တဏှာကို မဖြစ်ဘူး၊ ဝေဒနာ ဖြစ်လို့ တဏှာဖြစ်တာ၊ အဲဒီတော့ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် အခု တဏှာဖြစ်သွားပြီ၊ အဲဒီ တဏှာက နှစ်မျိုး ရှိတယ်၊ နုတဲ့တဏှာလည်း ရှိတယ်၊ ရင့်တဲ့ တဏှာလည်း ရှိတယ်၊ တဏှာနှစ်မျိုးမှာ ပဌမနုတဲ့ တဏှာက တဏှာနေရာလောက်ဘဲ ရှိသေးတယ်၊ ဥပါဒါန် ရောက်တော့ ရင့်သွားတယ်၊ ဥပါဒါန် စွဲလမ်းခြင်း ဖြစ်သွားတယ်။

ကာမုပါဒါန်၊
ဒိဋ္ဌုပါဒါန်၊
သီလဗ္ဗတုပါဒါန်၊
အတ္တဝါဒုပါဒါန်—

ဆိုတဲ့ ရင့်ကျက်တဲ့ ဥပါဒါန်၊ ဒါ တဏှာဘဲ၊ ကြီးတဲ့တဏှာ ခေါ်တာပေါ့၊ ခုနကတုန်းက တဏှာသက်သက်က နုတဲ့တဏှာ၊ ဥပါဒါန် ကျတော့ ရင့်ကျက်တဲ့ တဏှာ ခေါ်တယ်၊ အဲဒီလို တဏှာဖြစ်လာတော့ ဘယ့်နှယ်လဲ တဏှာတွေ ဖြစ်လာကုန်ပြီ၊ တို့ လုပ်တုန်းကတော့ ဒါနပါ၊ တို့စောင့်တာက သီလပါ၊ တို့အား ထုတ်တာက ဘာဝနာပါ၊ တို့အားထုတ်တဲ့ ဒါန,သီလ, ဘာဝနာ ဟာ တဏှာဖြစ်ဘို့မှ မဟုတ်ဘဲ၊ ပြန် စဉ်းစားကြည့်ပေါ့။

ဟောခုတော့ ဖြစ်နေပြီ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ဝိညာဏ်ကြောင့် တခါ နာမ်ရုပ်ဖြစ်၊နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်၊ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်ပြီ၊ ဥပါဒါန်ဖြစ်တော့ ဥပါဒါန်ကြောင့် ဘာဖြစ်မလဲဆို ဘဝ၊ ဘယ်ဘဝမျိုးလဲ၊ကမ္မဘဝ၊ ဥပပတ္တိဘဝ၊ ဟော ဘဝဖြစ်ရပြန်ပြီ၊ကမ္မဘဝဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံ၊ဒါကမ္မဘဝခေါ်တယ်၊ ဥပပတ္တိဘဝ ဆိုတာက ဘဝကြီး ၉-ပါး ရှိတယ်၊ ဘဝကြီး ၉-ပါး အဆုံးမတော့ ယောဂီတွေမှတ်မိအောင် ဘဝကြီး ၉-ပါးကို မှတ်ချင်လျှင် ဘဝကြီး ၉-ပါး ဘယ်မလဲဆို လူ့ဘုံ့နတ်ဘုံ ဗြဟ္မာ့ဘုံ့ငရဲဘုံပေါ့၊ ဒါ ဘဝကြီး ၉-ပါးပေါ့၊ ငရဲပြည် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၊ အဲဒါ ဘဝကြီး ၉-ပါး၊ အဲဒီ လူ့ပြည်မှာ ဖြစ်တာ နတ်ပြည်မှာဖြစ်တာ ဗြဟ္မာ့ပြည်မှာ ဖြစ်တာ ငရဲပြည်မှာ ဖြစ်တာ ဘယ်သူ့ကြောင့်လဲလို့ လိုက်ရှာတော့ ဥပါဒါန်ကြောင့် ဖြစ်တာ၊ အဲဒီ ဥပါဒန်က ဘယ်က လာသလဲ၊ ဥပါဒါန် လာရာအရပ်ကို တခါ လိုက်ရှာလိုက်၊ တဏှာကြောင့် ဖြစ်တယ်၊ ဒီ တဏှာက ဘယ်က လာသလဲ၊ တဏှာ လာရာအရပ်ကို တခါလိုက်ရှာစမ်း၊ တဏှာက အလကားသက်သက် မဟုတ်ဘူး၊ ဝေဒနာကြောင့်တဲ့၊ ဒီ ဝေဒနာ ခံစားမှုကြောင့် ဖြစ်တဲ့တဏှာ၊ ကောင်းပြီ၊ ဒါဖြင့် ဒီဝေဒနာက ဘယ်ကလာသလဲ၊ ဖဿကြောင့်၊ ဖဿက ဘယ်က ပေါ်လာသလဲ၊ သဠာယတနကြောင့်၊ သဠာယတနက ဘယ်ကလာသလဲ၊ ဟော-နာမ်ရုပ်ကြောင့် ဖြစ်တာပေါ့၊ ဒကာ ဒကာမတွေ အခု ရနေတဲ့ နာမ်ရုပ်ပေါ့၊ နာမ်ရုပ်ကြောင့်၊ နို့ နာမ်ရုပ်က ဘယ်က လာသလဲ၊ ဝိညာဏ်ကြောင့်၊ ဒီ ဝိညာဏ်က ဘယ်က လာသလဲ၊ ဟော-သင်္ခါရကြောင့်တဲ့၊ သင်္ခါရ ဆိုတော့ ဘယ်သူလဲ၊ ဒါန သင်္ခါရ,

သီလ သင်္ခါရ, ဘာဝနာ သင်္ခါရ၊ အဲဒီ သင်္ခါရကြောင့် ဖြစ်တာပေါ့၊ အဲဒီ သင်္ခါရက ဘယ်ကလာတာလဲ၊ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရ၊ ဒီတော့ အင်မတန် ထိတ်ဘို့ လန့်ဘို့ ကြောက်ဘို့ ကောင်းတယ်။

တို့ လူ့ရတဲ့ ဒါနဟာ လက်စသတ်တော့ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ဒါနမျိုး၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သီလမျိုး၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ဘာဝနာမျိုး ဆိုရင်ဖြင့် အင်မတိအင်မတန် ကြောက်စရာ ကောင်းပါကလား၊ ဘယ်ရောက်သွားလဲ ဘဝ ရောက်နေပြီ၊ ဘဝဆိုရင် စိတ်ချပေါ့၊ ဇာတိ-ပဋိသန္ဓေ နေရတော့မယ်, မလွဲ တော့ဘူး၊ ဇာတိ, အဲဒီ ပဋိသန္ဓေ နေဟာကလည်းဘဲ **အဏ္ဍဇ**, ပဋိသန္ဓေ ရှိတယ်၊ **သံသေဒဇ**, ပဋိသန္ဓေ ရှိတယ်၊ **ဂဗ္ဘသေယျက**, ပဋိသန္ဓေ ရှိတယ်၊ **ဥပပတ္တိ**, ပဋိသန္ဓေ ရှိတယ်၊ အဲ ပဋိသန္ဓေက လည်း လေးမျိုးပေါ့၊ အဲဒီ ပဋိသန္ဓေ နေရမည်ဆိုလျှင် ဘယ်ဘုံ တွေလဲ ခု ပြောခဲ့တဲ့ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရ ကာယ်ဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံပေါ့၊ အဲဒါ ပဋိသန္ဓေ နေရတဲ့ ဘုံတွေပေါ့၊ ပဋိသန္ဓေ နေရရင်ဖြင့် ဘာလာအုံးမလဲ၊ ဇာတိ၊ ဇာတိ ဆိုတဲ့အတွက်ကြောင့် ဇရာနှင့် မရဏတော့ ဘယ် သူမှ တားလို့ မရတော့ဘူး၊ တို့ ပဋိသန္ဓေ နေရရင် ကေန် အိုရ မှာဘဲ၊ ပဋိသန္ဓေနေရလျှင် ကေန်မလွဲ သေရမှာဘဲ၊ အဲဒါ ဉာဏ် မြင်ဘို့ ဘုရားကိုယ်တော်မြတ် ပဋိစ္စသမုပ္ပါဒ် တရားကို အလကား ဟောတာ မဟုတ်ဘူး။

ဒါက ဓမ္မသံဝေဂဉာဏ် ဟောတာ၊ ဒီတော့ ခု လူတွေက ဓမ္မသံဝေဂဉာဏ် မရဘူး၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ-လို့ တကကထဲ နှုတ်တက် ရွရွ ရွတ်နေရတယ်၊ ကောင်း

တယ်လို့ အင်မတန် မွန်မြတ်တယ်လို့ ထင်တယ်၊ မှန်တာပေါ့၊ အင်မတန် မွန်မြတ်တာပေါ့၊ ဘယ်လောက် မွန်မြတ်သလဲဆိုတော့ ပညိန္ဒြေ,ဉာဏိန္ဒြေရင်တဲ့ ပုဂ္ဂိုလ်မှာ မွန်မြတ်တာ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကြပ်ကြပ်ရွတ်၍ အဓိပ္ပါယ်ရှင်းလေ အဘိုးတန်လေ၊ အဓိပ္ပါယ်ရှင်းမှ အဘိုးတန်တာ၊ ရွတ်ရုံ ရွတ်နေလို့ အဘိုးတန်တာ မဟုတ်ဘူး၊ အဝိဇ္ဇာကြောင့်သာ သင်္ခါရ ဖြစ်တာဘဲ၊ သင်္ခါရကြောင့်သာလျှင် ဝိညာဏ်တွေ ဖြစ်နေတာ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာ ဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝ ဖြစ်ရတယ်၊ ဘဝကြောင့် ဇာတ် ပဋ္ဌိသန္ဓေ နေရတယ်၊ ပဋ္ဌိသန္ဓေ နေရလျှင် အိုခြင်း, နာခြင်း, သေခြင်းပေါ့၊ ဒါ အကျိုး အဆက်ဆက် အမှန်မုချ ဖြစ်ပုံကို ပြောတာ၊ နောက် ကျန်သေးတယ်၊ သောကတို့, ပရိဒေဝတို့, ဒုက္ခတို့, ဒေါမနဿတို့, ဥပါယာသတို့, အဲတာတွေကတော့ အကျိုးဖျားခေါ်တယ်၊ အဲတာတွေလည်း ဘယ်သူကြောင့်လဲဆိုတော့ ပဋ္ဌိသန္ဓေ ဇာတိကြောင့် ဖြစ်တာဘဲ၊ ဇာတိကြောင့်ပင် ဖြစ်သော်လည်း အကျိုးဖျား ခေါ်တယ်၊ နေရာတကာတိုင်း မဟုတ်ဘူး၊အခု လူ့ပြည်မှာ ဆိုတော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဖြစ်တာပေါ့၊ ဗြဟ္မာ့ပြည် ကျသွားတော့ သောကတို့ ပရိဒေဝတို့ ဒုက္ခတို့ ဒေါမနဿတို့ ဥပါယာသတို့ မရှိဘူး၊ဗြဟ္မာ့ပြည် ကျသွားတော့ သူတို့ ဇာတိ မရှိဘူးလား,ရှိတယ်၊ အဲ ဇာတိရှိတော့ ဇရာနှင့် မရဏသာ ရှိတယ်၊ သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့ မရှိတော့ဘူး။

ဒါကြောင့် အကျိုးရင်း အကျိုးဖျား နှစ်မျိုးထားပြီးတော့ ဘုရားဟောတာ၊ ဒီတော့ ခုဒကာ ဒကာမတွေဟာ ဘယ်နှဲ့ လုပ်မလဲ၊ တို့ဟာ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရ၊ သင်္ခါရကြောင့် ဖြစ်တဲ့ ဝိညာဏ်၊ သင်္ခါရဆိုတော့လည်း တို့က ဟိုလိုလို ဒီလိုလို ယောင်တောင်တောင် ထင်နေတာ၊ တကယ့်အစစ် သင်္ခါရက ဒါန ဟော-လှူတဲ့ဒါန၊ သီလ ခုစောင့်တဲ့ သီလပေါ့၊ ဘာဝနာ ပွားများအားထုတ်တဲ့ ဘာဝနာပေါ့၊ အဲဒီတော့ ဒီ ဒါန သီလ ဘာဝနာဟာ သင်္ခါရလို့ဆိုလျှင် ဘယ်လိုကြောင့် သင်္ခါရ ဖြစ်သလဲ ဆိုတော့ ခုနက ပြောတဲ့ အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ မှတ်မိကြရောပေါ့ အဝိဇ္ဇာကြောင့်၊ ဒါဖြင့် တပည့်တော်တို့ သင်္ခါရမလိုချင်ဘူး၊ အေး တယ် ဟုတ်တယ်ဟေ့၊ သင်္ခါရကို တကယ် မလိုချင်ဘူးလား၊ မလိုချင် ရတယ်လေ၊ မလိုချင် ဘယ့်နှဲ့ရမလဲ၊ အေး မလိုချင်လို့ကို ရတာ၊ သင်္ခါရကို မလိုချင် ရပြီ၊ ဘယ်လိုရသလဲ၊ အဝိဇ္ဇာ ပြုတ်သွားအောင် အားထုတ်ပေါ့၊ အဝိဇ္ဇာ ခွါပစ်လိုက်တာပေါ့၊အဝိဇ္ဇာဆိုတာ ဘာလဲ၊ ဘာမှန်းမှ မသိတဲ့ အဝိဇ္ဇာမှောင်ပေါ့၊ မှောင်တည်းဟူသော အဝိဇ္ဇာခေတ်ကို ဘယ်သူနှင့် ခွါမလဲ၊ ဝိဇ္ဇာတည်းဟူသော အလင်းနှင့် ခွါပေါ့၊ မရနိုင်ဘူးလား၊ အဝိဇ္ဇာကိုပယ်ဖျောက်နိုင်သည့် လက်နက်ကောင်းသည် ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်ကို ရလျှင် စိတ်ချ အဝိဇ္ဇာ မရှိဘူး၊ အဲဒီလို ဝိဇ္ဇာဉာဏ်ကို ရလို့ အဝိဇ္ဇာ ကွာသွားလျှင် ပြုတော့ ဒါန မလာတော့ဘူး၊ ပုညာဘိသင်္ခါရဆိုတဲ့ ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကောင်းမှုတို့သည် ထိုအကြောင်းတရားကြောင့် ပဋိသန္ဓေနေခြင်း မရှိဘူးတဲ့၊ ထိုဒါန, သီလ, ဘာဝနာတို့သည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း မရှိတဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့တရား၊အဲ-ဘယ်သူ့ကြောင့် ပြုနိုင်သလဲ၊ ဝိဇ္ဇာဉာဏ်မှ ပြုနိုင်တာ။

ခုဒီမှာ သင်တန်းတက်လို့ သင်တန်းပေးတဲ့ တရားဟာ များများစားစား မဟုတ်ဘူး၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာဘဲ၊ အဝိဇ္ဇာ ခွါနိုင်သလား၊ အဲဒီ အဝိဇ္ဇာ ခွါနိုင်လျှင် ဝိဇ္ဇာရမယ်၊ ဝိဇ္ဇာဉာဏ် ရလျှင် ထိုဝိဇ္ဇာဉာဏ် ဒါနသည် ပဋိသန္ဓေ မနေရဘူး၊ ဝိဇ္ဇာဉာဏ် ဒါနကိုး၊ ဘယ် ပဋိသန္ဓေ နေရမလဲ၊ ဝိဇ္ဇာဉာဏ် ဒါနကြောင့် ဘောဂသမ္ပတ္တိလည်း သူမတောင့်တဘူး, ဘဝစည်းစိမ်ကိုလည်း မမက်ဘူး၊ လောက စီးပွားရေး ဘာမှ မနှစ်သက်ဘူး၊ ဘာလဲ, အပြစ်အာဒီနဝ မြင်နေပြီ၊ ဘာမြင်နေသလဲ၊ ခုနကတုန်းက ဒါနကြောင့် ပဋိသန္ဓေ နေရတာ မြင်နေမှ ဒီဒါနကြောင့် ပဋိသန္ဓေ မနေချင်ဘူးဆိုတာ သိနေရောပေါ့၊ သီလကြောင့် ပဋိသန္ဓေနေရတာ သိသွားပြီ၊ အခု ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကြောင့် ဆိုတာ၊ အဲ- သီလကြောင့် ပဋိသန္ဓေ မနေချင်ဘူး ဘာဝနာကြောင့် ပဋိသန္ဓေ နေရတာ သိသွားပြီ၊ ဝိဇ္ဇာဉာဏ်ရတော့ ဘာဝနာကြောင့် ပဋိသန္ဓေ မနေချင်ဘူး၊ ဒါ အသိဉာဏ်တရားတွေ အမြောက် အကျလေးရယ်။

## မြတ်စွာဘုရားနှင့် မာဂဏ္ဍီ

တို့.... **မာဂဏ္ဍီပုဏ္ဏား** ကြည့်ပါလား၊ အမြောက် အကျလေးရယ်၊ ပဌမ ရှေးဦးစွာ အဝိဇ္ဇာ ဖုံးနေတုန်းက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုပင် သားမက် ဖမ်းချင်တဲ့စိတ်တွေ အင်မတန်ပေါ်တာပေါ့, အဝိဇ္ဇာဘဲ၊ အင်မတန် မှောင်ထုကြီး ကြီးနေတာ၊ အဲဒီလောက် အဝိဇ္ဇာမှောင်ထုကြီး ကြီးနေတဲ့ အတွက်ကြောင့် ကောင်း မကောင်း မှန် မမှန် **ယထာဘူတဉာဏ်**ကို မရဘူး၊ အဲ နောက် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က အဝိဇ္ဇာ

တွန်းလှန်ပယ်ဖျက်ပြီး ဝိဇ္ဇာဉာဏ်နှင့် ဆက်ပေးလိုက်တယ်၊ ဟော— တချက်တည်း ပွင့်လင်းသွားပြီး အနာဂါမ် တည်သွားပြီ၊ အနာဂါမ် တည်သွားတယ် ဆိုရင်ဘဲ ဘယ်မှာပြုချင်တဲ့ ကုသိုလ်ပြု ပဋိသန္ဓေ နေဘို့ ခွင့်မရဘူး၊ နို့အနာဂါမ်ဟာ နိဗ္ဗာန်တခါတည်း ကူးပြီလားဆို မကူးသေးဘူး၊ မကူးသေးပေမဲ့ ခုနက ပြောတဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာမျိုးက ဖြစ်တဲ့ ကုသိုလ် မဟုတ်ဘူး၊ ဝိဇ္ဇာ ဉာဏ်နှင့် ဖြစ်တဲ့ ကုသိုလ်၊ ဘယ်နည်းနှင့်မှ မလွဲတမ်း မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ရမည့် ကုသိုလ် အစစ်ကို ရမှာ။

လူတွေက အမှတ်တမဲ့နေကြလို့၊ ဘယ်လောက် ကြောက်ဘို့ ကောင်းသလဲ ဆိုတော့ အခု လူ့ဘဝကို ရနေတယ်၊ မှန်တယ်၊ အဓိပ္ပါယ် ရှင်းရှင်းကလေးနှင့် ဉာဏ်ဝင်ရင်တော့ ကောင်းတာပေါ့၊ ဉာဏ်မဝင်ရင်တော့ တယ်ခက်တာဘဲ၊ အခု လူ့ဘဝ ရပေတဲ့ ပုထုဇဉ်အနေနှင့် အဝိဇ္ဇာတရားတွေ ဖုံးလွှမ်းပြီးတော့ ပုထုဇဉ် အနေနှင့် သေကြရမည်ဆိုလျှင် နောင် ဘာဖြစ်မည်လို့ ဘယ်သူမှ မပြောနိုင်ဘူး၊ တို့ ခုလူတွေဟာ ဘယ်တုန်းက လာခဲ့သလဲ ဘဝ အနန္တကို ပြန်ကြည့်လို့လည်း မြင်နိုင်တာ မဟုတ်ဘူး၊ ဘဝပေါင်း အနန္တ။

ဥပမာအားဖြင့် ပြောကြစို့—တို့ ယခု ပရိနိဗ္ဗာန် စံတော်မူ သွားတဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ် အခု မြတ်စွာဘုရားနှင့် တပါတည်း ပါသွားတဲ့ **အဂ္ဂသာဝက, မဟာသာဝက, ပကတိ သာဝက** ဆိုတဲ့ အရိယာပုဂ္ဂိုလ် အရှင်မြတ်တို့နှင့် ယခု ဒီမှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေ ဟို သံသရာ လဆန်း ၁-ရက်နေ့က အတူတူ တာက ထွက်လာတာတွေပေါ့၊ အဲဒါ ကိုယ်ပိုင်ဉာဏ်နှင့် ပြန်ကြည့်၊ အတူတူ လာခဲ့ကြတယ်၊ တို့မြတ်စွာဘုရားနှင့် တကွ

အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက အစရှိသော သာဝကပုဂ္ဂိုလ် အပေါင်းတွေဟာ နိဗ္ဗာန် ကူးသွားကုန်ပြီ၊ လမ်းဆုံးသွားပြီ၊ အခု ဒီမှာနေတဲ့ ပုဂ္ဂိုလ်တွေဟာ လမ်း မဆုံးသေးဘူး၊ ဘယ်လောက် ကျအောင် ဘယ်အထိ သွားအုံးမည်လို့ မပြောနိုင်ဘူး၊ အဲဒီတော့ ဒီ ဘုရားသာသနာမှာ ကြုံပါလျက် လမ်းဆုံးကို ရောက်အောင် မရှာကြဘူးလို့ ဆိုလျှင် အင်မတန် ကြောက်စရာ ကောင်းတာပေါ့၊ တချို့တချို့လည်း ရှိသေးတယ်၊ ဟာ အခု ဘဝတော့ နေပါစေတော့၊ ဒီသာသနာမှာ မပါရင်လည်း နောင် အရိမေတ္တေယျ ဘုရားသာသနာမှ လိုက်တော့မှာပေါ့လေ၊ အဲဒီလို ပုဂ္ဂိုလ်တွေ ရှိတယ်၊ တယ်ကောင်းတယ်၊ သူတို့လိုက်ချင်လို့ ဒါနမှုတွေ ပြုတယ်၊ သီလတွေ စောင့်တယ်၊ ဘာဝနာတွေ အားထုတ်ပါတယ်၊ အဲဒီလို အားထုတ်တဲ့အတိုင်း ဟို အရိမေတ္တေယျ ဘုရားလက်ထက်မှာ ပါသွားလျှင် သိပ်ကောင်းမည်၊ သို့သော်လည်း ပုထုဇဉ် ဂတိဆိုတာ မြဲတာ မဟုတ်ဘူး၊ ပုထုဇဉ်တို့ဂတိဟာ ဝိနိပါတ ဘေးကြီး တန်းလန်းနှင့် နေတာ၊ ဝိနိပါတ ဘေးဆိုတာ ထန်းသီး အုန်းသီးများ အပင်ပေါ်က ကြွေကျတဲ့အခါ ဘယ်နေရာကျ၍ ဘယ်နေရာ ရောက်သွားမည်လို့ အသေအချာ မပြောနိုင်သလို ဘရမ်းဘတာ ကျချင်ရာကို ကျမည်တဲ့၊ ဒါ ဝိနိပါတ ဘေးကို ပြောတာ၊ ပုထုဇဉ်မှန်က ဝိနိပါတ ဘေးကြီးတန်းလန်းနှင့် နေတာ၊ သူ ဘယ်လောက် ပြောပြော၊ ဟာ- အရိမေတ္တေယျ ဘုရားလက်ထက်မှ လိုက်မည်လို့ ပြောချင်တိုင်း ပြော၊ မြဲတာ မဟုတ်ဘူး ဝိနိပါတ ဘေးကြီး တန်းလန်းနှင့် နေတာ။

**ဥပမာ**—တပေါင်း တန်ခူး၌ လာသော လေ၏ အဟုန်ကြောင့် ကောင်းကင်မှာ သစ်ရွက်ခြောက်တွေ လွင့်ပါလာတယ်၊

အမောင်သစ်ရှက် မင်း- ဘယ်မှာ ကျမည်လဲလို့ မေးလိုက်တော့၊ မမေးပါနှင့် မိတ်ဆွေ၊ ငါ ရေထဲ ကျ,မလား၊ မီးထဲ ကျ,မလား မသိဘူးလို့ ပြောလိမ့်မည်။

အဲဒီ ဥပမာလို အခုလည်းဘဲ ဝိနိပါတ,ဘေးကြီး တန်းလန်းနှင့်နေတဲ့ ပုဂ္ဂိုလ်တွေ အနန္တရှိပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေကို တို့ဒကာ ဒကာမတွေ သိချင်လျှင် စုံစမ်း ကြည့်ရတယ်၊ မင်းသေ ဘယ်သွားမလဲလို့ မေး, ဟော သူဖြေလိမ့်မည်၊ အောင်မယ် အရေးတယူလုပ်လို့ မင်းက, သေ **ကမ္မသကာ** ပေါ့ လေလို့ သူဖြေလိမ့်မည်၊ သေ ကမ္မသကာပေါ့ကွယ်လို့ ဖြေတဲ့ ပုဂ္ဂိုလ်ဟာ ဝိနိပါတဘေးကြီး တန်းလန်း ရှိနေတယ်၊ အလွန် ကြောက်စရာ ကောင်းတာ၊ အဲ သူတို့ရဲ့ မျှော်မှန်းချက်က အရိမေတ္တေယျဘုရား လက်ထက်ကျခါမှ တို့လိုက်တော့မည် နိဗ္ဗာန်ကူးမည်၊ ခုဘုရားလက်ထက်တော့ နေပေစေအုံး....တဲ့၊ ပြောတော့ ခပ်ပေါ့ပေါ့ ရလျှင်ကောင်းတာပေါ့၊ ခုဘုရား လက်ထက်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရလည်း နေပေစေအုံးကွဲ၊ အရိမေတ္တေယျ ဘုရားလက်ထက်ကျရမည်လို့ ဗျာဒိတ်များ ရ,ပြီးပလား, ဒီလိုမျှား ဗျာဒိတ် ရ ပုဂ္ဂိုလ်ဖြစ်လျှင်တော့ ကောင်းပါတယ်၊ ဒီလိုမှ ဗျာဒိတ် မရဘဲနှင့် ခုပြောသလို မှန်းကာ တန်းကာများ လုပ်လို့ရှိလျှင်တော့ ဝိနိပါတဘေးကြီး တန်းလန်းနှင့် အရိမေတ္တေယျ မြတ်စွာဘုရားကို မှီမှာမဟုတ်ဘူး။

အဲ ခုလည်းဘဲ ဂင်္ဂါဝါဠု သဲစုမက ပွင့်တဲ့ ဘုရားအဆူဆူတွေပွင့်လို့ နိဗ္ဗာန် ကူးသွားကုန်ပြီ၊ တို့ အခုဒီမှာ ထိုင်နေကြတုန်းဘဲ ရှိသေးတယ်၊ ကိုင်း ဘယ်က စ,လာသလဲ ကြည့်စမ်း၊ အဲဒါကြောင့်

မို့လို့ မသိတဲ့ ဘဝတော့ ထားပေါ့၊ အခု သိတဲ့ ဘဝ ရောက်နေကြပြီ၊ တကယ် သိနေပြီ၊ ပဋိသန္ဓေနေတဲ့ ဒုက္ခတွေ ကိုယ်တိုင်သိ၊ အိုရတဲ့ ဒုက္ခကြီးတွေ ကိုယ်တိုင်မြင်၊ နာရတဲ့ ဒုက္ခဆိုးကြီးတွေ ကိုယ်တိုင်တွေ့၊ သေရတဲ့ ဒုက္ခဆိုးကြီးတွေ ကိုယ်တိုင်တွေ့နေပြီ၊ အဲဒီတော့ ဒီဘေးမျိုး ရန်မျိုး အန္တရာယ်မျိုးမှ တကယ်တမ်း လွတ်လိုလျှင် ပေါ့နေလို့ မရဘူး၊ ဒီ ဘုရားသာသနာ ရှိသေးတယ်၊ ဒီဘုရားသာသနာမှာ လွတ်ကောင်းတယ် လွတ်နိုင်တယ်၊ လွတ်ထိုက်တဲ့ဘဝ အမှန် လွတ်ရမည်၊ တကယ်လုပ်လျှင်လေ တကယ်တမ်း အားထုတ်လျှင် တကယ်တမ်း လွတ်နိုင်တဲ့ဘဝ၊ လွတ်နိုင်တဲ့ ဘဝမှာ ဘုရားက လွတ်ကြောင်း တရား ငါထားခဲ့မည်တဲ့၊ ပိဋကတ် ၃-ပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် နိကာယ်ငါးရပ် အင်္ဂါကိုးတန် ကျမ်းအစောင်စောင် ထားခဲ့တယ်၊ အဲဒီ ကျမ်းဂန်တွေထဲမှ ထုတ်နုတ်ပြီးတော့ နိဗ္ဗာန် တည်းဟူသော တရားထူး တရားမြတ်ကြီးကို အမှန်ရောက်နိုင် ပေါက်နိုင်တဲ့ တရားများဟာ အကျဉ်းချုပ်အားဖြင့် ဆိုလျှင် ဘာလဲ **သီလ, သမာဓိ, ပညာ**ဘဲ ရှိတယ်၊ များများ မရှိဘူး၊ သီလရယ်, သမာဓိရယ်, ပညာရယ် ဟောဒီ ၃-ပါးဘဲရှိတယ်၊ သီလဆိုတာက ကာယကံ, ဝစီကံ လုံခြုံလျှင် သီလ, မြဲတာဘဲ၊ ကာယကံအကုသိုလ်, ဝစီကံအကုသိုလ်, လုံအောင်ထိန်း၊ ကာယကံနှင့် ဝစီကံလုံရင် သီလ,မြဲရော၊ ပါဏာတိပါတာ, အဒိန္နာဒါနာ, ကာမေသု မိစ္ဆာစာရာ,အဲဒီဟာ ကာယကံပေါ့၊ မုသာဝါဒါ,ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ ဝစီကံပေါ့၊ . အဲဒီ ကာယကံ, ဝစီကံလုံရင် သီလ, မြဲတာပေါ့၊ ဒီ သီလမြဲလျှင် ဟော သမာဓိ၊ သမာဓိကျတော့ ပျင်းလို့ မရဘူး၊ ဝီရိယ, သတိ၊ ဝီရိယနှင့် သတိကို လက်ကိုင်ထားတဲ့။

မြတ်စွာဘုရားက "**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ**" တဲ့ ဝီရိယကောင်းလျှင် သတိလက်ကိုင်ထား၊ ဝီရိယသတိ ကောင်းတဲ့ လူဟာ ပညာစခန်းကို မလွဲတမ်း သမာဓိနှင့် တက်နိုင်တယ်တဲ့၊ ဒါကြောင့် မျှားမျှားစားစား မဟုတ်ဘူး၊ သီလျှင် သီလရယ်, သမာဓိရယ်, ပညာရယ် ၃-ပါးထဲ ရှိတယ်၊ ကျင့်ဝတ်သိက္ခာ ၃-ပါး တော့ ကျင့်ထိုက်ပါတယ်။

တို့ မြတ်စွာဘုရားလက်ထက်က ဒါယကာကြီးတယောက် မိမိ အိမ်မှာ ရဟန်းတပါး အမြဲမပြတ် နိစ္စဗဒ် ဆွမ်းလုပ်ကျွေးတယ်၊ အဲဒီလို အမြဲမပြတ် နိစ္စဗဒ် ဆွမ်းလုပ်ကျွေးနေတဲ့အခါ ဒါယကာ ကြီးက အရှင်ဘုရား အရှင်ဘုရားကို တပည့်တော် နိစ္စဗဒ် အမြဲ မပြတ် အဆပ်ထပ် ဆွမ်းလှူနေပါတယ်၊ တပည့်တော်နှင့် တန်တဲ့ တရားလေးများလည်း ချီးမြှောက်ပါဘုရားလို့ လျှောက် တယ်၊ အေးအေး- ဒကာ ကောင်းပြီ၊ ကောင်းပြီ၊ မင်းနှင့်တန်တဲ့ တရားတော့ကွယ်၊ ကိုင်း သရဏဂုံ သုံးပါး ဆောက်တည်ကွဲ့ ဆိုပြီးတော့–

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**သံဃံ သရဏံ ဂစ္ဆာမိ၊**

ဆိုတဲ့ **သ**ရဏဂုံ ၃-ပါး ဆောက်တည်ခိုင်းတယ်၊ အဲဒီတော့ နေ့တိုင်း နေ့တိုင်း နိစ္စဗဒ် အမြဲမပြတ် သရဏဂုံ ၃-ပါးကို ဆောက် တည်တယ်၊ ဒါနဲ့ အရှင်ဘုရား ဒီလို သရဏဂုံလောက်တော့ တပည့် တော် ခိုင်မြဲစွာ ဆောက်တည်နိုင်ပါပြီဘုရား၊ နည်းလှပါသေး

တယ်၊ ဒီထက် များတဲ့ ကျင့်ဝတ်သိက္ခာကို ပေးသနားတော်မူပါ လို့ တောင်းတယ်၊ ဟာ- ဒါဖြင့် ဒါယကာ ငါးပါးသီလ ယူ ဆိုပြီး သရဏဂုံနှင့်တကွ ငါးပါးသီလ ကို ပေးတယ်၊ သရဏဂုံ သုံးပါးနှင့် တကွ ငါးပါးသီလကို နိစ္စဗဒ် အမြဲမပြတ် ဆောက်တည်တယ်၊ အဲဒီလိုချည်းဘဲ နိစ္စဗဒ် အမြဲမပြတ် ဆောက်တည်နေတော့ ဆောက် တည်နိုင်တာပေ့ါ၊ ဟာ-အရှင်ဘုရား ဒီလောက်တော့ တပည့်တော် ဆောက်တည်နိုင်တယ်ဘုရား၊ နည်းလှပါသေးတယ်၊ ဒါထက် များတဲ့ သိက္ခာပုဒ် ပေးတော်မူပါလို့ ဆိုတော့ ရှစ်ပါးသီလ ပေး တယ်၊ အဲဒီ ရှစ်ပါးသီလကို နေ့တိုင်း နေ့တိုင်း မပြတ် နိစ္စဗဒ် အမြဲ သူစောင့်တယ်၊ အဲဒီလို ရှစ်ပါးသီလကို သူဆောက်တည်တဲ့ အခါကျတော့ ဆောက်တည်တဲ့ တရားကို မပျက်မကွက်အောင် စောင့်ရှောက်တယ်၊ အဲဒီလို စောင့်ရှောက်ပြီးတော့ အရှင်ဘုရား ဒါထက် များတဲ့ ကျင့်ဝတ် သိက္ခာကို ပေးပါအုံး ဘုရားလို့ ဆိုတော့ ဟာ ဒကာ ကျောင်းလိုက်ခဲ့လို့ ဆိုပြီး ခေါ်သွားရော၊ ကျောင်းရောက်တဲ့အခါ မုတ်ဆိတ် ဆံပင်ကို ရိတ်ပြီး **သာမဏေ** လုပ်ပေးတယ်၊ သာမဏေ သိက္ခာပုဒ်နှင့် ပေးတော့ သိက္ခာပုဒ် လိုက်တွက်လိုက်တော့—

| | |
|---|---|
| သေခိယက | ၇၅-ပါး၊ |
| ခန္ဓကဝတ်က | ၁၄-ပါး၊ |
| လိင် | ၁၀-ပါး၊ |
| ဒဏ် | ၁၀-ပါး၊ |
| ပစ္စဝေက္ခဏာ | ၄-ပါး၊ |

အားလုံး ပေါင်းလိုက်တော့ ၁၁၃-ပါး ရှိတယ်၊ အဲဒါကို ဥပဇ္ဈာယ်ဆရာက သင်ကြားပြီး ပေးလိုက်တော့ ခုပြောလိုက်တဲ့ သေခိယ ၇၅ ပါး၊ ခန္ဓကဝတ် ၁၄-ပါး၊ လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး၊ ပစ္စဝေက္ခဏာ ၄-ပါး၊ သူ သင်ကြားပြီး ကျင့်ကြံတော့ ကျင့်နိုင်တာပေါ့၊ ဝန်မလေးဘူး၊ ဝန်မလေးတော့ အရှင်ဘုရား ဒါတော့ တပည့်တော် ကျင့်နိုင်ပါပြီ ဘုရား၊ ဒါထက် များတဲ့ ကျင့်ဝတ်သိက္ခာပုဒ် ပေးပါအုံးလို့ လျှောက်ရော၊ လျှောက်တော့ ဥပဇ္ဈာယ်ဆရာက ရဟန်းခံ ပေးရော၊ ရဟန်းခံပေးတဲ့အခါ ရဟန်းကျင့်ဝတ်သိက္ခာပုဒ် ဥပဇ္ဈာယ်ဆရာက သင်ရတော့တာပေါ့၊ ဘာတွေ သင်ပေးသလဲ ၂၂၇-သွယ်သော သိက္ခာပုဒ်တွေ၊ သိက္ခာပုဒ်ကုဋေ ကိုးထောင်ကျော် သင်ပေးရော၊ သင်ပေးတော့ သူ မမှတ်နိုင်တော့ဘူး မှတ်လည်း မမှတ်မိဘူး။

အဲဒီတော့ ဘယ်နှယ်ပြောသလဲ၊ ဟာ- အရှင်ဘုရား ဟာတွေက သိပ်များတာ၊ တပည့်တော် ဒါလောက်အားကြီးတော့ မှတ်လည်း မမှတ်မိဘူး၊ ရလည်း မရဘူး၊ မရလို့ မမှတ်နိုင်တော့ ကျင့်လည်း မကျင့်တော့ပါဘူးဘုရားလို့ ဆိုပြီး လူထွက်တော့မည်လို့ ဖြစ်ကရော၊ ဒီတော့ ဥပဇ္ဈာယ်ဆရာက “အေး အေး ရှင်ကြီး လူထွက်ချင်လို့ရှိလျှင် မြတ်စွာဘုရားထံ သွားချေအုံး” မြတ်စွာဘုရားကို လျှောက်ပြီးမှ ထွက်လို့ အဲဒီလို စေခိုင်းလိုက်လို့ ဘုရားထံသွား၊ အရှင်ဘုရား တပည့်တော်တော့ လူထွက်တော့မည် ဘုရားလို့ လျှောက်၊ ဘာဖြစ်လို့ ထွက်မှာလဲမေးတော့၊ အရှင်ဘုရား သိက္ခာပုဒ်တွေက သိပ်များတော့ တပည့်တော် မှတ်လည်း မမှတ်တတ်ဘူးဘုရား၊ မမှတ်တတ်တော့ ကျင့်လည်း မကျင့်နိုင်တော့ဘူး၊ ဒီတော့ လူထွက်တော့မည် ဘုရားလို့ လျှောက်တယ်၊ ဒီတော့

မြတ်စွာဘုရားက ရှင်ကြီး ဒီလိုသိက္ခာပုဒ်တွေများလို့ မကျင့်နိုင်လို့ရှိလျှင် ၂-ပါး လောက်ကော မကျင့်နိုင်ဘူးလားလို့ မေးတယ်၊ ၂-ပါးတော့ တပည့်တော် ကျင့်နိုင်ပါတယ် ဘုရား၊ ဒီလိုဆိုလျှင် ၂-ပါးလောက်ဘဲ ကျင့်ပါ၊ အမိန့်ရှိပါဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားပေးတဲ့ သိက္ခာပုဒ်နော် မှတ်ထားကြ ဟိရိနဲ့ ဩတ္တပ္ပ ၂-ပါးကျင့်ဘို့ ပေးတယ်၊ ဘယ်လောက်များသလဲ၊ ဟိရိရယ်၊ ဩတ္တပ္ပရယ်၊ ဟိရိဆိုတာ မကောင်းမှုမှ ရှက်ခြင်း၊ ဩတ္တပ္ပဆိုတာ မကောင်းမှုမှ လန့်ခြင်း၊ မကောင်းမှု အကုသိုလ် ကာယကံ ဝစီကံ မနောကံတို့ကို ရှက်၍ လန့်၍ ကြောက်၍ ကြဉ်ရှောင်ခြင်း ခေါ်တယ်၊ ဟိရိ-မကောင်းမှု အကုသိုလ်ကို ရှက်၍ ကြဉ်ရှောင်ခြင်း၊ ဩတ္တပ္ပ-မကောင်းမှု အကုသိုလ်တရားတွေကို လန့်ကြောက်၍ ကြဉ်ရှောင်ခြင်း၊ အဲဒီ ၂-ပါးတည်း၊ ဒီလို ၂-ပါးတော့ တပည့်တော် မြဲမြဲစွဲစွဲ အားထုတ်နိုင်ပါတယ် ဘုရားလို့ ရဟန်းကြီးက လျှောက်တယ်၊ ကိုင်း ဒီလို ဆိုရင် အဲဒီ ၂-ပါးကို စောင့်ထိန်းပြီးတော့ တရားအားထုတ်ရန် ဝိပဿနာ အလုပ် ပေးလိုက်ရော၊ သီလ ၂-ပါးတည်း အားထုတ်ပြီးတော့ ဝိပဿနာတရား အားထုတ်တာ ရဟန္တာ ဖြစ်သွားတယ်။

အဲဒါ တွက်ကြည့်ကြပေတော့၊ များများစားစား မဟုတ်ဘူး၊ ကာယကံ ဝစီကံ ၂-မျိုးတည်း သီလ၊ အဲဒီ ကာယကံနှင့် ဝစီကံ လုံလျှင် ဟော မနောကံကျတော့ ဝီရိယနှင့် သတိပေါ့၊ သတိကောင်းလို့ မနောကံနိုင်လျှင် သမာဓိ ဖြစ်တာပေါ့၊ ဝီရိယ သတိ သမာဓိနှင့် ပြည့်စုံလျှင် ပညာ၊ ယထာဘူတ အမှန် သိတယ်၊ ဟော ပြောသွားတဲ့ တရားတွေ အမှန်သိ၊ ဘယ်လို သိသလဲ၊ အဝိဇ္ဇာကြောင့် တို့ သင်္ခါရ အမှန်ဖြစ်တယ်။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာ ဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်၊ ဘဝကြောင့်သာလျှင် ပဋိသန္ဓေနေရတယ်၊ ပဋိသန္ဓေနေရလို့ အိုရတယ် နာရတယ်၊ သေရတယ်၊ ဟော သိသွားပြီ၊ ပုညာဘိ သင်္ခါရ တို့ မပြုတော့ဘူး၊ ဒါဖြင့် ကုသိုလ် မပြုရဘူးလားဘုရားလို့ ဆိုတော့ ဒါန သီလ ဘာဝနာ၊ အဲဒါ ပုညာဘိသင်္ခါရ ကုသိုလ်လည်း ရှိတယ်၊ ပုညာဘိသင်္ခါရ ကုသိုလ်ဆိုတော့ တို့ အခု ပြောမည့် ကုသိုလ်လည်း ကုသိုလ်ဘဲ၊ သို့သော် ဘာ ကွာသွားသလဲ၊ ဘဝ သမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တ နှစ်သက်တဲ့ကုသိုလ်က ပုညာဘိသင်္ခါရ ခေါ်တယ်၊ အဝိဇ္ဇာကြောင့် အဝိဇ္ဇာမရှိဘဲနှင့် ဝိဇ္ဇာဉာဏ်နှင့်ပြုတဲ့ ကုသိုလ်ကျတော့ ကုသိုလ်တော့ ကုသိုလ်ဘဲ၊ ကုသိုလ်ပေတဲ့ ခုနကတုန်းက ပဋိစ္စသမုပ္ပါဒ် အဝင်အပါဖြစ်တဲ့ ပုညာဘိသင်္ခါရမျိုး မဟုတ်ဘူး၊ အမြောက်အကျ့ကလေးရယ်၊ အင်မတန် ခက်တယ်၊ အသိခက်တဲ့တရား လွယ်တော့လွယ်လွယ်ကလေးဘဲ၊ဘာဖြစ်လို့လဲ၊ဒါနကြောင့် ပဋိသန္ဓေ နေရ, ပါလို၏လို့ ဆုတောင်းတာနှင့် ဒါနကြောင့် ပဋိသန္ဓေ မနေရပါလို၏လို့ ဆုတောင်းတာ၊ဒါကလေး ကွာတယ်၊ ကွာတာ၊ အဲဒါဘဲ ကွာတယ်၊ များများစားစား မဟုတ်ဘူး၊ သီလကြောင့် ပဋိသန္ဓေနေရပါလို၏၊ သီလကြောင့် ပဋိသန္ဓေ မနေချင်ဘူး၊ အဲဒါဘဲ ကွာတယ်၊ ဘာဝနာကြောင့် ပဋိသန္ဓေ နေရပါလို၏၊ ဘာဝနာကြောင့် ပဋိသန္ဓေ မနေချင်ဘူး၊ ဟော ခပ်ရှင်းရှင်း ကလေးရယ်၊ ဟာ- တပည့်တော်တို့တော့ ဘုရား ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု ပြုလာတာ တခါမှ

ပဋိသန္ဓေ နေရပါလို၏လို့ ဆု မတောင်းခဲ့ပါဘူးဘုရား လို့ ငြင်းချင် ငြင်းနေမှာ၊ ငြင်းမှာပါဘဲ၊ ဒီလိုတော့ တောင်းမှ မတောင်းဘဲ၊ ဒကာ ဒကာမကြီးတွေ တကယ့်ကို မတောင်းဘူး၊ သူတို့ တောင်း တာကတော့ ဘာတောင်းသလဲ။

ဘုန်းတော်ကြီးတွေက ဆုပေးကောင်းကောင်းနှင့် ဤသို့ ဒါန သီလ ဘာဝနာ တည်းဟူသော ကုသိုလ် ကောင်းမှုကြောင့် ဇောတိက ဇဋိလ မေဏ္ဍက ကာကောဏ္ဍ ဟူသော သူဌေးကြီး လေးဦးကဲ့သို့ ရွှေအိုး ရွှေတောင် ရွှေပဒေသာပင်၊ ရွှေနန်းပြာသာဒ် အစရှိသော ယူဆောင်သုံးစွဲ၍ မကုန်ဟူ၍ အဲဒီလို ဆုကောင်း ဆုမြတ်ကြီးတွေ ပေးလိုက်တော့ တို့ ဒကာ ဒကာမတွေတော့ ဆုတော့ မတောင်းပါဘူး၊ ဘယ့်နှဲ့ပြောသလဲ၊ ပေးတဲ့ဆုနှင့် ပြည့်စုံပါစေ ဘုရားလို့ သေသေချာချာ တောင်းတာပေါ့၊ ကျကျ နန ပဋိသန္ဓေ နေရပါလို၏လို့ တောင်းတာ ပါသလား၊ မပါဘူး၊ ဒါဖြင့် ကောင်းပြီ၊ ဇောတိက ဘဝမျိုးက ပဋိသန္ဓေ မနေဘဲနှင့် ကောင်းကင်ကျလား၊ မိုးပေါ်ကျလား၊ ဘယ်က ရလာသလဲ၊ ဇဋိလအဖြစ်ကော ပဋိသန္ဓေ မနေဘဲနှင့် ရသလား၊ အဲဒီတော့ မိမိတို့ အဝိဇ္ဇာ ဖုံးနေလို့ မမြင်တာ၊ အဲ သိကြား အသုရာ သန္တုသိတ စသော နတ်မင်း နတ်မိဖုယားတို့၏ စည်းစိမ်ချမ်းသာ များ ပေးလိုက်တော့ သူတို့ အူမြူးနေတာပေါ့၊ ပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏ဘုရား၊ စကြဝတေးမင်းကြီး မန္ဓာတ်မင်းကြီး မရှိ ဟူသောစကား မလှ၊ ဟူသောစကား မဝ၊ ဟူသောစကား မကြား ရတဲ့ကိုယ် ဒီလိုများ ဆုပေးမည်ဆိုလျှင် တို့ဒကာ ဒကာမတွေက ကတဲ ဝမ်းမြောက်လွှန်လွှန်းလို့ အဲဒီတော့ ပဋိသန္ဓေ နေရပါလို၏ လို့တော့ မပါဘူး၊ မပါသော်လည်း ကိုယ်ပိုင်ဉာဏ်နှင့် ခု တွေး

ကြည့်စမ်း၊ စကြာမင်းကြီး ဖြစ်ရပါလို၏လို့ ဘုန်းကြီးကပေးလိုက်တယ်၊ ဟောတော်မူတဲ့အတိုင်း ပြည့်စုံရပါလို၏ဘုရား၊ စကြာမင်းကြီး ဖြစ်ပြီး စကြာမင်းကြီး ဖြစ်တော့ ဒီစကြာက ဘယ်မှာလဲ၊ လူ့ပြည်မှာ၊ လူ့ပြည်မှာဆိုလျှင် ပဋိသန္ဓေ မနေရဘဲ ဖြစ်မလား၊ နေရမှာပေါ့၊ ပဋိသန္ဓေနေ မအိုဘူးလား၊ အိုမှာပေါ့၊ အိုတော့ မနာဘူးလား၊ နာမှာပေါ့၊ နို့နာရင် မသေဘူးလား၊ သေမယ်၊ အဲဒီတော့ သူတို့မြင်တဲ့အမြင်ခေတ်ကလေးက အဝိဇ္ဇာဖုံးထားတော့ **"ဝေဒယိတသုခ"** ခံစားမှု စကြာမင်း အသရေစည်းစိမ် ရတနာ မြင်တော့ တယ်လိုချင်တာပေါ့၊သွားရည်ကို ကျနေတာ၊စကြာမင်းမှာ့အဲ စင်စစ်မှုချ စကြာမင်းက ပဋိသန္ဓေ နေရမည့် စကြာ၊ ထိုစကြာက အိုရမည့် စကြာ, ထိုစကြာက နာရမည့် စကြာ, ထိုစကြာက သေရမည့် စကြာ, အဝိဇ္ဇာက ဖုံးထားတော့ ပဋိသန္ဓေ နေတာ အိုတာ နာတာ သေတာ မသိဘူး။

အဲဒါကြောင့်မို့လို့ တို့...ဒီမှာ ထပ်တလဲလဲ **သဘောပေါက်**အောင် နားလည်အောင် သိအောင် ပြောတာ၊ ထပ်ခါထပ်ခါ ဒီဘေးဒုက္ခ အပြစ်အာဒီနဝတွေ မမြင် မြင်အောင် မတွေ့ တွေ့အောင် အခု လှူတယ်လေ၊ ဒါနတွေ လှူမှု၊ မလှူ ဘယ်ဖြစ်မလဲ လှူရမည်။

ဝိသာခါတို့ ဘယ်လောက် လှူလိုက်သလဲ ကြည့်စမ်း၊ ဝိသာခါ လှူလိုက်တာလေ အဘိုး ကိုးကုဋေ **တန်တဲ့ မဟာလ္လတာ** တန်ဆာ၊ အဲဒီ အဘိုး ကိုးကုဋေတန်တဲ့ မဟာလ္လတာ တန်ဆာကို ရောင်းတာ ဝယ်မည့်လူ မရှိဘူး၊ ဝယ်မည့်လူ မရှိတော့ သူ့ဟာသူ ဝယ်ရတယ်၊ သူ့ဟာသူ ဝယ်ပြီးတော့ မြေယာဝယ်တာနှင့် အဘိုးကိုး

ကုဋေ ကုန်သွားတယ်၊ ပုဗ္ဗာရုံကျောင်း ဆောက်တာ ကိုးကုဋေ ကုန်တယ်၊ ဒါနဲ့ မပြီးသေးဘူး၊ ကျောင်းပေါ်မှာ မွမ်းမံတယ်၊ ဆင်ပြင်တဲ့ အခင်းပေါ့လေ၊ ပုဗ္ဗာရုံကျောင်းပေါ်မှာ ခင်းတဲ့ အခင်း၊ အဲဒီ အခင်းကြီးဝေယျာဝစ္စ လုပ်လိုက်တာ ကိုးကုဋေကုန် တယ်၊ ကိုးကုဋေ သုံးလီပေါ့၊ ၂၇- ကုဋေ ကုန်တယ်၊ ဝိသာခါ ဘယ်လောက်လှူလိုက်သလဲ သူ့မှာ နည်းတာ မဟုတ်ဘူး သားသမီးတွေက သားက နှစ်ကျိပ်, မြေးလေးရာ, မြစ်ရှစ်ထောင်, အမွေ စား အမွေခံတွေက အများကြီး၊ ဘယ်လောက် များများ သူ ရက် ရက်စက်စက် လှူလိုက်သလဲ၊ ၂၇- ကုဋေ အမြဲလှူတာ နိစ္စဗဒ်။

အဲဒီလို ဝိသာခါလှူတဲ့ ကုသိုလ်ဟာ ပုညာဘိသင်္ခါရ မဟုတ် ဘူးလားဆို မဟုတ်ဘူး၊ နိဗ္ဗာန်ရောက်ကြောင်း ဒါန,အစစ်၊ သူက ဝိဇ္ဇာဉာဏ်ရနေတဲ့ ပုဂ္ဂိုလ်ဘဲ၊ ဝိသာခါ ဝိဇ္ဇာဉာဏ် ရနေတော့ အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ပုညာဘိသင်္ခါရ မဟုတ်ဘူး၊ ဝိဇ္ဇာဉာဏ်နှင့် ဖြစ်တဲ့ ပုညာဘိသင်္ခါရ၊ အဲဒါကြောင့် တို့ကလည်း အတုခိုးစေ ချင်တယ်ပေါ့၊တို့ဒကာ ဒကာမတွေသည် တကယ်အစစ် သာသနာ ခေတ်နှင့် ကြုံတယ်၊ သာသနာတွင်းမှာ လူလာဖြစ်တယ်၊ ဖြစ်တဲ့ အခိုက်အတန့်ကလေးမှာ ဝိသာခါတို့လို တကယ့် နိဗ္ဗာန်ရောက် ကြောင်း ဒါနမျိုး နိဗ္ဗာန်ရောက်ကြောင်း သီလမျိုး နိဗ္ဗာန် ရောက်ကြောင်း ဘာဝနာမျိုး သုံးသပ်ဘို့ အားထုတ်တတ်ဘို့ သိစေချင်လို့ သင်ပေးတာ၊ တချိန်ကလည်း သင်ထားတယ် မဟုတ် လား၊ ဆုတောင်း မမှားဘို့၊ ဝိသာခါနှင့် တကွ ၅၀၀-သော သီတင်းသည်တွေဟာလေ ဆုတောင်း မတတ်လို့ အဝိဇ္ဇာ ဖုံးနေလို့ အမျိုးမျိုးသော ဆုတွေတောင်းတဲ့ အတွက် ဝိသာခါ စုံစမ်း၍

သိရှိသဖြင့် ဘုရားထံ ခေါ်သွားလို့ အကုန်နိဗ္ဗာန် မျက်မှောက်ပြုကြတယ်။

အဲဒါကြောင့် အခု မိမိတို့ ဒါနကို လှူ၊ လှူလျှင် ဝိဇ္ဇာဉာဏ် ဒါနဖြစ်အောင် လုပ်၊ သီလစောင့် ဝိဇ္ဇာဉာဏ် သီလ ဖြစ်အောင် စောင့်၊ဘာဝနာအားထုတ် ဝိဇ္ဇာဉာဏ် ဘာဝနာကို ရအောင်လုပ်ပေါ့၊ မလွယ်တော့ မလွယ်ဘူးပေါ့၊ မလွယ်ဘူး ဆိုတာလည်း မှန်တယ်၊ သိဘို့ရာလည်း ခက်တယ်၊ အဲ ခုသိအောင် သင်ပေးတော့ သိပြီ၊ဘာသိလဲ "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" သံသရာ ဝဋ်ဆင်းရဲကြီး ကိုယ်တိုင်သိ၊ ရှေးကတုန်းကတော့ စာဆို "သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ" သူဘပါးတွေ့ မိဘ, ဆရာသမား အစရှိသည်တို့ သင်ကြားလို့ ပို့ချပေးလို့ ဆုတောင်းတဲ့ ဆုတောင်းတွေပေါ့၊ အဲဒီလို ပါးစပ်က ဆုတောင်းပေတဲ့ မနောက လိုသေးတာ၊ မနောကံ အရေးအကြီးဆုံးပေါ့။

## မြတ်စွာဘုရားနှင့် နိဂဏ္ဌ

မြတ်စွာဘုရားနှင့် နိဂဏ္ဌတွေ တိတ္ထိတွေနှင့် အငြင်းအခုံ ဖြစ်တော့ နိဂဏ္ဌတွေက **ကာယကံ** အပြစ်ကြီးတယ်၊ **ဝစီကံ** အပြစ်ကြီးတယ်၊ **မနောကံ** အပြစ် မရှိဘူးတဲ့၊ ဘုရားက မဟုတ်ဘူး၊ ကာယကံ ဝစီကံတို့ထက် မနောကံက ပို-အပြစ်ကြီးတယ်၊ နိဂဏ္ဌတွေက သရော်ပြီး ရယ်တာပေါ့၊ ဂေါတမ သိပ်မှားတာဘဲတဲ့၊ မတော်တာ ကာယကံသာ အပြစ်ကြီးတာဘဲ၊ အဲဒီတော့မှ မြတ်စွာဘုရားက အသင်တို့ စကား အသင်တို့ မြဲမြဲမှတ်ထား၊ အကျွန်ုပ် မေးမည်, သင်ဖြေတဲ့၊ ခုနေ ခရီးသွားတဲ့ အခါ ရှေ့ကို လှမ်းလိုက်, နောက်ကို ဆုတ်လိုက်, အဲဒီလို ရှေ့တိုး နောက်ငင် သွားနေတဲ့

အခါ ပိုးရွ ခြပုန်း စ, သည်တို့ကို နင်းမိတော့ မသေကုန်ဘူးလား၊ သေကုန်တယ်တဲ့၊ သေရင် အပြစ်ရှိသလား မရှိဘူးလားတဲ့၊ မရှိဘူးတဲ့၊ သေလျှင် အပြစ်မရှိဘူးတဲ့၊ သေသေချာချာ မှတ်ထားနော်၊ တို့မြတ်စွာဘုရားလည်း အဲဒီလိုဘဲ ဟောတာဘဲ၊ အမှတ်တမဲ့ ရှေ့တိုး နောက်ဆုတ် သွားခြင်းကြောင့် ပိုးရွခြပုန်း စ,သည်တို့ကို နင်းမိလို့ သေကြေ ပျက်စီး သွားတာ အပြစ်မရှိဘူးဆိုတာ ဘုရားလည်း ဟောတာဘဲ၊ သူတို့ကလည်း အပြစ်မရှိဘူးတဲ့၊ ကောင်းပြီ, ပိုးရွ, ခြပုန်းကို မြင်တယ်၊ မြင်လျက်သားနှင့် သေစေလိုသော စေတနာနှင့် နင်းလိုက်တယ်၊ သေသွားပြီတဲ့၊ ဒါကော အပြစ်ရှိသလားတဲ့၊ အပြစ်ရှိတယ်တဲ့၊ ဘာဖြစ်လို့လဲ၊ သေစေလိုသော စေတနာကြောင့် အပြစ်ရှိတယ်တဲ့၊ အဲဒီကတည်းက နင့်ဟာနင် သေသေချာချာ တွေးကြည့်စမ်းတဲ့၊ ခုနကတုန်းက ကာယကံတဲ့၊ နင်းမိလို့သေ အပြစ်မရှိဘူးပြောတယ်၊ ဘာဖြစ်လို့လဲ, စေတနာ မရှိလို့၊ အခု နင်းလိုက်တယ် စေတနာရှိလို့ **ပါဏာတိပါတကံ** အပြစ်ရှိတယ်လို့ သင်ပြောတာ သင့်ဟာသင် သိပြီလားတဲ့၊ အဲဒီတော့မှ ချွေးဒီးဒီးကျ, တာပေါ့၊ တကယ့် အစစ်က မနောကံ။

ကာယေဝါနံ ဒါသတိ ကာယသဉ္စေတနာ ဟောတု ဥပ္ပဇ္ဇတိ အဇ္ဈတ္တံ သုခံ ဒုက္ခံ။

ကောင်းကျိုး မကောင်းကျိုးကို ပေးနိုင်တာ စေတနာကို ခေါ်တယ်၊ ‘စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ’ တဲ့၊ ပဓာန အချုပ်က စေတနာအချုပ် စေတနာမှာ သွားပြီးတော့ တည်တာ၊ ဒါကြောင့် မိမိတို့လူတွဲ့အခါမှာ ပုညာဘိသင်္ခါရ ဒါနမျိုး နှင့် ခုနကတုန်းက ပြောတဲ့ ပုညာဘိသင်္ခါရမှ နိဗ္ဗာန် မျက်မှောက် ပြုတဲ့ ဒါနမျိုး စေတနာမှာ သွားချုပ်တာ။

၁။ အမှုမဲ့ အမှတ်မဲ့ လှူတဲ့ ဒါနမျိုး ရှိတယ်။

၂။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကိုလည်း တောင့်တ၍ လှူဒါန်းတဲ့ ဒါနမျိုး ဆောက်တည်တဲ့ သီလမျိုး ရှိတယ်။

၃။ ဘဝသမ္ပတ္တိ ဘောဂသမ္ပိတ္တိကိုလည်း တောင့်တတယ်၊ နိဗ္ဗာန်ကိုလည်း တောင့်တတယ်၊ အဲဒီ ဒါန, သီလက ကလည်း တမျိုးရှိတယ်။

၄။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ မတောင့်တဘဲ နိဗ္ဗာန်ကို သက်သက် အာရုံပြုပြီး တောင့်တတဲ့ ဒါန, သီလမျိုး ရှိတယ်။

အဲဒီ ၄-မျိုးမှာ အကောင်းဆုံး ဘယ်သူလဲ၊ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို လုံးလုံး မငဲ့ကွက်ဘဲ နိဗ္ဗာန်သက်သက် အာရုံပြုပြီးတော့ ပြုတဲ့ကုသိုလ် သည်သာလျှင် အမြတ်ဆုံးလို့ ဘုရားဟောတယ်၊ အဲဒါကြောင့်—

၁။ အမှတ်တမဲ့ လှူတဲ့ ကုသိုလ်မျိုးဟာ နိဗ္ဗာန်ရောက်ကြောင်း တရား မဟုတ်၊ သေသေချာချာ မှတ်ထား၊ ခုနက ပုညာဘိသင်္ခါရထဲ ပါသွားတယ်။

၂။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တပြီး ပြုတဲ့ကုသိုလ်မျိုးက ပုညာဘိသင်္ခါရထဲ ပါသွားတယ်၊ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူး။

၃။ နိဗ္ဗာန်ကိုလည်း တောင့်တတယ်၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကိုလည်း တောင့်တတယ်၊ အဲဒါတော့ ပါတယ်၊ နိဗ္ဗာန် ရောက်ကြောင်း တရားလေး နည်းနည်းတော့

ပါတယ်၊ ပါပေတဲ့သူဘယ်တော့မှ ရောက်မည်လို့ မပြော နိုင်ဘူး၊ အလွန်တရာဘဲ ကာလရှည်လျားအုံးမည်။

၄။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ သက်သက် အဝိဇ္ဇာဖုံးကွယ် မှုကို ပယ်ခွါပြီးတော့ ဝိဇ္ဇာဉာဏ်နှင့် ခုပြောတဲ့ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ကိလေသာဝဋ်ဆိုတဲ့ ဝဋ် ၃-ပါး ရုပ်နာမ် နှစ်ပါးတို့၏ အပြစ်အာဒီနဝတွေကို မြင်ပြီးတော့ နိဗ္ဗာန် သက်သက် မျက်မှောက်ပြုတဲ့ ကုသိုလ်မျိုးမှ နိဗ္ဗာန် မှန်မှန်ကြီး မလွဲတမ်းရတဲ့ ကုသိုလ်တဲ့။

အဲဒါကြောင့် အခု တို့ ဒကာ ဒကာမတွေ အခါခပ်သိမ်း တိုက်တွန်း နှိုးဆော်ပေးတယ်၊ ဒီဘဝဟာ ဘဝကောင်းနော်၊ ဘဝကောင်း၊ ဘဝမြတ်၊ ဟို ဘဝ ဘဝါ ကမ္ဘာ့ ကမ္ဘာက ဒီလို ဘဝမျိုးကို ရချင်မှ ရခဲ့ကြမှာ၊ တော်ရုံ လျော်ရုံ ရချင် ရလာမှာ၊ ဒီတော့ အခု အင်မတန် ကံကောင်း၍ ရှေးဘုန်း ရှေးကံ ပါရမီ သန်လို့ ရကောင်းတဲ့ ဘဝမျိုး သမ္ပတ္တိစက်နှင့် လာကြုံမှ၊ ဘာလဲ ဆိုတော့—

## စက်လေးပါး

ပဋိရူပ ဒေသဝါသ စက်၊
သပ္ပုရိသ ဥပနိဿယစက်၊
အတ္တသမ္မာပဏိဓိ စက်၊
ပုဗ္ဗေစ ကတပုညတာစက်၊

အဲ- စက် ၄-ပါး ကြုံတွေ့တာ သာမည ဘုန်းကံနှင့် မကြုံဘူး၊ မိမိတို့ အတိတ်က ဆည်းပူးခဲ့တဲ့ ပါရမီထူး ကံထူးပါလို့ ပါရမီကံ ရင့်သန်လို့ အခုပြောတဲ့ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဆိုတဲ့ အပြစ် အာဒီနဝ တွေ့လာမြင်လာတယ်၊ အဲဒီလို မြင်ကောင်းတဲ့ ဘဝ ကောင်း ဘဝမြတ်ကြီးကို ရောက်နေတဲ့ အခါမှာ ပန်းတပွင့်ဘဲ လှူရလှူရ ဆီမီးတတိုင်ဘဲ ပူဇော်ရ ပူဇော်ရ၊ ငါတို့သည် ဤဒါန ကြောင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်သည် သာလျှင် အမြတ်ဆုံးလို့ ယုံကြည်တဲ့ သဒ္ဓါပေါ့၊ သီလစောင့်လည်း မိမိတို့ စောင့်သုံး ကျင့်အပ်တဲ့ သီလ၏ တန်ခိုး အာနိသံသကြောင့် ငါတို့ သည် အလုံးစုံသော ဒုက္ခခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ ကုန်ဆုံးရာ နိဗ္ဗာန်သည်သာလျှင် ပဓာန အမြတ်ထား၍ ကျင့်သုံးတဲ့ သီလပေါ့၊ ဒီ ဒါန, သီလ, က နိဗ္ဗာန်ရောက်ကြောင်းတရား အထောက်အပံ့ ဖြစ်တယ်၊ နိဗ္ဗာန်ရောက်တာတော့ ခု အားထုတ်တဲ့ ဝိပဿနာ ပေါ့၊ အဲ-ဝိပဿနာဉာဏ်ကို ရလို့ သမ္မသနဉာဏ်, ဥဒယဗ္ဗယ, ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိဒါ, မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမနှင့် မဂ္ဂဉာဏ်ကို ဆိုက်သွားလျှင်၊ ဒါကတော့ တဆက် တည်း သွားတယ်၊ တဆက်တည်း နိဗ္ဗာန်ကို ရတာ၊ ခုပြောတဲ့ ဒါန,သီလ, အထောက်အပံ့၊ သူ၏ အထောက်အပံ့ကို ရသဖြင့် ငါတို့သည် မုချဆတ်ဆတ် ကေန်မလွဲ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်း တရားကို ငါတို့ မုချရမည်လို့ ယုံကြည်တဲ့ သဒ္ဓါ တရားနှင့်ပေါ့၊ အဲ ခုတိုက်တွန်း နှိုးဆော်တဲ့အတိုင်း မိမိတို့ လှူရတဲ့ ဒါနတွေ, မိမိတို့ စောင့်ရတဲ့ သီလတွေ, မိမိတို့ကိုယ်တိုင် အားထုတ် ရတဲ့ ဘာဝနာတွေဟာ အလွဲသုံးစား မဖြစ်တဲ့ နိဗ္ဗာန်ကိုသာလျှင် ငါတို့ အမှန် မျက်မှောက်ပြုမည်ဆိုတဲ့ စေတနာနှင့် ဒီကနေ့က စ,၍ ကြိုးစားပြီး သကာလ အားထုတ်ကြကုန် ။

# သီလ ၄-မျိုး တိုက်ကြီး ၃-တိုက်

ဗုဒ္ဓဘာသာတို့၏ တရားက သာသနာပ တရားလည်း ရှိတယ်၊ သာသနာတွင်းလည်း ရှိတယ်၊ သာသနာပ ကာလမှာလည် ဒါန, သီလ, သမထ ရှိတာဘဲ၊ သာသနာတော် အတွင်းမှာလည်း၊ ဒါန, သီလ, သမထဆိုတာ အမှန်ရှိတယ်၊ အဲဒီလို အမှန်ရှိသော် လည်း သာသနာတွင်း တရားနှင့် သာသနာပတရား ဘာကွာ သလဲ၊ သိမှု မသိမှု ကွာခြားတယ်၊ သာသနာပမှာ ဒါနမှု, သီလမှု များကို ပြုတော့ ကုသိုလ် မရဘူးလားဆို ရတယ်၊ အမှန်ရတယ်၊ သာသနာတော် အတွင်းမှာလည်း ဒါန, သီလ, သမထမှု ပြုရင် ကုသိုလ်ရတယ်၊ ကုသိုလ်တော့ အမှန်ဖြစ်တာပေါ့၊ ပုညာဘိသင်္ခါရ ဆိုတာ ကုသိုလ်ဖြစ်တာပေါ့၊ ကုသိုလ်ပင် ဖြစ်သော်လည်း အသိ တရားမှာ ဘာကွာခြားသလဲဆိုတော့ နိဗ္ဗာန်ရဘို့ မရဘို့ အဲဒါက အရေးကြီးတယ်၊ နိဗ္ဗာန်ကို တကယ်တမ်း အထက်တန်းရောက် အောင် ရနိုင်တဲ့ တရားဟာ ဘယ်တရားလဲလို့ ရှာတော့ ဒါန, သီလ ဘာဝနာ တွေ့တာဘဲ၊ အဲဒီ ဒါန, သီလ, ဘာဝနာချင်း တူသလား လို့ ဆိုတော့ မတူဘူး၊ သာသနာတော် အတွင်းမှ ရတဲ့ ဒါနမျိုး, သီလမျိုး, ဘာဝနာမျိုးက နိဗ္ဗာန်ကို ရနိုင်တယ်၊ သို့သော်လည်း သာသနာတော် အတွင်းမှာပင် နေတယ် ဆိုငြားသော်လည်း လူတို့က သာသနာတော် အတွင်းရောက်မှ သာသနာတွင်း ဖြစ်တာ။

သာသနာပ, သာသနာတွင်းဆိုတာ ဘာကွာသလဲဆိုတော့ အဝိဇ္ဇာနှင့် ဝိဇ္ဇာပေါ့၊ အဝိဇ္ဇာတရား ဖုံးလွှမ်းနေတဲ့ ပုဂ္ဂိုလ်သန္တာန် မှာ ဖြစ်ပေါ်လာတဲ့ ဒါနမျိုး, သီလမျိုး, ဘာဝနာမျိုးက နိဗ္ဗာန်

ရတာ မဟုတ်ဘူး၊ ဝိဇ္ဇာဉာဏ်နှင့် ယှဉ်တဲ့ ဒါနမျိုး, သီလမျိုး, ဘာဝနာမျိုးမှ နိဗ္ဗာန်ရတယ်၊ ဒီတော့ အခု တို့-ဒီနေရာ ဌာနမှာ သင်ပေးနေတာ ဘာသင်ပေးနေသလဲ။

**ဒါနကို နိဗ္ဗာန်ရောက်အောင် လှူတတ်ဘို့,**
**သီလကို နိဗ္ဗာန်ရောက်အောင် စောင့်တတ်ဘို့,**
**ဘာဝနာကို နိဗ္ဗာန်ရောက်အောင် ပွားတတ်ဘို့,**

သင်ပေးနေတာ၊ သင်တန်းတက်တဲ့ နည်းပေါ့လေ၊ ဒီတော့ တချို့ အဝိဇ္ဇာ ဖုံးလွှမ်းနေတဲ့ ပုဂ္ဂိုလ်တွေက ထူးထူးဆန်းဆန်းဗျာ ဒါနဆိုတာ နိဗ္ဗာန်ရတယ်လို့ အမျာဘူငါ ဟောနေတာ ဒါန နိဗ္ဗာန် မရဘူးလို့ ဟောရမလားလို့ အပြစ်တင်ဘွယ် ရှိတာပေါ့၊ မသိလျှင် ထင်ထိုက်ပါတယ်၊ အမှန်က ဒါန နိဗ္ဗာန်မရတာ အစစ်ဘဲ၊ သီလလည်း နိဗ္ဗာန်ကို မရတာ အမှန်၊ ဘာဝနာ နိဗ္ဗာန် မရတာ အမှန်၊ ကောင်းပြီ, ဒီလိုဆိုရင်ဘုရား ဒါန နိဗ္ဗာန်မရတာ ဘယ်အကြောင်းကြောင့်, နိဗ္ဗာန်ရတာက ဘယ်အကြောင်းကြောင့် အမိန့်ရှိပါဘုရားလို့ လျှောက်ထားရင် တို့- ဟောရတာ ခပ်ခက်ခက်ဘဲ၊ သိဘို့တော့ ခဲယဉ်းတယ်၊ ဘယ်လောက်ပင် ပြောသော်လည်း နားလည်မလားဆိုလျှင် မလည်ဘူး၊ ဒီတရားမျိုးက ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိမှ ယထာဘူတကျတဲ့ တရားမျိုး၊ သူများ ပြောသံကြားနှင့် မှန်းဆလုပ်လို့ရတဲ့ တရားမျိုး မဟုတ်ဘူး၊ တကယ့်ကို သိရတယ်။

ဒါကြောင့် ဒါနကို လှူလျှင် နိဗ္ဗာန်ရောက်အောင် လှူတတ်ဘို့ ဒါ အရေးကြီးတယ်၊သီလစောင့်လျှင်လည်း နိဗ္ဗာန်ရောက်အောင်

**စောင့်**တတ်ဘို့ အလွန်အရေးကြီးတယ်၊ ဘာဝနာကို အားထုတ်လျှင်လည်း နိဗ္ဗာန်ရောက်အောင် ပွားတတ်ဘို့ အလွန်အရေးကြီးပါတယ်၊ မလွယ်ဘူး၊ လွယ်တယ်လို့တော့ မမှတ်နှင့်၊ လွယ်တယ်ထင်လျှင် မှားမှာဘဲ၊ အဲဒါကြောင့် အလွန်ခက်တယ်, အသိခက်တယ်, အင်မတန် နက်နဲတယ်, အလွန် သိမ်မွေ့တယ်လို့ ပြောတာ၊ မလွယ်ဘူးပေါ့။

အခု ယောဂီများ သီလစောင့်တယ်၊ သီလစောင့် ကုသိုလ်ရတယ် ဆိုတာတော့ ကလေးကတောင် သိတာပေါ့၊ အဲဒီ သီလဟာ ကုသိုလ်အစစ်ဘဲ မှန်တယ်၊ သို့သော်လည်း နိဗ္ဗာန်ရတဲ့ သီလ နိဗ္ဗာန် မရတဲ့ သီလ ၂-မျိုး ရှိတယ်၊ နိဗ္ဗာန်ရတဲ့ သီလက ဘယ်သီလလဲ၊ နိဗ္ဗာန် မရတဲ့ သီလက ဘယ်သီလလဲလို့ ကွဲကွဲပြားပြား သိဘို့ရာ အလွန် ခဲယဉ်းတယ်၊ ယောဂီများတော့ သိနိုင်ပါတယ်၊ ယောဂီများက **ဝီရိယ** နှင့် အားထုတ်၊ **သတိ** မြဲလို့ **သမာဓိ** ခိုင်မြဲတဲ့ အခါကျတော့ **ပညာ** စခန်းမှာ အမှန်ကို တွေ့လာတော့ ပြောလိုက်လျှင် သေသေချာချာ နားလည်နိုင်တယ်၊ သီလ ဘယ်နှစ်မျိုးရှိသလဲ ဆိုလျှင်—

ငါးပါးသီလ,
ရှစ်ပါးသီလ,
ဆယ်ပါးသီလ,
အာဇီဝဋ္ဌမကသီလ,

စ,သည်ဖြင့် ဒီလို သီလများ ရှိတယ်လို့ **အောက်မေ့မည်**၊ မှန်တယ်၊ သို့သော်လည်း ရှစ်ပါးသီလ တခုတည်းမှာ လေးမျိုးရှိတယ်၊

ရှစ်ပါးဘဲ၊ ယခု ယောဂီတွေ စောင့်တဲ့ ဥပေါသထသီလ၊ အဋ္ဌင်္ဂ သီလ, ဒီရှစ်ပါးသီလဟာ လေးမျိုးရှိတယ်၊ သီလလေးမျိုး—

ဟာနဘာဂိယ သီလ,
ဌိတိဘာဂိယ သီလ,
ဝိသေသဘာဂိယ သီလ,
နိဗ္ဗေဓဘာဂိယ သီလ,

**ဟာနဘာဂိယသီလ** ဟာနဘာဂိယသီလဆိုတာ ဘာခေါ်သလဲ၊ အဲဒါ အဓိပ္ပါယ် ရှင်းရှင်းလေး နားလည်ဘို့၊ ဟာနဘာဂိယ သီလ-ဟာနဆိုတာ ယုတ်တဲ့ သီလပေါ့၊ အယုတ်သီလ၊ အဲဒီသီလ ကုသိုလ် မဖြစ်ဘူးလားဆို ဖြစ်တယ်၊ ဖြစ်ပေတဲ့ ဟာနဘာဂိယ သီလ ခေါ်တယ်၊ ဘယ်လို စောင့်လို့လဲ၊ မနောကံကို မနိုင်တဲ့ ပုဂ္ဂိုလ်များ ရှစ်ပါးသော အဋ္ဌင်္ဂ ဥပေါသထသီလကို စောင့်တယ်၊ စောင့်ပြီး တော့၊ မနောကံ မနိုင်ဘူး၊ မနောကံ မနိုင်တော့ ဘယ်လို ဖြစ်လာ သလဲ၊ မေထုန်ယော် ၇- ပါးဆိုတာ ရှိတယ်၊ မေထုန်ယော် ၇-ပါးက လွယ်လွယ်ကလေးရယ်၊ အမှတ်တမဲ့ နေကြလို့၊မေထုန်ယော် ၇-ပါး ဆိုတာ မနောကံကို မနိုင်တဲ့ ပုဂ္ဂိုလ်များမှာ တွေ့ကြုံတတ်တယ်။

**ဥပမာ** မိန်းမကလေးက ယောကျ်ားကလေး၏ ရူပါရုံကို မြင်၍ နှစ်သက်သော စိတ်ဖြင့် ကြည့်ခြင်း, ယောကျ်ားကလေးက မိန်းမကလေး၏ ရူပါရုံကို မြင်၍ သာယာသော စိတ်ဖြင့် ကြည့်ခြင်း,

မိန်းကလေးနှင့် ယောကျ်ားကလေးများ တယောက်သည် တယောက်အား အသံကို ကြား၍ သာယာသောစိတ်ဖြင့် အာရုံပြုခြင်း,

ရှေးက ဆက်ဆံဘူးသည်ကို အာရုံပြု၍ သာယာခြင်း, တပါးသော သူတို့ အချင်းချင်း ဆက်ဆံကြသည်ကို မြင်၍ သာယာခြင်း,

တယောက်သည် တယောက်အား ရာဂဖြင့် ကပ်ငြိ၍ စကားပြောခြင်း, ကျီစယ်ခြင်း,

တယောက်သည် တယောက်အား ကိုင်တွယ်ခြင်း,ထိပါး ခြင်း,

ဒါတွေ ဟာနဘာဂိယ သီလတွေပေါ့၊ သီလ ပျက်သလား ဆို မပျက်ဘူး၊ သီလ မပျက်ပေတဲ့ သီလညှိုးနွမ်းတာပေါ့၊ အဲဒီ သီလ ကုသိုလ် မဖြစ်ဘူးလားဆိုတော့ ဖြစ်သားဘဲ၊ ဖြစ်သော်ငြားလည်း နိဗ္ဗာန်ဆိုတာတော့ အနားတောင် မကပ်နိုင်ဘူး၊ မသိနိုင်ဘူး၊ နိဗ္ဗာန် မရဘူး၊ ဟာနဘာဂိယသီလ, ရှစ်ပါးဘဲ မှတ်ထားကြပေါ့၊ မှတ်မိရောပေါ့။

**ဌိတိဘာဂိယသီလ** ဌိတိဘာဂိယ သီလဆိုတာ သီလတည် တယ်, ခိုင်တယ်, မြဲတယ်, တယောက်တည်း ရှစ်ပါးသော အဌင်္ဂုပေါသထသီလ စောင့်ပြီး သစ်တပင်ရင်း ဝါးတပင် အောက်မှာ သီလ ဘယ်နေရာကမှ မညှိုးနွမ်း ရအောင် ဝါဂွမ်း

ကဲ့သို့ ဖြူစင် သန့်ရှင်းအောင် စောင့်တာ အမှန်ပေါ့၊ အဲဒီလို ဝါဂွမ်းကဲ့သို့ ဖြူစင် သန့်ရှင်းအောင် အညစ်အကြေး မတင်အောင် စောင့်တဲ့ သီလ နိဗ္ဗာန် ရမလားဆိုတော့ ဒိဋ္ဌိတိဘာဂိယ သီလမျိုးလည်း အမှန်အားဖြင့် လူချမ်းသာ, နတ်ချမ်းသာ, လူ့စည်းစိမ်, နတ်စည်းစိမ် ရနိုင်ပါတယ်၊ ဘယ်နည်းနှင့်မှ နိဗ္ဗာန် မရသေးဘူး၊ အဲဒါက ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ကြ၊ဒါလောက် သန့်ရှင်းစင်ကြယ်တဲ့ ဖြူစင်တဲ့ သီလကြီး စောင့်နေတာတောင် နိဗ္ဗာန်မရသေးဘူး၊ မရဘူးဆိုတော့ သာမည ပုဂ္ဂိုလ်နားမှာ ကြားလိုက်လျှင် အတော်ဘဲ စိတ်ထဲမှာ မချမ်းမသာ ဖြစ်သွားမည်၊ ဒါ သိမှလည်း ဖြစ်တယ်၊ မသိ မဖြစ်ဘူး၊ ဒီတရားမျိုးဟာ အတော် ခဲယဉ်းတယ်၊ သိဘို့ အလွန်ကြဲတဲ့တရား၊ အဲဒါ ဌိတိဘာဂိယသီလ ခေါ်တယ်။

**ဝိသေသဘာဂိယသီလ** တဲ့၊ ဝိသေသဆိုတာ အထူးစောင့်တဲ့ သီလ ခေါ်တယ်၊ ဘယ်လို အထူးစောင့်သလဲ၊ ယခု တို့ယောဂီများ စောင့်ဘူးပြီ၊ ပဌမ ရှေးဦးစွာ ဝိပဿနာ လုပ်ငန်းကို အားထုတ်ရအောင် လာတဲ့အခါ အာနာပါန သတိကို ပေးလိုက်တယ်၊ အဲဒီ အာနာပါန သတိကို အားထုတ်ပြီး မနောကံ ထိန်းကျောင်းပြီးတော့ စောင့်ရှောက်နေတဲ့ အခါ သီလကို ဂရုမစိုက်နိုင်ဘူး၊ မနောကံကို မနိုင်, နိုင်အောင် တခါတည်း နေ့ရော ညဥ့်ပါ ဆိုတာလို ကြိုးစားပြီးတော့ မနေ မနား အားထုတ်ပြီး နေတာ သမထယောဂီ ခေါ်တာပေါ့၊ အဲဒီလို သမထယောဂီ လုပ်ငန်းနှင့် အားထုတ်ပြီးတော့ နေတာ ဝိသေသဘာဂိယ သီလလို့ ခေါ်တယ်။

ဒီ သီလကလည်း သာမညသီလ မဟုတ်ဘူး၊ အကယ်၍များ ဝိသေသဘာဂိယ သီလက နေပြီးတော့ ခုနက ပြောတဲ့ သမထ လမ်းက ကျကျနန ဟန်ရ ပန်ရ တကယ်တမ်း အားထုတ်လို့ ဝီရိယ, သတိ, သမာဓိနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ ဈာန်တွေများ ရပြီးတော့ မြေလျှိုးမိုးပျံ ကောင်းကင်ဈာန်နှင့် နေနိုင်တဲ့ အခါမျိုး ဘဲ၊ ဘယ်ထိအောင်တောင် သူအကျိုးဆောင်သလဲဆိုရင် ဗြဟ္မာ့ ပြည်ထိအောင် အကျိုးရတယ်၊ နိဗ္ဗာန်တော့ မရသေးဘူး၊ ကမ္မဋ္ဌာန်းလေးဆယ်က ကြိုက်နှစ်သက်ရာ တခုခု သမထ စီးဖြန်း လို့ ဈာန်များရလို့ ဗြဟ္မာ့ပြည် လားနိုင်သော်လည်း နိဗ္ဗာန် မရသေးဘူး၊ အဲဒါ စဉ်းစားသာ ကြည့်တော့၊ အဓိပ္ပါယ်ရှင်း ရှင်းကလေး ပြောတာ၊ ကိုင်း ဈာန်တွေ အဘိညာဏ်တွေ တန်းခိုးတွေ ရ,နေတာတောင် နိဗ္ဗာန်မရနိုင်ဘူး၊ ဒါ ဝိသေသ အထူးစောင့်တဲ့ သီလခေါ်တယ်၊ ဘယ်နှစ်မျိုး ဖြစ်သွားပြီလဲ၊ ဟာနဘာဂိယသီလ, ဌိတိဘာဂိယသီလ, ဝိသေသဘာဂိယသီလ, ၃-မျိုး ဖြစ်သွားပြီ၊ နိဗ္ဗာန်ကို ရကို မရသေးဘူး၊ ကုသိုလ်တော့ မဖြစ်ဘူးလားဆိုတော့ ကုသိုလ် ဖြစ်တယ်အမှန်၊ အဲ နိဗ္ဗာန်ရတဲ့ သီလက ဘယ်သီလ,လဲ ဆိုတော့—

**နိဗ္ဗေဓ,ဘာဂိယသီလ** နိဗ္ဗာန် ရောက်ကြောင်း သီလခေါ် တယ်၊ အဲဒီ သီလကျတော့ လူတရာမှာ တယောက်, လူတထောင် မှာ တယောက် အလွန်ခဲယဉ်းတာပေါ့၊ နိဗ္ဗေဓ, ဘာဂိယ သီလ ဆိုတာ သံသရာကို တကယ်ငြီးငွေ့တဲ့ ယောဂီများစောင့်တဲ့ သီလမှ နိဗ္ဗာန်ရောက်ကြောင်း သီလတဲ့၊ ကိုင်း-ဒီတော့ သံသရာ သိဘို့ မခက်လား၊ ခု လောကမှာ သိကြတဲ့ သံသရာတွေနှင့် မကွာလား၊ လောက သိနေတဲ့ သံသရာဆိုတာ ဘာလဲ၊ အခု လောကမှာ

သိနေတဲ့ သံသရာက ဟုတ်သွားဘဲကွယ်၊ တော်တော်ကြာ လူဖြစ်လိုက်, နတ်ဖြစ်လိုက်, ခွေးဖြစ်လိုက်, ဝက်ဖြစ်လိုက်, အောင်မယ်လေး သံသရာကြီးက ရှည်လျားလိုက်တာ၊ ဒီ သံသရာမျိုး သိရုံနှင့် နိဗ္ဗေဓဘာဂိယ သီလမျိုး ရ,မည် ထင်သလား၊ မရသေးဘူး၊ တကယ်အစစ် သံသရာကို တွေ့မှ နိဗ္ဗေဓဘာဂိယ သီလ ရ,တာ၊ အစစ် သံသရာက ဘယ်မလဲ၊ အစစ် သံသရာက—

ခန္ဓာနဉ္စ ပဋိပါဋိ, ဓာတု အာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ, သံသာရောတိ ပဝုစ္စတိ။
ဓမ္မသင်္ဂဏီအဋ္ဌကထာ။

ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် မပြတ် ဖြစ်တာမှ သံသရာ အစစ်တဲ့၊ ဒီတော့ ခန္ဓာ အာယတန ဓာတ် မပြတ်ဖြစ်တဲ့ သံသရာကို မတွေ့ဘူး, မကြုံဘူး, မဆုံဘူးတဲ့ ပုဂ္ဂိုလ်တွေက ဘယ်လို နည်းနှင့် နိဗ္ဗာန်ရောက်ကြောင်းသီလ ရ,နိုင်မှာလဲ၊ ရနိုင်ဘို့ အလွန် ကြဲတာပေါ့၊ ဘာဖြစ်လို့လဲ, နိဗ္ဗာန်ရောက်ကြောင်း သီလက အလွန် ခဲယဉ်း သွားတာပေါ့၊ သံသရာ ငြီးငွေ့ရမည်ဆိုတယ်၊ သံသရာမှ မတွေ့ဘဲနှင့် ဘယ့်နှယ် ငြီးငွေ့မလဲ၊ အဲ အခု ယောဂီများ ကျတော့ သံသရာအစစ်ကို ရှာတွေ့ပြီ၊ အဇ္ဈတ္တိက သန္တာန်ထဲမှာ ခန္ဓာ အာယတန ဓာတ်တွေ မပြတ်ဖြစ်နေတာ ကိုယ်တိုင် တွေ့နေပြီ မဟုတ်လား၊ ခဏမစဲ တသဲသဲ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ ဒါတွေဟာ ခန္ဓာ အာယတန ဓာတ်တွေပေါ့၊ ကာယပသာဒရုပ်ကယ်, ဖောဋ္ဌဗ္ဗရုပ်ကယ်, ကာယဝိညာဏ်ရယ်၊ ရုပ်နာမ် ၂-ပါး တွေ့တယ်၊ ကာယပသာဒ, ဖောဋ္ဌဗ္ဗ,က ရူပက္ခန္ဓာ, သိတယ်

ဆိုတဲ့ အလုံးကလေးက ရှိန်မှုန်း သိတယ်, ရှူမှုန်းသိတယ်, လှုပ်မှုန်း သိတယ်, ပူမှုန်းသိတယ်, အေးမှုန်း သိတယ်,သိတဲ့ အလုံးကလေးက ကာယဝိညာဏ်ဘဲ၊ ဝိညာဏ်က နာမ်တရား, ဝိညာဏက္ခန္ဓာပေါ့၊ ထိုဝိညာဏက္ခန္ဓာနှင့် သဟဇာတဖြစ်သော ခွဲလို့ ခွါလို့မရကောင်းတဲ့ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ, မှတ်သားတတ်တဲ့ သညာက္ခန္ဓာ, စေ့ဆော်တတ်တဲ့ သင်္ခါရက္ခန္ဓာ, သိလုံးကလေးက ဝိညာဏက္ခန္ဓာ, ပေါင်းလိုက်တော့ နာမ်ခန္ဓာ လေးပါး ရတယ်။

သူတို့ နာမ်ခန္ဓာလေးပါးက တခုဖြစ် အကုန်ဖြစ်တာဘဲ၊ တခု ပျက်သွား အကုန်ပျက်တာဘဲ၊တခုပျက်သွားလည်း တခုကျန်သေး တယ် မဟုတ်ဘူး၊ အကုန်လုံး တပြိုင်တည်းဖြစ်၊ တပြိုင်တည်း ပျက်တာ နာမ်ခန္ဓာ လေးပါး ခေါ်တယ်၊ သည်တော့ ရှိန်ကနဲ ဆိုလျှင် ရုပ်ခန္ဓာတပါး၊ နာမ်ခန္ဓာ လေးပါး တွေ့သွားပြီ၊ မပြတ် ဖြစ်နေတယ် မဟုတ်လား၊ ခန္ဓာထဲမှာ လှုပ်ကနဲဆိုလျှင်လည်း ရုပ်ခန္ဓာတပါး၊ နာမ်ခန္ဓာလေးပါးတွေ၊ အဲဒါ သံသရာအစစ်ပေါ့၊ ခန္ဓာဘဲ ခေါ်သလား ဘုရားလို့ ဆိုတော့ အာယတနလည်း ဒါခေါ်တာပေါ့၊ ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, မနာ ယတနတဲ့၊ မြန်မာလိုပြန်တော့ ကိုယ်အာယတနရယ်၊ အတွေ့ အာယတနရယ်၊ တွေ့သိ အာယတနရယ်၊ အာယတနသုံးပါး မပြတ်အမြဲဖြစ်၊ ဒါသံသရာအစစ်ဘဲတဲ့၊ ဘုရားက ဓာတ်လို့ခေါ် ကော ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်၊ မြန်မာ လိုပြန်တော့ ကိုယ်ဓာတ်, အတွေ့ဓာတ်, တွေ့သိဓာတ် အတူတူပေါ့၊ အဲဒါ ဘုရားဟောတာ ခန္ဓာ အာယတန ဓာတ်တို့သည် မပြတ်ဖြစ် တာ သံသရာအစစ်၊ အဲဒီ သံသရာကို မြင်ရမည်၊ ဒီ သံသရာကို မြင်ပြီးတော့ ငြီးငွေ့ရမည်၊ ငြီးငွေ့တာ လွယ်တာ မဟုတ်ဘူး။

ဟော- အခု ယောဂီများ အားထုတ်လိုက်တဲ့ အခါကျတော့ ရှေးဦးစွာ ရုပ်နှင့် နာမ် အမှန်သိအောင် သုံးသပ်ဆင်ခြင်တာက **သမ္မသန**ဉာဏ်၊ ထိုရုပ်နာမ်ကို ဆင်ခြင်သုံးသပ်လို့ သမ္မသနဉာဏ် ရတာနှင့် **တ**ပြိုင်နက်တည်း ဖြစ်ပျက် သိသွားပြီ၊ ဖြစ်ပျက်ကို သိတော့ **ဥဒယဗ္ဗယ**ဉာဏ်၊ အဲ -ဥဒယဗ္ဗယဉာဏ် ကြိမ်ဖန်များစွာ ပွားများတော့ အပျက်ကိုသာ မြင်လာတော့တယ်၊ ခြော်— မြင်ပြီး ဘာတခုမျှ မကြွင်းမကျန် အကုန်ပျက်စီး ကုန်ပါကလား ဆိုတာ အပျက်ဆိုတဲ့ တရားကြီးမြင်လာတော့ **ဘင်္ဂ**ဉာဏ်ပေါ့၊ အပျက်မြင် ဘင်္ဂဉာဏ်ဘဲ၊ ဘင်္ဂဉာဏ်ရတော့ ခြော်—ရုပ်နာမ် ၂-ပါးဟာ ဘယ်နည်းနှင့်မှ အခိုင်အမြဲ အထည်ဒြပ် အမာခံ မရှိသောကြောင့် ဘေးကြီး မြင်လာတာပေါ့၊ ရုပ်နာမ် ၂-ပါး၏ အပြစ် အာဒီနဝ ဘေးကြီး မြင်လာတော့၊ ဟော- **ဘယ**ဉာဏ်ပေါ့၊ ဘယဉာဏ်ဖြစ် **အာဒီနဝ**ဉာဏ် ဖြစ်ပေါ့၊ အဲဒီတော့မှ **နိဗ္ဗိဒါ**ဉာဏ်ဆိုတာ ငြီးငွေ့တယ်၊ ဒီ ရုပ်နာမ် ၂-ပါးကို မလိုချင်တော့ဘူး, ငြီးငွေ့လာတယ်၊ ငြီးငွေ့တယ် ဆိုလျှင် မုစ္စိတုကမျတာဉာဏ် ရောက်သွားတာ၊ ငြီးငွေ့ရုံ ငြီးငွေ့နေတာ မဟုတ်သေးဘူး၊ ငြီးငွေ့တော့ ငြီးငွေ့သား မလွတ်ချင်ဘူးဆိုလျှင် မမှန်လို့ပေါ့၊ ငြီးငွေ့ရိုးသာမှန်လျှင် ဟော- **မုစ္စိတုကမျတာ** ဉာဏ်က ဘယ်မှ မဝေးဘူး, ကပ်နေတယ်၊ အမှန်ဒုက္ခကို တွေ့လျှင် သုခလိုချင်ပြီးသား, မှတ်ထားပေါ့၊ ဒီကလည်း နိဗ္ဗိဒါဉာဏ်က တကယ်သာ ငြီးငွေ့လျှင် မုစ္စိတုကမျတာဉာဏ်က လွတ်ချင်ပြီးသား၊ ဘာဖြစ်လို့လဲ၊ ရုပ်နာမ် ၂-ပါး အပြစ် အာဒီနဝတွေ မြင်ကတည်းက ငြီးငွေ့ပြီ၊ ငြီးငွေ့ကတည်းက ဟော- လွတ်ချင်ပြီ၊ မုစ္စိတုကမျတာဉာဏ် အဲဒီလို တကယ်တန်း မုစ္စိတုကမျတာဉာဏ်မျိုးရအောင် နိဗ္ဗိဒါဉာဏ်မျိုးနှင့်

ငြိုးငွေ့လာတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ သီလမျိုး နိဗ္ဗာနဂါမိ ဘာဂိယ သီလ ခေါ်တယ်။

အဲဒီတော့ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဆိုတာ မတောင့်တဘူး၊ ဒီ သီလဟာ ဘယ်နည်းနှင့်မှ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့ စည်းစိမ် သူမတွေ့တော့ဘူး၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ ချမ်းသာဆိုတာ သူရှာမရတော့ဘူး၊ ဘာဖြစ်လို့လဲ၊ ရုပ်နာမ်ဘဲ တွေ့တော့တာကိုး၊ လူလည်း ရုပ်နာမ်၊ နတ်လည်း ရုပ်နာမ်၊ ဗြဟ္မာ လည်း ရုပ်နာမ်၊ ရုပ်နာမ်တွေကတည်းက ဒုက္ခအစစ် သူမြင်ပြီးပြီ၊ ဒုက္ခအစစ်ကြီး မြင်ထားကတည်းက ဘယ်သူက လာပြီးတော့ ချော့ပြောပြော မရတော့ဘူးတဲ့၊ လူမင်းစည်းစိမ် ချမ်းသာဟာ အင်မတန်ကြီးပါတယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာ၊ မန္ဓာတ် ဆိုတဲ့ စည်းစိမ်ကြီးဟာ နည်းတဲ့ စည်းစိမ်ကြီးမဟုတ်ဘူး၊ တောင့် တပါဟဲ့၊ ပန်ကြားပါဟဲ့၊ လိုချင်အောင် ဆုတောင်းပါဟဲ့ဆိုကော တောင်းအုံးမလား၊ ဘယ်သူက လာတိုက်တွန်း တိုက်တွန်း မရ တော့ဘူး၊ ဘာဖြစ်လို့လဲ၊ သူ့ကိုယ်က ငြိုးငွေ့နေပြီ၊ ရုပ်နာမ် ၂-ပါး၏ အပြစ် အာဒီနဝတွေ သူကိုယ်တိုင် ငြိုးငွေ့နေတော့ မလို ချင်ဘူး၊ အဲမလိုချင်ကတည်းက သမုဒယတဏှာ ပြတ်ပြီးတော့ ဟော- နိဗ္ဗာန် မျက်မှောက် ပြုပြီ၊ ဒါ နိဗ္ဗေဓ ဘာဂိယသီလ ခေါ်တယ်၊ နိဗ္ဗာန်မျက်မှောက်ပြုတဲ့ သီလအစစ်။

အဲဒါ တို့-ယောဂီတွေ ညာစရာ မလိုပါဘူး၊ နောက်ကစောင့် ခဲ့တဲ့ သီလနှင့် ခုစောင့်တဲ့ သီလတူသလား မတူဘူးလားဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ပေါ့၊ နောက်ကလည်း အထပ်ထပ် စောင့်ခဲ့ပြီ မဟုတ်လား၊ ငယ်စဉ်က စပြီးတော့ သီလတွေ စောင့်

လာတာ အဲ- နောက်က ကိုယ်ပိုင်စောင့်ခဲ့တဲ့ သီလနှင့် အခု ယထာ ဘူတ ယထာဝမ္မ ကျကျနန သိပြီးတော့ စောင့်ရတဲ့ သီလနှင့် ကိုယ့်ဟာကို သိရမည်၊ သူများ ပြောသံကြားတော့ အလကား ပေါ့၊ သူများပြောတော့ ကြားတာပေါ့၊ ကိုယ်တိုင်သိ, ဘာလဲ၊ ဟာနဘာဂိယသီလလည်း ခုယောဂီတွေ စောင့်ဘူးမှာဘဲ၊ ဌိတိ- ဘာဂိယသီလတော့ စောင့်ဘူးမည် မဟုတ်ဘူး၊ ဒါကတော့ တော်တော်ကြဲတယ်၊ ဝိသေသ ဘာဂိယသီလတော့ စောင့်ဘူးကြ တာပေါ့၊ တချို့လည်းဘဲ ရှစ်ပါးသီလ စောင့်ပြီးတော့ အရဟံ ဂုဏ်တော်တွေ ပွားနေလိုက်တာ မနေမနား ကြိုးစားပြီးတော့ ပွားများနေတာ ဒါတွေဟာ ဝိသေသတွေပေါ့၊ အထူးစောင့် တာ၊ အဲ-ရှစ်ပါးသီလ စောင့်ပြီးတော့ အာနာပါနဿတိ စသည့် တို့ကို သတိပဋ္ဌာန် အားထုတ်နေတဲ့ ပုဂ္ဂိုလ်၊ ဒါ ဝိသေသပေါ့၊ အထူးစောင့်တဲ့သီလတွေ၊ အဲ-ဟာနဘာဂိယသီလ, ဌိတိဘာဂိယ သီလ, ဝိသေသဘာဂိယသီလ, ဒီသီလသုံးမျိုး နိဗ္ဗာန်မရဘူးလို့ ဆိုလျှင် သူများက ဆဲချင်ဆဲအုံးမှာ၊ ဘာမှန်းမသိရင် တကယ် အစစ်ကို မရတာ၊ ဒါ ဘုရားဟောတာ အမှန်၊ နိဗ္ဗေဓဘာဂိယ သီလမှ နိဗ္ဗာန်အစစ်ကို ရတာအမှန်၊ ဒီတော့ တို့ယောဂီတွေ ဘယ် အခါမဆို သီလစောင့်တတ်ရေပေါ့၊ တို့ဟာ သင်ပေးတာ သီလ စောင့်တတ်အောင် နိဗ္ဗာန်ကို တကယ်ရောက်အောင် အစောင့် ချင်းတော့ အတူသား၊ ရှစ်ပါးသီလ အတူတူခံ၊ ခံပြီးတော့ အတူတူဘဲ စောင့်ရတာဘဲ၊ ရှစ်ပါးသီလ အတူတူစောင့်ပြီးတော့ ဟော-ညစာ အတူဘူမစားရဘူး၊ အတူတူဘဲ ရှောင်ကြဉ်ရတာဘဲ၊ အကျိုးချင်းကတော့ မတူဘူး၊ အကြောင်းတရား ကွာသွားတာ ကိုး၊ အကြောင်းတရား ကွာသွားတော့ အကျိုးတရား မတူဘူး၊ ဒါ အကြောင်းအကျိုးကို စပ်ပြတာ။

အဲဒါကြောင့် အခုပြောတဲ့ ဟာနဘာဂိယသီလ, ဌိတိဘာဂိယသီလ, ဝိသေသဘာဂိယသီလတို့သည် နိဗ္ဗာန်မရတာအမှန်၊ နိဗ္ဗေဓဘာဂိယသီလ သံသရာကြီးကို ငြီးငွေ့ပြီးတော့ ကျင့်သုံးဆောက်တည်တဲ့ သီလမျိုးမှ တကယ်တမ်း အထက်တန်းရောက်တဲ့ နိဗ္ဗာန်ရောက်တဲ့သီလ၊ အဲဒီ သီလစောင့်တတ်အောင် သင်ပေးနေတာ၊ နို့ ဒီသီလနှင့် ဒါနကော ကွာအုံးမလားဆို မကွာပါဘူး၊ ဒါနလည်း ထိုနည်းတူစွာ နိဗ္ဗာန်ရောက်တဲ့ ဒါန မရောက်တဲ့ ဒါန ၂-မျိုး၊ နိဗ္ဗာန်ရောက်တဲ့ ဒါနက ခုပြောတဲ့ နိဗ္ဗေဓ သံသရာကြီး ငြီးငွေ့ပြီးတော့ ပန်းတပွင့်ဘဲ လှူရ,လှူရ၊ ဆီမီးတတိုင်ဘဲ ပူဇော်ရ, ပူဇော်ရ၊ ရေတခွက်ဘဲ လှူရ, လှူရ၊ အဲ နိဗ္ဗိဒါ ဉာဏ်ကလေးနှင့် ငြီးငွေ့ပြီးတော့ လှူလိုက်ရလျှင် အစစ် နိဗ္ဗာန်ရတာပေါ့၊ နိဗ္ဗိဒါဉာဏ်ကို မရဘဲနှင့် ဘဝသမ္ပတ္တိတွေ, ဘောဂသမ္ပတ္တိတွေ မက်မောပြီးတော့ လှူဒါန်းတဲ့ ဒါနမျိုး၊ လူ့ပြည်က ဗြဟ္မာ့ပြည်ထိအောင် လှူ၊ နိဗ္ဗာန်ရောက်တဲ့ ဒါန မဟုတ်ဘူးတဲ့၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတာ၊ အဲဒီတော့ မသိတဲ့ ပုဂ္ဂိုလ်တွေက တို့ ဒါနတွေနည်းတာ မဟုတ်ဘူး၊ သိန်း သန်း ကုဋေ မရေမတွက်နိုင်အောင်လှူတာ, နိဗ္ဗာန် မရဘူးဆိုလို့ ဘယ်ဖြစ်နိုင်ပါ့မလဲဟု စိတ်ဆိုးချင်ဆိုးမှာ၊ ကောင်းပြီ ဒီလိုဆိုလျှင် သက်သေခံရှာကြစို့။

## သီရိဓမ္မာသောကမင်းကြီး

တို့ သီရိဓမ္မာသောကမင်းကြီးဟာ ရေတွင်း ရှစ်သောင်း လေးထောင်, ရေကန် ရှစ်သောင်း လေးထောင်, စေတီ ရှစ်သောင်း လေးထောင်, စေတီအိမ် ရှစ်သောင်း လေးထောင် လှူလိုက်တာ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ဘုရားသာသနာ ချီးမြှောက်တဲ့ နေရာမှာ

ခုပြောတဲ့ သီရိမှာသောကမင်းကြီး သူ့ထက် အလှူအတန်းများ တဲ့ ပုဂ္ဂိုလ် မရှိဘူး၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်က ပြန်ပြောတယ်၊ ဒါယကာမင်းကြီးတဲ့ ငါတို့ ဘုရားသာသနာမှာ သင့်ထက် ချီးမြှောက်တဲ့ ပုဂ္ဂိုလ် ငါတို့ ဘယ်အခါကမှ မတွေ့ဘူး ဘူးတဲ့၊ အဲဒီလောက် သာသနာတော်ကြီးကို လေးစားစွာ ကြည် ညိုပြီးတော့ ချီးမြှောက်တဲ့ ပုဂ္ဂိုလ်ကြီးဟာ အခုတောတဲ့ နိဗ္ဗာန သံသရာ မငြိးငွေ့နိုင်တဲ့ အတွက် သေသည်၏ အခြားမဲ့၌ ဘယ် ရောက်သွားသလဲ ဟို- စပါးကြီး မြွေဖြစ်တွာ သွား ဖြစ်နေတယ်၊ အဲဒါ သေသေချာချာ တွေးကြည့်ကြ၊ တကယ့်ကို အစစ် အမှန် လှူတာ၊ ဒီ ပုဂ္ဂိုလ်ကြီးဟာ အတော် ကြည်ညိုလေးစားတာ သာ သနာကို၊ ဘယ်လိုပင် ကြည်ညိုလေးစားသော်လည်း ခု ပြောသလို သံသရာကို မငြိးငွေ့ရင် အတော်ခက်တယ်။

## အရှင်တိဿမထေရ်

ကိုင်း- အရှင်တိဿ မထေရ်ကြီးဟာ ၂၂၇-သွယ်သော သိက္ခာ ပုဒ်ကို ထိန်းကျောင်းထားတာ ဘာလဲ ဝါဂွမ်းကဲ့သို့ ဘယ်နေရာမှ အညစ်အကြေး မတင်ဘဲ သန့်ရှင်း စင်ကြယ်တဲ့ သီလပေါ့၊ ဘယ်လောက် သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်လဲလို့၊ သို့ပေမဲ့ နိဗ္ဗာန ဘာဂိယကို မရလို့ သေခါနီးကာလ သူ့နှမက ယက်လှူတဲ့ သင်္ကန်း၊ မဇ္ဈိမလဒ္ဒ အင်မတန် စင်ကြယ်တာပေါ့၊ အဲဒီလို မဇ္ဈိမလဒ္ဒ စင်ကြယ်တဲ့ သင်္ကန်းကို အလှူခံပြီးနောက် မဝတ်ရသေးဘူး၊ မမာ မကျန်း ဖြစ်ပြီး သေသွားတဲ့အခါ ဟော.... နိဗ္ဗာနကို မရတဲ့ အတွက်ကြောင့် ဒီသင်္ကန်းကို တွယ်တာပြီး သန်းကြီးဖြစ်တွာ ဖြစ်ရတယ်တဲ့၊ အတော် ကြောက်ဘို့ ကောင်းတယ်။

ဒါကြောင့် မသိတော့လည်း အခက်ဘဲ၊သိရင် ဘယ်လောက်မှ မခက်ဘူး၊ လွယ်လွယ်ကလေးရယ်၊ ဒါခု တိုသင်ပေးနေတာက သိဘို့လို့ သင်ပေးနေတယ်။ တကယ်တမ်းသိနိုင်တဲ့ တရားတွေ, အဲဒါ ဟာနဘာဂိယ သီလ, ဌိတိဘာဂိယသီလ, ဝိသေသဘာဂိယ သီလ, နိဗ္ဗေဓဘာဂိယသီလ, သီလလေးမျိုးကို သဘောပေါက် ကရောပေါ့၊ သီလလေးမျိုးကို သဘောကျလျှင် ဒါနလည်း ဒီလိုဘဲ သဘောကျဘို့ ပြောနေတာ၊ နိဗ္ဗာန်ရောက်တဲ့ ဒါန မရောက်တဲ့ ဒါန ၂-မျိုး ကွဲသွားပြီ၊ နိဗ္ဗာန်ရောက်တဲ့ ဒါန မရောက်တဲ့ ဒါန ပြောပါလို့ ခု ယောဂီတွေက ပြန်ပြောကော ဒီပြင်လူက နားလည်မလား၊ မလည်ဘူး၊ ကိုယ်တော့ ကိုယ်တိုင် သိပြီ၊ ယောဂီများ နိဗ္ဗာန်ရောက်တဲ့ ဒါနမျိုးက သံသရာကြီးကို ငြီးငွေ့ပြီးတော့ ဘုံသုံးပါးကို တကယ် ကြောက်ရွံ့မုန်းပြီး ရုပ် နာမ် ၂-ပါး၏ အပြစ် အာဒီနဝတွေ မြင်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့စေတနာနှင့် လှူတဲ့ဒါနမျိုးမှ နိဗ္ဗာန်ရောက်တယ်။

သို့မဟုတ်က ဘဝသမ္ပတ္တိတွေ ဘောဂသမ္ပတ္တိတွေကို မက်မော ခင်မင်နေလျှင် တဏှာ ဝင်သွားပြီး အဝိဇ္ဇာကြောင့် တဏှာဝင် သွားတဲ့ ဒါနမျိုး ဘယ်တော့မှ နိဗ္ဗာန်မရဘူး အစစ်ဘဲ၊ ကုသိုလ် မဖြစ်ဘူလား ဖြစ်တယ်, ပဒေသရာဇ် ကောရာဇ် စကြာမန္ဒာတ် ဖြစ်တာပေါ့၊သိကြား, အသုရာ, သန္တုသိတာ, နတ်မင်း နတ်မိဖု ယားတွေရဲ့ စည်းစိမ်တွေအကုန်ရတာပေါ့၊ ရပေတဲ့ အခုပြောသလို နိဗ္ဗာန်မရသေးဘူး၊ နိဗ္ဗာန်မရရင် ဒုက္ခအစစ်တွေမည်ဆိုတာ အမှန် မှတ်၊ ဘယ်လောက်ကြီးကျယ်တဲ့ ဒုက္ခလဲ၊ ကိုယ်ပိုင်ဉာဏ်ကလေးနှင့် တွေးကြစမ်း၊ နိဗ္ဗာန်မရသမျှ ကာလပတ်လုံး ဒီခန္ဓာငါးပါး ရုပ် နာမ် ၂-ပါးအမြဲရှိတယ်, မပြတ်ဖြစ်နေတယ်,မပြတ်ဖြစ်နေတဲ့ ခန္ဓာ

ငါးပါး ရုပ်နာမ်တရားဟာ ဘာဖြစ်နေသလဲ၊ ပဋိသန္ဓေနေရမည်၊ အိုရမည်၊ နာရမည်၊ သေရမည်၊ ကိုင်း-ချစ်သောသူနှင့်ကွေကွင်းခြင်း ဆင်းရဲဒုက္ခ တွေ့ရမည်၊ မုန်းသောသူနှင့် ပေါင်းသင်း ဆက်ဆံရတဲ့ ဒုက္ခဘေးဆိုးကြီး တွေ့ရမည်၊ သောက စိုးရိမ်ခြင်း ဘေးဆိုးကြီး နှင့် တွေ့ရမည်၊ ပရိဒေဝ, ငိုကြွေးခြင်းဆိုတဲ့ ဘေးဆိုးကြီးနှင့် တွေ့ရမည်၊ ဒုက္ခဆင်းရဲခြင်းဆိုတဲ့ ဘေးဆိုးကြီးနှင့် တွေ့ရမည်၊ ဒေါမနဿ နှလုံးမသာယာခြင်းဆိုတဲ့ ဘေးဆိုးကြီးနှင့် တွေ့ရမည်၊ ဥပါယာသ-သက်ကြီးရှိုက်ငင် ပြင်းစွာ ပင်ပန်းခြင်းဆိုတဲ့ ဘေးဆိုး ကြီးနှင့် တွေ့ရမည်။

ဒါကြောင့်မို့လို့ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေကို မက်တာ၊ ဘယ်သူ့ကြောင့်လဲဟေ့ဆိုတော့ တဏှာကြောင့်၊ အဲ-တဏှာက ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိတွေကို တောင့်တသဖြင့် အမှန်မုချ ဒုက္ခ အစစ်ကို တွေ့ရမည် မှန်တယ် ။ဒါကြောင့် တို့မြတ်စွာဘုရားတရား တော် ဒေသနာကို ပိုင်ပိုင်နိုင်နိုင် တကယ်တမ်းသိတဲ့ လယ်တီ ဆရာ တော်ဘုရားကြီးက လောက ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေကို မက်မော တောင့်တပြီးတော့ လှူကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကို တောင့်တပြီးတော့ စောင့်တဲ့ သီလတွေ၊ ဘဝ သမ္ပတ္တိ,ဘောဂသမ္ပတ္တိတွေကို မက်မောပြီး အားထုတ်တဲ့ ဘာဝနာ တွေ ဟာတဲ့ ချောက်တွန်း တရားတွေဘဲတဲ့၊ ချောက်ထဲ ကျရတဲ့ တရားတွေ၊ ဒါကြောင့် ဘာနှင့်သူ ဥပမာဆောင်သလဲဆို ခိုးသား သူသတ်ကြီးနှင့် ဥပမာဆောင်ပြတယ်။

**ဥပမာ** ခိုးသားသူသတ်ကြီး နှစ်ယောက်ရှိကယ်၊ ခိုးသားသူသတ် ကြီး နှစ်ယောက်က တိုက်ကြီး သုံးတိုက် ဖန်ဆင်းထား

တယ်၊ အဲဒီ တိုက်ကြီး သုံးတိုက်မှာ လူတိုက်, နတ်တိုက်, ဗြဟ္မာတိုက်, တိုက်ကြီး သုံးတိုက်၊ တိုက်ကြီး သုံးတိုက် ဖန်ဆင်းပြီးတော့ အိမ်ရှေ့လသာခန်းက ခိုးသား သူသတ်ကြီးဟာ ဘယ်လောက် သတ္တိကောင်းသလဲ၊ သူ့ဆီရောက်ရင် မပျော်တဲ့ လူမရှိအောင် တခါတည်း စားဘွယ်သောက်ရန် အမျိုးမျိုး,ကြည့်ဘွယ်ရှုဘွယ်အမျိုးမျိုး ကပွဲခုန်ပွဲ အမျိုးမျိုး ပျော်စရာတွေပေါ့လေ၊ မငြီးငွေ့ရအောင် ကန်ဆာဆင်ပြီးတော့ အိမ်ရှေ့လသာခန်းက ဘမ်းပြထားတယ်။

အဲဒီ တိုက်ကြီး ရောက်ပြီဆိုမှဖြင့် ရောက်တဲ့ လူတိုင်း မပျော်တဲ့လူ မရှိဘူး၊ ပျော်ကြတာပေါ့၊ အလွန်ဘဲ ပျော်ကြတာ၊ အဲဒီလို ပျော်ပြီးတော့ မေ့လျော့နေတဲ့ ပုဂ္ဂိုလ်တွေကို ခိုးသားသူသတ်ကြီးက ငါးထောင် တသောင်း စုပြီးတော့ ဘယ်ပို့လိုက်သလဲ၊ နောက်ဖေးချောင် ပို့လိုက်တယ်၊ နောက်ဖေး ရောက်တော့ နောက်ဖေးက ခိုးသား သူသတ်ကြီးက တပည့်လက်သား အစုံအလင်နှင့် ဘာတွေလုပ်ထားသလဲ၊ မီးကျီးတွင်းကြီး ဖန်ဆင်းထားတယ်၊ အဲဒီလို မီးကျီးတွင်းကြီး ဖန်ဆင်း ထားပြီးတော့ သာသမျှ ပုဂ္ဂိုလ်တွေကို အကုန်လုံး တယောက်မှ မလပ်ရဘူး အကုန်ဖမ်း၊ ဖမ်းပြီးတော့ အရှင်လတ်လတ် မီးကျီးထဲ ထိုးချ, သက်တွေ့,ခြေတွေဖြတ်၊ ကျီးတွေ့, ခွေးတွေ့, ငှင်းဒတွေကို အစာကျွေး၊ နောက်ဖေးချောင် ကြွက်ကြွက်ဆူ နေတာပေါ့။

အဲ နောက်ဖေးက ကြွက်ကြွက် ဆူနေတာ အိမ်ရှေ့ လသာခန်းက ပျော်နေတဲ့လူတွေ သိသလားဆိုတော့ တယောက်မှ မသိ

ဘူး၊ ပျော်နေကြတာဘဲ၊ မြင်တော့ မြင်လိုက်သွားတဲ နောက်ဖေး သွားတာတွေ၊ ဘယ်သူမှ ပြန်မလာဘူး၊ သွားပြီးတဲ့ ပုဂ္ဂိုလ်တွေ တယောက်မှပြန်မလာတာအသိသား၊ သိပေတဲ့ အိမ်ရှေက လူတွေ က ပျော်နေတာဘဲ၊ အဲဒီနေရာမှာ ပျော်နေရာက တချို ငြီးငွေ့ ပြီးတော့ တကတည်း ပျော်ရပါများတော့ မနေချင်ဘူး၊ နောက် ဖေး လူများတွေ သွားတာ ပြန်မလာဘူး၊ ကိုယ်ကလည်း ကောင်း တယ်ထင်တာပေါ့၊ စိတ်က တို့လည်းဘဲ သွားချင်တယ် ဆိုတဲ့ စိတ်ဓာတ်တွေပေါ်လာတော့ အဲဒီလို နောက်ဖေးချောင် သွား ချင်တဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာလျှင် အိမ်ရှေ့ လသာခန်းက ခိုးသား သူသတ်ကြီးက ပို့လိုက်ရုံပေါ့၊ နောက်ဖေးချောင်ရောက်၊ ခုနက ပြောသလိုဘဲ ကျီးတွေ, ခွေးတွေ, ငှင်းဒတွေကို အစာကျွေး၊ အရှင်လတ်လတ် မီးကျီးထဲ ထိုးချ၊ နောက်ဖေး ချောင်ရောက် ကြွက်ကြွက် ဆူသွားတာဘဲ၊ အဲဒါ ဥပမာ ပြောတာတဲ့၊ အဲဒီ ဥပမာ ကလေးကို အဓိပ္ပါယ် ရှင်းရှင်းလေးနှင့် မြင်အောင် ကြည့်ပေါ့။

ဒီ ဥပမာအတိုင်း ဥပမေယျကြည့်ရမည်ဆိုရင် တို့-ခုတိုက်ကြီး သုံးတိုက်ဟာ တခြားတိုက်တွေ မဟုတ်ဘူး၊ လူတိုက်, နတ်တိုက်, ဗြဟ္မာတိုက်တွေပေါ့၊ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတွေပေါ့၊ လူ့ လောက, နတ်လောက, ဗြဟ္မာလောက အဲဒီ လောကကြီးကို အဝိဇ္ဇာက ဖန်ဆင်းလိုက်တယ်၊ ဘယ်လို ဖန်ဆင်းလိုက်သလဲ၊ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ လူမင်း, လူမိဖုယား တို့၏ စည်းစိမ်ချမ်းသာ, နတ်မင်း, နတ်မိဖုယားတို့၏ စည်းစိမ် ချမ်းသာ, ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာ, အောင်မယ် အဟော ကြပ်ကြပ် ကောင်းလေ စည်းစိမ် ကောင်းလေပေါ့၊

စည်းစိမ်ကြပ်ကြပ် ကောင်းလေ လူတွေက သွားရည်ကျလာတာ ပေါ့၊ လူမင်း, လူမိဖုယားတို့၏ စည်းစိမ်ချမ်းသာဆိုလျှင် လိုချင်လာတာ ကြပ်ကြပ် အဟောကောင်းလို့၊ သေသေချာချာ လူ့ချမ်းသာတွေ ခံစားရပုံ, နတ်ချမ်းသာတွေ ခံစားရပုံ, ဗြဟ္မာ့ချမ်းသာတွေ ခံစားရပုံ ကြပ်ကြပ် အပြောအဟော ကောင်းရင်လေ လူတွေဟာ အင်မတန် လိုချင်တယ်၊ ရေစက်ချကောင်းတဲ့ ဘုန်းကြီးများနှင့် တွေ့မည်ဆိုမှဖြင့် လူတွေကိုမြူးနေတာဘဲ၊ အင်မတန် ဟန်ကျတယ်၊ သူတို့မှာ ရေစက်ချ အင်မတန် ကောင်းတာဘဲ၊ ဘာဖြစ်လို့လဲ ဆုတောင်းကောင်းတာကိုး၊ ဆုတောင်းတာက အခုပြောတဲ့ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေပေါ့၊ အဲ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေ တောင့်တနေသမျှ ကာလပတ်လုံး နိဗ္ဗာန်နှင့် အဝေးကြီးဘဲ၊ အဲ အခုပြောတဲ့ အဝိဇ္ဇာ ဖုံးလွှမ်းနေတဲ့ ပုဂ္ဂိုလ်တွေက ဒါနလက်မှတ်တွေ, သီလလက်မှတ်တွေ, ဘာဝနာလက်မှတ်တွေ ခံပြီး ဒီလူတိုက်, နတ်တိုက်, ဗြဟ္မာ့တိုက်, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံသွား မရောက်ဘူးလား ရောက်တာပေါ့၊ ဒီလိုရောက်ရှိလို့ ဘာဖြစ်သလဲ၊ ရောက်တော့ ပျော်တာပေါ့၊ လူလည်း လူ့စည်းစိမ် လူ့အာရုံ, လူ့ကာမဂုဏ်နှင့် အင်မတန် ပျော်စရာကောင်းတာဘဲ၊ နတ်ကတော့ နတ်လည်း နတ်စည်းစိမ်,နတ်အာရုံ, နတ်ကာမဂုဏ်နှင့် ပျော်တာဘဲ၊ ဗြဟ္မာကျတော့ကော အတူတူပေါ့၊ ဗြဟ္မာစည်းစိမ် စျာန်အဘိညာဏ် တန်ခိုးတွေနှင့် ပျော်မွေ့ပြီးတော့ နေတာပေါ့။

ပျော်တော့ ဘာဖြစ်သလဲ၊ မေ့တာပေါ့၊ **ပမာဒ**, ပမာဒ တရားဆိုတာ ကြပ်ကြပ် ပျော်နေလေ, မေ့လေဘဲ၊ အဲဒီလို အပျော်ကြီး ပျော်ပြီးတော့ အမေ့ကြီးမေ့နေတဲ့ ပုဂ္ဂိုလ်တွေဟာ

သေတဲ့ နောက်ပိုင်း ဘယ်ရောက်ကုန်ကြသလဲ၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်စမ်း၊ ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံ, အပါယ်လေးပါးမှာ တင်းကြမ်း ပြည့်နေတာတွေဟာ ဘယ်သူ ထင်သလဲ၊ အခုပျော်တဲ့ လူတိုက်, နတ်တိုက်, ဗြဟ္မာတိုက်က ပုဂ္ဂိုလ်တွေပေါ့၊ အမေ့ကြီး မေ့ပြီးတော့ အပျော်ကြီး ပျော်နေတဲ့ ပုဂ္ဂိုလ်တွေ ရောက်နေလေတာ။

ဒါကြောင့်-တို့မြတ်စွာဘုရား ကိုယ်တော်မြတ်က **နခသိခသုတ်** ဟောတာ၊ နခသိခသုတ်ဆိုတာ လက်သည်းပေါ်မှာ တင်တဲ့ မြေမှုန့်နှင့် ဇမ္ဗူဒီပါမြေမှုန့်နှင့် ဘယ်သူက များသလဲလို့ မေးတာ၊ ဒီတော့၊အရှင်ဘုရား ဒီဥပမာ အင်မတန်မှ ကွာလှပါတယ်ဘုရားလို့ ဆိုတော့၊ ချစ်သား ဟုတ်တယ်တဲ့၊ ငါ၏ လက်သည်းပေါ်မှာ တင်တဲ့ မြေမှုန့် အရေအတွက် သချ်ာမျှလောက်သာ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ရောက်ကြတာတဲ့၊ သေကုန် သေကုန်သော ကာလ သတ္တဝါတို့သည် ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါးကျတဲ့ ပုဂ္ဂိုလ်တွေဟာ ဇမ္ဗူဒီပါမြေပြင်မှာ ရှိတဲ့ မြေမှုန့်ပမာဏ အရေအတွက်နှင့်အမျှ အပါယ်လေးပါးမှာချည်း ကျ, တယ်လို့ ဟောတာ။

အဲဒီ ဘုရားဟောတဲ့ ဒေသနာကို ယခုယောဂီများ ကိုယ်ပိုင် ဉာဏ်ကလေးနှင့် ကြည့်စမ်းပါလား ဟုတ်ထိုက် မဟုတ်ထိုက်၊ ခုပြောတဲ့အတိုင်း လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ့စည်းစိမ်တွေ မက်မောပြီး လူကြလို့ ဒါနလက်မှတ်ခံ သီလလက်မှတ်ခံ ဘာဝနာ လက်မှတ်ခံ သွားရောက်၊ ရောက်လျှင် ခုနက ပြောသလို ပျော်ချင် တိုင်းပျော်၊ ပျော်တဲ့ ပုဂ္ဂိုလ်တွေဟာ သေတဲ့ နောက်ပိုင်းမှာ

အပါယ်လေးပါးမှာ တကယ်တမ်းကျနေတာ ခုနက နခသီခသုတ် ကလေးနှင့် နှိုင်းချိန် ကြည့်စမ်းပါလား ဟုတ်ထိုက် မဟုတ်ထိုက်၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်၊ တွေ့တာပေါ့၊ တကယ်ကို မှန်တာပေါ့၊ အဲဒါကြောင့်မို့လို့ ဒါ သိဘို့ တရားတွေ အင်မတန် အရေးကြီး တယ်၊ ကိုင်း-ခုနကတုန်းက နောက်ဖေးချောင် ကျသွားတဲ့ ပုဂ္ဂိုလ် တွေပြန်မလာဘူးဆိုတဲ့ ဥပမာကလေးကိုကြည့်စမ်း ဘယ်လာလို့လဲ၊ မြတ်စွာဘုရားက **ကာဏကစ္ဆပ** သုတ်ကို ဟောတယ်၊ ကာဏကစ္ဆပ ဆိုတာ လိပ်ကန်းနှင့် ဥပမာပေးပြီး ဟောတာကို ဆိုလိုတယ်။

သမုဒ္ဒရာကြီးဟာ ယူဇနာအားဖြင့် အလျား သုံးသိန်းနှင့် ခြောက်သောင်း၊ အနံအားဖြင့် ရှစ်သောင်း လေးထောင်၊ စောက် အနက်အားဖြင့် ရှစ်သောင်း လေးထောင်၊ ရှစ်သောင်း လေး ထောင်ကျယ်ဝန်းတဲ့ သမုဒ္ဒရာမှာ ဟိုမြောက် သမုဒ္ဒရာက မျက်စိ စုံလုံးကန်းနေတဲ့ လိပ်ကန်းကလေးတကောင် ရှိတယ်၊အဲဒီလိပ်ကန်း ကလေးဟာ သူသွားချင်တဲ့ အရပ်ကို သွားနေတာ၊ ဘယ်သူမှ သူ့ကို အဆီးအတား အကန့်အကွက် မရှိဘူး၊ ဘယ်သူမှ အနှောက် အယှက် မရှိဘူး၊ သူ့ဟာသူ သွားချင်ရာ သွားတာ၊ ဦးတည့်ရာ သွားတာ၊ ပေါ်တဲ့ အခါကျတော့ သူပေါ်ချင်တဲ့ နေရာမှာ ရေပေါ်ကို အနှစ်တရာကျမှ တကြိမ်ပေါ်တယ်၊ တောင်သမုဒ္ဒရာမှ နေပြီးတော့ အပေါက်တပေါက်သာ ရှိသော ထမ်းပိုး တခုကို မျှောလိုက်တယ်၊ အဲဒီ- ထမ်းပိုးကလည်း ဒီသမုဒ္ဒရာကြီး ကျယ် သလောက် တောင်လေလာတော့ မြောက်လွင့်သွား၊ မြောက်လေ လာတော့ တောင်လွင့်သွား၊ အရှေ့လေလာ အနောက်လွင့်၊ အနောက်လေလာ အရှေ့လွင့်၊ လွင့်ချင်ရာ လွင့်နေတဲ့ ထမ်းပိုးဘဲ။

အဲဒီ လိပ်ကန်းနှင့် ထမ်းပိုး နွားလည်ခွင်ပေါက် လျှိုသလို တိုးမိပါ့မလားလို့ မြတ်စွာဘုရားက မေးတော်မူတယ်၊ ဒီအခါကျတော့ ရဟန်းများက အရှင်ဘုရား အလွန် ခဲယဉ်းလှပါတယ်၊ သို့သော်လည်း ကမ္ဘာသည် အလွန်ရှည်လျားလှသည် ဖြစ်သောကြောင့် လိပ်ကန်းကလည်း မသေခဲ့ပါမူ ထမ်းပိုးကလည်း မဆွေးပါမူ တခါတလေ တိုးမိချင်လည်း တိုးမိပါလိမ့်မည်လို့ လျှောက်ထားကြတယ်၊ မြတ်စွာဘုရားက အေး- ချစ်သားတို့ ဟုတ်တယ်, ကမ္ဘာက အင်မတန် ရှည်တယ်တဲ့၊ ဘယ်လောက် ရှည်သလဲ ဆိုလျှင်—

ကမ္ဘာဟာ တို့အလျား တယူဇနာ အနံ တယူဇနာ စောက် တယူဇနာရှိသော ကျောက်တောင်ကြီးမှာ ကောတုမ္ဗရာဇ်တိုင်းမှာ ရှိတဲ့ ပိုးစုတ်နှင့် အနှစ်တရာမှ တပတ်သုတ်၊ အဲဒီလို အနှစ်တရာ ကြာ တပတ် သုတ်လို့ ကောတုမ္ဗရာဇ်တိုင်းဖြစ် ပိုးစုတ်၏ ဒဏ်မခံနိုင်ခြင်းကြောင့် ကျောက်တောင်ကြီးဟာ ပွန်းပြီးတော့ ကုန်ရင် ကုန်သွားမည်၊ ကမ္ဘာ မကုန်သေးဘူးတဲ့၊ ဤမျှလောက် ရှည်လျားတာ။

အဲဒီလောက် ရှည်လျားတဲ့ ကမ္ဘာကြီး ဖြစ်သောကြောင့် လိပ်ကန်းကလည်း မသေခဲ့ပါမူ ထမ်းပိုးကလည်း မဆွေးခဲ့ပါမူ တခါ တလေ တိုးမိချင် တိုးမိလိမ့်မည်တဲ့၊ အခု နိယတဗျာဒိတ် ရပြီးသော အလောင်းတော်ကို ချန်လှပ်၍ ပုထုဇဉ်မှန်ကကာယကံ, ဝစီကံ, မနောကံ မနိုင်နင်းလို့ ကံမကောင်း. အကြောင်းမလှလို့ မတော်တဆ အပါယ်လေးပါး တကယ်တမ်း ကျခဲ့သော် နောင်

တဖန် ဘဝသစ် သုဂတိဆိုတဲ့ လူ့ပြည်၊ နတ်ပြည်များ ပြန်လာဘို့ရာ ခုနက ပြောတဲ့ လိပ်ကန်း ထမ်းပိုး တိုးမိတာက လွယ်တယ်တဲ့၊ နောက်တဖန် လူ့ပြည်၊နတ်ပြည် ပြန်လာဘို့ရာ အလွန်ခဲယဉ်းတယ်လို့ တို့မြတ်စွာဘုရား ကိုယ်တော်မြတ် ကာဏကစ္ဆပသုတ်ဟောတယ်။

အဲဒီ ဥပမာကလေးတွေကို မြင်သဖြင့် ခုနကတုန်းက နောက်ဖေးချောင်ကို ပို့လိုက်တဲ့ပုဂ္ဂိုလ်တွေဟာ တယောက်မှ ပြန်မလာဘူးဆိုတဲ့ ဥပမာလေးနှင့် ဟပ်ကြည့်ပေါ့၊ အဲဒါ မြတ်စွာဘုရား ကိုယ်တိုင် ဟောတဲ့ တရားတွေပေါ့၊ အဲဒါ သေသေ ချာချာ အဓိပ္ပါယ်ရရနှင့် သဘာဝပြည့်ပြီးတော့ သံဝေဂဖြစ်လောက်အောင် ပြောတာ၊ ဓမ္မသံဝေဂ ဖြစ်ပြီးတော့ ဒီ- တရားတော်ကြီးကို လေးလေးစားစားနှင့် ဟုတ်ဟုတ် ငြားငြား အားထုတ်နိုင်ဘို့ကို ပြောပြတာ၊ အခုဟောတဲ့ တရားတွေဟာ တကယ့်ကို အစစ်တရားတွေနော်၊ ပုထုဇဉ် သာမန်၊ လူသာမန်၊ နတ်သာမန်တို့နှင့် မတန်တဲ့ တရားတွေတဲ့၊ ဘာဖြစ်လို့လဲ၊ အလွန်သိခဲတဲ့ တရားတွေ၊ ဒီတရားတွေကို သာမည နားမှာ ကြားလို့ မလွယ်ဘူး၊ တကယ့်ဝိဇ္ဇာဉာဏ်မျိုးကို ရတဲ့ ပုဂ္ဂိုလ်များ နားမှာ ကြားမှ ကျကျနန သိတဲ့တရား မလွယ်ဘူး၊ ဒီတရားဟာ ဘာဖြစ်လို့လဲ၊ ဒါနလှူ ကုသိုလ်ရတယ်ဆိုတာ ကလေးတောင် သိတာပေါ့၊ သီလစောင့် ကုသိုလ်ရတယ်၊ ဘာဝနာလုပ် ကုသိုလ်ရတယ်၊ ကုသိုလ်တော့ မရဘူးလို့ ဘယ်သူက ပြောသလဲ၊ ရတာပေါ့၊ သို့သော်လည်း နိဗ္ဗာန်ရဘို့ မရဘို့၊ အဲဒါ နားလည်ဘို့၊ နိဗ္ဗာန် ရတယ်ဆိုတာ သံသရာကို ငြီးငွေ့တဲ့ ပုဂ္ဂိုလ်တွေ၏ အရာမှာသာ ရကောင်းတဲ့ တရား၊ သံသရာကို တကယ်တမ်း ငြီးငွေ့မှ နို့သံသရာငြီးငွေ့ဘို့ရာ သံသရာ၏ အပြစ်

အာဒီနဝမှ မမြင်ဘဲနှင့် ဘယ့်နှဲငြီးငွေ့မလဲ၊ ဘယ်နည်းနှင့်မှ မငြီးငွေ့နိုင်ဘူး၊ သံသရာကို ငြီးငွေ့ဘို့ရာကလည်း မလွယ်ဘူး၊ ဝိဇ္ဇာ ဉာဏ်ရမှ သံသရာကိုငြီးငွေ့တာ၊ အဝိဇ္ဇာက ဘယ် သိမလဲ မသိဘူး၊ အဲ အဝိဇ္ဇာတရားက မသိတော့ သံသရာ ငြီးငွေ့ပါဆို ဘယ် ငြီးငွေ့နိုင်ပါ့မလဲ၊ မငြီးငွေ့နိုင်ဘူး။

အဲ အခုဟောတဲ့ တရားကို သေသေချာချာ ကိုယ်ပိုင်ဉာဏ်က လေးနှင့် အထပ်ထပ် စဉ်းစားပေါ့၊ စဉ်းစားပြီးတော့ ငါတို့သည် နောက်နောက်က လှူခဲ့တဲ့ ဒါနတေ အနန္တ ရှိတယ်၊ မိမိကိုယ်တိုင် စောင့်ခဲ့တဲ့ သီလတွေ အနန္တရှိတယ်၊ ဘာဝနာဆိုတာလည်း မိမိတို့ ထင်သလို လုပ်လာတဲ့ ဘာဝနာတွေ အနန္တ၊ အဲဒီလို ပြုခဲ့တဲ့ကုသိုလ် ကောင်းမှုတွေဟာ မရဘူးလားဆို ရတယ်၊ ရပင် ရငြားသော်လဲ နိဗ္ဗာန်ရောက်ကြောင်း ဟုတ်မဟုတ်၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့် ပေါ့၊ အဲ-ခု အားထုတ်တဲ့ ဒါနမျိုး, သီလမျိုး, ဘာဝနာမျိုးမှ အမှန်မုချ နိဗ္ဗာန်ထုတ်ချောက် တကယ်ပေါက်တဲ့ တရားတဲ့၊ ဒါ နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်တွေ၊ အဲဒီလို နိဗ္ဗာန်ရောက် ကြောင်း တရားအစစ်တွေကို သိစေချင်လို့ အခုပြတာ ရုပ်နှင့်နာမ် အမှန်တွေအောင် ရှာ။

ရုပ်နှင့်နာမ် အမှန်တကယ် တွေ့ရင်မုချ နိဗ္ဗာန်ကို မလွဲတမ်း ရနိုင်တယ်၊ ကျကျ နန ပြတယ်၊ အဲဒီလို ပြလိုက်တဲ့ အတိုင်း အားထုတ်၊ အဲ အားထုတ်တယ်၊ အားထုတ်တဲ့ အခါကျတော့ ခန္ဓာကိုယ်အတွင်းမှာ တကယ် အမှန်ရှိတဲ့ ရုပ်တွေ နာမ်တွေ ကိုယ်တိုင် သိတာပေါ့၊ ရှေးကတုန်းကကော မတွေ့ဘူးလား၊ တွေ့ဘူးသားဘဲ၊ အဝိဇ္ဇာဖုံးနေလို့သာ၊ တွေ့ဘူးတယ်၊ ပူတာတွေ

မတွေ့ဘူးလား၊ တွေ့တာပေါ့၊ အေးတာတွေကော မတွေ့ဘူးလား၊ တွေ့တာဘဲ၊ အအေးနှင့်လည်းဘဲ တွေ့တာဘဲ၊ ပူလည်း ပူမှန်း သိတာဘဲ၊ အေးလည်း အေးမှန်း သိသားဘဲ၊ ကိုယ်မှာ လှုပ်တာ တွေလည်း လှုပ်မှန်း သိသားဘဲ၊ သိပေတဲ့ အဝိဇ္ဇာ ဖုံးနေတော့ တရားမှန်းမသိဘူး။

အဲဒီတော့ အဝိဇ္ဇာက အင်မတန် အရေးကြီးတာ၊ အဝိဇ္ဇာ ခွါနိုင်မှ ဝိဇ္ဇာဉာဏ်ရမှ အမှန်ကို သိတာ၊ အခု ပူတာသိ တရား ဖြစ်သွားပြီ၊ ဘာဖြစ်လို့လဲ, ဝိဇ္ဇာဉာဏ်ကိုး၊ ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ် ကျတော့ ပူတာဟာ တေဇောဖောဋ္ဌဗ္ဗရုပ်၊ ကာယပသာဒရုပ်နှင့် တွေ့လို့ ကာယဝိညာဏ်သိတယ်၊ ဟော-ရုပ်နာမ် ၂-ပါး တွေ့ပြီ၊ တွေ့ကတည်းက အနိစ္စလည်း သိသွားပြီ၊ ထိုရုပ်နာမ် ၂-ပါးသိ သဖြင့် အနိစ္စသိ, ရုပ်နာမ် ၂-ပါးသိသောကြောင့် ဒုက္ခလည်းသိ၊ ရုပ်နာမ် ၂-ပါး သိသောကြောင့် အနတ္တ သိ၊ ဟော-ဘယ်လောက် ကောင်းသလဲ၊ ပူတာ တွေ့တာနှင့် နိဗ္ဗာန်ရတယ်၊ အေးတာ တွေ့တာနှင့် နိဗ္ဗာန်ရတာဘဲ၊ လှုပ်တာတွေ့တာနှင့် နိဗ္ဗာန် ရတာဘဲ၊ သိရင်လေ ဝိဇ္ဇာဉာဏ် ဝိဇ္ဇာဉာဏ်, ဒါက။

အဝိဇ္ဇာကတော့ လှုပ်တာသိလည်း အပါယ်ကျ, တာဘဲ၊ လှုပ် တာဟာလည်း ငါလှုပ်တာကိုး အဝိဇ္ဇာ၊ အဝိဇ္ဇာက ငါ၊ အသား လှုပ်ကျမ်းတွေ မရှိဘူးလား၊ အသားလှုပ် ကျမ်းတွေထဲမှာ တကတဲ မျက်ခုံးက လှုပ်ရင် ဘယ်လို၊ လက်ရုံးက လှုပ်တော့ ဘယ်လို၊ ပေါင်က လှုပ်တော့ ဘယ်လို၊ ခြေသလုံး လှုပ်တော့ ဘယ်လို၊ ဝမ်းပျဉ်းသား လှုပ်တော့ ဘယ်လို၊ ပခုံးက လှုပ်တော့ ဘယ်လို ဆိုတာ ဟောစာတမ်းတွေနှင့် ထုတ်ထားတယ်၊ အဲဒါ အဝိဇ္ဇာ

သဘောတွေပေါ့၊ လုပ်တာကို တရားတွေ့မှ မတွေ့ဘဲ၊ လုပ်မှန်း တော့ အသိသား၊ လုပ်တာ ဝါယော ဖောဋ္ဌဗ္ဗရုပ်မှန်း မသိဘူး၊ မသိတဲ့ အတွက်ကြောင့် ဒါ အဝိဇ္ဇာ သဘောနှင့် အပါယ်ကျတာ၊ ငါထင်ပြီးတော့ အတ္တဒိဋ္ဌိ ဝင်ပြီးတော့ အပါယ်ကျတာ၊ အခု ဝိဇ္ဇာဉာဏ် ရ,တော့ လုပ်တာ တွေလည်း နိဗ္ဗာန် ရောက်ကြောင်း တရားအစစ် တွေ့သွားတာပေါ့၊ ပူတာတွေလည်း နိဗ္ဗာန်ရောက် ကြောင်းဘဲ၊ အေးတာ တွေလည်း နိဗ္ဗာန် ရောက်ကြောင်း တရား အစစ်၊ ပူတာ, အေးတာ, လုပ်တာ, ရွတာ, ဒါလေး တွေ့တာများ ဘာအကျိုးရှိသလဲလို့ စိတ်ထဲမှာ ထင်နေရင် ဒုက္ခများမည်။

အဲဒါ ကြပ်ကြပ်သတိထားဘို့၊ ဒီခုနက ပြောတဲ့ တင်းတယ်, တောင့်တယ်,ကိုက်တယ်,ခဲတယ်,နာတယ်,ကျင်တယ် ငယ်ငယ်တုန်း ကလည်း နာသားဘဲ၊ အမှန် ခန္ဓာကိုယ်ကြီး နာတယ်, ကျင်တယ်, ကိုက်တယ်,ခဲတယ်, ငယ်စဉ်က စ,သိတာပေါ့၊ သိပေတဲ့ အဝိဇ္ဇာက ဖုံးကွယ်ထားတော့ ငါထင်နေတာ၊ ငါနာတယ်၊ ငါကျင်တယ်၊ ငါကိုက်တယ်၊ ငါတောင့်တယ်၊ ငါတင်းတယ်၊ အကုန်လုံး ငါ၊ အဲ တရားမတွေ့တဲ့ ပုဂ္ဂိုလ်က အတ္တဒိဋ္ဌိကြီး စွဲနေသမျှ ကာလ ငါထင်နေတာပေါ့၊ အခု ဝိဇ္ဇာဉာဏ် ဝင်သွားပြီ၊ ဝိဇ္ဇာဉာဏ် ဝင်တော့ တောင့်ခြင်း, တင်းခြင်း, နာခြင်း, ကိုက်ခြင်း, ခဲခြင်း တွေဟာ ပထဝီ ဖောဋ္ဌဗ္ဗရုပ်တွေ၊ ငါမဟုတ်ဘူး၊ အမှန်အစစ် ပစ္စုပ္ပန်သက်သက် ဖြစ်ဆဲ ပျက်ဆဲကလေးကို ကိုယ်တိုင်သိ၊ အဲ- ကိုယ်တိုင်သိတော့ ပထဝီဓာတ်ကို တွေ့လျှင် ဘုရားကိုယ်က ဟော တာ၊ ဒီလို တင်းတာ တွေ့တာ တောင့်တာ တွေ့တာ ကိုက်တာ တွေ့တာ ခဲတာ တွေ့တာ နာတာ တွေ့တာ ကျင်တာ တွေ့တာ၊ အဲဒီလို အတင်း အတောင့် အနာ အကျင် အကိုက် အခဲ တွေ့တာ

နှင့် နိဗ္ဗာန် ရတယ်တဲ့၊ ဘုရားက ဘယ်သူ့ ဟောသလဲ၊ ရာဟုလာ ကို ဟောတယ်။

ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရာဟုလ၊ ချစ်သား ရာဟုလာ။ ခေါ၊ စင်စစ်။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲဘူးဟူ၍။ ဇာနတော၊ သိသော သူအား။ ပဿတော၊ မြင်သောသူအား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယ ဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

အဲဒါ ဘုရားဟောတာ၊ ဘုရား ဟောတာတော့ အမှန်၊ ဒီ ဘုရားဟောတာကို မရကြဘူးလား ဆိုတော့ စာထဲရှိတာကိုး ရကြတာပေါ့၊ ရပေတဲ့ အဓိပ္ပါယ်နှင့် သဘာဝ သိဘို့ အတော် ခက်သွားဘဲ၊ ဘာဖြစ်လို့လဲ၊ သူဆိုထားတာက ပထဝီက မာတယ်၊ ပထဝီက ပျော့တယ်၊ ၂-မျိုး ပြထားတာကိုး၊ အဲဒီလို စာထဲမှာ အမာ အပျော့ ပြတာ ခုနက ပြောတဲ့ တင်းတာတွေ တောင့်တာ တွေ ကိုက်တာတွေ ခဲတာတွေ နာတာတွေ ကျင်တာတွေ၊ ဒါတွေ ပထဝီမှန်း ဘယ်သိတော့မလဲ၊ မသိဘူး၊ မသိတော့ အဝိဇ္ဇာ ဝင်နေ တဲ့ ပုဂ္ဂိုလ်တော့ ငါထင်တာပေါ့၊ အောင်မယ်လေး ငါကိုက် လိုက်တာဟေ့၊ ငါ တောင့်လိုက်တာဟဲ့လို့ဆိုတော့ ကိုင်း အဝိဇ္ဇာ ကြောင့် အတ္တဒိဋ္ဌိ စွဲပြီ၊ အတ္တဒိဋ္ဌိ မပြုတ်ရင် အပါယ်က မလွတ် နိုင်သေးဘူး။

ဝိဇ္ဇာဉာဏ် ရတဲ့ ပုဂ္ဂိုလ်ကျတော့ တင်းတာတွေ ပထဝီမှန်းသိ၊ ငါမဟုတ်ဘူး ဆိုတော့ အနတ္တ တွေ့သွားပြီ၊ တောင့်တာတွေ့ကတည်းက ဟော- ငါမဟုတ်ဘူး၊ အနတ္တ သိသွားပြီ၊ နာတာတွေ့လည်း ဟာ- ပထဝီဓာတ်၊ ငါမဟုတ်ဘူးလို့ အနတ္တ သိသွားပြီ၊ ဘာဖြစ်လို့လဲ၊ နာတာက ကောင်းကင်ကျ မိုးပေါ်ကျမှ မဟုတ်ဘဲ၊ ပစ္စုပ္ပန်သက်သက် ဖြစ်ပျက်ဆဲ ကိုယ်တိုင် သိနေတာ ဥဒယဗ္ဗယပေါ့၊ အဲ နာတာ ကျင်တာ ကိုက်တာ ခဲတာ တွေ့နေတာနှင့် ဥဒယဗ္ဗယဉာဏ် ရနေတော့ ဘယ်နည်းနှင့် မဆို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး မိနေတာ။

ဒါကြောင့် ဘုရားက ရဲရဲပြောတာ ချစ်သားရာဟုလာ တဲ့ ပထဝီဓာတ်သာ အမှန်တွေ့လို့ရှိလျှင် အနိစ္စ သင်တွေ့ပြီးသားတဲ့၊ အနိစ္စတွေ့ကတည်းက ဟော-နိစ္စသညာပျောက်၊ အတ္တဒိဋ္ဌိ ပြုတ်၊ အတ္တဒိဋ္ဌိ ပြုတ်လို့ အနတ္တလက္ခဏာရကတည်းက ဝိဇ္ဇာဉာဏ်ရရော၊ ဝိဇ္ဇာဉာဏ်ရကတည်းက အဝိဇ္ဇာ မရှိဘူးတဲ့၊ ဒါ ဘုရားကိုယ်တိုင် ရာဟုလာကို ဟောတာ၊ အဲတာ မှတ်ထားကြပေါ့၊ ယောဂီပုဂ္ဂိုလ်တွေ သူများ ဘာပြောပြော မယောင်နှင့်၊ ယောင်ရင် မှားမည်၊ ဘုရားကိုယ်တိုင် ဟောတဲ့ တရားတွေကို ကိုယ်တိုင်သိဘို့က အရေးကြီးတာ၊ ခု ကိုယ်တိုင် တွေ့ထားတာ၊ ကိုင်း ပူတယ် အေးတယ် ကိုယ်တိုင် တွေ့နေပြီ၊ ပူတာ အေးတာ တရားလားလို့ သူများကို ပြောလျှင် ဘာမှ ပြန် မပြောနှင့်၊ ထိုပုဂ္ဂိုလ်ပေါ်မှာ မေတ္တာထားပါ၊ ဩော်-တယ်သနားစရာ ကောင်းပါလား၊ တကယ် တရားထူး တရားမြတ်ကြီး တွေ့ပါလျက်နှင့် တရားမှန်း မသိတာ အဝိဇ္ဇာဘဲ၊ အဲဒီပုဂ္ဂိုလ်မျိုးကို ဘယ်လို လုပ်လို့မှ တရားတွေ့အောင် မပြနိုင်ဘူး၊ ပူတာတော့ သူအသိသွား၊ ယယ်ယယ်က သိတာ၊ အေး

တာလည်း သူအသိသား၊ တရားအမှန်မှ သူမသိဘဲ၊ အဝိဇ္ဇာ ဖုံးနေတာ။

အဲခု ဝိဇ္ဇာဉာဏ် ရတော့ ပူတယ်ဆို တေဇောဘဲ၊ဥဏှတေဇော၊ အေးတယ်ဆို သီတတေဇော၊ ဒီ တေဇောရုပ်ကို တွေ့ရင် ကာယ ပသာဒနှင့် ထိလို့ တေဇော ဖောဋ္ဌဗ္ဗရုပ်နှင့် တွေ့လိုကာယဝိညာဏ် ဆိုတဲ့ နာမ်က သိလို့၊ ရုပ်နာမ် ၂-ပါး၊ ရုပ်နာမ် ၂-ပါး တွေ့က တည်းက ခန္ဓာငါးပါးလည်း သူဘဲ၊ အာယတနလည်း သူဘဲ၊ဓာတ် လည်း သူဘဲ၊ ဒီခန္ဓာ အာယတန ဓာတ်တို့သည် မပြတ် ဖြစ်နေ တာ ကိုယ်တိုင်သိ၊ ဟော သိတော့ အနိစ္စသိ ဒုက္ခသိ အနတ္တသိ လက္ခဏာရေးသုံးပါးသိ အမြဲမြင်သွားတာပေါ့၊ အဲဒါလည်းဘုရား ကိုယ်တိုင် ဟောတာ၊ တို့က ထူးပြီးတော့ ဝိသေသပြရတာ မဟုတ် ဘူး၊ ဘုရားကိုယ်တိုင် ဟောတာ၊ဘုရားဟောတဲ့ တရားကို ယောဂီ များက ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ့်ဟာကိုယ် ကြည့်ပေါ့၊ ဘုရားဟော တိုင်း ဟုတ်ရမလားလို့ ဆိုပြီးတော့ ငြင်းရင်လည်း ငြင်းနိုင်ပါတယ်၊ ကိုယ့်ကိုယ်ကို ကိုယ်ကြည့်၊ဟုတ်တယ်မဟုတ်တယ်ဆိုတာ တေဇော တဲ့၊ ဟော ပူတာ တေဇော အေးတာ တေဇော။

> တေဇောဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော
> ပဿတော သက္ကာယဒိဋ္ဌိ ပဇဟာတိ၊ အဝိဇ္ဇာ ပဟီယတိ၊
> ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရာဟုလ၊ ချစ်သား ရာဟုလာ။ ခေါ၊ စင်စစ်။ တေဇော ဓာတုံ၊ တေဇောဓာတ်ကို။ အနိစ္စတော၊ မမြဲဘူးဟူ၍။ ဇာန တော၊ သိသောသူအား။ပဿတော၊မြင်သောသူအား။ သက္ကာယ

ဒိဋ္ဌံ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

တေဇောဓာတုံ- တေဇောဓာတ်ကိုတဲ့၊ တေဇောဓာတ်ကိုလို့ ဆိုတာ စာထဲမှာ တိုက်ရိုက်ပါတယ်၊ ဒီတေဇောဓာတ်က ဘာလဲ ခု ယောဂီတွေ သိတယ် ရှိန်ရှိန် ရှိန်ရှိန်လေးတွေဟာလေ၊ ဒါ ဉဏှတေဇောပေါ့၊ ဟာ- အေးတဲ့ အခါကျတော့ တကတဲ့ကွာ အေးတာမှ ခိုက်ခိုက်တုန်လာတာဘဲ၊ ဒါ သီတတေဇောပေါ့၊ အဲဒီ တေဇောကို တွေ့ရင် ဘုရားက—

တေဇောဓာတုံ၊ တေဇောဓာတ်ကို။ အနိစ္စတော၊ မမြဲဘူးဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ သက္ကာယဒိဋ္ဌံ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ် လာ၏။

ကိုင်း နိဗ္ဗာန်မျက်မှောက် ပြုသွားပြီ၊ ဘယ်လောက် အဘိုးတန်သလဲ၊ ဒီပူတာ တွေ့တာနှင့် နိဗ္ဗာန် မျက်မှောက်ပြုနိုင်တယ်၊အဝိဇ္ဇာသမားက ဒီပူတာတွေ့တာနှင့် အပယ်ကျတာ၊ တယ်မကွာပါဘူး၊ ဘဝင်နှင့် အစိစိလောက် ကွာတာပေါ့၊ သိုးသိုးသီသီ မဟုတ်ဘူးလား၊ ဒကာ ဒကာမကြီးတွေ ကိုယ်တိုင် တွေးကြည့်စမ်း၊ ပူတာ သိချင်းတော့ အတူသား၊ အေးတာ သိချင်းတော့ အတူသား၊ တူလျက်သားနှင့် အဝိဇ္ဇာက အပယ်ကျတယ်၊ ဟော ဝိဇ္ဇာက

နိဗ္ဗာန်ရတယ်၊ ဘယ်လောက် ကွာခြားသွားသလဲ၊ အဝိဇ္ဇာက ငါပူတယ်ပေါ့၊ အတ္တဒိဋ္ဌိနှင့်စွဲပြီးတော့ ငါပူတယ် မခံနိုင်ဘူး၊ ငါအေးတယ် မခံနိုင်ဘူး၊ အဝိဇ္ဇာနှင့် အပါယ်သွားပေါ့၊ ဝိဇ္ဇာဉာဏ်က ပူတာ တွေ့တယ်၊ အနိစ္စတွေ့တယ်၊ ဒုက္ခတွေ့တယ်၊ အနတ္တတွေ့တယ်၊ ငါမဟုတ်ဘူးဆိုတာ သိတယ်၊ အေးတာတွေ့လည်း အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာသုံးပါးသိ၊ ဟော ဝိဇ္ဇာဉာဏ်က အအေး အပူ တွေ့တာနှင့် နိဗ္ဗာန်ရတယ်၊ အဝိဇ္ဇာက အအေး အပူ တွေ့တာနှင့် အပါယ်ကျတယ်၊ ဘယ်လောက် ကွာခြားသလဲ။

အဲဒါ ကိုယ်ပိုင်ဉာဏ်ကလေးနှင့် ကြည့်ပေါ့၊ သူများပြောနေစရာ မလိုဘူး၊ ကိုယ်တိုင်သိဘို့လိုတာ၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်၊ အဝိဇ္ဇာက မသိတာအမှန်၊ ဝိဇ္ဇာဉာဏ်မှ တကယ်သိတာ၊ ခုနက တုန်းက ပထဝီ သိတယ်၊ ပထဝီဓာတ်ကို တွေ့တာ နိဗ္ဗာန်ရတာ အမှန်၊ တေဇောဓာတ်ကို တွေ့လည်း နိဗ္ဗာန်ရတာ အမှန်၊ ဝါယောဓာတ် တွေ့ရင်ကော ဝါယောဓာတ် အမှန်ဘဲ၊ ထောက်ကန်ဝါယော လှုပ်ရှားဝါယော၊ အခု ယောဂီတွေ ထိုင်ပြီး ငြိမ်ပြီးတော့ တည်နေတာ ထောက်ကန့်ဝါယော ခေါ်တယ်၊ ထောက်ကန့်ဝါယော မတ်တပ်ရပ်ပြီးတော့ တည်နေနိုင်တာ ထောက်ကန့်ဝါယော ခေါ်တယ်၊ လှုပ်ရှားဝါယောဆိုတာ လှုပ်တာ၊ လှုပ်လှုပ်ရွရွ တွေ့လာတာက လှုပ်ရှားဝါယော ခေါ်တယ်၊ ဝါယောရုပ်၊ အဲဒီတော့ ထောက်ကန် ဝါယော ဆိုတာက ဝိပဿနာရှုလို့ အတော်ခဲယဉ်းတယ်၊ လှုပ်ရှားဝါယော ကျတော့ ခန္ဓာထဲ တကယ်တွေ့နေတာ တလှုပ်လှုပ် တရွရွ တဒိတ်ဒိတ်နှင့် တွေ့နေတာ၊ အဲ- ဝါယောရုပ်ကို တွေ့ကတည်းက ဘုရားကိုယ်တော်မြတ်က သူ့သားရဟုလာကို ဟောထားတယ်။

သုမင်္ဂလဝိလာသိနီ (ဋ) ၁၁၈-၁၂ တတိယအကြိမ်

ဝါယောဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာန တော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရာဟုလ၊ ချစ်သား ရာဟုလာ ။ ခေါ၊ စင်စစ်။ ဝါယောဓာတုံ၊ ဝါယောဓာတ်ကို။ အနိစ္စတော၊ မမြဲဘူးဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ဝါယောဓာတုံ၊ ဝါယောဓာတ်ကို။ အဲ- ဝါယောဓာတ်တော့ တာထဲမှာ ရှိတာကိုး ကျက်ထား အရသားဘဲ၊ သို့သော် မသိဘူး အဝိဇ္ဇာကြောင့်၊ ဘုရားက ဒီဝါယောဓာတ်ကို ဟောဒီ လှုပ်ဘာ ရှတာလေးတွေဟာ ဝါယောဓာတ်ပေါ့၊ ဒါကြောင့် အဝိဇ္ဇာ သမားက အောင်မယ် သူတို့ လှုပ်လှုပ်ကလေး တွေ့တာနှင့် တရားတွေ့ ကဲ့ရဲ့တယ် ကဲ့ရဲ့တယ်၊ ဒီပုဂ္ဂိုလ်တွေကို စိတ်မဆိုးနှင့်နော်၊ စိတ်ဆိုးရင် မှားသွားမည် စိတ် မဆိုးနှင့်၊ ဒီပုဂ္ဂိုလ် တွေပေါ်မှာ ကရုဏာ စိတ်ထားကြပါ၊ သိပ်သနားစရာ ကောင်းတာဘဲ၊ ဩော်-တကယ် သာသနာအတွင်း ကြုံပါလျက်သားနှင့် အဝိဇ္ဇာက ဖုံးအုပ်ထားလို့ တကယ့်တရားထူး တရားမြတ်ကြီးကို မသိရှာပါကလားဆိုပြီး ထိုပုဂ္ဂိုလ်အား ကရုဏာသာပွား၊ ပူတာ အေးတာ တွေ့လျက်သားနှင့် တရားမှန်း မသိတဲ့ပုဂ္ဂိုလ်၊ လှုပ်တာ ရှတာ တွေ့လျက်သားနှင့် တရားမှန်း၊ မသိတဲ့ ပုဂ္ဂိုလ်၊ ဒီ ပုဂ္ဂိုလ်တွေဟာ တကယ့်ကို တရားထူး တရားမြတ်ကြီး တွေ့ပါလျက်သားနှင့် တရား

မှန်း မသိအောင် အဝိဇ္ဇာက ဖုံးကွယ်ထားပါသဖြင့် မုချ အပါယ်လေးပါး အစာသာ ဖြစ်ကြရတာဘဲ၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တရားနှင့် အပါယ်လေးပါး သွားရအုံးမည့် ပုဂ္ဂိုလ်တွေပါကလား ဆိုတာ ဉာဏ်ထဲမှာ သိပြီးတော့ သနားဘို့ပြောတာ၊ ကရုဏာ ရှိရမည် စိတ် မဆိုးရဘူး၊ အဲ အခု ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ်က လှုပ်လှုပ်ရွရွ တွေ့ကတည်းက—

ရာဟုလ၊ ချစ်သားရာဟုလာ။ ခေါ၊ စင်စစ်။ ဝါယောဓာတုံ၊ ဝါယောဓာတ်ကို။ ဝါယောဓာတ်ဆိုရင် လှုပ်တာ ရှုတာတွေ တွေ့တာပေါ့၊ ဝါယောဓာတုံ၊ ဝါယောဓာတ်ကို။အနိစ္စတော၊ မမြဲ ဘူးဟူ၍။ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင်သော သူအား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟာတိ၊ စွန့်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ကိုင်း ဓာတ်ကို တွေ့ရင် ဟန်ကျတာပေါ့၊ ဓာတ်ကိုကော မတွေ့ဘူးလား ဆိုတော့ နဂိုကတည်းက ကမ္ဘာလဆန်း ၁- ရက်နေ့ ကတည်းက ရှိတဲ့ ဓာတ်တွေဘဲ၊ ဘယ့်နှဲ့ မတွေ့ဘဲ ရှိရမလဲ၊ တွေ့တာ ပေါ့၊ တွေ့ပေတဲ့ မသိတာက အဝိဇ္ဇာဘဲ၊ သိတာကမှ ဝိဇ္ဇာ၊ အခု ဒီမှာလာပြီးတော့ သင်တန်းတက်တာ ဝိဇ္ဇာဉာဏ်ရဘို့လို့ လာတက်တာ၊ ဝိဇ္ဇာဉာဏ်ရအောင် တရားကို အဟုတ်တကယ် ရှာတော့၊ တကယ်တွေ့တာပေါ့၊ ဒါကြောင့် ဘာလဲ—

မြင်, ကြံ, အားထုတ်၊ တွေးတောတည်၊ မဂ္ဂင်ငါးပါးမည်။
ခန္ဓာကိုယ်၌၊ မဂ္ဂင်စိုက်၊ အမြိုက်ဆိုက်တော့မည်။

ပညာရှိတွေ စပ်ထားတာ၊ မြင်ရမည်၊ မြင်တာက **သမ္မာဒိဋ္ဌိ** မဂ္ဂင်ညာဏ်ခေါ်တယ်၊ ကြံတာက **သမ္မာသင်္ကပ္ပ** မဂ္ဂင်ခေါ်တယ်၊ **အားထုတ်တာက သမ္မာဝါယာမ** မဂ္ဂင်၊ တွေးတောတာက **သမ္မာသတိ**မဂ္ဂင်၊တည်ကြည်တာက **သမ္မာသမာဓိ** မဂ္ဂင် ခေါ်တယ်၊ အဲဒီ မဂ္ဂင်ငါးပါး, အဲဒီ ခန္ဓာကိုယ်ထဲမှာ မဂ္ဂင်တရား စိုက်ထားရမယ်၊ ခုနက လင်္ကာကလေးတွေ ရမှာပေါ့၊ကျက်ထား ရမှာပေါ့၊ ရရုံနှင့် ကော သိမလား ဝေးလိုက်တာ အနားတောင် မကပ်နိုင်ဘူး၊ အဲ-ခု ယောဂီတွေကျတော့ သိပြီ၊ ခန္ဓာကိုယ်၌ မဂ္ဂင်စိုက် ဆိုတော့ လှုပ်တာတွေ ရွတာတွေ ရှိန်တာတွေ တွေ့နေရကတည်းက မဂ္ဂင် စိုက်ထားတာ ဘယ်မဂ္ဂင်လဲ **သီလမဂ္ဂင်** သုံးပါး **သမာဓိမဂ္ဂင်** သုံးပါး, **ပညာမဂ္ဂင်** နှစ်ပါးဆိုတဲ့ မဂ္ဂင် ၈-ပါး တရား အမြဲ စိုက်ထားတယ်။

ကိုင်း ဒါ နိဗ္ဗာန်ရောက်ကြောင်း တရားပေါ့၊ ဒါကြောင့် ခန္ဓာကိုယ်၌၊ မဂ္ဂင်စိုက် အမြိုက်ဆိုက်တော့မည်၊ ခန္ဓာကိုယ်ထဲမှာ အမြဲစိုက်ထားရတယ်၊ အဲ ခု ယောဂီတွေ စိုက်ထားတဲ့ တရားဟာ အစစ်တရား ခွါ မပစ်နှင့်။

တိဋ္ဌံ စရံ နိသိန္နောဝါ, သယာနော၊

ယာဝတာဿ ဝိတမိဒ္ဓေါ။

တိဋ္ဌံဝါ၊ ရပ်သော်၎င်း။ စရံဝါ၊ သွားသော်၎င်း။ နိသိန္နောဝါ၊ ထိုင်သော်၎င်း။ သယာနောဝါ၊ လျောင်းသော်၎င်း။ ယာဝတာ၊ အကြင်မျှလောက် ကာလပတ်လုံး၊ ဝိတမိဒ္ဓေါ၊ အိပ်ချင်ခြင်း, ငိုက်မျဉ်းခြင်း ကင်းသည်။ အဿ၊ ဖြစ်ရာ၏။ တာဝတာ၊ ထိုမျှ

လောက်သော ကာလပတ်လုံး။ စတံ သတိံ၊ ထိုမေတ္တာနှင့် ယှဉ်သော သတိကို။ အဓိဋ္ဌေယျ၊ဆောက်တည်ရာ၏။ ဧတံ ဝိဟာရံ၊ ထိုသတိနှင့်ယှဉ်၍ နေခြင်းကို။ ဗြဟ္မံ၊ မြတ်သော။ ဝိဟာရံ၊နေခြင်း ဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။အာဟု၊ ဟောတော်မူကုန်၏။

အဲဒါ ဘုရားကိုယ်တိုင် ဟောတာ မေတ္တာသုတ် ပရိတ်တော်မှာ ရပ်လည်းသတိ မလွှတ်ရဘူးတဲ့၊ သွားရင်းလည်း သတိ မလွှတ်ရဘူး တဲ့၊ထိုင်ရင်းလည်း သတိမလစ်ရဘူးတဲ့၊အိပ်ရင်းလည်း သတိမလစ်ရ ဘူးတဲ့၊ အဲဒီလို သတိနှင့် နေတဲ့ ပုဂ္ဂိုလ်မှ မြတ်သော နေခြင်းတဲ့၊ အဲဒီ သတိမှာလည်း အမျိုးမျိုး ဝေဘန်ကြတယ်နော်၊ ဒီ သတိက ဘယ်သတိလဲဆိုတော့ ဘုရားကိုယ်တော်မြတ်၏ အလိုတော်ကျ သတိက ရုပ်နာမ် ၂-ပါး၏ ဖြစ်ပျက် သတိကို ပြောတာ၊ ဘုရား အလိုတော်ကျ သတိက ရုပ်နာမ် ၂-ပါး ဖြစ်ပျက် သတိ၊ ဘယ်မှာ ဟောသလဲ၊ ပရိနိဗ္ဗာန်စံမည့်ဆဲဆဲ နောက်ဆုံးပိတ် မှာသွားတယ်။

ဟန္ဒ ဒါနိ ဘိက္ခဝေ, အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ, အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ ရုပ်, နာမ် နှစ်ဖြာ၌ တွယ်တာ နှစ်သက်ခြင်း မရှိတဲ့ ချစ်သမီး, ချစ်သား, ရဟန်းများတို့။ ဟန္ဒ၊ ငါတိုက်တွန်း၏။ ဒါနိ၊ ယခုအခါ၌။ ဝေါ၊တို့မှာကာ၊ သင်ချစ်သား,ချစ်သမီးတို့အား။ အာမန္တယာမိ၊ ငါဘုရား နောက်ဆုံး မိန့်ရန် ခေါ်တော်မူ၏။ သင်္ခါရာ၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း တရား လေးပါးတို့သည် ပြုပြင် စီရင်အပ်ကုန်သော ခန္ဓာငါးပါး

ရုပ်နာမ်တရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သော သဘောရှိကုန်၏။ အပ္ပမာဒေန၊ ဖြစ်ခြင်း ပျက်ခြင်းကို မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ နေ့ရောညဉ့်ပါ ဘယ်ခါမစဲ အမြဲနိစ္စပြည့်စုံရစ်ကြကုန်လော့။

အဲ ပရိနိဗ္ဗာန် စံမည့်ဆဲဆဲ နောက်ဆုံး မှာသွားတယ်၊ချစ်သားတို့- မမေ့ကြနှင့်တဲ့၊ ဘာ မမေ့ရမှာလဲဆိုတော့ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါး ပြုပြင်ခြင်းကြောင့် ဖြစ်ပေါ် ပေါက်ပွားနေတဲ့ ခန္ဓာငါးပါးပေါ့တဲ့၊ အခု ယောဂီတွေ တွေ့တဲ့ ခန္ဓာငါးပါးလေ၊ အဲဒီ ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ မပြတ်ဖြစ်ပျက်နေတာ မမေ့နှင့်တဲ့၊ အဲဒီ သတိကို ပြောတာ၊ ဒီ သတိမှ တကယ်အစစ် သတိ၊ အဲဒါ သတိအစစ်ကို မသိတော့ သတိလွဲတတ်တယ်နော်၊တချို့လည်းဘဲ ရပ်, ရပ်လည်း သိရမည်တဲ့၊ သတိက သွား, သွားလည်း သိရမည်တဲ့၊ အိပ်, အိပ်လည်း သိရမည်တဲ့၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာထဲလည်း ပါသွားဘဲ၊တကယ်မြတ်စွာဘုရား အလိုကျ သတိက ဘယ်သတိလည်းဆိုတော့ ခုပြောတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား သတိကို ဆိုတာ၊ ဒီခန္ဓာငါးပါး ရုပ်နာမ်တရား ဖြစ်ပျက်သတိဖြစ်ကြောင်းကို ဘာဖြစ်လို့ သိရသလဲ ဆိုတော့ အဲဒီမေတ္တသုတ် နောက်ပိုင်းမှာ—

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ,
သီလဝါ ဒဿနေန သမ္ပန္နော၊
ကာမေသု ဝိနယ ဂေဓံ,
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

ဒိဋ္ဌိံ စ၊ မိစ္ဆာဒိဋ္ဌိကိုလည်း။ အနုပဂ္ဂမ္မ၊ မကပ်မူ၍။ဒဿနေန၊ သောတာပတ္တိ မဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံသည် ဖြစ်၍။ ကာမေသု၊ တေဘုမ္မက သခါရ တည်းဟူသော ဝတ္ထုကာမတို့၌။ ဂေဓံ၊ ကာမစ္ဆန္ဒ တည်းဟူသော ကိလေသာ ကာမကို။ ဝိနယ၊ ပယ်ဖျောက်၍။ ဇာတု၊ စကန်။ ပုန၊ တဖန်။ ဂဗ္ဘသေယျံ၊ အမိဝမ်း၌။ ပဋိသန္ဓေနေခြင်းကို။ န ဟိဧတိ၊ မရောက်ရလတ္တံ့။

အဲဒါ မေတ္တာသုတ်မှာ နောက်ဆုံးဟောသွားတယ်၊ ဒါကြောင့် မိမိတို့ ယခု ယောဂီတွေ ကိုယ်တိုင် အားထုတ်တဲ့ တရားဟာ မမေ့အပ်တဲ့တရား၊ အဲဒီ တရားကို မမေ့ဘဲ သတိတရား အမြဲထားရင် ဒိဋ္ဌိ ပြုတ်နေတယ်၊ ပြုတ်နေတာပေါ့၊ ဖြစ်ပျက်တရားကို တွေ့လေ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပြုတ်လေပေါ့၊ အဲဒီ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိပြုတ်မှ သောတာပန်အစစ်ဘဲ မြတ်စွာဘုရားက—

ဒိဋ္ဌိံ စ- မိစ္ဆာဒိဋ္ဌိကိုလည်း၊ အနုပဂ္ဂမ္မ- မကပ်မူ၍၊ ဒဿနေန- သောတာပတ္တိ မဂ်ဉာဏ်နှင့်၊ သမ္ပန္နော- ပြည့်စုံသည်ဖြစ်၍၊ သောတာပန်ဆိုတာ 'ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန သောတာပန္နောနာမ' တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်မှ သောတာပန်လို့ မြတ်စွာဘုရားဟောတယ်၊ ဒါကြောင့်မို့လို့ သောတာပန် ဆိုတာလည်း အထူးကျင့်ရတာ မဟုတ်ဘူးနော်, သီလမဂ္ဂင်သုံးပါး, သမာဓိမဂ္ဂင်သုံးပါး, ပညာမဂ္ဂင်နှစ်ပါး, ဤမဂ္ဂင်ရှစ်ပါးဟာ သောတာပန် အစစ်ဘဲ၊ အဲဒါကြောင့်မို့လို့ သီလဆိုတာက ကာယကံ, ဝစီကံ လုံလျှင် သီလပြီးတာဘဲ၊ သမာဓိဆိုတာက အခု ခန္ဓာထဲက ရုပ်တွေ နာမ်တွေကို အမြဲသိနေတာ သမာဓိ ခေါ်တာပေါ့၊ ထိုသမာဓိ ရှိတဲ့အတွက်ကြောင့် အမြဲတွေ့နေသဖြင့် ပညာက ရုပ်မှန်း နာမ်မှန်း သိသဖြင့်

အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေးသုံးပါး တကယ်သိနေတာဟာ ပညာပေါ့၊ အဲဒါ သီလ, သမာဓိ, ပညာခေါ်တယ်၊ တကယ် အစစ် အရိယာကြီး ဖြစ်သွားရင်တော့ ဤဘဝ, ထိုဘဝ ဘယ် တော့မှ မပျောက်တော့ဘူး၊ သီလ, သမာဓိ, ပညာဟာ နိဗ္ဗာန် ရသည့်တိုင်အောင် ဘယ်တော့မှ မပျောက်တော့ဘူး၊ အဲဒါ ကြောင့် အခု ငါတို့ တကယ်တမ်း အားထုတ်တဲ့တရားဟာ တကယ် အမှန် နိဗ္ဗာန်ရတယ်လို့ ယုံကြည်စွာ ကြိုးစားပြီး အားထုတ်ကြ။

## ဝိသာခါနှင့် သိတင်းသည်ငါးရာ

မြတ်စွာဘုရား တရားတော်ကြီးက အင်မတန် ထွန်းလင်း တောက်ပတဲ့ အချိန်ကာလကြီးဖြစ်လို့ တရားတော်နာကြရတယ်၊ တရားနာတဲ့ အခါကျတော့ တရားဟောတဲ့ ပုဂ္ဂိုလ်များကလည်း မေတ္တာပုဗ္ဗင်္ဂမနှင့် မေတ္တာရှေ့သွား ပြုပြီးတော့ နားမလည်တာ လည်အောင် မသိတာ သိအောင် အဓိပ္ပါယ်ရသ သဘာဝ မကျန ကျန်အောင် ဟောရတယ်၊ နာတဲ့ ပုဂ္ဂိုလ်များကလည်း မိမိတို့၏ ဘဝသံသရာ နောင်အခါ ကောင်းရာ ကောင်းကြောင်း တရား သိကြားနားလည်ဘို့ ဆိုပြီးတော့ နာကြတယ်။

## ကာလေန ဓမ္မဿဝနံ

ကာလေန၊ သင့်တင့် လျောက်ပတ်သော အခါ၌။
ဓမ္မဿဝနဉ္စ၊ သူတော်ကောင်းတရား နာရခြင်းတဲ့၊ မင်္ဂလာ
တရားတော်မှာ ရှိတယ်။

အဲ တရားနာတဲ့ အခါ တို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိတဲ့ အခါကာလက ပရိသတ်လေးပါး အမြဲတမ်း တရားဟောတယ်၊ ဟောတဲ့အခါ ကျတော့ ဘယ်လို တရားမျိုးကို ရှေးဦးစွာ ဟောသလဲဆိုလျှင် "ကာမဂုဏ်၏ အပြစ် အာဒီနဝတွေကို" များစွာ ပြတယ်၊ ဘာဖြစ်လို့ အာဒီနဝ များစွာ ပြရတဲ့ အဓိပ္ပါယ်က ဓမ္မသံဝေဂ ဖြစ်ဘို့တဲ့၊ ကြောက်ရွံ့ တုန်လှုပ်ပြီး လာအောင် ဟောပြောပြီးတဲ့ နောက်မှ ထိုပုဂ္ဂိုလ်၏ ထောက်ရာ တည်ရာ မှီရာ အားကိုးရာ အားထားရာ ဖြစ်တဲ့ သစ္စာလေးပါးတရား နောက်ဆုံးထား ဟောတယ်။

အဲဒါကြောင့် ရှေးဦးစွာ ကာမဂုဏ်၏ အပြစ် အာဒီနဝတွေ မမြင်မြင်အောင် ကြည့်ဘို့ အလွန် အရေးကြီးတယ်၊ ဟောတဲ့ ပုဂ္ဂိုလ်တွေကလည်းဘဲ ကာမဂုဏ်၏ အာဒီနဝ အပြစ်တွေကို မမြင်မြင်အောင် လောက လူ့ပြည် ခုနေရတဲ့ ပုဂ္ဂိုလ်တွေဟာ အလွန်ကြောက်စရာ လန့်စရာ ကောင်းတယ်၊ဘာဖြစ်လို့လဲ၊ ဟိုဘဝဘာဝါကမ္ဘာ့ကမ္ဘာ သံသရာ အဆက်ဆက်က လာခဲ့ရတဲ့ ဘဝပေါင်း အနန္တ မိမိတို့၏ အဝိဇ္ဇာဖုံးနေလို့ မမြင်ကြလို့သာ ရှိရမည်၊ အကယ်၍ ပိုင်းခြားထင်ထင် ကိုယ်တိုင် မြင်ကြမည်ဆိုလျှင် အတိတ် သံသရာက မိမိတို့ ဖြစ်ခဲ့ပြီးတဲ့ ဘဝဟောင်းက အကြောင်းတရားတွေ သိရလျှင် အင်မတန် ကြောက်ကြမှာပေါ့၊ ဘာဖြစ်လို့လဲ၊မြတ်စွာ ဘုရားကိုယ်တော်ကြီးက ကြောက်စရာကို မြင်နိုင်အောင် ငါဘုရား ထင်ရှား သိရတဲ့ တရားမှာတဲ့၊ လူ့ပြည်လောက နတ်ပြည်လောက ဗြဟ္မာ့ပြည်လောက ရှိကြတယ်၊ လူ့ပြည်မှာ နေတဲ့ ပုဂ္ဂိုလ် သတ္တဝါ တွေဟာ လူ့ပြည်က စုတေမနေ သေလွန်တဲ့အခါ လူ့ပြည်ကို ပြန်ပြီးတော့ ရောက်တဲ့ သတ္တာပေါင်းနှင့် ငရဲ တိရစ္ဆာန် ပြိတ္တာ

အသုရကာယ် အပါယ်လေးပါး ကျသွားတဲ့ သတ္တဝါပေါင်းနှင့် နှိုင်းချိန်၍ ပြမည်ဆိုလျှင်တဲ့ အဲ ငါ၏ လက်သည်းပေါ်မှာ တင်တဲ့ မြေမှုန့်အရေအတွက် သဉ္ဇာလောက်သာလျှင် လူ့ပြည်ကို ပြန်ပြီး တော့ ဖြစ်တဲ့ ပုဂ္ဂိုလ်လောက်သာ ရှိတယ်၊ သေကုန် သေကုန်သော ကာလ သတ္တဝါတွေဟာ လူ့ပြည်က စုတေသွားလို့ ရှိလျှင် အပါယ် လေးပါး ကျတာက ဇမ္ဗူဒိပ် မြေအပြင်မှာ ရှိတဲ့ မြေမှုန့်နှင့် အမျှသာရှိတယ်တဲ့။

အဲဒီတော့မှ လူ့ပြည်က သေလို့ သတ္တဝါတွေဟာ နတ်ပြည် ရောက်ရဘာ၊ ငါ၏လက်သည်းပေါ်မှာ တင်တဲ့ မြေမှုန့်အရေ အတွက် သဉ္ဇာလောက်သာ ရှိတယ်၊ လူ့ပြည်က သေကုန် သေ ကုန်သော သတ္တဝါတို့သည် အပါယ်လေးပါးကို ကျသွားတာက ဇမ္ဗူဒိပ် မြေပြင်မှာရှိတဲ့ မြေမှုန့်နှင့် အမျှဖြစ်တယ်တဲ့၊ လူ့ပြည်က သေလို့ ဗြဟ္မာ့ပြည် ရောက်ရတဲ့ သတ္တဝါက ငါ၏လက်သည်းပေါ် မှာ တင်တဲ့ မြေမှုန့် သဉ္ဇာလောက်သာ ရှိတယ်တဲ့၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးပါး ကျတာက ဇမ္ဗူဒိပ် မြေပြင်မှာရှိတဲ့ မြေမှုန့်နှင့် အမျှ ကျရတယ်တဲ့။

အဲဒီလောက် မြတ်စွာဘုရား ဥပမာ အမျိုးမျိုးနှင့် ပြတယ်၊ အဲ နတ်ပြည်က သေတဲ့ ပုဂ္ဂိုလ်တွေ မိမိနတ်ပြည်မှာ ပြန်ဖြစ်တဲ့ ပုဂ္ဂိုလ်က လက်သည်းပေါ်မှာ တင်တဲ့ မြေမှုန့် အရေအတွက် သဉ္ဇာလောက်သာ ရှိတယ်၊ နတ်ပြည်က သေကုန် သေကုန် သော သတ္တဝါတို့သည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးပါးသို့ ကျတာ ဇမ္ဗူဒိပ် မြေပြင်မှာ ရှိတဲ့မြေမှုန့် အရေအတွက် သဉ္ဇာလောက် ရှိတယ်တဲ့၊ အဲဒီလို **နခသိခသုတ်**

ကို ပြခြင်းဖြင့် ကိုယ်ပိုင်ဉာဏ်ကလေးနှင့် တွေးကြည့်စမ်းပါလား၊ ဘယ်လောက် ကြောက်ဘို့ ကောင်းလလဲဆိုလျှင် မိမိတို့ ဖြစ်လာရတဲ့ ဘဝပေါင်း အနန္တတွေဟာ ကောင်းရာသုဂတိ ဘဝမျိုး ရခဲ့တာ အလွန်နည်းတယ်၊ ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်, အပါယ်လေးပါးမှာ နေရတဲ့ ဘဝပေါင်းက အနန္တ ဖြစ်ခဲ့လှပြီတဲ့။

ဒါကြောင့် တကယ်အစစ် အပါယ်သံသရာက ဘေးကြီးကို အဟုတ်မျှား·ကြောက်ကြလျှင် အခု ဘုရားသာသနာ ပေါ်ပေါက်လာတဲ့အခါ လာပြီးတော့ လူအဖြစ်ကို ရတယ်၊ သာသနာတော်အတွင်း ငါတို့ ရောက်ပြီလို့ တချို့ အောက်မေ့ကြတယ်၊ ဘာဖြစ်လို့လဲ၊ သာသနာဆိုတာ မြတ်စွာဘုရား၏ အဆုံးအမ ခေါ်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီး အဆုံးအမကို သာသနာလို့ ခေါ်တယ်၊ ဘုရား အဆုံးအမတည်တဲ့ ပုဂ္ဂိုလ်မှ သာသနာအတွင်းကို ရောက်တယ်၊ဘုရား၏ အဆုံးအမ မတည်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ သာသနာ မရှိဘူး၊ ပြီးတော့လည်းဘဲ အခု သာသနာဟာ အနှစ်ငါးထောင် ထားတယ်၊ အနှစ် ငါးထောင် အတွင်းမှာ မြတ်စွာဘုရား၏ ဩဝါဒဒေသနာ မြတ်စွာဘုရား၏ အဆုံးအမ ကျန်တည်ရမည်လို့ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ထားတော်မူတဲ့တရားအဲဒီလို သဗ္ဗညုတ ဉာဏ်တော်ဖြင့် ထားလို့ ယခု လူဖြစ်လာတယ်၊ အဲဒီ လူဖြစ်တဲ့ ဘဝမှာ သာသနာ, သာသနာဆိုတာ ခုလို သွားလိုက်, လာလိုက်, စားလိုက်, သောက်လိုက်, ရောင်းလိုက်, ဝယ်လိုက်, လုပ်လိုက်, ကိုင်လိုက်, တော်ရုံ လျော်ရုံနေတာ သာသနာ မခေါ်ဘူးတဲ့၊ ဘုရား၏ မြင်မြော်ခြင်းနှင့် ဘာမျှမဆိုင်ဘူး။

ဘုရားသာသနာ ဘုရားပွင့်လာရခြင်းဟာ အခြားကြောင့် ပွင့်လာတာ မဟုတ်ဘူး၊ မဂ်တရားတို့ ဖိုလ်တရားတို့ နိဗ္ဗာန်တရားတို့ကို ရဘို့ရာ အကြောင်းထူးကို မြော်ကိုးပြီးတော့ ဘုရားပွင့်လာရတာ သာမည မဟုတ်ဘူး၊ ဒီလိုဘုရား မဖြစ်တဲ့ ကာလ သာသနာပမှာလည်း ဒီလိုဘဲ စားလိုက်၊ သောက်လိုက်၊ ပေးလိုက်၊ ကမ်းလိုက်၊ လှူလိုက်၊ ဒါန်းလိုက်၊ ကျွေးလိုက်၊ မွေးလိုက်၊ ပျော်လိုက်၊ ပါးလိုက် ရှိတာပေါ့၊ ဘုရားမပွင့်တဲ့ သာသနာပ ခေတ်မှာလည်း ရှိပါတယ်၊ အမှန်ရှိတယ်၊ အဲဒီတော့ ဘုရားပွင့်တဲ့ သာသနာခေတ်ဆိုတာ ဘာလဲ၊ အရေးကြီးတာ တကယ်အစစ် ပဋိသန္ဓေ နေရတဲ့ ဒုက္ခ၊ အိုရတဲ့ ဒုက္ခ၊ နာရတဲ့ ဒုက္ခ၊ သေရတဲ့ ဒုက္ခ၊ လောကဒုက္ခ၏ အပြစ်အာဒီနဝတွေကို ကြောက်ပြီးတော့ တို့ သံသရာ ဘေးဆိုးကြီးမှ လွတ်မြောက်တဲ့ နိဗ္ဗာန်ရောက်ဘို့ အကြောင်းက ဘုရားပွင့်တဲ့ သာသနာခေတ် ကာလမှာသာ ရှိတယ်၊ အဲဒီ သာသနာခေတ် အခါလေးမှာ အခုလာ ကြုံကြတယ်၊ ကြုံတဲ့ အခါမှာ ပေါ့တိပေါ့ဆ စိတ်ထဲမှာ မထားကြနှင့်။

ခြော်-ငါတို့ ယခု ရလာတဲ့ဘဝ အင်မတန် ကောင်းတဲ့ ဘဝကောင်း၊ ဘဝမြတ်၊ ဘဝ ပဒေသာကြီး ဖြစ်တယ်၊ ငါတို့သည် အလုံးစုံသော ဒုက္ခခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်ကို အမှန်မုချ ရောက်စေတတ်တဲ့ ဘဝကောင်း အခွင့်ကောင်းကြီး ဖြစ်တယ်လို့ ယုံကြည်ဘို့ အင်မတန် ကောင်းတယ်၊ ဒီတော့ လောကမှာ ငါတို့သည် ယခုလူ့ဘဝ ရလာတယ်၊ လူ့ဘဝရရုံနှင့် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား ရဘို့ဟာတော့ မလွယ်ဘူးပေါ့၊ ဘာဖြစ်လို့ မလွယ်သလဲဆိုတော့ ရှေးဦးစွာ ပဌမ မိမိတို့သည် စင်စစ်မုချ လူစင်စစ်ဖြစ်လို့ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး ယုံကြည်

ဘို့ရာလည်း အတော်ခဲယဉ်းတယ်၊ မလွယ်ဘူး၊ ပြီးတော့ကာ ဘာ မလွယ်တာလဲ၊ ဓမ္မသံဝေဂ ကိုလည်း တကယ် ရဘို့ရာ မလွယ်ဘူး၊ ဓမ္မသံဝေဂဆိုတာ ဘာလဲ၊ ခုနက ပြောခဲ့တဲ့အတိုင်း ပဋိသန္ဓေ နေရတဲ့ ဒုက္ခတွေ, အိုရတဲ့ ဒုက္ခတွေ, နာရတဲ့ ဒုက္ခတွေ, သေရတဲ့ ဒုက္ခတွေ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးပါး ကျရတဲ့ ဒုက္ခတွေ၊ အဲဒီ ဒုက္ခမျိုးတွေကို မြင်ပြီးတော့ တွေးပြီး တော့ ကြောက်ပြီးတော့ ငြီးငွေ့ဘို့ရာလည်း မလွယ်လှဘူး၊ ဒါ လူတိုင်း မလွယ်ဘူး။

အဲဒီလို ငြီးငွေ့လို့ ကြောက်ရွံ့ တုန်လှုပ်လာပါသော်လည်း ဒီဘေးက လွဲရအောင် လွတ်ရအောင် တခါ ဘယ်လို ခဲယဉ်းပြန် လာပါလဲ၊ **သပ္ပုရိသူပနိဿ** ဆိုတာ အလွန်ခဲယဉ်းတယ်, မိမိတို့ ကို **ကလျာဏမိတ္တ** အဆွေခင်ပွန်းကောင်းသဘွယ် တို့-မဂ်ဖိုလ်ဓမ္မ နိဗ္ဗာန်ရကြောင်း ကောင်းတဲ့ဒေသနာကို ညွှန်ကြားနိုင်တဲ့ ပုဂ္ဂိုလ် ဟာ အင်မတန် ရှားတယ်၊ တကယ့်ကို အထက်တန်း မဂ်ဖိုလ်ဓမ္မ နိဗ္ဗာန်ရောက်အောင် သွေးဆောင်နိုင်တဲ့ ပုဂ္ဂိုလ်, ချီးမြှောက်နိုင် တဲ့ ပုဂ္ဂိုလ် မလွယ်ဘူး၊ အဲဒီကျတော့လည်း အတော်ခက်သွား တယ်၊ အဲဒီလို တရားကို ချီးမြှောက်နိုင်တဲ့ ပုဂ္ဂိုလ်ပင် ပေါ်ပါ ဦးတော့—

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတဲ့ အခါ ကာလက စ၍ ဒီလို နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တွေကို တွေ့နိုင် ကြံစည်နိုင်သော်လည်း စင်စစ် မှုချအားဖြင့် မိမိ တို့၏ စိတ္တသမာဓိ, စိတ်ကို တည်ကြည်အောင် ဖြစ်ဘို့က လောကုတ္တရာတရား ကိုးပါးနှင့် လျော်သော အကျင့်တရားကို

ကျင့်နိုင်ဘို့ရာ မလွယ်ပြန်ဘူးတဲ့၊ အဲ- တကယ် အစစ်ကတော့ လောကုတ္တရာ တရားကိုးပါးနှင့် လျော်တဲ့ အကျင့်ကတော့ ဘာလဲ မဂ္ဂင်ရှစ်ပါးတရား၊ မဂ္ဂင်ရှစ်ပါး တရားဆိုတာ သီလနှင့် ပြည့်စုံအောင် ကာယကံမှုတွေ ဝစီကံမှုတွေ နိုင်နင်းအောင် မိမိကိုယ်ကို မိမိ ဆုံးမနိုင်ဘို့ဟာ မလွယ်ဘူး။

အဲဒီလို ကာယကံမှု ဝစီကံမှုနှင့် ဆုံးမလို့ ရစေကာမူအုံး စိတ္တသမာဓိလေး ရအောင် **ဝီရိယတို့ သတိတို့ သမာဓိတို့ဟာ** မလွယ်ပြန်ဘူး၊ အဲ မလွယ်လို့ ရှိတော့ ခုနက ပြောတဲ့ သီလနှင့် မပြည့်စုံဘူး၊ သမာဓိနှင့် မပြည့်စုံဘူးဆိုလျှင် **ပညာ**စခန်းမှာ ဘယ်ရတော့မလဲ၊ မရတော့ဘူး၊ ပညာစခန်း ဘယ်နည်းနဲ့မှ မမိတော့ဘူး၊ ပညာစခန်းဆိုတာ ဘယ်မှာလဲ ရုပ်နှင့်နာမ် အမှန်သိလျှင် ပညာစခန်းပေါ့၊ ရုပ်နှင့်နာမ်ကို အမှန်သိမှ ပညာစခန်း အဲဒီရုပ်၊ နာမ်သိဘို့ရာလည်း မလွယ်ဘူး၊ ရုပ်နာမ်သိဘို့ရာ ခုနက ပြောတဲ့ စိတ်၏ ငြိမ်သက်မှုကလေး ရဘို့က ဝီရိယ၊ ဝီရိယနှင့် ဘာလဲ သတိ၊ သတိ ပြီးတော့မှ ဝီရိယ၊ သတိနှင့် လုံလောက်လို့ ပြည့်စုံလျှင် သမာဓိ စိတ်၏ ခိုင်မြဲတည်ကြည်မှုကလေး၊ စိတ်၏ ငြိမ်သက်တည်ကြည်မှုကို ရမှ စိတ္တသမာဓိဖြစ်တဲ့ ပုဂ္ဂိုလ်မှ အမှန်အကန် ရုပ်နှင့်နာမ် ကေန်သိနိုင်တယ်တဲ့။

ဒီ စိတ္တသမာဓိ ရတောင်မှ ရုပ်နာမ် အမှန်မသိတဲ့ ခေတ်က အနန္တရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုထိုင်နေတဲ့ တရားနာတဲ့ ပုဂ္ဂိုလ်တွေ စိတ္တသမာဓိမျိုး ရဘူးလှပြီ၊ စိတ္တသမာဓိမျိုး ရတဲ့ အတွက်ကြောင့် ဗြဟ္မာ့ပြည်ကို အကြိမ်ကြိမ် အခေါက်ခေါက် ရောက်ခဲ့ဘူးလှပေါ့၊ ဗြဟ္မာ့ပြည်ရောက်ရတာ သာမညနှင့် ရောက်ရ

တာမဟုတ်ဘူး၊ ဈာန်တရားနှင့်ရောက်ရတာ၊အဲဒီဈာန်တရားဆိုတာ လွယ်တာ မဟုတ်ဘူး၊ ဝီရိယ သတိ သမာဓိ၊ အဲ ဝီရိယ သတိ သမာဓိနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ကြည့်စမ်း၊ ဈာန်လမ်းမှာ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန်ဆိုတဲ့ ဈာန် တရားတွေကို ရတဲ့အခါ ဖြဟ္မာ့ပြည် လားနိုင်တာဟာ သာမည မဟုတ်ဘူး၊ ဒါ သမာဓိလမ်း ခေါ်တယ်၊ သမာဓိခိုင်မြဲလို့ အဲဒီလို သမာဓိနှင့် ပြည့်စုံသော်လည်း ဈာန်တရားနှင့် ကိစ္စတုံးသွားတဲ့ ပုဂ္ဂိုလ်တွေ အနန္တပေါ့။

## အာဠာရနှင့်ဥဒက

တို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဥရုဝေလတောကို တောထွက်ပြီးသကာလ သွားတဲ့အခါကျတော့ **အာဠာရ ဥဒကတို့** ရသေ့ကြီးတွေ တွေ့တာပေါ့၊ အဲဒီ ရသေ့ကြီးတွေဟာ ဘယ် လောက်များ အကျင့် ကောင်းလလဲ ဆိုလျှင် ကာယကံ ဝစီကံ ဆိုတဲ့ သီလမှုကို ကောင်းကောင်းကြီး လုံခြုံတယ်၊ သီလတင်လား ဆိုတော့ သမာဓိခန်းကလည်း မနောကံ အင်မတန် ခိုင်လုံတယ်၊ မနောကံ ခိုင်လုံတဲ့အတွက်ကြောင့် သေသည်၏ အခြားမဲ့၌ ဟို အရူပဗြဟ္မာ့ဘုံကို လားရတယ်၊ နေဝသညာ နာသညာ ယတန ဗြဟ္မာ့ဘုံတဲ့၊ နည်းတာ မဟုတ်ဘူး၊ ဟိုရောက်လျှင် အသက်တမ်း ဟာ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် ရှည်တယ်၊ ဘယ် လောက်ရှည်တဲ့ အသက်လည်းဆိုတာ အဲဒါ နေဝသညာနာသညာ ယတန ဗြဟ္မာ့ဘုံကို ရောက်လောက်အောင် သမာဓိတွေ ရှိတာ၊ ရှိပေတဲ့လည်း သူ့ကို သပ္ပုရိသ သံသေဝဆိုတဲ့ ခုပြောတဲ့ ပညာ စခန်းကို ရောက်အောင် ပို့ဆောင်ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ကို မတွေ့

တဲ့ အတွက်ကြောင့် ခမြာများ အခု ဗြဟ္မာ့ပြည်မှာ သွားနေရရှာတယ်၊ နေပေအုံးတော့ ရှစ်သောင်း လေးထောင်။

အဲဒီလို နေရတဲ့ ဘဝကလည်း ရုပ်ပြစ်ရှစ်ပါးထဲ ကျနေတယ်၊ ရုပ်ပြစ်ရှစ်ပါးဆိုတာ ဘာတဲ့လဲ၊ အရူပဗြဟ္မာဆိုတာ နာမ်သာရှိတယ်၊ ရုပ် မရှိသောဘုံတဲ့၊ အဲ နာမ်သာ ရှိလို့ ရုပ်မရှိသော ဘုံဖြစ်သောကြောင့် သူတို့ဟာ ဘုရားပွင့်သော်လည်း မသိနိုင်ဘူး၊တရားတော် ထွန်းတောက်လို့လည်း သိတာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ၊ နာမ်သာ ရှိတာကိုး၊ ရုပ်မှ မရှိဘဲ၊ အရူပဗြဟ္မာခေါ်တယ်၊ အဲဒါသူတို့ ရုပ်ပြစ်ရှစ်ပါးထဲက၊ အခု ဒကာ ဒကာမများ ဆုတောင်းထဲပါတဲ့ ရုပ်ပြစ် ရှစ်ပါးပေါ့၊ ဒါ ဘာဖြစ်လို့လဲ၊ သပ္ပုရိသူပနိဿယ မရလို့တဲ့၊ အခု တို့ဒကာ ဒကာမတွေ ရှေး **ပုဗ္ဗေစ ကတ ပုညတာ**-ကံကောင်းထောက်မတဲ့ အတွက်ကြောင့် လူ့ဘဝ ရတာလည်း မှန်တယ်၊ လူ့ဘဝ ရရုံလေးနှင့် တင်းမတိမ်သေးဘူး၊ လူ့ဘဝ ရောက်လာတဲ့အခါ သဒ္ဓါသမ္ပတ္တိနှင့် ပြည့်စုံတဲ့ဘဝမျိုး ဘဝကောင်း ဘဝပဒေသာပင်ကြီး ရလာတယ်၊ အဲ သဒ္ဓါသမ္ပတ္တိနှင့် ပြည့်စုံရုံတွင် မဟုတ်သေးဘူး သာသနာမှာ တကယ့် အထွဋ်အထိပ် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်း တရားမြတ်တွေ ကိုယ်တိုင် သိရတယ်၊ ဟာ သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင် ဆိုတာ ကြားကြသားဘဲ၊ သီလမဂ္ဂင် ဆိုတာက ကာယကံ ဝစီကံပေါ့။

**ကာယကံ** က သူများအသက် မသတ်၊ သူ့ဥစ္စာ မခိုး၊ သူ့သား အိမ်ယာ မလွန်ကျူး၊ ကာယကံ သုံးပါး။

**ဝစီကံ** က မုသားမပြော ကုံးမချော၊ ကြမ်းတန်းတဲ့ စကား မဆို၊ သိန်ဖျင်းတဲ့ စကားတွေ မသုံး၊ ဟော ဝစီကံ လေးပါး။

ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ ထိုဒုစရိုက် ၇-ပါးနှင့် မိမိကိုယ်ကို အသက်မွေးရာ မွေးကြောင်း မိစ္ဆာဇီဝနှင့် အသက် မမွေးရဘူး၊ အဲဒါ အင်မတန် အဘိုးတန်တဲ့ သီလပေါ့၊ တကယ် အစစ် မဂ်ဖိုလ်ဓမ္မ နိဗ္ဗာန်ကို ရောက်အောင် ကယ်တင် ပို့ဆောင် နိုင်သော သီလပေါ့၊ ဒါ သီလမဂ္ဂင် သုံးပါးခေါ်တယ်၊ ထိုသီလတွင် မကသေးဘူး၊ တခါ စိတ်၏ ငြိမ်သက် တည်ကြည်မှုဆိုတဲ့ သမာဓိ စခန်းမှာ ဝီရိယလေးက မလျှော့တမ်း သတိလေးမြဲစွာ ထားလို့ သမာဓိစိတ် ခိုင်ခိုင်ထား၍ ဧကဂ္ဂတာ တခုတည်းသော အာရုံကို သာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းဆိုတဲ့ ဧကဂ္ဂတာ သမာဓိလေး ရတယ်။

အဲဒီလို ဧကဂ္ဂတာ သမာဓိလေး ရပြီးတော့ ကောင်းကောင်း မှန်မှန် စောင့်ရှောက်နေနိုင်တဲ့ စိတ်ဓာတ်ဟာ သာမည မဟုတ်ဘူး၊ ရှေးက ဆည်းပူးတဲ့ ပါရမီထူး ကံထူးတွေ ပါလာလို့ပေါ့၊ ကိုင်း သမာဓိတွင် မကပြန်ဘူး၊ ပညာမဂ္ဂင် ဆိုပြန်တော့ မိမိတို့ ခန္ဓာကိုယ် အဇ္ဈတ္တိက သန္တာန်မှာ တကယ် အမှန်ရှိတဲ့ ရုပ်တွေ နာမ်တွေ ဓာတ်တွေ ကလာပ်တွေ ပရမတ်တွေ အမှန်သိရတယ်၊ တကယ်တွေ့ရတာ၊ ပြောသံကြား စာအုပ်တွေထဲက ဓာတ်တွေ မဟုတ်ဘူး၊ စာအုပ်ထဲတော့ ရှိသားပေါ့၊ စာအုပ်ထဲက ဓာတ် တွေလေ။

စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်,

သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်,

ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်,

ဇိဝှါဓာတ်, ရသဓာတ်, ဇိဝှါဝိညာဏဓာတ်,

ကာယဓာတ်, ဖေါဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်,

မနောဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ်–

ဆိုတဲ့ ဓာတ် ၁၈-ပါး တရားတွေ စာအုပ်ထဲ ကျက်ထား တော့ အရသားပေါ့၊ အခု ယောဂီများက စာအုပ်ထဲမှ ကျက်ထား တဲ့ ဓာတ်မဟုတ်ဘူး၊ မိမိတို့ကိုယ် အဇ္ဈတ္တိက အတွင်းသန္တာန်မှာ ကို အမှန်တကယ်ရှိတဲ့ ဓာတ်ကလာပ်တွေ တွေ့တာ၊ အဲဒီ ဓာတ် တရားတွေ တွေ့တဲ့အတွက်ကြောင့် ဘုရားဟောတဲ့ ဒီ ရုပ်တရား နာမ်တရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ အဲဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ အတိုင်း မမြဲဘူးလို့ ဘုရား က ဟောတယ်၊ ဆင်းရဲတယ်လို့ ဘုရားကဟောတယ်၊ အစိုးမရဘူး အနတ္တလို့ ဘုရားကဟောတယ်၊ ဘုရားဟောတာလည်း ယုံကြည် တယ်၊ ယုံကြည်တဲ့အတိုင်း ရုပ်တရား, နာမ်တရားတွေကို မတွေ့ တွေ့အောင် ရှာကြံလိုက်တဲ့အခါ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြပြီ ရုပ်နာမ်၊ဟော တွေ့တော့ဘုရားဟောတဲ့အတိုင်း မှန်တဲ့အကြောင်း ကိုယ်တိုင် ဝန်ခံရပြီ၊ မှန်တဲ့အတိုင်း ကိုယ်တိုင်သိပြီး မမြဲတာကို ပြောသံကြား မဟုတ်၊ ဩော်-ရုပ်တရား နာမ်တရားသည် တကယ့် ကို မမြဲပါလား၊ ရုပ်တရား နာမ်တရားတို့သည် အဟုတ်တကယ် ဆင်းရဲပါကလား၊ ဤရုပ်တရား နာမ်တရားတို့သည် တကယ့်ကို အစိုးမရပါကလား ဆိုတာ ကိုယ်တိုင် သိနေပြီ။

အဲဒီလို သီလတို့, သမာဓိတို့, ပညာတို့နှင့် ပြည့်စုံခြင်းသည် လွယ်တာမဟုတ်ဘူး၊ မိမိတို့ရှေးက ဆည်းပူးခဲ့တဲ့ ပါရမီထူး ကံထူး ပါလာလို့ ရကြတာတဲ့၊အဲဒါကြောင့် ရတဲ့အခိုက်ကလေးမှာ နာရီ

ရရ, မိနစ်ရရ, စက္ကန့်ရရ,ရသလောက်ကလေးကို ကြိုးစားပြီးတော့ အင်မတန် အားထုတ်ဘို့ ကောင်းတယ်၊ သာသနာက အခု အသက်ရှင်စဉ်ကလေးသာ သာသနာရှိတာ၊ အဲဒီလို သာသနာ အတွင်းမှာ အသက်ရှင်စဉ်ကလေး သီလတို့, သမာဓိတို့, ပညာ တို့ကို လုံလုံလောက်လောက် ရသွားလျှင် သိပ်ကောင်းမှာဘဲ၊ သိပ်ကောင်းတယ်၊ ရှေးက သူတော်ကောင်း တွေဟာ ပုထုဇဉ် အဖြစ်နှင့် နေရမည်ဆို အလွန်ကြောက်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့—

## မဟာတိဿ,စူဠတိဿ

တို့မြတ်စွာဘုရားသခင် လက်ထက်အခါကာလက **မဟာတိဿ စူဠတိဿ**ညီအစ်ကို နှစ်ယောက် ရှိတယ်၊ မဟာတိဿဆိုတဲ့ အစ်ကို ကြီး ဘုရားတရားတော်နာရလို့ အင်မတန်မှ သဒ္ဓါတရား ထက် မြက်တဲ့ အတွက်ကြောင့် ညီကို ကုဋေလေးဆယ်ရှိတဲ့ ပစ္စည်းတွေ အကုန်အပ်ပြီး တောထွက်တယ်၊ မြတ်စွာဘုရားထံ ရဟန်းပြုပြီး တခုသော တောအုပ်မှာ ရဟန်းကိစ္စတရားကို အားထုတ်နေတယ် တဲ့၊အားထုတ်နေတော့ အကောက်ကြံတဲ့ မိမိခယ်မက အောက်မေ့ တယ်တဲ့၊ ယောင်-ဒီသူဌေးသားဟာ အခုကြည့်စမ်းရဟန်းအဖြစ်နှင့် တောထဲမှာ သွားနေတယ်၊အကယ်၍ ရဟန်း ကိစ္စတုံးရင်တုံး မတုံး လို့ ပင်ပန်းလို့ တရားမတွေ့လို့ လူများပြန်ထွက်လာလျှင် သူပေး ခဲ့တဲ့ ကုဋေလေးဆယ်ကို ပြန်ပေးရအုံးမည်၊ အကယ်၍ ထိုမထေရ် ကြီး သေသွားလျှင်တော့ ဒီမထေရ်ကြီးကိုပြန်ပေးရမှာ မဟုတ်ဘူး ဆိုပြီး အကောက်ကြံတဲ့ ဉာဏ်နှင့် အဲ- ခယ်မက ခိုးသားငါးရာ ကို တံစိုးလက်ဆောင် ပေးပြီးတော့ တိဿမထေရ်ကြီးကို သတ် ခိုင်းတယ်။

အဲဒီလို သတ်ခိုင်းတဲ့အခါ ခိုးသားငါးရာက ဝိုင်းပြီးတော့ ရိုက်မည် ပုတ်မည် လုပ်တဲ့အခါ တိဿမထေရ်ကြီးက အမောင်တို့ မင်းတို့ ဒါ ဘာလုပ်တာလဲ၊ ငါ့မှာ သက်န်း သပိတ်ကလွဲလို့ ဘာမျှ မရှိဘူး၊ မင်းတို့ ယူချင်တာ ယူကြပါ၊ ဟာ- သင့် သက်န်းသပိတ် တွေကို ငါတို့ လိုချင်လို့ လာခဲ့တာ မဟုတ်ဘူးတဲ့၊ သင်၏ ခယ်မက သင့်ကို သတ်မှ သင်ပေးအပ်သော အမွေအနှစ်တွေကို ပိုင်ပိုင်နိုင်နိုင် သုံးရမည်၊ သင်သေမှ သင့်ကို သတ်ရတဲ့အတွက် လာဘ်လာဘ ရမည်၊ ဒါကြောင့် သင့်ကို သတ်ရအောင် လာတာ။

ဩော်– ကေန်မုချ ငါ့ကိုဖြင့် ထိုခိုးသားများ သတ်တော့မည်၊ "ငါသည် ယခု သေရမှာ ပုထုဇဉ်အနေနှင့် သေရမှာ အင်မတန် ရှက်စရာကောင်းတယ်"အကာယ်၍ ပုထုဇဉ်အနေနှင့် သေရခြင်းအားဖြင့် ငါသည် လူဖြစ်ကျိုး နပ်တော့မည် မဟုတ်ဘူး၊ ငါသည် တရားကို အားထုတ်နေသည်မှာ အထ မမြောက်သေး၊ သို့သော် ယခုတည့်လောက် အားထုတ်ရလျှင် ကျေနပ်ပါ၏ဟု ကြံ၍ ကိုင်း- ခိုးသားတို့ ငါ့ကို ဤမျှ တညတာ ခွင့်ပေးပါလို့ တောင်းပန်တယ်၊ ခွင့်တောင်းတဲ့ အခါကျတော့ ခိုးသား တွေက—

အသင်မထေရ်ကြီးသင့်ခြေလက်အင်္ဂါ အကောင်းသားနှင့် မတော်တဆ ညအခါ ထွက်ပြေးလို့ရှိလျှင် တို့ဟာ လာဘ် လာဘ မရဘဲ နေတော့မပေါ့၊ အခွင့် မပေးနိုင်ဘူး၊ အဲဒီလို ပြောတာ၊ ဒီတော့မှ မထေရ်ကြီးက သူခေါင်းအုံးတဲ့ ကျောက် တုံးကြီးနှင့် တခါတည်း ကိုင်ပြီးတော့ ပေါင် နှစ်ချောင်းကို ထုတယ်တဲ့။

အဲဒီလို ပေါင်နှစ်ချောင်း ကျောက်တုံးကြီးနှင့် ကိုင်ပြီးထုလို့ ကျိုးတော့ ထမသွားနိုင်ဘူး၊ ကဲ-မိတ်ဆွေတို့ မင်းတို့မြင်တဲ့ အတိုင်း ငါ ဘယ်မှ မသွားနိုင်တော့ဘူး၊ ပေါင်နှစ်ချောင်း ဖြုံင်ဖြုံင် ကျိုး သွားပါပြီ၊ တညတာမျှ မင်းတို့ ငါ့ကို အခွင့်ပေးပါလို့ ဆိုတော့မှ သူခိုးမှူးကြီးက အဲ- မိတ်ဆွေတို့ မင်းတို့ ခွင့်ပေးလိုက်ပါကွယ်လို့ ဆိုပြီး ခွင့်ပေးလိုက်တယ်၊ သူတို့ တညလုံး အရက်သေစာတွေ သောက်ပြီးတော့ ပျော်မူးနေကြတာပေါ့၊ တိဿမထေရ်ကြီးက ငါ၏ တာဝန်ဟာ တညသာ ငါသာသနာတွင်းမှာ ရှိတော့တယ်၊ ဒီ တညက လွန်သွားလျှင် ငါသာသနာမှ အလွတ် ဖြစ်တော့မည်၊ ဒီ တညအတွင်း ငါနှင့်ဆိုင်တဲ့ လုပ်ငန်းကို ငါ အားထုတ်မည် ဆိုပြီး ဝီရိယလုံ့လ ဘယ်လောက်ကောင်းသလဲလို့ အတုခိုးဘို့နော် သေသေချာချာစဉ်းစားကြ၊တခါတည်း သူ့ပေါင် နှစ်ချောင်းကို ချိုးထားတာ နာမှာပေါ့၊ တွေးကြည့်ကြ၊ အင်မတန် ကိုက်မှာ၊ ခဲမှာပေါ့၊ ပေါင်နှစ်ချောင်းက အရိုးကို ဖြုံင်ဖြုံင် ကျိုးသွားအောင် ထုထားတာဘဲ၊ အင်မတန် နာမှာပေါ့။

အဲဒီ နာတဲ့ဝေဒနာ၏ ဒဏ်ချက်ကို ရှေးဦးစွာ အားထုတ်တယ်၊ ဝေဒနာကိုပင် ကြပ်ကြပ် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဆိုတဲ့ အတိုင်း ဝေဒနာကို အားထုတ်နေရာက သမာဓိခြွေ ရင့်ကျက် လာတဲ့ အခါ ဝေဒနာတွေ ပျောက်ကုန်ရော၊ အဲ ဝေဒနာတွေ ပျောက်တဲ့ အခါ ကျတော့မှ ဝိပဿနာလုပ်ငန်း နိဗ္ဗာန်ရောက် ကြောင်း တရားထူးတရားမြတ် ရုပ်နာမ်တွေပွားလို့ အဲ-အရုဏ်တက် အလင်းလည်း ရောက်လာရော ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ တခါတည်း ဖြစ်သွားတယ်တဲ့၊ အဲ ရဟန်းကိစ္စ တခါတည်း

တုံးသွားတယ်၊ အဲဒီတော့မှ ခိုးသားတွေ ရဟန္တာကြီးကို သတ်ပြီး ပြန်သွားတယ်တဲ့။

အဲဒီ ခိုးသားတွေနှင့်တကွ ခယ်မဟာ ရဟန္တာပုဂ္ဂိုလ်ကြီး သတ်တဲ့ အကုသိုလ်ကံကြောင့် အဝီစိငရဲကို အကုန်ကျကုန်တယ်တဲ့၊ အဲ တိဿမထေရ်ကြီးက ဘယ်ရောက်သွားသလဲ၊ နိဗ္ဗာန်၊ အဲ ပရိ နိဗ္ဗာန် စံသွားရှာတယ်တဲ့။

ဒါ အတုခိုးဘို့ ပြောတာ၊ တကယ့် ရှေး အရိယာသူတော် ကောင်းတို့သည် မိမိတို့ နေရတဲ့ အခါလေးကို သာသနာ ဆိုတာ သူတို့ သိတယ်၊ တို့- ဒကာ ဒကာမတွေလည်းဘဲ ဒီဉာဏ်မျိုးလေး ဝင် သိပ်ကောင်းတာ၊သာသနာက အခု နှစ်ထောင့်ငါးရာ ရှိသေး တယ်၊ နောင်ကျန်တာ နှစ်ထောင့်ငါးရာ ရှိသေးသပေါ့၊ အဲဒီ နှစ်ထောင့်ငါးရာများ မျှော်ပြီးတော့ မတွေးနှင့်၊ ကိုယ့်သာသနာ မဟုတ်ဘူး၊ကိုယ့်အသက်ကလေးဘဲ ရှိတယ်၊ ကိုယ်ဟာ ဒီကနေ့နေရ လျှင် ကိုယ့်သာသနာဘဲ၊ နက်ဖြန်ကာကျ ကိုယ့်သာသနာ မရှိတော့ ဘူး၊ကိုယ်မှ လူ့ပြည်မှာ မရှိတော့ဘဲ၊ အဲ တလနေရအုံးမည်ဆိုလျှင် တို့-ဒကာ ဒကာမတွေ တို့- သာသနာကြီးဟာ တလအတွင်းမှာ ရှိသေးရဲ့၊ အဲဒီ တလက ကျော်လို့ သေသွားလျှင် ကိုယ့်သာသနာ မရှိဘူးမှတ်၊ ဟာ တချို့ အနှစ်နှစ်ဆယ် နေရအုံးမည်၊ အဲဒီနေတဲ့ အခါကလေးသာသနာတွင်းမှာရှိရဲ့၊ သေလွန်က သာသနာ မရှိဘူး၊ အဲဒါကြောင့်မို့လို့ အင်မတန် ကြောက်ဘို့ကောင်းတယ်။

## ကျားစားခံရသော ရဟန်းငယ်

တို့- မြတ်စွာဘုရား လက်ထက်က ရဟန်းသုံးကျိပ် တရား အားထုတ်သွားတယ်၊တောထဲမှာသွားအားထုတ်တာကိုး၊တောထဲ

သွားအားထုတ်တော့ကာ ကျွားက ရဟန်းငယ်လေးအား ချောက်ထဲကို တခါတည်း ချီးသွားတယ်၊ ချောက်ထဲ ချီသွားတော့ကာ ရဟန်းငယ်လေး ပါသွားတယ်၊ ပါသွားတော့ ရဟန်းငယ်လေးဟာ ကျွားချီတာလည်း သူသိတယ်၊ ချောက်ထဲပါသွားတာလည်း သူသိတယ်၊ မုချ ငါ့ကိုတော့ ကျွားစားတော့မည်၊ သို့သော် ငါဟာ မသေခင်လေးသာ သာသနာ ငါအားထုတ်ဘို့ရာ ဝတ္တရားရှိတယ် ဆိုပြီးတော့ အဲဒီမှာ တခါတည်း သူ ရဟန်း တရားကို အားထုတ်တယ်။

ကျွားက ခြေဖျားက စ, စားတယ်၊ ကျွားက ခြေဖျားက စ,ပြီး စားတော့ကာ ရဟန်းငယ်၏ ခြေဖမျက်ကို ရောက်တော့ **သောတာပန်** တည်တယ်၊ အဲဒါ ကျွားစားတာကိုသာ ဒေါသတွေ ဖြစ်နေမည်, နာကျင်နေမည်, ဒုက္ခရောက်နေမည်, အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတရားနှင့် ငါ,လို့ စွဲငြိနေမည်ဆိုလျှင် ဘယ်လာ သောတာပန် တည်မလဲ၊ မတည်ဘူး၊ ခုအဲဒါ ကိုယ်ပိုင်ဉာဏ်ကလေးနှင့် တွေးကြည့်ကြ၊ တို့ ဒကာ ဒကာမတွေ အားထုတ်တာ ပေါင်ကလေးက ညောင်းလာလျှင်ဘဲ ခြေထောက်ပြင်ပစ်လိုက်ပြီ၊ ခြေထောက်ကလေးက ညောင်းလာလျှင်ဘဲ မနေနိုင်ဘူး၊ ဖျက်ပစ်လိုက်ပြီ၊ ဟိုမှာ ကျွားစားတာ ခြေဖမျက်ရောက်တော့ သောတာပန် တည်တာဘဲ၊ အဲဒီ ခြေဖမျက်က နေပြီးတော့ စားလာတာ ဘယ်ရောက်သလဲ ခြေသလုံး ရောက်တယ်၊ အဲခြေသလုံးလည်း ရောက်ကရော **သကဒါဂါမ်** တည်တယ်၊ သကဒါဂါမ် တည်တယ်၊ တွေးကြည့် တွေးကြည့်၊ ခုပြောနေတာ အတုခိုးဘို့ နည်းယူဘို့ ပြောနေတာ၊ အဲဒါ တခါတည်း ခြေဖမျက်က နေပြီးတော့ ခြေသလုံးရောက်၊ ခြေသလုံးကနေပြီးတော့ စားလိုက်တာ ပေါင်

ရင်း ဝမ်းခေါင်းနားထိရော၊ အဲဒီကျတော့ ဘာဖြစ်လဲ အနာဂါမ် တည်တယ်၊ ကိုင်း တပိုင်းကုန်နေပြီ၊ အနာဂါမ် တည်တယ်၊ အဲဒီက နေပြီးတော့တခါ ကျားက စားတော့ ဝမ်းဗိုက်ထဲရောက်လို့ ဝမ်းဗိုက် ပေါက်မည်လည်း ကျရော၊ **ရဟန္တာ** ဖြစ်ကရော၊ အဲ ရဟန္တာလည်းဖြစ်၊ ဗိုက်လည်းပေါက် ပရိနိဗ္ဗာန် စံသွားရော။

ကိုင်း အဲဒါ ဘာတဲ့၊ ဒါ စိတ်လေ၊ စိတ် စိတ်၊ တကယ် သမာဓိ ကောင်းတာ၊အဲဒါ အတုခိုးဘို့နည်းတွေ၊ ခုလဲ တို့ဒကာ ဒကာမတွေ အားထုတ်တယ်၊ အားထုတ်တဲ့အခါ ရုပ်တွေ နာမ်တွေ မတွေ့ တွေ့ အောင်ရှာတယ်၊ ရှာတဲ့အခါ တထိုင်အတွင်းမှာ ခန္ဓာကိုယ်ကြီး ဖေါက်ပြန်လိုက်တာ ညောင်းမှုတွေကိုက်မှုတွေခဲမှုတွေတောင့်မှုတွေ တင်းမှုတွေ ဒုက္ခဒဏ်ချက်တွေ များစွာ ထွက်လာတာပေါ့၊ အဲဒီလို ဒုက္ခတွေများစွာ ထွက်လာတဲ့အခါ ငါဆိုတဲ့ အတ္တက မပျောက် တော့ သည်းမခံနိုင်ဘူး၊ သည်း မခံနိုင်တော့ ဟော ဖျက်လိုက်ရော၊ ဖျက်လိုက်တော့ သမာဓိလျှော့သွားပြန်ရော၊ မဖျက်ဘဲ တကယ် တမ်း လုံ့လ ဝီရိယနှင့် ဟုတ်ဟုတ် ငြားငြား ငါတို့သည် မဂ်ဖိုလ် ဓမ္မ နိဗ္ဗာန်ပေါက် ကြိုးစားမည်ဆိုပြီးတော့ အားထုတ်လျှင် သိပ် ကောင်းမှာဘဲ၊ အဲဒါ ရှေးက အရိယာ သူတော်ကောင်းတို့ ကျင့်ရိုး တုံးစံနည်းကို အတုယူဘို့ ပြောပြတာ၊ အဲဒါဟာ အင်မတန် ကောင်းတဲ့ တရားတွေ၊ ပြီးတော့လည်း တို့ ဒကာ ဒကာမတွေဟာ များသောအားဖြင့် တရားနာတဲ့အခါ မပျင်းကြပါနှင့်၊ တရား နာတယ် ဆိုတာ ဗာဟုသစ္စ မင်္ဂလာတဲ့ မြတ်စွာဘုရားက—

ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသော သူ၏ အဖြစ်
သည်လည်းကောင်း။ ဧတံ၊ ဤတရားသည်။ မင်္ဂလံ၊

မြတ်သောမင်္ဂလာ။ ဝါ-စီးပွားဖြစ်ခြင်း၏ အကြောင်း
တရား။

ဗာဟုသစ္စမင်္ဂလာတဲ၊ အကြားအမြင်များတယ်၊ ကာလေန ခမ္မဿဝနံတဲ့၊ ကာလအားလျော်စွာ တရားနာရတယ်၊ အဲဒီလို တရားနာတာ အတုအပ နည်းနာနိသျကို ရတယ်၊ ဘာဖြစ်လို့လဲ၊ ဟောခဲ့တယ် မဟုတ်ဘူးလား၊ လူတတ်ဘို့ ဒါန်းတတ်ဘို့ သီလ စောင့်တတ်ဘို့ ဘာဝနာပွားတတ်ဘို့ စိတ်နေစိတ်ထား သဘော သွား ခိုင်မြဲဘို့ဆိုပြီးတော့ အမျိုးမျိုး နည်းနာနိသျ ရဘို့ဟော တာ၊ အဲဒါ နည်းပြတာ၊ ဘာပုံလို့ ဒီလောက်တောင် နည်းပြ သလဲဆိုတော့—

## ဝိသာခါနှင့် သိတင်းသည်ငါးရာ

တို့- မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် လက်ထက်တော် အခါကာလက ဒီမဂ်ဖိုလ် ဓမ္မနိဗ္ဗာန်ကို အမှန်ရမည့် **ဝိသာခါ**နှင့် အတူတကွ ဥပုသ်စောင့်တဲ့ **သိတင်းသည်ငါးရာ** သိတင်းသည်မ တွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ သာမညပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ခု- ဘုရားလက်ထက် ဒီအချိန် ဒီအခါမှာပင် ဝိဇ္ဇာဉာဏ်အလင်းပေါက် ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို တကယ်ပေါက်မည့် ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ် တွေဟာ ဝိဇ္ဇာဉာဏ် မရခင် အဝိဇ္ဇာတွေ ဝင်နေတဲ့အခါ အဝိဇ္ဇာ အဝိဇ္ဇာ အဝိဇ္ဇာ ဝင်နေတဲ့အခါ၊ ဝိသာခါနှင့် သိတင်းသည်ငါးရာ အတူတကွ ဥပုသ်စောင့်တယ်၊ ဥပုသ်စောင့်ပြီးတော့ ဒီ နံနက်စာ စားသောက် ပြီးကြရောပေါ့၊ ခုလိုပေါ့ နံနက်ထမင်း စားသောက် ပြီးတဲ့ အခါကာလကျတော့ တချို့ကလည်း ဝဝလင်လင်နှင့်

အိပ်သူကအိပ်, စကားပြောတဲ့သူကပြော, တကတဲ အမျိုးမျိုး ပုတီးစိပ်တဲ့သူကစိပ် ပါးစပ်က ရွတ်တဲ့သူကရွတ်,ကတဲ ညံနေတာ ပေါ့၊ အမျိုးမျိုး အိပ်တဲ့သူက အိပ်ပေါ့၊ အချို့များ ဟောက် လိုက်သေးတယ်။

အဲဒီတော့ ဝိသာခါက ဒီပရိသတ်ကြီးကို ကြည့်ပြီးတော့ နှလုံးသွင်း ဆင်ခြင်နေတယ်၊ ဒီငါးရာသော သီတင်းသည်တို့ဟာ ငါနှင့်အတူ လိုက်ပြီးတော့ ဥပုသ်စောင့်တယ်၊ ဘာများလိုချင်လို့ ဥပုသ်စောင့်ကြပါလိမ့်မလဲ၊ ဒင်းတို့ ဘာတွေများ တောင့်တပြီး တော့ ဥပုသ်စောင့်သလဲ၊ နိဗ္ဗာန်ဘဲ လိုချင်လို့လား၊ သို့မဟုတ် လူ့စည်းစိမ်, နတ်စည်းစိမ်တို့ဘဲ လိုချင်လို့လား၊ သူကတွေးတော တယ်၊ ဝိသာခါက အဲဒီလို တွေးတောပြီးတော့ မနေနိုင်ဘူး၊ မေးရတော့တယ်၊ မေးတော့ ဘယ်သူ့မေးသလဲဆိုတော့ သူ့ဖွား အေ အရွယ်ကြီးတွေကို မေးတယ်။

အမ္မာ ကိမတ္ထံ ဥပေါသထိကာ ဇာတာတ္ထ။

(ဓမ္မပဒ)

အမ္မာ၊ အိုအဖွားအေ အမေကြီးတို့။ တုမှေ၊ သင်တို့ သည်။ ကိမတ္ထံ၊ လူ, နတ်, ဗြဟ္မာ သုံးတန်သော ချမ်းသာ မြတ်တို့တွင် အဘယ်မည်သော ချမ်းသာ အကျိုးငှါ။ ဥပေါ သထိကာ၊ ဥပုသ်စောင့်သုံးကြသည်။ ဇာတာတ္ထ၊ ဖြစ်ကြ ကုန်သနည်း။

အဲဒါ မြန်မာလိုတော့ ဖွားအေကြီးတို့တဲ့၊ ဖွားအေကြီးတို့ဟာ ကျွန်တော်မ ဝိသာခါနှင့် အတူတကွ လိုက်ပြီးသကာလ ဥပုသ်

သီတင်းများကို စောင့်ကြတယ်၊ ဒီလို ဥပုသ်သီတင်း ဆောက်တည်ခြင်းဟာ နိဗ္ဗာန်ချမ်းသာကို လိုလားလို့လား၊ လူ့ချမ်းသာကို လိုလားလို့လား၊ နတ်ချမ်းသာကို လိုလားလို့လား၊ ဒီ လူ့ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာ အဘယ် ချမ်းသာကို လိုလားလို့ ဥပုသ်များ စောင့်ကြပါသလဲလို့ မေးလိုက်တာ၊ မေးတော့ "ရှေးက လူတွေ တယ်တော်တယ်၊ မုသားမပြောဘူး၊ မှန်တာကို မကွယ် မထောင့် ဖြောင့်သောအားဖြင့် ပြောတယ်၊" အဲဒီ ဖွားအေကြီးတွေက ပြန်ပြောတာ, ဖွားအေကြီးတွေ ပြောတဲ့စကား မှတ်ထားကြ။

ဘယ်လို ပြောသလဲဆိုတော့ ငါ့မြေးဝိသာခါတဲ့၊ ငါတို့သည် သင်နှင့် အတူတကွ ယခု ရှစ်ပါးသော ဥပေါသထ သီလ စောင့်တာ တခြားကြောင့် စောင့်တာ မဟုတ်ဘူး၊ လူ့ချမ်းသာလိုလား လို့လည်း မဟုတ်ဘူး၊ နတ်ချမ်းသာ လိုလားလို့လည်း မဟုတ်ဘူး၊ နိဗ္ဗာန်ချမ်းသာ လိုလားလို့လည်း မဟုတ်ဘူးတဲ့၊ ငါတို့ ယခု လူ့ပြည်မှာ နေရတာဟာ ချက်မှ ပြုတ်မှ ထောင်းမှ ဖွပ်မှ စားရ သောက်ရတယ်တဲ့၊ ငါတို့သည် အကယ်၍ နတ်ပြည်ကိုရောက်လို့ နတ်မင်း နတ်မိဖုယားတို့၏ စည်းစိမ်ချမ်းသာများ ရလို့ရှိလျှင် မချက်မပြုတ်, မဖုတ်မကင်, မထောင်းမထုဘဲနှင့် အေးအေးလူလူ စားရမည်တဲ့၊ ဒါကြောင့်မို့လို့ နတ်မင်း မိဖုယားတို့၏ စည်းစိမ် ချမ်းသာကို လိုလား တောင့်တလို့ ဥပုသ် စောင့်ပါတယ်လို့ ပြန် ပြောတယ်တဲ့၊ ဒါ ဖွားအေကြီးတို့က ပြောတာ၊ ဒါ ဖွားအေ အရွယ်ကြီးတွေကို မေးလိုက်တော့ သဘောကျသွားရော။

နောက်တခါ မိကြီး မိထွေး အရွယ်တွေ ကျန်သေးတယ်၊ အဲ မိကြီး မိထွေး အရွယ်တွေကို ချဉ်းကပ်ပြီးတော့ တဖန် မေးလိုက်

ပြန်တယ်၊ အို- မိကြီး မိထွေးတို့ ကျွန်တော်မ ဝိသာခါနှင့် အတူ တကွ ယခု ဥပုသ်သီတင်း ဆောက်တည်ဘို့ ပြုကြတယ်တဲ့၊ အဲ- လူ့ချမ်းသာ လိုလားလို့လား၊ နတ်ချမ်းသာ လိုလားလို့လား၊ နိဗ္ဗာန်ချမ်းသာ လိုလားလို့လား၊ ဘယ်လိုသော ချမ်းသာကို လိုလားလို့ ယခု ဥပုသ်သီတင်း စောင့်ကြပါသလဲလို့ မေးမြန်း တယ်တဲ့၊ မေးတော့ကာ ခုပြောတဲ့ မိကြီး မိထွေးတွေက တခါ ပြန်ပြောတယ်၊ ငါ့တူမ ဝိသာခါ ငါတို့သည် သင်နှင့် အတူတကွ ရှစ်ပါးသော ဥပေါသထသီလကို စောင့်တာဟာ လူ့ချမ်းသာ လိုလားလို့လည်း မဟုတ်ဘူး၊ နတ်ချမ်းသာ လိုလားလို့လည်း မဟုတ်ဘူး၊ နိဗ္ဗာန်ချမ်းသာ လိုလားလို့လည်း မဟုတ်ဘူးတဲ့၊ ငါတို့ ယခု ဥပုသ်စောင့်ခြင်းဟာ ငါတို့အိမ်မှာ ကျန်ရစ်ခဲ့တဲ့ လင်သား များဟာ အင်မတန် ဆိုးတယ်တဲ့၊ ထမင်း ချက်ရာ ဟင်းချက်ရာမို့လို့ မျက်နှာကောင်း မရဘူးတဲ့၊ ရေခပ် ဆန်ဖွပ် က အစ ဘယ်နေရာမှ မျက်နှာကောင်း မရဘူးတဲ့၊ ခဏ ခဏ အထောင်းအထု အရိုက်အပုတ် အနှိပ်အစက် ခံရတယ်တဲ့၊ အဲဒီ လောက် ဆိုးသွမ်း ညစ်ညမ်းတဲ့ လင်တေ, လင်ညစ်, လင်မိုက်, လင်ဆိုးတို့၏ ဘေးဆိုးကြီးမှ လွတ်မြောက်ဘို့ရာ ငါတို့ ရှစ်ပါး သော ဥပေါသထ, သီလကို စောင့်တယ်တဲ့၊ အဲဒါလည်းဘဲ ဝိသာခါ ဒါယိကာမ မှတ်ထားတာပေါ့၊ ဩော်- မိကြီး မိထွေး အရွယ်တွေကတော့ တမျိုး ဆုတောင်းတယ်၊ တမျိုး တောင့်တ တယ်၊ ဖွားအေတွေကတော့ တမျိုး တောင့်တတယ်။

ငါ့အစ်မအရွယ်တွေကို မေးအုံးမှဘဲလို့ အစ်မအရွယ်တွေကို တခါမေးပြန်တယ်၊ အစ်မကြီးတို့- ကျွန်တော်မ, ဝိသာခါနှင့် လိုက်ပြီးသကာလ ယခု ရှစ်ပါးသော အင်္ဂါ ဥပေါသထ သီလကို

စောင့်ကြတာ လူ့ချမ်းသာ လိုလားလို့လား၊နတ်ချမ်းသာ လိုလား လို့လား၊သို့မဟုတ်နိဗ္ဗာန်ချမ်းသာလိုလားလို့လားလို့မေးပြန်တယ်၊ အဲဒီလို မေးလိုက်တဲ့အခါကျတော့၊ တခါ အစ်မကြီးတွေက မကွယ် မထောင့်သောအားဖြင့် ပြောပြန်တယ်၊ ဟော့...ငါ့ညီမ ဝိသာခါ- င ါတို့ ဥပုသ်စောင့်တာ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ နိဗ္ဗာန်တည်း ဟူသော စည်းစိမ် ရတနာတွေကို လိုလားလို့လည်း မဟုတ်ပါဘူး၊ ယခုအခါမှာဆိုလျှင် ငါတို့ အင်မတန် ချစ်ခင်ဖွယ်၊ နှစ်သက်ဖွယ် ကောင်းတဲ့ ဖြူဖြူဖွေးဖွေး လှလှပပ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ဖြစ်တဲ့ သားကောင်းကလေးများ ဖွားမြင်ချင်လို့ ငါတို့လာပြီး ဥပုသ်စောင့်ပါတယ်တဲ့၊ အဲဒါ ဘုရားလက်ထက်ကနေ၁် ခု့မဟုတ် ဘူး၊ သေသေချာချာ မှတ်ထားကြ၊ ဘုရားလက်ထက်က တကယ် နိဗ္ဗာန်ကူးအရှင်တွေ၊ အဲဒါတောင်မှ အဝိဇ္ဇာ ဝင်နေတော့ သူတို့ ဆုတောင်းပုံ ကလေးတွေဟာ ဘယ်လောက် လှသလဲဆိုတာ ကြည့်စမ်း၊ အဲဒါ အစ်မကြီး အရွယ်တွေက ဆုတောင်းတာ။

တခါ ညီမလေး အရွယ်တွေ ရှိသေးတယ်၊ အဲဒီလို ညီမလေး အရွယ်တွေထံ တခါ ချဉ်းကပ်ပြီးတော့ မေးပြန်တယ်၊ အဲ ညီမလေး တို့- အစ်မကြီး ဝိသာခါနှင့် အတူတကွ ဥပုသ်သီတင်းဆောက် တည်ခြင်း ပြုကြတာဟာ လူချမ်းသာ လိုလားလို့လား၊ နတ်ချမ်း သာ လိုလားလို့လား၊ နိဗ္ဗာန်ချမ်းသာကို လိုလားလို့လား၊ ဘယ်လို သော စည်းစိမ်ချမ်းသာ ရတနာများ လိုလားလို့ အစ်မကြီးနှင့် အတူတကွ လိုက်ပြီး ဥပုသ် သီတင်း ဆောက်တည်ကြသလဲလို့ မေးပြန်တယ်၊ မေးတဲ့ အခါကျတော့ ဘယ်လို ပြန်ဖြေသလဲ ဆိုတော့—

ဝိသာခေ၊ အစ်မကြီး ဝိသာခါ။ မယံ၊ ရှုဘွယ်ပျိုနု
ကျွန်တော်မ တစုတို့သည်။ တရုဏာဘာဝေ ယေဝ၊ နုနု
ပျိုပျို ယဉ်ယဉ်ကျေးကျေး ယခုလိုငယ်ငယ်ကလေးကပင်။
ပတိကုလံ၊ ချစ်ခင်ကြင်နာ လင်ရတနာအိမ်သို့။ ဂမနတ္ထာ-
ယ၊ လျှင်လျှင်ဆောစွာ လိုက်ပါရခြင်း အကျိုးငှါ။ ဥပေါ
သထံ၊ ဥပုသ်ကို။ ဝသိဿာမ၊ ကျင့်သုံး ကြပါကုန်၏။
သီလံ၊ သီလကို။ ရက္ခိဿာမ၊ စောင့်ရှောက်ကြပါကုန်၏။

အဲ - မကွယ်မထောက် ဖြောင့်သောအားဖြင့် ဒီညီမလေး တွေက ပြန်ပြောတယ်၊ **အစ်မကြီး ဝိသာခါ**တဲ့- ကျွန်မတို့ ဥပုသ် စောင့်တာ လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့ကို လိုလားလို့ မဟုတ်ပါဘူး၊ ယခုလို ငယ်ငယ်ရွယ်ရွယ်က ခင်ပွန်းသည် ရတနာအိမ်သို့ လျှင်မြန်စွာ လိုက်ပါရခြင်း အကျိုးငှါ ဥပုသ် စောင့်ပါတယ်တဲ့၊ ခုမဟုတ်ဘူး၊ အဲဒါသေသေချာချာ တွေးကြည့်၊ ဘုရားလက်ထက်က ဥပုသ်သည်တွေ ပြောဆိုတဲ့ စကား ဝိသာခါ နားမှာ ကြားတော့ ဝိသာခါက အရိယာ သောတာပန်ကြီးဆို တော့ အင်မတန် ခက်သွားတာပေါ့၊ မဖြစ်ဘူး၊ မဖြစ်ဘူး ဒီပရိ သတ် ငါ ဟောလို့ရမှာ မဟုတ်ဘူး၊ ငါ့ပရိသတ် မဟုတ်ဘူး၊ဘုရား ပရိသတ် ဖြစ်ရမည်၊ ငါဘုရားထံ အကုန်ခေါ်မှဘဲ ဆိုပြီးတော့ အဲအဖွားအေ အရွယ်နှင့်တကွ ညီမအရွယ်ကျအောင် ငါးရာသော သီတင်းသည်တို့ကို ဘုရားထံ ခေါ်သွားတယ်တဲ့၊ အဲဒီလို မြတ်စွာ ဘုရားထံ ဝိသာခါ ခေါ်သွားတော့ ဘုရား ကိုယ်တော်မြတ်ကြီး ငါးရာသော သီတင်းသည်နှင့် ဝိသာခါ လာတာ မြင်လိုက်တော့ ပြုံးတော်မူတယ်။

အဲဒီလို မြတ်စွာဘုရား ပြုံးတော်မူတော့ ညီတော်အာနန္ဒာက မြင်လိုက်တော့မှ အရှင်ဘုရား ဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသလဲလို့ လျှောက်ထားတယ်၊ အာနန္ဒာတဲ့- ဟိုက လာတဲ့ ဝိသာခါပရိသတ်ဟာလေ ငါဘုရားနှင့်ပက်ပင်းပါ တွေ့ပါ လျက်သားနှင့် ကြည့်စမ်း မတောင့်တ မပန်ကြားအပ်တဲ့ ဆုတွေကို တောင့်တ ပန်ကြားနေကြတယ်တဲ့၊ မြတ်စွာဘုရားက ပြန်ပြော တယ်၊ဒါဖြင့် ဘုရား မသိမလိမ္မာ မှောက်မှားတဲ့ဒကာ ဒကာမများ ကိုမေတ္တာရှေ့ထား၍အရှင်ဘုရားဆုံးမတော်မူပါ ဘုရားလို့ ညီတော် အာနန္ဒာက လျှောက်ထားတယ်၊ အဲဒီလို ညီတော်အာနန္ဒာက လျှောက်ထားတော့မှ ဝိသာခါနှင့်တကွ ငါးရာသောသီတင်းသည် တို့ကို ကာမဂုဏ်၏ အာဒီနဝ အပြစ်တွေကို မမြင်မြင်အောင် မြတ်စွာဘုရား ပြတယ်၊ အဲဒီလို ကာမဂုဏ်၏ အာဒီနဝ အပြစ် တွေကို မမြင်မြင်အောင် ပြလိုက်တော့ ကြောက်သွားတာပေါ့၊ ကြောက်သွားတော့မှ အားထားရာ ထောက်တည်ရာ မှီခိုရာဖြစ်တဲ့ တရားထူး တရား မြတ်ကြီး ရသွားတယ်၊ မြတ်စွာ ဘုရားက နောက်ဆုံး—

သိဝံ ပတ္ထေထ ဝိသာခေ၊ သိဝံ ပတ္ထေတွာန ဒါနံ
ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ။

ဝိသာခေ၊ ချစ်သမီး ဝိသာခါ၊ သိဝံ၊ နိဗ္ဗာန်ကို။ ပတ္ထေထ၊ တောင့်တကြပါကုန်လော့။ သိဝံ၊ နိဗ္ဗာန်ကို။ ပတ္ထေတွာန၊တောင့် တ၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ သီလံ၊ သီလကို။ရက္ခိ တဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဘာဝနာ၊ ဘာဝနာကို။ ဘာဝေ တဗ္ဗာ၊ ပွားများအပ်၏။

အဲဒါ မြတ်စွာဘုရား ကိုယ်တော်တိုင် ဝိဿာခါနှင့် တကွ ငါးရာသော သီတင်းသည်တို့ကို ပြန်ဟောတာ၊ အဲဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ကာမဂုဏ်၏ အာဒီနဝ အပြစ်နှင့် တကွ မဂ်ဖိုလ်မဂ္ဂနိဗ္ဗာန်၏ အကျိုးအမြတ်တို့ကို ပြလိုက်တော့မှ ငါးရာသော သီတင်းသည်တို့သည် တထိုင်တည်း ဝိပဿနာလုပ်ငန်းကို တချက်တည်း ရသွားလိုက်တာ အကုန် **သောတာပန်** တည်သွားတယ်၊ ကိုင်း **သောတာပန်** အရိယာ လောင်းကြီးတွေ မဟုတ်လားလို့၊ ဒီလို သောတာပန် အရိယာ လောင်းကြီးတွေ တောင်မှ မတောင့်တ မပန်ကြားအပ်တဲ့ ဆုတွေ ပန်ကြားတာ သက်သေခံ ထင်ရှားရှိလို့ ပြောပြတာ၊ ခုဒကာ ဒကာမတွေလည်း မတော်တဆ မဟုတ်တာတွေ တောင်းပြီးတော့ မတော်တဲ့ဒါန ပြုရက်သားနှင့် ဒါနနှင့် နိဗ္ဗာန်မရဘဲ သီလစောင့် ရက်သားနှင့် သီလနှင့် နိဗ္ဗာန်မရဘဲ ဝေးကွာသွားမှာ စိုးလို့ အကြိမ်ကြိမ် တိုက်တွန်းဟောနေတာ၊ ဒီတော့ ဆုတောင်း မမှား ရလေအောင် သတိထားပြီး ကိုင်း ကြိုးစား အားထုတ်ကြ။

## ဇမ္ဗုက ချတ်ခဏ်း

အဘိဓမ္မာဒေသနာ၊ အဘိဓမ္မာဒေသနာဆိုတာ လူ့ပြည်မှာ မဟောဘူး၊ ဘယ်မှာ သွားဟောသလဲ ဆိုတော့ ဟိုတာဝတိံသာ နတ်ပြည်မှာ မြတ်စွာဘုရား ၆-ဝါလွန် ၇-ဝါ မြောက် မယ်တော် မိနတ်သား အမှူးရှိသော နတ်ဗြဟ္မာ အပေါင်းတို့အား သွားဟော တယ်၊ ဘာဟောသလဲ၊ မမ္မသင်္ဂဏီကျမ်းကို စ,ဟောတယ်။

ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ။

ကုသလာ အနဝဇ္ဇ သုခ ဝိပါကလက္ခဏာ၊ အပြစ်မရှိကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်သော။ ဓမ္မာ, နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အဲဒါ သေသေချာချာ မှတ်ထား၊အဓိပ္ပါယ်သိပ်ကောင်းတယ်၊ အကုသိုလ်ရယ် ကုသိုလ်ရယ် နှစ်မျိုးရှိတယ်၊ ဘုရား ဟောတာ၊ အကုသိုလ်သည် မုချ ကေန် ဆတ်ဆတ် မကောင်းကျိုးကို ပေးမည်၊ ကုသိုလ်သည် မုချ မြေကြီး လက်ခတ် မလွဲ ကောင်းကျိုးကို ပေးမည်၊ အဲဒီ စကား နှစ်ပြင်လေးကို ဆင်ခြင်ပြီး တော့ သုံးသပ်ကြစမ်း, ဉာဏ်နှင့် ဉာဏ်နှင့် တရားနာတယ်ဆိုရင် ဉာဏ်စခန်းလေးနှင့် နာရတယ်၊ ဘယ်လို ဉာဏ်စခန်း သိရ မလဲ၊ ပါဏာတိပါတကံ အစရှိသော အကုသိုလ် ဒုစရိုက်၊ အဲဒီ လို အကုသိုလ် ဒုစရိုက်တရားဟာ ကောင်းကျိုးကို မပေးဘူး၊ မကောင်းကျိုးကိုသာ သူပေးတယ် ဆိုတာဟာ ဉာဏ်မြင်ဘို့လို့ ပေါ့၊ အကုသိုလ်သည် ကောင်းကျိုး မပေးဘူး။

**ပါဏာတိပါတကံ**—သူ့အသက် သတ်တဲ့ပုဂ္ဂိုလ်သည် ကောင်းကျိုး မပေးနိုင်။

**အဒိန္နာဒါနကံ**—အရှင် မပေးသော သူ့ဥစ္စာခိုးသူ ဘယ်တော့မှ ကောင်းကျိုး မပေးနိုင်ဘူး။

**ကာမေသုမိစ္ဆာစာရကံ**—သူ့သား အိမ်ယာ လွန်ကျူးတဲ့ ပုဂ္ဂိုလ် ကောင်းကျိုး မပေးနိုင်ဘူး။

**မုသာဝါဒကံ**—မဟုတ်မမှန် ဖောက်ပြန်ချိုယွင်းတဲ့စကားကိုပြောဆိုတဲ့သူ ကောင်းကျိုးကို မပေးနိုင်ဘူး။

**ပိသုဏာဝါစာ**—သူနှစ်ယောက် တို့၏ အချစ်ကို မလို မုန်းထား ဂုံးချောသော စကား ပြောဆိုခြင်းသည် ဘယ်တော့မှ ကောင်းကျိုးကို မပေးနိုင်ဘူး။

**ဖရုသဝါစာ**—သူတပါး နားမှာ မခံသာအောင် ကြမ်းတန်းသော စကား ပြောဆိုခြင်း အကုသိုလ် တရားသည် ဘယ်တော့မှ ကောင်းကျိုး မပေးနိုင်ဘူး။

**သမ္ဖပ္ပလာပဝါစာ**— သိမ်ဖျင်းသော စကားကို ပြောဆိုသော သူများလည်း ဘယ်တော့မှ ကောင်းကျိုးကို မပေးနိုင်ဘူး။

ဒါဖြင့်ရင် အခု တရားနာတဲ့ ပရိသတ်ကြီးက ကိုယ်ပိုင်ဉာဏ်ကလေးနှင့် တွေးကြစမ်း၊ ကောင်းကျိုးလိုတဲ့ ပုဂ္ဂိုလ်တွေလား မကောင်းကျိုးလိုတဲ့ ပုဂ္ဂိုလ်တွေလားလို့ တွေးကြည့်ပေါ့၊ မိမိတို့သည် အမှန်အကန် အလိုရှိတာက ကောင်းကျိုး အလိုရှိတယ်၊ မကောင်းကျိုးကို ဘယ်လိုနည်းနှင့်မှ နားမှာ လေသံတောင် မကြားချင်ဘူး၊ မကောင်းကျိုးကို ဘယ်အခါမှ မနှစ်သက်ဘူး၊ ကောင်းကျိုးကိုသာ နှစ်သက်ကြတယ်၊ ဒီတော့ စင်စစ် မုချအားဖြင့် ကောင်းကျိုး, မကောင်းကျိုး နှစ်မျိုး နှစ်စားတို့တွင်

ကောင်းကျိုးက ဘယ်သူပြုတာလဲ၊ မိမိပြုတာဘဲ၊ မကောင်းကျိုးကကော မိမိပြုတာဘဲ၊ ဒါဘယ်သူမပြု မိမိမှုတဲ့။

ဘယ်သူမပြု၊ မိမိမှု၊ အကုတရား၊ ထိုအမှားကား၊
တပါးမခံ၊ ယင်းဘေးဒဏ်၊ ပြန်၍တုံ့မြဲ၊ မှန်မလွဲ လို—

ပညာရှိများ စပ်ဆိုထားတယ်၊ အဲဒီ အကုသိုလ်တည်းဟူသော အကြောင်းတရားဟာ သူတပါးကို ပေးတာ မဟုတ်ဘူး၊ မိမိကိုယ်ကို ပေးတာ၊ ကုသိုလ်တည်းဟူသော အကြောင်းတရားသည် ကောင်းကျိုး ဆတ်ဆတ် ကေန်ပေးနိုင်တယ်၊ ဒီတော့ တို့ ပရိသတ်ကြီးကလည်း ဝိပဿနာအားထုတ်တဲ့ ယောဂီလည်း ပါမှာပါဘဲ၊ အလွတ်လူတွေလည်း ပါကြမှာပေါ့၊ ဒီကနေ့အဘို့ ဆိုတာကတော့ ပျမ်းမျှပြီးတော့ ဟောရမည့် တရားကိုး၊ အဲဒီတော့ ဓမ္မစကြာတရားလေးလည်း နည်းနည်းပါးပါး ပါသွားရအောင် မှတ်လည်း မှတ်သားမိအောင် နဲနဲလည်း အာရုံစိုက်ပြီးတော့ မှတ်ကြပေါ့၊ မကောင်းမှုသည် မကောင်းကျိုးကို မုချ ပေးတယ်ဆိုတာ ဉာဏ်လှန်ရွေ ရင့်ဘို့ ကောင်းမှု ကုသိုလ်သည် မုချ ကေန် မလွဲ ကောင်းကျိုးကို ပေးမည်ဆိုတာကိုလည်း ဉာဏ်ထဲမှာ ပိုင်နိုင်ဘို့ သက်သေခံကလေး ထုတ်ကြစို့။

## ဇမ္ဗုကဝတ္ထု

တို့-မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် လက်ထက်တော် အခါကာလက ဇမ္ဗုက,ဆိုတဲ့ ပုဂ္ဂိုလ်အကြောင်းကို ဟောမည်သို့၊ ဇမ္ဗုက, ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုလူစားလဲဆိုတော့ သူဟာ

သူဌေးသားဘဲ၊ ပစ္စည်း အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေး
သား၊ သူဌေးသားပင် ဖြစ်သော်လည်း သူ့အမေ အဖေက
**မိစ္ဆာ**ဒိဋ္ဌိလူမျိုး၊ မိစ္ဆာဒိဋ္ဌိလူမျိုး ဝမ်းထဲမှာ ပဋိသန္ဓေ နေပြီး
တော့ ဖွားမြင်လာတဲ့အခါ တော်တော်လေး လူလားမြောက်
လို့ မိမိလက်ခြေဖြင့် သွားနိုင်လာနိုင်တဲ့ အခါက စပြီးတော့
ထို ဇမ္ဗုကဟာ ဘာကို စားသလဲ၊ မိဘတို့ ကျွေးတဲ့ အာဟာရ
ခဲဘွယ်ကို မစားဘူးတဲ့၊ ဘာသူစားလဲ "သူ့ ကိုယ်မှ ထွက်တဲ့ မစင်
ကျင်ကြီးကိုသာ သူစားတယ်" မိဘက ဘယ်လို အောက်မေ့သလဲ၊
ဩော်-ကလေး ငယ်သေးလို့ဘဲလို့ ဒီလို **အောက်မေ့**တယ်၊ ပုဆိုး
အဝတ်တန်ဆာများ ပေးတယ်၊ ပုဆိုးအဝတ် တန်ဆာတို့ ဆိုရင်
အနားတောင် မကပ်ရဘူး၊ မဆည်းဘူး၊ "ကိုယ်ချည်း တုံးလုံး အ
ချည်းနှီးနေတာဘဲ" အိပ်တဲ့အခါ ကောင်းစွာမွန်စွာ သူဌေးသား
ဖြစ်သောကြောင့် အိပ်ရာနေရာခင်းပေးလည်းမအိပ်ဘူး၊ဘယ်သွား
အိပ်သလဲ၊ "မြေကြီးပေါ် သွားအိပ်တယ်" အဲဒါ သေသေချာချာ
စဉ်းစားကြ- စဉ်းစားကြ၊သူဌေးသား၊အဲဒီ ဇမ္ဗုကဟာ ဒီလို **ဝိပါ
က**ဿရာယ်ခံရတဲ့ အကြောင်းတရားဟာ ဘယ်က လာသလဲ
ဆိုတော့၊ ဟို-**ကဿပ**ဘုရား လက်ထက်က လာတယ်၊ ကဿပ
ဘုရားလက်ထက်က တခုသောရွာငယ်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝ
ချမ်းသာတဲ့ ဒါယကာ တယောက်က ကျောင်းများ ဆောက်လုပ်
ပြီးတော့ ပစ္စည်းလေးပါးနှင့် တကွ ကိုးကွယ်ခြင်း ခံရတဲ့ ဘုန်း
ကြီးပေါ့။

ဇမ္ဗုကဟာ ကဿပဘုရားလက်ထက်က ရဟန်း၊ အဲဒီ ရဟန်း
ကို သူကိုးကွယ်ထားတာ နေ့စဉ် ကျောင်းဒကာ သူကြွယ်အိမ်
မှာ အမြဲ ဆွမ်းဘုဉ်းပေးရတယ်၊ တနေ့သဉ္ဈ ရဟန္တာတပါး ဆွမ်းခံ

ကြွလာတဲ့ အခါကျတော့ သူဌေးက ထိုရဟန္တာ၏ ဣန္ဒြေ မြင်လိုက်တဲ့အခါ အလွန်ကြည်ညိုတာကိုး၊ ရဟန္တာတို့ ဣန္ဒြေက ကြည့်လိုက်ရတယ်ဆိုရင်ဘဲ ကိလေသာ အာသဝေါကင်းစင်လို့ ရဟန္တာဖြစ်လေတော့အင်မတန်စင်ကြယ်သန့်ရှင်းတာပေါ့၊အသွား အလာ အနေအထိုင် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံပြီး အင်မတန် တင့်တယ်တဲ့ ကြက်သရေ ရှိတယ်၊ အဲဒီလို တင့်တယ်တဲ့ ကြက်သ ရေရှိတော့ ကျောင်းဒကာကအင်မတန် နှစ်သက်ကြည်ညိုပြီး အိမ် ကို ပင့်တာပေါ့၊ အိမ်ကို ပင့်ပြီးတော့ ကောင်းစွာမွန်စွာ အမြိုက် အရသာတို့နှင့် ဆွမ်း ကွမ်းမျှား လုပ်ကျွေးတယ်တဲ့၊ လုပ်ကျွေးပြီး တော့ ဘယ့်နှယ် လျှောက်သလဲဆိုလျှင် အရှင်ဘုရားတဲ့ အရှင် ဘုရားလည်းဘဲ ဆံပင်တွေလည်း ရှည်လှပါပြီ အရှင်ဘုရား၊ အရှင် ဘုရား တပည့်တော်ကျောင်းကို ကြွပြီးတော့ သီတင်းသုံးတော် မူပါ အရှင်ဘုရား၊ တပည့်တော် ဆတ္တာသည် ခေါ်ပြီးသကာလ အရှင်ဘုရား၏ ဆံပင်များရိတ်ပယ်ပေးပါမည် အရှင်ဘုရား၊မကြာ မြင့်မီ တပည့်တော် လိုက်လာပြီးတော့ ညောင်စောင်းများလည်း ယူခဲ့ပါမည်ဘုရား၊ တပည့်တော် ယခု အဝတ်လျှာ ပုဆိုးကိုလည်း အလှူခံတော်မူပါဘုရား၊ လျှော်ဖွပ်ပြီးတော့လည်း သင်္ကန်းအဖြစ် ဖြင့်လည်း သုံးဆောင်တော်မူပါ ဘုရားလို့ လှူတာကိုး၊ အဲဒီလို လှူပြီးတော့ သူကိုးကွယ်တဲ့ ရဟန်းနှင့် အတူတကွ ကျောင်းကို ထည့်လိုက်တယ်။

အဲဒီလို သူကိုးကွယ်တဲ့ ရဟန်းနှင့် အတူတကွ ကျောင်းကိုထည့် လိုက်တော့၊ ကျောင်းကျတော့ ဒီဇကျောင်းနေ ရဟန်းက—

လာဘာမစ္ဆရိယ,

ကုလမစ္ဆရိယ,

အာဝါသမစ္ဆရိယ,

ဝဏ္ဏမစ္ဆရိယ,

ဓမ္မမစ္ဆရိယ,

ဆိုတဲ့ မစ္ဆရိယတရား ငါးပါးရှိတယ်၊ အဲဒီ မစ္ဆရိယ တရား ငါးပါးမှ သူဘယ်လို ဖြစ်လာသလဲ၊ ဒီ ကျောင်းဒကာဟာ ငါ့ သူ့ကျောင်းမှာ နေတာ ကြာမြင့်လှပြီ၊ တခါမှ ငါ့ကို သည် လောက် မချီးမြှောက်ဘူး၊ အခုကြည့်စမ်း "ခုမှပေါ်ထင် ရွှေ ကြာပင်" ခေတ္တခဏ ရောက်လာတဲ့ ရဟန်းကို သူ အင်မတန် လေးစားတယ်၊ အခု ဆွမ်းတွေ ကွမ်းတွေ လှူလိုက်တာလည်း အင်မတန် ဖွယ်ရာတယ်၊ ပြီးတော့ အခု ဆတ္တာသည်လည်း ခေါ် လာမည်တဲ့၊ အဝတ် ပုဆိုးကြမ်းကိုလည်း သူလှူမည်တဲ့၊ ညောင် စောင်းကိုလည်း လှူမည်တဲ့။

ဒါနဲ့ မကြာမြင့်မီ ကျောင်းဒကာက ဆတ္တာသည် ခေါ်ပြီး တော့ ကျောင်းလိုက်လာတယ်၊ ညောင်စောင်းများ ကျကျနန နေရာထိုင်ခင်း ခင်းပြီးတော့၊ အဲ ညောင်စောင်းများ ခင်းပြီး သကာလ ဆတ္တာသည်နှင့် ဆံပင်များ ရိတ်ပြီး ကျောင်းဒကာက လျှောက်တယ်၊ အရှင်ဘုရားတို့ ဘုရား နက်ဖြန်ခါ နံနက် တပည့် တော်အိမ်ကို ဆွမ်းခံ, ဆွမ်းစား ကြွတော်မူပါ ဘုရားလို့ သူကိုး ကွယ်တဲ့ ရဟန်းနှင့် အတူတကွ ပင့်တယ်၊ အဲဒီလို ပင့်တော့ သူ့ ကျောင်းထိုင်ပုဂ္ဂိုလ်က မနာလိုဘူး၊ မနာလိုတဲ့အတိုင်း ညကျတော့

ကျောင်းဒကာ ပြန်သွားတဲ့အခါ ဘယ့်နဲ့သူပြောသလဲဆို သေသေ ချာချာ နားထောင်ကြနော်၊ မှတ်လည်းထားကြ၊ မေ့လည်းသွား အုံးမည်၊ လောကမှာ အကုသိုလ်တရားဟာ အင်မတန်ကြောက် စရာကောင်းကြောင်း ဒီရဟန်းနှင့် သူချဉ်းကပ်ပြီးတော့ စကား ပြောတယ်၊ စကားပြောတော့ ဘာပြောသလဲဆိုတော့—

အရှင်ဘုရားတဲ့ အရှင်ဘုရား— အခု ညောင်စောင်းကို လာ လှူလို့ အိပ်ရတာ၊ ဒီ ကျောင်းဒကာ ညောင်စောင်း အိပ်ရတာ ထက် အရှင်ဘုရား မြေကြီး အိပ်ရာတာက မြတ်ပါသေးတယ်တဲ့ ပြောပုံက၊ အရှင်ဘုရား သူလှူတဲ့ အဝတ်သင်္ကန်း ဝတ်ရုံရတာ ထက် ကိုယ်ချည်း တုံးလုံးနေရတာက မြတ်ပါသေးတယ်၊ အရှင် ဘုရား သူလှူတဲ့ ဆွမ်းအာဟာရ သုံးဆောင်ရတာထက် စင်စစ် အားဖြင့် မစင်စားတာက မြတ်ပါသေးတယ်၊ သူ့ဆတ္တာသည်နှင့် ခေါင်းရိတ်ပေးတဲ့ အမွေးကို ဒီ သူရိတ်ပေးတာထက် ထမ်းစစ် ညှပ်နှင့် ညှပ်ပြီးသကာလ ကိုယ့်အမွေး ကိုယ်နုတ်ရတာက မြတ်ပါ သေးတယ်တဲ့။

လေးခွန်းနော် မှတ်ထားကြ၊ အဲဒီလို သူစွပ်စွဲ ဆဲရေးတယ်၊ ဆဲရေးတဲ့ အခါကျတော့ အပြောခံရတဲ့ ရဟန္တာ မထေရ်မြတ်က ဩော်-ဒီပုဂ္ဂိုလ် တယ်ပြီးတော့ ရိုင်းစိုင်းတဲ့ ပုဂ္ဂိုလ်ပါလား၊ ငါ့ အကြောင်းပြုပြီးတော့ ကေန်မုချ သူတော့ဖြင့် အပါယ်ကျတော့ မည်၊ ငါနေလို့တော့ မလျော်ဘူး ဆိုပြီးတော့ အကာလ ညအခါ မှာပင် ရဟန္တာကိုး၊ အဘိညာဏ် တန်ခိုးနှင့် တခြား ကြွသွား တာပေါ့၊ သူက မသိဘူး၊ ဒီရဟန်းတော့ဖြင့် ကျိန်းစက်နေတယ်လို့ အောက်မေ့တာပေါ့၊ နံနက် လင်းတဲ့ အခါကျတော့ မဖြစ်ဘူး

ဒီရဟန်းကို ငါ့ကျောင်းဒကာအိမ် ခေါ်သွားရင် ဒီတခါလိုက်လာရင် ဒီကျောင်းမှ ခွါမည့်ပုဂ္ဂိုလ် မဟုတ်ဘူး၊ ငါ သူ့ကို မခေါ်ဘဲ သွားမှ တော်မည်၊ သို့သော် ငါကတိကဝတ် ရှိတဲ့အတိုင်းတော့ လုပ်မှာဘဲလို့ သူက ဘာလုပ်သလဲဆိုတော့ "တံခါးကို လက်သည်းကလေးနှင့် ခြစ်တယ်" ပြီးတော့လည်း ကျောက်စည် ခေါင်းလောင်းကို ထိုးတဲ့ပုံနှင့် ထိုးတာ မဟုတ်ပါဘူး၊ လက်သည်းကလေးနှင့် ခြစ်သွားတယ်၊ ပြီးတော့ သူသွားရော သူချည်း တပါးထဲ၊ ဟိုကျတော့ ကျောင်းဒကာကလည်း ကောင်းစွာမွန်စွာ အမြိုက်အရသာနှင့် နှစ်ပါးအတွက် ပြုလုပ်ထားတယ်၊ သူတပါးတည်းကြွသွားတယ်၊ ခုနက ပြောတဲ့ အာဂန္တုက ရဟန်း မပါဘူး၊ အရှင်ဘုရား- အာဂန္တုက ရဟန်းကောလို့ မေးလျှောက်တော့ "မပြောပါနှင့် ဒကာရယ်၊ မင်း ဘုန်းကြီးဟာ မင်း မနေ့က အမြိုက်အရသာတွေ ကျွေးလို့ တကတဲ အိပ်ရာနေခေါင်းနှင့် ကောင်းစွာမွန်စွာ ပေးတဲ့ အတွက်ကြောင့် အိပ်လိုက်တာ တညလုံး ငါလည်း နံနက်စောကြီးက ထပြီးတော့ ရေမိုးခပ် တံမြက်စည်းတွေဘာတွေလှည်း၊ နိုးမလားလို့ ကြမ်းကြမ်းတန်းတန်း လုပ်တာဘဲကွဲ့၊ မနိုးဘူး၊ ဒါနဲ့ ငါ ကျောက်စည် ခေါင်းလောင်းတွေ ထိုးတာဘဲကွဲ့၊ မနိုးဘူးဒါနဲ့ ငါ ထားပစ်ခဲ့တယ်၊ဒီလိုပြောတော့ ကျောင်းဒကာက စဉ်းစားတယ် ကေန်မုချ ဒီပုဂ္ဂိုလ်ပြောတဲ့အတိုင်း မှန်မှာမဟုတ်ဘူး၊ တကယ်ဆိုလျှင် ဒီပုဂ္ဂိုလ်၏ ဣန္ဒြေဟာ အင်မတန်ရင့်ကျက်တဲ့ ပုဂ္ဂိုလ် ဒီလောက်လည်း အိပ်မှာမဟုတ်ဘူး၊ သို့သော်လည်း ရှိစေတော့ ဆိုပြီးတော့ သူ့ဆွမ်းကပ်၊ဆွမ်းပါ ကပ်ပြီးတော့ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်ကို ယူပြီး ကောင်းစွာ မွန်စွာ စင်ကြယ်အောင် ဆေးပြီးတော့မှ အရှင်ဘုရား-တပည့်တော် ဆရာဘုဉ်းပေး

ရအောင် လှူဒါန်းတော်မူပါ အရှင်ဘုရားလို့ ဆိုပြီး သူ့သပိတ်ထဲမှာ ထည့်ပြီးတော့ ပို့လိုက်တယ်။

အဲဒီတော့ သူ့ယူလာတာပေါ့၊ ယူလာပြီးတော့ ငါဒီဆွမ်းကို ဒီရဟန်းအား ကျွေးရင် နေရာကျမှာ မဟုတ်ဘူး ဆိုပြီး "လမ်းမှာ သွန်ပစ်ခဲ့တယ်" အဲဒါ သေသေချာချာ စဉ်းစား၊ စဉ်းစား၊ ဘယ်လောက် ကြောက်စရာကောင်းသလဲဆို အကုသိုလ်ဒုစရိုက်တရားဟာ သိပ်ကြောက်ဘို့ ကောင်းတယ်၊ အဲဒါနဲ့ ကျောင်း ရောက်သွားလို့ ကြည့်လိုက်တဲ့ အခါကျတော့ သူထင်တဲ့ အတိုင်း မဟုတ်၊ ရဟန်း မရှိတော့ဘူး၊ ရဟန်း မရှိတော့မှ ယူကျုံးမရ ဖြစ်တာပေါ့၊ ငါတော့ မှားပြီ" တကယ့် သူတော်ကောင်း ငါတော့ ပြစ်မှားမိသွားပြီ၊ **အရိယူပဝါဒကံ** ထိုက်နေပြီ၊ အရိယာ ပြစ်မှားမိတဲ့ ကံထိုက်နေတယ်၊ ဒီ ပုဂ္ဂိုလ်ကလည်း ဘယ်နေမှန်း မသိတော့ မကန်တော့ရဘူး၊ မကန်တော့ရတော့ သူဟာ ဘယ်လောက် ကျင့်သလဲဆို အနှစ်နှစ်သောင်းကျင့်တယ်၊နည်းတာ မဟုတ်ဘူး၊ ရဟန်းတရားကို အနှစ် နှစ်သောင်း ကျင့်တာ၊ ဒီ အနှစ်နှစ်သောင်း ကျင့်တာဟာ ရဟန်း သိက္ခာပုဒ်နှင့်အညီ ရဟန်းတရားကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အနှစ် နှစ်သောင်းကျင့်တာ မရဘူး၊ မရတဲ့အပြင် အရိယူပဝါဒကံသည် ဘယ်လောက်ကြီးသလဲဆိုတော့ သေသည့် အခြားမဲ့၌ အဝီစိငရဲ ကျတယ်၊ အဲအကုသိုလ်ကံများ ကြောက်ဘို့ ကောင်းတာ၊ ဘယ်လောက်များလို့လဲ၊ နည်းနည်းလေး ပြစ်မှားတာ၊ သေသေချာချာ တွေးကြည့်နော်၊ တစိမ့်စိမ့် စဉ်းစားမှ ကြောက်စရာကောင်းတာ၊ အကုသိုလ်ဟာ တခါတည်း အဝီစိကျသွားတယ်၊ အဝီစိကျသွားတော့ အဝီစိမှာ ဘယ်လောက်ကြာကြာ နေရသလဲ ဆိုတော့—

တို့ ကဿပဘုရား လက်ထက်မှ ဂေါတမဘုရား ကြားမှာ ဆိုတော့ မြေကြီးဟာ တယူဇနာနှင့် သုံးဂါဝုတ် တက်တယ်၊ အဲဒီလောက် ကြာတော့မှ တို့ ဂေါတမ မြတ်စွာဘုရား ပွင့်တယ်၊ အဲဒီ ဂေါတမ မြတ်စွာဘုရား ပွင့်တော့မှ ခုနက ပြောတဲ့ ဇမ္ဗုက ဆိုတဲ့ ဘဝ ရောက်လာတယ်၊ သူဌေးသား လာဖြစ်တယ်၊ ရာဇဂြိုဟ်ပြည်မှာ သူဌေးသား ဇမ္ဗုက အမည်နှင့် လာဖြစ်တော့ တော်တော်လေးကြီးပြီး လူလားမြောက်တဲ့အခါ သူ့ သိက္ခာပုဒ် သူမလျော့ဘူး၊ ခုနက ပြောသလို အဝတ် မဝတ်ဘူး၊ ထမင်းမစား ဘူး၊ မစင်သာ စားတယ်၊အိပ်တဲ့အခါ ကောင်းစွာမွန်စွာ အိပ်ရာ မှာ မအိပ်ဘူး၊ မြေကြီးမှာဘဲ အိပ်တယ်၊ အကုသိုလ် ကံကြွင်း မကုန်တာ မကုန်တာ၊ အဝီစိလည်း ပြောင်းပြန် ခံလာရတယ်၊ အဝီစိကလွတ်လာလို့ လူ့ပြည်ရောက်လာပြီး ကံကြွင်းကို ခံရတယ်။

အဲဒါနဲ့ မိဘနှစ်ပါးက စဉ်းစားတာပေါ့၊ မဖြစ်ဘူး၊ သိပ်ရှက် စရာ ကောင်းတာဘဲ၊ တို့ အမျိုး၏ ကြက်သရေလည်း မရှိ၊ ဂုဏ်လည်း မရှိ၊ ဒီ အကောင်တော့ဖြင့် တို့ **အစေလက** တွေထံ ပို့မှဘဲလို့ ရှေးက အစေလကတွေ ရှေးက အဝတ်မဝတ်တဲ့ တိတ္ထိတွေ ရှိသေးတယ်၊ သူတို့ဘုရားက တယ်လွယ်တယ်၊ အဝတ်မဝတ်ရင် ဘုရားဖြစ်တာဘဲ၊ တခါတည်း အဲဒီတော့မှ တိတ္ထိတွေ ခုနကပြောတဲ့ အစေလကတွေထံ ပို့ရရော၊ အရှင်ဘုရား တပည့်တော် သား ရဟန်းပြုတော်မူပါလို့၊ အေးကောင်းပြီ၊တယ် လွယ်တာကိုး၊ နဂိုရ် ကမှ အဝတ်မှ မဝတ်ဘဲ၊ ဇမ္ဗုက အဝတ် မဝတ်တော့ သူတို့လို အဝတ် မဝတ်ချင်း တူသွားတော့ ရဟန်းဖြစ်သွားတာပေါ့၊ ရဟန်း ဖြစ်သွားတော့ မိဘနှစ်ပါးက ပင့်တယ်၊ အရှင်ဘုရား နက်ဖြန် ကာကျ တပည့်တော်တို့အိမ် ဆွမ်းခံ ကြွတော်မူပါဘုရား၊ ဆွမ်းခံ ဆွမ်းစားကြွတော်မူပါဘုရားလို့ ပင့်သွားတယ်။

ပင့်သွားတော့ မနက် မိုးသောက် အလင်းရောက်တဲ့ အခါ ခုပြောတဲ့အစေလကတွေ ဆွမ်းခံသွားမည့်ကြံတော့ သူ့ခေါ်တာပေါ့၊ ဇမ္ဗုက, ကိုင်း-ဆွမ်းခံသွားမည်၊ သင်လိုက်ခဲ့, ဟာ-ကျုပ် မလိုက်ဘူး၊ မဟုတ်ပါဘူး လိုက်ခဲ့ပါ၊ သင့် မယ်တော်များက ပင့်သွားတယ်၊ ဟာ-ဘယ်သူကပင့်ပင့် ကျုပ်မလိုက်ဘူး၊ခေါ်မရတော့ သွားကြတာပေါ့၊ သွားတော့ ဘယ်သူမှ ကျောင်းမှာ မရှိတော့ ဟာ- ကျောင်းမှာဖြင့် ဘယ်သူမှ မရှိတော့ဘူး၊ နေရာကျပြီဆိုပြီး ဒီ စွန့်ပစ်တဲ့ မစင်တွေထဲမှာ မစင်တွင်းထဲ ဝင်ပြီးတော့ လက်နှစ်ဘက်နှင့် အားရပါးရ ကတဲ ပလုပ်ပလောင်းပြည့်အောင် စားတာပေါ့၊ မြိန်ရေ ရှက်ရေ စားတာ၊ မစင်တို့ ခုလူတွေ တို့ဒီက ထိုင်နေတဲ့ လူတွေ စားများ စားကြမလား၊ ဝေးလိုက်တာ၊ဘယ်သူမှ စားမှာ မဟုတ်ဘူး၊ဟိုမှာ ဝိပါကန္တရာယ်ကြောင့် သူ စားရတာ၊ အဲဒီလို စားတော့ ဝသွားရော၊ နောက် အိမ်က လာပြီးတော့ အစေလကတွေကို သူဆွမ်းခံ မလိုက်ရင် ဘုရားတပည့်တော် သားအတွက် ထည့်ယူ သွားပါဆိုတော့ သပိတ်နှင့်ကောင်းမွန်စွာ ထည့်ပြီး ယူလာတယ်၊ ဒီကျ သူ့ပေးတော့ ဟေ့- မင်းတို့ဟာ ငါ မလိုချင်ဘူး၊ ငါ စားပြီးပြီ၊ အရှင်ဘုရား ဘယ်က စားသလဲ၊ ဟာ ငါ ဒီမှာဘဲ စားတယ်၊ ဘယ်က ရသလဲ၊ ဒီအနားတွင်ဘဲ ရတယ်၊ သူ့ ဟာက ဒီလိုကိုး။

ဒါနဲ့ တရက်က နှစ်ရက်, နှစ်ရက်က သုံးရက် ဒီလိုချည်းဘဲ သူ နေတာ၊ အဲဒီလိုနေတဲ့ အခါကျတော့ အစေလကတွေက မသင်္ကာဘူး၊ဘယ်က ဒင်းဆွမ်းရသလဲ၊ ဘယ်လိုလုပ် စားသလဲ၊ ဘယ်လိုလုပ်နေသလဲနဲ့၊ အစေလကတွေက မသင်္ကာဘူး၊ တနေ့ကျတော့ သူ့ ဆွမ်းခံသွားမည်လို့ခေါ် သူ မလိုက်ဘူး၊ မလိုက်တော့ အား

လုံးသွားတဲ့ အနေမျိုးနှင့်သွားပြီတော့ နှစ်ပါး သုံးပါးက အသာ ကလေး နောက်တို့ ပြန်ပြီးတော့ ချောင်းနေတာပေါ့၊ ချောင်းနေ တော့မှ ဟာ-အားလုံး သွားကုန်ပြီ၊ နေရာကျပြီဆိုပြီး လူမရှိဘူး ထင်ပြီးတော့ တခါတည်း မစင်တွင်းထဲဝင်ပြီး သူစားတာပေါ့၊ စားတော့ မြင်ရောပေါ့၊အစေလကတွေ အဲဒီလို အစေလကတွေက မြင်တော့ သူတို့ အချင်းချင်း တိုင်ပင်တယ်၊ ဘယ့်နှဲလဲ ဇမ္ဗုက ဟာ ဒီလို မဟုတ်ဘူး၊မစင်တွင်းမှာကျင်ကြီးတွေစားနေတာဘယ်နှဲ့ လုပ်ကြမလဲဆိုတော့ ဟော့-ဒီလိုဆိုမဖြစ်ဘူး၊ဂေါတမဂိုဏ်းသားတွေ များကြားသွားရင် တို့တွေ ဂိုဏ်းပျက်တော့မည်၊ဒင်းတို့ အစေလက တွေဟာ မစင်စားနေတယ်လို့ တို့အပြောခံရမည်၊ဒီအကောင်တော့ နှင်မှဘဲလို့ဆိုပြီး ဇမ္ဗုက နှင်ရရော၊တို့နေရာနှင့်မတန်ဘူး၊ မင်းသွား တော့ ဆိုပြီးတော့ နှင်လိုက်တယ်၊ နှင်လိုက်တော့ ဘယ်သွားနေ သလဲ၊ တို့ရွာသူတို့ စွန့်တဲ့ မစင်ကျင်ကြီး ကျင်ငယ်တို့ စွန့်ရာဌာန ကျောက်ဖျာနားမှာ ကျောက်ဖျာပေါ်မှာ သွားနေတယ်။

အဲဒီတော့ ရွာသူတို့ မစင်ကျင်ကြီး စွန့်တဲ့ နေရာ ကျောက်ဖျာ ပေါ်မှာ သွားနေတော့ နေပုံက ဟန် အကျသား၊ ဒီနေ့ခင်းအခါ ကာလမှာ ဘယ့်နှဲ့ နေသလဲဆိုတော့၊ဒူးထောက်ပြီးတော့ နေတယ်၊ ခြေထောက် အောက် မချဘူး၊ ပြီးတော့ကာ လက်တဖက်ကို ထောက်ထားတယ်၊ ထောက်ပြီးတော့ သူ ဘာလုပ် နေသလဲ ကောင်းကင်ကို မော့ပြီးတော့ တခါတည်း ပါးစပ်ကို ဟ ထား တယ်၊ လူတွေ လာတဲ့အခါ အရှင်ဘုရား ဒါဘာလုပ်တာလဲလို့ မေးရင် "ငါဟာ အင်မတန် ကျင့်နေတာတဲ့၊ ငါ မြေကြီးကို နင်းလိုက်ရင် မြေကြီး တုန်လှုပ်သွားမှာ စိုးလို့၊ ငါ မြေကြီးကို

မနင်းဘူးတဲ့၊ သတ္တဝါတို့ အာဟာရအစာတွေ ငါ မစားဘူးတဲ့၊ လေကိုသာ စားနေတယ်” ဒီလို ကျင့်နေတာတဲ့။

ဘယ် ဟုတ်မလဲ၊ ညကျ လူမရှိတဲ့ အခါ မစင်တွေကို ဆင်း စားတာ၊ အဲဒီလို ကျင့်နေလိုက်တာ သူ့အကျင့်ကို တယောက် နှင့် တယောက် သတင်းစကား ကြားတော့ လောကကြီး လူတွေ ဟာ တယ်ခက်တယ်၊ သိပ်- ကြောက်ဘို့ကောင်းတာ၊ အဲဒီဇမ္ဗုက ၏ ကျင့်ပုံကျင့်နည်းတွေ မြင်ရတော့ သိပ်ကြည်ညိုတာကိုး၊ ဘယ် လောက် ကြည်ညိုသလဲဆိုရင် အင်္ဂတိုင်း, မဂဓတိုင်း, တိုင်းကြီး နှစ်တိုင်းက လူပေါင်း ဘယ်လောက် ရှိသလဲ၊ ရှစ်သောင်းနှင့် လေး ထောင် ရှိတယ်၊ ဇမ္ဗုကပရိသတ် နည်းတာမဟုတ်ဘူး၊ ဇမ္ဗုကက သာမည မမှတ်နှင့် သိပ်-ဘုန်းကြီးတာ၊ သူ့တပည့်ပရိသတ် ဘယ် လောက်အားကြီးသလဲ၊ အင်္ဂတိုင်း,မဂဓတိုင်း နှစ်တိုင်းက ပရိသတ် ရှစ်သောင်း လေးထောင် ရှိတယ်၊ အဲဒီ ရှစ်သောင်း လေးထောင် ပရိသတ် “တလ တကြိမ် တကြိမ် ဇမ္ဗုကကို လာလာ ပူဇော်ကြ တယ်” ပူဇော်ကဲ့ အခါကျတော့ ပျားရည်တို့ သကာတို့ တင်လဲ တို့ ယူလာကြတယ်၊ ယူလာပြီးတော့ သူ့ကို လှူတယ်၊ ဇမ္ဗုကက ဟော့-ငါ ဒါတွေ မစားဘူး၊ ငါ အကျင့်ပျက်သွားမည်၊ ငါအကျင့် ပျက်သွားမည်၊ မင်းတို့ဟာ ငါ မစားဘူးဆိုပြီး ပယ်တယ်။

ဒီတော့ ဒကာ ဒကာမတွေက ပြောတာပေါ့၊ အရှင်ဘုရား မလုပ်ပါနှင့် တပည့်တော်တို့ဟာ အရှင်ဘုရားကို အမှီပြုပြီး တော့ ချမ်းသာသုခ ရရပါမည်၊ တပည့်တော်တို့ အရှင်ဘုရား ကို လှူရခြင်းဟာ အင်မတန် အကျိုးအမြတ် ရပါတယ်၊ သို့အ တွက် အရှင်ဘုရား အနည်းငယ်ခန့်ဖြင့် ဘုဉ်းပေးတော် မူပါ

ဘုရား၊ သုံးဆောင်တော် မူပါ ဘုရားလို့ လျှောက်ကြတယ်၊ ဒီတော့ ဇမ္ဗုကက ဘယ့်နှယ်ပြောသလဲ၊ "မင်းတို့ ငါ့ သက်သက် နှိပ်စက်တဲ့ အကောင်တွေ လာ ယူခဲ့ ဆိုပြီးတော့ သမန်းမြက် ကလေးကို ချိုးပြီး သမန်းမြက်ဖျားလေးနှင့် ပျားရည်ထဲ နှစ်လိုက် အဲဒီမြက်ဖျားမှာ ပါလာတဲ့ ပျားရည်စက်ကလေး လျှာပေါ်တင် လိုက် သွားသွား နင့်ဟာတော်ပြီ၊ ယူသွား၊ ပျားရည်ကလေးယူ၊ ထောပတ်ကလေးယူ၊ သမန်းမြက်ဖျားကလေးနှင့် အဲဒီလောက် ဘဲ သူစားတယ်"၊ ဟာ ဒီလိုလုပ်လေ ကြည်ညိုလေပေါ့၊ ဒကာ ဒကာမတွေက တလ တကြိမ် တကြိမ် လာလိုက်ကြတာ ပွဲတော် ကြီးဘဲ၊ အဲဒီလို ကျင့်နေတာ ဘယ်လောက် ကြာသလဲဆိုတော့ ငါးဆယ့်ငါးနှစ် ကြာတယ်၊ နှစ်ပေါင်း နှစ်ပေါင်း ငါးဆယ့် ငါးနှစ် ကြာတယ်၊ ဒါ အကုသိုလ်ကံကြွင်းတွေနော်၊ အဝီစိမှာ ကျ,နေတာရယ်, အခု အဝတ်တန်ဆာ မဝတ်ရဘဲ နေရတာရယ်, ပြီးတော့ကာ မစင်ကို စားနေရတာရယ်၊ မြေမှာ အိပ်ရတာရယ်၊ ပြီးတော့ တခုရှိသေးတယ်၊ သူ့ဆံပင်ကို ထန်းစစ်ညှပ်နှင့် ညှပ် ပြီးတော့ နုတ်တယ်၊ ထန်းစစ်ညှပ်ဆိုတာ တို့တော့ မမြင်ဘူးဘူး၊ စာထဲမှာ ပါတယ်၊ ဆံပင်တွေကို ထန်းစစ်ညှပ်နှင့် ညှပ်ပြီးတော့ ဆွဲနုတ်တယ်၊ အဲဒီလို သူခံနေရတာ ငါးဆယ့်ငါးနှစ်ကြာတယ်။

တနေ့ကျတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဂန္ဓကုဋီ တိုက်မှ ထွက်ပြီးသကာလ သတ္တဝါဝေနေယျအပေါင်း ကြည့်လိုက် တော့ လားလား, ဇမ္ဗုက စန်းထလာပြီ၊ အနှစ် နှစ်သောင်း ကျင့် သာတဲ့ ကုသိုလ်က ပေါ်လာပြီ၊ ဘုရားကိုယ်တော် မြတ်ကြီး ရွှေဉာဏ်တော်ထဲမှာ ကွင်းကနဲ မြင်တာပေါ့၊ ဟာ ဇမ္ဗုက ငါ ဒီကနေ့ သွားရလို့ရှိရင်ဖြင့် မုချဇမ္ဗုကသည် အရဟတ္တမဂ်အရဟတ္တ

ဖိုလ် ရမည်၊ "ကြည့်စမ်း ရဟန္တာလောင်းကြီးပါကလား" ဇမ္ဗူက လေ၊ ရဟန္တာလောင်း၊ ဘုရားကိုယ်တော်မြတ်ဉာဏ်ထဲ မြင်သွားပြီ၊ အဲဒီကနေ့ ဇမ္ဗူက ရဟန္တာ ဖြစ်မှာပါကလားတဲ့၊ ဇမ္ဗူက အကြောင်းပြုပြီးတော့ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့သည် အကျွတ်တရားရမည်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမည်ဆိုတာ ဘုရားကိုယ်တော်မြတ် မြင်ပြီးပြီ၊ ဟာ- မဖြစ်ဘူးဆိုပြီး ရာဇဂြိုဟ်မြို့တော်ထဲ ဆွမ်းခံဝင်၊ ဆွမ်းခံဝင်ပြီးတော့ အာနန္ဒာ ခေါ်တယ်၊ အာနန္ဒာ- ဒီကနေ့ ငါ ဇမ္ဗူကဆီကို သွားမည်၊ ဒီတော့ အာနန္ဒာက မေးတယ်၊ အရှင်ဘုရား- ဇမ္ဗူကဆီကို သွားမည်ဆိုရင် တပါးတည်း ကြွမှာလား၊ တပည့်ပရိသတ်နှင့် ကြွမှာလား၊ ဟာ ပရိသတ် မပါရဘူး၊ ငါ တပါးတည်း ကြွမည်ဆိုပြီး မြတ်စွာဘုရားတပါးတည်း ကြွသွားတယ်။

ဒီမြတ်စွာဘုရား၏ ကရုဏာတော် ဘယ်လောက်ကြီးသလဲဆို ကြည့်စမ်း တခါတည်း ဒီကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်သတ္တဝါကို မြင်တာနှင့်တပြိုင်နက်တည်း ပင်ပန်းကြီးစွာ ဒုက္ခခံသွားရတယ်၊ တပါးတည်း ကြွသွားတယ်၊ နောက်လိုက် ရဟန်း မပါဘူး၊ အဲဒီလိုမြတ်စွာဘုရား ကြွသွားတာကို ဘယ်သူသိသလဲ ဆိုတော့ ဘာဝတီသာ နတ်ပြည်က နတ်သိကြား သိတာပေါ့၊ ဟာ- ဒုက္ခဘဲဟော့၊ ချင်ကြီးဂေါတမတော့ ဇမ္ဗူကထံ သွားမလို့တဲ့၊ မဖြစ်ဘူး- မဖြစ်ဘူး မောင်တို့ သွားသုတ်သင်ကြပါအုံးဆိုတော့ ဇမ္ဗူကနားမှာ နေလိုက်တဲ့ အညစ်အကြေးတွေက နည်းတာမှ မဟုတ်ဘဲ၊ မစင်ကျင်ကြီးတွေ ဘာတွေ စွန့်တဲ့နေရာ၊ ဒီတော့ ဒန်ပူစားဖတ်တွေ ဘာတွေနှင့် ပြည့်ကျပ်နေတာဘဲ၊ အင်မတန် အညစ်အကြေးတွေ ရှုပ်ထွေးနေတာ။

အဲဒီတော့မှ နတ်တွေ ကပြောကရာ လာပြီးတော့ နတ်၏ ဇူဋ္ဌိပ ါဒ်တန်ခိုး နှင့် တခါတည်း မိုးကြီး သည်းထန်စွာ ရွာချတယ်၊ အညစ်အကြေးတွေ ဆေးပစ်ရတယ်၊ အဲဒီလို အညစ်အကြေးတွေ ဆေးပစ်လို့ စင်ကြယ်သန့်ရှင်းတဲ့ အခါကျတော့မှ နတ်ပန်းမိုး တွေကို ရွာ ချတယ်၊ နတ်ပန်းမိုးတွေ ရွာချပြီး ညနေချမ်းကျတော့ မြတ်စွာဘုရား ကြွသွားတယ်၊ အဲဒီလို ညနေချမ်းကျလို့ မြတ်စွာ ဘုရား ကြွသွားတဲ့အခါ ဇမ္ဗုကကို သွားတွေ့တယ်၊ ဟေ့-ဇမ္ဗုက ဇမ္ဗုကလို့ ဘုရားက ခေါ်တယ်၊ ခေါ်တော့ သူ့နာမည်ဘယ်သူမှ သိတာ မဟုတ်ဘဲဘဲ၊ ဘုရားသာ သိတာ၊ အဲဒီတော့ သူဘယ့်နှင့် ပြောသလဲဆို၊ ဟင်-ဘယ်က သူယုတ်မာပ ါလဲ၊ ငါ့နာမည် လာ ခေါ်တာ၊ ဟင်-အောင်မယ် သူက မန်လိုက်တာ မန်လိုက်ဘာ၊ ဟဲ့ ဇမ္ဗုက ငါပ ါဟဲ့၊ ရဟန်းကြီး ဘာလဲတဲ့ ဘာလုပ် မလို့လဲတဲ့၊ ဟဲ့ငါ ဟာ သင်ဝန်မလေးဘူးဆိုလျှင် သင့်ဆီမှာ ငါတညလောက် အိပ်ပ ါရစေ၊ ဟာ လက်မခံနိုင်ဘူး၊ လက်မခံနိုင်ဘူး၊ ငါ့ဆီမှာ နေရာမရှိဘူး၊ လက်မခံနိုင်ဘူးတဲ့၊ အောင်မယ် တခါတည်း ခါးခါး သီးသီး နှင်ပစ်တယ်၊ ဘာဖြစ်လို့လဲ၊ ညတိတ်တိတ် သူ မစင် မစား ရမှာ စိုးလို့၊ အဲဒီလို ခါးခါးသီးသီး နှင်ပစ်တော့ ဟာ-မဟုတ် ပ ါဘူး ဇမ္ဗုကရယ်၊ လူဆိုတာ လူချင်း သင့်လျော်ပ ါတယ်၊ ရဟန်းက ရဟန်းချင်းသာသင့်လျော်တယ်၊တိရစ္ဆာန်ဟာ တိရစ္ဆာန် ချင်းသာ သင့်လျော်တယ်၊ ငါက ရဟန်းချင်းမို့လို့ သင့်ထံ ခွင့်တောင်းတာ **အောင်မယ် သင်ရဟန်းလားတဲ့**၊ အဲ ငါရဟန်း ဘဲတဲ့၊ အောင်မယ် ရဟန်းဖြစ်ရင် သင့်မှာ ချွန်းတောင်းတို့ ဘာတို့ မပါပါလား ပေါ့လေ၊ သူက ဒိဋ္ဌိ အကျင့်တွေ မေးနေတာပေါ့၊ ဒါတွေ ဘာလုပ်ဘို့ ခရီးသွားတဲ့အခါ ငါ ယူမလဲ ထားခဲ့ရတာ ပေါ့တဲ့၊ သင်လည်းဘဲ ဒီလိုဘဲ ဆောင်ကြဉ်း သွားသလားဆိုတော့

သူစိတ်ဆိုးတယ်၊ စိတ်ဆိုးတော့ ဟာ-ဇမ္ဗုက စိတ် မဆိုးပါနှင့်ကွယ်၊ ဟောဟို တောင်ကုန်းကလေးဟာ ဘယ်သူနေတာလဲလို့ မေးတယ်၊ ဇမ္ဗုကနှင့် မလှမ်းမကမ်းမှာ တောင်ကုန်းလေး တခု ရှိတယ်၊ ဟာ ဒါ ဘယ်သူမှ မနေဘူး၊ ဒါဖြင့် အဲဒီ တောင်ကုန်းမှာ ငါ နေပါရစေကွယ် ခွင့်ပေးပါ၊ အောင်မယ် ရဟန်းကြီး သွား-သွား သင့်ဖာသာ သင့်သဘောအတိုင်း နေချင်လဲနေ၊ ငါတော့ ပြန်မကြည့်နိုင်ဘူး။

ဒီတော့မှ မြတ်စွာဘုရားက ပါလာတဲ့ နိသီဒိုန်ကို ခင်းပြီးတော့ တောင်ကုန်းမှာ သူ့ဟာသူ သီတင်းသုံးနေတာပေါ့၊ အဲဒီ တောင်ကုန်းပေါ်မှာ သီတင်းသုံးတဲ့အခါ ညကျတော့ ညဉ့်ဦးယာမ်မှာ **စာတုမဟာရာဇ်နတ်မင်းကြီး** လေးယောက်လာတယ်၊ ဘုရားထံ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက် ခ,စားတော့ အရောင်အဝါတွေနှင့် နတ်လေးပါး၏ အရောင် အဝါကအရှေ့အရပ်, အနောက်အရပ်, တောင်အရပ်, မြောက်အရပ် ဝင်းထိန်နေတာပေါ့၊ ဒီတော့ ဇမ္ဗုက,က ဒီအရောင် အဆင်းတွေနှင့် လာပြီးတော့ဆည်းကပ်တာ မြင်ရတာပေါ့၊ သန်းခေါင်းယံကျတော့ **သိကြားမင်း** ကိုယ်တိုင်လာတယ်၊ သိကြားမင်း ကိုယ်တိုင်လာပြီး ခ,စားတော့ သာပြီးတော့ အရောင်အလင်း ထွန်းလင်းတာပေါ့၊ အဲ သိကြားမင်း ပြန်သွားတော့ မိုးသောက်ယာမ်မှာ **ဗြဟ္မာမင်း** လာတယ်၊ ပစ္ဆိမယာမ် နောက်ဆုံး အဲ ဗြဟ္မာမင်းလာတော့ ဗြဟ္မာမင်းရဲ့တန်ခိုး အရောင် အလင်းက လက်ညှိုးတချောင်းထောင်တာနှင့် စကြဝဠာ တသောင်းလင်းတယ်၊ အင်မတန် အရောင် အလင်းအားကြီးတာ၊ ဒါတွေလည်း သူမြင်ရတယ်။

ဒါနဲ့ နံနက် မိုးလင်းတဲ့အခါ ကျတော့ သူ မနေနိုင်ဘူး၊ မနေနိုင်တော့ ဘုရားထံသူသွားရတယ်၊ဘုရားထံ သွားပြီးတော့ သူမေးတယ်၊ ရှင်ကြီးဂေါတမ **ညဦးယာမ်က** အရောင်အဆင်းတွေနှင့်လာတာ ဘယ်သူလဲတဲ့၊ အဲဒါ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်ပေါ့၊ အောင်မယ် စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်ထက် သင် ဂေါတမ မြတ်သလား၊ ဒီနတ်တွေဟာ ငါ့ခြေရင်းအလုပ်အကျွေးလောက် ရှိတာဘဲ၊နို့နေပါအုံးလေ **သန်းခေါင်ယာမ်**မှာ လာတာက ကော ဘယ်သူလဲ၊ ဒါ နတ်တို့သေဌ်နင်း သိကြားမင်းပေါ့၊ နတ်ပြည် ခြောက်ထပ်ကို အစိုးရတဲ့ သိကြား၊ အောင်မယ်-သိကြားထက် သင်က မြတ်သလားတဲ့၊ ဒီသိကြားက ငါ့ ဥပါသကာ အလုပ်အကျွေးလောက် ရှိတာဘဲ ဆိုတော့ နို့နေပါအုံးတဲ့၊ မိုး**သောက်ယာမ်** ပစ္ဆိမယာမ်မှာ လာတာက ဘယ်သူတုန်းတဲ့၊ ပုဏ္ဏားတွေ ကိုးကွယ်တဲ့ ဗြဟ္မာကြီးပေါ့၊ ခြေဗြဟ္မာကြီးထက် သင်က မြတ်သလားတဲ့၊ အို- ဗြဟ္မာက ငါ့ အလုပ်အကျွေးတွေပါ။

ဒီတော့ ဇမ္ဗုက,က ပြောတယ်၊ အောင်မယ်-ရဟန်းကြီး သင်သည် အလွန်အကျူး အထူးသဖြင့် ချီးမွမ်း အံ့ဩဘွယ်ရှိပေစွ၊ တညသာ လာသေးတယ်၊ နတ်တွေ, သိကြားတွေ, ဗြဟ္မာတွေ အခစား လာကြတယ်၊ ငါဒီမှာ ကျင့်နေတာ ငါးဆယ့်ငါးနှစ်တိုင်တိုင် ရှိပြီ၊ ဘယ်သူမှ လာ မခစားဘူးတဲ့၊ အောင်မယ်- သူကသူက၊အဲဒီတော့မှ မြတ်စွာဘုရားက ဇမ္ဗုက သင် မလိမ္မာပညာမဲ့တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ညာဝါးဖျန်းသန်းပြီးတော့ လိမ်လည်လှည့်ဖြားလို့ မစင်ကို စားနေပြီးတော့ လေစားတယ်လို့ ညာနေတာ၊ ဒီမလိမ်မာတဲ့လူတွေကိုသာ သင် ညာလို့ ရတာ၊ ငါ့ကို သင်ညာလို့

ရမယ်ထင်လို့ ညာတာလားဆိုတော့ တကတဲ ခိုးထုပ်နှင့် မိရောပေါ့ မလုပ်နိုင်တော့ဘူး၊သင်ဟာဟိုဘဝတုန်းက မကောင်းမှု အကုသိုလ် ဒုစရိုက်ပြုလာလို့ ယခုဘဝ သင် ဒီကဲ့သို့ ဖြစ်ရတာ၊သင်ဟာ ခုထက်ထိ သတိ မရရင် ရှေ့ဒီထက် ဆိုးသွားအုံးမှာပေါ့၊ အတိတ်က အကြောင်း ပြန်ပြောလိုက်တာကိုး၊ ကောင်းပါပြီ၊ ကျွန်ုပ် နောက်တုန်းက ဘယ်အကုသိုလ် ပြုလုပ်ခဲ့ပါသလဲလို့ မေးလျှောက်တယ်၊ မေးလျှောက်တော့ စောစောက ပြောခဲ့တဲ့အတိုင်း ကဿပဘုရား လက်ထက်က ရဟန္တာအား ပြစ်မှားမိတဲ့ ကံတွေ ဘုရားက ပြန်ဟောတာပေါ့။

အဲဒီတော့မှ လူ့ကို ထောက်ရာ တည်ရာ နေစရာမရှိတော့ဘူး၊ ကြောက်လိုက်တာဆိုတာ မပြောနှင့်တော့၊ ကိုင်း တို့ဒီက ဒကာ ဒကာမတွေ တို့က ဘယ့်နှယ်ချောက်ရမှန်း မသိဘူး၊ ဟိုတော့ ဇမ္ဗူကကို ဘုရားက ချောက်လိုက်တော့ တကတဲ နေစရာကို မရှိတော့ဘူး၊ ရှက်လည်းရှက်, ကြောက်လည်းကြောက်၊ သူ့ခိုးထုပ်နှင့် သူမိနေတာကိုး၊ ရှက်မှာပေါ့၊ တခါတည်း ဒီတော့ မြတ်စွာဘုရားပြောတော့မှ သူ ဆောင့်ကြောင့် ထိုင်တော့တယ်၊ ဇမ္ဗူက ဆောင့်ကြောင့် ထိုင်တယ်၊ ဆောင့်ကြောင့်ထိုင်မှန်း သိတော့မှ မြတ်စွာဘုရားက ပါသွားတဲ့ရေသနုပ်ကလေးကိုပစ်ပေးလိုက်တယ်၊ အဲဒီတော့မှ ရေသနုပ်ကို သူ ထဆီးတာ၊ ရေသနုပ်လည်း ဝတ်ပြီးရော၊ မြတ်စွာဘုရားက အဲဒီမှာ အပြစ် အာဒီနဝတွေ အကုန်လုံး ဟောတယ်၊ အပြစ် အာဒီနဝတွေ ပြောပြီးတော့မှ သက်သာရာ အပြစ်အာဒီနဝတွေ ကင်းရာကင်းကြောင်းဖြစ်တဲ့ တရား ဓမ္မစကြာ သာတဲ့ သစ္စာလေးပါးကို ဟောတော်မူတယ်၊ ဒုက္ခသစ္စာ၏ ဖြစ်ပုံ၊ သမုဒယသစ္စာ၏ မှန်ကန်ပုံ၊ နိဗ္ဗာန်- နိရောဓသစ္စာ၏ ကြီးကျယ်

ခမ်းနားပုံ၊ မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင် ရှစ်ပါးတရား၏ မြတ်ပုံတွေ၊ အဲဒီမှာ မြတ်စွာဘုရား ပြန်ပြီးတော့ ဟောလိုက်တော့ ပါရမီ ဉာဏ်ရင့်သော ပုဂ္ဂိုလ် ဖြစ်သောကြောင့် အနှစ် နှစ်သောင်း ကာလပတ်လုံး ဟို ကဿပဘုရား လက်ထက်မှာ ကျင့်လာခဲ့တဲ့ အကျင့်တရား၏ အထောက် အပံ့ကို ရသဖြင့် ယခု တရား၏ အဆုံးမှာ ဇမ္ဗုကသည် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ ဖြစ်သွားတယ်။

အဲဒီတော့မှ အရှင်ဘုရား တပည့်တော်ကို ရဟန်းပြုတော်မူပါ ဘုရားလို့ မြတ်စွာဘုရားထံ လျှောက်ထားတယ်၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်က–

ဧဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တ ကိရိယာယ။

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဒုက္ခဿ၊ ဆင်းရဲအပေါင်း ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ် သောအကျင့်ကို။ သမ္မာ၊ ကောင်းစွာ။ စရ၊ ကျင့်လော–

လို့ အဲဒီလို ခေါ်လိုက်တာနှင့် တပြိုင်နက် တခါတည်း ဝါခြောက်ဆယ် ရပြီးသော မထေရ်ကြီးကဲ့သို့ တန်ခိုးဖြင့်ပြီးသော သင်္ကန်းသပိတ် ပရိက္ခရာတို့သည် တခါတည်း ရှေ့မှာ ရောက်လာ ပြီးတော့ ရဟန်းကြီး ဖြစ်သွားတယ်၊ ရဟန်းကြီးဖြစ်သွားတော့ မြတ်စွာဘုရားထံ သူ ခစားနေတာပေါ့။

အဲဒီလို မြတ်စွာဘုရားထံ ခစားတော့ ဒီကနေ့ဟာ အင်္ဂတိုင်း, မဂဓတိုင်းက ခုနက ပြောခဲ့တဲ့ ရှစ်သောင်း လေးထောင်သော ပရိသတ် ဇမ္ဗုကထံ လာမည့်နေ့ကို မြတ်စွာဘုရားက မြင်တော်မူတာ၊ အဲဒီတော့မှ ဇမ္ဗုကနှင့် မြတ်စွာဘုရား အတူတကွ နေထိုင်တဲ့အခါ ခုနက ပြောတဲ့ အင်္ဂတိုင်း,မဂဓတိုင်းက ရှစ်သောင်း လေးထောင်သော ပရိသတ်ကြီးဟာ လှူဘွယ် ဒါန်းရန်တွေနှင့် လာကြတာပေါ့၊ ရောက်တဲ့အခါ စဉ်းစားကြတယ်၊ ဟိုဇမ္ဗုက ပရိသတ်က ကြံတယ်၊ အောင်မယ်- ဂေါတမက မြတ်သလား၊ ငါတို့ အရှင် ဇမ္ဗုကက မြတ်သလား၊ စဉ်းစားတာ, စဉ်းစားတာ၊ အကယ်၍ ဂေါတမကမြတ်ရင် ဇမ္ဗုက ဂေါတမဆီ သွားရမည်၊ အခု ဇမ္ဗုကက မြတ်လို့သာ ဂေါတမ လာတာဘဲလို့ ထင်ကြတယ်၊ အောင်မယ်-သူတို့ဆရာက ဂေါတမထက် မြတ်သတဲ့၊ဘယ်လောက် များလဲလို့၊ အဲဒီတော့ မြတ်စွာဘုရားက သိပြီ၊ သူတို့ အကြံတွေ ဇမ္ဗုကကလည်း သိပြီ၊ သိပြီးတော့ မြတ်စွာဘုရားက ဇမ္ဗုက သင့်ပရိသတ်ကြီးကို အကုန်လုံး သံသယကင်းသွားအောင် သင် ဖြေရှင်းလိုက်ပေတော့လို့ မိန့်တော်မူတယ်။

အဲဒီတော့မှ အရှင်ဘုရား- အရှင်ဘုရား၏ အခွင့်ကို တပည့်တော် ကြည့်နေပါတယ်ဘုရား၊ တပည့်တော် ဖြေရှင်းပါ့မယ်လို့ အဲ မြတ်စွာဘုရား ခြေတော်ရင်းမှာ ဝပ်စင်းလို့ ဦးချရှိခိုးပြီးတော့ စတုတ္ထစျာန် ဝင်စားပြီး ကောင်းကင်ကို ထန်းတဖျားလောက် တက်သွားတယ်၊ တက်သွားပြီး ဘယ်နဲ့ ပြောသလဲ "အရှင်ဘုရားသည် တပည့်တော်၏ ဆရာပါဘုရား" "တပည့်တော်သည် အရှင်ဘုရား၏ တပည့်ပါဘုရားလို့"အောက်ဆင်းလာပြီးတော့ ခြေတော် ဦးတိုက်လိုက်ပြီး ပြန်တက်သွားလိုက် ထန်းနှစ်ဖျားလောက် ထန်း

နှစ်ဖျားကနေပြီးတော့ တပည့်တော်သည် အရှင်ဘုရား၏ တပည့် ပါဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာပါဘုရားလို့ တခါ ခြေတော်လာ ဦးတိုက်လိုက်ယင်း အဲဒီလိုချည်း ထန်းခုနစ် ဆင့်တက် ဆင်းတယ်၊ အဲဒီတော့မှ မြတ်စွာဘုရားထံ ဝင်ပြီးတော့ ရှိခိုးတော့၊ ရှစ်သောင်းလေးသောင် ပရိသတ်ကြီးဟာ ဘယ့်နဲ့ဖြစ် သွားသလဲ၊ ဟာ- ဘုရားတန်ခိုးများ ကြီးကျယ်ဘိတော့တယ်၊ ကြည့်စမ်း ဘုရားတန်ခိုးဟာ တယ်ကြီးကျယ်ပါကလား၊ ဘုရား တန်ခိုးများဟာ တကတဲ ပြောစရာ မရှိပါဘူးလို့ ဒီတော့မှ ပရိသတ် မျက်နှာ ဘုရားဘက် အကုန်လှည့်တော့တယ်၊ အရင်က ဇမ္ဗုက အစေလကဘက်က လူတွေကိုး၊ ဘုရားဘက်ကို မျက်နှာလှည့် တော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်က တရားဟောတယ်တဲ့။

မာသေ မာသေ ကုသဂ္ဂေန, ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခတဓမ္မာနံ, ကလံ အဂ္ဃတိ သောဠသိံ ။
(ဓမ္မပဒ)

ဗာလော၊ မသိမလိမ္မာ ပညာကင်းကြိုက် မိုက်သောသူ သည်။ မာသေ မာသေ၊ လတိုင်း လတိုင်း။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဘောဇနံ၊ ခဲဘွယ်ဘောဇဉ်ကို။ ဘုဉ္ဇေယျ၊ အကျင့်ခေါင်းပါး လှည့်ပတ်ငြားသဖြင့် စားခဲ့ငြားအံ့။ တထာပိ၊ ထိုသို့ကုန်ခန်း တလဆန်းဝယ် သမန်းမြက်ဖျား ဖြင့် စားသုံး၍ ကျင့်သော်လည်း။ သောဗာလော၊ မသိ မလိမ်မာ ပညာကင်းကြိုက် ထိုလူမိုက်သည်။ သင်္ခတဓမ္မာနံ၊ အမှန်တိတိ ထိုးထွင်း၍ သိရှိအပ်သော အကျင့်တရားရှိကုန်

သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ သောဠသိံ ကလံ၊ တဆယ့် ခြောက်စိတ် (ဝါ) နှစ်ရာ ငါးဆယ် ခြောက်စိတ် စိတ်၍ တစိတ်သော အဘို့ကိုမျှ။ န အဂ္ဃတိ၊ အဘိုးမထိုက် မလိုက် မမှီနိုင်ချေ။

အဲဒီလို မြတ်စွာဘုရားက ဇမ္ဗုက ပရိသတ်ကြီးကို တရားပြန် ဟောတယ်, လူမိုက်ဟာတဲ့ မိမိမှာ ဘာမျှ တရားအကျင့် မရှိဘဲနဲ့ လိမ်လည် လှည့်ဖျားပြီး သကာလ အကျင့်ရှိယောင် ဟန်ဆောင် ပြီးတော့ သမန်းမြက်ဖျားနဲ့ အာဟာရကို သုံးစားပြီး ကျင့်တယ် ဆိုသော်လဲ ထိုလူမိုက်ဟာ အမှန်တိတိ တကယ် ထိုးထွင်းသိအပ်တဲ့ တရားအကျင့်ရှိတဲ့ ပုဂ္ဂိုလ်၏အကျင့်ကို တဆယ့် ခြောက်စိတ် စိတ် (ဝါ) နှစ်ရာငါးဆယ် ခြောက်စိတ်စိတ် တစိတ်ကိုမှ မှီနိုင်တာ မဟုတ်ဘူးတဲ့၊ အဲဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟော လိုက်တော့မှ ရှစ်သောင်း လေးထောင်သောပရိသတ်ကြီးအကျွတ် တရား ရပြီးတော့ တချို့လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသွားကြတယ်တဲ့၊ တခါတည်း ဗုဒ္ဓဘာသာ ဖြစ်သွားကုန်တာပေါ့၊ ဇမ္ဗုက ပရိသတ်ကြီးသည် ဘုရားပရိသတ် ဖြစ်သွားတယ်။

အဲဒါ ဘုန်းကြီး အခုဘာကို ပြောချင်လို့လဲ, စောစောက ဘုန်းကြီးပြောခဲ့တယ် မဟုတ်လား၊ အကုသလာ- သာဝဇ္ဇ ဒုက္ခ ဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွ ဖြစ်ခြင်း, မကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိကုန်သော မှတ်မိပြီနော်၊ ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ၊ အပြစ်မရှိ ကောင်းသောအကျိုး ပေးခြင်း လက္ခဏာ ရှိကုန်သော။ အဲဒါ မြတ်စွာဘုရားကိုယ်တော် တိုင် အဘိဓမ္မာဓမ္မသင်္ဂဏီကျမ်းမှာ ဟောတဲ့ တရားအတိုင်း၊

ကိုင်း ကိုယ်ပိုင်ဉာဏ်ကလေးနဲ့ စဉ်းစားကြစမ်း၊ ခုနကတုန်းက ဇမ္ဗူကသည် ကဿပဘုရား လက်ထက်က မကောင်းမှု ဝစီဒုစရိုက် အကုသိုလ်အမှု ပြုမိခဲ့တဲ့ အတွက်ကြောင့် အရိယူပဝါဒကံထိုက်၍ ကြည့်စမ်း အဝီစိငရဲမှာ ခံရတယ်၊ အဝီစိငရဲတွင်မျှမက လူ့ပြည် လောကမှာ လာပြီးတော့ ဖြစ်ရပါသော်လဲ မစင် ကျင်ကြီးကို စား၍ မြေပေါ်မှာ အိပ်ရခြင်း, အဝတ်တန်ဆာ မဆင်ရခြင်း, အဲ-ဆံပင်တွေကို ထန်းစစ်ညှပ်နှင့် ညှပ်၍ အခါခပ်သိမ်း နုတ်ပစ် ရခြင်းဆိုတဲ့ ဝိပါကန္တရာယ် ဒုက္ခကြီးကို ခံစားရတာ တွေ့ပြီ မဟုတ် လား၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ အကုသိုလ် ဘက်က၊ ဟော- ကုသိုလ်ဘက်က ဝမ်းမြောက်စရာကြီး၊ အနှစ် နှစ်သောင်း ကာလပတ်လုံး ရဟန်း တရားတော်ကြီးကို လေးလေး စားစားနှင့် အားထုတ်ကြိုးစားတဲ့ ကုသိုလ်ကံ၏ အကျိုးဆက် ကြောင့် ဂေါတမ မြတ်စွာဘုရားနှင့် တွေ့ကြုံ ရတဲ့အခါ ကာလ လွယ်လင့်တကူ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ဝင်သွားတာ တွေ့ကြပြီ မဟုတ်လား။

အဲဒါကြောင့် အကုသိုလ်သည် မုချ ငါတို့ငြင်းကွယ်လို့မရဘူး၊ အကုသိုလ်သည် ဧကန်မုချ အပါယ် သံသရာနှင့် မလွဲနိုင်ဘူး၊ ဒုက္ခနှင့် ဧကန်တွေ့တတ်တဲ့ တရားကိုဖြင့် ဒီကနေ့ကစ ငါတို့ ရှောင်မယ်လို့ ဒီလာတဲ့ ပရိသတ်ကြီးဟာ စိတ်နှလုံး ဒုန်းဒုန်း ချပြီးတော့ အာရုံ ယူသွားရင်တော့ ဘုန်းကြီးကျေးဇူးပေါ့၊ ဘုန်းကြီးဟောရတာ မပင်ပန်းဘူး၊ သိပ်ဝမ်းမြောက်တယ်၊ အဲ- ကုသိုလ် ကောင်းမှုသည် မုချဆတ်ဆတ် ဧကန် မကောင်းမှု အကုသိုလ်မှ လွတ်မြောက်၍ နိဗ္ဗာန်ကို အမှန်ပေးစေနိုင်တဲ့ တရား ထူး တရားမြတ်ကြီးဘဲလို့ ယုံကြည် လေးစားပြီးတော့ ဒီကနေ့

ကစ ငါတို့သည် ကုသိုလ်နှင့် စပ်လျဉ်းတဲ့ တရားကိုသာ အားထုတ်မယ်ဆိုတဲ့ နေရာမျိုးများ စိတ်ဓာတ် ပေါက်သွားလျှင်တော့ သိပ်ကောင်းမှာဘဲ၊ ပေါက်လဲ ပေါက်ထိုက်ပါတယ်၊ ဘာမှ သံသယကုက္ကုစ္စ မရှိနှင့်, အကုသိုလ်သည် ဘယ်တော့မှ ကောင်းကျိုးမပေးဘူး၊ မုချ ကောင်းကျိုး မပေးဘူး၊ ကုသိုလ်သည်သာလျှင် ကောင်းကျိုးဆတ်ဆတ် အမှန်ပေးတယ် ဆိုတာကို အဲဒီ ဇမ္ဗူကဝတ္ထုကို ထောက်ပြီးတော့ ကြည့်ပေါ့၊ ဒါ တယောက်တည်း တယောက်တည်း ဇမ္ဗူက တယောက်တည်းရယ်၊ အကုသိုလ်လည်း ဇမ္ဗူကဘဲ ပြုတာဘဲ၊ ကုသိုလ်လည်း ဇမ္ဗူကဘဲ ပြုတာဘဲ၊ အဲ အကုသိုလ် အကြွင်းကြောင့် ခံရတဲ့ ဒုက္ခဝေဒနာတွေ မြင်အောင်ကြည့်၊ ကုသိုလ် အကြောင်းကြောင့် ခံစားရတဲ့ အရဟတ္တမဂ်, အရဟတ္တဖိုလ် နိဗ္ဗာန်မျက်မှောက်ပြုရတဲ့ အကျိုးတွေ မြင်အောင်ကြည့်၊ အဲဒီလို ရတာ ဘယ်သူ့ကျေးဇူးလဲဆိုတော့ အခုသိရတာ ဘုရားကျေးဇူးပေါ့။

## ဓမ္မစကြာနှင့် ဝါဆိုလ

တို့ ဂေါတမမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ဓမ္မစကြာဒေသနာ ဘယ်လမှာ ဟောသလဲ၊ ဟောဒီ ဝါဆိုလပြည့်နေ့မှာ ဟောတယ်၊ အဲဒါ ဓမ္မစကြာနေ့လို့ တို့တိုင်းပြည် ဗုဒ္ဓဘာသာနိုင်ငံကြီးမှာ အင်မတန် ဓမ္မစကြာအသင်းတွေ အားကြီးတာပေါ့၊ ဒီနေ့ ဓမ္မစကြာနေ့ကြီးပေါ့၊ မြို့တိုင်း,ရွာတိုင်းမှာ မိန်းကလေးတွေ ဝိုင်းဖွဲ့ဖွဲ့ပြီးတော့ ရွတ်ကြတော့မယ်၊ သိပ်ကျေးဇူးများတာ၊ ဓမ္မစကြာဝိုင်းတွေနှင့်၊အဲဒီဓမ္မစကြာဟာ ဘယ်သူဟောတာမှတ်လို့လဲ၊ ဘုရားကိုယ်တော်တိုင် ဟောတာ၊ သို့သော်လည်း တို့ဒီမှာလာတဲ့

ပရိသတ်ကြီးကို သိစေလိုတဲ့ မေတ္တာဓာတ်က ပြောဘ်- ဓမ္မစကြာ ဘုရားဟောတော့ မှန်ပြီ၊ ထို ဓမ္မစကြာတရားဟာ ကျင့်ဘို့တရား လား ရွတ်ဘို့တရားလားဆိုတာ အဲဒါလေး စဉ်းစားဉာဏ် ဝင်ကြ ဘို့၊ ကိုင်း- ရွတ်လို့ ရမလား ကျင့်မှ ရမလားဆိုတာ ဘုရား ဟောတဲ့ ဓမ္မစကြာ ဘုန်းကြီး တိုတိုလေး တခါပြောပါရစေ။

**ကာမသုခလ္လိကာနုယောဂ** တရားတဲ့၊ ကာမသုခလ္လိကာ နုယောဂ အယုတ်တရားဆိုတာ သိအောင် ကြည့်မည် ဆိုလျှင် လွယ်လွယ်လေးပါ၊ မသိချင်ယောင်ဆောင်နေတော့ တို့မတတ်နိုင် ဘူး၊ ကာမသုခလ္လိက အယုတ်တရားဆိုတာ မျက်စိ အာရုံခံစား နေတဲ့ ပုဂ္ဂိုလ် ခုကာလ ဘိုင်စကုတ်တွေပေါ့၊ ဘိုင်စကုတ် အရ သာကို ခံစားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပေါ့၊ နား၏အရသာ ခံစားတဲ့ ပုဂ္ဂိုလ်၊ ဘာလဲ ဂရမ္မာဖုန်းဆိုလား၊ ဒါတွေ အမြဲဖွင့် ပြီးတော့ အမြဲနားထောင်နေတာတွေ နားအရသာတွေပေါ့၊ အဲဒါကနားအရသာ ခံစားတဲ့ပုဂ္ဂိုလ်၊ နှာခေါင်း၏အရသာ ခံစား တဲ့ပုဂ္ဂိုလ် ဘာလဲ ရေမွှေး ကတိုးပေါ့၊ အဲဒီလို နှာခေါင်းအရ သာခံစားတဲ့ပုဂ္ဂိုလ်၊ လျှာ၏ အရသာ မကောင်း ကောင်းကြောင်း အရသာတို့ကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်၊ ဟော ကိုယ်၏အရသာဆို ရင်တော့လေ တို့ ရန်ကုန်မြို့ ဒီတရားနာလာတဲ့ ပုဂ္ဂိုလ်တွေတော့ ပါမယ် မဟုတ်ပါဘူး၊ တကယ့် အကောင်းဆုံး နိုင်လွန်မှ သဘော ကျတယ်၊ ဘယ်လောက် ကိုယ်အရသာ ခံစားသလဲလို့၊ ပင်နီဆို ခါး ပေါ် မတင်ချင်ဘူး၊ သက္ကလပ်ဆို ယားတယ်၊ မကိုင်ချင်ဘူး၊ ဘယ်လောက်ဒီကိုယ်၏ အရသာ ခံစားသလဲဆို နိုင်လွန်မှ နိုင်လွန် ရိုးရိုးမဟုတ်သေးဘူး၊ မှန်နိုင်လွန်မှ ဇာနိုင်လွန်မှတဲ့ ဒါမှ အဘိုးတန် တယ်၊ ဘယ်လောက်ကိုယ်၏အရသာခံစားသလဲဆိုတာ အဲဒါကာမ

သုခလ္လိကာနုယောဂ ဆိုတာ မှတ်ထားကြပေါ့၊ ကာမသုခလ္လိကာနုယောဂ ပြီးတော့မှ ကိုယ်၏ အရသာ ခံစားပြီးတော့ မနေ့ အရသာ မနေ့ကပေတဲ့လေအခုဘုန်းကြီးများ ပေးထားတဲ့တရားတွေက အာနာပါနဿတိ ဆိုရင်လဲဘဲ တခါတည်း မနေမနား ဒါကိုချည်းဘဲ လေ့လာပြီးတော့ အားထုတ်နေရတယ်၊ ဒီ အာနာပါနဿတိကို တကယ် အားထုတ်ရင် ကောင်းကင်ကို ပျံနိုင်တယ်၊ မြေလျှိုးနိုင်တယ်၊ မိုးပျံနိုင်တယ်၊ သူတပါးတို့၏ အသိဉာဏ်တွေကို သိနိုင်တယ်၊ သူတပါး၏ စိတ်ဓာတ်တွေကို သိနိုင်တယ်၊ ဉာဏ်အားဖြင့် အလွန်အဘိုးတန်တာ, အဲဒါကျတော့ မလိုချင်ဘူး၊ ကိုယ့်တိုက်တိုင်း ထင်ရာ ကမ်းပေါက် ရောက်တတ်လေးဆယ် ကြံနေရတာ ဘိပ်ပျော်တာဘဲ၊ ဒါကာမသုခလ္လိကာနုယောဂ ခေါ်တယ်၊ ဝိပဿနာ အလုပ် အားထုတ်နေရမယ်ဆို ပျင်းလိုက်တာ မပြောနဲ့တော့ လွန်သွားတာဘဲ၊ အဲဒါကြောင့် ကာမသုခလ္လိကာနုယောဂဆိုတာ တခြားမဟုတ်ဘူး၊ သေသေချာချာ မှတ်ထားကြ, မှတ်မိအောင် မျက်စိ,နား, နှာခေါင်း,လျှာ,ကိုယ်, စိတ် အဲဒီ ခြောက်ဒွါရက ခံစားတာ ကာမသုခလ္လိကာနုယောဂ ခေါ်တယ်။

**အတ္တကိလမထာနုယောဂ** ဆိုတာ ဘာခေါ်သလဲ၊ ကိုယ်၏ **ပင်ပန်းခြင်း** ဆိုတာ တို့လူတွေ မကျင့်နိုင်ပါဘူး၊ တိတ္ထိများမှ ကျင့်နိုင်တယ်၊ တိတ္ထိများကတော့လေ ဆူးပေါ်မှာ အိပ်တယ်၊ အဲ နေပူကျဲကျဲမှာ မီးလေးဖို ဖိုပြီးတော့ မီးဖိုအလယ်မှာ ကိလေသာတွေ မီးမြှိုက်၍ ကျင့်နေတယ်၊ ပြီးတော့ ရေငုပ် မီးလှုံ တုံးခုန် ဇယ်ခပ်၊ ပြီးတော့ လေးဘက်ထောက်ပြီးတော့ သွားတယ်၊ လူလို မသွားဘူး၊ လေးဘက် ထောက်ပြီးတော့ နွားကဲ့သို့, ခွေးကဲ့သို့ သွားတယ်၊ စားတဲ့အခါ လက်နှင့် ယူမစား

ဘူး၊ ခွေးကဲ့သို့ လေးဘက်ထောက် ပြီးတော့ မြေကြီးမှာ ပုံပြီး ဟပ်စားတယ်၊ တို့ လူတွေ မကျင့်နိုင်ဘူး၊ အဲဒါ အတ္တကိလမထာ နုယောဂ အကျင့်တဲ့ ကာမသုခလ္လိကာ နုယောဂ, အတ္တကိလ မထာနုယောဂ, အယုတ်တရားနှစ်ပါးရှိတယ်၊ အဲဒီ အယုတ်တရား နှစ်ပါးတို့၏ အလယ်ခေါင်မှာ **မဇ္ဈိမပဋိပဒါ** တရားရှိတယ်တဲ့၊ ဘုရားဟော ဓမ္မစကြာမှာ ပါတယ်, မဇ္ဈိမပဋိပဒါတဲ့။

ဘိက္ခဝေ၊ ချစ်သားတို့။တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ အထူးသဖြင့် သိတော်မူသော။ စက္ခု ကရဏီ၊ သစ္စာလေးပါးကို မြင်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို မြင်သော ဉာဏ် အမြင်ကို ပြုတတ်သော။ မဇ္ဈိမာ၊ အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ ဖြစ်သော။ ယာ ပဋိပဒါ၊ အကြင် အကျင့်သည်။ ဥပသမာယ၊ ကိလေသာတို့၏ ငြိမ်းခြင်းငှါ။ အဘိညာယ၊ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်း ငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုး ငှါ။ သံဝတ္တတိ၊ ဖြစ်၏။

အဲဒါ **ပဥ္စဝဂ္ဂီငါးဦး** အမှူးရှိသော **နတ်** **အသင်္ချေ** ပြဟ္မာ **တဆယ့်** ရှစ်ကုဋေ ကို ဟောတဲ့ တရားပေါ့၊ ဒီတော့ အေး ဟုတ်ပြီ တဲ့ မဇ္ဈိမပဋိပဒါ တရားမှသာလျှင် သစ္စာလေးပါး သိနိုင်၍ နိဗ္ဗာန်ဝင်နိုင်တဲ့ တရားတဲ့၊ ဘယ်သူမှ မမေးကြဘူး၊ ဘယ် မေးတတ် မလဲ၊ နတ်ရော ပြဟ္မာရော ဘယ်သူမှ မမေးတတ်ဘူး၊ ပြီးတော့

ပဋ္ဌဝဂ္ဂီ ငါးဦးကလည်း မလျှောက်တတ်ဘူး၊ မလျှောက်တတ်တော့ **ကထေတုကမျတာ** ပုစ္ဆာနှင့် ဘုရား သူ့ဟာသူ မေးရတယ်။

ဘိက္ခဝေ၊ ချစ်သားတို့။ တထာဂတေန၊ ငါဘုရား သည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိအပ်သော။ စက္ခု ကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိတတ် သော ဉာဏ်အမြင်ကို ပြုတတ်သော။ မဇ္ဈိမာ၊ အယုတ် တရား နှစ်ပါးတို့၏ အလယ်၌ ဖြစ်သော။ သာ ပဋိပဒါ၊ ထိုအကျင့်သည်။ ကတမာ၊ အဘယ်နည်း။

သူ့ဟာသူ မေးတယ်၊ ဒီ အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ ဖြစ်သော မဇ္ဈိမ ပဋိပဒါ အဘယ်နည်း၊ သူ့ဟာသူ မေးရတယ်၊ ဘယ်သူမှ မဖြေတတ်ဘူး၊ ဘယ် ဖြေတတ်မလဲ ဘုရားမေးတဲ့ အမေးကြီးဘဲ၊ ဘုရားကိုယ်တော်မြတ် သူ့ဟာသူ ဖြေရတယ်၊ "အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ္ဂင်ပင်တည်း။" ဟော မြတ်စွာဘုရား ဖြေတယ်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်တဲ့၊ အဲဒီ မဂ္ဂင်တရားဟာ သစ္စာလေးပါးသိ၍ အဲ နိဗ္ဗာန်ကို ဝင်နိုင်တဲ့ တရားလို့ ဘုရားဟောတယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါးကို ဘယ်သူ သိမလဲ၊ ဒါဖြင့် မဂ္ဂင်ရှစ်ပါးဟာ ဘာလဲလို့ မေးမဲ့လူ မရှိတော့ သူ့ဟာသူ မေးရပြန်တယ်၊ "ဣဒံ မဂ္ဂင်္ဂံ- ဤမဂ္ဂင်ရှစ်ပါး တရားဟူသည်၊ သေယျထာ **ကတမံ- အဘယ်နည်း၊**" ဒီမဂ္ဂင်ရှစ်ပါးဟာ ဘယ်ဟာ ပါလဲ ဘုရားလို့ သူ့ဟာသူ မေးရတယ်၊ မေးတော့ မြတ်စွာဘုရား သူ့ဟာသူ ဖြေတယ်၊ ဘယ်လို ဖြေသလဲ—

သမ္မာဒိဋ္ဌိ- ကောင်းစွာ မြင်ခြင်း,
သမ္မာသင်္ကပ္ပ- ကောင်းစွာ ကြံခြင်း,
သမ္မာဝါစာ- ကောင်းစွာ ဆိုခြင်း,
သမ္မာကမ္မန္တ- ကောင်းစွာ ပြုပြင်ခြင်း,
သမ္မာအာဇီဝ- ကောင်းစွာ အသက်မွေးခြင်း,
သမ္မာဝါယာမ- ကောင်းစွာ အားထုတ်ခြင်း,
သမ္မာသတိ- ကောင်းစွာ အောက်မေ့ခြင်း,
သမ္မာသမာဓိ- ကောင်းစွာ တည်ကြည်ခြင်း,

ဟော- ရှစ်ပါး၊ အဲဒါတို့ဒီမှာ ဟောလိုက်တော့ မမ္မစကြာ ဆိုတော့ အထူးအဆန်း အောက်မေ့တယ်၊ မထူးဆန်းပါဘူး၊ တို့ယောဂီတွေကျင့်နေတာလေ၊ယောဂီတွေ ကျင့်နေတဲ့တရားပေါ့။

သီလ, မဂ္ဂင် ၃-ပါးလေ၊ သမ္မာဝါစာ မဂ္ဂင် သီလ၊ ဘာဖြစ် လို့လဲ ဝစီကံလေးပါး လုံနေပြီ မဟုတ်လား၊ တရားအားထုတ် နေတဲ့ ယောဂီတွေဟာ ဟော- ဝစီကံ လေးပါးက မုသားမပြော ဘူး၊ ဂုံးမချောဘူး၊ ကြမ်းတန်းတဲ့ စကားမဆိုဘူး၊ ပြိန်ဖျင်းသော စကားကို မပြောဘူး၊ အဲ ဝစီဒုစရိုက် တရားလေးပါး လုံနေတာ၊ အဲဒါ **သမ္မာဝါစာ** မဂ္ဂင်ပေါ့၊ သမ္မာကမ္မန္တမဂ္ဂင် ဆိုတာက သူ့အသက် မသတ်ဘူး၊ သူ့ဥစ္စာ မခိုးဘူး၊ သူ့သားအိမ်ရာ မကျူးလွန်ဘူး၊ ဟော-ဒါ **သမ္မာကမ္မန္တ**မဂ္ဂင် သီလပေါ့၊ သမ္မာ အာဇီဝမဂ္ဂင် ဆိုတာက ဒုစရိုက် ၇-ပါးနှင့် အသက် မမွေးဘူး၊ အသက်ကို အသေခံမယ်၊ အဲဒါက မိစ္ဆာဇီဝမှ ကြဉ်ရှောင်သော ကြောင့် **သမ္မာအာဇီဝ**တဲ့၊ သမ္မာအာဇီဝ မဂ္ဂင်သီလ ကောင်းသော အသက်မွေးခြင်းပေါ့၊ အဲဒီတော့ သီလမဂ္ဂင် သုံးပါးဆိုတော့

သမ္မာဝါစာမဂ္ဂင် သီလ, သမ္မာကမ္မန္တ မဂ္ဂင် သီလ, သမ္မာအာဇီဝ မဂ္ဂင် သီလ, ထူးတယ်လို့ အောက်မေ့ကြတယ်၊ မထူးဘူးနော်၊ အခု ယောဂီတွေ ကျင့်နေတဲ့ တရားပေါ့၊ ရှင်ပါးသီလတဲ့၊ ကာယကံ ဝစီကံ ပါတာပေါ့၊ အဲဒီ ကာယကံ ဝစီကံ လုံအောင် ထိန်းနေတာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင် သီလခေါ်တယ်။

ပြီးတော့မှ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဝီရိယ ရှိရတယ်၊ အားထုတ်ပြီးတော့နေတာ စိတ်ခတ်တခြား မသွားရအောင်၊ အဲ စိတ်ခတ်ကလေး မလွင့်ရအောင် ဝီရိယ အားထုတ်တာ **သမ္မာဝါယာမ** မဂ္ဂင်၊ သတိထားရတယ်၊ သွားလည်း သတိနဲ့၊ ထိုင်လည်း သတိနဲ့ ထိုင်နေရတယ်၊ အိပ်လဲ သတိနဲ့ အိပ်ရတယ်၊ ရပ်လည်း သတိနဲ့ ရပ်ရတယ်၊အဲဒါ**သမ္မာသတိ**မဂ္ဂင်ပေါ့၊ အဲ**ဝီရိယ** နဲ့ **သတိ** ပြည့်စုံတော့ **သမာဓိ** ဆိုတဲ့ စိတ်ကလေးက ငြိမ်နေ ရော၊ စိတ်ဟာ ကျောက်စာတိုင်ကဲ့သို့ မယိမ်းမယိုင် တည်တံ့ခိုင် မာတဲ့ စိတ်ကလေး ငြိမ်တော့ကာ ဟော-ဦးခေါင်းက အစ ခြေ ဖျားထိ အာရုံ စိုက်ကြည့်လိုက် ရုပ်တွေ, နာမ်တွေ, ခတ်တွေ, ကလာပ်တွေ, ပရမတ်တွေ, နာရီ, မိနစ်, စက္ကန့် မစဲအောင် တရုံးရုံး တဖြုတ်ဖြုတ် ဖြစ်ပျက်နေတာ တွေ့တော့—

"ကာယဥ္စ ပဋိစ္စ ဖ္ပောဋ္ဌဗ္ဗဥ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။"

ဘုရားဟော ဒေသနာ အတိုင်း ရုပ်, နာမ် နှစ်ပါးတွေ့၊ ဟော—ရုပ်, နာမ် နှစ်ပါးတွေ့၊ ဖြစ်ပျက်သိ၊ ဥဒယဗ္ဗယဉာဏ်တွေ ရနေကုန်ပြီ၊ ဥဒယဗ္ဗယဉာဏ်ရကတည်းက အနိစ္စသိ,ဒုက္ခသိ,အနတ္တ သိ, အဲဒါ ပညာ မဂ္ဂင်ပေါ့၊ ခုနက သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ

လေ၊ အဲဒါ မဂ္ဂင် ရှစ်ပါးပေါ့၊ အဲဒီ မဂ္ဂင် ရှစ်ပါးဟာ ဓမ္မစကြာ ဝါရား၊ တို့ ဒီမှာ ပြနေတာ ထူးထူး ဆန်းဆန်း တရားတွေ ပြနေ တယ် ထင်ပြီးတော့ တချို့က ဟိုက ချောင်းမေး၊ ဒီက ချောင်း မေး၊ ဟိုက လာ ချောင်း နားထောင်၊ ဒီက လာ ချောင်း နားထောင်၊ မဟုတ်ပါဘူး၊ ဓမ္မစကြာပါ၊ ဘုရားကိုယ်တော်မြတ် ကြီး ဘုရား ဖြစ်တော်မူပြီး ၄၉-ရက် သတ္တသတ္တာဟ ကျင့်ပြီး သည့်နောက် ခုပြောတဲ့ ပဥ္စဝဂ္ဂီ ငါးဦးကို သွားပြီးတော့ တရား ဦးဟောတဲ့ ဓမ္မစကြာပေါ့။

အဲဒီ နေ့မျိုးမှာ သွားပြီးတော့ ဟောတဲ့ တရားပေါ့၊ အဲဒါ မဂ္ဂင်ရှစ်ပါး တရားခေါ်တယ်၊ သီလမဂ္ဂင် သုံးပါး, သမာဓိမဂ္ဂင် သုံးပါး, ပညာမဂ္ဂင် နှစ်ပါး၊ ဒီမဂ္ဂင် ရှစ်ပါးကို ချန်လှပ်၍ နိဗ္ဗာန် ရောက်ကြောင်းတရား ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်လို့ ဟောထားတဲ့အထဲမှာ လိုက်ရှာကြစမ်း၊ ကျမ်းတတ်, ဂန်တတ် ပုဂ္ဂိုလ်တွေ ရှာချင်တာ မှာ ရှာကြ စကြဝဠာအနန္တမှာ ထွက်ရှာ၊ ဒီ မဂ္ဂင်ရှစ်ပါးကို ချန် လှပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရား ဘယ်မှာမှ မရှိဘူး၊ တို့ဒီမှာ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ သတိထားမှတ်ကြဘို့၊ ဘယ်သူပြော တာမှ မယုံနှင့်၊ သီလနှင့် မပြည့်စုံဘူး၊ သမာဓိနှင့် မပြည့်စုံဘူး၊ ပညာနှင့် မပြည့်စုံဘူးဆိုရင် ဤဘဝ, ထိုဘဝ, ဘယ်တော့မှ နိဗ္ဗာန် မရ၊ နိဗ္ဗာန်ကို အနားတောင် မကပ်နိုင်ဘူး။

နို့ အရှင်ဘုရား ကုသိုလ်တော့ မရဘူးလားဆို ရတယ်၊ ကုသိုလ်ရ,တာတော့ တို့ဝန်ခံတယ်၊ ဒါန လှူတဲ့ ပုဂ္ဂိုလ်တွေ ကုသိုလ် ရ,တယ်၊ သီလ,စောင့်တဲ့ ပုဂ္ဂိုလ်တွေ ကုသိုလ်ရ, တယ်၊

ဘာဝနာပွားတဲ့ ပုဂ္ဂိုလ်တွေ ကသိုလ်ရ, တယ်၊ မဂ္ဂင်ရှစ်ပါးနှင့် မပြည့်စုံရင် နိဗ္ဗာန်မရ၊ အဲဒါတော့ တထစ်ချ မှတ်ထားပေါ့၊ မဂ္ဂင်ရှစ်ပါးနှင့် မပြည့်စုံသမျှ ဘုရားကိုယ်တိုင် ဟောထားတာ ဘာလဲ ခုနကတုန်းက ပြောသွားတယ် မဟုတ်လား။

ဘိက္ခဝေ၊ ချစ်သားတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ အထူးသဖြင့် သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိသော ဉာဏ် အမြင်ကို ပြုတတ်သော။ မဇ္ဈိမာ၊ အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ ဖြစ်သော။ အယံခေါ သာပဋိပဒါ၊ ဤ မဂ္ဂင်ရှစ်ပါးဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာတို့၏ ငြိမ်းခြင်းငှါ။ အဘိညာယ၊ သစ္စာလေးပါး တရားကို ထိုးထွင်းသိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေး ပါးတရားကို ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

အဲဒါ အမှန်မုချ ကေန် ဆတ်ဆတ် နိဗ္ဗာန်အကျိုးတဲ့၊ နိဗ္ဗာန် ထုတ်ချောက် ပေါက်စေနိုင်တဲ့ တရားဟာ မဂ္ဂင်ရှစ်ပါးပေါ့၊ မှတ်မိကြရောပေါ့၊ မှတ်မိလောက်ပါပြီ၊ မကျင့်ချင်တဲ့ လူတွေတော့ မမှတ်ကြနှင့်၊ အသာနေ၊ ပင်ပန်းတယ်၊ ကျင့်ချင်တဲ့ ပုဂ္ဂိုလ်တွေ မှတ်ထားကြ၊ တို့မှာ သီလနှင့် ပြည့်စုံအောင် နေရမည်၊ သမာဓိနှင့် ပြည့်စုံအောင် နေရမည်၊ ပညာနှင့် ပြည့်စုံအောင် နေရမည်၊ ဒီလို မနေရင်ဖြင့် တို့လူ့ဘဝ နေရတာ လူဖြစ်ကျိုး မနပ်ဘူးဆို တာ ကိုယ့်ဟာကိုယ် မှတ်ထားကြပေါ့၊ ကိုယ့်ဟာသာ ကိုယ်မှတ်

ထားကြ၊ သူက မအားလို့တဲ့၊ မအားတဲ့လူတွေ ဘုန်းကြီးမှာလိုက် အုံးမည်၊ အားတဲ့အချိန်ကို မှတ်သွားကြ၊ အိမ်ကျတော့ နဖူး ပေါ် လက်တင်ပြီးတော့ အားတဲ့အချိန်ရှိတယ်၊ အားလပ်ခွင့် အချိန်ရဟဲ့အခါ တရားအားထုတ်ကြတာပေါ့၊ဘယ်အချိန် အား မလဲဆိုတော့ **သေတဲ့နေ့ အားရော၊** ဒါဘဲ **ဒီဘဝမှာ သေရင်အား ရော၊** ပြီးပြီ ဘာမှ မလုပ်ရတော့ဘူး၊ သည်ဘဝ အတွက်နောင် နောင်ဘဝ တို့မပြောဘူး၊ နောင်ဘဝ တာဝန်မခံဘူး၊ အဲဒီအချိန် ကျမှ တရား အားထုတ်ကြတာပေါ့၊ ဒီတော့ အားပြီ၊ ဒီတော့ ကျကျနန အားထုတ်ကြ။

အဲဒါ ကြိုးစားပြီးတော့ အားထုတ်စေချင်တယ်၊ ဘုန်းကြီး များက မေတ္တာတရားနှင့် အတော်ကို တိုက်တွန်းခဲ့တယ်၊ နောက် ကလည်း တော်တော့ကို တိုက်တွန်းခဲ့တယ်၊ ဘာဖြစ်လို့လဲ၊ တချို့ မအားတာနှင့် ခုခံနေတယ်၊ တချို့ကတော့ ဘာနှင့် ခုခံသလဲ "ငါမရှိရင်တော့ ဒီအိမ်မှာ မဖြစ်ပါဘူးလို့ ဟောဒီလိုခုခံတယ်" ကိုင်း ကိုယ်မရှိရင် ဖြစ်တဲ့ အချိန်ကလေး ဘုန်းကြီးပြောပြလိုက် အုံးမယ်၊ ခုနက သားကြောင့် သမီးကြောင့်, ဆွေကြောင့်, မျိုး ကြောင့် ကိုယ်မရှိ မဖြစ်ဘူးလို့ အိမ်က မခွါနိုင်တဲ့ ပုဂ္ဂိုလ်တွေ "**သေတဲ့နေ့ အကုန်ပစ်ခဲ့ရမှာ**" မှတ်ထား၊ သေသေချာချာ မှတ် ထား၊ သေတဲ့အခါ ဘယ်သမီးလည်း မတွယ်နိုင်ဘူး၊ ဘယ်သား လည်း မတွယ်နိုင်ဘူး၊ ဘယ်မယားလည်း မတွယ်နိုင်ဘူး၊ ဘယ် ဆွေမျိုးမှလည်း မတွယ်နိုင်ဘူး၊ သေတဲ့နောက်ဆုံး ကျလျှင်ဖြင့် အဲဒီပုဂ္ဂိုလ်ဟာ သေချာ နေတာဘဲ။

တကယ်ဆိုရင် သူပြောတာတွေ ဗုဒ္ဓဘာသာတရားနှင့် နှိုင်းစာ ကြည့်လျှင် ရှက်ဘို့ သိပ်ကောင်းတာဘဲ၊ မအားဘူး ဆိုတာလည်း

ရှက်ဘို့သိပ်ကောင်းတာဘဲ၊ငါမရှိရင် မဖြစ်ဘူးဆိုတာလည်းရှက်ဘို့ သိပ်ကောင်းတာဘဲ၊ ဘာဖြစ်လို့လဲ၊ ဉာဏ်မမှီလို့၊ သူ တသက်လုံး နေရမယ်လို့ ဘယ်သူက တာဝန်ခံပေးလိုက်သလဲ၊ ဘယ်လောက် ကြောက်ဘို့ ကောင်းသလဲ၊ အခုဘဲ တလှမ်းသွားရင်း တလှမ်း ချင်းဘဲ လဲသေချင် သေမယ်၊ ဘယ်နှယ့်လုပ်မလဲ့သူမမြင်ဘူးလေ၊ အဝိဇ္ဇာက ဖုံးထားလို့၊ **ငါမရှိ မဖြစ်ဘူး ငါ မအားသေးဘူးလို့** ဆိုတာ တကယ်ကြောက်ဘို့ ကောင်းတဲ့ တရား၊ အများကြီး ကြောက်ဘို့ ကောင်းတာ၊ အဲဒါ ဘာဖြစ်လို့လဲ၊ အဝိဇ္ဇာ, **အဝိဇ္ဇာ**၊ အဲဒီတော့ တို့လည်း မတတ်နိုင်ဘူး၊ **အဝိဇ္ဇာ ခွါ၍ ဝိဇ္ဇာဉာဏ်** အလင်းလေး ရလျှင်ဖြင့် ဒီတရားထူး, တရားမြတ်ကြီးတွေ အမှန် ကေန် သိမည်ဆိုတာ ယုံကြည်သောအားဖြင့် ကြိုးကြိုးစားစား အားထုတ် ကြဘို့ရာ ဘုန်းကြီးက အများကြီး တိုက်တွန်းလိုက် ပါတယ်။

**စတုတ္ထပိုင်း ဤတွင် ပြီးပြီ။**

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

## မဇ္ဈမပိုင်း

## ဟိတ် ၆—ပါး

မြတ်စွာဘုရား၏ တရားတော် အသံတို့ကို ကြားနာရတာ မှတ်သားရတာ အတိတ်သံသရာ ကမ္ဘာအဆက်ဆက်က ဆည်းပူး ဖြည့်ကျင့်ခဲ့တဲ့ ပရမီးထူး၊ ကံတူးရှိတဲ့ ပုဂ္ဂိုလ်များမှ ကြားနာရ တာ၊ ထေရီအပဒါန် ပါဠိတော်မှာ မိထွေးတော် ဂေါတမီ ရဟန္တာ ထေရီမကြီးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ ဂါထာတခု ရှိတယ်။

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိ စ၊
ယေ တေ ဝါကျာနိ သုယျန္တိ၊ တေပိ မညာ နရုတ္တမ။
(ထေရီအပဒါန် ပါဠိတော်)

နရုတ္တမ၊ လူနတ်ထွတ်ဖူး ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည့် မြတ်စွာ ဘုရား။ ယေ၊ ရဟန်း ရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်။ တေ၊ ရှင်တော်မြတ်ဘုရား၏၊ မဓုရာနိ၊ ဆိုမိန့်သာယာ ချိုဆိမ့်ပါ ကုန်ထသော။ ပဟဋ္ဌာနိ၊ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေနိုင်ထ သော။ဒေါသဃ္ဃါနိ၊ အပြစ်ဒေါသ လုံးဝမထင် စင်ကြယ်သန့်ရှင်း ကုန်ထသော။ ဟိတာနိ စ၊အကျိုးစီးပွား များစွာဖြစ်ထွန်း စေနိုင် ကုန်ထသော။ ဝါကျာနိ၊ တရားစကားတော်တို့ကို။ သုယျန္တိ၊ ကြားနာကြရပါကုန်၏။ တေပိ၊ ထိုအရှင်မြတ်ဘုရား၏ တရား တော်ကို ကြားနာကြရသော သူတို့သည်ကား။ မညာ၊ ရှေး ကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးကြပေကုန်စွ ဘုရား။

အဓိပ္ပါယ်ကတော့ သူ့စာအတိုင်း ရှင်းနေပါတယ်၊ မြတ်စွာ ဘုရား၏ တရားတော်ကို နာကြားရတယ်ဆိုဒါ ရှေးရှေးဘဝတွေ

က ပါရမီဘုန်းကံ အင်မတန်ကြီးတဲ့ ပုဂ္ဂိုလ်တွေမှ နာကြားနိုင်ကြတာတဲ့၊ မိထွေးတော် ဂေါတမီ ထေရီမကြီး စကားအတိုင်း တို့အခု တရားနာတဲ့ ယောဂီတွေဟာ ပါရမီ ဘုန်းကံထူးတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပေါ့။

ဒီနေရာမှာ ရှေးဆရာကြီးတွေ ရေးသားထားတဲ့ ဂါထာတပုဒ်ကိုလည်း ထည့်သွင်းပြီး ဟောလိုက်ရအုံးမယ်။

နဝကပ္ပံ သုတမ္မံ့, အဋ္ဌကပ္ပဥ္စ ယာစိတော၊
ဧကော ကပ္ပေါ နုမောဒနာ,ဒေသိတော စအသင်္ချေယျော။

သုတမ္မံ၊ မြတ်စွာဘုရား ဟောတရားကို နာခံမှတ်သားရခြင်းသည်။ နဝကပ္ပံ၊ ကိုးကမ္ဘာ တိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ နတ်လူတို့၏ စည်းစိမ်ကို ခံစားရ၏။ ယာစိတော၊ မြတ်စွာဘုရား ဟောတရားကို ဟောပါ, ဟောပါဟူ၍ အခါခါ တောင်းပန်ရခြင်းသည်။ အဋ္ဌကပ္ပံ၊ ရှစ်ကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ နတ်လူတို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏။ အနုမောဒနာ၊ မြတ်စွာဘုရား ဟောတရားသည် ကောင်းလေစွ, ကောင်းလေစွဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ သာဓုခေါ် ရခြင်းသည်။ ဧကောကပ္ပေါ၊ တကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမူ၍ လူနတ်တို့၏ စည်းစိမ်ချမ်းသာ ခံစားရ၏။ ဒေသိတော၊ လာဘ်လာဘကို မငဲ့ညှာဘဲ တရားမရသေးတဲ့ပုဂ္ဂိုလ် တရားရအောင် မသိသေးတဲ့ပုဂ္ဂိုလ် သိအောင် မလှူချင်တဲ့ပုဂ္ဂိုလ် လှူချင်အောင် သဒ္ဓါတရား မပြည့်သေးတဲ့ပုဂ္ဂိုလ် ပြည့်အောင် တိုက်တွန်း နှိုးဆော် အားပေးပြသ ဟောပြော ရခြင်းသည်။

**အသင်္ချေယျော၊ မရေတွက်နိုင်သော ကာလပတ်လုံး လူနတ်တို့၏ စည်းစိမ်ချမ်းသာ ခံစားရ၏။**

အဲဒီလို အကြောင်းအကျိုး ပြထားတယ်၊ အကြောင်းအကျိုး ပြထားတော့ ဒီအကျိုးတရားတွေဟာ ဘာကြောင့် ရသလဲဆိုရင် **ကတညုတာစ**- သူပြုဘူးသော ကျေးဇူးကို သိရမည်လို့ မင်္ဂလာ တရားတော်မှ ဟောထားတယ်၊ အဲဒီ မင်္ဂလာ၏ ဒေသနာတော် အရ ထောင့်ချင့်ပြီးတော့ စဉ်းစားလျှင် အခု တယောက်နှင့် တယောက်ဟာ ကျေးဇူးမကင်းနိုင်ဘူး၊ "**တယောက်ကျေးဇူးတဦး မေတ္တာ**" ဆိုတဲ့ စကားလို တယောက်တယောက် ကျေးဇူးဘယ်လို များသလဲ၊ တရားဟောတဲ့ ဓမ္မကထိကပုဂ္ဂိုလ်တွေက တရားနာတဲ့ ပုဂ္ဂိုလ်တို့၏ ကျေးဇူးပေါ်၊ အင်မတန်ကြီးတယ်၊ ဒီလိုတရားနာတဲ့ ပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားကြောင့် ငါသည် အင်မတန် မွန်မြတ် တဲ့ ဘုရားကိုယ်တော်မြတ်၏ ဒေသနာ အရပ်ရပ်တို့ကို ဟောရ ခြင်းအတွက် အင်မတန် ကြီးမြတ်သောအကျိုးအာနိသံသ ရခြင်း ဟာ ဘယ်သူ့ကြောင့် ရသလဲ၊ ထိုတရားနာသော ပုဂ္ဂိုလ် အရှင် ကောင်း အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးဆပ်၊ ဤငါ၏ ဟောပြော ပြသ ဆိုဆုံးမတဲ့ အကျိုး အာနိသံသတွေ ရတယ်တဲ့၊ အဲဒီလို လည်း တရားဟောတဲ့ ပုဂ္ဂိုလ်က ကျေးဇူးကို သိတတ်ရမည်။

တရားနာတဲ့ ပုဂ္ဂိုလ်များကကော ငါတို့သည် ကိုးကမ္ဘာ တိုင်တိုင် အပါယ်လေးပါးသို့ မလားနိုင်အောင် အပါယ်လေးပါး သို့ မကျမူ၍ လူနတ်တို့၏ စည်းစိမ်ကို ခံစားနိုင်တဲ့ အင်မတန် မွန်မြတ်တဲ့ ကောင်းမွန်တဲ့ အကျိုးအာနိသံသလေး ရရတာ တခြား ကြောင့် မဟုတ်၊ ဘုရား ကိုယ်တော်မြတ်၏ ဒေသနာ အရပ်

ရပ်ကို ဟောပြောပြသ ဆုံးမတတ်တဲ့ တရားဟော ဓမ္မကထိက ပုဂ္ဂိုလ် အရှင်မြတ်တို့၏ ဂုဏ်တော် ကျေးဇူးတော် တွေကြောင့် အင်မတန် ငါတို့ ရခဲ၊ ကြုံခဲ၊ ဆုံခဲတဲ့ တရားထူး တရားမြတ်ကြီးကို နာရတဲ့ အတွက်ကြောင့် ဤကဲ့သို့ အကျိုးအာနိသံသတွေ ရပေတယ်လို့၊ ဒါ သိတတ်ဘို့ တရားလေးနော်၊ အဲဒီတော့ ကျေးဇူးဟာ မမေ့ထိုက်ဘူးပေါ့၊ကတညုတာ-သူပြုဘူးသောကျေးဇူးကိုသိရမည်၊ အဲ တရားကို ဟောပါလို့ တောင်းပန်တယ်ဆိုတာ တကယ့် အစစ် တရားကို ဟောစေခြင်းငှါ တောင်းပန်ရတဲ့ အကျိုးက ရှစ်ကမ္ဘာ အပါယ်မလားဘူးတဲ့၊ အဲဒီတော့ တရားတော်ကို နာကြားရတဲ့ အခါ အင်မတန် ကောင်းပါကလား၊ မြတ်စွာဘုရားရဲ့ တရားတော် ကြီးသည် အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကြီး တို့နာရတယ်၊ ကောင်းလေစွာလို့ ဒီလို အနုမောဒနာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပေါ် လာရခြင်းသည် ဘယ်သူ့ကြောင့်လဲ၊ တရားဟောတဲ့ ပုဂ္ဂိုလ် ဓမ္မကထိကတို့၏ ကျေးဇူးပေါ့။

အဲဒါကြောင့် အင်မတန် မှန်မြတ်တဲ့ တရားတွေ သိမှလည်း ကောင်းကြသပေါ့၊ မသိရင် ဘယ်ကောင်းမလဲ၊ ကြပ်ကြပ်သိလေ အဘိုးတန်လေ၊ ကြပ်ကြပ်သိလေ တရားနာရတဲ့ ပုဂ္ဂိုလ်တွေ အဘိုး မဖြတ်နိုင်အောင် အဘိုးတန်လေဘဲ၊ ကြပ်ကြပ်သိလာလေ, တရား ဟောတဲ့ ပုဂ္ဂိုလ်ကလည်း သဒ္ဓါတရား ထက်မြက်သည်ထက် ထက်မြက် လာလေဘဲ၊ အင်မတန် မသိ သိအောင် ဟောချင်တယ်၊ နားမလည် လည်အောင် မတတ်, တတ်အောင် ယထာဘူတ အမှန်တရားတွေ ရပြီးတော့ အခုချက်ချင်း မဂ်ဖိုလ်ဓမ္မ နိဗ္ဗာန်ကို ရသွားအောင်ဆိုတဲ့ မေတ္တာစေတနာတွေနှင့် ဟောကြတာပေါ့၊

ဒါကြောင့် ကျေးဇူးတရား ဆိုတာ သိလျှင် အကောင်းဆုံးဘဲ၊ သိဘို့ကလည်း မလွယ်ဘူးပေါ့၊ သိဘို့က ဘယ်လိုမှ ရမလဲ၊ ဗာဟုသစ္စဉ္စ, ဗာဟုသစ္စ မင်္ဂလာ ဘုရားဟောတယ်။

> ဗာဟုသစ္စဉ္စ၊ အကြား အမြင်များ တဲ့ သူ၏ အဖြစ် သည်လည်းကောင်း။ ဧတံ၊ ဤတရားသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ။ ဝါ၊ စီးပွားချမ်းသာ ဖြစ်ခြင်း၏ **အကြောင်း**။

အဲ ဒီတော့ ဗာဟုသစ္စ မင်္ဂလာ အကြားအမြင် များအုံးမှကိုး၊ အဲ အကြား အမြင်များတဲ့ ပုဂ္ဂိုလ်က မကောင်းတာကို မကောင်း ဘူးလို့ သိတယ်၊ ကောင်းတာကို ကောင်းတယ်လို့ သိတယ်၊ အဲဒီလို အကြား အမြင်များတာက အင်မတန် အဘိုးတန်တယ်၊ မြတ်တဲ့ မင်္ဂလာပေါ့၊ ပြီးတော့ တခါ မင်္ဂလာမှာဘဲ ဆုံးမ လိုက် တယ်၊ **ကာလေန ဓမ္မဿဝနံ**—ကာလ အားလျော်စွာ ကြုံကြိုက် တိုင်း, ကြုံကြိုက်တိုင်း မပျင်းမရိ လုံ့လရှိ၍ တရားတော်ကို အခါ ခပ်သိမ်း နာခံမှတ်သားဘို့၊ အဲဒီ တရားတွေကတော့ မင်္ဂလာမှာ ဆုံးမ တာပေါ့။

ဒကာ ဒကာမတွေ အခု တဘဝ, နှစ်ဘဝထက် မလွန်ဘဲနှင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ ပါစေလို့ ဒီ တရားတွေသည် တနေ့ထက် တနေ့ ရင့်သန် တိုးပွားပါစေလို့ ဆိုပြီးတော့ အမျိုးမျိုး ကာမ ဂုဏ်တွေ၏ အပြစ် အာဒီနဝကိုပြ၊ ကြောက်စရာ, လန့်စရာ, ထိတ်စရာတွေ ပစ္စက္ခဘဝ မျက်မှောက်မှာ အန္တရာယ် အမျိုး မျိုးတွေ တွေ့ပုံ၊ တမလွန် သံသရာ ဘဝကြီးမှာ အမှန်အားဖြင့်

မကောင်းတဲ့ အာရုံ ဒုစရိုက် တရားတွေနှင့် ဘေးမျိုး ရန်မျိုး အန္တရာယ်မျိုးတွေကို တွေ့ကြုံလို့ ကြောက်ရဘို့ လန့်ရဘို့ ပြောတာ၊ ပြီးတော့မှ အလုံးစုံသော ဘေးအပေါင်း ရန်အပေါင်း အန္တရာယ် အပေါင်းတို့မှ လွတ်ရန် လွတ်စေတဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားကောင်း တရားမြတ်ကြီးတွေကို နားလည်အောင် ဆိုပြီး အမျိုးမျိုး ညွှန်ကြားပြီးတော့ သင်ကြားကြတာပေါ့၊ အဲဒီတော့ သင်ကြားတဲ့ တရားတွေကို တနေ့တခြား မိမိတို့ ဉာဏ်ဝမှာ ထင်လာလျှင် အကောင်းဆုံးပေါ့။

ဘုရားဟောတဲ့ ဒေသနာက ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ရှိတယ်၊ အဲဒီ ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာ တရားတွေဟာ တို့-ဒကာ ဒကာမတို့၏ အကျိုးချည်းထဲဘဲ၊ လောက ၏ အကျိုးချည်းထဲဘဲ၊လောကမှာ သတ္တဝါတို့သည် ဤကဲ့သို့သော တရားထူး, တရားမြတ်ကြီးကို ကြားနာရလျှင် မုချ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကေန်မလွဲတမ်းရနိုင်မယ်လို့ဆိုတဲ့ စေတနာမျိုးနှင့် ဘုရား ကိုယ်တော်မြတ်ကြီး ၄၅-ဝါ ပတ်လုံး မနေမနား ဟောသွားတာ သိလျှင် အကောင်းချည်းဘဲ၊ မသိလျှင်သာ တို့နားမလည်လို့ မသိရ တယ်၊ သိလျှင် အင်မတန် အဘိုးတန်တဲ့တရား၊ တရားမဟောမိ ရှေးဦးစွာ အားလုံးသော ပရိသတ်ကြီးက လောကအန္တရာယ် အသွယ်သွယ်သော ဘေးကြီးမှ ကင်းဝေးပါစေလို့ ရည်ညွှန်းပြီး တော့ ရွတ်ဘတ်သွားတယ်။

ဟေတု ပစ္စယော,
အာရမ္မဏ ပစ္စယော,
အဓိပတိ ပစ္စယော,
အနန္တရ ပစ္စယော,

ပဋ္ဌာန်းကျမ်းကြီး ရွတ်သွားတယ်၊ သိပ်ကောင်းတာပေါ့၊ သိလျှင် အင်မတန် ကောင်းတဲ့တရား၊ အလွန့် အလွန်လည်း နက်နဲ သိမ်မွေ့တဲ့တရား၊ အလွန် အဘိုးတန်တဲ့ တရားတော်ကြီးပေါ့၊ အယုတ်ဆုံးသိလျှင် ဟေတုပစ္စယော တလုံးတည်းနှင့် အင်မတန် အဘိုးတန်တာပေါ့၊ ဟေတုပစ္စယော, ဟေတုပစ္စယောလို့ တို့ဒကာ ဒကာမတွေ ရွတ်ကြသပေါ့၊ ရွတ်ကြတော့ ကောင်းပြီ၊ ဒီဟေတု ပစ္စယောက ဘယ်မှာ နေသလဲ၊ စာအုပ်ထဲမှာလား၊ သို့မဟုတ် မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်ထဲမှာဘဲ နေသလား၊ ဒီဟေတုပစ္စည်းက ကောင်းကင်မှာလား၊ ရေထဲမှာလား၊ မြေထဲ မှာလား၊ အဲဒါ စဉ်းစားဘို့ လိုတာပေါ့၊ တကယ် အစစ်သိ သိပ်ကောင်းတာပေါ့။

အဲ ခုပြောတဲ့ ဟေတုပစ္စည်းရှိတဲ့ နေရာက အခု တရားနာ နေတဲ့ ပုဂ္ဂိုလ်များနှင့်တကွ တရားဟောတဲ့ ပုဂ္ဂိုလ်တို့၏ သန္တာန် မှာ နေ့မစဲ, ညမစဲ, နာရီမစဲ, မိနစ်မစဲ, စက္ကန့်မစဲ, အမြဲ ဖြစ်နေတဲ့ ဟေတု ပစ္စည်းပေါ့၊ ဖြစ်လို့ ဖြစ်မှန်း မသိတာ အခက်ဆုံး၊ ဟေတုပစ္စယော ဆိုတာ အကြောင်းတရား ခေါ် တယ်၊ ဟေတုပစ္စယော- အကြောင်းဖြစ်၍ ကျေးဇူး ပြုတတ် သော တရားတဲ့၊ ဟေတုပစ္စည်းက ဘယ်နှစ်မျိုးရှိသလဲ အားလုံး ရေတွက်မယ်ဆို ၆- မျိုး ရှိတယ်၊ ၆- မျိုးဆိုတာက—

အကုသိုလ်ဟိတ် ၃-ပါး,
ကုသိုလ်ဟိတ် ၃-ပါး,

ဟေတု ၆- မျိုးခေါ်တယ်၊ တနည်းအားဖြင့် အကုသိုလ်ဟိတ် ၃- ပါး, ကုသိုလ်ဟိတ် ၃- ပါး အဗျာကတဟိတ် ၃- ပါး, ဟိတ်

၉-ပါး ရှိတယ်၊ ဟိတ် ၆-ပါးက ကုသိုလ်ဟိတ်, အကုသိုလ်ဟိတ်၊ တဖန် အဗျာကတဟိတ်ကို ထည့်တော့ ၉-ပါး၊ အကုသိုလ်ဟိတ်က ဘယ်သူတွေလဲ, လောဘ, ဒေါသ, မောဟ အကုသိုလ်ဟိတ် ၃-ပါး ရှိတယ်၊ **လောဘဟိတ်** ဆိုတာ နှစ်သက်တတ်တဲ့ သဘော တတ်တဲ့, တွယ်တာတတ်တဲ့ ငါဟာ လောဘပေါ့၊ လောဘဟိတ်လို့ ခေါ်တယ်၊ **ဒေါသဟိတ်** ဆိုတာ ကြမ်းတန်းတဲ့ သဘော, ပြစ်မှားတတ်တဲ့ သဘော, အဲဒါ ဒေါသလို့ ခေါ်တယ်၊ **မောဟ ဟိတ်** ဆိုတာက အမှတ်တမဲ့ ဂရုမစိုက် အရေးမထားတဲ့ တရားက မောဟ ခေါ်တယ်၊ ဒါက အကုသိုလ်ဟိတ် ၃-ပါးတဲ့။

ကုသိုလ်ဟိတ် ၃-ပါးက ဘာလဲ **အလောဘဟိတ်** လောဘ မဖြစ်တာ အလောဘ ခေါ်တာပေါ့၊ **အဒေါသဟိတ်** ဒေါသ မဖြစ်တော့ မေတ္တာ တရားပေါ့၊ **အမောဟဟိတ်** မောဟ မဖြစ်တော့ကာ အမောဟ ဝိဇ္ဇာဉာဏ်ပေါ့၊ အဲဒါ ကုသိုလ်ဟိတ် ၃-ပါး ခေါ်တယ်၊ အဗျာကတ ဟိတ် ၃-ပါးက ဘယ်သူလဲ၊ အဗျာကတဟိတ် ၃-ပါးက အလောဘ, အဒေါသ, အမောဟ ၃-ပါးဘဲ၊ အဲဒီတော့ ဒီ ၆-ပါး, ၉-ပါးမှာ အခု တရားနာတဲ့ ပုဂ္ဂိုလ်နှင့်တကွ ပုထုဇဉ်က, အစ ဟို့ အနာဂါမ်ကျအောင် အဗျာကတ ဟိတ်ကို မရကောင်းဘူး၊ အဗျာကတဇောတို့ ဘယ်အခါမှ မဖြစ်ဘူး၊ အဲဒီ ပုထုဇဉ်က, အစ အနာဂါမ်ကျအောင် အကုသိုလ်ဇောဟိတ်နှင့် ကုသိုလ်ဇောဟိတ် ဒီနှစ်ပါးဘဲ ဖြစ်တယ်၊ အဲဒါ သေသေ ချာချာ သိရင် ကြက်သီး ထစရာ လန့်စရာ ထိတ်စရာ အင်မတန် ကောင်းတာပေါ့၊ ပုထုဇဉ်က,အစ အနာဂါမ်ကျအောင် အကုသိုလ်ဟိတ်, ကုသိုလ်ဟိတ် ၂-မျိုးဘဲ ရှိတယ်။

ကိုင်းကောင်းပြီ- အရှင်ဘုရား ခုပြောတဲ့ ဟိတ် ၃-ပါး, ဟိတ် ၆-ပါးတို့က ဘယ်မှာ ဖြစ်သလဲဘုရားလို့ မေးဘွယ်ရှိတာပေါ့၊ အဲဒီ ဟိတ် ၆-ပါးဖြစ်တဲ့ ဌာနက ဟိုပဋ္ဌာန်းပါဠိတော်ကြီးက ဝတ္ထုပုရေဇာတ နိသျ ပစ္စည်း—

စက္ခု ဝတ္ထု,

သောတ ဝတ္ထု,

ဃာန ဝတ္ထု,

ဇိဝှါ ဝတ္ထု,

ကာယ ဝတ္ထု,

ဟဒယ ဝတ္ထု,

ဝတ္ထုရုပ် ၆-ပါး ရှိပါတယ်၊ **စက္ခုဝတ္ထု** ဆိုတာ မိမိကိုယ်သန္တာန်မှာ အခု တကယ်သာ အမှန်ရှိနေတဲ့ မျက်စိ ရုပ်ပေါ့၊ **မျက်စိဝတ္ထု**ဟာ၊ စက္ခုဝတ္ထု၊ ရုပ်အစစ်၊ ကိုယ်မှာရှိတယ်၊ တခြားသွားကြည့်မနေနှင့် ဝေးမနေနှင့် အာရုံစိုက်ကြည့်၊ ဩော်- စက္ခုဝတ္ထုရုပ်ဆိုတာ မျက်စိကို ဆိုတာဘဲလို့ အဲဒီလို မြင်ထား၊ သိပ်ကောင်းမှာဘဲ၊ မြင်အောင်လည်း ကြည့်ပေါ့၊ **သောတဝတ္ထု** ဆိုတာ စာဆိုစကား၊ သောတဝတ္ထု ဘယ်လာရမလဲ၊ အခု တရားနာနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာရှိတဲ့ နားရုပ်ကို သောတပသာဒရုပ်လို့လည်း ခေါ်တယ်၊ အဲဒါ သောတဝတ္ထုပေါ့၊ နား,နား၊ မိမိကိုယ်မှာရှိတဲ့ သောတဝတ္ထု၊ **ဃာနဝတ္ထု** ဆိုတာ တခြား ဘယ်လာရမလဲ၊ မိမိကိုယ်သန္တာန်မှာ အခု အသက် ရှူရှိုက်နေတဲ့

ခေါင်းလေ, အဲဒီ နှာခေါင်းက ဃာနဝတ္ထုလို့ ခေါ်တယ်၊ နှာခေါင်းဝတ္ထုပေါ့၊ ဇိဝှါဝတ္ထုဆိုတာ အခု တရားနာတဲ့ ပုဂ္ဂိုလ် သဏ္ဌာန်မှာ လျှာလေ၊ ကြာမျှားသဏ္ဌာန် ပမာဏရှိတဲ့ လျှာအလယ်မှာလေ၊ ဇိဝှါပသာဒ ရုပ်ကလေးဟာလေ မိမိကိုယ်သဏ္ဌာန်မှာရှိတဲ့ ဇိဝှါဝတ္ထုရုပ်ပေါ့၊ **ကာယဝတ္ထု** ဆိုတာ မိမိကိုယ်အပ်နှင့် ထိုးဆွ နာကျင်တတ်တဲ့ တကိုယ်လုံး၊ အဲဒီ တကိုယ်လုံး တကောင်လုံးမှာ အပ်နှင့် ထိုးဆွ နာကျင်တတ်တဲ့ နေရာ ဌာနဟာ ကာယပသာဒရုပ် အကြည်ဓာတ် ရှိတယ်၊ ဒါ ကာယဝတ္ထု ခေါ်တယ်၊ **ဟာဒယဝတ္ထု**ဆိုတာ သားမြွတ် ၂-ခုတို့၏ အကြား ရင်လယ် ရင်ဝတည့်တည့် အရပ်၌ တလက်ဘက်ခွဲ မျှလောက်သော သွေး၏တည်ရာ မနောဓာတ် မနောဝိညာဏ ဓာတ်တို့၏ မှီရာဖြစ်သော ဌာန ဟာဒယဝတ္ထုရုပ်၊ အဲဒါ မိမိတို့ ကိုယ်အတွင်း သဏ္ဌာန်မှာ ရှိတယ်၊ အဲဒီတော့ ဝတ္ထုရုပ် ၆-ပါး လို့တော့ ပြောသံတော့ အကြားသားဘဲ၊ ဘယ်နေရာမှန်း မသိဘူး။

အခုတော့ သိအောင် ပြောတာ မသိချင်ယောင် မဆောင်နှင့်၊ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ခန္ဓာတွင်းမှာ ကြည့်လိုက်၊ ပြောခဲ့-တို့ မျက်စိဝတ္ထု, နားဝတ္ထု, နှာခေါင်းဝတ္ထု, လျှာဝတ္ထု, ကိုယ်ဝတ္ထု, မနောဝတ္ထု, အဲဒီဝတ္ထုရုပ် ၆-ပါးမှာ ဖြစ်တဲ့ ဟိတ် ၆-ပါး အဲဒီ ဟိတ် ၆-ပါး စာအုပ်ထဲ ရှိကို မရှိဘူး၊အခြားနေရာမှာလည်း ဘယ်မှ မဖြစ်ဘူး၊ တခြားနေရာဖြစ်တဲ့ ဌာနလေ၊ ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်း လေးထောင်ထဲမှာ လှန်ရှာ မရှိဘူး၊ ဘုံသုံးဆယ့်တဘုံမှာ လိုက်ရှာ မရှိဘူး၊ အဲဒီ ဝတ္ထုရုပ် ၆-ပါးရှိတဲ့ နေရာ ထဲမှာသာ ဟိတ် ၆-ပါး ရှိတယ်၊ မျက်စိ, မျက်စိဟာ စက္ခုဝတ္ထု ခေါ်တယ်၊ အဲဒီ မျက်စိပေါက်က မြင်သိလုံး လေးခု ရှိတယ်၊

အဲဒီ မြင်သိလုံးလေးမျိုးကို မှီပြီးတော့ ဖြစ်ပေါ် ပေါက်ပွား နေတဲ့ ရုပ်ဝတ္ထု ၆-ပါးပေါ့၊ အဲဒီ မျက်စိပေါက်ကို မှီပြီးတော့ ဖြစ်တဲ့ ဝတ္ထုရုပ် ၆-ပါးက နှစ်သက်တဲ့ ဣဋ္ဌာရုံနှင့် တွေ့တော့ လောဘဟိတ်, ဒါ လောဘဟိတ် ခေါ်တယ်၊ မနှစ်သက်တဲ့ အနိဋ္ဌာရုံနှင့် တွေ့တော့ မနှစ်သက်လို့ စိတ်ဆိုး ဒေါသဟိတ်၊ ဒေါသ ဟောတုပေါ့၊ အမှတ်တမဲ့ မြင်တယ်၊ ဂရုမစိုက်ဘူး ဂရုစိုက်သော် လည်း နည်းနည်းမျှ မသိ အဝိဇ္ဇာက ဖုံးအုပ်ထားလို့ အဲဒါ မောဟဟိတ်၊ မောဟလို့ ခေါ်တယ်၊ မောဟဟောတုပေါ့။

အဲဒီတော့ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, ဘယ် မှာ ဖြစ်တာလဲ၊ မျက်စိမှာ ဖြစ်တယ်၊ တခြား သွားကြည့်မနေနဲ့၊ မရှိဘူး၊ အဲ လက်စ,သတ်တော့ လောဘတို့, ဒေါသတို့, မောဟတို့ ဖြစ်တာတို့က တခြားမှာ ဖြစ်တယ်လို့ အောက်မေ့နေတာ, ဘယ် ဟုတ်မလဲ၊ မိမိတို့ မျက်စိမှာ ဖြစ်တာ။

ကိုင်း-တာဖြင့် ကောင်းပြီ၊ အလောဘ, အဒေါသ,အမောဟ၊ အဲဒီ ကုသိုလ်ဟိတ် ၃-ပါးက,ကော ဘယ်မှာ ဖြစ်မလဲ၊ ဒီမျက်စိ မှာဘဲ ဖြစ်တယ်၊ မျက်စိမှာ ဖြစ်တဲ့ အလောဘဟိတ်, မျက်စိက ဖြစ်တဲ့ အဒေါသဟိတ်, မျက်စိက ဖြစ်တဲ့ အမောဟဟိတ်,ကုသိုလ် ဟိတ် ၃-ပါး၊ အဗျာကတ ဟိတ်တော့ မစဉ်းစားကြနဲ့၊ မရဘူး၊ ဘုရား, ရဟန္တာ, ပစ္စေက ဗုဒ္ဓါမှ ရ,တယ်၊ အဗျာကတ,ဟိတ်တော့ မစဉ်းစားနဲ့၊ ကိုယ်နှင့် မဆိုင်ဘူး၊ ကိုယ့်အလုပ် မဟုတ်ဘူး၊ အဲ ကိုယ် နှင့် ဆိုင်တဲ့ ဟိတ် ၆-ပါးက အကုသိုလ်ဟိတ် ၃-ပါး၊ ကုသိုလ်ဟိတ် ၃-ပါး၊ ဘယ်မှာ ဖြစ်သလဲ, မျက်စိမှာ ဖြစ်တယ်၊ တခြား သွားရှာ လို့ ဘယ့်နှယ် လုပ်မလဲ မရဘူး၊ မျက်စိမှာ အာရုံစိုက်ကြည့်လိုက်ရင် လက်စ,သတ်တော့ တို့မျက်စိပေါက်က လောဘဟိတ်, ဒေါသ

ဟိတ်, မောဟဟိတ် အကုသိုလ်၊ အဲ....အလောဘဟိတ်,အဒေါသ ဟိတ်,အမောဟဟိတ်, ကုသိုလ်၊ ဒီဟိတ် ၆-ပါး တရားတို့သည် ငါတို့၏ မျက်စိပေါက်ကသာ အမြဲဖြစ်နေတာဘဲ။

နို့ မဖြစ်ဘဲ နေတာများ ရှိပါသေးသလားလို့ မေးဘွယ်ရှိတယ်၊ နာရီ,မိနစ်,စက္ကန့် မစဲဘူး၊ အမြဲ မျက်စိ မှိတ်ထားလို့ မမြင်ရလျှင် မဖြစ်ဘူးပေါ့၊ မျက်စိက မြင်တာနှင့် တပြိုင်နက်တည်း ဟိတ် ၆-ပါး တပါးပါးတော့ ဖြစ်မှာဘဲ၊ မလွတ်ဘူး၊ မျက်စိကန်းနေရင် မျက်စိပေါက်က ဟိတ် ၆-ပါး မမြင်တော့ဘူး၊ မျက်စိကောင်းနေသမျှ ကာလပတ်လုံး မျက်စိပွင့်နေ၍ မြင်နေသမျှ ကာလပတ်လုံး အဲဒီဟိတ် ၆-ပါး အမြဲဖြစ်တယ်၊ အကုသိုလ်ဟိတ်, ကုသိုလ်ဟိတ် ၂-မျိုးဘဲ၊ အဲဒါ ဘုရားဟောတာလေ။

နားက,ကော နား မကန်းလို့ နားမှာ ကြားနေသမျှ ကာလပတ်လုံး အသံနှင့် သဒ္ဒါရုံရုပ်တို့ တွေ့ဆုံတိုင်း တွေ့ဆုံတိုင်း ကြားသိလုံးလေးတွေ ပေါ်တာပေါ့၊ အဲဒီ ကြားသိလုံးလေးတွေ ဖြစ်တိုင်း ဖြစ်တိုင်း လောဘဟိတ်,ဒေါသဟိတ်,မောဟဟိတ်, ဒါ အကုသိုလ်ဘက်က၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဒါ ကုသိုလ်ဘက်က၊ အဲဒါ နားပေါက်မှာ ဖြစ်တာ သေသေချာချာကြည့်၊ သိပ်ပြီးတော့ ဉာဏ်မြင်ဘို့ ကောင်းတာပေါ့၊ အလောဘဟိတ် အဒေါသဟိတ်, အမောဟဟိတ် နားကဘဲ ဖြစ်တယ်၊ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ် နားကဘဲ ဖြစ်တယ်။

နှာခေါင်း ပေါက်က,တော့ နံ့သိလုံးလေးတွေ အနံ့ နံ့တိုင်း, နံ့တိုင်း နံ့သိလုံးဖြစ်၊ နံ့သိလုံးလေးတွေ ဖြစ်တိုင်း ဖြစ်ကိုင်း လောဘ

ဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အကုသိုလ်ဟိတ် အမြဲဖြစ်၊ ဟော ကုသိုလ်ဟိတ် ကကော နှာခေါင်းကဘဲ ဖြစ်တယ်၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် အတူတူဘဲ၊ နှာခေါင်းပေါက်က ဖြစ်တဲ့ လောဘ, ဒေါသ, မောဟဟိတ်၊ နှာခေါင်းပေါက်က ဖြစ်တဲ့ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် အဲဒါ ဟိတ် ၆-ပါး ဖြစ်ပုံ မြင်အောင်ကြည့်။

လျှာပေါက်က စားသိလုံးလေးတွေ အကြောင်းပြုပြီးတော့ လျှာပေါ်မှာ ဖြစ်ပေါ်လာတဲ့ ခုနက ပြောတဲ့ နှစ်သက် လောဘ ဟိတ်, မနှစ်သက် ဒေါသဟိတ်, အမှတ်တမဲ့ မောဟဟိတ်၊ အဲ အလောဘ, အဒေါသ, အမောဟ ကုသိုလ်ဖြစ်တယ်၊ ဟိတ် အဲဒါ စဉ်းစားဘို့ ဉာဏ်ကလေးတွေ နားလည်ဘို့ ပြောတာ။

ကိုယ်- ပေါက်ကကော ကိုယ်နှင့် တွေ့ထိတိုင်း သိတာပေါ့၊ ဘာနှင့်တွေ့တွေ့ အခု ကိုယ်အဇ္ဈတ္တိက သန္တာန်အတွင်းမှာ ဖြစ်နေ တဲ့ ကာယပသာဒ ဖောဋ္ဌဗ္ဗနှင့် တွေ့တာပေါ့၊ ဗဟိဒ္ဓသန္တာန်နှင့် ဆိုလျှင်လည်း ဗဟိဒ္ဓဖောဋ္ဌဗ္ဗတွေကလည်း အနန္တဘဲ၊ နည်းတာမှ မဟုတ်ဘဲ၊ အမျိုးမျိုးနှင့် တွေ့တယ်၊ ဗဟိဒ္ဓဖောဋ္ဌဗ္ဗက ခြေထောက် နှင့် နင်းသွား မြေကြီးနှင့် အမျိုးမျိုး တွေ့တာပေါ့၊ထိုင်နေလည်း အောက်က ကြမ်းနှင့်ထိ၊ အဝတ်တန်ဆာ ဝတ်လည်း အဝတ်နှင့်ထိ၊ အဲဒီလို အတွေ့ ဖောဋ္ဌဗ္ဗ ခေါ်တယ်၊ အဲဒီလို တွေ့တိုင်း တွေ့တိုင်း အတွေ့ဖောဋ္ဌဗ္ဗာရုံတွေဖြစ်၊တွေ့သိလုံးလေးတွေ ဖြစ်တိုင်း ဖြစ်တိုင်း လောဘဟိတ်တွေ, ဒေါသဟိတ်တွေ, မောဟဟိတ်တွေ အမြဲဖြစ် ပေါ့၊ အဲဒီထဲက ကောင်းတဲ့ ဟိတ်ကတော့ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်, ကိုယ်ကဘဲ ဖြစ်တာဘဲ၊ ဟိတ်

၆-ပါး ဖြစ်ပုံတွေနော်၊ ကိုယ်က ရွတ်တဲ့ ဟောတုပစ္စယောဟာ တခြားမှာ မရှိဘူး၊ မိမိတို့သန္တာန်မှာ ရှိတယ်။

**မ**နောပေါက်က ကြံသိလုံးလေးတွေ ကကော ဘာကြံကြံ ကြံချင်တာကြံ သိတာဘဲ၊ အဲဒီ ကြံသိလုံးလေး ဖြစ်တိုင်း ဖြစ်တိုင်း လောဘဟိတ် ဖြစ်တယ်၊ ဒေါသဟိတ် ဖြစ်တယ်၊ မောဟဟိတ် ဖြစ်တယ်၊ အမှတ်တမဲ့ နေရင်ကော အမှတ်တမဲ့ နေတော့ကာ မောဟဟိတ် ဖြစ်တယ်၊ အဲ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ် အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်လည်း ဖြစ်တယ်၊ အဲဒီ ဟိတ် ၆-ပါးကို မြင်အောင် ကြည့်စမ်း၊ မြင်ရောပေါ့။

ဒီလောက်ပြောရင် ရိပ်မိရောပေါ့၊ အကုန်ကို ရှင်းပြတာဘဲ၊ ဟိတ် ၆-ပါးလုံးကို ဒွါရ ၆-ပါးနှင့် ကိုက်ပြီးတော့ အကုန်ရှင်းပြတာ တွေ့ရောပေါ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဤတရားကို ဘယ်လိုသဘောသွားနှင့် ဟောသလဲဆိုတော့ အခု ယောဂီများ ကိုယ်ပိုင်ဉာဏ်နှင့် မြင်သွားအောင် လောဘဟိတ် ဖြစ်တော့ ဘယ်သွားသလဲ။

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။

(အဋ္ဌသာလိနီ)

ဟိ သစ္စံ၊ ငါဆိုသော စကားသည်မှန်၏။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တဏှာယ၊ လောဘတဏှာကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြကုန်၏။

တို့ ဒကာ,ဒကာမတွေ အမြဲကြောက်တဲ့ ပြိတ္တာဘုံ ကြီးပေါ့၊ ပြိတ္တာဘုံတွေ အလွန်တရာ ကြောက်စရာ ကောင်းတယ်၊ အရိုးစု ပြိတ္တာ၊ အသားစု ပြိတ္တာ ,သန်လျက်မွေးရောက်တဲ့ ပြိတ္တာ, ပြိတ္တာ အမျိုးမျိုးတွေ ပြိတ္တာဘုံကို ဘယ်သူရောက်ချင်မလဲ၊ ဘယ်သူမှ မရောက်ချင်ဘူး၊ ဘာကြောင့် ရောက်သလဲ၊ မျက်စိက အကြောင်း ပြု ရောက်ရတယ်၊နားက အကြောင်းပြု ရောက်ရတယ်၊နှာခေါင်း က အကြောင်းပြု ပြီးတော့ ဒီ ပြိတ္တာဘုံကို ရောက်ရတယ်၊ လျှာက အကြောင်း ပြုပြီးတော့ ဒီ ပြိတ္တာ ဘုံကို ရောက်ရ တယ်၊ ကိုယ်က အကြောင်းပြုပြီးတော့ ပြိတ္တာဘုံ ရောက်ရတယ်၊ မနောပေါက်က အကြောင်းပြုပြီးတော့ ပြိတ္တာဘုံ ရောက်ရတယ်၊ ဘာပြုလို့လဲ၊ခြောက်ဒွါရနှင့် အာရုံခြောက်ပါးတွေ့တိုင်း နှစ်သက် မိလို့၊ အဲ နှစ်သက် လောဘပေါ့၊ လောဘဟိတ် ဖြစ်လို့ ပြိတ္တာဘုံ ရောက်ရတယ်၊အဲဒီတော့ ဘယ်လောက် ကြောက်ဘွယ်, လန့်ဘွယ်, ထိတ်ဘွယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ပေါ့၊ ခြောက်-လက်စ,သတ်တော့ တို့-မျက်စိတွေ, နားတွေ, နှာခေါင်းတွေ, လျှာတွေ, ကိုယ်တွေ, မနောတွေကို အကောင်းအမွန် အမြတ် တနိုး တို့က ထင်နေတာ၊ လက်စသတ် တို့ရန်သူကြီးပါလား၊ ရန်သူဘက်က ပြတာနော်။

ကိုင်း ဒါဖြင့် ၆- ဒွါရက အာရုံ ၆-ပါး တွေ့ဆုံတဲ့ အခါ မနှစ် သက်ပါဘူး၊ အနိဋ္ဌာရုံတွေ့ပြီ၊ မနှစ်သက်လို့ အနိဋ္ဌာရုံနှင့် တွေ့ တော့ စိတ်ဆိုးတာပေါ့ စိတ်ဆိုး, ဒေါသဟိတ်၊ ဟော- ဒေါသ ဟိတ် ဖြစ်သွားပြီး၊ဒေါသဟိတ် ဖြစ်တော့ ဘာဖြစ်သလဲ၊သက်သာ ပါ့မလားဆိုတော့ ဟော—

ဒေါ်သေနပဟိ စက္ခုဇာတိတာယ ဒေါ်သ,သဒိသံ နိရယံ ဥပပဇ္ဇန္တိ။

(အဋ္ဌသာလိနီ)

ဟိ သစ္စံ၊ ငါဆိုသော စကားသည် မှန်၏။ ဒေါ်သေန၊ ဒေါ်သသည်။ စက္ခုဇာတိတာယ၊ ကြမ်းတန်းသော သဘောရှိသောကြောင့်။ ဒေါ်သ,သဒိသံ၊ ဒေါ်သနှင့်တူသော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရကုန်၏။

ဒေါ်သလေ, ဘယ်သွားမလဲတဲ့၊ ငရဲပြည် သွားမယ်၊ သေသေချာချာ ကြည့်ထားစမ်း၊ ဘယ်ကဖြစ်တဲ့ ဒေါ်သလဲ၊ ကောင်းကင်က ဖြစ်တာလား၊ ရေထဲက ဖြစ်တာလား၊ မဟုတ်ဘူး မိမိတို့ ကိုယ်အတွင်းသန္တာန်မှာ အခုကိုယ်ပိုင် သိမ်းပိုက်ထားတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော ၆- ဒွါရ၊ အဲဒီ ၆-ဒွါရက ဖြစ်တဲ့ ဒေါ်သပေါ့၊ အဲဒါ မမြင်တော့ အခက်ပေါ့၊ အဝိဇ္ဇာမျက်စိနှင့် ကြည့်တော့ ဤဘဝ ထိုဘဝ ဘယ်တော့မှ မမြင်ဘူး၊ ဝိဇ္ဇာဉာဏ်မျက်စိနှင့် ကြည့်လျှင် မြင်နိုင်တယ်၊ အဲဒါ လက်စသတ်တော့-တို့ငရဲဘုံ ကြောက်လိုက်တာ ကတဲ့, ချိချိတုန်အောင် တို့ကြောက်တာ၊ ငရဲကို တို့ တခြားက ရောက်တာမှ မဟုတ်ဘဲ၊ မျက်စိ, နား,နှာ, လျှာ, ကိုယ်,မနော, ၆-ဒွါရကြောင့် ငရဲပြည် တို့ရောက်ရပါကလားလို့ သိသွားရောပေါ့၊ရန်သူအစစ်ကိုတွေ့အောင်ပြတာ၊ တကယ်အစစ် ရန်သူဟာ ကိုယ်မှာ နေတာ တခြားသွား မျှော်မနေနှင့်။

ကိုင်း ဒါဖြင့် ကောင်းပြီ၊ မောဟဆိုတာ အမှတ်တမဲ့နေတာ၊ မြင်လည်း အမှတ်တမဲ့ပေါ့၊ အာရုံ ၆-ပါး တွေ့တာပေါ့၊ အာရုံ

၆-ပါးနှင့် ဒီ အဇ္ဈတ္တိကဝတ္ထုရုပ် ၆-ပါးနှင့် တွေ့ဆုံတိုင်း တွေ့ဆုံတိုင်း ဝိညာဏ်တွေက အမြဲပေါ်နေတာ၊ ပေါ်တိုင်း ပေါ်တိုင်း အမှတ်တမဲ့ ဂရုမစိုက်ပါဘူး၊ အမှတ်တမဲ့ ကြားတော့ ကြားလိုက်တယ်ဟေ့၊ အရေးမစိုက်လိုက်ပါဘူး၊ ဟော နံတာတွေ့, လျက်တာတွေ့၊ အမှတ်တမဲ့တွေပေါ့၊ အဲဒီ ဂရုမစိုက်တာတွေ ပေါ့ပေါ့လေး ထင်ကြတယ်၊ ဂရုမစိုက် မောဟပေါ့၊ ဟိတ် ၆-ပါးမှာ အကုသိုလ်မောဟဟိတ်၊ အဲဒီလို အကုသိုလ်တည်းဟူသော မောဟဟိတ်က ဘယ်သွားမလဲ။

မောဟေန ဟိ မုယှနသဘာဝတာယ တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ။

(အဋ္ဌသာလိနီ)

ဟိ သစ္စံ၊ ငါဆိုသော စကားသည် မှန်၏။ မောဟေန၊ မောဟသည်။ မုယှနသဘာဝတာယ၊ တွေဝေသော သဘောရှိသော ကြောင့်။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်ဘုံသို့။ဝါ-အသုရကာယ်ပြည်သို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရကုန်၏။

အဲဒီ မောဟက ဘယ်မှာ နေပါလိမ့်မလဲလို့ တွေးနေသေးသလား၊ မတွေးနှင့် ကိုယ့် အဇ္ဈတ္တိက သန္တာန်မှာရှိတဲ့ ၆-ဒွါရမျက်စိ, နား, နှာ, လျှာ, ကိုယ်, မနောပေါ့၊ အဲဒီ ၆-ဒွါရကို မှီပြီးတော့ ဖြစ်ပေါ်တဲ့ မောဟ, ဟိတ်တရားတွေပေါ့၊ အဲဒါ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, စင်စစ်မုချ အပါယ်ကိုကျတယ်၊ ဒီတော့ အချို့က ပြောတယ်၊ ဒီလို လောဘ,ဒေါသ,မောဟမျိုးများ အပါယ်ကို တကယ်ဘဲ အမှန်ကျပါသလား ဘုရား

လို့ မေးဘွယ် ရှိတယ်၊ လူတိုင်း မကျဘူး၊ ဘယ့်နှယ်လဲဘုရား လောဘ, ဒေါသ, မောဟ အကုသိုလ် တရားက မျက်နှာလိုက် သလား၊ လောဘ, ဒေါသ, မောဟတရားက မျက်နှာလိုက်လို့ တချို့တော့ အပါယ် ကျတယ်၊ တချို့တော့ အပါယ် မကျဘူး၊ အဲဒါ အခက်ဆုံးပေါ့၊ ဟောရတဲ့ ပုဂ္ဂိုလ်လည်းခက်၊ နားထောင် တဲ့ ပုဂ္ဂိုလ်လည်း အသိခက်သွားတာပေါ့၊ မခက်နှင့် နည်းနည်း လေး သဲလွန်စလေး ပြမယ်၊ လောဘဟိတ်, ဒေါသဟိတ်, မောဟ ဟိတ် လူတိုင်း ဖြစ်တယ်၊ ဒါကြောင့်မို့လို့လည်း ဘုရားကိုယ်တော် မြတ် နခသိခသုတ် ဟောတာပေါ့။

သေကုန် သေကုန်သောကာလ သတ္တဝါတို့သည် အပါယ် လေးပါးကျတာ ဇမ္ဗူဒီပါ မြေပြင်မှာ ရှိတဲ့ မြေမှုန့်နှင့် အမျှ ကျတယ်၊ အခု ကိုယ်ပိုင်ဉာဏ် ကလေးနှင့် တွေးကြည့်တော့ ဘုရား ဟောတဲ့ ဥပမာတောင် နည်းနေအုံးမယ် မဟုတ်လား၊လူတထောင် တယောက်, လူတသောင်းတယောက် ဒီ ဟိတ် ၆-ပါး ကင်းဘို့ရာ မခဲယဉ်းဘူးလား၊ အဲ အမြဲရှိတာပေါ့၊ ဒီတော့ ကောင်းပြီ၊ လောဘဟိတ်, ဒေါသဟိတ်,မောဟဟိတ် အကုသိုလ်တွေဖြစ်တိုင်း အပါယ် မကျတဲ့ ပုဂ္ဂိုလ် လောဘဟိတ်,ဒေါသဟိတ်,မောဟဟိတ် ဖြစ်တိုင်း အပါယ် ကျတဲ့ ပုဂ္ဂိုလ် ဘယ်လို ခွဲခြားသိရမလဲ ဘုရား၊ အဲဒါ မေးဘို့ဘဲ၊ သိနိုင်တာပေါ့၊ သိပါတယ်၊ ဘယ်ပုဂ္ဂိုလ်မျိုး ကျသလဲဆိုတော့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တန်းလန်းရှိတဲ့ ပုဂ္ဂိုလ် ကျတယ်၊ ရှင်းရှင်းလေးရယ်၊ မရှုတ်ပါဘူး၊ လွယ်လွယ်ကလေး၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တန်းလန်းကြီး ရှိနေတဲ့ ပုဂ္ဂိုလ် ကျတယ်၊ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ ပြုတ်သွားတဲ့ပုဂ္ဂိုလ် မကျဘူး၊ကိုင်း ရှင်းရှင်း လေး၊ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ ပြုတ်တဲ့ ပုဂ္ဂိုလ် သန္တာန်မှာ လောဘ,

ဒေါသ,မောဟ ရှိတယ်၊ ခုပြောတဲ့ ၆-ဒွါရက လောဘ, ဒေါသ, မောဟ တွေလည်း ရှိသေးတာဘဲ၊ နို့ အပါယ်ကျသလား ဆိုတော့ မကျဘူး ဘာဖြစ်လို့လဲ၊သူတို့ဟာ အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီ၊ ငါမဟုတ်ဘူးဆိုတဲ့ အနတ္တ လုံးလုံးချည်း သိသွားပြီ၊ အဲဒီ အနတ္တကို လုံးလုံးချည်း မိနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ လောဘတို့ ဒေါသတို့ မောဟတို့ဟာ အပါယ် မကျဘူး၊ အဲ ခုပြောတဲ့ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ တန်းလန်းနှင့် ငါမြင်တယ်, ငါကြားတယ်, ငါနံတယ်, ငါစားတယ်,ငါတွေ့ထိတယ်, ငါ ကြံစည်တယ်၊ အဲဒါ အတ္တဒိဋ္ဌိပေါ့၊ အဲဒီလို အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တန်းလန်းကြီးနှင့် စွဲစွဲလမ်းလမ်း ဥပါဒါန်နှင့်နေတဲ့ ပုဂ္ဂိုလ်တွေ အဲဒီလို ပုဂ္ဂိုလ်မျိုး သန္တာန်မှာ ဖြစ်တဲ့ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်၊ စိတ်ချ သွားမှာဘဲ၊ အပါယ်လေးပါး မလွတ်တဲ့ အထဲက ကြပ်ကြပ်သာ စဉ်းစားပေတော့။

အဲ·အလောဘဟိတ်,အဒေါသဟိတ်, အမောဟဟိတ် ဖြစ်တာ ဘုရား၊ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဖြစ်နိုင်ပါသလဲလို့ တခါမေးဘွယ် ရှိတာပေါ့၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ဖြစ်တဲ့ ပုဂ္ဂိုလ်က ခုနက ပြောခဲ့တဲ့အတိုင်း မျက်စိသည် ငါ မဟုတ်၊ ရုပ်နာမ်၊ဟော-ရုပ်မှန်း,နာမ်မှန်းသိ၊နားသည် ငါမဟုတ် ရုပ်နာမ်၊ နားရုပ် အသံရုပ်လေ၊ နှာခေါင်းသည် ငါမဟုတ် ရုပ်နာမ်၊ လျှာ သည် ငါမဟုတ် ရုပ်နာမ်၊ ကိုယ်သည် ငါမဟုတ် ရုပ်နာမ်၊ မနော ကြံစည်တာလည်း ငါမဟုတ်ဘူး ရုပ်နာမ်၊ ရုပ်နာမ် အမှန်မြင်တဲ့ ပုဂ္ဂိုလ်၊အဲဒီလို ရုပ်နာမ် အမှန်မြင်တဲ့ ပုဂ္ဂိုလ် ကျတော့ မြင်သိလုံး လေး ဖြစ်လိုက်၊ဟော-ရုပ်နာမ်ဘဲ၊မြင်သိလုံးဟာ မြင်တဲ့နေရာမှာဘဲ ပစ္စုပ္ပန်သက်သက်ကလေးဖြစ်ပြီးတော့ ချုပ်ပျောက်သွားတာ၊ မြင်

သိ အသစ်ပြောင်း အဟောင်း ပျက်သွားတယ်ဆိုတာ တယ်မှန်ပါ လား၊ ဟော-သိသွားပြီ၊ မြင်သိလုံးလေးစွဲပြီး ရုပ်နာမ်ကို သိတော့ အနိစ္စလည်း မြင်သွားတယ်၊ ဒုက္ခလည်း မြင်သွားတယ်၊ အနတ္တ လည်းသိသွားတယ်၊ အဲဒါ ထိုပုဂ္ဂိုလ်သန္တာန်မှာ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် လုံးလုံးဖြစ်၊ ရှင်းပြီနော်။

ကွက်ကွက်ကွင်းကွင်း ပြတာမှ မရှင်းလည်း မတတ်နိုင်ဘူး၊ အဲ ကြားသိလုံးလေးကို စွဲ၍ ကြားသိလုံးလေးဟာ ရုပ်နာမ်, ကြားတဲ့ အသံကလည်း ရုပ်, မိမိသန္တာန်မှာ ရှိတဲ့ နားကလည်း ရုပ်၊ သူတို့ နှစ်ခု ပေါင်းဆုံမိခြင်းကြောင့် ကြားသိလုံး နာမ်တရား က မနေသာမှု မရှောင်သာမှု မလွှဲသာမှုလောက်သာ ကြားလိုက် ရတာ ကြားပြီး ပျောက်သွား တာဘဲ၊ ကြားသိ အသစ်ပြောင်း အဟောင်းတွေ ပျက်သွားတာဘဲ၊ ဘာမျှ မရှိပါလားလို့ အဲဒီလို သိလိုက်ရတဲ့ ကျေးဇူးဂုဏ်ကြောင့် ဟော-ရုပ်နာမ်အသိ ဖြစ်ပျက် တွေ၊ အနိစ္စ,ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး ကွက်ကွက်ကွင်း ကွင်း မြင်သွားရောပေါ့၊ အလောဘ, အဒေါသ, အမောဟဟိတ် ဖြစ်သွားတာပေါ့၊ ဘယ်လောက် အဘိုးတန်သလဲ၊ သိရင် အင်မတန် မွန်မြတ်တဲ့တရား၊ မသိလို့ ကြောက်ဘို့ကောင်းတာ၊ ဒါကြောင့် သိအောင် သင်ကြပါလို့ ပြောတာ။

ကိုင်း-နှာခေါင်းက နံသိလုံးလေးတွေ နံသိလုံးကို စွဲပြီးတော့ ဘာနှင့် နံနံ နံတဲ့ အနံ့ဟာ ကျေးဇူးရင် မိတ်ဆွေပေါ့၊ နံသိလုံးလေး ဖြစ်ပေါ်တဲ့ အတွက်ကြောင့် ဟော-အနံ့ရုပ်နှင့် နှာခေါင်းရုပ် ပေါင်းဆုံမိလို့သာ နံသိလုံး ဝိညာဏ်လေး ဖြစ်ပေါ်လာလို့ ဒီ ရုပ် နာမ်တရားလေးဟာ ပစ္စက္ခမျက်မှောက်မှာ နံသိ အသစ်ပြောင်း

အဟောင်း ပျက်သွားတယ်၊ ငါမဟုတ်ပါလား၊ ပစ္စုပ္ပန်သက်သက် ဖြစ်ပျက်သွားတဲ့ တရားပါလား၊ ဪ-ဒါ မမြဲတဲ့တရား အနိစ္စဘဲ၊ ဒါ ဒုက္ခတရားဘဲ၊ ဒါ အနတ္တတရားဘဲလို့ သိသွားပြီ၊ ဘယ်လောက် အဘိုးတန်သွားသလဲ၊ အဲဒါ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်တို့ ဖြစ်သွားတာဘဲ၊ ဒါဟာ သိပ်ကောင်းတာဘဲ။

ကိုင်း-စားသိလုံးကော အရိယာတွေလည်းဘဲ မျက်စိရှိတယ်၊ နားရှိတယ်၊ နှာခေါင်းရှိတယ်၊ လျှာရှိတယ်၊ ကိုယ်ရှိတယ်၊ မနော ရှိတယ်၊ ပုထုဇဉ်တွေလည်း မျက်စိရှိတယ်, နားရှိတယ်, နှာခေါင်းရှိ တယ်,လျှာရှိတယ်,ကိုယ်ရှိတယ်, မနောရှိတယ်၊ ရှိချင်းတူပေလည်း မတူတော့ဘူး၊ ဟော- ဝိဇ္ဇာဉာဏ်သမားက စားသိလုံးကို စွဲ၍ သာ စားရ,စားရ စားသိလုံးကို အကြောင်းပြုပြီး ရုပ်နာမ်မှန်းသိ ဖြစ်ပျက်တွေ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါး ပိုင်သွားပြီ၊ အဲဒီတော့ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ပိုင်သွားတာပေါ့။

ကိုယ်က တွေ့သိလုံးကော ဘာနှင့် တွေ့ရ, တွေ့ရ အကောင်း ချည်းဘဲ၊ ဘာနှင့် တွေ့တွေ့ တွေ့တိုင်းသိ၊ ဟော-ကာယဝိညာဏ် ရုပ်နာမ်နှစ်ပါးဘဲ၊ တွေ့တဲ့အခါကျတော့၊ ဒါတွေဟာ ပစ္စုပ္ပန် သက်သက် ဖြစ်ပျက် တရားတွေဘဲလို့ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေ့တော့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးမြင်၊ ဟော- အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်တွေ တဖွားဖွား ဖြစ်တာပေါ့၊ သိပ်ကောင်းတာပေါ့။

မနောက ကြံသိလုံးတွေကကော မကြံနှင့်ဟဲ့၊ မစည်နှင့်ဟဲ့လို့ ဘယ်သူတားလို့ ရအုံးမလဲ၊ ဝင်တာဘဲ၊ တော်တော်ကြာ ကြံလိုက်၊

ကြံပေတဲ့ ကိုယ်က သတိထား၊ ဩြော်- ဒါတွေဟာ ငါတော့ ဂရုစိုက်ရတာ မဟုတ်ဘူး၊ သဘာဝမှ သူ့အလိုလို ကြံသိလုံး တွေ ဖြစ်လာတာ၊ ပြီးတော့လည်း ဘာတခုမျှ စမ်းသပ်ရှာဖွေ လို့ မရ၊ အကုန် ဖြစ်ပျက်ပြီးတော့ သွားတဲ့ အနိစ္စတရားတွေ၊ ဒုက္ခတရားတွေ၊ အနတ္တတရားတွေမြင်၊ ဟော- မြင်တော့ အနတ္တ လက္ခဏာဝင်၊ဘယ်လောက် ကောင်းသွားသလဲ၊ဟင်-ကြံသိလုံးစွဲ၍ အလောဘ, အဒေါသ, အမောဟဖြစ်တာပေါ့၊ အဲဒါ အဘိုးတန် ပုံတွေ ပြောပြတာ၊ ဟိတ် ၆-ပါး ဖြစ်ပုံတွေ ဟေတုပစ္စယော ပါးစပ်က ရွတ်လိုက်လျှင် ခုပြောတဲ့ တရားတွေဟာ တကတဲ ဉာဏ်ထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်ရောပေါ့၊ ဩြော်- ဟေတု ပစ္စည်းဟာ လက်စသတ်တော့ တို့ ၆-ဒွါရမှာ ဖြစ်တာဘဲ၊ ပြီးတော့ အကုသိုလ်ဟိတ် ဖြစ်ရတာနှင့် ကုသိုလ်ဟိတ် ဖြစ်ရတာ ဘယ်သူ ကောင်းသလဲလို့ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ပေါ့၊ အကုသိုလ် ဟိတ်ဖြစ်ရင် ငါတို့ အပါယ်လေးပါး ကျမှာဘဲ မြင်သွားပြီ၊ အကုသိုလ်ဟိတ် မဖြစ်ရင် မုချ မဂ်ဖိုလ် ဓမ္မ နိဗ္ဗာန် ငါတို့ ရမည် ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် သိပေါ့၊ အဲ သိသွားရင် ဘယ်လောက် ကောင်းမလဲ၊ ထိုင်နေရင်းလည်း ကောင်း, ထနေရင်းလည်း ကောင်း, အိပ်နေရင်းလည်း ကောင်း,သွားနေရင်းလည်း ကောင်း ဘဲ၊ သိပ်အဘိုးတန်တာ၊ ဒါ သိလုံးလေ၊ သိရင် သိပ်အဘိုးတန် ဘယ်၊ သိရင် သိရင်၊ ဒါ သိအောင် ကြပ်ကြပ် အားထုတ်ကြပါ၊ မသိရင်တော့ အင်မတန် နစ်နာပါတယ်၊ မသိလို့သာပေါ့၊ ခု ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ်လေးပါး ကျနေတဲ့ သတ္တဝါတွေ တမင် ကျချင်တဲ့ ပုဂ္ဂိုလ် ဘယ်လာ ရမလဲ၊ ဘယောက်မှ ကျချင်ဟဲ့ ပုဂ္ဂိုလ် မရှိဘူး၊ ငရဲပြည် သွားချင်တဲ့ ပုဂ္ဂိုလ် တစုံတယောက်မှ ရှာမရ၊ တိရစ္ဆာန်ပြည် သွားချင်တဲ့

ပုဂ္ဂိုလ်တွေ အောင်မယ်လေး ဘယ်မှ မရှိဘူး ပြိတ္တာပြည် အသုရကာယ်ပြည် ဘယ်သူမှ မသွားချင်ဘူး၊ မသွားချင်ပေတဲ့ တင်းကြမ်းပြည့် ရောက်နေကုန်ပြီ၊ ဘာဖြစ်လို့လဲ၊ မသိရှာလို့ပေါ့၊ သူတို့တွေ မသိလို့ဘဲ၊ တို့လည်း မသိဘာသာ နေမည်ဆိုရင်တော့ ကမ္ဘာသကာပေါ့၊ ဘယ်တတ်နိုင်တော့မလဲ၊ သူတို့တွေ မသိလို့သာ သွားကြတာ၊ ငါတော့ သိအောင်လုပ်မည်၊ ဒီ လမ်းတော့ တို့ မသွားဘူးဆိုတဲ့ စိတ်ထားနှင့် အာရုံပြုရင် သိပ်ကောင်းတာ ပေါ့၊ ဒါကြောင့် ခဏ ခဏ တိုက်တွန်း ဟောတာပေါ့၊ သိအောင် လုပ်ကြပါ၊ သိအောင် အားထုတ်ကြပါ၊ သိရင် အင်မတန် အဘိုးတန်ပါတယ်၊ အဲ ခုနက ပြောတဲ့ ဟိတ် ၆-ပါး တရားဟာ တခြားမှာတော့ သွားမရှာနှင့် မရှိဘူး၊ ဟောတုပစ္စယော၊ အဲ ဟောတုပစ္စယော ဆိုရင်ဖြင့် လက်စသတ်တော့ ဟိတ် ၆-ပါးဟာ တို့ ၆-ဒွါရမှာ ဖြစ်တဲ့ တရားဘဲ၊ ပြီးတော့ တို့ဟာ အခုပြောတဲ့ အကုသိုလ်ဟိတ်နှင့် ကုသိုလ်ဟိတ် ၂- ပါးသည် အကုသိုလ်ဟိတ်က အပါယ်လားတယ်၊ ကုသိုလ်ဟိတ်က ဘာလဲ၊ နိဗ္ဗာန်သွားတယ်ဆိုတာ မြင်ရောပေါ့၊ မြင်တော့ ခုနက တုန်းက ပြောတဲ့ အကုသိုလ် ဖြစ်သော်လည်း အပါယ်မကျဘူးလို့ဆိုတာ ဘယ့်နှယ်ပါလဲဘုရားလို့ဆိုတော့ ဟုတ်တယ်- သောတာပန် ဆိုတဲ့ ပုဂ္ဂိုလ်များ ကျတော့ သောတာပန်လောက် ကာလေးနှင့်တော့ လောဘ, ဒေါသ, မောဟ မကင်းသေးဘူး၊ မကင်းသေးတော့ အကုသိုလ်ဟိတ် ဖြစ်သေးတယ်၊ ဖြစ်ပေတဲ့ **အပါယ ဂမနိယ,** အပါယ်လားတဲ့ လောဘ, ဒေါသ, မောဟ မရှိဘူး၊ သူတို့မှာ အပါယ်ကို လားစေတတ်တဲ့ လောဘမျိုး, ဒေါသမျိုး, မောဟမျိုး မရှိဘူး ဖြစ်တော့ဖြစ်တယ်၊ လောဘ, ဒေါသ, မောဟဖြစ်ပေတဲ့

အပါယ်လားတဲ့ လောဘ, ဒေါသ, မောဟ မရှိဘူး၊ သူတို့က ဘာဖြစ်သွားလို့လဲ၊ သောတာပန်ဆိုတော့—

ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယ ဂမနော သောတာပန္နောနာမ။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ လုံးလုံးပြတ်သွားပြီ၊ ဒိဋ္ဌိ မရှိဘူး၊ ဒိဋ္ဌိဆိုတာ ဘာလဲ၊ ငါဆိုတဲ့ စွဲလမ်းခြင်း ဥပါဒါန်မရှိဘူး၊ သတ္တဒိဋ္ဌိ, သက္ကာယ ဒိဋ္ဌိ လုံးလုံး ပြတ်သွားပြီး၊ ငါ....မဟုတ်ဘူးဆိုတာ အပိုင် သိသွားပြီ၊ အဲဒါ ဒိဋ္ဌိပြတ်တယ် ခေါ်တာပေါ့၊ ဝိစိကိစ္ဆာဆိုတာ ယုံမှားကင်းတာ ခေါ်တယ်၊ ဝိစိကိစ္ဆာ ဘာယုံမှား ကင်းသွားသလဲ။

## ယုံမှားကင်းချက်

ဗုဒ္ဓေ ကင်္ခတိ, ဓမ္မေ ကင်္ခတိ, သံဃေ ကင်္ခတိ, သိက္ခာယ ကင်္ခတိ, ပုဗ္ဗန္တေ ကင်္ခတိ, အပရန္တေ ကင်္ခတိ, ပုဗ္ဗန္တာပရန္တေ ကင်္ခတိ, ပဋိစ္စသမုပ္ပါဒေ ကင်္ခတိ။

**ဗုဒ္ဓေ ကင်္ခတိ** ဆိုတာ ဘုရားကို ယုံမှားတဲ့ ပုဂ္ဂိုလ်ကို ပြောတာ၊ အခု ဝိဇ္ဇာဉာဏ်ဝိဇ္ဇာမျက်စိ ရတဲ့ပုဂ္ဂိုလ်ကျတော့ဘုရားဟုတ်မှ ဟုတ်ပါမလားလို့ ဒီစိတ်မျိုး ဘယ်အခါမှ မပေါ်ဘူး၊ တခါတည်း ကင်းသွားတယ်၊ သံသယ ရှင်းသွားတယ်၊ ဘုရား မမှန်ဘူးလို့ တခါတည်း ဘယ်သူကမှ ဖြားယောင်းသွေးဆောင်လို့ မရတော့ဘူး၊ ဘုရားအစစ်ကို အမှန် ယုံကြည်နေတယ်၊ အဲဒါက ဘုရား၌ ယုံမှားကင်းတာ ခေါ်တယ်။

**ဓမ္မ ကာင်တိတဲ့** မြတ်စွာဘုရား တရားတော်သည် လွဲလိမ့်မည်၊ မှားလိမ့်မည်၊ ဟုတ်မှဟုတ်ပါမလားဆိုတာ ဒီလို ဒွိဟာသံသယမျိုး ဘယ်အခါမှ မပေါ်တော့ဘူး၊ ဘုရားဟောတဲ့ တရားတော်သည် အလွန်မှန်တယ် ဟုတ်တယ် ဘုရား တရားတော်ကြီးသည် ဘယ်နည်းနဲ့မှ မလွဲဘူး၊ တို့ အခုသိနေရသော ဘုရားတရားတော်သည် တလုံးတပါဒ၊ တဂါထာ၊ တဝါကျမှ မလွဲဘူး တခါတည်း ယုံကြည်နေတာ၊ အဲဒါ တရား၌ ယုံမှားကင်းတာခေါ်တယ်။

**သံဃေ ကာင်တိ တဲ့၊** ဘုရား ကိုယ်တော်မြတ်၏ အဆုံးအမ ဩဝါဒ ဒေသနာကို လိုက်နာ ကျင့်ကြံနေတဲ့ သံဃာတော်တို့သည် မုချဘုရားသားတော် သံဃာတော် အစစ်ဘဲလို့ ယုံကြည်တဲ့ သဒ္ဓါတရား ဘယ်တော့မှ မပျက်ကွက်ဘူး၊ အဲဒါ သံဃာ၌ ယုံမှား ကင်းသွားပုံတဲ့။

**သိက္ခာယ ကာင်တိတဲ့၊** မိမိ ခုကျင့်နေတဲ့သိက္ခာ ကိုလေ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ၊ သိက္ခာ သုံးပါး၊ သီလသိက္ခာဆိုတာ ကာယကံ၊ ဝစီကံလုံတာ သီလသိက္ခာခေါ်တယ်၊ ကာယကံနှင့် ဝစီကံလုံလျှင် ဝီတိက္ကမ ကိလေသာ ပြတ်သွားတယ်၊ ကာယကံ၊ ဝစီကံ၊ ဝီတိက္ကမကိလေသာ မကျူးလွန်တော့ဘူး၊ ဝီတိက္ကမကိလေသာ ငြိမ်းသွားပြီ၊ ဒါ ကာယကံ၊ ဝစီကံ သီလသိက္ခာ ခေါ်တယ်၊ သမာဓိသိက္ခာက ပရိယုဋ္ဌာန ကိလေသာ ခေါ်တယ်၊ ပရိယုဋ္ဌာန ကိလေသာကို သမာဓိသိက္ခာက သတ်တယ်၊ ဘယ်သူလဲ ပရိယုဋ္ဌာန ကိလေသာကို သတ်တာ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ သတိ၊ သမာဓိနှင့် သတ်တော့ ပရိယုဋ္ဌာန ကိလေသာ ငြိမ်းတယ်၊ အနုသယကိလေသာ သတ်တာက

ပညာသိက္ခာ၊ ပညာသိက္ခာက သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိက အမှန်မြင်နေတာကို ခေါ်တယ်၊ ကေန်ရုပ်ဘဲ၊ ကေန် နာမ်ဘဲ၊ ဒီရုပ်နာမ်ဟာ မမြဲဘူး၊ ဒီရုပ်နာမ်ဟာ အလွန်ဆင်းရဲတာ အမှန်၊ ဤရုပ်နာမ်သည် ငါ အစိုးမရဘူး၊ အဲဒီလို အမှန်အကန် ယထာဘူတ သိနေတာ ဘာခေါ်သလဲ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ပေါ့၊ ဒါ ပညာသိက္ခာ ခေါ်တယ်။

အဲဒီတော့ တို့ယောဂီများ တို့တရားနာနေတဲ့ ပုဂ္ဂိုလ်များက ဒီသိက္ခာသုံးပါးဟာ မှန်မှ မှန်ပါ့မလား ဟုတ်မှ ဟုတ်ပါ့မလားလို့ အဲဒီ သံသယမျိုး လုံးလုံး ကင်းသွားပြီ၊ အဲဒီလို လုံးလုံး ကင်းသွားတာကို သိက္ခာယ ကင်္ခတိတဲ့၊ သိက္ခာပုဒ်ကို ယုံမှားကင်းသွားပြီ။

ပုဗ္ဗန္တေ ကင်္ခတိ၊
အပရန္တေ ကင်္ခတိ၊
ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊

ပုဗ္ဗဆိုတာ ရှေ့၊ အပရန္တဆိုတာ နောက်၊ ပုဗ္ဗန္တာပရန္တဆိုတာ ပစ္စုပ္ပန်၊ လွန်ပြီးသော ကာလကို ပုဗ္ဗန္တခေါ်တယ်၊ မရောက်သေးတဲ့ ကာလကိုတော့ အပရန္တဆိုတယ်၊ ပစ္စုပ္ပန်ကာလကို ပုဗ္ဗန္တာပရန္တ ခေါ်တယ်၊ စင်စစ်တော့ အတိတ် အနာဂတ် ပစ္စုပ္ပန်ခေါ်တယ်၊ ကာလသုံးပါး၊ အဲဒီ ကာလသုံးပါးမှာ ယုံမှားကင်းသွားပြီတဲ့၊ ဘယ်လိုလုပ် ယုံမှားကင်းသွားသလဲတဲ့၊ ဒါ ဥပမာ ပြတယ်လေ၊ လွယ်လွယ်ကလေးဘဲ။

**ဥပမာ** ထန်းပင်ကြီးကို အဖိုပင်ကို မြင်လိုက်တာနှင့် တပြိုင်နက် လောကလူသား သတ္တာဝါများဟာ ဘယ်လို ယုံမှားကင်း

သွားသလဲ၊ဒီထန်းပင်ဖိုကြီးဟာကွယ် ခုသာ မသီးတာပါ၊ အရင်တုန်းကများ သီးများ လာသလားလို့ ဒီလိုသံသယ ကုက္ကုစ္စများ ရှိအုံးမလားဆို လုံးလုံး မရှိဘူးတဲ့၊ဒီထန်းပင် ဖိုကြီးဟာ ခု မသီးပေတဲ့ တို့မရှိတဲ့အခါ နောက်တော့ သီးချင်များ သီးနေလိမ့်အုံးမလားလို့ ဒီသံသယမျိုးများ ပေါ်လာအုံးမလားလို့ လုံးလုံး မပေါ်ဘူး၊ ဒီထန်းပင်ဖို ကြီးဟာ ယခုနှစ် ပစ္စုပ္ပန်သီးဆဲများ ဖြစ်အုံးမလားလို့ ဒီလို သံသယကုက္ကုစ္စမျိုး ရှိအုံးမလားလို့ မရှိဘူး၊ အဲဒါ ဥပမာ ပြောတာ။

ရုပ်နှင့်နာမ် အမှန်တွေလို့ ပစ္စုပ္ပန်ဖြစ်ပျက်မစဲကိုသာ ကေန် မြင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဟာ-ခုသာ ဖြစ်ပျက်မစဲ ရုပ်နာမ်ပါကွယ်၊ တို့ နောက်တုန်းကတော့ သတ္တာတွေ ဖြစ်လာ တာဘဲလို့ ဒီလို ယုံမှားရှိအုံးမလားဆိုတော့ မရှိဘူး၊ဒါ **အခုသတ္တာ** မှ ရှာမရဘဲ ရုပ်နာမ်တွေဘဲ၊ ဘယ်မှာလဲသတ္တာ၊ မျက်စိလည်း ရုပ်နာမ်ဖြစ်ပျက် သတ္တာ မရှိဘူး၊ နားလည်းရုပ်နာမ် ဖြစ်ပျက်ဘဲ၊ ဘယ်သတ္တာရှိမလဲ၊ နှာခေါင်းလည်း ရုပ်နာမ် ဖြစ်ပျက်ဘဲ သတ္တာ မရှိဘူး၊ လျှာကလည်း ရုပ်နာမ်ဖြစ်ပျက်ဘဲ၊ ဘယ်သတ္တာ ရှိမလဲ၊ ကိုယ်ကလဲ ရုပ်နာမ်ဖြစ်ပျက်ဘဲ ဘယ်သတ္တာတွေ ရှိမလဲ၊ မနော ကလည်း ရုပ်နာမ်ဖြစ်ပျက်တဲ ဘယ်သတ္တာ ရှိမလဲ၊ သတ္တာဆိုတာ ပညတ်အားဖြင့် ခေါ်ချင်လို့ခေါ်တာ၊ဘယ်သတ္တာ ရှိမလဲ၊ ဟော ရုပ်နာမ် ဖြစ်ပျက်ဘဲရှိတယ်၊ အမှန်သိတယ်၊ အဲဒီလို သိတော့ **အတိတ်ကာလ** လွန်ပြီးတဲ့ကာလလည်း ဒီလိုဘဲ၊ ရုပ်နာမ်ဖြစ်ပျက် လာတာဘဲလို့ ဒါသိရော၊ ယတ္တာဘာမျှ မရှိဘူး၊ရုပ်နာမ်ဖြစ်ပျက်၊ နောင်-ကော၊ **အနာဂတ်ကာလ**ကျတော့၊ အနာဂတ်ကာလလည်း

ဘဲ၊ အကယ်၍ နိဗ္ဗာန်မရမချင်းဆိုရင် ဒီရုပ်နာမ်တွေသာ ဖြစ်ပျက် မစဲ ဖြစ်နေမှာဘဲ သတ္တဝါအထူးကောင်ရှိမှာ မဟုတ်ပါဘူး၊ ရုပ်နာမ် တွေဘဲ၊ မပြတ်မစဲ ဒီလိုဘဲ "**နဒီ သောတောဝိယ**" မြစ်ရေအလျဉ် ကဲ့သို့ "**ရထစက္ကမိဝ**" ရထားလှည်းဘီးကဲ့သို့ ဒီလိုဘဲ ဖြစ်ပျက်နေ တာဘဲလို့ဆိုတာ ဟော-သိသွားပြီ၊အဲဒီတော့ အတိတ်လည်းယုံမှား ကင်း၊ အနာဂတ်လည်း ယုံမှားကင်း၊ ပစ္စုပ္ပန်ကို ကိုယ်တိုင် တွေ့နေ တာ၊သတ္တဝါတခုမှ ရှာမရဘဲ၊ ရုပ်နာမ်ဖြစ်ပျက်ဘဲ တွေ့နေတာဘဲ၊ သတ္တဝါကို အထူးရှာမရဘူး၊အဲဒီတော့ ဟော-ပစ္စုပ္ပန်လည်း ယုံမှား ကင်းတာပေါ့၊ ဒါကြောင့် အတိတ်လည်း ယုံမှားကင်းပြီ၊ အနာ ဂတ်လည်း ယုံမှားကင်းနေပြီ၊ ပစ္စုပ္ပန်လည်း ယုံမှားကင်းနေပြီ၊ ဟော - ခုနစ်ချက်ပြီးသွားပြီ။

**ပဋိစ္စသမုပ္ပါဒေ ကင်္ခတိ**၊သာ ရှင်းတာပေါ့၊ ဒီရုပ်နာမ်ကြီးက အလကား ကောင်းကင်ကျ မိုးပေါ်ကျ သူဖြစ်ချင်လို့ ဖြစ်နေရ တာ မဟုတ်ဘူး၊ တို့ကြောင့် ဖြစ်တာဘဲ တို့မှာဘာရှိ၊ သမုဒယ တဏှာပေါ့၊ တို့က ဖြစ်ချင်လို့ ဖြစ်နေတာဘဲ၊ တို့က လူဖြစ်ချင်တဲ့ စိတ်တွေ နတ်ဖြစ်ချင်တဲ့ စိတ်တွေ ဗြဟ္မာဖြစ်ချင်တဲ့ စိတ်တွေ စကြဝတေးမင်း မန္တာတ်မင်းကြီး ဖြစ်ချင်တဲ့ စိတ်တွေ သူဌေး, သူကြွယ် ဖြစ်ချင်တဲ့ စိတ်တွေ တို့က ဖြစ်ချင်လို့ ဖြစ်နေတာဘဲ၊ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးကြောင့် ဖြစ်နေတဲ့ တရားဘဲဆိုတာ ပဋိစ္စ သမုပ္ပါဒ် အကြောင်း အကျိုး မြင်သွားရောပေါ့၊ အဲဒီလို အကြောင်း အကျိုး သိသွားတော့ ပဋိစ္စသမုပ္ပါဒ်,ယုံမှားကင်းသွားတာပေါ့။

အဲဒါကြောင့် စင်စစ် ဝေကန် မုချ ယုံမှားသံသယ ကင်းတဲ့ အတွက်ကြောင့်၊ အဲဒီလို တကယ် ကင်းရင်လေ တို့ယောဂီတွေ

သောတာပန် အစစ်ဘဲ၊သောတာပန် အစစ်ဘဲ၊ သို့သော် သောတာပန် အစစ်ဆိုတာက မဟာသောတာပန်, စူဠသောတာပန်လို့ ရှိသေးတယ်၊ မဟာ သောတာပန်ကျတော့ စိတ်ချရပြီ၊ စူဠသောတာပန်လည်းဘဲ စိတ်ချရပါတယ်၊ ရုပ်နာမ် အမှန်တွေ့လို့ တကယ် ဖြစ်ပျက်ကို သိနေတဲ့ ပုဂ္ဂိုလ်ဟာ စူဠ သောတာပန် သူလည်း အပါယ် မကျဘူး၊ ကေန်မလွဲတမ်း သူလည်း နိဗ္ဗာန် ရနိုင်တဲ့ ပုဂ္ဂိုလ်အစစ်ပါဘဲ၊သို့သော် အနတ္တပိုင်ဘို့ လိုတာ အနတ္တ ပိုင်တယ် မပိုင်တယ်၊ ခဏခဏ ရှင်းပြတယ် ယုံကြည်ကြရောပေါ့၊ ဘယ်သူဘယ်မှာ တရားအားထုတ်တာ သောတာပန် ဖြစ်သွားပြီ၊ ဟာ-ဘယ်သူက သကဒါဂါမ် တည်နေတာဘဲ၊ ဟာ-သူက အနာဂါမ်အဆင့်အတန်း ရောက်တယ်၊ ဘယ်သူက ကြွားကြွား မယုံနဲ့ တကယ်အစစ် သောတာပန်က အနတ္တ လက္ခဏာ မြင်တဲ့ပုဂ္ဂိုလ်၊ ရှင်းရှင်းလေးရယ်၊ ဘာရှင်းလဲ အကုသိုလ်ဒုစရိုက်ကို မင်းပြု၊မပြု ရှင် မင်းကို သတ်မယ်လို့ ဂုတ်ပေါ်က ဓားမိုးထား အသက်နှင့် လဲတယ်၊ ဘယ်တော့မှ မကျူးလွန်တော့ဘူး၊အဲဒီလောက် ရဲဝံ့တဲ့ စိတ်ဓာတ် ကိုယ့်မှာ ရှိသလား မရှိဘူးလား၊ အဲဒါသာ ချိန်ကြည့်၊ ဘာမှ တွက်မနေနဲ့။

အချို့က ကတဲ ငိုက်သွားတာနှင့် သောတာပန် တည်တယ်လို့ဆုံးဖြတ်တာက တမျိုး၊မေ့သွားတာနှင့် သောတာပန် တည်တယ်လို့ ဆုံးဖြတ်တာကလည်း အနန္တ၊ ဘာမှကို မဟုတ်ဘူး၊ အဲဒီသောတာပန်တွေ အိမ်ကျတော့ မကောင်းတဲ့ ဒုစရိုက်တွေ ပြုနေတာ၊ ဒါ-သောတာပန်တဲ့လား၊ ရှက်စရာကောင်းတဲ့ သောတာပန်တွေ သိပ်-ရှက်ဘို့ ကောင်းတာ၊ ဘာမှမဟုတ်ဘူး၊ တချို့က ဖိုလ်ဝင်စား ပြလိုက်သေးတယ်၊ အဲဒီ ဖိုလ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေ

အရက် သောက်နေတာ တင်းကြမ်းပြည့် ဘာမှ မဟုတ်ဘူး၊ ဒါလည်း တကယ်အစစ် သောတာပန်အစစ်၊ အနတ္တလက္ခဏာကို တွေ့ရင် ဘယ်သူမှ ဘာမှ ပြောနေစရာ မလိုဘူး၊ အခု ကိုယ့်စိတ်သာ ကိုယ်အသိဆုံး၊ ကိုယ့်စိတ်သာ ကိုယ်သိတယ်၊ ငါဟာ အဟုတ်တကယ် အရိယာ အစစ် ဖြစ်တယ် မဖြစ်တယ်၊ ငါဟာ သောတာပန် ဖြစ်တယ် မဖြစ်တယ်၊ ကိုယ့်ဟာကိုယ် သိတယ်၊ ငါသည် အပါယ်သံသရာကို ကျစေတတ်တဲ့ အကုသိုလ်ဒုစရိုက် အသက်နှင့်သာ လဲမယ်၊ ဘယ်တော့မှ မကျူးလွန်ရဲဘူး ဆိုတာကို ကိုယ့်ဟာကို သိတာပေါ့၊ ဒါ သူများဆီက ဝယ်ယူပြီး ရတာမျိုး မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် သိတာ၊ အဲဒီလို မသိဘဲနဲ့ သူများပြောသံကြားတာနှင့် ကိုယ့်ဟာကိုယ် အရိယာထင်ပြီးတော့ ဘဝင် မြင့်နေရင်တော့ ဒုက္ခဘဲ၊ အဲဒါ သတိထားကြပေါ့၊ အင်မတန်ခဲယဉ်းပါတယ်၊ အဲဒါ ဘဝင်မမြင့်ရဘူး သတိထားကြ၊ ကြပ်ကြပ်လည်း အားထုတ်ကြ၊ အားထုတ်ရင် ရမယ်၊ ဒီလမ်းဟာ ဖြောင့်ဖြောင့်သွားရင် ဖြောင့်ဖြောင့် ရောက်တဲ့လမ်း များများမ မရှိဘဲ၊ ဒီသီလ, သမာဓိ,ပညာသုံးပါးဘဲ၊ ဘယ်မှ သွားမရှာနဲ့ မရှိဘူး။

တချို့ အကြားသားဘဲ ဒီ တရားအားထုတ်တယ်၊ တရားအားထုတ်နေရင်း တခါတည်း အသိစိပ်၊အသိစိပ်နေရင်း ငါးမိနစ် ဆယ်မိနစ်လောက် မေ့သွားတယ်၊အဲဒီလို သူအားထုတ်တဲ့အခါကျတော့ ဘာမှ လူမှန်းသူမှန်း မသိဘူး၊ လူမှန်းသူမှန်းမသိလို့ မေ့သွားတဲ့အခါကျတော့ ဆရာလုပ်တဲ့သူက စစ်တဲ့အခါ တပည့်က ဖြေတာပေါ့၊သူဟာ ပဌမတော့ အသိစိပ်တာဘဲ၊ အသိစိပ်ရင်း စိတ်ထဲမှာ ဘယ်လို ဖြစ်ပေါ်လာသလဲ၊ ဖြစ်ပေါ်လာရင်း တခါတည်း

ဖြုတ်ဆို မေ့သွားတယ်၊ အဲဒီလို မေ့သွားတယ်ဆိုတော့ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်က ဆုံးဖြတ်သတဲ့၊ ဟာ – ဉာဏ်စဉ် ဆုံးသွားပြီ၊ တော်ပြီတဲ့၊ ဉာဏ်စဉ် ကုန်သွားပြီ၊ အဲဒီတော့ တပည့်လုပ်တဲ့ ပုဂ္ဂိုလ်က ပရိယတ္တိနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဖြစ်နေတာကိုး၊ ပရိယတ္တိနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ဓမ္မသံဝေဂ အများကြီး ဖြစ်သွားတယ်၊ ဘယ်လို ဓမ္မသံဝေဂ ဖြစ်သွားသလဲ ဆိုတော့ ကြည့်စမ်း–ငါ မေ့သွားတာနဲ့ ငါ့ကို ဉာဏ်စဉ် လမ်းဆုံးသွားပြီလို့ ပြောတယ်၊ ငါလည်းဘဲ ဉာဏ်စဉ် လမ်းဆုံးတယ်ဆိုတာ မဂ်ရောက်တာဘဲ၊ ငါလည်း မဂ်မရောက်သေးဘူး၊ မဂ်ရောက်တာ မရောက်တာ ငါ့လည်းသိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ အကုသိုလ်ကြောက်မှ မကြောက်သေးဘဲ၊ ငါ့ကို မဂ်ရောက်တဲ့ အနေမျိုး ဆုံးဖြတ်လိုက်တော့ ငါလို ပရိယတ္တိတတ်တဲ့ ပုဂ္ဂိုလ်ကျတော့ တော်သေး၏၊ ပရိယတ္တိဉာဏ် မမှီတဲ့ ပုဂ္ဂိုလ်တွေ မဂ်ရောက်ပြီလို့ ဆုံးဖြတ်လိုက်ရင် သူ့ကိုယ်သူ မဂ်ရောက်ပြီလို့ ဘဝင်တွေ မြင့်သွားရင် ဒုက္ခဘဲ၊ အတော် ဓမ္မသံဝေဂ ဖြစ်တယ်လို့ လျှောက်ထားတာ ကြားရတယ်၊ ဒါ ကိုယ်တိုင် နားဆတ်ဆတ် ကြားရတာ၊ ဒါ ပရိယတ္တိဉာဏ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ လာ-အားထုတ်လို့ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်က ဆုံးဖြတ်လိုက်တဲ့ အကြောင်း ပြန်ပြောတယ်၊ သိပ်ကြောက်ဘို့ ကောင်းတာပေါ့၊ ကိုယ်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘဲနဲ့ ဟိုက ရတယ်လို့ ပြောတာနဲ့ ဘဝင်မြင့်နေတယ်၊ အဲဒါ ခုပြောတာ မှတ်ထား၊ ဘဝင် မမြင့်နဲ့ ကိုယ့် ကိုယ် ကိုယ်သိတယ်။

**ဥပမာ** ပိုးရွကလေးတကောင် ရှေက ပြေးသွားတဲ့အခါ ပိုးရွကို နှင်–သတ်ရမယ်၊ မသတ်ရင် နှင့်ကို ခေါနှင့်ပိုင်းမယ်လို့ ဂုတ်ပေါ်က ခေါးမိုးထား၊ မိမိအသက်ကို စွန့်ရဲရမယ်၊

မသတ်ဘူး၊ ပါဏာတိပါတကံ၊ အဲဒါ အနတ္တ လက္ခဏာ ဉာဏ်ဖြစ်တဲ့ ပုဂ္ဂိုလ် စိတ်သာချ၊ ဒါစိတ်ချရတဲ့ပုဂ္ဂိုလ်၊ အဲဒီ စိတ်မျိုးမွေးမြူနိုင်မှ မှန်တယ်၊ ဒီ စိတ်မျိုး မဟုတ် လျှင် ဘယ်တော့မှ မမှန်ဘူး၊ အလကား ဘယ်သူက ဘာနှင့်စမ်းစမ်း မှတ်ပုံတင် ကြည့်ချင်လျှင် အဲဒီလိုသာ တင်ကြည့်၊ ဒိပြင်နေရာ တင်စရာမလိုဘူး၊ အဲ ခုပြတာ တော့ ဘာပြသလဲ၊ ဥဒယဗ္ဗယဘဲ ပြတယ်၊ အဲဒီ ဥဒယဗ္ဗ ယက ဘယ်ထိအောင် သွားသလဲ ရဟန္တာဖြစ်အောင် သွားတယ်၊ စိတ်သာချ အားသာထုတ် ဖြစ်ပျက်ကိုသာ ရုပ်နာမ်အစစ်ကိုသာ တွေ့ပစေ၊ ရုပ်နာမ်အစစ်ကို တွေ့လို့ ဖြစ်ပျက်ကိုသာ အမြဲရှုနေ၊ ရဟန္တာအစစ် ဖြစ်၍ နိဗ္ဗာန် ကူးနိုင်တယ် အမှန်ဘဲ၊ အဲဒီ ရုပ်နာမ်အစစ်ကို တွေ့လို့ ဖြစ်ပျက်ကို ရှုနိုင်တဲ့ပုဂ္ဂိုလ် သောတာပန်, သကဒါဂါမ် တည်နိုင်တယ်၊ အနာဂါမ် တည်နိုင်တယ်၊ ရဟန္တာ ဖြစ် နိုင်တယ်၊ ရဟန္တာလည်း ဒီဖြစ်ပျက် လွတ်လို့ ရဟန္တာ ဖြစ်တာမဟုတ်ဘူး၊ ရဟန္တာပုဂ္ဂိုလ်လည်း ရုပ်နာမ်ဖြစ်ပျက် သိပြီးတော့ ရဟန္တာ ဖြစ်ရတယ်၊ အဲဒါ ကြပ်ကြပ်သာ အားထုတ်၊ ကိုယ့်ပါရမီ ဘယ်သိမတုန်း၊ တရက်တည်းနှင့် ပြည့်ချင်တဲ့ပုဂ္ဂိုလ်လည်း ပြည့်မယ်၊ တလမှ ပြည့်ချင်တဲ့ ပုဂ္ဂိုလ်လည်း ပြည့်မယ်၊ အခါလည်နှင့် ပြည့်ချင်တဲ့ ပုဂ္ဂိုလ် လည်း ပြည့်မယ်၊ ဒီဘဝ မပြည့်တောင် ဒုတိယဘဝတော့ မလွဲတမ်း ပြည့်မယ်၊ ကြပ်ကြပ်အားထုတ်၊ ဘာမှမကြွားနဲ့ ကြွားစရာ မလိုပါဘူး၊ ဘယ့်နှယ့် ကိုယ့်တရားကိုယ် အားထုတ်တဲ့ဥစ္စာ၊ ဘယ်သူ့ ကြွားနေရမလဲ၊ မကြွားနဲ့၊ ကြွားပြီးတော့ မတော်တဆ တကတဲ အလေးစဉ်းလဲ,

တောင်းစဉ်းလဲ ပြီးတော့ ဖရုသဝါစာ, ကြမ်းတမ်းတဲ့ စကားတွေပြော၊ အရပ်ထဲမှာ မုသားတွေသုံး၊ ဒီလိုမျိုး လုပ်နေရင်တော့ သိပ်ရှက်စရာဘဲ၊ ဘာဖြစ်လို့လဲ၊ ဟာ— ကမ္မဋ္ဌာန်းကျောင်းသွား အားထုတ်တယ်၊ ကမ္မဋ္ဌာန်း တိုက်ကပြန်လာမှ သိပ်ပြီးတော့ ကတဲ တရားမကျင့်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်သူတို့ တရားဟာ မှန်မလဲဆိုရင် သူတို့ မမှန်တာနဲ့ တရားမမှန် ဖြစ်ရတယ်၊ တရားက အမှန်ပါ၊ သူတို့ မကျင့်တာတော့ တို့ဘယ်တတ်နိုင်ပါ့မလဲ၊ သူတို့ မကျင့်တာနဲ့ တရားဟာ ဘယ်မှန်မလဲဆိုတော့ တကတဲ ဒုက္ခဘဲ၊အရင်းခံသာ ထိခိုက်မယ်၊ အရင်းခံကို မထိခိုက် အောင် ကြိုးစားကြပါ၊ ကိုယ်က ဘယ်လောက် လုပ်ချင် လုပ်ချင်လေ၊ ငဲ့ရမယ်၊ ဆရာသမားကိုသော်ငင်း ကမ္မဋ္ဌာန်း တရားတော်ကြီးကိုသော်ငင်း ငဲ့သော အားဖြင့် ဘယ် လောက် အကုသိုလ်ကို ပြုချင်သော်လည်း အောင့်အည်း သည်းခံပြီး ကြိုးစားပေါ့၊ အကယ်၍ သူတပါးက လာပြီး စိတ်ဆိုး လောက်အောင် ဒေါသ ဖြစ်လောက်အောင် လာပြောအုံး၊ ပြောပေတဲ့လည်း ကိုယ့်တရားကိုယ် ငဲ့ပြီး တော့ သည်းခံတာဟာ အမြတ်ဆုံးတဲ့ ဘုရားက၊ **ခန္တီ ပရမံ တပေါ တီတိက္ခာ**တဲ့၊ သည်းခံနိုင်ခြင်းသည် အမြတ်ဆုံးတဲ့ ဘုရားဟောတယ်၊ဘုရားသားသော် အစစ်၊ သမီးတော်အစစ် ဖြစ်လျှင် ဘုရားဆုံးမတဲ့အတိုင်း သည်းခံရမယ်။

ဘုရားကိုယ်တော်မြတ်ကြီးဟာ အရာခပ်သိမ်းမှာ သည်းခံတာ ဘဲ၊ ဟိုဒင်းလိုတော့ မလုပ်နဲ့ပေါ့၊ ခန္တီစ—မနိုင်လို့ သည်းခံရခြင်း သည်လည်းကောင်းလို့ မလုပ်နဲ့၊ ဒီသည်းခံမျိုးတော့ မဟုတ်ဘူး၊

တကယ် သည်းခံတာကို ပြောတာ၊ တကယ့်ကို တရားနှင့် မွေ့လျော်ပြီးတော့ တရားနှင့် ပျော်မွေ့ပြီး သည်းခံတဲ့ ပုဂ္ဂိုလ်ကို ပြောတာ အမြတ်ဆုံးဘဲ၊ မနိုင်လို့ သည်းခံရတာတော့ ဘယ်တတ်နိုင်မလဲ၊ အဲဒါကြိုးစားပြီးတော့ ခုတိုက်တွန်းတဲ့အတိုင်း ရုပ်နာမ်ကိုတော့ လက်မလွှတ်ကြနဲ့နော်၊ **အနိစ္စ**, ဒုက္ခ, အနတ္တ ပါးစပ်က အကြိမ် တထောင်ဆို မမှန်ဘူး၊ ရုပ်နာမ် ဖြစ်ပျက်ကို သိလို့ ရုပ်နာမ် မမြဲတာကို တွေ့မှ **အနိစ္စ**၊ ရုပ်နာမ် ဖြစ်ပျက်ကို သိ၍ ရုပ်နာမ်၏ ဆင်းရဲခြင်းကို တွေ့မှ **ဒုက္ခ**၊ ရုပ်နာမ်ဖြစ်ပျက်ကို သိ၍ ရုပ်နာမ်သည် ငါမဟုတ်ဘူးလို့ တကယ်ပိုင်တဲ့စိတ်, တကယ်ပိုင်တဲ့ဉာဏ်မှ **အနတ္တ** ပါးစပ်က ဆိုနေတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ မဟုတ်ဘူး မမှန်ဘူး၊ နို့မမှန်ဘူးလား ဆိုတော့ မုသားဖြစ်နေမယ် မှန်တယ်၊ မမြဲတာ အမှန်ကို သမုတိသစ္စာနယ်ကတော့ ဘယ်မြဲလို့လဲ၊ လူသေသွားတာ မမြဲလို့ သေတာပေါ့၊ ဒါ သမုတိသစ္စာနယ်က ခေါ်တာ၊ ပရမတ္ထနယ်က မဟုတ်ဘူး၊ ဒီလို အနိစ္စမျိုးက ဘုရားကိုယ်တော်မြတ်အလိုတော်ကျ အနိစ္စမျိုး မဟုတ်ဘူး၊ တကယ့်အစစ် အနိစ္စက ရုပ်နာမ်, ရုပ်နာမ် သဘောတွေ့ဘို့လည်းဘဲ ဘယ်လောက် ခဲယဉ်းလို့လဲ၊ခုနက ပြောသွားပြီ, တွေ့ပြီ မဟုတ်လား၊ မျက်စိ ရုပ်နာမ်, နား ရုပ်နာမ်, နှာခေါင်း ရုပ်နာမ်, လျှာ ရုပ်နာမ်, ကိုယ်ရုပ်နာမ်, မနောဝိညာဏ် ရုပ်နာမ်, ၆-ဒွါရ၊ အဲဒီ ၆-ဒွါရက ရုပ်နာမ်ကို ပိုင်ချင်လျှင်–

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ-ဆိုတဲ့ အဇ္ဈတ္တိက သန္တာန်ကို ဉာဏ်လူခြေ ရင့်ရင့်နှင့် စိုက်ရှုလိုက်၊ ဥက္ကောင်းက အစ ခြေဖျားအထိ တနာရီ, တမိနစ်, တစက္ကန့် မစဲအောင် အမြဲတမ်း, ရုပ်တရား, နာမ်တရား အသစ်အဟောင်း

ပြောင်းလဲနေတာ တွေ့အောင် ရှာပေါ့၊ အဲဒါကို တွေ့အောင် ရှာလို့ အနိစ္စဆိုတဲ့ တရားမျိုး ဖြစ်ပျက်ကို တွေ့လျှင် အမြဲတမ်း သိပြီလို့ မှတ်ကြ။

ဒါကြောင့် ယနေ့ကစ၍ ငါတို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ ကြုံလာတဲ့အခါ ဘုရား ကိုယ်တော်မြတ်၏ အလိုတော်ကျ ဒီ သီလ, သမာဓိ, ပညာ ဆိုတဲ့ သိက္ခာသုံးပါးကို နေ့မခြား, ညမခြား ဘယ်တော့မှ အားလပ်ခွင့် မပေးဘဲ အမြဲ တမ်း ငါတို့ အားထုတ်မယ်ဆိုတဲ့ နှလုံးနှင့် စိတ်ချ လက်ချ မိမိကိုယ်ကို အပါယ် သံသရာဘေးမှ အမှန် လွတ်ဝေးအောင် နှလုံးသွင်းပြီး သကာလ အားထုတ်ကြ။

## တရားဒေသနာ ဥပမာ

တရားတော်ကို နာရတဲ့ အကျိုးကျေးဇူးဟာ အင်မတန်ကြီး တယ်၊တရားတော်ကို နာရတယ်ဆိုတာ မိမိတို့ သန္တာန်၌ အမှောက် အမှား မကောင်းတဲ့ စိတ်ဓာတ်တွေ မကောင်းတဲ့ အညစ်အကြေး တွေ စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ရှင်းလင်းတဲ့ သဘာဝ မျိုး၊ဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘုရား အဖြစ်သို့ ရောက်တော်မူတဲ့နောက် သတ္တဝါဝေနေယျ အပေါင်း တို့ကို ငါကဲ့သို့ပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ပါစေဆိုတဲ့ မေတ္တာဓာတ်နှင့် တရားဟောတယ်၊ အဲဒီလို တရား ဟောတဲ့အခါကျတော့ မလွယ်ဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သတ္တဝါတွေက အင်မတန် စရိုက်ကြမ်းတယ်၊ စရိုက် အင်မတန် ကြမ်းတော့ကာ လောကဝဇ္ဇ အပြစ်တွေကို ရှေးဦးစွာ ပြတယ်။

လောကဝဋ္ဋအပြစ်တွေကို ပြပြီးတော့မှ ဥပမာ ဥပမေယျ အမျိုးမျိုးနှင့် ပုံဆောင်ပြီး ဘုရားကိုယ်တော်မြတ်ကြီး ကယ်တင်ရတယ်၊ အဲဒီတော့ အခုသည်မှာလည်းဘဲ ဟောပြော ဆုံးမတဲ့ အခါ ဒကာ ဒကာမတွေ မှတ်သားမိအောင် နားလည်အောင် အဓိပ္ပါယ်သဘောသွား အနည်းငယ်ခန့် ရိပ်စားမိအောင်ဆိုပြီး ဥပမာ ကလေးတွေနှင့် ဆောင်ဆောင်ပြတယ်၊ ဘုန်းကြီးလည်း ခဏ ခဏ ပြတာတော့ ကြားဘူးတဲ့လူတွေလဲ ကြားဘူးမှာပေါ့၊ မိုးညှင်းဆရာတော် ဘုရားကြီးကတော့ အမြဲဟောတယ်၊ ဆရာတော် ဘုရားကြီးက ဘယ်နဲ့ဟောသလဲဆိုတော့ ငါ့တရားဟာ ကွယ် သူတို့က ရိုးတယ်ရိုးတယ်လို့ ပြောကြတယ်၊ "ငါကတော့ ဘယ်တော့မှ မရိုးဘူးကွဲ့၊ ငါ့တရားကို မည်သူမှ မနာချင်လည်း နေပေစေကွယ်၊ ငါ့တရား ငါသဘောကျတော့ ငါလည်း ဟောရမှာဘဲ"၊ အမြဲ ဒီရန်ကုန်မြို့မှာ ရွှေးဦးစွာ မိုင်တာကွင်းမှာ တဆယ့်ငါးရက်လုံးလုံး ဟောသွားတယ်၊ ဟောတိုင်း ဟောတိုင်းသော ညမှာ ညတိုင်းညတိုင်းလို ဆက်ကာဆက်ကာ အမြဲဆုံးမသွားတဲ့ တရားပေါ့၊ ဥပမာကလေးတွေလေ သိပ်ကောင်းတာ၊ ဆရာတော်ဘုရားကြီး ဘယ်လို ဆုံးမသွားသလဲဆိုတော့-

## အရှုးမီးဝိုင်း ဥပမာ

ငရှူးဟာ ရသမျှ အမှိုက်တွေကို သူ အကုန်စုတယ်၊ ရသမျှ အမှိုက်တွေကို စုပြီးတော့ သူ့ကိုယ်မှာ တိုက်ကြီးသဖွယ်ကဲ့သို့ ဆောက်ပြီး ပြုံးပြုံး, ပြုံးပြုံးနှင့် ငရှူးက သူ့အမှိုက်ပုံကြီး ကြည့်ပြီးတော့ အင်မတန် ပျော်တယ်၊တပြုံးပြုံးနှင့် ပျော်မဆုံးနိုင်ဘူး၊ ငရှူးကို ပျော်နေတာဘဲ၊ နောက်ဆုံးတနေ့ကျတော့ သူက

ရှူးတော့ စိတ်ပေါက်ပေါက်နှင့် ထပြီး သူ့အမှိုက်ပုံကို သူ ရေနံဆီ တွေနှင့် ဖျန်းရော၊ ရေနံဆီတွေ လောင်းပြီးတော့ တခါ အငြိမ် မနေဘူး၊ မီးနှင့် ရှို့ပြန်ရော၊ အမှိုက်ပုံကြီး မီးတိုက်လိုက်တော့ ရေနံဆီလောင်းထားတာကိုး မီးလောင်တာပေါ့၊ အမှိုက်ပုံကြီး မီးဝိုင်းလာတော့ ငရှူးထွက်ပေါက် ရှာမရဘူး။

သည်တော့မှ ငရှူးက ကယ်တော် မူကြပါခင်ဗျား ကယ် တော်မူကြပါခင်ဗျားနဲ့ ငရှူးက ပြာပြာသလဲ အော်တာပေါ့၊ အော်တော့ အိမ်နားနီးချင်းတွေက ထိတ်ထိတ်လန့်လန့်နှင့် ပြေး လာကြတာပေါ့၊ ဟဲ့ငရှူး နင်ဘာဖြစ်လို့လဲဟဲ့ ပြောစမ်းပါအုံး၊ အောင်မယ်လေး- ကျွန်ုပ်သော် မခံပါဘူး ခင်ဗျား— ပူလှချေရဲ့ ကယ်တော်မူကြပါ ဆိုတဲ့အခါ နေစမ်းပါအုံးကွဲ့ မင်းပူတာ တော့ အသာထား ဒီအမှိုက်ပုံဟာ ဘယ်သူစုတာလဲလို့ မေး တော့၊ အံမယ်- ကျွန်တော် စုတာပါခင်ဗျား၊ ဟေ့—အမှိုက်ပုံ တော့ မင်းစုပြီးတော့ ရေနံဆီ ဘယ်သူလောင်းသလဲ၊ အံမယ်— ကျွန်တော်ဘဲ လောင်းတာပါ ခင်ဗျား၊ ဟင်—ရေနံဆီ မင်း လောင်းပြီးတော့ မီးက ဘယ်သူရှို့တာလဲ၊ အံမယ်–ကျွန်တော် ဘဲ ရှို့တာပါခင်ဗျား၊ ဟေ့-ငရှူး အမှိုက်တွေ စုတုန်းကလည်း မင်းဟာမင်းစုတယ်၊ ရေနံဆီ လောင်းတော့လည်း မင်းဟာမင်း လောင်းတယ်၊ မီးရှို့တော့လည်း မင်းဟာမင်း ရှို့တယ်၊ မင်းမီးနဲ့ မင်းကို ဝိုင်းလောင်နေတာကို အပူငြိမ်းအောင် တို့က မင်းကို ဘယ့်နှဲ့လုပ် ကယ်ရမလဲလို့ ပြောကြတယ်တဲ့၊ဒါ ဥပမာပြောတာ။

အဲဒီ ဥပမာကလေးကို တစိမ့်စိမ့်စဉ်းစား၊ မိမိတို့ ရှင်းပြီး တော့ သွားအောင် တွေးပေါ့ ဉာဏ်ထဲမှာ၊ အမျိုးမီးဝိုင်း ဥပမာ

တဲ့၊ ဒါ-ဥပမာပြတာ၊ ဥပမာန,ဥပမေယျ,ဇောတကတဲ့ လေးမျိုး ရှိတယ်၊ အခုငရုံးက ဥပမာန,ခေါ်တယ်၊ အခု ဒီမှာ တရားတော် နာနေကြတဲ့ ပရိသတ်ကြီးက ဘာလဲဆိုတော့ ဥပမေယျလို့ ခေါ်တယ်၊ ဥပမာ,ဥပမေယျ၊ ထိုငရုံးမီးဝိုင်း ဥပမာ ကဲ့သို့ ဆိုတာက ဇောတက၊ ငရုံးက သူ့အမိုက်ကို သူစု, သူ့ရေနံဆီ သူလောင်း, သူ့မီး သူရှို့လို့ သူ့ကို ဝိုင်းလောင်တဲ့ ဥပမာ၊ အခု လူတွေ မတူတယ် တူတယ် ကြည့်စမ်းပါလား။

ခြေရုံလင်မယား သမီးသားနှင့် စီးပွားအာရုံ ကာမဂုဏ် တွေ ဘယ်သူ စုသလဲ၊ အဲ ကိုယ့်ဟာကိုယ် မြင်အောင် ကြည့်စမ်း၊ ခြေရုံလင်မယား သမီးသားနှင့် စီးပွားအာရုံ ကာမဂုဏ်တွေ ကိုယ့်ဟာကိုယ် စုတာပေါ့၊ ဘယ်သူမှ လာစုတာ မဟုတ်ဘူး၊ ကောင်းပြီ ပျော်တပြုံးပြုံးနှင့် မော်မဆုံးအောင် တရှင်ရှင် တပြုံး ပြုံးနှင့် အင်မတန် ပျော်ပြီးတော့နေတာ ဘက်သူတွေလဲ၊ ခြေရုံ လင်မယား သမီးသားနှင့် စီးပွားအာရုံ ကာမဂုဏ်တွေ ကြည့်ပြီး သကာလ ပျော်ပျော်ပါးပါးကြီး တပြုံးပြုံးနှင့် နေကြတာ ဘယ် သူတွေလဲ ငရုံးပေါ့၊ ကောင်းပြီ ဒါဖြင့် မြတ်စွာဘုရားဟောတဲ့ ဒေသနာမှာ ခု-ဆုတောင်းကြတယ်။

ဉာတိဗျသန,
ဘောဂဗျသန,
ရောဂဗျသန,
သီလဗျသန,
ဒိဋ္ဌိဗျသန,

ဗျသနတရား ငါးပါးမှ ကင်းလွတ် ကြရပါလို၏ဟု ဆု တောင်းကြတယ် မဟုတ်ဘူးလား၊ ကန်တော့ခန်းထဲမှာ ပါပါ

တယ်၊ ဝိပတ္တိတရားလေးပါး, ဗျသနတရား ငါးပါးတို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍လို့ အမြဲ ပတ္ထနာပြု ဆု တောင်းကြတယ်၊ အဲဒီဗျသနတရားငါးပါးဟာ ဘယ်လို ဌာန ဘယ်နေရာမှ လွတ်တယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်၊ ဗျသနတရားငါးပါး မလွတ်တဲ့ဌာနက ရုပ်နာမ်၂-ပါး ရှိနေ သမျှ ကာလပတ်လုံး ဘယ်အခါမှ မလွတ်ဘူး၊ ထိုနာမ်,ရုပ် ၂-ပါးတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်သည်သာလျှင် ဗျသနဘေးမှ လွတ်တယ်၊ ဘာဖြစ်လို့လဲ၊ ဉာတိဗျသန ဖြစ်လေရာ ဘဝတို့မှာ ဉာတိနှင့်ချည်း မဟုတ်လား၊ သားချင်းပေါက်ဖော် ဆွေမျိုး အစ ရှိသည်တို့ဖြင့် ဉာတိကြီးဟာ အမြဲရှိတာဘဲ၊ ထိုဉာတိကြီးတို့မှာ လည်းဘဲ အမြဲနိစ္စ တည်နေတဲ့ ဘဝမျိုး မဟုတ်ဘူး၊ ပျက်စီးခြင်း ဘေးက အမှန်ရှိတယ်၊ အဲဒီလို ပျက်စီးခြင်းဘေးနှင့် တွေ့ကြုံတဲ့ အခါကျတော့ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်ပေါ့၊လူတိုင်းလူတိုင်း လိုဘဲ တချို့လည်း လင်သေလို့ ငိုရတာ၊ တချို့ မယားသေလို့ ငိုရ တာ၊ တချို့သားသေလို့ပူရတာ၊ တချို့သမီးသေလို့ပူရတာ၊ပူတာ မှ ဘယ်လောက်များ ပူသလဲဆိုရင့်ကို မလို့မရအောင် ပူရတယ်၊ ပူလှချည်ရဲ့လေး မခါပါဘူး၊ လူးလိမ့်ငိုရတာ ဘယ်သူတွေလဲလို့ ငရှူးပေါ့၊ အဲဒါ ကိုယ်စုတဲ့ အမျိုက်ပုံက ကိုယ့်အမျိုက်ပုံက ကိုယ့်ကို ပြန်ပြီးသကာလ ပူပြင်းပြီးတော့ လောင်မြိုက်တဲ့မီးပေါ့၊ ဒါ ကြောင့် "ခြေရှုံလင်မယား သမီးသားနှင့် စီးပွားအာရုံ ကာမဂုဏ် ဘယ်သူ စုသလဲဆိုတော့ ငရှူးပေါ့" ငရှူးစုတယ်။

အဲ ခြေရ"လင်မယား သမီးသားနှင့် စီးပွားအာရုံ ကာမဂုဏ်က ဘုံဆိုင်။

ဒါန သီလနှင့် တုပကင်းကွာ ဘာဝနာမှ ကိုယ်ပိုင်ပစ္စည်းတဲ့။

အဲ ခြေရင်းလင်မယား သမီးသားနှင့် စီးပွားအာရုံ ကာမဂုဏ် ကား ကွဲဘို့နှင့် မွဲဘို့တရားသာ ဖြစ်တယ်။

ဒါန, သီလ, တုပကင်းကွာ ဘာဝနာမှ ပေါင်းဘို့နှင့်ကောင်းဘို့ တရားတဲ့။

အဲဒီတော့ ကောင်းဘို့နှင့် ပေါင်းဘို့က ဘယ်တရားလဲ ဒါန သီလ တုပကင်းကွာ ဘာဝနာမှ ကောင်းဘို့နှင့် ပေါင်းဘို့တရား ဖြစ်တယ်၊ ခြေရင်းလင်မယား သမီးသားဆိုတာ စင်စစ်မုချ ကွဲဘို့နှင့် မွဲဘို့တရားသာဖြစ်တယ်၊ အဲဒါကိုယ်ပိုင်ဉာဏ်နှင့် မြင်အောင် ကြည့်ပေါ့၊ အဲဒီဥပမာလေးကို ဆရာတော်ဘုရားကြီးက ညစဉ် နိစ္စဗဒ် ပွဲဦးထွက်မှာ အမြဲဟောလေ့ရှိတယ်၊ တစိမ့်စိမ့် စဉ်းစား မှလည်း အဓိပ္ပါယ် ရှင်းရှင်းလေး ပေါ်တယ်၊ တနည်းအားဖြင့် လည်းဘဲ ဥပမာ တခု ပြသေးတယ်၊ ဆရာတော်ဘုရားကြီးပြတဲ့ ဥပမာ ကလေးတွေဟာ အမှတ်တမဲ့ အပေါ်ရံတွေး တွေးမယ် ဆိုလျှင် ရယ်စရာလိုဘဲ၊ တစိမ့်စိမ့်တွေးလို့ တကယ့်ကို အဓိပ္ပါယ် ရှင်းအောင် စဉ်းစားမှ တခါတည်း ကျကျနန အမြစ်ရင်းကျ အောင် ပေါ်လွင်တာ၊ ဒါကြောင့် ပညာရှိများဟာ အင်မတန် ကို ကျေးဇူးများတယ်၊ "ဥပမာယ မိဓေ ကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" တဲ့ အခု အရှူးမီးဝိုင်း ဥပမာနှင့်ပြပြီ၊ မိအေးလေးခါနာ မဖြစ်ကြပါစေနှင့်တပည့်တို့တဲ့၊ ဟော ဆုံးမပုံ မိအေးလေးခါနာ တဲ့၊ မိအေးလေးခါနာ ဆိုတဲ့ အဓိပ္ပါယ်ကို သေသေချာချာ မှတ်ထားစမ်း။

## မိအေး လေးခါနာ

မိအေးဟာ နွားကို အတိုးကြီးကြီး ပေးပြီး ဝယ်ရတာ တခါ နာတယ်၊ အဲဒီတော့ အတိုးတန်တဲ့ နွားဝယ်ထားလျက်သား

ဖြစ်နေတော့ သူတပါးနွားလို ကွင်းကျင်းမှာ လွှတ်ပြီးတော့ မထားဝံ့ဘူး၊ အဘိုးတန်တာကိုး၊ ဒီတော့ ကိုယ်တိုင် ကိုယ်ကျ အစာရေစာတို့ကို မကောင်း ကောင်းအောင် မဝ,ဝအောင် ရှာကြွေ ပြီးတော့ ကျွေးရ မွေးရတာ တခါနာတယ်၊ ဟော မိအေးနှစ်ခါ နာသွားပြီ၊ အဲဒီလိုသာ ကိုယ်က မဝ ဝရေး, မလှ လှရေး,ရှာကြံ ပြီး ကျွေးမွေး သုတ်သင် နေရသော်လည်း ကိုယ်က မခိုင်းရဘူး တဲ့၊ ဘယ်သူက ခိုင်းသွားသလဲ၊ မိမိ ရန်သူက ယူပြီးတော့ ခိုင်း သွားတယ်၊ အဲ ရန်သူ က ခိုင်းတာ တခါ နာပြန် တယ်၊ ရန်သူ့ အခိုင်းခံရတာ၊ ရန်သူခိုင်းပြီးတော့ ဟာ ဒီနွား ကိုယ့်ဆီများ ပြန်ပို့သေးသလားဆိုတော့ မပို့ဘူးတဲ့၊ ရန်သူ ခိုင်းပြီးတော့ ဘယ် သွားပို့လိုက်သလဲ ဆိုတော့ တိရစ္ဆာန် ထောင်ထဲ ချ,ထားတယ်၊ အဲ လေးခါနာ၊ သေသေချာချာ မှတ် ထား၊ အမိပ္ပါယ် ခပ်ရှင်းရှင်း လွယ်လွယ် ကလေးရယ်၊ သဘော ပေါက်လို့ရှိရင် အင်မတန် အဘိုးတန်တယ်၊ ဒီ တလုံးတည်းနှင့် နိဗ္ဗာန်ရောက်နိုင်တယ်၊ သေသေ ချာချာ အမိပ္ပါယ် ရှင်းကြည့် မိအေး လေးခါနာတဲ့၊ ရှေးဦးစွာ နွားကို ပဌမ အဘိုးကြီးကြီး ပေးဝယ်ရတာက တခါ နာတယ်၊ နောက် အဘိုးတန်တဲ့နွား ဖြစ်သောကြောင့် အစာ ရေစာတို့ကို ကောင်းမွန်စွာ မဝ,ဝ အောင် ရှာကျွေးရတာ တခါနာတယ်၊ ဒီလိုသာ ကိုယ်က ကျွေး ရတယ်၊ ကိုယ်မခိုင်းရဘဲနှင့် မိမိရန်သူက ယူပြီးခိုင်းတာ တခါနာ တယ်၊ ရန်သူခိုင်းပြီးတော့ ကိုယ့်ဆီ ပြန်မပို့ဘဲနှင့် တိရစ္ဆာန် ထောင်ထဲ သွားချထားတာ တခါနာတယ်တဲ့၊ လေးခါနာတယ်။

အဲ မိအေးလေးခါနာတာက ကိစ္စမရှိဘူး၊ ခု လူတွေကို သေ သေချာချာ ပြန်ကြည့်၊ ဘယ်လိုနာတာလဲဆိုတာ၊ အခု လူ့အ

ဖြစ်ကို ရအောင် လူဘဝမရောက် ရောက်အောင် ကြံဆောင်ပြီး အားထုတ်လိုက်ရတာ ပြန်ကြည့်စမ်း၊ ဒါနသင်္ခါရ, သီလသင်္ခါရ, ဘာဝနာသင်္ခါရဆိုတဲ့ ပုညာဘိသင်္ခါရ, ကုသိုလ်တွေပြုခဲ့တာ ပြန်ကြည့်စမ်း၊ ဒီလူ့ဘဝ သာမညနှင့် ရကြတယ် မမှတ်ကြနဲ့၊ တကဲ့အစစ် ယထာဘူတ ဟုတ်တိုင်းမှန်စွာ တကယ့်ဒါနတွေ, တကယ့်သီလတွေ, တကယ့် ဘာဝနာတွေ ကိုယ်တိုင် အားထုတ်ခဲ့ရတယ်၊ ၀ါခါ နာခဲ့ကြပြီမဟုတ်လား၊ လူ့အဖြစ် မရောက်ရောက်အောင် လူ့ဘဝကို မရ ရအောင် ကြံဆောင်ခဲ့ရတာ တခါနာခဲ့ပြီ၊ အဲဒါ ယခုလူ့ဘဝ ရ,လာပြီ၊ လူ့ဘဝရောက်ပြန်တော့ ကြပ်ကြပ် လူအဘိုးတန်ဖြစ်လေ အလုပ်အကျွေး သူများထက် ပိုပြီးတော့ လုပ်ရတော့မယ်၊ အဝတ် သူများနှင့် တန်းတူ မဝတ်နိုင်ဘူး၊ သူများထက်သာမှ၊ ဘာပြုလို့လဲ၊ အဘိုးတန်တာကိုး၊ အိပ်ရာနေခင်းဆိုလည်း သူများနှင့် တန်းတူ မအိပ်နိုင်ဘူး၊ သူများထက် အဘိုးတန်မှ အိပ်ရမယ်၊ အိပ်ရာနေခင်း မကောင်းကောင်းအောင် အစားအစာဆိုလည်း တော်ရုံ,လျော်ရုံ မစားနိုင်ဘူး၊ အမြိန်အရသာ အကောင်းအမွန် အဘိုးတန်တဲ့ ပစ္စည်းတွေကို ရှာကြံရတယ် လုပ်ကျွေးရတယ်၊ အဲဒါ မိမိခန္ဓာကိုယ် အဘိုးတန်လေ မဝ, ဝရေး မလှ, လှ,ရေး ရှာကြံပြီးတော့ ကျွေးမွေးရတာ တခါနာတယ်၊ နှစ်ခါနာသွားပြီနော်၊ နှစ်ခါနာနေပြီ၊ အဲဒီလို မဝ, ဝရေး မလှ,လှရေး ရှာကြံပြီးတော့ ခန္ဓာကိုယ်ကြီးကို အရိုအသေလိုက်ပြီးတော့ လုံ့လပြုပြီး လုပ်ကျွေးသော်လည်း ကိုယ်ခိုင်းတဲ့ ကိစ္စကျတော့ မလုပ်ချင်ဘူးတဲ့၊ ကိုယ်ခိုင်းဟဲ့ ကိစ္စဆိုလျှင် ဘာလဲ မိမိက ခိုင်းတဲ့ကိစ္စတွေ ပြန်ကြည့်ကြစမ်း၊ တို့ မြတ်စွာဘုရားလည်း ခဏခဏ ဟောတယ်။

မောဃ ကာလံ န ခိပယေ။

မောဃကာလံ- စားကာ အိပ်ကာ ပျော်ရွှင်စွာနှင့် လိုရာ မပြီး ခရီးမလှ အချည်းနှီးသော ကာလကို၊ န ခိပယေ- မကုန်မခန်း မကျွမ်းစေရာ။

အချည်းနှီးသော ကာလဆိုတာ ကိုယ့်ကိစ္စ မဟုတ်ဘူး၊ ကိုယ်ခိုင်းတဲ့ ကိုယ့်ကိစ္စ ကိုယ့်တာဝန်ဆိုတော့ကာ မိမိသည် နောင်တဖန် ပဋိသန္ဓေ မနေရအောင် နောင်တဖန် ဘဝသစ် မအိုရအောင် နောင်တခါ ဘဝသစ် မနာရအောင် နောင်တဖန် ဘဝသစ် မသေရအောင် ဒါ-ကိုယ့်ကိစ္စတွေပေါ့၊ ဒုက္ခအန္တရာယ် အသွယ်သွယ်သော ဘေးတွေကို မိမိမှာ မတွေ့ရအောင် ကြံဆောင်လုပ်ကိုင်ဖို့ကိစ္စက ကိုယ့်ကိစ္စ ကိုယ့်တာဝန်၊ အဲဒီလို ကိုယ့်ကိစ္စ ကိုယ့်တာဝန်ကျတော့ ကြည့်စမ်း၊ ဒါနလှူပါဆိုလျှင် မရှိသေးလို့တဲ့၊ ဒါနလှူပါဆို မရှိသေးလို့ ငြင်းပယ်တယ်၊ သီလစောင့်ပါဆို မအားသေးလို့တဲ့၊ အဲ- ဘာဝနာအလုပ် အားထုတ်ပါဆိုလျှင် မခင်သာသေးလို့ကွယ်တဲ့၊ ကိုင်း-- ကိုယ့်ကိစ္စကျတော့ အလွန်ငြင်းတာပေါ့၊ ဒါကိုယ့်ကိစ္စ, ကိုယ့်တာဝန်, ကိုယ့်အလုပ်, ကိုယ့်အဖို့,ကိုယ်ရဘို့ တရားတွေ၊ အဲဒါကျတော့မလုပ်ရဲဘူး၊ အင်မတန် ငြင်းဆန်တယ်၊ ဟောတဏှာဆိုတဲ့ ရန်သူခိုင်းစမ်း၊ တဏှာရန်သူခိုင်းတော့ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ,မျိုးကိစ္စ,ရပ်ရွာကိစ္စ,နယ်ကိစ္စ,အဲဒီလို ကိစ္စအဝဝနဲ့ ဖြစ်လာတယ်ဆိုလျှင်လေ ဟိုနေပူလည်းမရှောင် မိုးရွာလည်းမရှောင်ဘူး၊ ခါးတောင်းကြိုက် တကြွားကြွားနဲ့ နင်လား, ငါလား လုပ်တာပေါ့၊ တဏှာရန်သူခိုင်းတဲ့ နေရာကျတော့ ဟုတ်တယ်,မဟုတ်တယ် ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားကြည့်စမ်း၊ တဏှာရန်သူ ခိုင်းတဲ့အခါမှာ ဒါနတခု လှူပါဆိုလျှင် မရှိသေးလို့ ငြင်း

ပယ်တယ်၊ သားကိစ္စ, သမီးကိစ္စနှင့် ပတ်သက်လာလို့ရှိရင် တစုံတခု ရာဇဝတ်အပြစ်ဘေး သင့်လာလျှင် မိမိမှာ ပစ္စည်းဥစ္စာ မရှိသော်လည်း ရှိသမျှကို ပေါင်နှံပြီး နွားရှိ နွားပေါင်, လယ်ရှိ လယ်ပေါင်, အိမ်ရှိ အိမ်ပေါင်, သားကိစ္စ, သမီးကိစ္စအတွက် အတင်းအခမ့ ရှက်ဆောင်တာ မကြားဘူးလားလို့၊ အဲဒါ တဏှာ ရန်သူခိုင်းတာပေါ့၊ အဲဒီတော့ တရားနာ သွားရအောင်ကွယ်၊ သီလစောင့်ရအောင် ဆိုလျှင်ဘဲ အံမယ်- နေပူလိုက်တာကွာ နေပူကြီးထဲ မသွားနိုင်ဘူးဟေ့၊ မိုးက ရွာသနဲ့ကွာ- ညကြီးသန်းခေါင် မဖြစ်နိုင်ပါဘူးကွယ် စသည်ဖြင့် အတော့ကို ငြင်းတာပေါ့၊ ကိုင်း သားကိစ္စ, သမီးကိစ္စ ကျတော့ တစုံတရာ အန္တရာယ်ဖြစ်လို့ သန်းခေါင်ကြီး လာပြီးနှိုး ချက်ချင်း ထ,လိုက်တယ် မငြင်းပါဘူး၊ မှန်းတည့်ကြီး လာပြောလည်း သားကိစ္စ, သမီးကိစ္စကိုး၊ ဘယ်ငြင်းလိမ့်မလဲ အတင်းလိုက်တာပေါ့၊ ဟာ-နေကပူသနဲ့ မှန်းတည့်ပြီ ငါမလိုက်နိုင်ဘူးလို့ မငြင်းပါဘူး၊ လာပြောတဲ့လူတောင် နောက်ကျတယ်ဆိုပြီး စိတ်ဆိုးလိမ့်ဦးမယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ တဏှာတည်းဟူသော ရန်သူ အခိုင်းခံရတာ တခါနာတယ်တဲ့၊ အဲဒါ ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်၊ ခုနကတုန်းက လူ့အဖြစ်ရအောင် ကြံဆောင်ခဲ့ရတဲ့ ပုညာဘိသင်္ခါရကတခါနာခဲ့တယ်၊ လူ့အဖြစ်ရပြန်တော့လည်း မဝ, ဝရေး မလှ, လှရေး ကိုယ်တိုင် ရှာကြံပြီးတော့ ကျွေးမွေး သုတ်သင်ရတာ တခါနာတယ်၊ ၂-ခါ၊ အခု တဏှာတည်းဟူသော ရန်သူခိုင်းတဲ့အခါ မဆိုင်းမတွ နင်လား ငါလား.အားထုတ်လုပ်ကိုင်ရတာက တခါနာတော့ ၃-ခါ၊ အဲဒီလို တဏှာရန်သူ အခိုင်းခံတဲ့ ပုဂ္ဂိုလ်လေ၊ခုနကတုန်းကတော့ မိအေးနွားကတော့ ထောင်ထဲချ, ထားတာ၊ တိရစ္ဆာန်ထောင်ထဲမှာ၊ အခုလူတွေကတော့ တဏှာ

ရန်သူ အခိုင်းခံရတာ ဘယ်ထောင်ချမလဲ၊ သေသေချာချာ ကြည့် အပါယ်သံသရာ ထောင်ကျသွားတယ် မဟုတ်လား၊ အဲဒီလို အပါယ်သံသရာ ထောင်ကျသွားတော့ ဘယ်သူက လာပြီး ရွေးမလဲ၊ ဘယ်သူက ကယ်နိုင်အုံးမှာလဲ၊ အဲဒါ မိအေးလေးခါနာ ဥပမာတဲ့၊ မိအေးလေးခါနာ မဖြစ်ကြပါစေနှင့်၊ အဲဒီဥပမာ ၂-ခု ဒီကနေ့ သေသေချာချာ မှတ်ကြပေါ့၊ အရှူးမီးဝိုင်း ဥပမာ မိအေးလေးခါနာ ဥပမာ။

ဒီနေရာမှာ တရားနာရုံနှင့် မပြီးစေနှင့်အုံး မှတ်သွားကြ သေသေချာချာ၊ မှတ်ပြီးတော့ အိမ်ကျမှ တစိမ့်စိမ့် စဉ်းစား အမိပ္ပါယ်ရှင်းရှင်းလေး ပေါ်လာအောင်၊ ငါတို့သည် အရှူး မီးဝိုင်းနှင့် တူနေသလား၊ သို့မဟုတ် မိအေးလေးခါနာနှင့် တူနေ သလား၊ အဲဒီတော့ ဒီဘေးက လွတ်အောင် ဘယ်လိုကြံဆောင် မလဲဆိုတော့ ကိုယ့်ကိုယ်ကို တွေးကြပေါ့၊ အဲဒါစဉ်းစားပြီးရင်း စဉ်းစားကြပါ၊ အမိပ္ပါယ်ဆိုတာ နှလုံးသွင်းမှ ပေါ်တယ်၊ နှလုံးမသွင်းလျှင် မပေါ်ဘူး၊ တကယ်တရားကို တတ်သိလိမ္မာ ရှိနေပေမဲ့ နှလုံးမသွင်းလျှင် အမိပ္ပါယ် မရှင်းဘူး၊ ဘာဖြစ်လို့လဲဆို တော့ တို့ အသဃဂုတ္တ မထေရ်ကြီးနှင့် ရှင်နာဂသေန အကြောင်း ကို တွေးကြည့်ပေါ့။

## အဿဃုတ္တမထေရ်နှင့် ရှင်နာဂသေန

အဿဂုတ္တမထေရ်ကြီးဟာ နေ့တိုင်းမပြတ် ဆွမ်းဒကာမ ကြီးထံမှာ အမြဲ ဆွမ်းဘုဉ်းပေးတယ်၊ ဆွမ်းဘုဉ်းပေးပြီး တော့ အမြဲ တရားဟောတယ်၊ နောက် မျှားမကြာမီ ရှင်နာဂသေန ပုဂ္ဂိုလ်ရောက်လာတော့ ရှင်နာဂသေနကို

နောက်လိုက်ခေါ်ပြီး ဆွမ်ဘုဉ်းပေးကြွသွားတယ်၊ ဆွမ်း ဘုဉ်းပေးပြီးတဲ့အခါ ရှင်နာဂသေနကို အဿဂုတ္တမထေရ် ကြီးက ကိုင်း-ငါ့ရှင် ဒကာမကြီးကို ဆွမ်းအနုမောဒနာ တရား ဟောပါကွယ် ဆိုပြီးတော့ ထားပစ်ခဲ့တယ်၊ အဲဒီ အဿဂုတ္တ မထေရ်ကြီးက ရဟန္တာကြီး ဖြစ်တယ်၊ မိမိ ကျောင်းပြန်သွားတော့ ရှင်နာဂသေနမထေရ်က ပုထုဇဉ် ဘဲ ရှိသေးတယ်၊ အဲဒီ ပုထုဇဉ်ဖြစ်တဲ့ ရှင်နာဂသေနက ခုနကပြောတဲ့ ဆွမ်းချက်ဒကာမကြီးကို တရားဟောတာ ပေါ့၊ တရားဟောတဲ့ အခါကျတော့ ရှင်နာဂသေန၏ တရား ဒေသနာတော်သံကို ကြားနာလိုက်ရတဲ့ အခါဝေ နေယျကိုး၊ဒီဒကာမကြီးက အဿဂုတ္တမထေရ်ရဲ့ ဝေနေယျ မဟုတ်ဘူး၊ အဿဂုတ္တမထေရ်ကြီးကို အမြဲမပြတ် နိစ္စဗဒ် လုပ်ကျွေးလို့ တရားတော် အမြဲနာနေပေမဲ့ ဘာမှသူ့မှာ အကျိုးမထူးဘူး၊ရှင်နာဂသေနမထေရ်ဟောလိုက်တဲ့တရား ကျတော့မှ သေသေချာချာ တစိမ့်စိမ့် တွေးပြီး နှလုံးသွင်း လိုက်တော့ သောတာပန် တည်သွားတယ်၊ သောတာပန် အစစ် ဖြစ်သွားတယ်၊ တခါ ရှင်နာဂသေနမထေရ်ကလည်း သူဟောတဲ့ တရားကို သူ့ပစပ်ကသာ ဟောနေတာကိုး သူက ပုထုဇဉ်ဘဲ၊ အဲဒီတော့ သူဟောပြီးတဲ့ တရားကို သူ့ဟာသူ ပြန်ပြီးတော့ တစိမ့်စိမ့် စဉ်းစား ပြန်တော့ ရှင်နာဂသေနဟာ ဒီတရားဟောတဲ့ ပလ္လင်ထက်မှာပင် သူ ဟောတဲ့ တရားကို သူပြန်ပြီး နှလုံးသွင်းတော့ သောတာ ပန် တည်ပြန်သတဲ့။

အဲဒီတော့မှ သာခု ခေါ်ကြတယ်တဲ့၊ ဒီ တရားနာတဲ့ ပုဂ္ဂိုလ် နှင့် တရားဟောတဲ့ ပုဂ္ဂိုလ် တရားနာတဲ့ ပုဂ္ဂိုလ်ကအရင် သော

တာပန် တည်တယ်၊တရားဟောတဲ့ပုဂ္ဂိုလ်က နောက်မှ တည်တယ်၊ အဲဒါကြောင့် အကြိမ်ကြိမ် စဉ်းစားပြီးတော့ နှလုံးသွင်းရမယ်၊ နှလုံးသွင်းမှ အဓိပ္ပါယ်ရှင်းတယ်၊ သို့မဟုတ် မရှင်းဘူး၊ အခု ဒီမှာဟောတဲ့ တရားတွေဟာ တကဲ့အထက်တန်း တရားတွေ၊ အခု ဒီကနေ့ လာတရားနာတဲ့ပုဂ္ဂိုလ်တွေကတော့ များသောအားဖြင့်တော့ ဝိပဿနာ သမားတွေ အားကြီးတာဘဲ၊ ဝိပဿနာနှင့် ဆိုင်တဲ့တရားကို ဟောရမယ်၊ ဝိပဿနာနှင့်ဆိုင်တဲ့ တရားက အထူး မဟုတ်ပါဘူး၊ ဒီမှာ ခင်စစ်အားထုတ်တဲ့ တရားတွေဟာ သီလ, သမာဓိ,ပညာဆိုတဲ့ ၃-ပါးဘဲ ရှိတယ်၊ဒီပြင် ပိဋကတ် ၃-ပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထဲမှာ ရှာချင်တဲ့ နေရာမှာ ရှာ၊ အစမှာလည်း သီလ, သမာဓိ,ပညာ သုံးပါးဘဲ၊ ဓမ္မစကြာ တရား ဟောတယ်၊ အလယ်မှာလည်း သုတ်ပေါင်းများစွာ, ကျမ်းပေါင်း များစွာ မြတ်စွာဘုရား အကြိမ်ကြိမ် ဆုံးမတာလဲ သီလ,သမာဓိ ပညာ သုံးပါးဘဲ၊ ပရိနိဗ္ဗာန်စံမည့်ဆဲဆဲမှာ ဟောခဲ့တဲ့တရားလည်း သီလ,သမာဓိ,ပညာသုံးပါးဘဲ၊ ဒါကြောင့် အလယ်မှာ ဟောတဲ့ တရားထဲက ဘာလဲ ဒကာ ဒကာမတွေ နေ့တိုင်းမပြတ် နိစ္စဗဒ် အဖိုးကြီး အမယ်ကြီးတွေ ရွတ်ဖတ်နေတဲ့တရားပေါ့။

သဗ္ဗေ သင်္ခါရာ အနိစ္စာ, ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ-ခပ်သိမ်းကုန်သော သင်္ခါရာ-ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင်အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည်၊ အနိစ္စာ- အမြဲမရှိကုန်၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါ၌၊

ပညာယ-ဝိပဿနာပညာဖြင့်၊ ပဿတိ-မြင်တတ်၏၊ ဒာထ-ထိုသို့မြင်သောအခါ၌၊ ဒုက္ခေ-သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏၊ သေ, သော- ဤသို့ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာ စင်ကြယ်ခြင်း၏၊ မဂ္ဂေါ-အကြောင်းတည်း။

အဲဒါ ရကြတာပေါ့၊ အဲဒီရတဲ့အတိုင်းကို မိမိတို့ဟာ ဒီတရားနှင့် လျော်ညီစွာ ယထာဘူတ -ပြန်ပြီးတော့ ကြည့်ရမယ်၊ ကြည့်တော့ကာ သူဆိုထားတာက သဗ္ဗေ-ခပ်သိမ်းကုန်သောတဲ့၊ ခပ်သိမ်းကုန်သောဆိုလျှင် ကုန်ရော၊ သင်္ခါရာ-ကံ, စိတ်, ဥတု, အာဟာရတည်းဟူသောတဲ့၊ ကံရယ်, စိတ်ရယ်, ဥတုရယ်, အာဟာရရယ် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အဲဒီကတည်းက သာမညလူနှင့် မတန်တော့ဘူး၊ ဒီတရားဟာ ရွတ်တော့ ရွတ်ကြတယ်၊ ရွတ်တော့ ကုသိုလ်တော့ ရပါတယ်၊ရွတ်လျှင် ကုသိုလ်ဖြစ်တယ်၊သို့သော်လည်း ဒီတရားဟာ ပုထုဇဉ်သာမန်, လူသာမန်, နတ်သာမန်တို့နှင့် တန်တဲ့တရား မဟုတ်ဘူး၊ အတော် ကွာသွားပြီ၊ ဘာဖြစ်လို့ ကွာသလဲဆိုတာ အဓိပ္ပါယ် ခပ်ရှင်းရှင်း ပြန်ကြည့်ပေါ့၊ သင်္ခါရာ-ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီရင်အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အဲ ခန္ဓာငါးပါး ရုပ်နာမ်တရား၊ ဒီခန္ဓာငါးပါး ရုပ်နာမ်တရားကို ဘယ်သူ သိသလဲ၊ ဝေးလိုက်တာ၊ သာမညပုဂ္ဂိုလ် သိဘို့တော့ အကြဲကြီးပေါ့၊ ခန္ဓာငါးပါးတော့ အသိသားဘဲလို့ ပြောလိမ့်မယ်၊ စာအုပ်ထဲမှာလေ။

ရုပ် ၂၈-ပါးက ရူပက္ခန္ဓာ,
ဝေဒနာစေတသိက်က ဝေဒနာက္ခန္ဓာ,
သညာစေတသိက်က သညာက္ခန္ဓာ,
ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၅၀-ဆယ်က
သင်္ခါရက္ခန္ဓာ,
စိတ်တခုယုတ်ကိုးဆယ်က ဝိညာဏက္ခန္ဓာ,

စာအုပ်ထဲမှာ ကျက်ထားတာ အရသာဘဲ သိတာပေါ့၊ အဲဒါ ကျက်ထားလို့ ရ,တာ၊ရ,တာနှင့် အခုပြောတဲ့ပါဠိနှင့် ဘယ်တော့မှ မကိုက်ဘူး၊ ဟိုက, ဆိုတာက ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါး ပြုပြင်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတဲ့၊အဲဒီတော့ ယောဂီအစစ် ဝိပဿနာ လုပ်ငန်းကို အမှန်ယထာဘူတ မကျသမျှ ဘယ်တော့မှ ခန္ဓာ ငါးပါးကို မတွေ့ကောင်းဘူး၊ ဘာပြုလို့လဲ၊ ရုပ်နာမ်ကို တကယ် တွေ့မှ ခန္ဓာငါးပါးကို တွေ့တာ၊ ရုပ်နာမ် မတွေ့ဘဲနဲ့ ခန္ဓာငါးပါး တွေ့တယ်ဆိုတာ အလကားညာတာ၊ တကယ်တွေ့တာ မဟုတ်ဘူး၊ ရုပ်နာမ်အစစ်က ဘယ်မလဲ၊ ရုပ်နာမ်အစစ် ဖြစ်တဲ့ဌာန ၆-ခု ရှိတယ်၊ ဘယ်မှာ ဖြစ်သလဲ။

မျက်စိမှာ ဖြစ်တယ်၊ နားမှာ ဖြစ်တယ်၊
နှာခေါင်းမှာ ဖြစ်တယ်၊ လျှာမှာ ဖြစ်တယ်၊
ကိုယ်မှာ ဖြစ်တယ်၊ မနောမှာ ဖြစ်တယ်၊

**မျက်စိ**မှာ ဖြစ်တယ်ဆိုတဲ့ ရုပ်နာမ်က ဝိပဿနာ လုပ်မည် ဆိုလျှင် ဉာဏ်ကြွေရင့်တဲ့ ပုဂ္ဂိုလ်များ ရကောင်း ရပါလိမ့်မည်၊ ဘာပြုလို့လဲဆိုတော့ အမှန်တရားကိုး၊ မျက်စိက စက္ခုပသာဒရုပ်၊

အဆင်းက ရူပါရုံရုပ်၊ ထိုအဆင်းနှင့် မျက်စိပေါင်းဆုံမိတဲ့အခါ စက္ခုဝိညာဏ်၊ အဲဒီ စက္ခုဝိညာဉ်ဟာ မျက်စိရယ် အဆင်းရယ် မြင်သိရယ် သုံးပါး ပေါ်လာလျှင် ခန္ဓာငါးပါးလည်း ဟုတ်တာပေါ့၊ သူဘဲ ခန္ဓာငါးပါး၊အာယတနလည်း သူဘဲ၊ ဓာတ်လည်း သူဘဲ၊ အဲဒါကို ဝိပဿနာရှုမယ်ဆို ရပါတယ်၊ သို့သော်လည်း သာမညနှင့် မလွယ်ဘူးပေါ့၊ မျက်စိကန်းနေလည်း မရှုနိုင်ဘူး၊ ဒီမျက်စိ အဆင်း မြင်သိသုံးပါး ရုပ်နာမ်နှစ်ပါးဟာ မျက်စိကန်းနေတဲ့ ပုဂ္ဂိုလ်ကျတော့ ရုပ်နာမ်ကို မဖြစ်တော့ဘူး၊ ဝိညာဏ် ဘယ်အခါမှ မပေါ်တော့ဘူး၊ လုံးလုံး ကွယ်သွားပြီ၊ အဲဒီနေရာ လည်းဘဲ မှန်တော့ မှန်တယ်၊ မှန်သော်လည်း အလွန်ကြဲတယ်။

နားနှင့်အသံ ကြားသိသုံးပါးဆိုလည်း နားက ရုပ်, အသံက ရုပ်၊ ကြားသိနာမ်, ရုပ်နာမ်နှစ်ပါး အစစ်ဘဲ၊ အဲဒီရုပ်နာမ် နှစ်ပါးကို တွေ့လျှင် ခန္ဓာငါးပါးအစစ်ကို တွေ့တယ်၊ ရုပ်က ရူပက္ခန္ဓာ၊ ကြားသိလုံးလေးက နာမ်ခန္ဓာလေးပါး၊ ခန္ဓာငါးပါး အစစ်၊ အဲဒါ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါးတို့သည် ဖြစ်ပျက်မစဲ အမှန်ဟုတ်တယ်၊ သို့သော်လည်း အဲဒါ ဝိပဿနာလုပ်လျှင် လုပ်နိုင် သိပ်ကောင်းတာပေါ့၊ လုပ်ကြပေါ့၊ တတ်အားသရွေ့ မိမိတို့ တတ်အားသမျှ အားထုတ်ပေါ့ သို့သော်လည်း အလွန်ခဲယဉ်းတယ်၊ ရေကြည်ငါး ဖမ်းသလို မိလုမိလုနှင့် လွတ်သွားတတ်တယ် အဲ–နားပင်းနေလည်း မရဘူး၊ နားပင်းနေလို့လည်း မဖြစ်တော့ဘူး။

နှာခေါင်းနှင့် အနံ့ နံသိသုံးပါး၊ ဒါလည်း ရုပ်နာမ်အစစ်ဘဲ၊ နှာခေါင်းက, ရုပ်, အနံ့က ရုပ်, နံသိက,နာမ်၊ ဒါ နှာခေါင်းနှင့် အနံ့ တွေ့တဲ့အခါမှ ပေါ်လာတာ၊ အဲဒီလို တွေ့တော့

ပေါ်လာတဲ့အခါ ထိုရုပ်နာမ် နှစ်ပါးကိုတွေ့လျှင် ခန္ဓာငါးပါး တွေ့ပြီ ဘာဖြစ်လို့လဲ၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါး, နှာခေါင်းမှာ ခန္ဓာငါးပါးဖြစ်တယ်၊ ဒါလည်း ဝိပဿနာရှုတဲ့တရားဘဲ၊ သို့သော်လည်း ခုနက ပြောသလို ရေကြည်ငါး ဖမ်းသလို မလွယ်ဘူး။

လျှာနှင့် အရသာ စားသိ သုံးပါးဆိုလည်း လျှာပေါ်ကို အရသာရောက်မှ အရသာဖြစ်တာကိုး၊ လျှာနှင့် ရသာရုံ ချို, ချဉ်, ဖန်, ခါးဆိုတဲ့ အရသာနှင့် တွေ့မှ ဇိဝှါပသာဒနှင့် ရသာရုံ ပေါင်းဆုံမိမှ ဇိဝှါဝိညာဏ် နာမ်ကလေး ပေါ်လာတာကိုး၊ အဲဒီနေရာမှာလည်း ခန္ဓာငါးပါး ရုပ်နာမ်တရား အစစ်ဘဲ၊ ဟုတ်တယ်၊ မလွဲဘူး အမှန်ဘဲ၊ သို့သော်လည်း ခုနက ပြောသလို ဝိပဿနာလုပ်ငန်း လုပ်မည်ဆိုလျှင် အားထုတ်နိုင်လျှင် သာဓု ခေါ်ပေါ့၊ သိပ်ကောင်းတာဘဲ၊ အင်မတန် အဘိုးတန်ပါတယ်၊ သို့သော် ရခဲတယ်၊ မလွယ်ဘူး။

မနောနှင့် သဘောကြံသိ သုံးပါးလည်း ဒီလိုဘဲ သွားတယ်၊ ဘယ်သူ အရေးကြီးဆုံးလဲဆိုတော့ အမှန်မပြတ် ခုနကပြောတဲ့ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးကြောင့် တကယ်ပြုပြင်ပြီး ဖြစ်ပေါ်လာတဲ့ ကာယပသာဒ ရုပ်,ဖေါဋ္ဌဗ္ဗရုပ်, ကာယ ဝိညာဏ်၊ အဲ သူက လွယ်တယ်၊ သူကမြန်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မျက်တောင်တခတ် လျှပ်တပြက်မှာ ရုပ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်တယ် ချုပ်တယ်၊ အဲဒီလို ရုပ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်တဲ့အခါကျတော့ အဇ္ဈတ္တိက သန္တာန်မှာ တနာရီ တမိနစ် ဟစက္ကန့်မျှ မစဲအောင် အမြဲတမ်း ရုပ်

နာမ်နှစ်ပါးဟာ တရှိန်ရှိန်, တသုတ်သုတ်, တလှုပ်လှုပ်, တရွရွ မပြတ်ဖြစ်နေတဲ့ ခန္ဓာငါးပါး။

**ကာယပသာဒ**ရုပ်, ဖေါဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်၊ ဒါ နာမ်ရုပ်နှစ်ပါးအစစ်ပေါ့၊ အဲဒီ ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗရုပ် ပေါင်းဆုံမိတိုင်း ကာယဝိညာဏ်ကပေါ်ရတယ်၊ ကာယဝိညာဏ်က အမြဲလိုက်တယ်၊ ကာယပသာဒရုပ်က အပ်နှင့် ထိုးဆွနာကျင်တတ်တဲ့နေရာကိုတဲ့၊ ထိုကိုယ်ဖြင့် တွေ့ထိကောင်းတဲ့ အဋ္ဌကလာပ်ရုပ်ရှစ်ပါးထဲမှာ ပါတဲ့ ပထဝီ ဖေါဋ္ဌဗ္ဗရုပ်တွေ, တေဇောဖောဋ္ဌဗ္ဗရုပ်တွေ, ဝါယောဖေါဋ္ဌဗ္ဗ ရုပ်တွေပေါ့၊ အဲဒီ ဖေါဋ္ဌဗ္ဗရုပ်တွေကို ဘယ်လိုစကား ဆိုလိုက်သလဲ၊ ရှိန်ရှိန်, သုတ်သုတ်, လှုပ်လှုပ်, ရွရွ အကုန်လုံး သိမ်းပြောလိုက်တယ်၊ အဲဒီလို ပြောလိုက်တဲ့ စကားတွေကို တို့ယောဂီတွေက မှတ်ထားတာပေါ့။

မှတ်ထားဆိုလို့ ကိုယ် သဘောပေါက်အောင် စဉ်းစားနိုင်ဘို့ မှတ်ထားခိုင်းတာနော်၊ ရေရေလည်လည် မပြောနိုင်ဘဲနှင့် သူတပါးကိုတော့ ရမ်းပြီး မဟောနဲ့၊ ဟောသင့်မှ ဟော၊ ကိုယ်က ရေရေလည်လည် မပြောနိုင်တော့ ရှိန်ရှိန်, သုတ်သုတ်, လှုပ်လှုပ်, ရွရွကိုဘဲ တရားလုပ်ပြီး ဟောပြော ပြသ နေတာလားဆိုပြီး ကဲ့ရဲ့ခံနေရအုံးမည်၊ ဘုန်းကြီးက လူပြိန်းနားလည်အောင် ပေါ်ပေါ်လွင်လွင် ပြောတာ၊ အမှန်စင်စစ်ကတော့ ရုပ်နှင့် နာမ်ကို ဝိဇ္ဇာဉာဏ်နှင့် အမှန်သိဘို့ ပြောတာဘဲ၊ ဝိပဿနာဆိုတာ တကယ်အစစ် ဉာဏ်စခန်းကိုး၊ ဝိဇ္ဇာဉာဏ်မှ တကယ်တွေ့ကောင်းတဲ့တရား ကာယပသာဒရုပ်, ဖောဋ္ဌဗ္ဗရုပ်, ဖေါဋ္ဌဗ္ဗရုပ်ဆိုတာ ပထဝီဖေါဋ္ဌဗ္ဗရုပ်နှင့် တွေ့ကောင်းတယ်၊ တေဇောဖေါဋ္ဌဗ္ဗရုပ်နှင့် တွေ့ကောင်းတယ်၊ ဝါယောဖေါဋ္ဌဗ္ဗရုပ်နှင့် တွေ့ကောင်းတယ်၊ အခု ယောဂီ

တွေ့ တွေ့နေတာ ပထဝီနှင့်လည်း တွေ့တယ်၊ ပထဝီနှင့် တွေ့လို့ ပထဝီနှင့် တွေ့မှန်းမသိ၊ ရုပ်မှန်းမသိ, နာမ်မှန်း မသိတော့လည်း အဝိဇ္ဇာပေါ့။

အဝိဇ္ဇာဆိုလျှင် ပထဝီနှင့်တွေ့ အပါယ်ကျတယ်။
အဝိဇ္ဇာသည် တေဇောနှင့်တွေ့ အပါယ်ကျတယ်။
အဝိဇ္ဇာသည် ဝါယောနှင့်တွေ့ အပါယ်ကျတယ်။

ဘယ့်နှယ်အရှင်ဘုရား လွန်လှချည်းလားလို့ စောဒက တက်စရာ ရှိတာပေါ့၊ မလွန်ဘူး၊ ဘာဖြစ်လို့ မလွန်သလဲ၊ ပထဝီနှင့် တွေ့တော့ နာတာကိုး၊ ပထဝီနှင့်တွေ့တော့ တောင့်တယ်, တင်းတယ်, ကိုက်တယ်, ခဲတယ်, နာတယ်, ကျင်တယ်ပေါ့၊ မခံသာအောင် ဖြစ်ပေါ်လာတာပေါ့၊ သည်း မခံနိုင်အောင် ဖြစ်လာတယ်၊ အဲဒီတော့ နာကျင် ကိုက်ခဲတဲ့ ဒုက္ခဝေဒနာကြီးဖြစ်လာတဲ့ အခါ ဘယ်လို ဖြစ်လာသလဲ၊ အဝိဇ္ဇာက အောင်မယ်လေး ငါ နာလိုက်တာ ငါကျင်လိုက်တာ ငါကိုက်လိုက်တာ ငါမခံနိုင်ဘူးဆိုတော့ ဒီအတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ တရားနှင့်ပထဝီရုပ် တွေ့လို့ဖြစ်တယ်ဆိုတာ မသိတဲ့အတွက်ကြောင့် အပါယ် ကျတာပေါ့၊ စိတ်သာချ အပါယ်ကျမှာ။

တကယ် ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကျတော့ ဩော်-ငါကိုက်တာမှ မဟုတ်ဘဲ ပထဝီဓာတ်နှင့်ကာယပသာဒရုပ် ထိလို့ ကာယဝိညာဏ်ကလေးက သိနေတာ၊ စင်စစ် ဒါ-ရုပ်နာမ်တရားပါကလား၊ ဒီရုပ်နာမ်တရားဟာ ခိုင်မြဲတဲ့ တရားမဟုတ်ပါလား၊ ဖြစ်ပျက်သွား ဖြစ်ပျက်သွား,အို-ဖြစ်ပျက်တရားချည်းပါကလား၊ ဟော ဖြစ်ပျက်တရားတွေတော့ ပထဝီနှင့် ကာယပသာဒရုပ်တွေလို့ ဖြစ်ပျက်ကို တွေ့နေတော့ အနိစ္စမှန်းသိ ပထဝီတွေ့တာနှင့် အနိစ္စမှန်း သိတယ်။

ပထဝီတွေ့ ဒုက္ခမှန်း သိတယ်။
ပထဝီတွေ့ အနတ္တမှန်း သိတယ်။

ဘယ်လောက်ကောင်းသလဲ၊ ဒါဝိဇ္ဇာ၊ သာမညလူနှင့် တန်တဲ့ တရား မဟုတ်ဘူး၊ ကိုင်း ရှိန်ရှိန်ဆိုတဲ့ တရားဟာ ပူတာ၊ ဟော ပူတာတွေ့တွေ့, အေးတာတွေ့တွေ့ ဒါတေဇော ဖေါဋ္ဌဗ္ဗ ခေါ် တယ်၊ ပူမှန်း အေးမှန်း သိတာက ကာယဝိညာဏ်၊ ကာယ ဝိညာဏ်ကို ချန်လှပ်လို့ ပူတာ, အေးတာ ဘယ်သူမှ မသိဘူး၊ အောင်မယ်လေး ပူလိုက်တာ ဟော၊ အောင်မယ်လေး အေးလိုက် တာဟော၊ ဘယ်သူက သိသလဲ၊ ကာယဝိညာဏ်က သိလို့ပြောနိုင် တာပေါ့၊ အဲဒီ ကာယဝိညာဏ်ဟာ အမှန်ဘဲ၊ အဲဒီ ကာယ ဝိညာဏ်ဟာ ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗရုပ် တွေ့လို့သိတော့ ရုပ်နာမ်နှစ်ပါးပေါ့၊ အဲဒီ ရုပ်နာမ်နှစ်ပါးကို တွေ့တာနှင့် အဝိဇ္ဇာ က အပါယ်ကိုချတာ၊ အောင်မယ်လေး - ငါ ပူလိုက်တာကွာ မခံချင်ဘူး၊ ဖြစ်မှ ဖြစ်ရလေခြင်း ပူလိုက်တာကွာ၊ အဝိဇ္ဇာက ဘာဖြစ်လို့လဲ၊ ပူတာ ငါ ထင်နေတာကိုး၊ ငါတည်းဟူသော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတရားနှင့် ပူတာတွေ့ပြီးသကာလ အပါယ် ကျတာ အမှန်ပေါ့၊ သိပ်သနားစရာ ကောင်းတာ။

တကယ်အစစ် သာသနာခေတ်နှင့် ကြုံပြီး အမှန်အကန် ယထာဘူတ ရုပ်နာမ်ရှိတာ ထင်ရှားပါလျက်သားနှင့် မသိရှာ ဘူး၊ စာထဲလဲ ပါသား ဉာဏ်တေဇော, သီတတေဇော၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဒီတရား သူတို့ သိတယ် သူတို့ကိုယ်တိုင် ရတယ်၊ ဉာဏ်တေဇော သီတတေဇောဆိုတာ သိတယ်၊ သိပေတဲ့ အခု ပြောသလို ခန္ဓာကိုယ်မှာ တကယ်အမှန် ကာယပသာဒရုပ်နှင့်

ဖေါဋ္ဌဗ္ဗရုပ် ထိခိုက်တိုင်း ပူမှု, အေးမှုတွေ ပေါ်လာလို့ အမှန်မုချ ယထာဘူတ ရုပ်နာမ် ထင်ရှားရှိတာ သူ မသိရှာဘူး၊ အဲ ဝိဇ္ဇာ ဉာဏ်နှင့် သိတဲ့ပုဂ္ဂိုလ်က ပူတာတွေတွေ့, အေးတာတွေတွေ့, နိဗ္ဗာန်ကိုရနိုင်တယ်, အဝိဇ္ဇာပုဂ္ဂိုလ်က ပူတာတွေ အပယ်ကျ၊ အေးတာတွေ့, အပယ်ကျ၊ အဲဒါလေး မှတ်ထားပေါ့။

ကိုင်း–ဒါဖြင့် သွားလိုက်အုံး၊ ဝါယောဖေါဋ္ဌဗ္ဗရုပ်နှင့် တွေ့ သူတို့က လှုပ်တာ, ရွတာ တရားလားတဲ့၊ လှုပ်တာ, ရွတာမျှား သူတို့က တရားလို့ ပြောတာမျှား သိပ်အံ့ဩတို့ ကောင်းတာဘဲ တဲ့ အဲဒီလိုကို ပြောတာ၊ ဒီလိုပြောတော့ကာ ဒီမှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေကိုတော့ တို့တော့ စိတ်ချရပါတယ်၊ ဘယ်နည်းနှင့်မှ ဒီ ပုဂ္ဂိုလ်ပြောတဲ့ စကားကိုတော့ ယုံမှာ မဟုတ်ဘူး၊ သူတို့ ပရိ သတ်ကတော့ လှုပ်တာ ရွတာ ရှိန်တာကို တွေ့ဘူးမှာမှ မဟုတ် ဘဲ၊ မတွေ့တာကလည်း အမှန်၊ ဘာဖြစ်လို့လဲဆိုတော့ အဝိဇ္ဇာကိုး၊ ဇကန်မတွေ့ကြဘူး၊ ဒီပရိသတ်ဟာ သူတို့ တရားနာနေတဲ့ ပုဂ္ဂိုလ် တွေ၊ သူ့တပည့် သားမြေးတွေဟာ မုချ ပထဝီလည်း မတွေ့ဘူး၊ တေဇောလည်း မတွေ့ဘူး၊ ဝါယောလည်း မတွေ့ဘူး၊ ပထဝီ, တေဇော, ဝါယောလည်း မသိဘူး၊ မသိတဲ့ ပုဂ္ဂိုလ်တွေ ဟော တော့ကာ အဲဒီပုဂ္ဂိုလ်က လမ်းဆောင်ပြီး ရှေ့ဆောင်လမ်းပြ လုပ် လိုက်တဲ့အတွက် သူ့ ပရိသတ်ကြီးက တို့-ရှိန်ရှိန်, သုတ်သုတ်, လှုပ်လှုပ်, ရွရွ တရားအစစ်ကို အမှန်သိနေတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်တွေကို တဇောင်းစေးနှင့် မျက်ချေးလုပ်ပြီး ကဲ့ရဲ့မည်ဆို လျှင်တော့ သနားစရာ သိပ်ကောင်းတာပေါ့။

ဝါယောကို ဘုရားက လှုပ်ရှား ဝါယော, ထောက်ကန် ဝါယော ဟောထားပြီး လှုပ်ရှားတယ်ဆိုတာ ဘယ်သူတွေ

သလဲ၊ ထောက်ကန်တာ ဘယ်သူတွေသလဲ၊ ကာယပသာဒရုပ်နှင့်မှ တွေ့ကောင်းမှာပေါ့၊ ဤ ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗရုပ်နှင့် တွေ့မှ ကာယဝိညာဏ်က အောင်မယ်လေး ဝါယောရုပ်တွေဘဲ သိတာပေါ့၊ အဲ ကာယပသာဒရုပ်, ဖေါဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်, ရုပ်နာမ်အစစ်ဘဲ၊ အဲဒီတော့ ပထဝီနှင့်ဘဲ တွေ့တွေ့၊ တေဇောနှင့်ဘဲ တွေ့တွေ့, ဝါယောနှင့်ဘဲ တွေ့တွေ့, ဝါယောလည်း ရုပ်ဘဲ, ပထဝီလည်း ရုပ်ဘဲ, တေဇောလည်း ရုပ်ဘဲ ဒါ ဘာခေါ်လဲ၊ ဖေါဋ္ဌဗ္ဗရုပ်လို့ တပေါင်းတည်း ခေါ်လိုက်တာ ဖေါဋ္ဌဗ္ဗဆိုတာ အတွေ့ရုပ်၊ ဘယ်သူနှင့် တွေ့သလဲ မျက်စိနှင့် မတွေ့, နှာခေါင်းနှင့် မတွေ့, နားနှင့် မတွေ့, လျှာနှင့် မတွေ့, မနောနှင့် မတွေ့, ကိုယ်နှင့် တွေ့တယ်။

ကိုယ်က ကာယပသာဒရုပ်ခေါ်တာ အဲဒါ ကိုယ်ရုပ်အတွေ့, ရုပ်တွေ့တိုင်း တွေ့တိုင်း သိ, သိ, သိ၊ အဲ တွေ့သိနာမ်ပေါ့၊ အဲဒီ ရုပ်နာမ်ကို တွေ့တော့ကာ ဘာဖြစ်သွားသလဲ၊ ခန္ဓာငါးပါးတွေ့ပြီ၊ ရုပ်က ရူပက္ခန္ဓာတွေ့တိုင်း သိတာကလေး ခံစားမှုဝေဒနာ-က္ခန္ဓာ သုခဝေဒနာ ဒုက္ခဝေဒနာ ခံစားတယ်၊ တွေ့တဲ့အခါ အဲဒါ တွေ့ မှတ်မိတာပေါ့၊တွေ့တိုင်း တွေ့တိုင်း မှတ်မိတယ်, မှတ်မိတာက သညာက္ခန္ဓာ၊ တွေ့တိုင်း သိအောင် စေ့ဆော် ကြောင့်ကြတဲ့ စေတနာက သင်္ခါရက္ခန္ဓာ၊ သိလုံးလေးက ဝိညာဏက္ခန္ဓာ၊ အဲဒီ တော့ ဟိုတကဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်အစစ်က လှုပ်တာကို တွေ့လည်း ခန္ဓာငါးပါးသိပြီ၊ရှတာကိုတွေ့လည်း ခန္ဓာငါးပါးသိ၊ပူတာ အေးတာတွေ့လည်း ခန္ဓာငါးပါးသိ၊ ဟော ခန္ဓာငါးပါးရုပ်နာမ် တရားသည် ဖြစ်ပျက်- ဖြစ်ပျက် တွေ့နေပြီ၊ မိနစ် စက္ကန့် မစဲ အောင် အမြဲတမ်း ပူပြင်ပြောင်းလဲ ဖြစ်ပျက်နေတာ တကယ့်

ဝိပဿနာ ယောဂီအစစ်က သိပြီ၊ ခုနက ဘုရားဟောနှင့် ပြန်ကိုက်ကြည့်စမ်း။

"သဗ္ဗေ- ခပ်သိမ်းကုန်သော၊ သင်္ခါရာ— ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါး တည်းဟူသော ပြုပြင် စီရင်အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်" ဘာဖြစ်သလဲ၊ အနိစ္စာ-အမြဲမရှိကုန်။

ကိုင်း- ဘုရားဟောတာ၊ အခု ယောဂီတွေ ခန္ဓာငါးပါး တွေ့ပြီ၊ တွေ့တော့ မြဲရဲ့လား၊ ဘုရားဟောတဲ့အတိုင်း မမှန်ဘူးလား, မှန်သလား သေသေချာချာ ကိုယ်ပိုင် ဉာဏ်နှင့်တွေး၊ ဟော ခန္ဓာငါးပါး ရုပ်နာမ်တရား ဖြစ်တယ်၊ ဖြစ်ပျက်သွားတယ်၊ ခန္ဓာငါးပါး ရုပ်နာမ်ဖြစ်၍ ပျက်၍ မမြဲကြောင်း ထင်ရှားတယ်၊ ဟော–မမြဲဘူး၊ အနိစ္စာ- အမြဲမရှိကုန်။ ယဒါ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာ ပညာဖြင့်၊ ပဿတိ-မြင်တတ်၏။

သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်နှင့် မြင်သွားပြီ၊ ဘာပြုလို့လဲ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသိလို့၊ ဖြစ်ပျက်တွေ့တဲ့ အတွက်ကြောင့် မမြဲဘူးဆိုတဲ့ အနိစ္စကို ဝိပဿနာဉာဏ်, သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်နှင့် မြင်နေပြီ၊ အနိစ္စတရားတွေ တွေ့သွားပြီ၊ ဘုရားဟောနှင့် ကိုက်နေပြီ၊ ကိုင်း စာနှင့် မညီလား ညီလား ကျမ်းဂန်နဲ့ ကိုက်ကြည့်ပေါ့၊ သြော်- လက်စသတ်တော့ တို့သိတဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ မမြဲ၊ ဖြစ်ပျက်နေတာ တို့သိသောကြောင့် ဝိပဿနာအစစ်ဆိုတာ ယုံကြည်ရေပေါ့၊ ဒါ ဝိပဿနာဉာဏ် အစစ်ဘဲ၊ အဲဒါ ဝိပဿနာ ဉာဏ်ခေါ်တယ်၊ အဲဒီလို ဝိပဿနာ ဉာဏ်နှင့် မမြဲတာ သိလျှင်ကော ဘာဖြစ်သလဲဆိုတော့၊ "အထ

ထိုသို့ မြင်သောအခါ၌၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေ ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်ဆိုတဲ့ အနိစ္စတရားတွေ မြင်တဲ့အခါ ဘာဖြစ်သလဲဆိုတော့ ဒုက္ခ-သံသရာ ဝဋ္ဋဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏” ဟော-နိဗ္ဗိန္ဒဉာဏ် တခါတည်း ရတာဘဲ၊ ကြပ်ကြပ် အားထုတ်ကြ၊ နိဗ္ဗိန္ဒဉာဏ်ကြီး ဖြစ်လာပြီ၊ နိဗ္ဗိန္ဒဉာဏ် ဖြစ်တော့ ဘာဖြစ်သလဲ၊ “သေ, သော-ဤသို့ ငြီးငွေ့ခြင်း သည်, တကယ်ငြီးငွေ့လာတဲ့ ပုဂ္ဂိုလ်တွေလေ၊ ဝိသုဒ္ဓိယာ-ကိလေသာ စင်ကြယ်ခြင်း၏၊ မဂ္ဂေါ- အကြောင်းတည်း” ကိလေသာ စင်ကြယ်ရာ အကြောင်းတရားကြီးတခုဘဲ၊ ဒါ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ခေါ်တယ်၊ အဲဒီလို သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ် ရလို့ ယထာဘူတအမှန် ရုပ်နာမ်တွေလို့ ဖြစ်ပျက်ကို သိနေလျှင် အင်မတန် အဘိုးတန်ပြီ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကောန် ရနိုင်တဲ့ တရားဆိုတာ ဘုရားဟောထားတယ်, အကယ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရတောင်မှ ဘုရားချီးမွမ်းတော်မူတယ်။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်)

ဣမိနာ ပန ဉာဏေန-ဤနာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်၊ သမန္နာဂတော- ပြည့်စုံသော၊ ဝိပဿကော- ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ လဒ္ဓဿာသော— ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော— ရအပ်

သော ထောက်ရာ တည်ရာ ရှိသည်ဖြစ်၍၊ နိယတ ဂတိကော- အပါယ်လေးပါးသို့ မလား သူတော်ကောင်းတို့ လားအပ်သော မြဲသော ဂတိရှိသည်ဖြစ်၍၊ စူဠသောတာပန္နော နာမ- စူဠသောတာပန်မည်သည်၊ ဟောတိ-ဖြစ်၏။

ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ အကြောင်းကို သိမ်းဆည်းနိုင်တဲ့ဉာဏ်ကို ခေါ်တယ်၊ ခုနကတုန်းက ရုပ်နာမ်တရားဟာ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်း လေးပါးကြောင့် ဖြစ်ပေါ်ကြောင်း ပြောခဲ့ပြီ၊ အဲဒီ ကံ စိတ် ဥတု အာဟာရ ကြောင့် ရုပ်နာမ် ဖြစ်ပေါ်တာကို ယထာဘူတ ကျအောင် မြင်လျှင် **ပစ္စယပရိဂ္ဂဟဉာဏ်** ဖြစ်တာပေါ့၊ အကြောင်း ကြောင့်ဖြစ်တဲ့ ရုပ်နာမ် တရားကို ဒါက ရုပ်, ဒါက နာမ်လို့ ပိုင်းပိုင်း ခြားခြား ကွဲကွဲပြားပြား သိတာကို **နာမရူပ ပရိစ္ဆေဒဉာဏ်** ခေါ်တယ်၊ ဒီဉာဏ် ၂-ပါးနှင့် ပြည့်စုံလျှင် **စူဠသောတာပန်** တဲ့၊ စူဠသောတာပန်ဆိုလျှင် အပါယ် သံသရာ ဘေး ပြတ်သွားပြီး အပါယ်ကို မကျတော့ဘူးတဲ့၊ အဲဒီတော့ စူဠသောတာပန်၊ စူဠသောတာပန်နှင့် မဟာသောတာပန် ဘာခြားသလဲ၊ ဒါလည်း နည်းနည်းလေး မှတ်သားဘို့ ပေါ့၊ စူဠသောတာပန်နှင့် မဟာသောတာပန်, မဟာသောတာပန်တော့ မြတ်စွာဘုရား ဘယ့်နှယ့်ဟောသလဲ။

## မဟာသောတာပန်

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနော။

(အင်္ဂုတ္တိုရ်။)

သုမင်္ဂလဝိလာသိနီ(က) ၁၁၀-၂၀ တတိယအကြိမ်

တိဏ္ဏံ သံယောဇနာနံ- သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာသီလဗ္ဗတ ပရာမာသဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ် တို့၏၊ ပရိက္ခယာ- ကုန်ခြင်းကြောင့်၊ သောတာပန္နော- မြင့်မြတ်ရာသို့သာ တဖြောင့်တည်း ဆန်တက်သော သီလ သမာဓိ ပညာဟုဆိုအပ်သော ဓမ္မသောတ- မြင့်မြတ်သော ပဋိသန္ဓေအစဉ် ဘုံအစဉ်ဟု ဆိုအပ်သော ဘဝသောတသို့ ရှေးဦးစွာ ဆိုက်ရောက်သော သောတာပန်သည်၊ ဟောတိ- ဖြစ်၏၊ အဝိနိပါတဓမ္မော-ဝိနိပါတ ဘေးကြီးမှ အပြီးတိုင် ကင်းလွတ်၏၊ နိယတော - ဘဝအဆက်ဆက် ကမ္ဘာအ ဆက်ဆက် မပျက်သော သီလ, သမာဓိ, ပညာနှင့် ပြည့်စုံ၏၊ သမ္ဗောဓိပရာယနော- အထက်မဂ် အထက် ဖိုလ်ကိုသာလျှင် လိုရာ ရကြောင်း မတိမ်းစောင်း နိုင်သော လည်းလျောင်းရာ ရှိ၏။

အဲဒါ မဟာသောတာပန်ကို ဟောဒါ၊ မဟာသောတာပန်ကို မြတ်စွာဘုရား ပြတဲ့တရား၊ မဟာသောတာပန်, စူဠသောတာပန် နှစ်မျိုး ခုနကတုန်းက ရှေးဦးစွာ ပြောတဲ့တရားက စူဠသောတာ ပန်၊ အခု မဟာသောတာပန်၊ အဲဒီ မဟာသောတာပန်နှင့် စူဠ သောတာပန် ဘယ်လောက် ကွာခြားသလဲဆိုတော့ ဉာဏ်နှင့် စိုက်ကြည့်ပေါ့၊ "တိဏ္ဏံ သံယော ဇနာနံ-သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ် တို့၏၊ ပရိက္ခယာ- ကုန်ခြင်းကြောင့်၊" မဟာသောတာပန် သံ ယောဇဉ် ဆယ်ပါးရှိတယ်၊ သံယောဇဉ် ဆယ်ပါးထဲက သုံးပါး ကုန်တယ်၊ သုံးပါးပြတ်သွားတယ်၊ သုံးပါးက ဘယ်သူလဲ သက္ကာ ယဒိဋ္ဌိရယ်, ဝိစိကိစ္ဆာရယ်, သီလဗ္ဗတပရာမာသ သုံးပါးသံယော

ဇဉ် ပြတ်တယ်တဲ့၊ ကိုင်း ကောင်းပြီ—မဟာ သောတာပန်တော့ ကာ သက္ကာယဒိဋ္ဌိလည်း ပြုတ်သွားပြီ၊ ပြီးတော့ ဝိစိကိစ္ဆာလည်း ယုံမှားကင်းသွားပြီ၊ ခွေးအကျင့် ဝက်အကျင့်ကို အကောင်းထင်တဲ့ သီလဗ္ဗတပရာမာသ သံယောဇဉ်ဆိုလည်း ပြတ်သွားပြီ၊ ကောင်းပြီ-ဒါဖြင့်ထားတော့ သူက မဟာသောတာပန်ကိုး၊ တို့စူဠသောတာပန်တွေကကော ခုနကတုန်းက ရုပ်နှင့်နာမ် တွေ့နေပြီ၊ပထဝီ ဓာတ်ရုပ်တွေ တွေ့တယ်, တေဇော ဓာတ်ရုပ်တွေ တွေ့တယ်၊ ဝါယောဓာတ်ရုပ်တွေ တွေ့တယ်၊ တွေ့တော့ ဘုရားက ဘယ်နှယ် ဟောသလဲ ရာဟုလာကို—

ပထဝီ ဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

(သံယုတ်ပါဠိတော်)

ရာဟုလ- ချစ်သားရာဟုလာ၊ ခေါ-စင်စစ်၊ ပထဝီဓာတုံ-ပထဝီဓာတ်ကို၊ အနိစ္စတော-မမြဲဘူး ဟူ၍၊ ဇာနတော-သိသောသူအား၊ ပဿတော-မြင်သောသူအား၊ သက္ကာယဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ ကို၊ ပဇဟတိ-စွန့်၏၊ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ - ပယ်၏၊ ဝိဇ္ဇာ - ဝိဇ္ဇာ ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်လာ၏။

ကိုင်း ကိုယ်ပိုင်ဉာဏ်နှင့် တွေးလိုက်စမ်း၊ ခုနကတုန်းက မဟာသောတာပန်မှာ သက္ကာယဒိဋ္ဌိ ကွာသွားပြီတဲ့၊မဟာသောတာပန်တော့ သက္ကာယဒိဋ္ဌိ ကွာတယ်၊ ထားတော့၊ ဘုရားဟောတာလေ၊ စူဠသောတာပန်ကော မကွာဘူးလား၊ အခု ရုပ်နာမ်အမှန်

တွေ့နေပြီ၊ စာထဲက ရုပ်နာမ် မဟုတ်ဘူး၊ ခုတွေ့တာ ယောဂီတွေ့ တွေ့တာက ကိုယ်တွေ့ ဉာဏ်မြင် ရုပ်နာမ်၊ ကိုယ်တိုင်တွေ့တဲ့ရုပ်နာမ် တကယ့်အစစ် ရုပ်နာမ်ကို တွေ့နေတော့ ခုနကတုန်းက ရှာဟု လာကို ဟောတဲ့ တရားနှင့် ကိုက်ကြည့်စမ်း၊ ဟော-ပထဝီကို တွေ့တွေ့၊ တေဇောဓာတ်ကို တွေ့တွေ့၊ ဝါယောဓာတ်ကို တွေ့တွေ့၊ မပြတ် ဖြစ်ပျက်နေတာ သိတော့ ဥဒယဗ္ဗယဉာဏ်၊ အဲ ဥဒယဗ္ဗယ ဉာဏ်ရတာနှင့်တပြိုင်နက် မပြတ် ဖြစ်ပျက် ဖြစ်ပျက်နေတာကို သိ သဖြင့် အနိစ္စ-မမြဲဘူးသိတယ်၊ ဒုက္ခ-ဆင်းရဲတာ သိတယ်၊အနတ္တ-ရုပ်နာမ်တရား အစိုးမရတဲ့ အနတ္တကိုလည်း တွေ့တယ်၊ ကိုင်း အတ္တဒိဋ္ဌိ ပြုတ်သွားပြီ၊ အနတ္တတွေ့၊ အတ္တဒိဋ္ဌိ ပြုတ်ပေါ့၊ အနတ္တကို တွေ့လျှင် အတ္တဒိဋ္ဌိပြုတ်တယ်၊ သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီ၊အမှန်ဘဲ၊ သက္ကာယ ဒိဋ္ဌိပြုတ်နေပြီ၊ ခုနက စုဋ္ဌသောတာပန်လည်း ပြုတ် ဟော မဟာသောတာပန် ပြုတ်သလိုဘဲ ပြုတ်တာဘဲ၊ သက္ကာယ ဒိဋ္ဌိ-ဝိစိကိစ္ဆာဆိုကော—

> ဗုဒ္ဓေ ကင်္ခတိ၊ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊သိက္ခာယ ကင်္ခတိ၊ ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိ၊ ပဋိစ္စသမုပ္ပါဒေ ကင်္ခတိ—

ဆိုတဲ့ ယုံမှား ရှစ်ချက်မှာ စုဋ္ဌသောတာပန်တွေကကော ယုံမှား မကင်းသေးဘူးလား၊ ကင်းနေပြီ၊ ဘယ်လောက် ကင်းနေသလဲ ကြည့်စမ်း၊ ဘုရားမှန်းသိနေပြီ၊ ဘုရားဟောတဲ့ တရားမှန် တယ် ဆိုကတည်းက ဘုရားယုံမှား ကင်း၊ ဟော တရား လည်း ယုံမှား ကင်း၊ သံဃာ လည်း ယုံမှား ကင်းသွားပြီ၊ ဘုရား တရားတော်ကို လိုက်နာ ကျင့်သုံးနေတဲ့ သံဃာတော် တွေပေါ် မှာလည်း ယုံမှား ကင်းနေပြီ၊ သံဃေ ကင်္ခတိပေါ့၊

သိက္ခာယကင်္ခတိ-မိမိကျင့်တဲ့ သိက္ခာပုဒ်,သီလ, သမာဓိ,ပညာ ကေန် မြတ်တယ်လို့ ယုံကြည်နေပြီ၊ ဒါ သံသယ မရှိဘူး၊ ဝိစိကိစ္ဆာ ဆိုတာ, သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့အတိုင်း သက္ကာယဒိဋ္ဌိပြုတ်တဲ့ အပြင်, ဝိစိကိစ္ဆာလည်း ပြုတ်နေပြီ၊ ပုဗ္ဗန္တေ ကင်္ခတိ, အပရန္တေ ကင်္ခတိ, ပုဗ္ဗန္တာပရန္တေ ကင်္ခတိ, အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးမှာ ရုပ်တရား,နာမ်တရားတို့သည်ပစ္စုပ္ပန်သက်သက် ဖြစ်တယ်ဆိုတာ သိနေပြီ၊ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ ပစ္စုပ္ပန်ကာလ သက်သက်ကလေး လွန်ပြီးသော အတိတ် ရုပ်တွေ ပျောက်သွားပြီ မရှိဘူး,မပေါ်လာတော့ဘူး၊ အနာဂတ် ဖြစ်တဲ့ ရုပ်နာမ်တွေလည်းဘဲ မပေါ်ပေါက်ခင် ဘာမျှ မရှိဘူး၊ အဲဒီတော့ အတိတ်နှင့် အနာဂတ်ကိုလည်း သိတယ်၊ ပစ္စုပ္ပန်မှာ လည်း ရုပ်နာမ်သက်သက် ဖြစ်နေတာ သိတယ်၊ သတ္တဝါမရှိဘူး ဆိုတာ ယုံသွားပြီ၊ ဘယ်သတ္တဝါ ရှာတွေ့မလဲ မတွေ့, ဘာတွေ့ သလဲ၊ဖြစ်ပျက်ဘဲ တွေ့တယ်၊ရုပ်နာမ်ဖြစ်ပျက်က လွဲလို့ သတ္တဝါ အထူးမရှိ၊ အဲ-တွေ့သွားပြီ၊ အဲဒါကြောင့်မို့လို့ ပုဗ္ဗန္တေ ကင်္ခတိ, အပရန္တေ ကင်္ခတိ,ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိဆိုတဲ့အတိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး ယုံမှားကင်းသွားပြီ၊ ပဋိစ္စသမုပ္ပါဒေ ကင်္ခတိ- အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်နေတယ် ဆိုတာ သိနေပြီ၊ ဟော-အကြောင်းကြောင့် အကျိုးတွေ ဖြစ် တယ်၊ ကုသိုလ် အကုသိုလ်ကံတို့ အကြောင်းကြောင့် ဝိပါက် အကျိုးဖြစ်တယ်ဆိုတာ သိနေပြီ၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်လည်း ယုံမှားကင်းနေကုန်ပြီ။

ဒီတော့ ခုနကတုန်းက မဟာသောတာပန်မှာ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာကင်းသလို သီလဗ္ဗတ ပရာမာသ ကျတော့ သာ

ဝေးတာပေါ့၊ ဘယ်တော့ ကပ်အုံးမလဲ၊ ခွေးအကျင့် နွားအကျင့် မသူတော်တို့၏ အကျင့်တွေ ဘယ်တော့မှ မကျင့်တော့ဘူး၊ အားလုံး ပြုတ်သွားပြီ၊ အဲဒါ မဟာသောတာပန်ကဲ့၊ စူဠသော တာပန်နှင့် နှိုင်းယှဉ်ပြပုံ, ဒါကြောင့်-

တိဏ္ဏံ သံယောဇနာနံ-သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ်တို့၏၊ ပရိက္ခယာ- ကုန်ခြင်းကြောင့်၊ သောတာပန္နော-မြင့်မြတ် ရာသို့သာ တဖြောင့်တည်း ဆန်တက်သော သီလ သမာဓိ ပညာဟုဆိုအပ်သော ဓမ္မသောတ,မြင့်မြတ်သော ပဋိသန္ဓေ အစဉ်,ဘုံအစဉ်ဟု ဆိုအပ်သော ဘဝသောတသို့။

ကိုင်း– ခုနကတုန်းက မဟာသောတာပန် ခု ပြလိုက်တယ် လေ သီလရယ်, သမာဓိရယ်, ပညာရယ် ဓမ္မသောတခေါ်တယ်၊ အဲ ခု ယောဂီတွေလည်းဘဲ ယထာဘူတအမှန် ဟုတ်တိုင်းမှန်စွာ ကျကျနန ရုပ်နာမ် ၂-ပါးကို တွေ့လို့ ဖြစ်ပျက်ကို အမှန်ရှုပြီးတော့ နေတဲ့အတွက်ကြောင့် သီလလည်း ပြည့်စုံနေပြီ, ဟော-သမာဓိဆို တာ ဖြစ်ပျက်ကို မတွေ့သမျှ သမာဓိ မရလို့သာမှတ်၊ အဲ-သမာဓိ ကောင်းလျှင် ဖြစ်ပျက်တွေ့ပြီးသား၊ သီလ, သမာဓိ, ပညာ, ဖြစ် ပျက်တွေ့သဖြင့် ရုပ်နာမ်ကို အမှန်သိသောကြောင့် ဟော- ဉာဏ်, ထိုဉာဏ်ဟာ ဘယ်လောက်ကောင်းသလဲ, ဖြစ်ပျက်သိလို့ အနိစ္စ သိပုံ,ဖြစ်ပျက်သိလို့ ဒုက္ခသိပုံ,ဖြစ်ပျက်သိလို့ အနတ္တသိပုံ,တကယ် အစစ် အတ္တဒိဋ္ဌိ ပြုတ်သွားကုန်တာ ဉာဏ်ပညာတွေပေါ့။

ဒါကြောင့် သီလ, သမာဓိ, ပညာဟု ဆိုအပ်သော ဓမ္မ သောတ၊ အဲ–နောက်တခါ ဘာလဲ, ပဋိသန္ဓေအစဉ်, ဘုံအစဉ်ဟု

ဆိုအပ်သော ဘဝသောတ၊ ဘဝသောတဆိုတော့ သောတာပန်သည် ဘယ်တော့မှ အောက်တန်း မကျဘူး၊ အထက်ကိုသာ သွားမှာ၊ ဒါထက် ယုတ်တဲ့ ဘဝမျိုးကို ဘယ်တော့မှ မရဘူး၊ အကယ်၍ သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်တောင်မှ လူ့ပြည်လာလျှင် လူကောင်းတွေသာ ဖြစ်ရမည်၊ လူယုတ်ညံ့ထဲက မဖြစ်ရဘူး၊ အထက်တန်းစား လူလာဖြစ်ရမည်၊ သတ္တက္ခတ္တုပရမ သောတာပန်ဆိုတော့ ခုနစ်ကြိမ် ပဋိသန္ဓေ နေရမယ်၊ အဲဒီလို ပုဂ္ဂိုလ်များဖြစ်တောင်မှ ခုနစ်ကြိမ် ပဋိသန္ဓေ နေတောင် မကောင်းတဲ့ ဘဝမျိုးမှာ ဘယ်တော့မှ ပဋိသန္ဓေ မနေဘူး။

အဲဒီတော့ ဘာလဲ ခုပြောတဲ့ စူဠသောတာပန်ကလည်းဘဲ သူတော်ကောင်းတို့ လားအပ်သော မြဲသော ဂတိရှိတယ် ပြောထားတော့ တကယ့် သောတာပန် အစစ်လားတဲ့ ဂတိမျိုး လားရမှာ၊ အဲဒီတော့ ဘာမှ မကွာဘူး၊ကပ်နေတယ်၊ဒါသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ်ဟာ မဟာသောတာပန်မှသာ ကင်းတာမဟုတ်ဘူး၊ စူဠသောတာပန်လည်း ကင်းတယ်လို့ မှတ်ရမည်၊ မှတ်ထား, အခု ကျကျနန ဒီတရားလို အားထုတ် နေတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်သည် သီလ, သမာဓိ, ပညာ အမှန်ပြည့်စုံတယ်၊ ဒီတော့ ပဋိသန္ဓေ အစဉ် ဘုံအစဉ်အားဖြင့်လည်း အမှန်ဘယ်နည်းနှင့်မှ အောက်တန်းကို မကျဘူးဆိုတာ မှတ်ထား။

ဒါတင်လားတဲ့ ရှေ့ကို တထစ်တိုးလိုက်တယ်၊ ဘာလဲ, အဝိနိပါတဓမ္မော— ဝိနိပါတဘေးကြီးမှ အပြီးတိုင် ကင်းလွတ်၏၊ မဟာသောတာပန်ဆိုတာ ဝိနိပါတဘေးကြီး မတွေ့ရဘူး၊ ဝိနိပါတဘေးဆိုတာ သေလျှင် ဘာရမ်းဘတာ ကျချင်တဲ့ဘဝ

ကျ,မှာ၊ နင်သေ ဘယ်သွားမလဲဆုံ ကမ္မသကာဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဝိနိပါတဘေးကြီးပေါ့၊ ဘာရမ်းဘာတာ အမှန်မရှိဘူး၊ အဲဒီ ဝိနိပါတဘေးကြီးဟာ သောတာပန်များမှာ ကင်းသွားပြီတဲ့၊ သောတာပန်တို့သည် ဝိနိပါတဘေးကြီးမှ အပြီးတိုင်ကင်း၏၊ ထိုနည်းတူစွာ စူဠသောတာပန်များလည်းဘဲ ဝိနိပါတဘေးကြီးမှ ကင်းနေပြီတဲ့၊ ဘာဖြစ်လို့လဲ မြတ်စွာဘုရားကိုက စူဠသောတာပန် အပါယ်မကျဘူး၊ သူတော်ကောင်းတို့လားအပ်သော မြဲသော ဂတိရှိသွားပြီတဲ့၊ ဝန်ခံထားတာ ရှိတယ်၊ ဒါကြောင့်မို့လို့ ဝိနိပါတဘေးကြီးလည်း အမှန်ကင်းနေပြီ၊ နိယတောတဲ့- နိယတောဆိုတာက ဘဝ အဆက်ဆက်, ကမ္ဘာအဆက်ဆက်တဲ့၊ မပျက်သော သီလ, သမာဓိ, ပညာနှင့်ပြည့်စုံတယ်တဲ့၊ ဒါ မဟာသောတာပန်၊ မဟာသောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည် သီလ,သမာဓိ, ပညာ ဘယ်တော့မှ မပျက်ဘူး၊ ဘယ်ဘဝကို ရောက်ရောက် မပျက်ဘူး၊ အဲ ခု စူဠသောတာပန်တွေက,ကော ပျက်အုံးမတဲ့လား၊ မပျက်ဘူး၊ စူဠသောတာပန်များဟာ မပျက်တဲ့ အကြောင်းကို တို့မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ—

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။

(စတုက္ကင်္ဂုတ္တရပါဠိတော်)

တဿ- ထိုဝိပဿနာ ယောဂီပုဂ္ဂိုလ်အား၊ တတ္ထ-ထိုလူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်လေသော ခဏ၌၊

သုခိနော-မပင်မပန်း ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ သာလျှင်၊ ဓမ္မပဒါနိ-လူ့ပြည်က အားထုတ်၍ သွားသော ရုပ်ဓမ္မ နာမ်ဓမ္မ တရားတို့သည်၊ ပလဝန္တိ- အိပ်သော ယောကျ်ား နိုးသောလားကဲ့သို့ ဖွားကနဲ ဖြစ်ပေါ်လာကြ ပေကုန်၏၊ ဘိက္ခဝေ-ရဟန်းတို့၊ သတုပ္ပါဒေါ၊ ငါသည် အဘယ်ပြုဘူးကောင်းမှုထူးကြောင့် ဤနတ်ပြည်သို့ရောက် ရသနည်းဟု ဆင်ခြင်အောက်မေ့ နှလုံးသွင်းခြင်းသည်၊ ဒန္ဓော– နှံ့နှေးသော်ကား နှံ့နှေးသေး၏၊ အထခေါ– စင်စစ်သော်ကား၊ သော,သတ္တော–ထို ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ခိပ္ပမေဝ–လျင်စွာသာလျှင်၊ ဝိသေသဘာဂီ– မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဖြန့်ဖြူး တရားအထူးကို ရနိုင် သော အဘို့ရှိသည်၊ဟောတိ–စင်စစ်မသွေ ဖြစ်ပါချေ၏။

သည်တော့ စူဠ သောတာပန်သည် မဟာသောတာပန် ကဲ့သို့ မခြားမနား၊ အခုဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသည် ရှိသော် သေသည့် အခြားမဲ့၌ နတ်ပြည်သို့ ရောက်၍ ကွေးတဲ့လက် မဆန့်ခင် အိပ်သောယောကျ်ား နိုးသော လားကဲ့သို့ အမှန် ကေန်မလွဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမည်လို့ တိုက်ရိုက် ဟောထား တယ်၊ အဲဒါကြောင့်မို့လို့ နိယတော-ဘဝအဆက်ဆက် ကမ္ဘာ အဆက်ဆက် မပျက်သော သီလ, သမာဓိ, ပညာနှင့် ပြည့်စုံ၏၊ အဲ တို့ စူဠ သောတာပန်တွေလည်း အင်္ဂုတ္တိုရ်ပါဠိတော်အရ လူ့ပြည်က စုတေသွားလို့ နတ်ပြည်ရောက်လျှင် အမှန် ဒီသီလ, သမာဓိ, ပညာနှင့် ပြည့်စုံမည်၊ ဒါ မဟာသောတာပန်နှင့် နိုင်းယှဉ် ပြပုံကို ပြောတာ။

ပြီးတော့မှ သမ္မောဓိပရာယနော၊ သမ္မောဓိပရာယနော ဆိုတာ ဘာလဲ၊ အထက်မဂ် အထက်ဖိုလ်ကိုသာလျှင် လိုရာရကြောင်း

မတိမ်းစောင်းနိုင်သော လည်းလျှောင်းရာရှိ၏၊ အထက်မဂ် အထက်ဖိုလ်ကိုသာလျှင် လိုရာရကြောင်း မတိမ်းစောင်းရာ လည်း လျှောင်းရာရှိ၏ဆိုတော့ အထက်မဂ်, အထက်ဖိုလ်ကို လိုလျှင် ရတယ်၊ မဟာသောတာပန်လေ၊ မလိုလျှင် မရသေးဘူး၊ တို့ဝိသာ ခါတို့ အနာထပိဏ်သူဌေးတို့ ဘုံစဉ်စံနေတဲ့ ပုဂ္ဂိုလ်တွေလေ၊ အထက်မဂ်, အထက်ဖိုလ်ကို မလိုချင်သေးလို့ မရသေးဘူး၊ လိုချင် လျှင် ရတယ်၊ ကောင်းပြီ မဟာသောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ကျတော့ လိုလျှင် ရတယ်လို့ ပြောတယ်၊ တို့စူဠသောတာပန်တွေ ကျတော့ကော လိုလျှင် မရဘူးလို့ ငြင်းအုံးမလား၊ မလိုချင်တော့ ဘယ်တတ်နိုင်ပါ့မလဲ၊ အခု သီလလည်းပြည့်စုံတယ်၊ သမာဓိလည်း ပြည့်စုံနေတယ်၊ ပညာလည်း ယထာဘူတ ဖြစ်ပျက်ကို သိနေပြီ၊ ဥဒယဗ္ဗယ၊ အဲဒီလို ဥဒယဗ္ဗယ ဖြစ်ပျက်ကို သိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုက မျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမ ဉာဏ်, အဲဒီဉာဏ်တွေကို ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယဉာဏ် ရကတည်း က ထိုဉာဏ်တွေကိုလိုချင် မရဘူးလို့ ဘယ်သူက ပြောမလဲ၊ လိုချင် ရမယ်, လိုခါရကြောင်းတဲ့၊ မတိမ်းစောင်းနိုင်သော လည်း လျှောင်းရာ ရှိတယ်တဲ့၊ လိုလျှင် ရတယ်၊ အကယ်၍ မလိုချင်လို့ ငြင်းနေတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါတော့ ဘယ်သူကမှ မတတ်နိုင်ဘူး၊ အခု ရုပ်နာမ် ၂—ပါး၏ ဖြစ်ပျက်ကို တွေ့နေတယ်၊ ဥဒယဗ္ဗယဉာဏ် ရနေပါလျက်သားနှင့် သူအထက်မဂ် အထက်ဖိုလ် မှ မလိုချင်ဘဲ၊ မလိုချင်တော့ သူ ဘာအားထုတ်မလဲ၊ မထုတ် ဘူးပေါ့၊ အား မထုတ်တဲ့လူ ရတယ်လို့ ဘယ်ဘုရားကမှ မဟော ဘူး သူလိုချင်လို့ အားထုတ်လျှင် ရမည်တဲ့၊ ကျမ်းဂန်လည်း တိုက် ရိုက်ရှိတယ်၊ အဲဒီတော့ အထက်မဂ် အထက်ဖိုလ်ကိုသာလျှင်

လိုရာရကြောင်း မတိမ်းစောင်းနိုင်သော လည်းလျှောင်းရာ ရှိ၏တဲ့၊ အဲဒါ မှတ်ထားပေါ့၊ မဟာသောတာပန်ကို ဟောတဲ့ တရား၊ ခုတရားဟာ မဟာသောတာပန်ကဲ့သို့ စူဠသောတာပန် ဆိုရင်လည်း ကပ်နေတာဘဲ၊ စူဠသောတာပန်နှင့် မဟာသော တာပန် ဥပမာပုံဆောင် ပြမည်ဆိုလျှင်—

ဥပမာ　အိမ်ရှေ့မင်းသား ရာထူးကို ရလျှင် စိတ်ချ သူရှင် ဘုရင် ဖြစ်ဘို့ရာ တောင့်တစရာ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲ၊ အိမ်ရှေ့မင်းသား ဖြစ်နေမှဘဲ၊ အိမ်ရှေ့ မင်းသား ဖြစ်နေလျှင် ရှင်ဘုရင် အရိပ်အရာလဲ့လို့ ရှင်ဘုရင် နတ်ရွာလားလျှင် တေန်မလွဲတမ်း သူရှင်ဘုရင် ဖြစ်ရမည်၊ မင်းလောင်းနန်းလျာ ဖြစ်နေတာ။

အဲခုလည်း သီလ, သမာဓိ, ပညာနှင့် ပြည့်စုံပြီးတော့ နေတဲ့ စူဠသောတာပန်၊ အဲဒီ စူဠသောတာပန် ပုဂ္ဂိုလ်ဟာ ရှေ့ကို တထစ်တက်လိုက်လျှင် ဘယ်နည်းနှင့်မှ မလွဲဘူး၊ မဂ်ဉာဏ် ဖိုလ် ဉာဏ် ကေန်ရတော့မည်၊ ဒါကြောင့်မို့လို့ ကြိုးစားပြီးတော့ လေးလေးစားစား မိမိတို့တရားဟာ ဘယ်သူက ဘာပြော ပြော သံသယ ကုက္ကုစ္စ မရှိနဲ့၊ သံသယကုက္ကုစ္စ ရှိနေလျှင် တို့လည်း ဘယ်နည်းနှင့်မှ မတတ်နိုင်ဘူး၊ သံသယကုက္ကုစ္စ ရှိရမည့်တရားမျိုး မဟုတ်ဘူး၊ သီလ, သမာဓိ, ပညာ သုံးပါးရှိနေတာ၊ အဲဒီ သီလ, သမာဓိ, ပညာဆိုတဲ့ သုံးပါးဟာ ယင်မတန် အဘိုး တန်တယ်၊ ဒီ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံ နေသမျှ ကာလပတ်လုံး အပါယ်သံသရာဘေးက အမှန်လွတ်တဲ့ တရားပေါ့၊ တကဲ့အစစ်ကို လွတ်တာ၊ အခု ကြောက်ကြတာ

ဘာကြောက်သလဲ၊ အပါယ်သံသရာဘေးကိုဘဲ ကြောက်တာ၊ သည့်ပြင်တော့ မကြောက်ပါဘူး၊ အဲဒီတော့ အပါယ်သံသရာကို အမှန်တကယ် နောက်ထပ် ဘယ်တော့မှ မရောက်တဲ့ဘဝမျိုးကျအောင် ဘယ်သူ့အားကိုးရမလဲ၊ ဒီ သီလ, သမာဓိ, ပညာဘဲ အားကိုးရမည်၊ အခု အားထုတ်တဲ့ တရားဟာ သိလျှင် သိပ်ဝမ်းမြောက်စရာ ကောင်းတယ်၊ ဘယ်လောက် ဝမ်းမြောက်စရာ ကောင်းသလဲဆိုလျှင်—

သီလရယ်, သမာဓိရယ်, ပညာရယ် သုံးပါး၊ အဲဒီသုံးပါးနှင့် အားထုတ်လိုက်တဲ့ အခါကျတော့ ခန္ဓာကိုယ်မှာ ရုပ်သဘောကလေးတွေ, နာမ်သဘောကလေးတွေ ခဏမစဲ အမြဲတမ်း အသစ်အဟောင်း ပြောင်းလဲနေတာ တွေ့ပြီဆိုတာ တွေ့ပြီမဟုတ်လား။

အဲဒီလို တွေ့နေတာဟာ ကျမ်းအစောင်စောင်မှာ ရှိတယ်၊ ဘယ်လို ရှိသလဲဆိုတော့ "**ဒါနအစ၊ မဂ်ပဥ္စမ၊ သီလရှေးဦးစွာ**" အဲဒီလို ဟောတယ်၊ ဒါနအစ မဂ်မဥ္စမ သီလရှေးဦးစွာတဲ့၊ အဲဒီတော့ကာ ဒီတရားသုံးပါးဟာ ဘယ်သူက အရင်ကျမလဲ၊ တွေးကြည့်ကြစမ်းပါ၊ ဒါနက သူအစတဲ့၊ မဂ်က ငါ ပဥ္စမတဲ့၊ ဟော - သီလက ငါ ရှေးဦးစွာတဲ့၊ ကိုင်း - ဒီသုံးဦး အငြင်းအခုံ ထွက်နေပြီ၊ ဘယ့်နှယ်လုပ်ပြီးတော့ ကောက်ကြမလဲ ဒါ-အကောက်အခက်သွားဘဲ။

အလောဘော ဒါနံ ဟောတု တဲ့၊
အဒေါသော သီလံ ဟောတု တဲ့၊
အမောဟော ဘာဝနာ ဟောတု တဲ့၊

ဟော-ဟိတ်သုံးချက် ခတ်ထားတယ်၊ အလောဘသည် ဒါန, ၊တဲ့ ဓမ္မဒါန-ခေါ်တယ်၊ အလောဘ- လောဘ မရှိဘူး၊ အဒေါသော သီလံ ဟောတု၊ အဒေါသသည် မေတ္တာစေတ၊သီလ, ဒေါသ မရှိဘူး၊ အမောဟော ဘာဝနာ ဟောတု ဝိဇ္ဇာဉာဏ်ပေါ့၊ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်မျိုး၊ ဒီတော့ ခုနကတုန်းက လင်္ကာလေးက ဘယ်နှယ် လဲ၊ 'ဒါနအစ၊မင်္ဂပဌမ၊သီလရှေးဦးစွာ' ဒါနကအစ၊မင်္ဂကပဌမ၊ သီလက ရှေးဦးစွာဆိုတော့ တချို့လည်း တမျိုးစီ ကိုယ်ဉာဏ်မှီ သလောက် ကောက်ကြတယ်၊ အခုပြောတဲ့ 'အလောဘော ဒါနံ ဟောတု, အဒေါသော သီလံ ဟောတု၊ အမောဟော ဘာဝနာ ဟောတု'လို့ ဟိတ်ခပ်ပြီးတော့ ကျမ်းနှင့်ကောက်လို့ရှိလျှင် အခု ခန္ဓာထဲမှာ အာရုံစိုက်လိုက်တဲ့အခါ ရုပ်နာမ်တွေ့သွားပြီ၊ ရုပ်နာမ် တွေ့လို့ ဖြစ်ပျက်ကို သိတဲ့ ယောဂါဝစရပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်သန္တာန် မှာ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်, သုံးပါး တပြိုင်နက် ပါသွားတယ်၊အလောဘဟိတ်ကော, အဒေါသဟိတ် ကော, အမောဟဟိတ်ကော, ဘယ်သူကမှ အရင်မဟုတ်ဘူး၊ မရှေးမနှောင်း တပြိုင်ထဲ၊ အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ ဟိတ်သုံးပါးတပြိုင်တည်း ပါသွားတယ်၊ အဲဒီလို ဟိတ် သုံးပါး တပြိုင်တည်း ပါသွားတော့ ခန္ဓာတွင်းမှာ အာရုံစိုက်ပြီး နှလုံးသွင်းလိုက်တဲ့ အခါ ရုပ်နာမ်၏ဖြစ်ပျက်ကို တကြိမ် သိလိုက် တာနှင့် တပြိုင်တည်း အလောဘ, အဒေါသ, အမောဟ, သုံးပါး စလုံး ပါသွားပြီ၊ ရုပ်နာမ်ဖြစ်ပျက်ကို သိ၊ အလောဘ, အဒေါသ, အမောဟ, ကုသိုလ်ဟိတ် သုံးပါး အမြဲပါတယ်၊ ပါသွားတော့ ကော တကြိမ် သိလိုက်တာနှင့် တပြိုင်နက် သိတဲ့ အထဲမှာ အလောဘ, အဒေါသ,အမောဟ ပါလို့ရှိရင် ခုနက ဟိတ်ခတ် ထားတဲ့ အလောဘော ဒါနံ ဟောတု, အဒေါသော သီလံဟောတု,

အမောဟော ဘာဝနာဟောတုလို့ ဒီလို ဟိတ်ခတ်ထားတဲ့ ကျမ်းဂန်နှင့် ကိုက်ကြည့်လို့ရှိလျှင် ဒါနရော, သီလရော, ဘာဝနာရော တပြိုင်တည်း ပါတယ်၊ အဲဒါ မှတ်သားဘို့လဲ ကောင်းတယ်၊ ဘယ်ကျမ်းဂန်မှ ဒီလို တိုက်ရိုက်မဟောဘူး၊ ကျမ်းအစောင်စောင်မှာ မရှိဘူး၊ သို့သော်လည်း ကွဲကွဲပြားပြား ရှိတယ်၊ ဘယ်လိုရှိသလဲ၊ ခုနက ပြောတဲ့ အလောဘော ဒါနံ ဟောတု, အဒေါသော သီလံ ဟောတု, အမောဟော ဘာဝနာ ဟောတုလို့ ရှိတယ်၊ ခုနကတုန်းက လင်္ကာကလေးကလည်း ပညာရှိများအမြဲရွတ်ဆိုပြီးတော့ နေတာ၊'ဒါနအစ,မဂ်ပဋ္ဌမ,သီလ ရှေးဦးစွာ'ဟောဒါလည်း ရှိတယ်၊ အဲဒီ ဒါနအစ, မဂ်ပဋ္ဌမ,သီလရှေးဦးစွာဆိုတဲ့ တရားဟာ ဘယ်လိုတဲ့ဟော့လို့ ဆိုလျှင်ဖြင့် ဟောဒီ ယောဂီများ အားထုတ်တဲ့ ရုပ်နာမ် အမှန်တွေ့၊ဖြစ်ပျက်ဉာဏ်ကိုသိလျှင် တပြိုင်တည်း ဖြစ်တာ အလောဘ, အဒေါသ, အမောဟ ဖြစ်တယ်၊ တပြိုင်တည်း ဖြစ်တဲ့ အတွက်ကြောင့် ဒါနရော, သီလရော, ဘာဝနာရော ပါသွားတာဘဲ၊ အဲဒါ အင်မတန် အဘိုးတန်တဲ့တရား၊ မသိတဲ့ပုဂ္ဂိုလ်တော့ ဘယ့်နှယ်မှ မတတ်နိုင်ဘူးလေ၊ကမ္မသကာပေါ့၊ သိတဲ့ပုဂ္ဂိုလ်ကျတော့ တကဲ့ကို အထူးအဘိုးအနဂ္ဃ ထိုက်တန်တဲ့တရား၊ အင်မတန် မွန်မြတ်တဲ့တရား၊ အဲဒီလောက် မွန်မြတ်တဲ့ တရားကို တို့သိထားတယ်၊ ခု ယောဂါဝစရ ပုဂ္ဂိုလ်တွေ ဘုန်းကြီး ဒီမှာ ပြတာ သုံးနှစ်အတွင်း လူပေါင်း ဘယ်လောက်များများ သိကြမည်တော့ မသိဘူး၊ အားလုံး ပြတာ ရဟန်းရော လူပါဆို ၈၀၀၀- ကျော်သွားပြီ၊ အဲဒီ ၈၀၀၀-ကျော်ထဲက တကယ် ယုံယုံကြည်ကြည် လေးလေးစားစားနှင့် ဒီ တရားကို မနားမနေ ကြိုးစား အားထုတ်သွားလျှင်တော့ ခု ပြောတဲ့ ဒါန, ခုပြောတဲ့

တရားဟာ အင်မတန် အဘိုးတန်တာပေါ့၊ အဲဒီလောက် အဘိုး အနန္တ ထိုက်တန်တဲ့ တရားထူး တရားမြတ်ကြီးကို ငါတို့ ယခု ရနေပြီ၊ ရနေတဲ့အတွက် မြတ်စွာဘုရား ဆုံးမတဲ့ နောက်ဆုံးပိတ် စကားပေါ့လေ—

ဟန္ဒ ဒါနိ ဘိက္ခဝေ, အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ, အပ္ပမာဒေန သမ္ပာဒေထ။

(ပရိနိဗ္ဗာနသုတ်)

ဘိက္ခဝေ-ချစ်သားတို့၊ ဟန္ဒ-ယခုအခါ၌၊ အဟံ-ငါဘုရား သည်၊ ဝေါ-သင်ချစ်သားတို့အား၊ အာမန္တယာမိ-ခေါ် တော်မူ၏၊ သင်္ခါရာ-ကံ, စိတ်, ဥတု, အာဟာရတည်း ဟူသော အကြောင်းတရားလေးပါးဖြင့် ပြုပြင် စီရင်အပ် သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ ဝယဓမ္မာ- ပျက်ခြင်းသဘော ရှိကုန်၏၊ အပ္ပမာဒေန- မမေ့မလျော့ သော သတိတရားနှင့်၊ သမ္ပာဒေထ-ပြည့်စုံ ရစ်ကြလို့

အဲဒီလို တို့မြတ်စွာဘုရား ပရိနိဗ္ဗာန် စံမည့်ဆဲဆဲ မိဘ ၂-ပါး ဘို့သည် သေခါနီးကာလ သားသမီး လက်ကို ဆွဲပြီး သကာလ- ပြောသွားတဲ့ စကားကဲ့သို့ အခုလည်း တို့မြတ်စွာဘုရားကိုယ်တော် မြတ်ကြီး ပရိနိဗ္ဗာန် စံမည့်ဆဲဆဲမှာ သားတော် သမီးတော်တွေကို မှာသွားတဲ့ တရားပေါ့၊ အဲ ခုတော့ ဘုရားကိုယ်တော်မြတ် မှာကြားတဲ့ တရားကို တို့က သွားရင်းဖြစ်စေ နေရင်းဖြစ်စေ ထိုင်ရင်းဖြစ်စေ အိပ်ရင်းဖြစ်စေ ဣရိယာပထ လေးပါးစလုံး

သတိကို လက်မလွှတ်စေဘဲ ဖြစ်ပျက်ဆိုတဲ့ တရားကို အမြဲတမ်း အားထုတ်မည်ဆိုတာ နှလုံးသွင်းကြ။

## ပရိညာ ၃-ပါး

ဝိပဿနာ လုပ်ငန်းအစဉ်မှာ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ,ပရိညာ သုံးချက်ကို ပြတယ်၊ဉာဝာပရိညာနှင့် ပြည့်စုံရမယ်၊ တီရဏပရိညာနှင့် ပြည့်စုံရမယ်၊ပဟာနပရိညာနှင့် ပြည့်စုံရမယ်၊ အဲဒီတော့ အခုပြောတဲ့ ဉာတ, ပရိညာ၏ အဓိပ္ပါယ် သဘာဝ အာဂမယုတ္တိ နားမလည်တဲ့ ပုဂ္ဂိုလ်, တီရဏ,ပရိညာ၏ သဘာဝယုတ္တိ အာဂမယုတ္တိ နားမလည်တဲ့ ပုဂ္ဂိုလ်, ပဟာန ပရိညာ၏ သဘာဝယုတ္တိ အာဂမယုတ္တိ နားမလည်တဲ့ပုဂ္ဂိုလ် တွေ စာထဲဘတ်ကြည့်တော့ သိတာပေါ့၊ ကျမ်းဂန်က ရေး ထားတယ်။

**ဉာတပရိညာ** ဆိုသည်ကား နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပြည့်စုံ ရမယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံရမယ်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဆိုတာ ဘာခေါ်သလဲ၊ နာမ်တရားတို့ကို သိရမည်၊ နာမ် တရားဆိုတာက နာမ်တေပညာသ နာမ် ၅၃—ပါးရှိတယ်၊ နာမ်တေပညာသ, ၅၃—ပါးဆိုတာ စေတသိက် ၅၂—ပါးရှိတယ်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇—ပါး၊ ပကိဏ်းစေတသိက်, ၆—ပါး၊ အကုသိုလ်စေတသိက် ၁၄—ပါး၊ သောဘဏ စေတသိက် ၂၅—ပါး ပေါင်း ၅၂—ပါး ရှိတယ်၊ အဲဒါ သရုပ်သချ်ာနှင့် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိ ကာရ, ဝိတက္က, ဝိစာရ, ဝီရိယ, ပီတိ, ဆန္ဒ, အဓိမောက္ခ စသည် ဖြင့် ဒီလို အစဉ်အတိုင်း ရှိတယ်၊ နာမ် တေပညာသ ၅၃—ပါး

ဆိုတာက စေတသိက် ၅၂—ပါး၊ စိတ်က တခုယုတ် ကိုးဆယ် အကျယ် တရာ့နှစ်ဆယ့်တပါး ရှိတယ်။

အဲဒီလို စိတ်တခုယုတ် ကိုးဆယ် အကျယ် တရာ့နှစ်ဆယ့် တပါးက လက္ခဏာအားဖြင့် အာရမ္မဏ, ဝိဇာနန, အာရုံကို သိခြင်းဟူ၍တပါးတည်း ရှိတယ်၊ ဒါကြောင့်မို့လို့ စိတ်၏လက္ခဏာ ၁—ပါးနှင့် စေတသိက် လက္ခဏာ ၅၂—ပါး ပေါင်းလိုက်လျှင် ၅၃—ပါး၊ အဲဒါကို ကျက်ရတယ်၊ ဒါကို သိမှ ဉာတပရိညာ ကုန်မှာကိုး၊ ဒါကြောင့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ကျက်လိုက်ရတာ ဖဿ၏ အခြင်းအရာတွေ ဖဿောစ—အာရုံကို တွေ့ခြင်း လက္ခဏာရှိသော ဖဿ၊ ဖဿ အာရုံကို တွေ့ပုံတွေ တကတဲ ကျကျ နန သင်ရတယ်၊ ဒါ ဉာတပရိညာကိုး၊ ဒီလိုဘဲ ပါတယ် စာထဲမှာ ရုပ်ကျပြန်တော့လည်း ရုပ် ၂၈—ပါး၊ နိပ္ဖန္နရုပ် ၁၈-ခု အနိပ္ဖန္နရုပ် ၁၀-ခု, ဘူတရုပ် ၄-ခု, ပသာဒရုပ် ၅-ခု, ဝိသယရုပ် ၇-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် ၁-ခု, အာဟာရရုပ် ၁-ခု, ကျက်ရတယ်၊ ပြီးတော့ အနိပ္ဖန္နရုပ် ၁၀-ခု, အာကာသ,ပရိစ္ဆေဒရုပ် ၁-ခု, ဝိညတ်ရုပ် ၂-ခု ဆိုပြီးတော့ ကျက်ရတယ်၊ ရုပ် ၂၈-ပါး။

အဲဒီလို ရုပ်တွေ ကျက်ပြီး တခါတည်း ရုပ်ကလာပ်တွေ ဖွဲ့လိုက်ပြန်တော့လည်း ကမ္မဇကလာပ် ၉-စည်း, စိတ္တဇကလာပ် ၆-စည်း, ဥတုဇကလာပ် ၄-စည်း, အာဟာရဇကလာပ် ၂-စည်း ဆိုပြီးတော့ ရုပ်တွေကျက်လိုက်ရတာ အဲဒါ ဉာတပရိညာစခန်း အဲဒါ မှန်တယ်၊ စာထဲမှာ ရေးထားတာက အစစ်ဘဲ ငြင်းလို့ မရဘူး၊ အဲဒီ ဉာတ,ပရိညာစခန်းဟာ နာမ်နှင့် ရုပ်ကို သိမှ မှန်တယ်တဲ့

စာက၊ အဲဒီတော့ မသိတဲ့ပုဂ္ဂိုလ် ရေဲရမ်းမှန်းဆပြီးတော့ အဲ ခုပြောတဲ့ နာမ်နှင့်ရုပ် သင်ရရှာတာဘဲ။

ပြီးတော့မှ အကြောင်းတရား ကံ, စိတ်, ဥတု, အာဟာရ, အကြောင်းတရား ၄-ပါး ပစ္စယပရိဂ္ဂဟဉာဏ်တဲ့၊ ပစ္စယပရိဂ္ဂဟ ဉာဏ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်သဘောပေါ့၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပုံ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံတွေ သိရတာပေါ့၊ အဲဒါတွေ ကျက်ထားလိုက်တာ မှတ်နေ တာဘဲ၊ အဲဒါ ဉာတပရိညာတဲ့၊ ပြီးတော့ ဉာတ,ပရိညာ ရှာပြီး တော့ **တီရဏပရိညာ**က လိုက်ရတယ်၊ အနိစ္စပရိညာ, ဒုက္ခပရိညာ, အနတ္တပရိညာ ဆိုပြီးတော့ အနိစ္စတရား မမြဲကြောင်း သိပုံ,ဒုက္ခ တရား ဆင်းရဲကြောင်း သိပုံ, အနတ္တတရား အစိုးမရကြောင်း သိပုံကို တွေ့လိုက်ပြန်ကော အဲဒါ တီရဏပရိညာတဲ့။

**ပဟာနပရိညာ** ဆိုတော့ ကိလေသာတရားတွေ ပယ်ရအုံးမှာ ကိုး၊ ကိလေသာတွေ ပယ်အုံးမည်၊ အဲဒါ မသိတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဝိုးတိုးဝါးတား ထင်တာ ပြောမှာပေါ့၊ကိုင်း တို့ယောဂီ တွေ သိတဲ့ပုဂ္ဂိုလ် ကိုယ်ပိုင်ဉာဏ်နှင့် အဇ္ဈတ္တိကသန္တာန်မှာ အာရုံ စိုက်ကြည့်စမ်း ပြောပြမည်၊ ပရိညာ ၃-ချက် တချက်တည်းနှင့် ပြီးပုံကို နားလည်ရမည်၊ ဒါမသိတဲ့ ပုဂ္ဂိုလ်တော့ မစိုက်တတ်ဘူး၊ ခန္ဓာကိုယ်ကို အာရုံစိုက်ထားလိုက် ပရိညာ ၃-ချက်တချက်တည်း ပြီးပုံကို ပြောပြမည်၊ ဒါ-အလုပ်စခန်း၊ ခန္ဓာထဲမှာ အာရုံစိုက် လိုက်၊ ဉက္ခောင်းကအစ ခြေဖျားအထိ ဘာတွေသလဲ၊ ရုပ်တွေ့ ရမည်၊ ရှိန်ရှိန်, သုတ်သုတ်, လှုပ်လှုပ် ရှရှ တွေ့သလား၊ သေသေ ချာချာ စိုက်ကြည့် တွေ့ရမည်၊ တွေ့တော့ ဟိုက တေဇော ဖောဋ္ဌဗ္ဗရုပ်ကို တွေ့သည်ဖြစ်စေ ပထဝီဖောဋ္ဌဗ္ဗရုပ်ကိုဘဲ တွေ့သည်

ဖြစ်စေ ဝါယော ဖောဋ္ဌဗ္ဗရုပ်ကိုဘဲ တွေ့သည်ဖြစ်စေ,ကာယပသာဒရုပ်, ဖောဋ္ဌဗ္ဗရုပ်, ကာယဝိညာဏ်, အပ်နှင့်ထိုးဆွ နာကျင်တတ်တဲ့နေရာကိုယ်၊ ထိုကိုယ်နှင့် တွေ့ထိကောင်းသော ဖောဋ္ဌဗ္ဗ ပထဝီ, တေဇော, ဝါယော ဖောဋ္ဌဗ္ဗ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗရုပ်နှင့် တွေ့ထိတိုင်း တွေ့ထိတိုင်း ကာယဝိညာဏ်သိ နာမ်တရား၊ ဟော ရုပ်နာမ် ၂-ပါး တွေ့နေပြီ၊သေသေချာချာကြည့်၊ ရုပ်နာမ် ၂-ပါး တွေ့နေပြီ၊ အဲဒီ ရုပ်မှန်း နာမ်မှန်းကို အမှန်သိရင် ဘာခေါ်မလဲ၊ ဉာတပရိညာ အစစ်ပေါ့၊ မလွဲတော့ဘူး၊ ဉာတပရိညာ ရနေပြီ၊ သူတို့စာထဲမှာ ကျက်ထားတဲ့ နာမ် တေပညာသ ၅၃-ပါး ရုပ် ၂၈-ပါးက ဉာတပရိညာကို အနားတောင် မကပ်နိုင်သေးဘူး၊ နို့သော်လည်း မသိလျှင်တော့ဝိုးတိုးဝါးတား ပြောမည်ပေါ့၊ ပြောချင်ပြောပေစေ၊ ဒါဘာမှဝန်မလေးဘူး၊ စိတ်မဆိုးနဲ့၊ ခမြာမှာ မသိလို့ သိလျှင် ဘယ်ပြောမလဲ၊ ဒီလောကကြီးတခွင်လုံးမှာ မသိတာနှင့်သိတာ အင်မတန်ကွာခြားတယ်၊ အခုလောကမှာ လူတွေ တယ်ကြောက်တယ် အမှန်ကြောက်တယ်၊ ဘာကြောက်သလဲ။

ဥပမာ ထင်ထင်ရှားရှားပြကြစို့ရဲ၊မြွေကိုက်သေမှာမကြောက်လား ကြောက်လား၊ ကိုင်း ကိုယ်ပိုင်ဉာဏ်နှင့် တွေးကြည့်စမ်း၊ လူတိုင်း ကြောက်တယ်၊ အောင်မယ်လေး မြွေကိုက်သေမှာ ကြောက် လိုက်တာ မပြောနဲ့ တော့၊ ချိချိ တုန်လို့၊ ကိုင်း— မြွေကိုက်သေမှာ ကြောက်လိုက်တဲ့ ပုဂ္ဂိုလ်တွေ အနန္တဘဲ၊ အဲခု မြွေကိုက်သေမှာ ကြောက်လိုက်တဲ့ ပုဂ္ဂိုလ်တွေ မြွေကိုက်ပြီးတော့ မသေဘူးလား၊ အခု မြွေကိုက်ပြီးတော့ အသေခံရတဲ့ ပုဂ္ဂိုလ်တွေ မကြောက်လို့ အသေခံရတာလား၊ ကြောက်ရက်သားနှင့် အသေခံရတာလား တွေးကြည့်၊ မြွေကိုက် အသေခံရတာ

မြေကိုက်သေမှာ ကြောက်ရက်သားနှင့် မြေကိုက်ပြီးတော့ အသေခံရတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်များသလဲ အနန္တ၊ ဘာဖြစ်လို့လဲ သိရက်သားနှင့် ဒီမြေ ငါ့ကို ကိုက်သေပေစေလို့ တမင်အသေခံတဲ့ ပုဂ္ဂိုလ်တွေလား၊ မမြင်လို့ မသိလို့ အမှုမဲ့ အမှတ်မဲ့ ကိုက်လိုက်လို့ သေရတဲ့ ပုဂ္ဂိုလ်တွေလား တွေးကြည့်စမ်း၊ ဉာဏ်နှင့်တွေးကြည့်၊ မသိလို့ မြေကိုက်သေမှာတော့ အင်မတန် ကြောက်တယ်၊ မြေကိုက်တာ သေမှာ ကြောက်ရက်သားနှင့် မြေကိုက် အသေခံရတာ ဘာဖြစ်လို့လဲ၊ မြေကို မမြင်လို့ပေါ့၊ မြေမြင် ဘယ်သူ အသေခံမလဲ။

အခုလည်း ဒီလိုဘဲ လောကကြီးကို အင်မတန် ကြောက်ကြတာပေါ့၊ ကြောက်ပေတဲ့ သိမှ မသိဘဲ၊ မျက်စိကန်းလို အရမ်းကာရော ဖြစ်နေတာ၊ အဲဒီတော့ ဉာတပရိညာ, ဉာတပရိညာလို့ ပစပ်က ဆိုတော့ စာကလည်း ပါနေတယ်၊ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဒါ ဉာတပရိညာဘဲ၊ အဲဒီတော့ သူတို့ ရုပ်နာမ် ၂-ပါး သိပြီးလို့ တင်ထားတာ၊ ဤဘဝ, ထိုဘဝ ဘယ်တော့မှ မသိဘူး၊ ရုပ်နာမ်အစစ်ကို သိတာ ယောဂီအစစ်မှ သိတယ်၊ ယောဂီအစစ်က အဇ္ဈတ္တိက သန္တာန်မှာ အာရုံစိုက်လိုက်ရင် ဟော-

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဉပ္ပဇ္ဇတိ ကာယဝိညာဏံ။

သိလုံးလေးက ကာယဝိညာဏ်, အဲဒီ ရုပ်နှင့် နာမ်ကို အမှန်တွေ့တဲ့ ယောဂီမှ ခန္ဓာငါးပါး တွေ့တယ်မဟုတ်လား၊ ဟော....

ရုပ်ခန္ဓာက ၁-ပါး၊ နာမ်ခန္ဓာက ၄-ပါး တွေ့သွားပြီ၊ အဲ....ရုပ်နာမ်လို အမှန်တွေ့လို့ ခန္ဓာငါးပါးကို တွေ့တယ်၊ ရုပ်နာမ်ကို ကေန်တွေ့လို့ အာယတနတွေ့တယ်၊ ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန ရုပ်နာမ်ကို တွေ့လို့ ဓာတ်ကို တွေ့တယ်၊ ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်။

အဲဒီတော့ ခန္ဓာ အာယတန ဓာတ်တို့ကို အမှန် သိနေတာဟာ ဉာတပရိညာ အစစ်ပေါ့၊ ကိုင်း—ဉာတပရိညာတော့ သဘောကျပြီဘုရား၊ ဉာတပရိညာကို ရတော့ ခုနကတုန်းက ယောဂီတို့၏ လုပ်ငန်း ပဓာန သုံးချက် ပြသည့်အနက်က တီရဏပရိညာ တပည့်တော်တို့ ဘယ်သွား ရှာရအုံးမလဲလို့ မေးလျှောက်လျှင် ကိုင်း-ယောဂီတွေ အာရုံစိုက်ကြည့်စမ်း၊ ခုနကပြောတဲ့ ဉာတပရိညာ သူတို့ သိပြီ၊ နာမ် တေပညာသ ၅၃-ပါး, ရုပ် ၂၈-ပါး, ဉာတပရိညာ သိတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ၊ အဲဒီပုဂ္ဂိုလ်နှင့် ယောဂီအစစ်နှင့် ကွာပုံ သူတို့သိတဲ့ နာမ် တေပညာသ ၅၃-ပါး, ရုပ် ၂၈-ပါးက တီရဏပရိညာ အနားတောင် မကပ်နိုင်ဘူး၊ ဖြစ်တယ် ပျက်တယ်, ဖြစ်တယ် ပျက်တယ်ဆိုတဲ့ ဥဒယဗ္ဗယကို ဘယ်လာတွေ့မလဲ၊ ဤဘဝ,ထိုဘဝ,ဘယ်တော့မှ မတွေ့ဘူးတဲ့၊အခုယောဂီ အစစ်က ကြည့်လိုက်စမ်း၊ ခန္ဓာထဲမှာ ဖြစ်လိုက်ပျက်လိုက်နှင့် နာရီ မိနစ်စက္ကန့် မစဲဘူး၊ တွေ့တယ်မဟုတ်လား၊ ငြင်းနေစရာ မလိုပါဘူး၊ ကိုယ်တိုင် ရုပ်နာမ်တွေ့, ဖြစ်ပျက်သိနေပြီ၊ ဖြစ်လိုက် ပျက်လိုက်နှင့်ဆိုတာ အမြဲသိနေပြီ၊ အဲဒီလို ဖြစ်တာ ပျက်တာ သိတဲ့ ယောဂီအစစ်က အနိစ္စ ဘယ်သွားရှာအုံးမလဲ၊ သိနေပြီ၊ မမြဲဘူး ဆိုတာ ဘယ်သူကမှ လာပြီးတော့ မပြောရဘူး၊ ပုဆိန်နှင့်ပေါက်ပြီးတော့ မပြောရဘူး၊ ကိုယ့်ဟာကိုယ် သိနေပြီ၊ဖြစ်လိုက်ပျက်လိုက်

ဖြစ်လိုက် ပျက်လိုက်၊ရုပ်နာမ်ဖြစ်လိုက် ပျက်လိုက် တွေ့နေကတည်း က အနိစ္စမှန်း သိတယ်၊အနိစ္စ သိကတည်းက ဒုက္ခ ကကော ဆင်းရဲခြင်း ဒုက္ခအမှန်သိနေပြီ၊ ဆင်းရဲခြင်းဒုက္ခ သိကတည်းက အနတ္တ မသိသေးဘူးလား၊ အစိုးရရဲ့လား၊ သိနေပြီ၊ အဲဒီတော့ ရုပ်နာမ်ကို တွေ့လျှင် အနိစ္စလည်း ဒီရုပ်နာမ်ဘဲ၊ ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခလည်း သူဘဲ အနတ္တလည်း သူဘဲ။

ကိုင်း-လက္ခဏာရေး ၃-ပါး၊ ဒါ တီရဏပရိညာ မဟုတ်လား၊ အနိစ္စပရိညာ, ဒုက္ခပရိညာ, အနတ္တပရိညာ ဘယ်မှာသွား ရှာအုံးမလဲ၊ ကောင်းကင် တက် ရှာအုံးမလား၊ ဘယ်မှာသွားရှာစရာ လိုသေးသလဲ၊ ကိုယ်မှာ တွေ့နေပြီ၊ ယောဂီအစစ်က ဟော-ဉာတပရိညာလည်း ကိုယ်တိုင်တွေ့၊ တီရဏပရိညာလည်း ကိုယ်တိုင်တွေ့၊ အဲဒါ ကိုယ်တွေ့ပြောတာ, ကိုယ်တွေ့၊ ဒါဖြင့် တပည့်တော်တို့ သဘောကျပြီဘုရား၊ ပရိညာမှာ ဉာတပရိညာလည်း ရုပ်တွေ နာမ်တွေ အဟုတ်တွေ့တယ်၊ အိပ်လည်းတွေ့, ထိုင်လည်းတွေ့, ထလည်းတွေ့ အမြဲတွေ့နေတယ်၊ ဉာတပရိညာ တွေ့နေတဲ့ အတွက် တီရဏပရိညာလည်း ဖြစ်တယ် ပျက်တယ် သိနေသောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ အမှန်သိနေတယ်၊ ယောဂီစစ်ကို ပြောတာ၊ ကိုင်း-တွေ့နေပြီ၊ ဟုတ်ပြီ ဒါဟာ ပဟာနပရိညာကျန်သေးတယ်၊ အရှင်ဘုရား တပည့်တော်တို့ ကောင်းကင်တက်ရှာရမလား၊ ရေထဲ ရှာရမလား၊မြေထဲတူးရှာရမလား၊ဘယ်သွားရှာရအုံးမလဲ၊ဘယ်မှ မရှာနဲ့၊ပဟာနပရိညာလည်း ပြီးနေပြီ၊ဘယ့်နှယ်ကြောင့် ပြီးသွားသလဲ၊ အနိစ္စပရိညာ ရကတည်းက နိစ္စသညာ ကိလေသာ ကမ္ဘာက စွဲခဲ့တဲ့ အစွဲကြီးရှိသေးသလား၊ ပြန်ကြည့်စမ်း၊ ဟို-ကမ္ဘာအစ မထင်တဲ့ သံသရာအဆက်ဆက်က ငါဆိုတဲ့ အတ္တစွဲနှင့် ကပ်ပြီး

သကာလ ရုပ်နာမ်မမြင်တဲ့အတွက်ကြောင့် နိစ္စသညာထင်လာတာ မြဲတယ်,မြဲတယ်လို့ အထင်လွဲလာတဲ့ အထင်လွဲကြီးဟာ ကိုင်းရှိသေးသလား၊မမြဲဘူးဆိုတာ သိကတည်းက မြဲတယ်ဆိုတဲ့ သညာကိလေသာ အနားတောင် ကပ်နိုင်သေးရဲ့လား၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်လိုက်စမ်း၊ ဒါ သူများပြောသံကြား မဟုတ်ဘူး၊ ကိုယ်တိုင်သိမှ မှန်တယ်၊ စာဆိုတာက အမှန်ရေးရတယ်၊ စာဆိုတာ ဘယ်နည်းနှင့် မဆို မရေးမဖြစ်ဘူး၊ ကျမ်းဂန်တွေ ခုနက ဘာတဲ့လဲ၊ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ်, အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် မလုပ်မဖြစ်ဘူး၊ ရှိရမည်၊ သို့သော်လည်း အဲဒီ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင် ထဲမှာပါတာက လိုရင်းပဓာနက ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာ ဒီသုံးချက်ဘဲ၊ ဒါ ပဓာနအချုပ်။

ဒါကြောင့် အသီးတရာ အညှာတခု၊ အသီးတရာ သီးရတာအညှာတခုတည်းနှင့် ပြီးရတာ၊ အဲဒါကြောင့်မို့လို့ ဉာတပရိညာလည်း သိသွားပြီ၊ တီရဏပရိညာလည်းသိ, ပဟာန ပရိညာကလည်း အနိစ္စသိ, နိစ္စသညာ ကိလေသာပျောက်၊ ဒုက္ခမှန်းသိလျှင်သုခသညာ ကိလေသာမရှိဘူး ပြီးပြီ၊စကြဝဠာအနန္တ တခါတည်းရှာကို မရအောင် ပြေးတာဘဲ၊ အနတ္တ တွေ့ကတည်းက အတ္တသညာ ကိလေသာ ကပ်နိုင်သေးရဲ့လား၊ သေသေချာချာ ကြည့်စမ်း၊ အနတ္တလေ ငါ မဟုတ်ဘူး အစိုးမရဘူး၊ ဒီ ရုပ်နာမ်ဟာငါနှင့် ဘာမှမဆိုင်ပါလား၊ သူ့ကို ငါဘယ့်နှယ်လုပ်လို့မှ စေခိုင်းလို့လည်း မရ၊ သူ့သဘောနှင့်သူ ဖြစ်လိုကဖြစ်၏၊ ပျက်လိုကပျက်၏၊ သူ့ကို ငါ မဆိုင်ဘူး၊ ငါ မနိုင်ဘူး၊ ငါ မပိုင်ဘူး၊ သိတယ်မဟုတ်လား၊ကိုင်း–ပဟာန ပရိညာ ပြီးသွားပြီမဟုတ်လား။

အဲဒီတော့ စာကတော့ ဆိုလိုက်ရတာ၊ ကဲ-ဉာတပရိညာ တခုတည်းတွင် ရေးထားလိုက်တာ ဘယ်လောက် များသလဲ၊ ဉာတပရိညာ စခန်းတခုတည်းမှာလေ စာရွက်ကို အရွက်နှစ်ဆယ်, နှစ်ဆယ့်ငါး, သုံးဆယ်မကဘူး ရေးရတာ၊ အောင်မယ် သိပ်ပင်ပန်းတာ၊ တီရဏပရိညာ ကျတော့ကော အောင်မယ်လေး-ရေးလိုက်ရတာ အနိစ္စပရိညာ, ဒုက္ခပရိညာ, အနတ္တပရိညာ စာရွက်ကို တင်းကြမ်းပြည့်ဘဲ၊ အဲ-ပဟာနပရိညာရေးထားလိုက်တာ ကကော ဖတ်လို့ကို မကုန်နိုင်တော့ဘူး၊ အဲဒါ-စာက အပယ်တ်ပေါ့၊ စာလွဲတယ်လို့ မအောက်မေ့နဲ့၊ စာဟာအမှန် သို့သော်လည်း အသီးတရာ အညှာတခုတည်း တပွိုင်တည်းဖြစ်တာ၊ဖြစ်တာခုယောဂီမှသိတယ်၊ ခုပြောတဲ့ဟာကို သာမညလူစား မသိဘူး၊ ယောဂီမှ သိတယ်၊ ယောဂီအစစ်က ဘယ်လို သိသွားသလဲ၊ ခန္ဓာကိုယ် အာရုံစိုက်လိုက်တယ်၊ ဟော-ဝီရိယ အဲဒီထဲမှာ သီလလည်း ပါသွားတယ်၊ သေသေချာချာ ကြည့်စမ်း၊ ကာယကံ, ဝစီကံ, မကျူးလွန်ဘူး၊ ကာယကံ,ဝစီကံ လုံနေတယ်၊ ခန္ဓာထဲ အာရုံစိုက်စမ်း၊ ကာယကံ မပါဘူး၊ ဝစီကံမပါဘူး၊ ကာယကံ အကုသိုလ် ဝစီကံ အကုသိုလ် မနှောင့်ယှက်နိုင်ဘူး၊ ကိုင်း-သီလလည်း ပါသွားပြီ၊သမာဓိ ဝီရိယလည်း ပါတယ်၊ သတိလည်း ပါတယ်၊ သမာဓိလည်း ပါတယ်၊ ဟော–သီလ သုံးပါး, သမာဓိ သုံးပါး မဂ္ဂင်ခြောက်ပါး ပါသွားပြီ၊အဲ-ခန္ဓာစိုက်လိုက်တော့ တွေ့ပြီ ရုပ်ကို၊ ရှိန်ကနဲ,လှုပ်ကနဲ,ရွကနဲ ဖျဉ်းကနဲ စသည်ဖြင့် ဖြစ်ပျက်မစဲ တွေ့ပြီ၊ ဟော-တွေ့ကတည်းက ဉာတပရိညာလည်းပြီး၊ တီရဏပရိညာလည်းပြီး၊ ပဟာန ပရိညာလည်းပြီး၊ ကိစ္စသုံးချက် အကုန်ပြီးသွားတယ်။

အဲဒါ လူတိုင်း သိမလား၊ ပြောကော ယုံမလား၊ ပုဆိန်နှင့် ပေါက်ပြောတောင် မယုံဘူး၊ သူမှ မသိဘဲ၊ သူ မသိတာ

သွားပြော ယုံကို မယုံဘူး၊ အဲဒါ ကိုယ့်ဟာကိုမှ သိတာ၊ ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒီတရားဟာ အင်မတန် ခက်ခဲတယ်၊ အင်မတန် နက်နဲတယ်၊ အင်မတန် သိမ်မွေ့တယ်၊ လူတိုင်းနှင့် တန်တဲ့ တရား မဟုတ်ဘူးတဲ့၊ လူတိုင်းနှင့် တိုက်ဆိုင်တဲ့တရား မဟုတ်ဘူးတဲ့ အင်မတန် ရှေးဘုန်း ရှေးကံ ပါရမီသန်တဲ့ ပုဂ္ဂိုလ် များမှသာ တွေ့ကောင်းတဲ့ တရား၊ မလွယ်ဘူး။

ကိုင်း....အခု ပရိညာသုံးချက် ပြောတယ်၊ လွယ်လွယ်လေး ဉာတပရိညာ, တီရဏ ပရိညာ, ပဟာန ပရိညာ၊မသိတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ကျက်လိုက်ရတာ ဉာတပရိညာနှင့် စပ်ပြီးတော့ ရုပ်တွေ နာမ်တွေ ရှောက်ကျက်၊ တီရဏပရိညာ အနိစ္စ အကြောင်း, ဒုက္ခအကြောင်း, အနတ္တအကြောင်းတွေ ရှောက်ကြည့်၊ ပဟာန ပရိညာအကြောင်းတွေ ရှောက်ကြည့်၊ကိလေသာ တွေပယ်၊ ခုပြောတော့ ပြီးသွားပြီ၊ ဘာလဲ၊ အနိစ္စသိ, နိစ္စသညာ ကိလေသာပျောက်၊ သုခသညာ ကိလေသာပျောက်၊ အတ္တသညာ ကိလေသာပျောက်၊ ပရိညာ သုံးချက်စလုံး ပြီးသွားပြီ၊ အဲဒါ ဟောတော့ ဟောရမည်၊ ကျမ်းဂန်ရှိတယ်၊ ကျန်းဂန် အစောင် စောင်က ဘယ်လိုပြောပြော မယောင်ကြနဲ့၊ သူပြောတဖုံ ငါပြောတဖုံ ခမြာများ ဘယ်လောက် သနားစရာ ကောင်းသလဲ တကယ့်အစစ် ရုပ်တရားတို့သည် နာရီ မိနစ် စက္ကန့်မစဲ ခန္ဓာထဲမှာ ဖြစ်နေတာ လူတိုင်းသိတာ မဟုတ်ဘူးပေါ့၊ ယောဂီအစစ်မှ သိတာ၊ ခန္ဓာထဲမှာ အာရုံစိုက်လိုက်ရင် ဥက္ကောင်း မရှိဘူး၊ လက်မရှိဘူး, ခြေမရှိဘူး, ကိုယ် မရှိဘူး, ဘာတွေ တွေ့နေသလဲ ရုပ်နမ် ဖြစ်ပျက်တွေ တွေ့နေတယ်။

ကိုင်း–ယောဂီအစစ် တွေ့ပြီ၊ အဲဒီလို ယောဂီအစစ် တွေ့တဲ့ တရားမှ အမှန်တဲ့၊ အဲ့ဒီလို အမှန်တရားကို သိရင်တော့ ခမြာ များဟာ အနိစ္စကို တွေ့မှ ဒုက္ခကို တွေ့မှ အနတ္တကိုတွေ့မှ၊ အဲ အနိစ္စ, ဒုက္ခ, အနတ္တဆိုတာ ရုပ်ကို သိမှ၊ ဒီတော့ ရုပ်ကို ခမြာများ ရှာလို့ မရနိုင်ဘူး၊ မရနိုင်တော့ ဘယ့်နှယ်လုပ် ပြုရသလဲ၊ နဖူး ကိုင် ပြုရတယ်၊ နဖူးလက်နှင့် ထောက်ပြုရတယ်၊ နဖူး လက်နှင့် ထောက်ပြတော့ မာတာ တွေ့တယ်၊ ပူတာ တွေ့တယ်၊ ဟောဒါ ရုပ်ဘဲတဲ့၊ မှန်တာဘဲ၊ ဒါလည်းဘဲ မလွဲဘူး မှန်တယ်၊ ပူတာလည်း တေဇောရုပ်, မာတာလည်း ပထဝီရုပ် မှန်တယ်၊ ဒါအမှန်ကို ဘယ်လောက် သနားဘို့ ကောင်းသလဲ, ကြည့်စမ်း၊ ဒါ တကယ့်ကို သူတို့ပြောတာ၊ လွဲလည်း မလွဲဘူး မှန်နေတာ။

ပထဝီရုပ်က မာတဲ့သဘော နူးညံ့တဲ့သဘော၊
တေဇောရုပ်က ပူတဲ့သဘော အေးတဲ့သဘော၊
အာပေါရုပ်က ဖွဲ့စည်းတဲ့သဘော စီးယိုတဲ့သဘော၊
ဝါယောရုပ်က လှုပ်ရှားတဲ့ သဘော ထောက်ကန်တဲ့ သဘော။

သေသေချာချာ ကျမ်းဂန်မှာ ပြတယ်၊ ဟုတ်တယ် အဲဒီ ရုပ်ကို မတွေ့ဘူး၊ မတွေ့တော့ ကြံဖန် ပြောရရှာတယ်၊ သဘော အားဖြင့် ကိုင်း-မာတာ တွေ့တာ ပထဝီပေါ့၊ ပူတာတွေ့ရင် တေဇောပေါ့၊ တေဇောက ငါလား သူလား သတ္တဝါလား ယောကျ်ားလား မိန်းမလား မဟုတ်- သဘော၊ တေဇော ဆိုတာ သဘောသက်သက်၊ ဝါယောလည်း သဘောသက်သက်၊ ပထဝီလည်း သဘောသက်သက်၊ တို့ ဒီမှာ ဟောတာကို ယောဂီ တွေကို ဟောထားတယ်၊ ပထဝီသည် မာတဲ့သဘော, နူးညံ့တဲ့

သဘော, ဒီမှာလည်း ဒါဘဲ ဟောတယ်၊ တေဇောသည် ပူတဲ့ သဘော, အေးတဲ့သဘော, သဘောသက်သက်က လွဲလို့ ငါ သူတပါး ယောကျ်ား မိန်းမ မရှိဘူး၊ ဝါယောသည် လှုပ်ရှားတဲ့ သဘော, ထောက်ကန်တဲ့ သဘော၊ အဲဒီတော့ ခုယောဂီက တွေ့ပြီ။

ဟော ပူတာလည်း ကိုယ်တိုင် တွေ့တယ်၊ပြောသံကြား မဟုတ်ဘူး၊ လက်နှင့် ကိုင်မကြည့်ရဘူး၊ လက်နှင့် မကိုင်ဘဲနှင့် ပူတာ ကိုယ်တိုင် တွေ့တယ်၊ မတွေ့ဘူးလား တွေ့သလား၊ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်၊ ဟိုက လူက လက်နှင့် ကိုင်ကြည့်မှ ပူဘာတွေ့ရတာ၊ ခမြာ သနားဘို့ ဘယ်လောက် ကောင်းသလဲ၊ သိပ်သနားစရာ ကောင်းတာ၊ လက်နှင့် ကိုင်ကြည့်မှ မာတာတွေ့ရတာ၊ ခု တို့ယောဂီများ မာတာလည်း တွေ့တယ်၊ မကိုင်ရဘူး၊ ဝိပဿနာဉာဏ်ဆိုတာ လက်နှင့် ကိုင်ရတယ်လို့မှ မပါဘဲ၊ ဝိပဿနာ ဉာဏ်ဆိုတာ မနော သက်သက် မနောဖြင့် သိရမည်၊ မနောကံသက်သက်နှင့် သိတာ ဝိပဿနာဉာဏ်၊ ဒီတော့ သူတို့က အောက်မေ့မည်၊ စိတ်က တွေးသိတာ ထင်ပါရဲ့လို့၊ တွေးသိတာ မဟုတ်ဘူးနော်၊ ခု ယောဂီတွေက တွေးသိတာ မဟုတ်ဘူး၊ ကိုယ်တိုင် သိတာ၊ တွေးသိရတဲ့ ဝိပဿနာဟာ ဟုတ်ကို မဟုတ်ဘူး၊တွေးသိတာ မဟုတ်ဘူး၊ ကိုယ်တိုင် သိတာ၊ အဲဒီ-ကိုယ်တိုင် သိတာကို ပြောလို့ကော ရပါ့မလား၊ မပြောနဲ့ မရဘူး၊ ပြောချင်လျှင် ဉာဏ်နှင့် စိုက်ကြည့်။

ဥပမာ ထန်းလျက်စား ဘယ့်နှယ် နေမလဲလို့ မေးလျှင် ဒီပရိသတ် ဘယ့်နှယ်ဖြေမလဲ၊ ချိုတယ် ဖြေလိမ့်မည်၊ ဘုန်းကြီးက ပြန်မေးမည်၊ အဲဒီ ချိုတာ ဘယ့်နှယ်နေသလဲ ဆိုတော့

ဘယ်သူက ပြောတတ်မလဲ၊ အဲဒီချိတာကိုယ်တိုင် သိတယ် မဟုတ်လားလို့ သူများ ပြောသံကြားလား၊ ချိတာ ကိုယ်တိုင်သိတယ်၊ ဘုန်းကြီးက မေးပြီ၊ ကိုင်း- ကိုယ်တိုင် သိတဲ့လူတွေ အသီးအသီး ဘုန်းကြီးသိအောင် ပြောပြ စမ်းပါ၊ချိတာ ဘယ်လိုနေသလဲလို့ ဘုန်းကြီးက သိချင်လို့ မေးပြီ-ပြော၊ ပြောတတ်တဲ့ ပုဂ္ဂိုလ်များ ဒီထဲပါ ကံကောင်းဘဲ၊ ချိတာလေ-နို့ကိုယ်တော်ကတော့ သိလို့ ပြောတာ၊ ထန်းလျက်စား ဘယ့်နှယ်နေသလဲ၊ ချိတယ် ဘုရား၊ နို့ချိတာ ဘယ့်နှယ်နေသလဲလို့ လူတွေက မေး၊ ဖြေစမ်းပါအုံး၊ ဖြေတတ်ပါအုံးမလား။

အဲ ခုဒီလိုဘဲ တကယ့်အစစ် ပထဝီကို ယောဂီ သိတယ်၊ အဲဒီပထဝီဟာ ဘယ့်နှယ်နေသလဲလို့ မေး၊ ဘယ့်နှယ်လုပ် ပြန်ဖြေ မလဲ၊ ဝေးလိုက်တာ၊ အနားတောင် မကပ်နိုင်ဘူး၊ ဖြေကော သူသိမည်တဲ့လား၊ မာတာ ပထဝီ, နူးညံ့တာ ပထဝီ၊ ယောဂီ သိနေပြီ၊ ဘာလဲ ပထဝီဓာတ်ဆိုတာ အမာ၊ အမာနဲ့ တွေ့တော့ ဘယ့်နှယ်နေသလဲ၊ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, တောင့်တင်းပြီးတော့ လာတယ်၊ဒါပထဝီဓာတ်တွေပေါ့၊ အဲဒါ ယောဂီသိတယ်၊ ပူတယ် တေဇော,အေးတယ် တေဇော, သိနေပြီ၊ ယောဂီက လက်နှင့်ကိုင်မကြည့်ရဘူး၊ ကိုယ်တိုင် သိ၊ ခန္ဓာထဲမှာ ပူတာ, အေးတာတွေ နာရီ, မိနစ်, စက္ကန့်မစဲအောင် အသစ် အဟောင်း ပြောင်းလဲပြီးနေတာ သိတယ်၊ ယောဂီကိုယ်တိုင် သိနေတာ၊ ဒါတခြား ရှာရတာမှ မဟုတ်ဘဲ၊ အဲဒါ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိမနေတဲ့ ပုဂ္ဂိုလ်ကျတော့ သူက ပြောတော့ တဖုံ၊ ငါက ပြော တဖုံ၊ ခုနက ပြောတာက သူထင်ရာ သူ

ပြောတာ၊အဲဒါကိုပင် ယောင်ဝါးဝါးနှင့်နေတော့ ကမ္မသကာဘဲ၊ တော်ရုံတန်ရုံထဲ ထိုးသာ ချလိုက်ပေတော့၊ ဘယ်သူက ဘာ ပြောပြော ကိုယ်နှင့် မဆိုင်ဘူး၊ ရှေးကတုန်းက ပစ္စေကဗုဒ္ဓါ လေးပါး ပြတယ် မဟုတ်လား၊ သူဖြစ်ချင်တာနှင့် ဖြစ်တာပေါ့ သူ့ညဏ်နှင့် သူဘဲ။

ပစ္စေကဗုဒ္ဓါတပါးက သူ့ညဏ်က သရက်ပင်နှင့် သိတာ ပစ္စေကဗုဒ္ဓါဖြစ်တယ်၊ ဟိုပစ္စေကဗုဒ္ဓါက လက်ကောက် နှစ်ဆင့်နှင့် ပစ္စေကဗုဒ္ဓါဖြစ်တယ်၊ ဟိုပစ္စေကဗုဒ္ဓါတပါးက နွားလားဥသဘ ခွေ့သတ်တာနှင့် ပစ္စေကဗုဒ္ဓါ ဖြစ်တယ်၊ သူ့ပါရမီနဲ့သူ၊ ဟို ပစ္စေကဗုဒ္ဓါတပါးက ဘာလဲ သိန်းအမဲသားတစ်ချီသွားတာမြင် သဖြင့် ပစ္စေကဗုဒ္ဓါ ဖြစ်တယ်၊ ဒါသူ့ပါရမီနှင့်သူပေါ့၊ အခု ယည်း သူ့ပါရမီနှင့်သူ လက်နှင့် ကိုင်ကြည့်တာနှင့် အရိယာဖြစ် တာ တို့က သာရေ ခေါ်ပေါ့၊ ဟုတ်ဘူးလား၊ တို့ယောဂီတွေ ကတော့ ကိုယ်အတွင်း အဇ္ဈတ္တိကသန္တာန်မှာ ဥက္ကောင်းကအစ ခြေဖျားထိ အာရုံစိုက်ကြည့်လိုက် တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ ဖြစ်ပျက်တွေ့တယ်၊ တွေ့နေလို့ သိတာဟာ ကိုယ့်ပါရမီနှင့်ကိုယ်ပေါ့၊ အဲဒါ သေသေချာချာ ကြည့်ပေါ့။

အခုအချို့ခြေလှမ်းတယ်၊ လှမ်း, လှမ်းတယ် သိတယ်၊ သွား, သွားတယ် သိတယ်၊ အိပ်,အိပ်တယ် သိတယ်၊ ထိုင်ထိုင်,တယ် သိ တယ်၊ ဟော-သိတဲ့ ပုဂ္ဂိုလ်လည်း အရိယာဖြင့်တာဘဲ၊ သူ့အရိယာ နှင့် သူ နောက်ဆုံးတနေ့ ဘယ်သွားမလဲ၊ အဲဒီလို သွားတဲ့ ဥစ္စာ ဟာတဲ့ သွားတာ ခွေးတောင် သိတယ်တဲ့၊ ခွေးသိတဲ့အသွားမျိုး မဟုတ်ဘူးတဲ့၊ အရိယာအသိမျိုးတဲ့၊ အရိယာသိတာ ဘယ်လို သိသလဲ၊ သွားနေရင်း ရုပ်ကလာပ်တွေ အဆင့်ဆင့် အဆင့်ဆ

ဟောဒီလို ဖြစ်သွားတာတဲ့၊ သူ့ဟာက အဲဒီလို သိသွားလျှင် သူလည်း အရိယာအစစ်ပေါ့၊ သေသေချာချာ ဟုတ်တာပေါ့၊ ထိုင်နေတယ်၊ ထိုင်နေတဲ့ ဥစ္စာဟာ ထိုင်တာကို အဆင့်ဆင့် သူ သိတယ်၊ ထိုင်နေတာကိုဘဲ သူက ထောက်ကန် ဝါယော ဆို သလေ၊ ထောက်ကန်ဝါယောဆိုတော့ ထိုင်နေတာ ဘာဖြစ် လို့လဲ၊ ဝါယောဓာတ်က ထောက်ကန်ထားလို့ဆိုတော့ ဟော သူ ဝါယောဓာတ်ရုပ်မြင်နေပြီ၊ ဝါယောဓာတ်ရုပ် မြင်နေတော့ သူ့ အရိယာနှင့်သူ၊ သူ့ ဝေနေယျနှင့် သူ တခါတည်း သူ လည်း အရိယာ ဖြစ်သွားပြီ၊ ကောင်းတာဘဲ၊ သူ့ဟာနှင့် သူ ဟုတ်တာဘဲ၊ နေရာ ကျတာဘဲ၊ သို့သော်လည်း ဒီက ယောဂီ တွေက မဟုတ်ဘူး၊ ကိုယ်တိုင်သိ၊ ရုပ်သည် တနာရီ, တမိနစ်, တစက္ကန့်မှ ငြိမ်သက်မနေဘူး၊ တရှိန်ရှိန် တသုတ်သုတ် တလှုပ် လှုပ် တရွရွ အသစ်အဟောင်း အမြဲတမ်း ပြောင်းလဲနေတာ ကိုယ်တိုင် သိ၊ အဲဒီလို ကိုယ်တိုင်သိဘို့ ပဓာန၊ ဒါကြောင့် စာက တော့ ဟုတ်ပါတယ်။

အတီတာနာဂတ ပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ။

မြတ်စွာဘုရား အနတ္တ လက္ခဏာမှာ ဟောတယ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ ၃-ပါး အဲဒီ ကာလ ၃-ပါးကို သမ္မ သနဉာဏ် သုံးသပ်တဲ့ဉာဏ်၊ အလျော်အားဖြင့် ဘုရားကိုယ်တော် မြတ် ဟောတာ၊ ဝိပဿနာရှုတော့ နားမယောင်နဲ့၊ ဘယ်သူက ပြောပြော၊ ပစ္စုပ္ပန်သက်သက် ရုပ်နာမ်သာ အနိစ္စ၊ ပစ္စုပ္ပန်သက် သက် ဖြစ်တာ ပျက်တာ သိမှ ဒါ ဉဒယဗ္ဗယအစစ် ခေါ်တယ်၊ ဒါကြောင့် ခဏ ခဏ ဟောတယ်။

အနိစ္စာနုဂတာ ဘဂ္ဂါ, ပုဗ္ဗေ နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ, အာရဂ္ဂေ သာသပူပမာ။
(မဟာနိဒ္ဒေသ ပါဠိတော်)

ဘယ်သူက နားလည်မလဲလို့ အဲဒါ ပါဠိတော်၊ ဘုရားဟော တာ၊ အဲဒါ ယောဂီကိုယ်တိုင် အာရုံစိုက်ပြီးတော့ ကြည့်၊ တွေ့ လိမ့်မည်။

"ဘဂ္ဂါ- ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက် ကြကုန်သော နာမ်ရုပ်တရား ၂-ပါးတို့သည်" ကိုင်း-ဘယ်သူ သိ အုံးမလဲ၊ ပုဆိန်နှင့် ပေါက်ပြောတောင် မသိဘူး၊ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေ၊ ချုပ်ပျောက်သွားတယ်၊ ဖြစ်တာလည်း မသိတဲ့ ပုဂ္ဂိုလ်၊ချုပ်ပျောက်တာလည်း မသိတဲ့ပုဂ္ဂိုလ်၊ဘယ်နှယ် လုပ်မလဲ၊ ခုနကတုန်းက နဖူးကို ကိုင်ကြည့်တော့ ပူတာတော့ အတွေ့သား ဖြစ်တာတော့ မတွေ့ဘူး၊ ပျက်သွားတာလည်း မတွေ့လိုက်ဘူး၊ သို့သော်လည်း ပြောနိုင်တယ်၊ ဟော-ဒီဘက်ကိုင်တော့ ပူတာတွေ့ တယ်၊ ဟိုဘက်ကိုင်တော့ ပူတာ ရှိသေးသလား၊ အဲဒါ မရှိတော့ ဖြစ်ပျက်သွားတာ မှန်တာဘဲ၊ အဲဒီလို မှန်းဆပြီးတော့ လုပ်တာတွေ အနန္တ ရှိတယ်နော်၊ သတိထားကြ၊ ဖြစ်တာလည်း သူသိတာ မဟုတ်ဘူး၊ ပျက်တာလည်း သူသိတာ မဟုတ်ဘူး၊ သို့ သော် သူပြောတာလည်း မလွဲဘူး၊ ဟော-ကိုင်း ဒီဘက်နဖူးကိုင် လိုက်တာ ပူတာတွေ့တယ်၊ ဟော—ဖြစ်သွားပြီ၊ ဒီဘက်ပြောင်း လိုက်စမ်း ဒီဘက်က ဖြစ်ပျက်မရှိဘူး၊ ဖြစ်တာ ပျောက်သွားပြီ၊ ဒီဘက်ကျတော့ အသစ်၊ ဟော ဟုတ်သွားဘဲ၊ ဒါလည်း အဲဒီလို မှန်းဆ လုပ်နေကြရတာ။

အခု တို့ယောဂီတွေက ဒီလိုမဟုတ်ဘူး ဟုတ်လား ကိုယ်ပိုင် ဉာဏ်နှင့်ကြည့်၊ အဇ္ဈတ္တိက သန္တာန်မှာ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် နာရီ, မိနစ်, စက္ကန့် မစဲဘူး၊ အဲဒါသာ ကွာ ဒါဘဲ၊ တယ်တော့ မကွာဘူး သိုးသိုးသိပ်သိပ်ပါဘဲ၊ ဘဝင်နှင့် အစိစိ လောက် ကွာနေတာ၊ အဲ....စာဆိုတာ ကြည့်လိုက်စမ်း၊ ဘင်္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား ၂-ပါးတို့သည် သေသေချာချာ ကြည့်စမ်း၊ ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား ၂-ပါးတဲ့၊ ဖြစ်ပေါ်လာတာလည်း သိရမည်၊ မသိ လျှင် ဟောဒီပါဠိနှင့် မကိုက်ဘူး၊ ဒီပရိသတ်နှင့် ဘာမှ မတန်ဘူး၊ မတန်တဲ့တရား၊ ဒီပရိသတ်ဟာ ဒီပါဠိအတိုင်း သိလျှင် မှန်ပြီ၊ ပေါ်လာတာလည်း သိတယ်၊ ချုပ်ပျောက်သွားတာလည်း သိ တယ်၊ စိတ်ချပေတော့၊ဩော် တို့ဘုရားသားတော် အစစ်ပါလား၊ ဘုရားသမီးတော် အစစ်ဘဲ၊ ဘုရားစကား တို့....သေသေချာချာ သိတယ်၊ ဟော, ကိုယ်တိုင် တွေ့တယ် "ဘင်္ဂါ-ဖြစ်ပေါ်လာပြီး နောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား ၂—ပါးတို့သည်" ဘာဖြစ်သလဲ။

> ဘင်္ဂါ - ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက် ကြကုန်သော နာမ်ရုပ်တရား ၂-ပါးတို့သည်၊ အနိစ္စာနုဂတာ-ငြိမ်းလေပြီးသည့် ဆိမီးပမာ သိုမှီးရာ မရှိသော အဖြစ်သို့ ရောက်ကြလေကုန်ပြီ။

ကိုင်း ဘုရားဟောတဲ့ ပါဠိနော်၊ သေသေချာချာ ကြည့် စမ်း၊ ဆီမီးရောင်က **ဥပမာန**၊ နာမ်ရုပ်တရားက **ဥပမေယျ**၊

ဥပမာန ဥပမေယျ, ဘုရားဟောတာ၊ ဒါကြောင့် "ပမာမုတ္တော ပဏ္ဍိတော နာမ နတ္ထိတဲ့၊ ပမာမုတ္တော-နတ္ထိတဲ့၊ ပမာမုတ္တော-ဥပမာမှ လွတ်သော၊ ပဏ္ဍိတောနာမ- ပညာရှိမည်သည်၊ နတ္ထိ-မရှိဘူးတဲ့" မြတ်စွာဘုရားဥပမာနှင့် ပြောရတယ်၊ အဲဒီ နာမ် ရုပ်တရားက အကောင်နှင့်လည်း မဟုတ်၊ အထည်နှင့်လည်း မဟုတ်၊ ဒြပ်နှင့်လည်း မဟုတ်၊ အလုံးအခဲလည်း မရှိ၊ သဘော, ရုပ်နာမ်တရားက သဘော၊ ရှိန်ကနဲဆို ဖြစ်ပျက်သွားတာ ရုပ်နာမ်လေ၊ သဘောသက်သက်၊ ဘယ်ရှိတော့မလဲ၊ ဘယ့်နှယ်လုပ်မှ မပြောနိုင်ဘူး၊ အဲဒီတော့ ဘ ဘနှင့် ဥပမာ ပြရသလဲ "အနိဓာန-ဂတာ, ငြိမ်းလေပြီးသည့် ဆီမီးပမာ သိမ်းရာ မရှိသော အဖြစ်သို့ ရောက်ကြလေကုန်ပြီ" ဆီမီးရောင်ကဲ့သို့ ဇောတက ထုတ်ပြပြီ၊ ကောင်းပြီ၊ ယောဂီကိုယ်ပိုင်ဉာဏ်နှင့် ကြည့်ကြစမ်း၊ ဆီမီးရောင် ဘယ်လို သိရမလဲ၊ ဆီမီးရောင်လေး ထွန်းထားတယ်၊ ငြိမ်းလိုက်စမ်း၊ ဖြုတ်ကနဲ ငြိမ်းလိုက် မရှိဘူး၊ ပျောက်သွားပြီ၊ အဲဒီ ပျောက်သွားတဲ့ ဆီမီးရောက်ကလေး ရှာကြစမ်း၊ အရှေ့မှာလား၊ ဘယ် သိမ်းထားသလဲ၊ အနောက်မှာ သိမ်းထားသလား၊ မြောက်မှာဘဲ သိမ်းထားသလား၊တောင်မှာဘဲသိမ်းထားသလား၊အောက်မှာ သိမ်းထားသလား၊ အထက်မှာ သိမ်းထားသလားကြည့်၊ သိုမှီးလို့ ရသေးရဲ့လား၊ ဒီ မီးရောင်ကလေးဟာ ရှိသေးရဲ့လား၊ ကိုယ်ပိုင် ဉာဏ်နှင့်ကြည့်၊ မရှိတော့ဘူး၊ အဲဒါ လွန်သွားပြီ အတိတ်၊ ဒါ ဆီမီးရောင်၊ ငြိမ်းလေပြီးသော ဆီးမီးရောင်သည် လွန်ပြီးသော အတိတ် မရှိတော့ဘူး၊ အဲဒီ ဆီမီးရောင်ကလေးသည် မရှိသလို သိုမှီးသိမ်ဆည်းထားလို့ မရသလို မရသကဲ့သို့ အခု ယောဂီများ ရုပ်နာမ်ဖြစ်တယ်၊ ရှိန်ခနဲ ပျောက်သွားပြီ၊ လိုက်ရှာကြစမ်း၊ ဘယ်မှာ ရအုံးမလဲ၊ ဘယ်မှာ ရှိသေးသလဲ၊ လှုပ်ခနဲ ရုပ်နာမ်

ဖြစ်တယ်၊ လိုက်ရှာကြစမ်း ရှိသေးသလား၊ ဘယ်အရပ်ရောက်သွားသလဲ၊ ဘယ်မှာ နေသလဲ၊ အဲခုနကတုန်းက ဆီမီးရောင်ကို ဘယ်မှ ရှာမရသလို ရုပ်နာမ် ဖြစ်ပျက်သွားတဲ့ ရုပ်နာမ် ရှာကြစမ်း၊ ရှိသေးရဲ့လား၊ မရှိဘူး၊အဲဒါ ယောဂီမှ သိတယ်၊ ဩော် ဟုတ်လိုက်တာ၊ ဘုရား ကိုယ်တော်မြတ် ပြတဲ့ ဥပမာ တယ်မှန်ပါလား၊ဆီမီးရောင်ငြိမ်းလိုက်လျှင် ဘယ်မှရှာမရသလိုမိမိသန္တာန်မှာ အမှန် ခုဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ကလေးဟာ ပျောက်သွားတယ်၊ ဘယ်မှ ရှာမရဘူးဆိုတာ ယောဂီ အစစ် သိရောပေါ့။

အရှင်ဘုရား သဘောကျပြီ၊ တပည့်တော်တို့ အတိတ်ကာလမှာ ရှိမှမရှိဘဲ လွန်သွားတဲ့ ကာလ ဘယ်ရုပ်နာမ်မှမရှိတော့ဘူး၊မရှိကိုမရှိဘူး၊ မိုးညှင်းဆရာတော်ဘုရားကြီးက ဘယ့်နှဲဟောသလဲ။

'အတိတ်သံသရာ၊ ခေါင်းစိုက်လာ၊ နောက်မှာ ဟာလာဟင်း' ဟော နောက်ပိုင်း ဘာမှ မရှိဘူး၊ အတိတ်မှာ မရှိဘူး၊ဟာ-ဒါဖြင့် နေရာကျပြီ၊နို့ သည့်ပြင်ကောတဲ့၊"အနာဂတေ-မဖြစ်သေးမီ အနာဂတ်ကာလ၌" သဘောပေါက်အောင် ကြည့်စမ်း၊ မဖြစ်သေးမီ အနာဂတ်၊အဲဒီ မဖြစ်သေးမီ အနာဂတ်ဆိုတာ ရုပ်နာမ်မဖြစ်သေးမီကို ပြောတာ၊ကိုင်း- ရုပ်နာမ် ဖြစ်တာ သိတဲ့ ပုဂ္ဂိုလ်မှ ရုပ်နာမ် မဖြစ်မီဆိုတာကို သိတော့မှာပေါ့၊ ရှိန်ကနဲ ဟော-ဖြစ်သွားပြီ၊ လှုပ်ခနဲဖြစ်သွားပြီ၊ဒိတ်ကနဲ ဖြစ်သွားပြီ၊အဲဒီလို ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ် ရွရွဆိုတဲ့ ရုပ်နာမ် ၂-ပါး မဖြစ်ခင် ဘာခေါ်မလဲ အနာဂတ်၊ မဖြစ်မှ မဖြစ်သေးဘဲ အနာဂတ်ပေါ့၊ အဲဒီ အနာဂတ် ကာလမှာ ရှိရဲ့လား၊ ကိုင်း တွေးကြည့်စမ်း။

အနာဂတေ–မဖြစ်သေးမီ အနာဂတ် ကာလ၌၊ ပုဥ္ဇော–
လာ၍ အသစ်ဖြစ်ဘို့ရာ အပုံစုသည်၊ နတ္ထိ-မရှိနှင့်ချေ။

ဘုရားဟောတာ၊ အဲဒါ သာမညနားမှာ မသိဘူးပေါ့၊တကယ် အစစ် ဝိပဿနာ ယောဂီမှန်မှ သိတယ်၊ဝိပဿနာအတု ဝိပဿနာ အယောင် ဝိပဿနာဟန်ဆောင်တဲ့ ယောဂီ အရေခြုံ ကျတော့ အနားတောင် မကပ်နိုင်ဘူး၊ မဖြစ်ခင် အနာဂတ်တဲ့ မဖြစ်ခင် အနာဂတ်ဆိုတော့ ဖြစ်တာ မသိတဲ့ ပုဂ္ဂိုလ် ကျတော့ အနာဂတ် ဘယ့်နှယ်လုပ် သိမလဲ ဝေးလိုက်တာ အနားတောင် မကပ်နိုင်ဘူး၊ ဖြစ်တာ သိတဲ့ ပုဂ္ဂိုလ်မှ မဖြစ်ခင် အနာဂတ်သိတော့ မှာပေါ့၊ အဲဒီ အနာဂတ်မှာ မရှိဘူးတဲ့ ဘုရားက၊ ဟာ ဒီလိုဆိုရင် နားမလည်သေးဘူး၊ ပြောအုံးမည်တဲ့ မြတ်စွာဘုရားက နားလည် အောင် ပြောအုံးမည်တဲ့။

"ယေပိ-အကြင် ပစ္စုပ္ပန် ခန္ဓာ နာမ်ရုပ် တို့သည်လည်း" ဟော- ခန္ဓာ နာမ်ရုပ်ဟာ ပစ္စုပ္ပန်တဲ့၊ ဘုရားဟောတာလေ, ကိုယ်ပိုင် ဉာဏ်နှင့် ကြည့်လိုက်စမ်း၊ ပစ္စုပ္ပန် မဟုတ်လား၊ ရှိန်ကနဲ ခန္ဓာ ငါးပါး ရှိသေးရဲ့လား၊ မရှိတော့ဘူး၊ ပစ္စုပ္ပန်လေ လှုပ်ခနဲ ခန္ဓာ ငါးပါး ပစ္စုပ္ပန်မှာ ရှိတယ်၊ မဖြစ်ခင်ကလည်း မရှိဘူး ဖြစ်ပြီး မှာလည်း မရှိဘူး၊ ရွကနဲ ခန္ဓာ ငါးပါး ဖြစ်ပြီးလဲ မရှိဘူး၊ ပျက် ပြီးလဲ မရှိဘူး၊ ပစ္စုပ္ပန်ဘဲ ရှိတယ်။

အဲဒါကို မမြင်တဲ့ ပုဂ္ဂိုလ်က ဘယ့်နှယ် ဟောသလဲ၊ ပစ္စုပ္ပန် သက်သက် ရှုရမည်ဆိုတာ ဘုရားလက်သစ်တွေ ပေါ်နေတယ်တဲ့၊ အဲဒါ သတိထားကြပေတော့၊ ကိုင်း-အခုယောဂီတွေ ကိုယ်ပိုင် ဉာဏ်နှင့်ကြည့်စမ်း ၊ ပစ္စုပ္ပန်သက်သက်ကလွဲ ဘာတွေသေးသလဲ၊ ရှိန်ကနဲ ရုပ်ခန္ဓာ,နာမ်ခန္ဓာ၊လှုပ်ခနဲ ရုပ်နာမ်ခန္ဓာ, ရွကနဲ ရုပ်နာမ် ခန္ဓာ,ပစ္စုပ္ပန် ရှိတာဘဲ၊ ဒီပြင် ရှိသေးသလား သေသေချာချာ

ကြည့်၊ ရှိကနဲ ဖြစ်ပျောက်သွားတဲ့ အတိတ် လိုက်ရှာကြစမ်းပါ၊ တွေ့ကြည့် ဘယ်မှ ရှာမတွေ့ဘူး၊ စကြဝဠာ လိုက်ရှာစမ်း ရှိမှ မရှိဘဲ၊ မဖြစ်မှ မဖြစ်သေးခင် အနာဂတ် ကာလ ဘယ်မှာ ရုပ်နာမ် ရှိမှာလဲ၊ မရှိဘူး၊ ကိုင်း-သေသေချာချာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ သူများပြောသံကြား မဟုတ်ဘူး၊ ဒါဖြင့် ဘုရားက ဒီလိုဘဲ ဟော တယ်။

ယေပိ-အကြင် ပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်တို့သည်လည်း၊နိဗ္ဗတ္တာ-ဖြစ်ကြကုန်သည် ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏။

အခု လူတွေ သွားလာ စားသောက် ပြောဆို နေတာ တည် နေတယ်တဲ့ ဘုရားက ပစ္စုပ္ပန် တည်တာတဲ့၊ ကိုင်း-ဒါကော ဘယ့်နှယ်လုပ် သိမလဲ၊ ယောဂီအစစ်မှ သိမယ်၊ ပစ္စုပ္ပန် ဖြစ် ပျက်မစဲ တည်တာ၊ဖြစ်ပျက်မစဲ တည်တာ၊တခါတည်းငြိမ်ပြီးတော့ တည်တာ မဟုတ်ဘူး၊ ဒါ-ယောဂီမှသိတာ၊ ဖြစ်ပျက်မစဲ တည် တာ၊ အဲဒါ ယောဂီတော့ အမှန်သိတယ်၊ သို့သော် အားလုံး သိအောင် ယောဂီဟုတ်ဟုတ် မဟုတ်ဟုတ် သဘောကျအောင် ငါပြောမည်တဲ့ ဘုရားက"တေပိ-ထိုပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်တို့သည်" အဲ ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်ဟာ ဘယ်လိုလဲ တည်ပုံ။

အာရဂ္ဂေ-အပ်သွား ပွတ်ဆောင်ဖျားဥ္၌၊ သာသပူပမာ-ဒလစပ် (ဒလစပ်အခိပ္ပါယ် သိကြရဲ့လား) မပြတ်မပြတ်၊ သာသပူပမာ-ဒလစပ် တင်အပ် ချအပ်သော မုန်ညင်းစေ့တို့နှင့်တူသော ပမာ ရှိကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏။

အခု ရုပ်နာမ်ခန္ဓာ တည်တာ ဟာတဲ့၊ အပ်သွားပေါ်မှာ မုန်ညင်းစေ့ကလေးတွေ ချလိုက် ပျောက်သွားလိုက်၊ အပ်သွား

ပေါ်ကို မှန်ညင်းစေ့ကလေးတွေ မပြတ်ချသလို တည်တယ်တဲ့၊ ကိုင်း မြတ်စွာဘုရားပြောတာ လွဲသလား၊ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်စမ်း၊ ခန္ဓာထဲမှာ တရှိန်ရှိန်, တသုတ်သုတ်, တလှုပ်လှုပ်, တရွရွ မိနစ် စက္ကန့်စဲရဲ့လား၊ သေသေချာချာကြည့်စမ်း ဖြစ်နေတာ၊ ခုနက အပ်သွားပေါ် မှန်ညင်းစေ့ကလေးတွေ တဒက်ဒက်, တဒက်ဒက် မပြတ် ကျနေသလို ဘုရားပြတဲ့ ဥပမာ ဘာမြင်လိမ့်မလဲ၊ အောင်မယ်လေး အဏုန်းတွေ အဝိဇ္ဇာ အနားတောင် မကပ်နိုင်ဘူး၊ ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှ မြင်တာ။

အဲဒီတော့ ဒါကို ဘယ့်နှယ်လုပ်ပြီးတော့ ပြောမလဲလို့ ဘယ်နည်းနှင့်မှ မသိတဲ့ ပုဂ္ဂိုလ်က ရမ်းမှာဘဲ၊ ကိုယ်တိုင်မှ မသိဘဲ ပိဋကတ်သုံးပုံ တတ်ပေမဲ့ သိအောင် မကျင့်လျှင် မသိ၊ သူမှ မသိဘဲ၊ အဲ တို့ယောဂီတွေက သိပြီ၊ ယောဂီတွေ သူတို့လောက် အသုံးမကျဘူး ထင်နေတယ်၊ သေသေချာချာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ အဲဒါကြောင့်မို့လို့ ဒီပါဠိကတော့ ကျက်ထားရင်လေ လူတိုင်း ရတယ်။

အနိဓာနဂတာ ဘဂ္ဂါ, ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ, အာရဂ္ဂေ သာသပူပမာ။

ဘဂ္ဂါ—ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား နှစ်ပါးတို့သည်၊ အနိဓာနဂတာ- ငြိမ်းလေပြီးသည့် ဆီးမီးပမာ သိုမှီးရာ မရှိသောအဖြစ်သို့ ရောက်ကြလေကုန်ပြီ၊ အနာဂတေ— မဖြစ်သေးမီ အနာဂတ်ကာလ၌၊ ပုဉ္ဇော- လာ၍ အသစ်ဖြစ်ဘို့ရာ အပုံအစုသည်၊ နတ္ထိ—မရှိလင့်တည်း၊ ယေပိ— အကြင် ပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ် တို့သည်သည်း၊ နိဗ္ဗတ္တာ-

ဖြစ်ကြကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ- တည်ကြကုန်၏၊ တေပိ- ထိုပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ် တို့သည်လည်း၊ အာရဂ္ဂေ- အပ်သွားပွတ်ဆောက်ဖျား၌၊ သာသပူပမာ- ဒလစပ် တင်အပ်ချအပ်သော မုန်ညင်းစေ့တို့နှင့် တူသောဥပမာ ရှိကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ- တည်ကြကုန်ကြ၏။

ကလေးလေး ကျက်ထား ရတယ်၊ ရလည်း မောင်ရပေါ့၊ ဘာသိမလဲ၊ အလုပ်က တကဲ့အလုပ်စခန်း၊ ကျန်းဂန်က ကျမ်းဂန် အရ ဥပမာ တင်ပြပြီးတော့ သင်ပေးတာ၊ လူတိုင်း သိတယ် မဟုတ်လား၊ အခု ရှုတ်တဲ့ ဥစ္စာကို ဟောဒီ, ယောဂီတွေ မရဘူး၊ မရပေတဲ့ ကိုယ်တိုင်သိ ဖြစ်နေပြီ၊ ဘာဖြစ်လို့လဲ ခုနကတုန်းက ဆီမီးရောင်ကို သိမ်းဆည်းလို့ မရသလို အတိတ်ကာလမှာ မရှိတော့ဘူးဆိုတာ သိပြီးတော့ အနာဂတ်မှာလဲဘဲ လုံးလုံး မရှိဘူး ဆိုတာ မရောက်ခင် ရုပ်နာမ် ဖြစ်မှ မဖြစ်ဘဲ၊ မဖြစ်တော့ ရုပ်နာမ် အနာဂတ်မှာ မဖြစ်တာလည်း ကိုယ်တိုင်သိ၊ ပစ္စုပ္ပန် တော့ ဟော- တရှုရှု, တလှုပ်လှုပ်, တသုတ်သုတ်, တရှိန်ရှိန်, တဖွဲ့ဖွဲ့ ကိုယ်တိုင်သိ၊ ပစ္စုပ္ပန်အပ်သွားပေါ် မုန်ညင်းစေ့ကလေးတွေ တဖွဲ့ဖွဲ့ ဖြစ်သလို ဆိုတော့ ဟော- မှန်ပြီ၊ သိရော၊ အဲဒါ ယောဂီအစစ်မှ သိတာ။

ဒါကြောင့် နာတော့ နာကြပါ တရားကို ဘယ်မှာ ဖြစ်ဖြစ် သွားနာ, ဘုရားဟောချည်းဘဲ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဘုရားဟောချည်းဘဲ မကုန်နိုင်ဘူး၊ သို့သော် ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင် သိအောင် လုပ်ကြပါ၊ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်လျှင် ဘယ်သူက ဘာပြောပြော ယောင် စရာ မဟုတ်တော့ဘူး၊ ဝိစိကိစ္ဆာ မရှိတော့ဘူး၊ သို့လော

သို့လောဆိုတဲ့ ယုံမှားသံသယ မရှိတော့ဘူး၊ အဲ....တကယ့်အစစ်၊ ဒိဋ္ဌိ အဟုတ်ပြုတ်တဲ့ ယောဂီ ဝိစိကိစ္ဆာ ကင်းတယ်မှတ်၊ ဒိဋ္ဌိ မပြုတ်တဲ့ ယောဂီ ဝိစိကိစ္ဆာနှင့် သူပြော ဟုတ်နိုးနိုး၊ ငါပြော ဟုတ်နိုးနိုး သူ့ဟာက မှန်သလိုလို၊ ငါ့ဟာက မှန်သလိုလို ယောင်တိ ယောင်ချာတွေ ဖြစ်ကုန်မှာဘဲ။

အဲဒါတွေ တနေ့ အပါယ်သံသရာ သွားမှာဘဲ၊ စိတ်သာချ၊ ဘာဖြစ်လို့လဲ ကိုယ့်ဟာကို ယထာဘူတ,ယထာဝမှန်နှင့် ကျကျနန သိတာမှ မဟုတ်ဘဲ၊ ဆုံးဖြတ်နိုင်တာမှ မဟုတ်ဘဲ၊ မဆုံးဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်သည် ယောင်ချာချာ, ယောင်ချာချာသမားသည် အပါယ် သံသရာနှင့် ကေန်နီးတာဘဲ၊ ဘာဖြစ်လို့လဲ ဒိဋ္ဌိမှ မပြုတ်ဘဲ၊ ဒိဋ္ဌိ မပြုတ်လျှင် ဝိစိကိစ္ဆာလည်း မပြုတ်ဘူး၊ ဒိဋ္ဌိ မပြုတ်တော့ ယထာဘူတ မှန်တာ မသိဘူး၊အဲဒါကြောင့်မို့လို ယခု ယထာဘူတ အမှန်ကျအောင် သိလောက်အောင် ယောဂီအစစ် သိလောက် အောင် ဉာဏ်ရှင်းပြီး ပြပြီ မဟုတ်လား ကြပ်ကြပ်ကြီး သတိ ထားပြီးတော့ နှလုံးသွင်းကြ၊ တွေ့သမျှ သိသမျှ တရားတွေဟာ မှန်မမှန် ကိုယ်ပိုင်ဉာဏ်ကလေးနှင့် ကြံဆပြီးတော့ ဒီကနေ့ကစပြီး တို့သိတဲ့ တရားဟာ ခုပါဠိတော်နှင့်ညီပြီ၊ ညီတဲ့အတိုင်း သိပြီ၊ သိလျှင်ဖြင့် ကေန်မုချ မလွဲတမ်း အပါယ်သံသရာဘေးက တို့လွတ် ဝေးပြီဆိုတာ စွဲစွဲမြဲမြဲမှတ်သားပြီး စိတ်ချလက်ချနှင့်သာ ကြိုးစား အားထုတ်ကြ။

## ဝိသာခါနှင့် အရက်သူမငါးရာ

တရားတော်ကို ဟောကြားတာ တရားနာတဲ့ ပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကို မျှော်ကိုးပြီးတော့ ယခုဘာဝပစ္စက္ခ မျက်မှောက်၌

ကျရောက်တဲ့ ဘေးမျိုးရန်မျိုး အန္တရာယ်မျိုးနှင့်တကွ တမလွန် လောက၌ ကျရောက်မည့် ဘေးအမျိုးမျိုး, ရန်အမျိုးမျိုး အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးအောင် ရှောင်ကြဉ်အပ်တဲ့ တရား ကို ရှောင်ကြဉ်ဖို့ ဆောင်အပ်တဲ့တရားကို ဆောင်ကြဖို့ သိကြား, နားလည်ဖို့ ဆိုပြီးတော့ ဟောတယ်၊ ဘုရား, တရားတော်ဆိုတာ အဘိုးအနဂ္ဃ အင်မတန် ထိုက်တန်တယ်၊ အဘိုး မဖြတ်နိုင်ဘူး။

အဲဒီလို ဟောတဲ့ တရားတွေထဲမှာ ဘာတွေ ပါသလဲ၊ လောက ၏ဒုက္ခ အာဒီနဝအပြစ်တွေကို ပြတယ်၊ လောက၏ ဒုက္ခ အာဒီနဝ အပြစ်တွေကို ပြပြီးတော့ ထိုအပြစ်၏ ဘေးအန္တရာယ်တွေကို မြင်ပြီး ရှောင်နိုင်ကြဖို့ ကျင့်ကြံကြဖို့ ဟောရဘာ၊ ပြီးတော့မှ တခါ ထိုလောကဒုက္ခဘေးမှ လွတ်မြောက်ပြီးတော့ ဇာတိဘေး ဇရာဘေး, ဗျာဓိဘေး, မရဏဘေးဆိုတဲ့ ဘေးမျိုးရန်မျိုးအန္တရာယ် အမျိုးမျိုးတို့မှ ကင်းဝေးတဲ့ နိဗ္ဗာန်ကို အမြန်ဆုံးနည်းနှင့် ရောက် ကြပါစေဆိုတဲ့ မေတ္တာတရားနှင့် ဟောကြတယ်၊ အကယ်၍မင် ညာဏ်, ဖိုလ်ညာဏ်, နိဗ္ဗာန်ကို မရဘဲ လောကမှာ ကျင်လည်ကျက်စား နေကြရမည်လို့ဆိုလျှင် လူဖြစ်လည်း မသက်သာဘူး၊ နတ်ဖြစ် လည်း မသက်သာဘူး၊ ဗြဟ္မာဖြစ်လျှင်လည်း မသက်သာဘူး၊ မသက်သာတဲ့ အကြောင်းလည်း ဘုရားဘဲ ဟောတာဘဲ၊ ဘာ ဖြစ်လို့လဲ—

'ဒုက္ခံ တေဘူမကံ ဝဋ္ဋံ'

တေဘူမကံ-ဘုံသုံးပါး၌ ဖြစ်သော၊ ဝဋ္ဋံ-ဝဋ္ဋတရားသည်၊

ဒုက္ခံ-ဒုက္ခ သစ္စာလို့—

ဘုံသုံးပါးမှာ ကျင်လည်ကျက်စားနေတဲ့ သတ္တဝါ အနန္တကိုး ဘုံသုံးပါးဆိုတာ ကာမဘုံ, ရူပဘုံ, အရူပဘုံ၊ ကာမဘုံဆိုတာ

ကာမဆယ့်တဘုံ ရှိတယ်၊ ကာမဆယ့်တဘုံ ဆိုတာက အပါယ်လေးဘုံ၊ ကာမသုဂတိက ခုနစ်ဘုံ၊ ကာမသုဂတိခုနစ်ဘုံဆိုတာက မနုဿဘုံ၊ စတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတ,သဝ,ဝတ္တိဘုံ၊ နတ်ပြည်ခြောက်ထပ်၊ အဲဒီ ၁၁-ဘုံကို ခေါ်တယ်၊ ရူပဘုံက ၁၅-ဘုံ ရှိတယ်၊ အရူပဘုံက ၄-ဘုံရှိတယ်၊ အဲဒီ ဘုံသုံးပါးမှာ ဖြစ်သမျှ မြတ်စွာဘုရားက ဒုက္ခချည်းဘဲတဲ့၊ ဒုက္ခ,တေဘူမကံ ဝဋ္ဋံ၊ အဲဒီတော့ ဘုံသုံးပါးမှာ ကျင်လည်ရလျှင် ကေန်ဒုက္ခဘဲ၊ သို့သော် ငရဲပြည်မှာ ရောက်တာထက် လူ့ပြည်က သက်သာတာပေါ့၊ လူ့ပြည်ထက် နတ်ပြည်က သက်သာတယ်၊နတ်ပြည်ထက် ဗြဟ္မာ့ပြည်ကသက်သာတယ် အဆင့်ဆင့်ပေါ့၊ တို့ဗြဟ္မာ့ပြည်ထက် နိဗ္ဗာန်မှသာလျှင် အသက်သာဆုံးမို့ အရေးကြီးတာက နိဗ္ဗာန်ပေါ့၊ နိဗ္ဗာန်ကို တကယ်တန်း ရောက်ကြမှ ချမ်းသာရာ အစစ် သုခကြီးကို ရမည်၊နိဗ္ဗာန်ရောက်ကြောင်း တရားက လွယ်သလားဆိုတော့ မလွယ်ဘူး၊ မိမိတို့ ပါရမီဉာဏ်လည်းရှိပါမှ၊ ပုဗ္ဗေစ တကပုညတာဆိုတဲ့ ရှေးက ပြုဘူးတဲ့ ပါရမီထူး ကံထူးလည်း ပါကြအုံးမှ၊ ပဋိရူပဒေသဝါသ သင့်တင့်လျောက်ပတ်သော အရပ်ကိုလည်း ရကြအုံးမှ၊သပ္ပုရိသူပနိဿယ ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းနှင့်လည်း တွေ့ကြအုံးမှ၊ အတ္တသမ္မာ ပဏိဓိတဲ့- မိမိကိုယ်ကိုကောင်းစွာ ဆောက်တည်ခြင်းဆိုတဲ့ တရား၊ နိဝါတ,နိမာန မိမိကိုယ်ကို မိမိထိန်းကျောင်းလို့ မိမိကိုယ်ကို မိမိစောင့်ရှောက်နိုင်တဲ့ပုဂ္ဂိုလ်များ ဖြစ်ပါအုံးမှ၊အဲဒါမှ တကယ်အစစ်အမှန် နိဗ္ဗာန်သုခဓာတ်ကို ရနိုင်တယ်တဲ့။

ဤလို နိဗ္ဗာန်သုခဓာတ်ကြီးကို ရစေဘို့ ရည်မှတ်ပြီး အပြစ်အာဒီနဝတွေနှင့် အမျိုးမျိုး ပြပြီးတော့မှ နိဗ္ဗာန်၏ ချမ်းသာသုခ

ကြီးကို တကယ့်ချမ်းသာရာ အစစ်ကြီးဘဲလို့ ပြရတယ်၊ တို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကော ဒီလိုဘဲ ဟောရတာဘဲ၊ ဘုရား–ယ်တော်မြတ်ကြီးလည်း အဆင့်ဆင့် အမျိုးမျိုး ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး ဟောရတယ်၊ ဘုရားရှင် လက်ထက်တော်က ဝိသာခါကို အကြောင်း ပြုပြီးတော့—

ဂေါပါလဉပုသ်၊
နိဂဏ္ဌဉပုသ်၊
အရိယာဉပုသ်၊

ဉပုသ်သုံးမျိုး ဟောတယ်၊ အဲဒါအကြောင်းအားလျော်စွာဘုရားကိုယ်တော်မြတ် ဟောရတယ်။

ဂေါပါလဉပုသ် ဆိုတာက နွားကျောင်းသားကဲ့သို့ နွားကျောင်းသားများဟာ ရေကြည်ရာ မြက်နုရာ နေရာတို့၌ သိုးနွားများကို ကျောင်း၊ ကျောင်းပြီးတော့ အခစားနားနှင့် မိမိတို့နေရာဌာနသို့ ပြန်ပြီး သခင်ထံ နွားကို အပ်ခဲ့ပြီး၊ အိမ်ရောက်အိပ်ရာဝင်တဲ့အခါ ဘာစဉ်းစားသလဲ၊ ငါတော့ ဒီကနေ့အဘို့ငါအခစားနားလည်း ရခဲ့ပြီ, နွားများကိုလဲ ရေကြည်ရာ မြက်နုရာအရပ်ဒေသမှာလည်း ကျွေးမွေးလို့ ကိစ္စပြီးခဲ့ပြီ၊ နက်ဖြန်အဘို့လိုသေးတယ်၊ နက်ဖြန်ခါ ငါဘယ်အရပ် ဘယ်ဒေသသို့ သွားပြီးတော့ ရေကြည်ရာ မြက်နုရာ အရပ်၌ နွားများကို ကျောင်းမည်လို့ ဒါဘဲ သူစိတ်ကူး ရှိတယ်၊ အဲဒါ ဉပမာ ပြောပြတာ, ထို နွားကျောင်းသားကဲ့သို့ ဉပုသ်စောင့်တယ်။

ဒီကနေ့တော ငါတော့ သီလတော့ရပြီ၊ တို့သီလစောင့်တဲ့အခါမှာ ကောင်းစွာ မွန်စွာ အာဟာရကိစ္စ စသည်တို့ ငါတို့

ချမ်းချမ်းသာသာ စားရသောက်ရ နက်ဖြန်ခါတော့ ဒီလိုစားဘို့ လိုသေးတယ်၊ အဲသည်လို သူက အောက်မေ့ပြီး လောကအာရုံ ကာမဂုဏ်ဖြစ်တဲ့ အာဟာရကိစ္စ တောင့်တပြီးတော့ နေတဲ့ ပုဂ္ဂိုလ်ဖြစ်သောကြောင့် ထို ပုဂ္ဂိုလ်မျိုး၏ ဥပုသ်ကို ဘာနှင့် ဥပမာ ဆောင်ပြသလဲ၊ နွားကျောင်းသားနှင့် ဥပမာ ဆောင်ပြတယ်၊ ဂေါပါလဥပုသ်တဲ့။

နိဂဏ္ဌဥပုသ် ဆိုတာ နိဂဏ္ဌ တက္ကဒွန်းတွေ ကျင့်တဲ့ ဥပုသ်ပေါ့၊ နိဂဏ္ဌ တက္ကဒွန်းကျင့်တဲ့ ဥပုသ်က တယ်ကောင်းတာဘဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ သီလပေးတယ် သူ့တပည့်ကို၊ တပည့် ဥပါသကာ ပုဂ္ဂိုလ်များကို ဆရာကြီးက ဘယ်လို သီလပေးသလဲ၊ မင်းတို့ ဟောဒီ ယူဇနာတရာက လွန်သွားတဲ့ အရပ်ဒေသမှာ ပါဏာတိပါတကံ- အဲဒီ....ယူဇနာတရာက လွန်သွားတဲ့ သတ္တဝါ မသတ်ပါဘူးလို့ ဒီလို သီလ ဆောက်တည် လိုက်လျှင် မင်းတို့ သီလ ဖြစ်တာပေါ့လို့၊ အဲဒါ အစောင့်ခိုင်းတာ၊ ပြီးတော့ ဘာလဲ၊ မိမိ ဥပုသ်စောင့်တဲ့ အခါမှာ ငါသည် အမေကို အမေလို့ မမှတ်တော့ဘူး၊ အမေ မရှိဘူး၊ သားမယားလည်း သားမယားလို့ ငါ အာရုံ မပြုတော့ဘူး၊ ငါ့ပစ္စည်း ဥစ္စာလည်း ငါ့ပစ္စည်း ဥစ္စာရယ်လို့ အာရုံ မထားတော့ဘူး၊ အဲဒီလို ဆိုပြီးတော့ မင်း လမ်းဆုံလမ်းဝ, လမ်းလေးခွက နေပြီး မင်းကြွေးကြော်ရမည်၊ အဲဒီလို ကြွေးကြော်လျှင် မှန်တာပေါ့တဲ့။

နိဂဏ္ဌ ဥပါသကာတွေကလည်း ဆရာခိုင်းတဲ့အတိုင်း ကြွေး ကြော်ကြတာပေါ့၊ နိဂဏ္ဌ တပည့်တွေက ကြွေးကြော်ပေတဲ့ သူတို့စိတ်ထဲက ဘယ်လိုဖြစ်နေသလဲ၊ သူတို့စိတ်ထဲက အမေကို အမေလို့ဘဲ မှတ်တာဘဲ၊ အမေ့,အမေလို့ဘဲ ခင်မင်တာဘဲ၊ အမေ

ကလည်း သွားလို့ဘဲ ခင်မင်တာဘဲ၊ အဲ—သွားသွီး သွားမယားကျ ပြန်တော့လည်း ငါ့ ခင်ပွန်းဘဲ၊ ငါ့အဖေဘဲလို့ ထင်တာဘဲ၊ သူကလည်း ဒါ ငါ့မယားဘဲ ငါ့သားဘဲ၊ ငါ့သွီးဘဲလို့ ထင်တာဘဲ၊ အဲဒါကို နိဂဏ္ဌာဥပုသ်တဲ့၊ တိတ္ထိတက္ကဒွန်းတွေ ကျင့်တဲ့ဥပုသ်၊ နိဂဏ္ဌာဥပုသ်လို့ ပြတယ်။

**အရိယာဥပုသ်** ဆိုတာက ရှစ်ပါးသော အင်္ဂါဥပေါ သထသီလကို စောင့်ပြီး ကမ္မဋ္ဌာန်းတရားကို ပွားများနေသော ပုဂ္ဂိုလ် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ အဲဒီ အနုဿတိ တရားတွေ အမြဲမပြတ် တကယ်တမ်း ပွားများနေတာ၊ ဒါ အရိယာ ဥပုသ်လို့ မြတ်စွာဘုရား ဟောတယ်။

အဲဒါထက် လွန်ကဲတဲတရားက တို့ယောဂီတွေ စောင့်သုံးတဲ့ သီလ၊ အလကား မနေဘဲ ခန္ဓာကိုယ် အတွင်းသန္တာန်မှာ ရှိတဲ့ ရုပ် တရားတွေ၊ နာမ် တရားတွေ၊ ခေတ် တရားတွေ၊ ပရမတ် တရားတွေကို ထိထိခိုက်ခိုက် မိမိရရ သိပြီး ရုပ်နာမ်တို့၏ အပြစ် အာဒီနဝတွေကို မမြင် မြင်အောင် ဖြစ်ပျက်မစဲ ခန္ဓာထဲမှာ အမြဲတမ်း အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အရိယာဥပုသ်တွေပေါ့၊ အရိယာတို့ ကျင့်သုံးတဲ့ဥပုသ် အရိယာ ဥပုသ်လို့ခေါ်တယ်၊ အဲဒါ ဥပုသ် စောင့်တဲ့အကြောင်း မြတ်စွာဘုရား ဟောဘာ။

## ဝိသာခါ

ဝိသာခါဟာ အမျိုးမျိုးတွေ့ရတယ်၊ ဝိသာခါဟာ ခုနစ်နှစ် အရွယ်က သောတာပန်တည်တယ်၊ ပရိသတ်ကလည်း အင်မတန် အားကြီးတယ်၊ သူ့ ပရိသတ်ကလည်း အမျိုးမျိုးဘဲ၊ အဲ ခုပြောတဲ့

ဝိသာခါနှင့် အတူတကွ ဝိသာခါနှင့် အဖော်ဖြစ်တဲ့ သီတင်းသည် ငါးရာ အဲဒါက ပရိသတ်တမျိုး၊ နောက်သူတို့ သာဝတ္ထိပြည်မှာ နက္ခတ်သဘင်ပွဲ ကြုံတာကိုး၊ နက္ခတ်သဘင်ပွဲ ကြုံတဲ့ အခါကျတော့ ဝိသာခါပရိသတ်ငါးရာ၊ အဲဒီငါးရာသော ပရိသတ်က နက္ခတ်သဘင်ပွဲ တယ်ပျော်ချင်တာကိုး၊ အားကြီးဘဲ ပျော်ချင်တယ်၊ ပျော်ချင်တော့ ဘာလုပ်သလဲ၊ သူတို့မေ့လျော့အောင် ပျော်ကောင်းအောင် ဆိုပြီးတော့ အရက်သောက်ကြတယ်။

အဲဒီလို ငါးရာသော ဝိသာခါ ပရိသတ် အရက်သောက်တဲ့ အခါကာလကျတော့ ဝိသာခါကို ခေါ်တယ်၊ ရှင်မဝိသာခါတဲ့၊ တို့ပျော်ရအောင် အရက်သောက်ရအောင် လာခဲ့ ခေါ်တာပေါ့၊ ခေါ်တော့ ဝိသာခါက သောတာပန် ဘယ်လို သောက်မလဲ၊ ရှင်တို့ ကြိုက်လျှင် သွားပြီးတော့ လုပ်ကြ ငါမလိုက်ဘူးလို့ ပြောတယ်၊ ငါးရာသော ပရိသတ် သူတို့ ပျော်ပျော်ပါးပါး သေရည်သေရက်တွေ သောက်ကြတာပေါ့၊ သောက်လို့ ကိစ္စ ပြီးတော့ ဝိသာခါက ကဲ ရှင်မတို့ သင်တို့ အလိုရှိတဲ့ အတိုင်း သေရည်သေရက်တွေ သောက်စားလို့ ပြီးကြပြီလားလို့ မေးတော့ ပြီးပါပြီတဲ့၊ ကိုင်း—ဘုရားကျောင်းတော်သို့ သွားရအောင် ဆိုပြီး အရက်သူမတွေ ဘုရားကျောင်းတော်ကို ခေါ်သွားတယ်။

ဘုရားကျောင်းတော် ရောက်တော့ အရက်သောက်တဲ့ ပုဂ္ဂိုလ်ဟာ ဘာ....သိမလဲ အင်မတန် မူးရူးပြီးတော့ ဘာမှန်းမှ မသိဘူး၊ သူတို့ ပျော်နေတာ၊ အဲဒီလို မူးရူးပြီးတော့ ပျော်နေတာ ဘုရားထံရောက်တော့ ဘုရားမှန်းကော သူတို့ ဘာ....သိမလဲ၊ မသိဘူး၊ ဘုရားမှန်း မသိတော့ သူတို့ ဘုရားရှေ့မှာ ဘာလုပ်သလဲ၊ ကိုးယိုးကားယားနှင့် က,တဲ့သူက, က တေးချင်း ဆိုတဲ့သူက ဆို,

ဆိုင်းတီးတဲ့ သူက တီး, ရယ်တဲ့သူက ရယ် အမျိုးမျိုးပေါ့ ဘုရားရှေ့မှာ၊ ဘုရားရှေ့တော်မှောက်မှာ ပျော်ပါးပြီးတော့ နေတော့ ဘုရားကိုယ်တော်မြတ်က ဓမ္မသံဝေဂ ဖြစ်အောင် ဆိုပြီး တော့ မျက်လုံးတော်မှ ညိုသောရောင်ခြည်တော် လွှတ်လိုက်တော့ တခါတည်း ငါးရာသော ပရိသတ် မှောင်ကြီးမဲမဲ ဖြစ်သွား တယ်၊ မှောင်အတိ ကျသွားတော့ ဘုရားကိုတ်တော်မြတ်က ဘယ်ရောက်နေသလဲ၊ ဟို မြင်းမိုရ် ခါးပန်းမှာ နေပြီးတော့ သိတင်းသုံးတယ်၊ မှောင်ကြီးမဲမဲထဲမှာ တကာတဲ အရက်သူမ ငါးရာဟာ အင်မတန် ကြောက်လန့် ထိတ်ပြီးတော့ အမူးတွေ ပြေးကုန်တာပေါ့၊ ဒီ အရက်သူမ များဟာ ကောင်းတော့ အကောင်းသား၊ ကြောက်လျှင် အမူးပြေသွားတယ်၊ မကြောက် လျှင် အမူးကို မပြေဘူး၊ အဲဒီတော့ မြတ်စွာဘုရားက တဖန် ညိုသော ရောင်ခြည်တော် လွှတ်လိုက်တဲ့အခါ အမူးပြေသွား တယ်၊ အမူးပြေမှန်း သိတော့မှ မြတ်စွာဘုရား ကိုယ်တော် မြတ်က ထိတ်လန့်သည်ထက် ထိတ်လန့်အောင် ဟို မြင်းမိုရ် ခါးပန်းက နေပြီးတော့ မျက်လုံးတော်က နေပြီး ဖြူသော ရောင်ခြည်တော် တခါလွှတ်လိုက်တယ်၊ အဲဒီတော့မှ ဘုရား ကိုယ်ကော်မြတ်ကို သူတို့ မြင်ရတယ်၊ ထိတ်လန့်ခြင်း ဓမ္မသံဝေဂ ဖြစ်ပြီးတော့ သိပ်ကြောက်သွားတာပေါ့၊ အားကြီး တုန်လှုပ် ချောက်ချားသွားတယ်။

အဲဒီလို တုန်လှုပ် ချောက်ချားသွားတဲ့အခါ ဘုရားကိုယ် တော်မြတ်က တရားဟောတယ်၊ အရက်သူမတွေ ပေတဲ့ သူတို့ ဟာ သာမညပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ အရက်သာ သောက်တာ သူတို့မှာ ဘဝက ပါရမီပါတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရစေတတ်

တဲ့ ကံက ပါလာတယ်၊ ပါရမီ ပြည့်ပြီးသော ပုဂ္ဂိုလ်တွေ၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က—

ကိံ နုဟာသော ကိမာနန္ဒော, နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ, ပဒီပံ န ဂဝေသထ။
(ဓမ္မပဒ)

အားလုံး အက္ခရာ သုံးဆယ့်နှစ်လုံး ရှိတယ်၊ အဲဒီ ဂါထာဟော တာ၊ အဲဒီတရားလည်း ဟောလိုက်ရော၊ အရက်သောက်တဲ့ အရက် သူမတွေ အရက်မူးနေတဲ့ ပုဂ္ဂိုလ်တွေ အရက်မူးပြေတဲ့အပြင် တခါတည်း အာသဝေါ ကင်းပြီးတော့ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ် ရောက်သွားတယ်၊ အရက်သူမတွေ သောတာ- ပန်တည်သွားတယ်၊ ဘယ်လောက် ကောင်းသလဲ၊ ခုနကတုန်းက ပြောတော့ ဝိသာခါ ပရိသတ် အရက်တွေ သောက်တယ် ဆိုတော့ တို့ယောဂီတွေက ပြောလိမ့်မည်၊ ဖြစ်မှ ဖြစ်ရလေ ခြင်းလို့ အောက်မေ့မည်၊ ဟန်အကျသား သူ့ဟာက၊ အရက် သောက်တဲ့ အရက်သူမတွေက တကယ့်ပါရမီခံ ရင့်သန်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သောကြောင့် ဘုရားတရားတော်ကို အနည်း ငယ်ခန့်ပင် ကြားနာရသော်လည်း သောတာပန် တည်သွားတယ်၊ သောတာပန် တည်လောက်အောင် ဒီ တရားက ဘယ်လောက် မျှားနက်နဲလို့လဲတဲ့၊ ဘုရားကိုယ်တော်မြတ် ဟောတာ—

ဥပါသိကာယော—ဒါယိကာမတို့၊ တုမှေ - သင်တို့သည်၊ နိစ္စံ-အမြဲ၊ ပဇ္ဇလိတေ-ရာဂတည်းဟူသော မီးဖြင့်လောင် မြိုက်၍ နေခြင်းသည်၊ သတိ-ရှိလျက်။

သင်တို့ဟာတဲ့ အမြဲရာဂမီးတွေ သင်တို့ကို လောင်မြိုက်နေတယ်၊ မျက်စိက ရာဂမီးလောင်ပုံ, နားက ရာဂမီးတွေ လောင်နေပုံ, နှာခေါင်းက ရာဂမီးတွေ လောင်နေပုံ,လျှာက ရာဂမီး လောင်ပုံ,ကိုယ်က ရာဂမီးလောင်ပုံ, မနောက ရာဂမီးလောင်ပုံ ဒါ-မြင်အောင်ပြတဲ့ တရားတွေပေါ့၊ ဩော်-မိမိတို့ ကိုယ်မှာ ရာဂမီးတွေ တကယ်လောင်နေပါကလားလို့ တကယ်သိဘို့ တကယ်သိအောင် ဟောတာ၊ 'ပဇ္ဇလိတေ-ရာဂတည်း ဟူသော မီးဖြင့်လောင်မြိုက်၍ နေခြင်းသည်၊ သတိ-ရှိလျက်၊ အဲဒါ ဘယ်လောက်ပြောပြော ပါရမီ ဇွန္ဓြေ မရင့်သေးတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုယ်ကိုရာဂမီး လောင်တာ ဘယ် သိတော့မလဲ၊ မသိဘူး၊ အဲဟို ပုဂ္ဂိုလ်တွေက အရက်သာ သောက်တာ၊ အဝိဇ္ဇာဖုံးနေတုန်းက လုံးလုံးဘာမှန်းမှ မသိလို့သာ အရက်သောက်တာ၊ ဟော-ခုဟော့ ဘုရားကိုယ်တော်ကြီးရဲ့တရား ကြားလိုက်တော့ ရာဂမီး လောင်တာဆိုတာ ဘွားကနဲဆို တခါတည်း အမိပွါယ်ပေါ် သွားတယ်၊ဩော်ဟုတ်သားပါကလား၊ ငါတို့မှာ တကယ် အခု ရာဂမီးတွေလောင်နေပါကလား ရာဂမီး, ဒေါသမီး, မောဟမီး ဆိုတဲ့ မီးတွေ အမြဲတမ်း လောင်နေတာ၊ ကိုယ်တိုင်သိတာပေါ့၊ အဲဒီလို လောင်နေတာကို သိလျက် အဘယ့်ကြောင့် 'ဟာသော-ရယ်ရွှင်၍ နေခြင်းသည်' အရက်သူမတွေက အရက်သောက် မူးရူး ပျော်ရွှင်ပြီးတော့ တကတဲ တဟားဟား တအုံးအုံးနှင့် ဆိုင်းတီးတဲ့ သူကတီး၊ တေးဆိုတဲ့ သူကဆို၊က,တဲ့သူက က,အမျိုးမျိုးပျော်နေတာ၊ဒါကြောင့် "ကိံနု-အဘယ့်ကြောင့်၊ ဟာသော-ရယ်ရွှင်၍ နေဘိသနည်း" သင်တို့ ဘာကြောင့် ဒီလောက်တောင်မှ ပျော်ရွှင်ပြီး ရယ်မောနေကြသနည်း။

"ကိံ-အဘယ်ကြောင့်၊ အာနန္ဒောနု-နှစ်သက် ဝမ်းမြောက်၍ နေဘိသနည်း၊ သင်တို့မှာ ရာဂမီးကြီးတွေ အမြဲတမ်း လောင်မြိုက်နေပါလျက်သားနှင့် ဘာကြောင့် ဒီလောက်တောင် သင်တို့ပျော်နိုင် မြူးနိုင်ကြသလဲလို့ ဘုရားကိုယ်တော်မြတ် သည်လိုပြောလိုက်တာ၊ပြီးတော့မှ "အန္ဓကာရေန-မောဟ တည်းဟူသော အမိုက်တိုက်ဖြင့်" ဘယ့်နှယ်မောဟ သိပ်အားကြီးနေတာပေါ့၊ မောဟအားကြီးနေတော့ အကုသိုလ် အကုသိုလ်မှန်း မသိ၊ ကုသိုလ်ကိုကုသိုလ်မှန်း မသိ၊ ပြုအပ်တဲ့တရားမှန်း မသိ၊ မပြုအပ်တဲ့တရားမှန်း မသိ၊ အင်မတန်မောဟ အားကြီးနေတာ၊ အဲတာ ဘုရားကိုယ်တော်မြတ်ကြီးက သူတို့မှာ အားကြီးနေတဲ့ မောဟကို ပြန်ပြီးတော့ ဟောတာ၊ "အန္ဓကာရေန-မောဟ တည်းဟူသော အမိုက်တိုက်ဖြင့်၊ ဩနဒ္ဓါ-မြေးယှက် အပ်ကုန်သော၊ တုမှေ-သင်တို့သည် "သင်တို့ဟာတဲ့ ရာဂတည်းဟူသော မီးဖြင့် လောင်မြိုက်ပြီးသကာလ မောဟတည်းဟူသော အမိုက်မှောင်ကြီးဖြင့် ကာကွယ်အုပ်ဖုံးထားတာ သင်တို့ အမှန်ဘဲတဲ့ ဒီလို ပြန်ပြောတာ။

ပြန်ပြောလိုက်တော့ သိပ်ကြောက်တာ၊ အဲဒီလို ကြောက်တော့မှ ဘာတိုက်တွန်းလိုက်သလဲ၊ "တုမှေ-သင်တို့သည်၊ ပဒီပံ-ပညာတည်းဟူသော ဆီမီးကို၊" ပညာတည်းဟူသော ဆီမီးဆိုတော့ ဝိဇ္ဇာဉာဏ် ခေါ်တယ်၊ ခု တို့ယောဂီတွေ အားထုတ်နေတဲ့ ဝိဇ္ဇာဉာဏ်ပေါ့၊ ပညာတည်းဟူသော ဆီမီးကို၊ "န ဂဝေသထ-အဘယ့်ကြောင့် သင်တို့ မရှာမှီးဘဲ နေကြကုန်သနည်း" အဲဒီတရားကို ပြောလိုက်တာနှင့် တပြိုင်နက် ငါးရာသော အရက်သူမတွေဟာ တပြိုင်နက် တစိတ်တည်း တဖွဲ့တည်း ဖြစ်သွားပြီးတော့ **သောတာပန်** တည်သွားကြတယ်၊ သောတာပန်, သောတာပန်

ဆိုတာ အပါယ်မလားဘူး၊ ခုနကတုန်းက အရက်သောက်တာ အပါယ်လားတာ၊ အရက်သောက်လို့ အပါယ်လားမည့် အကု သိုလ် တခါတည်း တားမြစ်လိုက်တာ၊ အရက်သောက်တာ အပါယ်ကို လားတာ၊ အပါယ်လားတာမှ အမှန်လားတယ်၊ သူ တော်ကောင်း ပုဂ္ဂိုလ်ကြီးတွေက အရက်သောက်တဲ့ ပုဂ္ဂိုလ်တို့၏ အပြစ်အာဒီနဝကို ဘယ်လောက်များ ကြီးကြီး ကျယ်ကျယ် ဟောလိုက်လဲ ဆိုလျှင်ဖြင့်—

ပဥ္စဇာတိသတံ ယက္ခော, ပဥ္စဇာတိသတံ သုနော။
ဥမ္မတ္တကော အနန္တော စ, သုရာပါနဿ ဒေါသကာ။

ဘိက္ခဝေ-ချစ်သားတို့၊သုရာပါနဿ—သေရည်သေရက်ကို သောက်သောသူ၏၊ ဒေါသကာ-အပြစ်တို့သည်၊ ယက္ခော စ-ဘီလူးအဖြစ်သည်လည်း၊ ပဥ္စဇာတိသတံ— ဘဝငါးရာ သည်၊ ဟောတိ—ဖြစ်၏၊ (ဘီလူးအဖြစ်မှာ ဘဝငါးရာ ခံရမည်တဲ့) သုနော စ — ခွေးအဖြစ်သည်လည်း၊ ပဥ္စ ဇာတိသတံ-ဘဝငါးရာသည်၊ ဟောတိ-ဖြစ်၏၊ ဥမ္မတ္တ- ကော-သူရူး အဖြစ်သော်ကား၊ အနန္တော-အတိုင်းမသိ ဖြစ်၏၊ (သူရူးအဖြစ်မှာ အနန္တတဲ့ အပိုင်းအခြား မရှိဘူး၊)

အရက်သောက်တဲ့ ကံတွေ ဘယ်လောက်များ ကြီးကျယ် သလဲလို့ အဲဒါခုပြောတာ၊အရက်သောက်ပြီးတော့ တိုက် ရိုက်ကျ သွားတဲ့ ကံလားဆို မဟုတ်သေးဘူးတဲ့၊ အရက်သောက်ပြီးတော့ ကျရမည့် ဘဝက ဘယ်ဘဝလဲ၊ တို့လူပြည်ကအောက်ကို ဆင်း သွားတော့ ‘သိဥ္ဇိုးရယ်, ကာလသုတ်ရယ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, နှစ်မျိုး ရှိတယ်၊ ရောရုဝ ဆိုတာက ဘာတဲ့လဲ

ဇာလရောရုဝ, မဟာရောရုဝက ဓုမရောရုဝ လို့ ခေါ်တယ်၊ ဇာလရောရုဝ, ဓုမ ရောရုဝကွဲ၊ ဒီတော့ ဇာလရောရုဝ ဆိုတာက အရက်သမားတွေ ကျတဲ့ ငရဲ, ဓုမရောရုဝဆိုတာက ဘိန်းရှူတဲ့ ဘိန်းစားတွေ ကျတဲ့ငရဲ၊ အဲဒါ ဓုမရောရုဝ။

အဲဒီ ဇာလရောရုဝ ငရဲကို အရက်သမားတွေ ကျသွားတဲ့ အခါ ကိုယ်အားဖြင့် ဘယ်လောက် ရှိသလဲဆို တဂါဝုတ်ပမာဏ ရှိတယ်၊ အဲဒီ တဂါဝုတ်ပမာဏ ရှိသော ကိုယ်ကြီးဟာ ဥပပါတ် ဖြစ်တာပေါ့၊ သူ့ကံအားလျော်စွာ ငရဲပြည်မှာ ဥပပါတ်·တဂါ ဝုတ်ပမာဏ ရှိသော ကိုယ်ကြီးဖြစ်ပြီးတော့ တို့....ခုအခါ မိုးဦးကျ လို့ မိုးရွာချလိုက်တော့ ချောင်းငယ် မြောင်းငယ်က ရေတွေ ဟာ တခါတည်း သမုဒ္ဒရာထဲ စီးဆင်းသွားသလို အဲဒီဇာလရော ရုဝကျတဲ့ အရက်သမားများ၏ ဒွါရကိုးပေါက်က နေပြီးတော့ သံပူရေတွေဟာ တဟောဟော ဝင်နေတာ၊ ဒီ တဂါဝုတ် ပမာဏ ရှိတဲ့ ကိုယ်ကြီးထဲကို သံပူရေတွေ ဝင်သွားတာဘဲ၊ အဲဒီလို ချောင်းငယ် မြောင်းငယ်များ ရေစီးကျသလို ရေစီးချောင်းများ ဖြစ်သွားသလို ဒွါရကိုးပေါက်က သံပူရေတွေ ဝင်ပြီးတော့ တဂါ ဝုတ်ပမာဏရှိသော ကိုယ်ကြီးမှာ ပြည့်သွားတယ်၊ ပြည့်သွားတဲ့ အခါကျတော့မှ တခါတည်း ဝသွားတာပေါ့၊ တဂါဝုတ် ပမာဏ ရှိတဲ့ ကိုယ်ကြီးဟာ သံပူရေတွေ သောက်လိုက်တာ ဝ သွားတယ်၊ ဝ သွားလို့ ပြည့်သွားတော့ တခါတည်း ဖြုန်းဆို မီးဟုန်းဟုန်း ထတောက်ပြီးတော့ ပြာကျသွားတယ်၊ ပြာကျသွားတော့ လွတ်ကရောလား ဘုရားဆို မလွတ်သေးဘူး၊ သူ့ကံကြွင်း ရှိသမျှ ကာလပတ်လုံး တဖန် တဂါဝုတ်ပမာဏ ရှိသော ကိုယ်ကြီးပြန်ဖြစ် ရတယ်၊ ဖြစ်ပြီးတော့ ဒီလိုဘဲ သံပူရေတွေ ဝင်ပြန်တာဘဲ။

အဲဒါ ဘယ်လောက်ကြာကြာ ခံရမဂါဆို ကာလအပိုင်းအခြားကို မပြောဘူး၊ ကံကြွင်း ရှိသမျှ သူ ခံနေရမည်တဲ့၊ ဒီလိုဘဲ ဥပပါတ်ဖြစ်လိုက် သံပူရေတွေ ဝင်လိုက်ပြီး တခါ ပြာကျသွားလိုက် တခါ ပြန်ဖြစ်လိုက်၊ အဲဒီလို ဇာလရောရုဝ ငရဲပြည်မှာ အရက်သမားတွေ ကျနေတာ ဒကာ, ဒကာမကြီးတွေ သွားကြည့်ချင် ကြည့်ကြပါလား၊ သေသေချာချာ ရှိတယ်၊ ဘုန်းကြီးတော့ အရက်သမားတွေကို သေသေချာချာ ပြောပြတယ်၊ မင်းတို့ အရက် ဒီမှာ သောက်ရတာ ပုန်းရှိုးပုန်းရှောင် သောက်ရတာပါကွယ်၊ ဝဝလင်လင် မသောက်ရပါဘူး၊ ဝဝလင်လင် သောက်ရတဲ့ နေရာရှိတယ်၊အခုဒီမှာ သောက်တာက ပစပ်က တပေါက်တည်း သောက်ရတယ်၊ဟောဒီ ဇာလရောရုဝ ငရဲကျလျှင် ဒွါရကိုးပေါက်က သောက်ရမည်ကွ၊ ဝဝသောက်ရမယ်လို့ ဘုန်းကြီး ဒီလိုဘဲ ပြောတယ်၊ အဲဒါ အရက်သမားတွေ ကျတဲ့ နေရာပေါ့၊ အဲဒီ ဇာလရောရုဝ ငရဲက ကံကြွင်းကုန်လို့ လွတ်လာတဲ့အခါ ဘယ် ရောက်မလဲဆိုတော့—

ဘီလူးဘဝ ဘဝငါးရာ ဖြစ်ရအုံးမည်၊ ဘီလူးဘဝပြီးတော့မှ ခွေးအမျိုးမျိုး ခွေးဘဝမှာ ချည်းဘဲ ဘဝငါးရာ ဖြစ်ရအုံးမည်၊ အဲ သူရူးအဖြစ်ကိုတော့ အနန္တတဲ့၊ ဖြစ်လေရာ ဘဝတိုင်း ဘယ်တော့မှ စိတ်ကောင်းမရှိဘူး၊ အရူးချည်းထဲဘဲ၊ ရူးတဲ့ ဘဝမှာ ချည်းထဲဘဲ ဖြစ်ရမည်၊ အဲဒါ အရက်သောက်တဲ့ ကံတွေ၊ အဲဒါ ဘယ်လောက် ကြောက်စရာ ကောင်းသလဲလို့ တွေးကြည့်စမ်း၊ အင်မတန် ကြောက်စရာကောင်းတယ်။

အဲဒီ အကုသိုလ်ဆိုတာ ဘာခေါ်သလဲ၊ **ပဟာတဗ္ဗ** ပယ် အပ်သော တရား၊ ကုသိုလ်သည် ပယ်တတ်သော **ပဟာ**

ယက ၊အကုသိုလ်က ပယ်အပ်သော တရား၊ ကုသိုလ်က ပဟာယက ပယ်တတ်သောတရား၊ အဲဒါ ဘုရားပွင့်တဲ့ သာသနာခေတ်မှ တွေ့ကောင်းတဲ့ တရား၊ ဘုရား ကိုယ်တော်မြတ်ကြီး ပွင့်တော်မူလာတော့ ပယ်အပ်သော တရားတွေ ပယ်တတ်တဲ့ တရားတွေ ဟောတာပေါ့။

ဟောတော့ ဘာဟောသလဲဆိုတော့ ဗောဓိ ပက္ခိယတရား ၃၇-ပါးထဲမှာ ဟောတယ်၊ ဗောဓိပက္ခိယတရား ၃၇-ပါး ထဲမှ သမ္မပ္ပဓာန် ၄-ပါး ဟောတယ်၊ သမ္မပ္ပဓာန် ၄-ပါးက—

ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ခြင်းငှါ လုံ့လ ပြုခြင်း။

မဖြစ်သေးသော အကုသိုလ် တရားကို မဖြစ်အောင် လုံ့လ ဝီရိယအားထုတ်ခြင်း။

မရဘူးသေးသော ကုသိုလ် တရားတို့ကို ရအောင် အားထုတ်ခြင်း။

ရပြီးသော ကုသိုလ်တရားတို့ကို လွန်စွာ ပွားများခြင်းတဲ့။

အဲဒီလို ဘုရားကိုယ်တော်မြတ် ဟောတာ၊ ဒီတော့ အခု တို့ယောဂီတွေဟာ ဘာလိုချင်နေသလဲ၊ ခုနက အပါယ်လေးပါး တရား ပြောလိုက်တယ်၊ ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ အသုရကာယ်ဘုံ၊ အပါယ်လေးပါး အင်မတန် ကြောက်တာပေါ့၊ ဒီအပါယ်လေးပါး ကြောက်တဲ့ ပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါးကို ဘယ်က ကျသွားသလဲ၊ မိမိတို့ကိုယ်သန္တာန်မှာ အမှန်တကယ်ရှိတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ ဒီ ၆-ဒွါရဟာ

အပါယ်လေးပါးကျတဲ့ တရား အစစ်ဘဲ၊ဒီ ဇ-ဒွါရကို မှီ၍သာလျှင် အပါယ်လေးပါး ကျတယ်၊ ဇ-ဒွါရမှ လွတ်၍ အပါယ်လေးပါး ကျတဲ့ တရား မရှိဘူး၊ ဒီတော့ အပါယ်လေးပါးကို အင်မတန် ကြောက်ကြတာပေါ့၊ ကြောက်ရင် မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးက သင်တို့ အပါယ်လေးပါးကို လွတ်အောင် လွယ်လွယ် ကလေးပါ တဲ့၊ ဘာလဲ ဘုရားက ဘယ်လောက် လွယ်သလဲဆိုလျှင် တဲ့၊ အပါယ်လေးပါး မကျရအောင် ဖြစ်ပြီးတဲ့ အကုသိုလ် တရား တွေ နင်တို့ပယ်ကြပေါ့တဲ့ အပါယ်လေးပါး မကျအောင်တကယ် လိုချင်လျှင် ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်ရမယ်၊ အ ပါယ်လေးပါးလို နင်တို့ တကယ်ကြောက်နေရင် မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မပွားကြနဲ့တဲ့၊ ဒီအပါယ်လေးပါးမှ သင်တို့ တကယ်လွတ်ချင်ရင် မရဘူးသေးတဲ့ ကုသိုလ်ကို ရအောင်ရှာ ပေါ့တဲ့၊ ဒီအပါယ်လေးပါးဘေးက လွတ်ချင်ရင် ရပြီးတဲ့ ကုသိုလ် တော့ လက်မလွှတ်နဲ့ အမြဲအားထုတ်တဲ့၊ အဲဒီလို ဟောတာ၊ဒီတော့ တကယ်ဆရာဥပနိဿမသိလျှင် ဒီတရား အတော်ခက်တယ်၊အလွန် ကို ခက်တဲ့ တရား၊ ဘာဖြစ်လို့လဲဆိုတော့ စာထဲလည်း သည့် အတိုင်း ရေးထားတယ်၊ ကျမ်းဂန်မှာလည်း သည့်အတိုင်းဘဲ ရှိတယ်၊ ပါဠိတော်ကလည်း—

ဥပ္ပန္နာနံ, ပါပကာနံ ပဟာနာယ ဝါယာမော,
အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော,
အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော,
ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော,

အဲဒီလို စာထဲမှာ ရှိတယ်၊ ရှိတော့ လူတွေဟာ ဒီစာဖတ်လိုက် တော့ အဲခုနက ပြောတဲ့ အပါယ်လေးပါး ကြောက်တော့ လွတ်

ချင်တာပေါ့၊ ဒီတော့ ဘယ်လို လုပ်ရမှန်း မသိဘူး၊ ဖြစ်ပြီးသော အကုသိုလ် တရားပယ်ဘို့ကသာ အရေးကြီးနေတာပေါ့၊ မိမိတို့ ရပြီးသော အကုသိုလ်တရား ပယ်ရမည်၊ မိမိတို့ ရပြီးသော အကုသိုလ်တရားကို ကြောင့်ကြတခု အာရုံပြုနေမည်ဆိုလျှင်လည်း တို့အပါယ်လေးပါးနှင့် မလွတ်သေးဘူး၊ ဒေါသတဲ့, ဣဿာတဲ့, မစ္ဆရိယတဲ့, ကုက္ကုစ္စတဲ့, ကုက္ကုစ္စ တရားဆိုတာ ပြုပြီးသော ဒုစရိုက် မပြုသေးသော သုစရိုက် တို့၌ အဖန် တလဲလဲ စိုးရိမ်ခြင်း လက္ခဏာ ရှိသော တရားတဲ့၊ အဲဒီ ပြုပြီးသော ဒုစရိုက် မပြုသေးသော သုစရိုက်တရားတို့ကို အဖန်တလဲလဲ အာရုံပြုနေတာ၊ ဒါ-ကုက္ကုစ္စတရား ခေါ်တယ်၊ အဲဒီ ကုက္ကုစ္စတရားဟာ အပါယ် ကျတယ်။

**ဥပမာ** ယခု - အကုသိုလ် ဒုစရိုက် တခု ပြုမိတယ်၊ ပါဏာတိပါတ ကံ ဖြစ်စေ၊ အဒိန္နာဒါနကံ ဖြစ်စေ၊ ကာမေသုမိစ္ဆာစာရကံ ဖြစ်စေ၊ မုသာဝါဒကံ ဖြစ်စေ၊ သုရာမေရယကံ ဖြစ်စေ၊ အဲဒီလို အကုသိုလ် ဒုစရိုက်တရားတွေ ပြုမှားမိသည် ဖြစ်စေ၊ အဲဒီလို ပြုမှား ထားတော့ ဒီကလည်း အကုသိုလ် တရားသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်အပါယ် လေးပါးကျတယ်လို့ ဘုရားကိုယ်တိုင်ဟောထားတဲ့ တရား ကလည်းရှိတယ်၊ ရှိတော့ ကြောက်တာပေါ့၊ အကုသိုလ် ကလည်း ပြုမိနေပြီ၊ အဲဒီ ပြုပြီးတဲ့ အကုသိုလ်တရား ငါ ပြုမိတာမှားလေစွ,ငါပြုမိတာ မှားလေစွနဲ့ အဲဒီလို အဖန် တလဲလဲ အာရုံပြုနေတဲ့ ပုဂ္ဂိုလ်ဟာ ကုက္ကုစ္စ ဖြစ်တယ်၊ အပါယ်ကိုကျမှာဘဲ၊ လွတ်မှာ မဟုတ်ဘူး။

ဒါဖြင့် ဖြစ်ပြီးသော အကုသိုလ်တရား ပယ်ရမည်လို့ ဆိုတော့ ဘယ်လိုလုပ် ပယ်မလဲ၊ ဖြစ်ပြီးသော အကုသိုလ်ကို အဖန်တလဲလဲ

စိုးရိမ်ခြင်းကြောင့် ကုက္ကုစ္စဖြစ်တာတော့ ထားတော့၊ မရဘူးသေးတဲ့ ကုသိုလ်မှာ ကုက္ကုစ္စ ဖြစ်တော့ အပါယ်ကျတာ ဘယ်လိုလဲလို့ အဲဒါ တို့ဒကာ ဒကာမတွေ သိချင် ပေအုံးမည်၊ မရဘူးသေးတဲ့ ကုသိုလ်တဲ့၊ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တဲ့ အဖန်တလဲလဲ စိုးရိမ်ခြင်းဟာ ကုက္ကုစ္စဘဲ၊ အဲဒါလည်း သတိထားမှတ်ထားကြပေါ့

ဘယ်လိုလဲဆိုတော့ စောစောက ပထမအရွယ်၊ ဒုတိယအရွယ်၊ အရွယ်ရှိတဲ့ အခါက ပစ္စည်းဥစ္စာ, ရတနာ ဘဏ္ဍာနှင့် ကြွယ်ဝချမ်းသာခြင်း ရှိတယ်၊ သို့သော်လည်း သူ သတိမရဘူး၊ သတိမရ တော့ကာ ပျော်ပါး, ပျော်ပါး ပြီးတော့ ဖြုန်းတီးပစ်တဲ့အတွက်ကြောင့် ပစ္စည်းဥစ္စာတွေ အကုန် ဆုံးသွားတယ်၊ တတိယ အရွယ်ရောက်တဲ့အခါကျတော့ သတိရတယ်၊ သတိရလို့ကုသိုလ် ပြုချင်ငြားသော်လည်း ပစ္စည်းက မရှိတော့ဘူး၊ ကုသိုလ်လည်း မပြုရဘူး၊ မပြုရတော့ သူစိုးရိမ် ပူပန်တော့တယ်၊ ပစ္စည်းဥစ္စာတွေ ကြွယ်ဝချမ်းသာတဲ့ အခါတုန်းက ငါကုသိုလ်ကောင်းမှုတွေ မပြုလိုက်ရတာ မှားလေစွနဲ့ ပူပန်တာ၊ ပစ္စည်းဥစ္စာရှိစဉ်အခါတုန်းက သဒ္ဓါတရားနှင့် ကုသိုလ်တွေ ငါမပြုလိုက်ရဘဲအခု....ဥစ္စာပစ္စည်းတွေ ကုန်ဆုံးသွားမှ ငါ့မှာ ကုသိုလ် ပြုချင်ပါလျက်နှင့် မပြုနိုင်– မှားလေစွ, မှားလေစွလို့ အဲဒီလိုအကြိမ်ကြိမ် အောက်မေ့တာ ကုက္ကုစ္စဖြစ်တယ်၊အဲဒီ....ကုက္ကုစ္စဟာ အပါယ်ကျတယ်၊ သတိထားကြ၊ မပြုလိုက်မိတဲ့ ကုသိုလ်ကို အဖန်တလဲလဲ စိုးရိမ်ခြင်းကြောင့် ကုက္ကုစ္စဖြစ်ပုံ၊အဲ–ခုနကတုန်းက ပြုပြီးတဲ့ အကုသိုလ်တရားကို အဖန်တလဲလဲ စိုးရိမ်ခြင်းကြောင့် ကုက္ကုစ္စဖြစ်တယ်တဲ့၊ဖြစ်ပြီးတဲ့ အကုသိုယ် တရားတို့ကို ပယ်ခြင်းငှါလုံ့လ ပြုရမည်တဲ့။

အတော်ခက်တယ်၊ မလွယ်ဘူး၊ ဒီတရားတွေ လွယ်တယ်လို့တော့ မမှတ်ကြနဲ့၊ ဖြစ်ပြီးသော အကုသိုလ်တရား ပယ်ဖို့ အတော် ခဲယဉ်းတာပေါ့၊ မသိလျှင် အလွန် ခက်တာပေါ့ အဲ မရဘူးသေးတဲ့ အကုသိုလ်ကို နောက်ထပ် မပွါးမိအောင် အားထုတ်ရမည်တဲ့၊ မရဘူးသေးတဲ့ ကုသိုလ်ရအောင် ရှာရမည်တဲ့၊ ရပြီးသော ကုသိုလ် လွန်စွာ ပွားရမည်ဆိုတာ မြတ်စွာဘုရား ကိုယ်တော်မြတ် ဒေသနာ အစဉ်အားဖြင့်သာ ဟောတာ၊ ဒေသနာတော် အစဉ်အတိုင်း ဟောတော်မူတဲ့ တရားမှန်တယ်၊ ဒီတတရား မလွဲဘူး၊ သို့သော် ဆရာဥပနိဿယရှိလျှင် အသီးတရာ အညွှာတခုတဲ့၊ ဘယ်လောက်မှ မခက်ဘူး၊ သိလျှင် အလွန် လွယ်တဲ့ တရား၊ ဖြစ်ပြီးတဲ့ အကုသိုလ်ကို ပယ်နိုင်ဘို့ ဘယ်လာ ပယ်လို့ ရမလဲ၊ တချို့ ဒါနတွေ ပြုလျှင် ပယ်နိုင်တယ်လို့ အောက်မေ့တယ်၊ သီလတွေ ဆောက်တည်လျှင် ပယ်နိုင်တယ်လို့ အောက်မေ့တယ်၊ စိတ်ချ မပယ်နိုင်ဘူး ‘ဘယ်နည်းနှင့်မှ မပယ်နိုင်ဘူး၊ သမထတွေ သိပ်ပွား သမထတွေပွား ဗြဟ္မာပြည်ထက် ပိုမလားနိုင်ဘူး၊ ဖြစ်ပြီးတဲ့ အကုသိုလ် ဘယ်နည်းနှင့်မှ မပယ်နိုင်ဘူး၊ အဲဒီ, ဖြစ်ပြီးတဲ့ အကုသိုလ် မပယ်နိုင်လျှင် ဒါနကုသိုလ် မဖြစ်ဘူးလား ဖြစ်ပေါ့၊ ပြုလျှင် ဖြစ်တယ်၊ အဲဒီ ဖြစ်တဲ့ ကုသိုလ်ဟာ လူချမ်းသာ, နတ်ချမ်းသာတော့ ခံစားရမည်၊ စိတ်သာချ မလွဲဘူး၊ သမထတွေ အားထုတ်တယ်၊ ဈာန်တွေ, အဘိညာဉ်တွေ, တန်ခိုးတွေရ ဗြဟ္မာပြည်ကို လားနိုင်တယ်၊ ကောင်းတယ် ကုသိုလ် ဖြစ်တာ၊ အကြောင်းတရားဘဲ ရတာပေါ့၊ သို့သော် ဖြစ်ပြီးတဲ့ အကုသိုလ်တော့ မပယ်နိုင်သေးဘူး၊ မပယ်နိုင် စိတ်ချရပါ့မလားလို့ ဆိုတော့ ဘယ်စိတ်ချရမလဲ၊ ပယ်မှ မပယ်နိုင်သေးဘဲ၊ မပယ်နိုင်သေးတော့ သူ့ အကုသိုလ်တရားက

တန်းလန်းကြီး ဘုရားကိုယ်တော်တိုင် ဟောထားတာတွေ၊ ဒါ လွယ်တဲ့ တရားမဟုတ်ဘူး။

မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ မန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

(ဓမ္မပဒ)

ဓမ္မာ-နာမက္ခန္ဓာတရား သုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ-ဝိညာဏက္ခန္ဓာလျှင် ပြဋ္ဌာန်းခြင်း ရှိကုန်၏၊ မနောသေဋ္ဌာ-စိတ်လျှင် အကြီးအမှူး ရှိကုန်၏၊ မနောမယာ-စိတ်ဖြင့် ပြီးကုန်၏၊ ပဒုဋ္ဌေန - ပြစ်မှား လိုသော၊ စေတသာ စိတ်ဖြင့်၊ ဘာသတိဝါ- ပြောမူလည်း ပြောငြားအံ့၊ စေ-ကရောတိ ဝါ-ပြုမူလည်း ပြုငြားအံ့၊ နံ ပုဂ္ဂလံ-ထိုပုဂ္ဂိုလ်ကို၊ ဒုက္ခံ-ဆင်း ရဲခြင်းသည်၊ အန္ဝေတိ- အစဉ်လိုက်၏၊ ကိမိဝ-အဘယ်ကဲ့သို့နည်းဟူမူကား၊ ဝဟတော-လှည်းကို ရုန်းရာ ထမ်းပိုးကသော နွား၏၊ ပဒံ-နင်းတိုင်းသော ခြေရာသို့။ စက္ကံ-ရထား လှည်းဘီး စက်သည်၊ အန္ဝေတိ ဣဝ-အစဉ် တစိုက် လိုက်သကဲ့သို့တည်း။

အဲ—ရှေ့က သွားတဲ့ နွားခြေရာကို နောက်က ဘီးသည် အစဉ်နှင်း၍ လိုက်သကဲ့သို့ မိမိတို့ ပြုအပ်သော အကုသိုလ် တရားသည် မိမိနောက်ကို အစဉ်တစိုက် အမြဲ အကျိုးပေးမည်လို့ လိုက်နေတယ်၊ အဲဒီတော့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတဲ့ တရားတွေဟာ မလွဲဘူး မှန်တယ်၊ အခုဟောတဲ့ တရားလည်း

ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရမယ်ဆိုတာလဲ တရားဘဲ၊ ဒီ မြတ်စွာဘုရားဘဲ ဟောတာဘဲ၊ အဲဒီတော့ အမှန်ဒေသနာအစဉ် အားဖြင့်ဟောတာ အမှန်ဘဲ မလွဲဘူး၊ ကောင်းပြီ ဒါဖြင့်ဖြစ်ပြီး သော အကုသိုလ် တရားကို ပယ်နိုင်ဘို့ ဘယ်လို လုပ်ကြမလဲလို့ ဆိုတော့ အဲဒါလုပ်ဘို့ တရားဟာ မလွယ်ဘူး၊ ဘာလဲဆိုတော့ အသီးတရာ အညှာတခု၊ ဒီအကုသိုလ်တရား ပယ်နိုင်ဘို့ လုပ်ငန်း ဟာတဲ့ ဘယ်လူသာလျှင် ရှိသလဲဆိုတော့ အနုတ္တလက္ခဏာ သာလျှင်ရှိတယ်၊ မရဘူးသေးသော ကုသိုလ်လို့ခေါ်တယ်၊အနုတ္တ လက္ခဏာကိုတို့....ဒကာ ဒကာမများ ဤဘဝ, ထိုဘဝ ဘယ် ကမ္ဘာကမှ မရခဲ့သေးဘူး၊ မရခဲ့ဘူးဘူး၊ ဒါကြောင့် ဘုရား ကိုယ်တိုင်လည်း ဟောတယ်၊ အဋ္ဌကထာ ဆရာတွေလည်း ဟောတယ်—

အနုတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ န ပညာယတိ။

(အင်္ဂုတ္တိုရ်။)

ဗုဒ္ဓုပ္ပါဒါ- မြတ်စွာဘုရား ပွင့်တော်မူသော ခေတ် ကာလကို၊ ဝိနာ-ကြဉ်၍၊ အနုတ္တလက္ခဏံ- အနုတ္တ လက္ခဏာကို၊ န ပညာယတိ- မမြင်ကောင်းဘူးတဲ့။

အဲဒီ....ဘုရားပွင့်တဲ့ သာသနာကာလ ခေတ်အတွင်းကို ချန် လှပ်၍ အနုတ္တဆိုတဲ့ ကုသိုလ်မျိုး သယ်တော့မှ မရကောင်းဘူးတဲ့၊ အဲဒါ မရဘူးသေးတဲ့ ကုသိုလ်လို့ အသေအချာ မှတ်ထားကြ၊ ခြေဘ် - တို့ ကမ္ဘာ့ကမ္ဘာ သံသရာက ဘယ်အခါတုန်းကမှ မရ ဘူးသေးတဲ့ ကုသိုလ်ဟာ အနုတ္တကုသိုလ်ဘဲလို့ အဲဒီလိုမှတ်ထားကြ၊ အနုတ္တ ကုသိုလ်ရ ဘာဖြစ်လဲ ဘုရားဆိုတော့၊ အခု ဘုရား

ကိုယ်တော်မြတ် ဆုံးမတော်မူတဲ့အတိုင်း အနုတ္တလက္ခဏာကုသိုလ် မရဘူးသေးတာ ရလျှင် ဟောဒီ ကိစ္စလေးချက် ပြီးသွားပြီ။

ဖြစ်ပြီးသော အကုသိုလ်တွေလည်းဘဲ ပယ်ပြီးပြီ။

မဖြစ်ဘူးတဲ့ အကုသိုလ် တွေလည်းဘဲ မပွါးတော့ဘူး။

မရဘူးသေးတဲ့ ကုသိုလ်ရသဖြင့်
ရပြီးသော ကုသိုလ်ကို ဘယ်တော့မှ လက်မလွှတ်တော့ဘူး၊

အဲဒါ ကိစ္စလေးချက် တပြိုင်နက် ပြီးတာ၊ မရဘူးသေးတဲ့ ကုသိုလ်ကို ရရိုးမှန်လျှင် ကိစ္စလေးချက် တပြိုင်နက် ပြီးတယ်၊ အဲဒါ မှတ်ထားကြ၊ ဩြဲ-တို့ဟာ ဒီကိစ္စလေးချက် အင်မတန် အရေးကြီးတယ်၊ ဖြစ်ပြီးတဲ့ အကုသိုလ်လည်း တို့ပယ်ရမည်၊ မဖြစ်ဘူးသေးတဲ့ အကုသိုလ်လည်း မပွါးရဘူး၊ မရဘူး သေးတဲ့ ကုသိုလ်လည်း ရအောင် ရှာရမည်၊ ရပြီးတဲ့ ကုသိုလ် ကိုလည်း လွန်စွာ ပွားရမည်လို့ ဘုရားကိုယ်တော်မြတ် ဟောတော် မူတာက အင်မတန် အရေးကြီးတဲ့တရား ဒီကိစ္စလေးချက် တပြိုင် နက် ပြီးအောင် ဘာလုပ်ရလဲ ဆိုတော့ မရဘူးသေးတဲ့ ကုသိုလ် ရအောင်ရှာဘို့ဟာ အရေးကြီးတာပေါ့၊ မရဘူးသေးတဲ့ ကုသိုလ် ဟာ ဘာလဲ အနုတ္တ၊ အနုတ္တဟာ ဘယ်တော့မှ မရဘူးသေးဘူး။

အရှင်ဘုရား အနုတ္တ မရဘူးသေးတဲ့ ကုသိုလ်ရတာနဲ့ ဖြစ်ပြီး တဲ့ အကုသိုလ်တွေ ပျောက်ပုံ ဘယ်လိုလုပ် ပျောက်သွား သလဲလို့ မေးဘွယ် ရှိတာပေါ့၊ အဲဒီဖြစ်ပြီးသော အကုသိုလ် တရားတွေ ပျောက်ရခြင်း လက္ခဏာက ဥပမာ အဓိပ္ပါယ်ပြောပြမည်၊ဒီအနုတ္တ

လက္ခဏာ အတ္တဒိဋ္ဌိ နှစ်မျိုးရှိတယ်၊ အနတ္တ၊ အတ္တ၊ အနတ္တကို သိတာက ဘယ်သူလဲ ဝိဇ္ဇာဉာဏ် ခေါ်တယ်၊ အနတ္တကို မသိ၊ အတ္တဟူ၍ မှတ်ထင်ပြီးတော့ နေတဲ့ တရားက အဝိဇ္ဇာ ခေါ်တယ်၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အဝိဇ္ဇာ၊ အနတ္တကို သိတာက ဝိဇ္ဇာ၊ ဝိဇ္ဇာ၊ အဝိဇ္ဇာ ကွဲရောပေါ့၊ အဲဒီတော့ အဝိဇ္ဇာသည် ဘာနှင့် တူသလဲ၊ အဝိဇ္ဇာသည် အမှောင်ခေတ်နှင့်တူတယ်၊ အဝိဇ္ဇာသည် ဘယ် လောက်မှောင်သလဲ ဆိုလျှင်–

> သန်းခေါင် လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက် လျှပ်မကြိုက်သား၊ အမိုက် အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မက မှောင်၏တဲ့။

အဝိဇ္ဇာ တည်းဟူသော မှောင်သည် ဘယ်လောက်ကြီးသလဲ ဆိုတော့ သန်းခေါင်အခါတဲ့၊ လကွယ်နေ့၊ တောအုပ်ကြီးအလယ်၊ မိုးတိမ် အုပ်နေတဲ့အခါ၊ အင်္ဂါလေးတန်၊ အဲဒီလို အင်္ဂါလေးပါး နှင့် ပြည့်စုံသော အမိုက်မှောင်သည် အလွန်မှောင်တယ်လို့ ထင်ကြ သပေါ့၊ အဲဒီ အမှောင်ဟာ အလကား အမှောင်တဲ့၊ ကြီးကျယ်တဲ့ မှောင်မဟုတ်ဘူးတဲ့၊ အဝိဇ္ဇာမှောင်ကမှ သူ့ထက်ကြီးတယ်တဲ့၊ သေသေချာချာ မှတ်ထားကြ၊ အဝိဇ္ဇာ မှောင်သည် အလွန် ကြီး ကျယ်တယ်၊ အဲဒီတော့ အမှောင်နှင့် ဝိဇ္ဇာက အလင်း နှစ်ပါး အဓိပ္ပါယ် ရှင်းသွားပြီ။

ဥပမာ အင်မတန် မှောင်လှစွာသော တိုက်ထဲမှာ မီးတတိုင် လင်းတာနှင့် မီးရောင်ဟော့ ဆိုတာနှင့် အလုံးစုံသော

အမှောင်ခေတ်ကြီး ပျောက်သွားတယ်တဲ့၊ မီးတည်းဟူသော အလင်းရောင် ရောက်ကြောင့် အမှောင်ထုကြီး ပျောက်သွားသကဲ့သို့ ပျောက်သလို အင်မတန်ကြီးကျယ်ထူထပ်လှစွာသော အဝိဇ္ဇာတည်းဟူသော မှောင်ထုကြီးဟာအနတ္တကိုသိတာနှင့်တပြိုင်နက် ဝိဇ္ဇာဉာဏ် ရသွားတာနှင့် တပြိုင်နက် အလင်း ရောက်တော့ အမှောင်ပျောက်သွားတယ်တဲ့၊ အဲဒါ အလင်းခေတ် တကယ်ရောက်တဲ့အတွက် အမှောင်ပျောက်သွားတာသိရောပေါ့။

ဒါဖြင့်အဝိဇ္ဇာပျောက် ဝိဇ္ဇာရောက်၊ ဝိဇ္ဇာဉာဏ် ရောက်သွားပြီ၊ ဘဘောပေါက်ပါပြီဘုရား အနတ္တကိုတွေ့ အတ္တဒိဋ္ဌိပြုတ် အလင်းရောက်လို့အမှောင်ပျောက်တာမှန်ပြီ၊သို့သော် ဒီအကုသိုလ်တရားတွေကို ဘယ်လိုဖြစ်ပြီးတဲ့၊ အကုသိုလ်တွေ ပယ်နိုင်ပါ့မလဲလို့ မေးဘွယ် ရှိသောကြောင့် အဲဒီ အကုသိုလ်တရားတွေကို ဘယ်သူခေါ်လာတာလဲ၊ ဘယ်သူ့နောက်က အစဉ်ပါလာသလဲ၊ ဒီအကုသိုလ်တရားတွေ ကာယကံအကုသိုလ် ဝစီကံ အကုသိုလ် မနောကံ အကုသိုလ် အတိတ်သံသရာ ကမ္ဘာ အဆက်ဆက်က ပြုခဲ့တဲ့ အပါယ်သံသရာကို အမှန်တကယ် ကျမည့် အကုသိုလ်ကံပေါင်း အနန္တတွေ ဘယ်သူခေါ်ခဲ့သလဲဆိုတော့ ငါ့ငါဆိုတဲ့ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတရားက ခေါ်လာခဲ့တာ။

**ဥပမာ** ပုလဲလုံးလေးတွေကို ခိုင်လှစွာသော ပိုးကြိုးဖြင့် သီကုံးထားသလို တလုံးသာ ဆွဲလိုက်လို့ရှိလျှင် တပြုံလုံး အကုန်ပါမည်တဲ့၊ ဒါဘယ်သူ့ ကြောင့်ပါလာသလဲ ဆိုတော့ အင်မတန်ခိုင်လှစွာသော ပိုးကြိုးကြောင့် ပါလာတာပဲတဲ့၊

အဲဒီပိုးကြိုးကိုနုပ်နုပ်ပါအောင် စဉ်းပြီးတော့ဖြတ်တောက်ခြင်း ပြုလိုက်လျှင် ပုလဲလုံးလေးတွေ မပါတော့ဘူး၊ တပြုံလုံးကျန်ရစ်ခဲ့တယ်၊ အဲဒါဥပမာပေါ့။

မိမိတို့ ဘဝသံသရာ ကမ္ဘာအဆက်ဆက်က ပြုခဲ့တဲ့ အကုသိုလ်ကံပေါင်း အနန္တကို ဆွဲဆောင်ပြီးသကာလ ခေါ်လာတာ ဘယ်သူ ခေါ်လာသလဲ အင်မတန် ခိုင်လှစွာသော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကြိုးကြီးတဲ့ အဲဒီအတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကြိုးကြီးဟာ အမြဲတမ်းသူခေါ်လာတယ်၊ ဗြဟ္မာ့ပြည်ရောက်လည်း တန်းလန်းပါသွားတယ်၊ နတ်ပြည်ရောက်လည်း တန်းလန်းကြီး ပါသွားတာဘဲ၊ လူ့ပြည်ရောက်လည်း တန်းလန်းကြီး ပါလာတယ်၊အဲဒီလောက်ခိုင်မြဲတဲ့ အတ္တဒိဋ္ဌိကြိုးကြီး၊ အဲဒီ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကြိုးကိုဖြတ်တောက်ပစ်လိုက်လျှင် ဒီအကုသိုလ်တွေ ဘယ်ခံနိုင်တော့မလဲ၊ သွားရော၊ ဘယ်နည်းနှင့်မှ မခံနိုင်ဘူး၊ ဒါကြောင့် ဖြစ်ပြီးသောအကုသိုလ်တရား ပယ်နိုင်တာဟာ မရဘူးသေးသော ကုသိုလ်ရမှ ပယ်နိုင်မည်၊ ဒါကြောင့် တို့တာဝတိံသာ နတ်ပြည်မှာမယ်တော်မိနတ်သားကို တရားဟောတဲ့ အခါ ဓမ္မသင်္ဂဏီကျမ်းကိုဟောတာ ဓမ္မသင်္ဂဏီကျမ်းကို ဟောတော့—

ကုသလာ ဓမ္မာ၊
အကုသလာ ဓမ္မာ၊
အဗျာကတာ ဓမ္မာ၊

ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ—အပြစ်မရှိကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိတယ်၊ အကုသလာ

သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ—အပြစ်နှင့်တကွ ဖြစ်ခြင်း မကောင်းတဲ့ အကျိုးပေးခြင်း လက္ခဏာရှိတယ်။

အကုသိုလ်သည် ဘာခေါ်သလဲ ပဟာတဗ္ဗပုဒ်၊ ကုသိုလ်က ပဟာယကပုဒ်တဲ့၊ အကုသိုလ်သည် ပဟာတဗ္ဗ၊ ကုသိုလ်သည် ပဟာယက၊ ပဟာတဗ္ဗဆိုတာ ပယ်သင့်သော ပုဒ်၊ ပဟာယက ဆိုတာ ပယ်တတ်သောပုဒ်၊ အဲဒီတော့ ခု....တကယ့်အစစ်ကုသိုလ် နော်၊သာမညကုသိုလ် မဟုတ်ဘူး၊အနတ္တလက္ခဏာရတဲ့ ကုသိုလ်က ဝိဇ္ဇာဉာဏ် ကုသိုလ်၊ အလွန်ကြီးကျယ်တဲ့ ကုသိုလ်ကြီးပေါ့၊ အဲဒီလို အနတ္တလက္ခဏာ မရဘူးသေးသော ကုသိုလ်ရတဲ့ ဝိဇ္ဇာ ဉာဏ်ကုသိုလ်က ပယ်စေတတ်တဲ့ ပုဒ်တဲ့၊ အကုသိုလ် တည်းဟူသော သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိတရားက အတိတ်သံသရာက ပြုခဲ့တဲ့-အကုသိုလ်ကံပေါင်း အနန္တက ပယ်အပ်သော ပုဒ်တဲ့၊ အဲဒါ ပယ်တတ်သော ပုဒ်က ပယ်အပ်သော ပုဒ်ကို ပယ်ပစ်လိုက်တာ။

ဒါကြောင့် မရဘူးသေးသော ကုသိုလ်ရတာနှင့် တပြိုင်နက် ဖြစ်ပြီးသော အကုသိုလ်ကံပေါင်း အနန္တ အလုံးစုံ အကုန်ပြုတ် ကျကျန်ရစ်ခဲ့တယ်၊ မှတ်ထားကြပေါ့၊ အင်မတန် ဝမ်းမြောက် စရာ ကောင်းတယ်၊ ဒါဖြစ်ပြီးသော အကုသိုလ် တရားတွေ ပယ်နိုင်သောတရား၊ မရဘူးသေးသော အကုသိုလ်လည်း ပယ်ရ မည်တဲ့၊ ဒါက ဘယ်နှယ် လုပ်အုံးမလဲဘုရားလို့ မေးဘွယ်ရှိတယ်၊ အဲဒါ အနတ္တလက္ခဏာ အစစ်ကို မရသေးတဲ့ ပုဂ္ဂိုလ်တော့ ခက် သေးတာပေါ့၊ ဒုက္ခဘဲ၊ ဘယ်နည်းနှင့်မှ မပယ်နိုင်ဘူး၊ ဘာဖြစ်လို့ လဲ၊ အနတ္တကို မရသေးလျှင် သူ့မှာ လောဘတွေ ဒေါသတွေ မောဟတွေက အင်မတန် ကြီးကျယ်နေတာဘဲ၊ ပြုဆဲ ပြုလတ္တံ့

ရှိတဲ့ ကာယကံမှုတွေ, ဝစီကံမှုတွေ, မနောကံမှုတွေ သူ့မှာ ပြုစရာ အနန္တရှိသေးတယ်၊ ဘာဖြစ်လို့လဲ၊ အနုတ္တမှ မရသေးဘဲ၊ အနုတ္တ မရသေးလို့ရှိလျှင် မုချ ပြုအုံးမှာဘဲ၊ စိတ်သာချ မလွဲဘူး။

အဲ အနုတ္တလက္ခဏာ အဟုတ်တကယ် အနုတ္တ ပိုင်နိုင်မှု ကေန်ရရိုးမှန်လျှင် စိတ်ချ၊ ဟောဒီ အကုသိုလ်ကံ နှင်ပြုရမည်၊ နှင်မပြု နှင့် ငါ သတ်မည်လို ဂုတ်ပေါ်မှာ ဓားမိုးထား၊ အနုတ္တလက္ခဏာ ရတဲ့ ပုဂ္ဂိုလ်က ဘယ်အခါမှ အကုသိုလ် မပြုဘူး ဆိုတာ တထစ်ချ မှတ်ထားလိုက်ပေတော့၊ ခု....ယောဂီတွေ မိမိကိုယ်ကို မိမိ သိနိုင်တယ်၊ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ ငါတို့သည် အနုတ္တပိုင်သလား မပိုင်သေးဘူးလား၊ အနုတ္တလက္ခဏာ ကျကျ နန သိပြီလား မသိသေးဘူးလား၊ ကိုယ့်ကိုယ်ကိုယ် သိတယ်၊ သူများကို ကြွားလျှင်တော့ ရတာပေါ့၊ သူများကြွားချင် သွား ကြွား ရနိုင်တယ်၊ ကိုယ့်ကိုယ်ကို ပြန်ကြွားလို့ မရဘူး၊ ကိုယ့်ကိုယ်ကို ပြန်လိမ်လို့မရဘူး၊လိမ်တာနှင့် တပြိုင်နက် ပေါ်မှာဘဲ၊ ကိုယ့်ကိုယ် ကိုလိမ်လို့ အနုတ္တလက္ခဏာ အဟုတ်ပေါက်ရိုး မှန်တယ် မမှန်ဘူး ကိုယ့်ကိုယ်ကို ဘယ့်နှယ် သိရမလဲ။

ငါသည် အပါယ်သံသရာကို အမှန်တကယ် ကျမည့် အကုသိုလ် ကံမျိုးကို ပြုရဲသေးလား မပြုရဲဘူးလားဆိုတာ ကိုယ့်ကိုယ်ကို မေးကြည့်ပေါ့၊ အိပ်ရာထဲ ဝင်တဲ့အခါ မေးကြည့်၊ တခြား နေရာ မမေးနဲ့၊ ငါသည် အပါယ်ကို ကျစေတတ်တဲ့ အကုသိုလ် ကံများကို ပြုရဲသေးသလား မပြုရဲဘူးလားဆိုတာ ကိုယ့်ကို ကိုယ် မေးကြည့် သိတယ်၊ အဖြေထွက်လာမည်။

ငါသည် အသက်နှင့် မလဲရဲသေးဘူး၊ 'ကိုယ်မချိ အမိ သော်လည်း သားတော်ခဲ' 'ကိုယ်မချိက အမိဖြစ်တောင် သဲပူ သောင်မှာ ချိဆောင်သက်နှင်း သားမောင်ကိုချ၍ နှင်း,သတဲ့၊အတ္တ

သမံ ပေမံ နတ္ထိ ဆိုတဲ့စကားနှင့် ငါမှ မဝသေး သူများ မကျွေးနိုင်ဘူးဆိုတဲ့ ပမာကဲ့သို့ပေါ့၊ မိမိ၏ အသက်ထက်တော့ သူများအသက် မချစ်နိုင်ဘူးလို့ အဲဒီလိုရှိတဲ့ ပုဂ္ဂိုလ်တွေ ရှိသပေါ့၊ အဲဒါ အနတ္တ မတွေ့တဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီတော့ အတ္တဒိဋ္ဌိ ပြုတ်သွားလို့ အနတ္တ တကယ်တွေ့တဲ့ ပုဂ္ဂိုလ်တွေ ကျတော့ အကုသိုလ်ကို အသက်နှင့်သာ လဲမယ်, ဘယ်တော့မှ မပြုရဲဘူးဆိုတာ မှတ်ထားပေါ့၊ ဒါဖြစ်ရင် အနတ္တကို တွေ့လျှင် ဖြစ်ပြီးသော အကုသိုလ်တရားကို ပယ်နိုင်ပြီ၊ မရဘူးသေးတဲ့ အကုသိုလ်လည်း နောက်ထပ် ဘယ်နည်းနှင့်မှ မပြုဘူးဆိုတာ ရှင်းရောပေါ့၊ ဒီ....အနတ္တလက္ခဏာ ဟုတ်ရိုးမှန်လျှင် ဒီ....အကုသိုလ် တရားတွေ နှင်တို့ မပွားကြနဲ့လို့ ဘယ်သူက တားထားထား မရတော့ဘူး၊ မရတာကို ထင်ရှားပြီ မဟုတ်လား။

ခု....မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်ပြီးသည့်နောက် ဘုရားအဖြစ် သဗ္ဗညုတ ဗောဓိဉာဏ်ရတာနှင့် တပြိုင်နက်ထဲ ဒီတရားကို ဘုရားကိုယ်တော် မြတ်ကြီး ဘယ်တော့မှ အလကား မထားဘူး၊ အမြဲပွားတယ်၊ ညဥ့်သန့်ရာ နေသန့်ရာမှ စ၍ တရားဟောတဲ့ ကာလလေးကို ချန်လှပ်၍ အားလပ်ခွင့် မထားဘူး အမြဲတမ်း နှလုံးသွင်းတယ် တရားကို အမြဲတမ်း ပွားတယ်၊ အဲဒါ မှတ်ထားကြ၊ အဲရဟန္တာ အရှင်ကောင်း အရှင်မြတ်တွေကော ဘယ်တော့မှ အလကား မနေဘူး၊ အမြဲတမ်း ပွားတယ်၊ ရဟန္တာဖြစ်လည်း အမြဲ ပွားတယ်။

လယ်တီဆရာတော် ဘုရားကြီးကလည်း ဝိပရိဏာမတော, အညထာဘာဝတော၊ ဝိပရိဏာမတော ဆိုသည်ကား ရုပ်ရေး နာမ်တရားတို့သည် ပကတိအတိုင်း မနေနိုင်ဘဲ အမြဲ

မပြတ် ဖောက်လဲ့ ဖောက်ပြန်  ဖြစ်ခြင်းသဘော ဒါ-ဝိပရိဏာမ ခေါ်တယ်၊မိမိတို့ယောဂီအစစ် သိတယ်လေ၊ ဥက္ကောင်းက အစ ခြေဖျားအထိ အာရုံစိုက်ကြည့်လိုက်၊ ဘယ်နေရာမှ ကြားလပ် မရှိအောင် အမြဲ ဖောက်ပြန်နေတယ်၊ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ မပြတ်မစဲ အမြဲ ဖောက်ပြန်တယ်၊ အဲဒါ ဝိပရိဏာမလို့ခေါ်တယ်၊ **အညာထာဘာဝတော-**ဒီရှေ့ဖြစ်သော အစဉ်နှင့်မတူသော နောက်ဖြစ်သော အစဉ်၏ဖြစ်ခြင်း၊ ရှေးဦးစွာ ရှိန်ကနဲဖြစ်တဲ့ ရုပ်နာမ်ပျောက်သွားပြီ၊ ဟော-တခါ ရှိန်ကနဲ ဖြစ်တာ အသစ်၊ အဲဒါ-သိတယ်၊ ရှေ့ဖြစ်တဲ့ အစဉ်နှင့် မတူသော နောက်ဖြစ်သော စိတ်၏ဖြစ်ခြင်း၊ အဲဒါ အညထာဘာဝလို့ခေါ် တယ်၊ အဲဒီလို ဝိပရိဏာမ အညထာဘာဝလို့ သိနေသော ယောဂီ များဟာ အင်မတန် ကောင်းလှပြီလို့ ဟောတယ်၊ အင်မတန် ကောင်းတယ်လို့ခေါ်တယ်တဲ့၊ ဘာဖြစ်လို့လဲ၊ အဲခု ယောဂီတွေ ကိုယ်တိုင် သိပြီပေါ့၊ ဝိပရိဏာမ အညထာဘာဝဖြစ်ပျက်တရားကို သိနေကတည်းက မမြဲဘူးဆိုတဲ့ အနိစ္စ သိနေပြီ၊ ထိုဖြစ်ပျက် တရားကို သိခြင်းကြောင့် ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခတရားကို ကောန် သိနေပြီ၊ ထိုဖြစ်ပျက် တရားကို သိခြင်းကြောင့် အစိုးမရ အနတ္တ ကို ကောန်သိခြင်းကြောင့် ဒါ-အင်မတန်ကောင်းတယ်လို့ ဟော တာ၊ သို့သော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီလို့ ငါဟောတာ မဟုတ်ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်ဘို့ မည်သည်မှာ အလွန်ခဲယဉ်းသေးတယ်တဲ့၊

အချို့ အချို့သော ယောဂီပုဂ္ဂိုလ်များ ကိလေသာတရားကို **တဒင် ပဟာန်** ဝိက္ခမ္ဘန **ပဟာန်**နှင့် ကင်းကွာပြီးတော့ နေရုံမျှ မတ္တကလေးနှင့် ကိုယ့်ကိုယ်ကို အရိယာ သောတာပန် ဖြစ်ပြီလို့ ထင်ကြတယ်တဲ့၊ အမှန်စင်စစ်ကတော့ **သမုစ္ဆေဒ ပဟာန်**ဖြင့်

တခါတည်း ကင်းပြတ်သွားမှ သောတာပန်အရိယာအစစ် ဖြစ်မည်တဲ့၊ သို့သော်လည်း ထိုဝိပရိဏာမ အညထာဘာဝဆိုသော အချက်ကို ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှသော်လည်း ရဟန္တာနော်,ရဟန္တာ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာ၊ အခုပြောတဲ့ ဖြစ်ပျက်မစဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေတဲ့ ဝိပရိဏာမ တရားပေါ့၊ အဲဒီ ဝိပရိဏာမ အညထာဘာဝကို ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှသော်လည်း **စိတ္တသုခ** အကျိုးငှါ စိတ်ချမ်းသာစေခြင်း အကျိုးငှါ တသက်လုံး မလွှတ်ဘူးတဲ့၊ အဲဒါ မှတ်ထားကြပေါ့၊ ဘြော်, အာသဝေါကင်းစင်လို့ နိဗ္ဗာန်ကို တကာယ်ဝင်နေတဲ့ ပုဂ္ဂိုလ်ကြီးများသော်မှ ဒီလို ရုပ်နာမ်တရားတို့၏ ဝိပရိဏာမ ဖောက်ပြန် ဖြစ်ပျက်နေတဲ့တရားကို တသက်လုံးမလွှတ်ဘဲ အားထုတ်ပွားများကြတယ်၊ငါတို့ ဤမျှလောက် အာသဝေါ ကင်းစင်လို့ နိဗ္ဗာန် မဝင် ခင်က ဒီ ဝိပရိဏာမ အညထာဘာဝကို ဘယ်မပွားဘဲ နေလို့ တော်မလဲလို့ ကိုယ့်ကိုယ်ကို အောက်မေ့ကြ အားထုတ်ကြဘို့ပေါ့၊ အဲဒါ ဝိပရိဏာမ အညထာဘာဝ ဆိုတာ။

အဲ ခု....ယောဂီများဟာလည်းဘဲ ဒီလို ဝိပရိဏာမ အညထာဘာဝဆိုတဲ့ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မစဲကို တသက်လုံး စွဲကြမြဲကြမည်လို့ ဆိုလျှင် မသေမီ အကြား၌ သော်လည်းကောင်း သေခါနီးဆဲဆဲ၌ သော်လည်းကောင်း **ပုထုဇ္ဇနဘူမိ**, ပုထုဇ္ဇနဂတိ လွန်မြောက်၍ **အရိယဘူမိ**, အရိယဂတိ အဖြစ်သို့ ရောက်ရတယ်တဲ့၊ သေသေချာချာကြည့်စမ်း, ဒါမှတ်ထားကြ၊ ဤဘဝမှ မရောက်ခဲ့သော် သေသည့်အခြားမဲ့၌ နတ်ပြည်သို့ ရောက်၍ ကွေးသောလက် မဆန့်ခင် အိပ်သော ယောကျ်ား နိုးသော်လားကဲ့သို့ ငါသည် ဘယ်ကုသိုလ်ကောင်းမှုပြုလို့ ဒီနတ်ပြည် ရောက်လာသလဲ

လို့ ပြန်ပြီးတော့ စဉ်းစားတာ ကြာသေးတယ်၊ မင်္ဂဉာဏ် ဖိုလ်ဉာဏ် ရတာကမြန်တယ်တဲ့။

ဒီတော့ ငါတို့ ခုသိရတဲ့ အသိတရားဟာ ဘယ်လောက်အရေးပါ အရာရောက်တဲ့ တရားလဲလို့ ဉာဏ်မျက်စိမြင်လို့ အနတ္တ လက္ခဏာ ပိုင်ပိုင်နိုင်နိုင် သိလျှင် ဘယ်လောက် အဘိုးတန်သလဲ ကြည့်စမ်း၊ ခုနကတုန်းက ဖြစ်ပြီးသော အကုသိုလ်တရားလေ ပယ်နိုင်ပုံကို ပြောပြတာ၊ လက်ငင်းဒိဋ္ဌ **ဝိသာခါပရိသတ်** အရက်တွေသောက်နေတဲ့ ပုဂ္ဂိုလ်တွေ ဟို-ဇာလရောရှဝ ငရဲ ကျနိုင်တဲ့ အကုသိုလ်ကံကြီး တွေပေါ့၊ တခါ ငရဲက လွတ်ပါလျှင်လည်း ဘီလူးဘဝ ငါးရာ, ခွေးဘဝ ငါးရာ, သူရူးအဖြစ် အနန္တဖြစ်ရမည်၊ အကုသိုလ်ကံပေါင်းတွေ ဟော ဘုရား ကိုယ်တော်မြတ်ကြီး တရားဒေသနာတော်သံ ကြားတာနှင့် အနတ္တ လက္ခဏာ ပိုင်ပိုင် နိုင်နိုင်တွေ့သွားတယ် ဆိုလျှင် ဟောဒီ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ အကုန်ပြုတ်၊ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ် တခါတည်းရောက်၊ အပါယ်သံသရာပြတ်၊ ဟော နိဗ္ဗာန်ကို တခါတည်း မျက်မှောက်ပြုသွားတယ်၊ အဲဒါ ဖြစ်ပြီးသော အကုသိုလ် ပယ်နိုင်ပုံကို ပြောပြတာ၊ ဝမ်းထဲက ဒွိဟ ကုက္ကုစ္စ မရှိနဲ့၊ အမှန်မုချ ရုပ်နာမ်ကို ကောန်တွေ့၍ ရုပ်နာမ်၏ဖြစ်ပျက် သိရလျှင် ကောန်မလွဲတမ်း အဲဒီ အနတ္တလက္ခဏာသိလို့ရှိလျှင် သောတာပန်အစစ်ကြီး မဖြစ်တောင် စူဠသောတာပန်တော့ ကောန်မလွဲဘူးတဲ့၊ အခု ပြောတဲ့ အပါယ် သံသရာကိုတကယ် မလားတဲ့ စူဠသောတာပန်အစစ်ကိုပြောတာ။

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ
> သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော
> စူဠသောတာပန္နော နာမ။
>
> (ဝိသုဒ္ဓိ မဂ်)

ဣမိနာ ပန ဉာဏေန-ဤနာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟ ဉာဏ်နှစ်ပါးနှင့်၊ သမန္နာဂတော – ပြည့်စုံသော၊ ဝိပဿကော-ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ– မြတ်စွာဘုရား သာသနာတော်၌၊ လဒ္ဓဿာသော-ရအပ်သော သက်သာရာ ရှိသည် ဖြစ်၍၊ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍၊ နိယတ ဂတိကော- အပါယ် လေးပါးသို့မလား၊ သူတော်ကောင်းတို့ လားအပ်သော မြဲသောဂတိရှိသော၊ စူဠသောတာပန္နောနာမ– စူဠသော တာပန်မည်၏။

ဒါ အစစ်အပါယ်ကို တကယ် မလားတဲ့ စူဠသောတာပန်၊ စူဠသောတာပန် အပါယ်မလားဘူးဆိုလျှင် စိတ်သာချ၊ လောကမှာ ပဋိသန္ဓေ နေရလျှင် ခုနစ်ဘဝဘဲ၊ ဒီထက် တိုးမနေရ ဘူး၊ စူဠသောတာပန်တွေ အနန္တ ရှိတယ်၊ အဲဒီလို စူဠ သော တာပန်မျိုးကို ရသွားလို့ နာမ်ရုပ်ကို သိလျှင်လေ စိတ်ချ၊အပါယ် မလားဘူး။

အဲဒါကြောင့်မို့လို့ တကယ်အစစ်အမှန် ရုပ်နာမ် ကေန်သိတဲ့ ပုဂ္ဂိုလ်တွေဟာ ငါတို့ မြေကြီးလက်ခတ်မလွဲ အပါယ်သံသရာ ဘေးက လွတ်ပြီးတော့ နိဗ္ဗာန်ကို ကေန် မျက်မှောက်ပြုနိုင်တယ် ဆိုတာ ယုံကြည်သော စိတ်ထားနှင့် လေးလေးစားစားကြီး တရားအားထုတ်ကြ။

**နိဗ္ဗာန်ဝင်လမ်း ခုနစ်ရက်စခန်း ပဥ္စမပိုင်း ပြီး၏။**

## မဟာနာယက—ကျေးဇူးရှင် ဆရာတော် ဘုရားကြီး

နေ့စဉ်မပြတ် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရား ဟောပြီးနောက် ရေစက်ချ အမျှပေး၍ သစ္စာဓိဋ္ဌာန်ပြုသော

## ဟောစဉ်စာတမ်း

အရှင်ဘုရား တပည့်တော်တို့သည် သံတရာတည်းဟူသော ဝဋ်ဆင်းရဲ ဝဲသြဃ ရေအယဉ်မှ ထွက်မြောက်ပါရခြင်း အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်ကို လေးမြတ်စွာ အားထုတ်ပါ၏။ အားထုတ်ရသော ကောင်းမှုအစု ကုသိုလ်အဘို့ကြောင့် ယနေ့က စ၍ လောကဒုက္ခ သံသရာဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား၊ ဤသို့ သီလ,သမာဓိ,ပညာ သိက္ခာသုံးပါး သာသနာ သုံးရပ် အကျင့်မြတ်၏ ကုသိုလ်အဘို့ကို မွေးသမိခင် မွေးသဘခင် ဆရာသမား ဆွေကြီး မျိုးကြီး ဘိုးကြီး ဘွားကြီးတို့ကို အမျှပေးဝေ ပါကုန်၏၊ ကိုယ်စောင့်နတ် ကျောင်းစောင့်နတ် အိမ်စောင့်နတ် အရံစောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် တိုင်းစောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး စတုလောကပါလနတ် သာသနာတော်စောင့် နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏၊ သိကြား အသုရာ သန္တုသိတာစသော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏၊ အထက်ကို ဘဝဂ် အောက်ကို အဝီစိ နှံ့သိစကြဝဠာ ဖီလာထုတ်ချင်းအကြွင်းမရှိ သုံးဆယ့်တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အားအမျှ ပေးဝေပါကုန်၏၊

အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် ကျွန်ုပ်တို့ ပြုအပ်သော သီလ သမာဓိ ပညာ သိက္ခာ သုံးပါး သာသနာ သုံးရပ် အကျင့်မြတ်၏ ကုသိုလ်အဘို့ကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာ ကြတဲ့ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

ဤသို့ အကျွန်ုပ်တို့ အားထုတ်ရသော သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း ဟူ၍ ယုံကြည်ပါ၏၊ ယုံကြည်သည်ကား မှန်ပါ၏၊ မှန်သော သစ္စာစကားကြောင့် ယခုအခါ ကျရောက်ဆဲဖြစ်သော ရန်သူမျိုးငါးပါး ကပ်ကြီးသုံးပါး ဘေးဆိုးကြီးမှ (၇) ရက် သားသမီးတို့၌ အမြန်ဆုံး ကင်းဝေးအောင် ကာကွယ်ကြည့်ရှု စောင့်ရှောက်မည့် ပုဂ္ဂိုလ် ပေါ်ပေါက်ပါစေသတည်း။

---

### ရှစ်လုံးဘွဲ့ မြန်မာကဗျာ

နိဗ္ဗာန်ဝင်လမ်း–မြင်စမ်းကြပါ၊
မမြင်ကန်းလို့–ပင်ပန်းရတာ၊
မြင်ချင်ပါက–လာကြဟံသာ၊
မျက်မြင်ဆေး–ပေးတဲ့ အရှင်ဂန္ဓမာ။

### ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏
### ဩဝါဒကထာ

နာမ် လိမ်မာမှ–ရုပ်သက်သာမည်၊
နာမ် မလိမ်မာ–ရုပ်နာလိမ့်မည်၊
နာမ် မအေး–ရုပ်ခွေးဖြစ်လိမ့်မည်။

# ကြီးကြပ်ထုတ်ဝေသူ
## အုပ်ချုပ်ရေးအဖွဲ့ဝင်များ
### ၁၃၃၉-ခု ၁၉၇၇-ခုနှစ်

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်း | အငြိမ်းစား တိုင်းသာသနာရေး ဦးစီးဌာနမှူး၊ ၁၂-စဉ့်အိုးတန်း ရန်ကုန်မြို့။ | ဥက္ကဋ္ဌ |
| ၂။ | ဦးစန်းမောင် | စမ်းချောင်းမြို့နယ် သမဝါယမ ၁၁၁-ဟုမ်းလမ်း၊ စမ်းချောင်းမြို့နယ် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးတင်အေး | ရာဘာခြံပိုင်ရှင် ၂၉၉-ဘုရားလမ်း၊ ရန်ကုန်မြို့။ | ဒု-ဥက္ကဋ္ဌ |
| ၄။ | ဦးတင့် | ကုန်သည် ၃၄-ရုံးကြီးလမ်း၊ ကြည့်မြင်တိုင် | ငွေထိန်း |
| ၅။ | ဦးမြတ်သိမ်း | တရားရုံးချုပ်ရှေ့နေကြီး၊ ၇၃-ပန်းဆိုးတန်း ရန်ကုန်မြို့ | စာရင်းစစ် |
| ၆။ | ဦးသာညွန့် | ကုန်သည် ၁၅-ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင် | အတွင်းရေးမှူး |
| ၇။ | ဦးထွန်းရင် | အငြိမ်းစား ရုံးဝန်ထောက် ၃၂-ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင် | တွဲဘက် |
| ၈။ | ဦးအုန်း | ကုန်သည် ၇၇-ရေတာရှည်လမ်း၊ ဗဟန်း | ။ |
| ၉။ | ဦးတင်မြင့် | ကုန်သည် ၂၁၇/၄-ရန်ကင်း | ။ |
| ၁၀။ | ဦးစံမြင့် | တရားရုံးချုပ်ရှေ့နေကြီး ၅၄ (က) ဂီတမာလာလမ်း၊ ပြည်သာယာ ဘောက်ထော် | အမှုဆောင် |
| ၁၁။ | ဦးအောင်မြင့် | မြို့နယ်ကောင်စီလူကြီး ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ် | အမှုဆောင် |
| ၁၂။ | ဦးလှ | အငြိမ်းစားအတွင်းဝန် ဘဏ္ဍာရေးဌာန ၈-မိုင် ဉာဏစာဂီကာမဋ္ဌာန်းတိုက် | အမှုဆောင် |
| ၁၃။ | ဦးမင်းကြည် | ဓမ္မာစရိယ ဘီ၊ အေ၊ စမ်းချောင်းမြို့ | တည်းဖြတ်သူ |

ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီး

စိရံတိဋ္ဌတု
သဒ္ဓမ္မော
၁၃၀၇-ခု
တည်ထောင်သည်

ရန်ကုန်မြို့

ဗုဒ္ဓသာသနာ-ပဋိပတ္တိသာသနာပြု

**အဖွဲ့ချုပ်ကြီး၏**

ရံပုံငွေအတွက်-ပုံနှိပ်ထုတ်ဝေသည်။